ပစ္စယနိဒ္ဒေသ


# ပဋ္ဌာန်းပါဠိတော်

နှင့်

ဆရာဦးကျော်ထွတ်

၏

# မဟာသကပဋ္ဌာန်း




မှတ်တမ်းတင်သူ-ဒေါ်ခင်သန်းမြင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၇၆ ဇွန်လ ၁၉၇၄

၁၆၈၇၉

ပစ္စယနိဒ္ဒေသ


# ပဋ္ဌာန်းပကြဏ်းတော်

နှင့်

ဆရာဦးကျော်ထွတ်

၏

# မဂ္ဂင်္ဂသကပဋ္ဌာန်း




မုဒိတာမိတ်သဟာယ-ဒေါ်ခင်သန်းမြင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၇ ခရစ်နှစ် ၁၉၈၃ ဒဂုန် ၁၉၀၄

ရန်ကုန်မြို့ ကမ္ဘာအေး သားသုံးဆောင်ရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

# မဇ္ဈိမသက နိဒါန်း

တက္ကသိုလ်ရိပ်သာလမ်း သီဂီရုပ်ရှင် ဦးသန်းမောင်၏ နေအိမ် "မဇ္ဈိမသက"တွင် ဗုဒ္ဓဘုရားရှင်၏ ဓမ္မတရားတော် ရနံ့သည် သင်းပျံ့မွှေးကြိုင်နေသည်မှာ ကြာမြင့်ခဲ့ပါပြီ။ မန္တလေး ဥပစာကောလိပ်တွင် ပညာရင်နှီးစသောက်စိုခဲ့ကြချိန် အကျမ်းတဝင် ခင်မင် ရင်းနှီးလှသည့် ဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီဝင်) နှင့် ဦးဘရှမ်း (၁၁၇- တက္ကသိုလ်ရိပ်သာလမ်း)တို့ စကားစပ်မိကြရာမှ "မဇ္ဈိမသက"တွင် အာဘိဓမ္မာ တရားတော် သင်တန်းတခု ဖောင်မြင်စွာဖြင့် ၁၃၇၆-ခုနှစ် ပြာသိုလဆုတ်(၇) ရက် (၂-၂-၇၅)နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ကြပါသည်။

သင်တန်းသူ သင်တန်းသားများမှာ အများအားဖြင့် ဌာနကြီးအသီးသီးတွင် တာဝန်ကြီးကြီးများ ထမ်းဆောင်ခဲ့ကြပြီး အသက်အရွယ်အရပခုံးထက်မှ ဝန်တာဆာရေပ်ရပ်ကို ချထားခဲ့ကြပြီး အေးချမ်းသောတရားဓမ္မအရိပ်ကို ခိုလှုံလိုသောစိတ် ထက်သန်နေကြသူများသာ ဖြစ်ကြပါသည်။ "သီသူဖေါ်စား မသီသူကျော်သွား" ဟူသည့် မြန်မာစကားပုံအတိုင်းပင် ကျန်မမှာ မသိ၍ ကျော်သွားနေခဲ့သည်မှာ အတော်ကြာခဲ့ပါသည်။

မန္တလေး ဥပစာနှင့် မန္တလေး ကောလိပ်ကျောင်းသား ဟောင်းများ အသင်းကလည်း အသင်းစည်းဝေးရာ,မိသားစု မိတ်ဆုံပွဲပြုလုပ်ရာ,နှစ်ပတ်လည် ညစာစားပွဲများ ပြုလုပ်ရာမှာ "မဇ္ဈိမသက"တွင်သာ အစဉ်ထာဝရ ပြုလုပ်ခဲ့ကြပါသည်။ ကျန်မမှာ အသင်း၏ အတွင်းရေးမှူး ဖြစ်သဖြင့် ၁၉၇၆-ခုနှစ် နှစ်ဦးပိုင်းဆီက ဓနုတ်ဘုရားသို့ ဘုရားဖူးသွားကြမည့် အစီအစဉ်တရပ် ပြုလုပ်ခဲ့ပါသည်။ အသင်းအစည်းအဝေးကို စနေနေ့ နေ့လည်

၂ း ၃၀ နာရီအချိန်တွင်အမှောင်းအာင်းဖြင့် ပြုလုပ်လေ့ရှိသော်လည်း ဥက္ကဋ္ဌကြီး ဦးသိန်းမောင်က စနေနေ့တွင် ခရီးထွက်စရာရှိသည်ဟု ဆိုသောကြောင့် ဦးသန်းမောင်က "တရားပွဲတော့ ရှိနေတယ် ဒါပေမဲ့ တရားပွဲမလုပ်ခင် ကျွန်တော်တို့ စည်းဝေးလိုက်တာပေါ့ မကြာပါဘူး" ဟုဆိုသဖြင့် သောကြာနေ့ညနေ ၄-နာရီအချိန်တွင် အစည်းအဝေးခေါ်လိုက်ပါသည်။ ကော်မိတီလူကြီး ဂ-ဦးခန့်နှင့်သာ တိုင်ပင်ကြသည်ဖြစ်သဖြင့် အစည်းအဝေးပြီးတော့လည်း ကျွန်မပြန်လာခဲ့ပါတော့သည်။

ဦးသန်းမောင်ကို 'ဘာတရားပွဲလဲ' လှိုတော့ မေးလိုက်ပါသေးသည်။ 'ဆရာဦးလှမောင်တို့ အဘိဓမ္မာ ကရားပွဲတွေ ကျွန်တော်တို့ အင်္ဂါနေ့နဲ့ သောကြာနေ့တိုင်း လုပ်နေပါတယ်၊ ခင်ဗျားတို့က ရုံးသွားနေကြလို့ ကျွန်တော်မပြောမိတာပါ' ဟု ဦးသန်းမောင်က ပြောလိုက်ပါသည်။

အသင်း၏ မိသားစု မိတ်ဆုံပွဲတရပ် မဠ္ဍသကတွင် ကျင်းပသောအခါ ဆရာဦးလှမောင်နှင့် ဇနီးတို့ အတူတက်ရောက်လာခဲ့ကြရာ ကျွန်မက တွေ့ဆုံနှုတ်ဆက်ရင်း 'ဆရာတို့ - အဘိဓမ္မာသင်တန်း လုပ်နေတာကို တက်ချင်ရင် ခုမှဝင်လို့ နားလည်ပါ့မလားဆရာ' လို့ မေးမိပါသည်။ 'အိုဗျာ - နားလည်အောင်သင်တာ နားလည်တာပေါ့၊ ခင်ဗျားဘယ်နေ့လာလာ, လာတဲ့နေ့ နာတဲ့တရား ခင်ဗျားနားလည်ရမည်' ဟု တိုတိကျကျပင် ဆရာဦးလှမောင်က အားပေးစကား ပြောဆိုလိုက်ပါသည်။

ဆိုသော် ကျွန်မစိတ်မှာ ဇဝေဇဝါ ဖြစ်နေမိပါသည်။ ဖြစ်ရခြင်းမှာလည်း အခြောင်းရှိခဲ့ပါသည်—၁၉၃၉ ခုနှစ် ကျွန်မတို့ မန္တလေးမှ ရန်ကုန်သို့ ပြောင်းရွှေ့ လာသောအခါ ကျွန်မတို့ ညီအစ်မက ဘီ·အေ အောင်ပြီး ညီမငယ် မလှရွှေက ဘီ·အေ စီနီယာတွင် ကျောင်းတက်နေပါသည်။ ပေဓဖက တနင်္ဂနွေနေ့ ညနေပိုင်းမှာ ကျွန်မတို့အတွက် အဘိဓမ္မာဆရာကြီးတဦးကို ပင့်ဖိတ်ကြော အိမ်မှာပင် သင်တန်းဖွင့်ပါသည်။ ဆရာကြီးမှာ အသက်(၇၀)ခန့်ရှိပါပြီ။ ကျွန်မတို့ညီအစ်မတွေကို ကျောက်

ဆင်ပုန်းကြီးတချပ် ရွှေမှာတင်ပြီး ဆရာကြီးက စိတ်ပိုင်းကို သင်္ကေတ မျှားဖြင့် သင်ပါသည်။ ဆရာကြီးသင်သည်ကို ကျွန်မတို့ အားလုံး နားလည်ပါသည်၊ စိတ်ဝင်စားပါသည်။ သို့သော် ဆရာကြီး၏ ရုတ်တရက် မေးခွန်းမျှားထုတ်၍ မေးလိုက်သည့်အခါ ဒေါက်ကနဲ ဒေါက်ကနဲ ဆရာကြီးက ဖြစေလိုသည်။ ကျွန်မတို့အဖြေက သူမြန်စေချင်သလောက် မမြန်ပါ၊ စဉ်းစားနေကြသည်။ ကျွန်မတို့က နှုတ် အ,နေကြသည်။ ဒါကို ဆရာကြီးက မကြိုက်နိုင်ပါ။ ကျွန်မတို့က နှုတ်မှ အလုတ်ကျက်မှတ်ရမည် ကိုမသိ၊ နားလည်အောင်သာ ကြည့်ရှုထားကြသူများဖြစ်ကြသည်။ ဆရာကြီးအလိုရှိတာက နှုတ်လွတ်-အာဂုံဆောင်ထားစေလိုသည်။ ကျွန်မတို့ ညီအစ်မများမှာ အဘိဓမ္မာ သင်တန်း တက်ရသည့်အခါ ဆရာကြီး အော်မည်, ငေါက်မည်ကို ကြောက်ရွံ့နေကြပါတော့သည်။ သင်တန်းမှာ တပတ် ၂-ခါ ၂-လခန့်သာ တက်လိုက်ရပါသည်။ သင်တန်းတက်လိုက်ရသည်မှာလည်း မကြာပါ။ စစ်ကြီး၏ အရိပ်အရောင်ကြောင့် ဆရာကြီးက ရန်ကုန်မှ သူနေရပ်သို့ ပြောင်းသွားသဖြင့် သင်တန်း ပြီးဆုံးသွားရပါသည်။

အဘိဓမ္မာတွင် စိတ် ၈၉တသိုက် ရုပ်ပိုင်းများမှာ သရုပ်တွေများပြား လှသည်ကို ကျွန်မ ရိပ်စားမိ၍ ဆရာဦးလှမောင် ပြောသည့်စကားကို 'ဟုတ်ပါ့မလား မဟုတ်နိုင်ပါဘူး နောက်တခါ အဘိဓမ္မာသင်တန်းစတော့ မှာဘဲ တက်ပါတော့မယ်'ဟု ကျွန်မစိတ်တွင် တေးထားလိုက်ပါသည်။

နောက်တကြိမ် အသင်းကိစ္စ နှစ်ပတ်လည်ညစာစားပွဲအတွက်အစည်း အဝေးကို သောကြာတနေ့မှာပင် ခေါ်မိလိုက်ပြန်ပါသည်။ ယခင်တခါ ကဲ့သို့ အစည်းအဝေးပြီးသွားသောအခါ ဆရာဦးလှမောင်သင်တန်းပေး သည်နှင့်လည်း ကြုံကြိုက်သဖြင့် 'ဒီတခါတော့ သင်တန်းတက်ကြည့်လိုက် ဦးမည်' စိတ်ကူးပြီး ကျွန်မ အဘိဓမ္မာသင်တန်းကို ဆေးမြီးလိုက်ပါသည်၊ ထိုနေ့က ကြုံကြိုက်သည်မှာ 'ရှာပဋ္ဌာန်းကို ပြောပါဦးမယ်'ဆိုပြီး ဟောတ့-ပစ္စယာ အစချီသည့် ပစ္စယုဒ္ဒေသပါဠိကို အကျဉ်းအဓိပ္ပါယ်ဖော်ပြပြီး သင်ပြသွားပါတော့သည်၊ အဘိဓမ္မာသင်တန်း ရှိနေသည်ကို သိနေ

သည့် အပြင် ထိုအဘိဓမ္မာသင်တန်းကို ကြုံကြိုက်ရက်နှင့် လှည့်ကွေ့သွားနေသော ကျွန်မသည် ထိုနေ့က သင်တန်းတက်ဖြစ်သွားပါတော့သည်၊ ထို့နောက် အင်္ဂါသင်တန်းစာလှည့်ကိုပါ ဘယ်ဆရာဘဲသင်သင် မိမိခံယူနိုင်သည်ဖြစ်စေ, မခံယူနိုင်သည်ဖြစ်စေ တက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်၊ သို့ဖြင့် ကျွန်မမှာ **မဇ္ဈိမသကအဘိဓမ္မာသင်တန်းသူတယောက်** ဖြစ်လာပါတော့သည်။

**သင်တန်းဆရာ ၃-ဦး**

ကျွန်မတို့သင်တန်းမှာ **ဆရာဦးလှမောင်** အပြင် ကမ္ဘာဖောသာသနာရေး ဦးစီးဌာနမှ **ဆရာဦးကျော်ထွတ်** နှင့် **ဆရာဦးအံ့မောင်** တို့ကလည်း အလှည့်ကျ ပို့ချကြပါသည်။ မဇ္ဈိမသက **အဘိဓမ္မာသင်တန်း**မှာ ပဌမအကြိမ်သင်တန်းသည် ၁၃၇၀-ခု (၉-၇-၇၆) နေ့တွင် ပြီးဆုံးသွား၍ ထိုသင်တန်းတွင် သင်တန်းသားပေါင်း ၆၃-ယောက် ရှိခဲ့ပါသည်။ ဒုတိယအကြိမ် အဘိဓမ္မာသင်တန်းမှာ ၁၃၇၀-ခု(၁၃-၇-၇၆)နေ့တွင် စတင်ခဲ့ပြီး ၁၃၇၁-ခု နတ္တော်လဆုတ် ဂ-ရက် (၂၂-၁၂-၇၈) နေ့ထိ သင်တန်းသားဦးရေအား‌ဖြင့် ၈၇-ယောက် ရှိခဲ့ပါသည်။ ထိုသင်တန်းတွင် ဆရာဦးလှမောင် ပို့ချချိန် ၈၇ ကြိမ်၊ ဦးအံ့မောင် ပို့ချချိန် ၃၁-ကြိမ်၊ ဦးကျော်ထွတ်က ပို့ချချိန် ၁၂၁-ကြိမ်စီ ရှိခဲ့ပါသည်။

**ပဋ္ဌာန်းတရားသင်ကြား**

ထိုဒုတိယသင်တန်းတွင် သင်္ဂြိဟ်စိတ်ပိုင်း, စေတသိက်ပိုင်း, ရူပ်ပိုင်း, ဘုံပိုင်းများ ပြီးစီးသွားသည့်နောက် **အဘိဓမ္မာပဋ္ဌာန်းတရားတော်**ကို **ဆရာဦးလှမောင်**က ဆရာဦးကျော်ထွတ်အား သင်တန်းတွင် သင်ကြားပေးရန်ညွှန်ကြားတာဝန်ပေးသဖြင့် ၂၄-၃-၇၈ နေ့မှစ၍ ကျွန်မတို့အား သင်ကြား ပို့ချခဲ့ပါသည်။ ပဌမအပတ် ပဋ္ဌာန်းနိဒါန်းကို ပို့ချခဲ့ပြီး ဒုတိယအပတ် ဟေတုပစ္စည်း စတင်ပို့ချသည့်အချိန်တွင် ဝိုင် အမ် ဘီ အေ အသင်းကြီး၏နာယက ဦးစိုးရသည် သင်တန်းတက်ရန် ရောက်ရှိလာပါတော့သည်။ ဦးစိုးရ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ပဋ္ဌာန်းသင်တန်း

ဆာည် တတိယသောကြာနေ့မှအစပြု၍ ဆရာဦးကျော်ထွတ်၏ ပို့ချမှုကို ကက်ဆက်တိတ်ခွေဖြင့် အသံဖမ်းယူခြင်း စတင်ပါတော့သည်။

**တိတ်ခွေမှကူးရန် တာဝန်ပေး**

ပဌာန်းပို့ချသည့် ၂-လခန့်ရှိလာသောအခါ ဦးသန်းမောင်က ကျွန်မအား စကားဆိုလာပါတော့သည်။ 'ဒေါ်သန်းမြင့်....ကျွန်တော် ပဌာန်းတိတ်ခွေတွေတော့ ဂ-ခုလောက်ရှိလာပြီ၊ ခင်ဗျားပြန်ပြီး ကူးပေးပါတော့ဗျာ'။

'အလိုလေး–ဦးသန်းမောင်ရယ် ဖြစ်မှဖြစ်ရလေ၊ ကျွန်မက ဘာတတ်လို့ ဒီအဘိဓမ္မာတထူးကြီးကို ပြန်ရေးနိုင်မှာလဲ၊ ဘာအခြေခံမှ ရှိခဲ့တာမဟုတ်ဘဲနဲ့ ခုမှကြားဘူးတာ၊ ဆရာပြောတာတွေတောင် မနဲနားလည်အောင် နားထောင်နေရပါတယ်၊ မလုပ်ပါရစေနဲ့ရှင်၊ တော်ပါပြီ တော်ပါပြီ'ဆိုပြီး ကျွန်မ အတင်းလှည့်ပြီး ထွက်ပြေးခဲ့ပါသည်။

ဦးသန်းမောင် တိုက်တွန်းရသည်မှာ နောက်အကြောင်းကလေးတခု ရှိခဲ့ပါသည်။ တညနေ ဦးလှမောင် သင်တန်းဓဝင်မီ ဆရာနှင့်တပည့်များ စကားနှီးနှောကြရာမှ သရဏကို ၃-ပါးနှင့် ဘုရားဂုဏ်တော်အကြောင်းကို ဟောပြောဘို့တောင်းပန်စကား ပြောကြားမိကြသည်ဟု သိရပါသည်။ ထိုအခါက ဆရာဦးလှမောင်က ဆရာဦးကျော်ထွတ်မှာ မင်္ဂလာတရားများ ဟောပြောပို့ချတိုင်း မင်္ဂလာသင်တန်းမစမီ သရဏကို ၃-ပါးနှင့် ဘုရားဂုဏ်တော်များကို ဟောပြောပို့ချမြဲဖြစ်သည်၊ (ကျွန်မဘခင် မင်္ဂလာဦးဘသန်းနှင့်အတူ ဝိုင် အမ် ဘီ အော က ကြီးမှူးပြုလုပ်သော မင်္ဂလာတရားတော် သင်တန်းများကို ရန်ကုန်တမြို့လုံး လှည့်လည်သင်ကြားခဲ့စဉ်ကပင် မင်္ဂလာတရားတော်၏ ပဏာမအဖြစ် သရဏကို ၃-ပါး၊ ဂုဏ်တော် ၉-ပါးကို အစဉ်ဟောပြောခဲ့ကြပါသည်) ဆရာဦးကျော်ထွတ် ပို့ချပါလိမ့်မည်ဟု ဆရာဦးလှမောင်က ကတိပေးသွားပါသည်။ ထို့ကြောင့် ဆရာဦးကျော်ထွတ်က ကျွန်မတို့အား သရဏကို

အဓိပ္ပါယ်ကို တရက်နှင့်ငင်း၊ ဘုရားကုဏ်တော် ၉-ပါးကို ၃-ရက်ဖြင့်ငင်း အချိန်ယူ၍ သင်ကြားပေးခဲ့ပါသည်။

သရဏကုံ ၃-ပါးမှာ ဘခင်ကြီး အမြဲတစေ မျက်နှာသစ်ချိန်မှအစ စားချိန်အိပ်ချိန်တို့၌ တတွတ်တွတ် ရွတ်ဆိုနေခဲ့ပြီး သူကပင် သရဏကုံကို အိမ်သူအိမ်သားများသာမက တွေ့တိုင်းသော ခလေးသူငယ် လူရွယ်ပါ မကျန် ညွှန်ကြားသင်ကြားပေးလေ့ရှိသဖြင့် ကျွန်မအဖို့မှာ သိပြီးဟု ဆိုနိုင်ပါသည်။ သို့သော် ဆရာဦးကျော်ထွတ် ပို့ချလာသောအခါ သရဏကုံ ၃-ပါးမှာ မှတ်သားစရာတွေ, ကျွန်မ မသိသေးသော အချက်လေးတွေ စုံလင်လှသဖြင့် ကျွန်မက တရားပွဲအပြီးတွင် ဆရာ၏ ပို့ချချက်ကို ပြန်လည်၍ ရေးသားခဲ့ပါသည်။

တပန် ကုဏ်တော် ၉-ပါးကို ပို့ချသောအခါမှာလည်း ကုဏ်တော် ၁-ပါးစီ၏ ဖြစ်ပေါ်လာရပုံ၊ ထိုခေတ်က လူများ၏ စိတ်နေစိတ်ထား၊ လူနေမှုစနစ်၊အခြေအနေအရပ်ရပ်၊ အကြောင်းအရပ်ရပ်တို့အကြားမှ ဘုရားရှင်ကို တပါးစီ တပါးစီသော ကုဏ်ပုဒ်များနှင့် ဘယ်လောက် ထိုက်ထိုက်တန်တန် ချီးကျူးပူဇော်ကြသည်ကို ကုဏ်တော်တပါးနှင့်တပါး ဆင်တူရိုးမှား မရှိစေရဘဲ တပါးချင်းဖြင့် ရှင်းလင်းပြောပြသွားသည်မှာ များစွာမှတ်သားနာယူ ကြည်ညိုဘွယ်ရာ ဖြစ်လှသဖြင့် ကျွန်မက တပန်ပြန်လည် ရေးသားမိလိုက်ပြန်ပါသည်။ကျွန်မရေးသားသော ဆရာ၏ပို့ချချက်များကို ဆရာဦးကျော်ထွတ်က တည်းဖြတ်ပြီး ဓမ္မဒါနအဖြစ် သင်ဆန်းသားများနှင့် နီးစပ်ရာ မိတ်ဆွေများအား ထိုစာရွက်များကဲ့ ဖြန့်ဝေဖြစ်လိုက်ကြပါသည်။ ထိုစဉ်က ကျွန်မပြုမိသောအစုံမ်းအစက်လေးကို အားထားပြီး ဦးသန်းမောင်က ကျွန်မအား တိုက်တွန်းခြင်းဖြစ်ပါသည်။

## ဒုတိယအကြိမ် ထာဝန်ပေး

နောက် ၂-ပတ်ခန့် ကြာသောအခါ ဦးဘရှမ်း, ဦးသန်းမောင်နှင့် ဦးစိန်လှိုင် (ဥပစာကောလိပ်တွင် အတူစာသင်ကြားခဲ့သော သူငယ်ချင်း၊ ယခုကွယ်လွန်) တို့က 'ကူးရေးပါဗျာ ဒေါ်သန်းမြင့်၊ ခင်ဗျားဖြစ်ပါထယ်၊

စမ်းမျှားကြည့်ပါဦ-'၊'ကျွန်တော်တို့အထဲမှာ ခင်ဗျားတယောက်ဘဲ လုပ်မဲ့သူ ရှိတယ်ဗျ'၊ 'အရင်တခါတောင် ရေးနိုင်သေးတာ၊ ခုလဲရေးနိုင်မှာပါ'၊ 'မလုပ်ကြပါနဲ့-မလုပ်ကြပါနဲ့၊ အရင်တခါ ရေးနိုင်တာက ကျွန်မကိုယ်တိုင်က နားလည်နေတာ၊ အခြေခံကရှိထားလို့၊ ဆရာပြောတာတွေ မှတ်ထားပြီး ပြန်ရေးပေးတာ၊ ဒါကတော့ ရတာပေါ့၊ အဆိုမမှာကတော့ ဖြစ်ကို မဖြစ်နိုင်ပါဘူး' ဆိုပြီး တဖန် လှည့်ပြေးခဲ့ပြန်ပါသည်။

ထိုသို့ ဒုတိယအကြိမ် မိတ်ဆွေများက ဝိုင်းဝန်းတောင်းဆိုကြသဖြင့် ငြင်းဆိုခဲ့ရသည်ကို ကျွန်မစိတ်တွင် ဇောတော်ပင်ပန်းသွားပါသည်၊ 'သူတို့ကတော့ ဖြစ်နိုင်တယ်ထင်လို့ ပြောကြတာဘဲ၊ ဒီအလုပ်တော့ ဘယ်လုပ်နိုင်မှာလဲ၊ ဘာမှလဲမဘတ်လို့ မသိလို့ ဆရာပြောတာတွေတောင် မနဲအားစိုက်ပြီး နားထောင်နေရတာဘဲ' လို့ ဒီလိုဘဲ သဘောရမိနေပါသည်။

သို့နှင့် သင်တန်းကိုသာ အပတ်စဉ်တက်နေခဲ့ရာ တိတ်ခွေပေါင်း ၁၅-ခု ခန့် ရလာသော တနေ့တွင် ဦးသန်းမောင်က တဖန်ထပ်ပြီး စကားဆိုပြန်ပါသည်။

'တရားတိတ်ခွေတွေလဲ ၁၅-ခုလောက် ရှိလာပြီ၊ ဒေါ်သန်းမြင့်-ခင်ဗျားရေးစမ်းကြည့်စမ်းပါဗျာ၊ မရတော့လဲ မရသလိုဘဲပေါ့'၊ ထိုသို့ ဦးသန်းမောင်က ပြောလိုက်သည်နှင့် အနီးအနားရှိ ဓမ္မမိတ်ဆွေများက 'စမ်းကြည့်ပေါ့ဗျာ၊ ခင်ဗျားဖြစ်မှာပါ'၊ 'အားလုံးက ခင်ဗျားဘဲ လုပ်စေချင်နေကြတယ်'၊ 'ကုသိုလ်တော့ သိပ်ရမှာပေါ့၊ အခု ပင်စင်ယူပြီး အိမ်မှာ အားနေပြီဘဲ'၊ ဟိုလူကပြော ဒီလူကပြော မျှားဦးက ကျွန်မကိုသာ ဦးတည်နေပါသည်။ 'ကဲ-ကဲ ဦးသန်းမောင် တခွေဘဲ ပေးလိုက်ပါ၊ စမ်းကြည့်မယ်နော်၊ မတတ်ရင်တော့ တခြားတယောက်ယောက် ဆရာတို့ ရှာခိုင်းပြီး ပေးလိုက်ပါ' ဆိုပြီး ကျွန်မ တိတ်ခွေတခုကို ယူခဲ့ပါတော့သည်။

တိတ်ခွေယူလာပြီးတော့လဲ 'ဆရာပြောတဲ့ အချက်အလက်တွေ အကုန်ပါအောင် ဘယ်လိုရေးရပါ့မလဲ၊ သရုပ်တွေကလဲပါနေတော့၊ ရေးတာများမှားရင်တော့ ဒုက္ခပါဘဲ၊ အဓိပ္ပါယ်အယူအဆ မမှန်ရင်လဲ အကြီးအကျယ်ချောက်ကျတော့မှာဘဲ'၊ ကျွန်မမှာ စိုးရိမ်စိတ်တွေ များနေပါသည်။

## ပြန်လည်ရေးသားခြင်း

"စာကူးတာဘဲလေ ကိုယ်တိုင်ရှာပေ့ ရေးနေရတာမှမမဟုတ်လို့" တဖန် မိမိကိုယ်ကို မိမိအားပေးရင်း ပဌာန်းပို့ချချက်များကို ကျွန်မစတင်ပြီး ရေးကူးပါတော့သည်၊ 'ဘယ်လိုရေးရင် ကောင်းမလဲ' ဆိုတာကို လုံးဝ မစဉ်းစားဘဲ ဆရာပြောသမျှ အကုန်လုံး တလုံးတပါဒ မကျန်အောင် ကျွန်မကြိုးစားပြီး ရေးကူးပါသည်၊ ရေးကူးပြီး ဆရာဆံ့ပို့၊ ဆရာကဖတ်ကြည့်၊ တည်းဖြတ်ပြီး နောက်တိတ်ခွေတခုသို့ ရောက်သောအခါ 'ဒီလို ရေးလို့တော့ မဟန်သေးဘူး၊ ဆရာက ဂရုတာနဲ့ သင်တန်းမှာ နားမလည်ဘဲ မရှိရအောင် တခုထဲ ထပ်ခါတလဲလဲ ပြောပြနေတာတွေ့ ဖော်စောက်ပြောခဲ့ပြီးသော်လဲ အလျဉ်းသင့်လို့ နောက်ထပ်တခါ ပြန်ပြောတာတွေ့၊ ဒီအတိုင်းသာဆိုရင်တော့ စာအုပ်ထုတ်ဘို့ မဖြစ်နိုင်သေးပါဘူး" ကျွန်မမှာ မစကျနပ်နိုင်သည့်စိတ်က များနေပါသည်။

ထို့ကြောင့်ပင် ဆရာပြောသည့်အတိုင်း တလုံးတပါဒမကျန်အောင် အထပ်ထပ် နားထောင်ပြီး စာရွက်ပေါ်တွင် ကူးချပါသည်။ ပြီးတော့မှ မိမိ နားလည်သဘောပေါက်သည့်အတိုင်း ကျွန်မ ကြုံဆတီထွင်သော စကားတလုံးမှ မပါဘဲ ဆရာ၏ နှုတ်ထွက်စကားလုံးများနှင့်သာ ဆရာ၏ ပို့ချချက်ကို ပြန်လည်ရေးစီခြင်း ပြုပါသည်။

ဤကဲ့သို့ အထပ်ထပ်အခါခါ နားထောင်ရပါ များလာသောအခါ ဆရာသည် ပဌာန်း ပစ္စယနိဒ္ဒေသတွင်ပါသည့် အချက်အလက်များကို ပြန်လည်ရှင်းလင်းပြရာ၌ အကျယ်ချဲ့၍ 'ပဥ္စဝါရတွင် ဘယ်လိုဆိုသည်၊ ပဋိစ္စဝါရတွင် ဘယ်လိုဆိုသည်၊ ပစ္စယနိဒ္ဒေသတွင် ဘာတွေပါသည်၊ သုတ္တန်တွင် ဘုရားရှင်က ဘယ်လိုဟောသည်၊ အဘိဓမ္မာတွင် ဘယ်လိုယူဆသည်' စသည်ဖြင့် အဓိပ္ပါယ်အယူအဆ သဘာဝကျကျ နားလည်သဘောပေါက်အောင်ပင် သင်ကြားသည်ကို သိရှိလာပါသည်။ သူကြွာရှည်လေးမြင့် နှစ်ပေါင်းများကြာမြားစွာ ဆည်းပူးရှာကြံထားသော ပိဋကတ်တော်အစောင်စောင်မှ ဗဟုဿုတတို့ကို 'အိတ်သွန်ဖာမှောက်' စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ညွှန်ကြားပို့ချသည်ကို အထပ်ထပ် ကြားနာနေရင်းမှ

ကျွန်မသည် ထင်ရှားပီပြင်စွာ မြင်လာ တွေ့လာရပါတော့သည်။ ဆရာ့အား ကျေးဇူးအထူးတင်ရှိစွာဖြင့် တရားသံကို နာခံမှတ်သား နေထဲမှာပင် ရှိသေညွတ်ကျိုး ရှိခိုးဦးခိုက်မိပါသည်။

ဆရာ၏ပညာ မေတ္တာနှင့် စေတနာတို့ကို ထိုသို့ ပီပြင်စွာ မြင်တွေ့ရလေလေ ကျွန်မယူခဲ့သော တာဝန်မှာ ကျွန်မအတွက် အတိုင်းအဆအားဖြင့် ကြီးမားလာလေလေ ဖြစ်ပါတော့သည်။

## ၅-ထတိတိ အချိန်ဟူခဲ့

ကျွန်မမှာ စာမေးပွဲများ အထပ်ထပ် ဖြေဆိုပြီး ပေါက်ရောက်လာခဲ့သော်လည်း ယခု အာဘိဓမ္မာတိတ်ခွဲမှ ကူးယူရေးသားရသည်ကို စာမေးပွဲကြီးတခု ဝင်ရောက်ဖြေဆို နေရသကဲ့သို့ပင် ဖြစ်နေပါတော့သည်။ ဒုတိယအကြိမ် အာရမ္မဏပစ္စည်းကို မိမိသဘောကျ ပြန်လည်ရေးသားပြီး ဆရာဖတ်ရှုရန် ပေးလိုက်ပြန်ပါသည်။ ထို့ကြောင့် ဆရာနှင့် တွေ့ရမည့် နောက်သောကြာကို ကျွန်မ ရင်မောစွာဖြင့် စောင့်ကြိုနေမိပါသည်။ 'ဆရာ ဘာများပြောမလဲ၊ ရေးထားတာဟုတ်ရဲ့လား၊ ဆရာမှ ကျေနပ်နိုင်ပါ့မလား' စသည့်အတွေးများက ကျွန်မကို နှိပ်စက်နေခဲ့ပါသည်။ 'မသန်းမြင့်ရေးတာ သရုပ်တွေ့မမှားဘူး၊ ဆရာ ဒီလောက်ဖြစ်မယ်မထင်တာ၊ ခင်ဗျားရေးတာ မဆိုးပါဘူး'လို့ ဆရာပြောသံ ကြားရဖို့က် တော့မှ 'ဟင်း'ချနိုင်ပါတော့သည်။

ကျွန်မသည် တိတ်ခွဲများကို တကြောင်းချင်း ကူးယူရသည်ကို အစတွင် ရှုံ့ကြောက်သောစိတ်များဖြင့် လှမ်းမိုးလျက် ရှိခဲ့သော်လည်း နောင်သောအခါတွင်မူ တရားတွင် စိတ်ပါဝင်စား မွေ့လျော်လာခဲ့ပါသည်။ ထိုနောက်မှာမူကား ဓမ္မမိတ်ဆွများ ပေးအပ်သော တာဝန်ကို ကျွန်မ၏ ကာယစွမ်းအား,ဉာဏစွမ်းအား ရှိသမျှ စုပုံ၍ ပြည့်စုံ လုံလောက်သော စာကောင်းပေကောင်းတခု ဖြစ်စေရန်ပင် ကြိုးစား ပြုစုခဲ့ပါသည်။

တနေ့လျှင် နာရီပေါင်း လေးနာရီမှ ခြောက်နာရီအထိ အချိန်ကုန်သွားသော်လည်း ကုန်မှန်းမသိလိုက်ဘဲ တိတ်ခွဲများကို စူးစူးစိုက်စိုက်

ကူးယူလိုက်၊ အကြမ်း ရေးသားလိုက်၊ တဖန် စီစစ်လိုက်၊ အချော ရေးကူးလိုက်နှင့် ကျွန်မရေးသားခဲ့သည်မှာ ၂၀-၇-၇၀ နေ့မှ ယခု နိဒါန်း ပြီးပြည့်စုံသည့် ၂၀-၁၂-၇၀ နေ့အထိ ၅-လတိတိ အချိန်ယူခဲ့ပါသည်။

ဆရာဦးကျော်ထွတ် ပဋ္ဌာန်းပို့ချချက်များကို မဋ္ဌသကခြုံတွင် သင်ပြသော ပဋ္ဌာန်းဖြစ်သဖြင့် မဋ္ဌသကပဋ္ဌာန်းဟု အမည်ပေးခြင်းဖြစ်ပါသည်။

ယင်းမဋ္ဌသကပဋ္ဌာန်းတွင် ကျွန်မတို့ ဘယ်သောအခါကမှ မသိခဲ့ရသေးသော မသိဘူးသေးသော ဗုဒ္ဓမြတ်စွာ၏ သမ္မာသမ္ဗောဓိဉာဏ်အရသာဖြစ်သည့် အသေးစိတ်လှသည့် စိတ်, စေတသိက်, ရုပ် ဝိထိတို့၏ အကြောင်းအထူများနှင့် ပဋိသန္ဓေခဏမှ အစပြုလျက် မျှော်ရုပ် ကျိန်ာမ်တို့ ဒုန်တဲ့နေသည့် ခန္ဓာအစဉ်ကြီးသည် ဟိတ်နှင့်အာရုံ အစပျိုးသည့် အကြောင်းအမျိုးမျိုး ဆက်နွယ်လျက် တဖြစ်ထဲဖြစ်, တပျက်ထဲပျက်နေကြပုံကို ပီပီပြင်ပြင် တွေ့မြင်ဖတ်ရှုကြရမည်သာ ဖြစ်ပါသည်။

သို့သော် မဋ္ဌသကပဋ္ဌာန်းတွင် မရှင်းသောအချက်, မပြည့်စုံသော သဘောအစိပ်ပါယ်များ ပါရှိပါက ဆရာဦးကျော်ထွတ်၏ ပို့ချချက် တိတ်ခွေကို နားထောင်ပြီး စာကူးသူ၏ ချုတ်ယွင်းချက်သာ ဖြစ်သည်ဟု ကျွန်မ လုံးဝ ဝန်ခံပါသည်။

ဗုဒ္ဓ၏ဝမ္မတရားတော်တွင် ထိပ်တန်းဖြစ်သည့် အဓိပ္ပါယ်ရသ ထူးခြားဆန်းကြယ် အံ့စဘွယ်ဖြစ်သော ပဋ္ဌာန်းကျမ်းမြတ်ကို သဒ္ဓါကြည်ညိုလှသဖြင့် ဦးထိပ်ဘွင် ပန်ဆင်ပြီးသာ ပဋ္ဌာန်းပို့ချချက်များကို ပြန်လည် စာစီခဲ့ပါသည်။

ကျွန်မကဲ့သို့ မူလအခြေခံ လုံးဝမရှိဘဲ အဘိဓမ္မာပဋ္ဌာန်းကျမ်းမြတ်ကို လေ့လာစူးစမ်းရှာဖွေ သင်ကြားလိုသူများသည် ပဌမအဆင့်အားဖြင့် ပဋ္ဌာန်း ၂၄-ပစ္စည်းလုံးကို သဘောပေါက် နားမလည်နိုင်ပါမူလည်း သင်ခန်းတခန်းစ နှစ်ခန်းစ ပထ်ရှုမိ၍ တထူးသဘောကို အနည်းငယ် ငုံမိ

သည်၊ ခြုံမိသည်ဖြစ်ပါက 'ဤ မဟူသကပဋ္ဌာန်းကို ရေးသားရကျိုး နပ်ပါပြီ'ဟု ကျေနပ်နှစ်သိမ့် နိုင်ပါပြီ။

ဤသို့ပြုရ မြတ်ပုညကြောင့် ဘဝအာဆက်ဆက် ပဋ္ဌာန်း ဒေသနာဘော်မြတ်ဖြင့် ထုံမွှမ်းအပ်သော ဉာဏ်ကို ရရှိ၍ မြတ်စွာ သော ဘုရားရှင် ဟောဖော်ညွှန်ကြားသော ဓမ္မကို ကောင်းစွာ နှလုံးသွင်း ခံယူ ကျင့်ကြံ အားထုတ်နိုင်သည့်ကိုယ် ဖြစ်ရပါစေ သတည်း၊ ဖြစ်ကြပါစေသတည်း။

မှတ်တမ်းတင်သူ—

ဒေါ်ခင်သန်းမြင့်

စာကြည့်တိုက်မှူး (အငြိမ်းစား)

တပ်မတော်မေဒီကွန်းတိုက်။

# သဗ္ဗညုပါသာဒိကပဋ္ဌာန်းနိဒါန်း

ပဋ္ဌာန်းကျမ်းကြီးက အင်မတန် ထင်ရှားနေတော့ ပဋ္ဌာန်းသင်တန်း အစမှာ နိဒါန်းမပြောဘဲ စလဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ နိဒါန်းရဲ့ အဓိပ္ပါယ် ကလဲ သင်တန်းတခုပါဘဲ၊ ပဋ္ဌာန်းနိဒါန်းဆိုတာက ပဋ္ဌာန်းကျမ်းကြီး ဖြစ်ပေါ်လာပုံ အကြောင်းအရာတွေပါဘဲ၊ ဒီအကြောင်းတရား တွေက တော့—

၁။ ပဋ္ဌာန်းကျမ်းကို ဘယ်သူဟောတာလဲ၊

၂။ ဘယ်တိုင်းပြည် ဘယ်နေရာမှာ ဟောတာလဲ၊

၃။ ဘယ်အချိန်က ဟောတာလဲ၊

၄။ ဘယ်လောက်ကြာသလဲ၊

၅။ ဘယ်သူကို အကြောင်းပြုပြီး ဟောတာလဲ၊

၆။ ဘာပြုလို့ လူ့ပြည်မှာ မဟောတာလဲ၊

၇။ တရားနာပရိသတ်က ဘယ်သူတွေလဲ၊

၈။ ဘယ်လောက်များသလဲ၊

၉။ အဘိဓမ္မာက ဘယ်နှစ်ကျမ်းလဲ၊

၁၀။ ဘာပြုလို့(၇)ကျမ်း ထားရသလဲ၊

၁၁။ တကျမ်းတကျမ်းရဲ့ အဓိပ္ပါယ်က ဘယ်လိုလဲ၊

၁၂။ ပဋ္ဌာန်းကျမ်းရဲ့ မူရင်းအာမည်က ဘယ်လိုခေါ်သလဲ၊

၁၃။ ပဋ္ဌာန်းကျမ်းက ဘယ်လောက်ကျယ်ဝန်းသလဲ၊

၁၄။ ပဋ္ဌာန်းကျမ်းသုံးသပ်မှု ဘာဖြစ်လို့ ဆောင်ခြည်တော် ကွန့်မြူးရတာလဲ၊

၁၅။ ဒီဆောင်ခြည်တော်ဟာ ယနေ့အထိ ရှိနိုင်သေးသလား၊

၁၆။ ပဋ္ဌာန်းတတ်တော့ ဘာအကျိုးရှိသလဲ၊

၁၇။ ယခုခေတ် အခွိုလူတွေ့ ပဋ္ဌာန်းကျမ်းကို ဘယ်အတွက် သင်ကြားရွတ်ဖတ် လေ့လာနေကြသလဲ—

စတဲ့ အကြောင်းအရာတွေကို သိဘို့ပါဘဲ၊ ဒီအကြောင်းအရာတွေရဲ့ အကျဉ်းချုပ်ကတော့—

ပဋ္ဌာန်းက ်းကို ဟောတဲ့နတ်ပြည်က **တာဝတိ ံသာ**နတ်ပြည်မှာ ဖြစ်ပါ၀ေ ် နေထိုကတော့ ပင်လယ်ကသစ်ပင်ရင်း သိကြားမင်းရဲ့ ပဏ္ဍုကမ္မလာကျောက်ဖျာပေါ်မှာပါ၊ ကြွသွားတဲ့အချိန်က မြတ်စွာဘုရား ဘုရားဖြစ်ပြီးတော့ (၇) ၀ါမြောက်ပါ၊ ကြွသွားပုံက သာ၀တ္ထိပြည် သရက်ဖြူပင်ရင်းမှာ ဇရမီးအစုံ အစုံ တန်ခိုးဇတ်ဝင်တွေ့ပြပြီး ကြွသွားတာပါဘဲ၊ ဒီလို မြတ်စွာဘုရား တာ၀တိ ံသာနတ်ပြည်ကို ကြွသွားတာကို တခြားပရိသတ်ထဲမှ ပုဂ္ဂိုလ်တွေ တဦးတယောက်ကမှ မသိနိုင်ပါ၊ တန်ခိုးအာဏာမှာ တော်ရုတဲ့ ရှင်မဟာမောဂ္ဂလ္လာန် တပါးဘဲ သိနိုင်ပါတယ်၊ ဒါကတော့ အကျဉ်းချုပ်ပါဘဲ၊ အကျယ်သိချင်ကြရင် ဗုဒ္ဓ၀င်ကြီးမှာ ပါပါတယ်။

ပဋ္ဌာန်းကျမ်းကို နာတဲ့ပရိသတ်က စကြ၀ဠာတစသောင်းကထာတဲ့ နတ်ပြဟ္မာတွေပါ၊ စကြ၀ဠာတခုဆိုရင်ဘဲ နတ်ပြဟ္မာက နဲတာမဟုတ်တော့ စကြ၀ဠာတသောင်းက လာကြတဲ့ ပရိသတ် ဘယ်လောက် များပြားသလဲဆိုတာ စဉ်းစားခန့်မှန်း အုံသြစရာပါဘဲ၊ တန်ခိုးကြီးတဲ့ နတ်ပြဟ္မာတွေ ရောက်လာတော့ တန်ခိုးမရှိတဲ့ နတ်ပြဟ္မာတွေက နောက်ကို ဆုတ်ဆုတ်ပြီး သွားရတာဟာ စကြ၀ဠာတံတိုင်းထိ ထောက်သွားသူများလဲ ရှိကြပါတယ်။ မြတ်စွာဘုရား တရားဟောစဉ်က ယခုခေတ်အခါလို့

ပဲ့ကြိုး လမ်းကြိုးမျှားမှာ ရာထူးကြိုးရင် ကြိုးသလို ရွှေတန်းက နေရတာ မဟုတ်ပါ၊ ရာထူးလိုက် နေရာချထားတာမဟုတ်ဘဲ ဘာဖြစ်လို့ နေရာ ရွှေရွှေသွားရတာလဲဆိုတော့ နောက်ဘဝက ကုသိုလ်ကောင်းမှုဟာ သူတို့ရဲ့ နေရာပါဘဲ၊ ကုသိုလ်ကောင်းမှု ထူးထူးခြားခြား ကြိုးကြိုးကျယ်ကျယ် ပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေဆိုရင် နတ်တွေလဲ ရွှေက နေနိုင်တယ်၊ ဗြဟ္မာတွေလဲ ရွှေက နေနိုင်ပါတယ်။

## မယ်တော်ကိုအမှူးထား

သို့ပေမဲ့ ပဋ္ဌာန်းတရားပဲ့ကြိုးမှာ ရွှေဆုံးကနေတာ ဘယ်သူလဲ၊ ဘယ်သူကို ခေါင်းဆောင်ထားပြီး ဟောတာလဲဆိုတော့ အဘိဓမ္မာ နိဒါန်းမှာကတော့ 'မာတာရံ ပမုခံ ကတ္တာ' မယ်တော်ကို အမှူးထားပြီး စကြဝဠာ တသောင်းကလာတဲ့ နတ်ဗြဟ္မာတွေကိုဟောတဲ့ တရားပဲ့ပါ။ မယ်တော်ဟာ နတ်သမီးလား၊ နတ်သားလားလို့ဆိုတဲ့ ပြဿနာဟာ ကျမ်းဂန်တွေ ကဲ့လို့ ချက်တော့ ရှိခဲ့ပါတယ်။ မယ်တော်ဟာ ဘုရားလောင်းကိုဖွားပြီး (၇)ရက် ကြာတော့ ကံဘော်ကုန်ပါတယ်၊ ဒါကလဲ ဘုရားလောင်းတို့ မယ်တော် မျှားရဲ့ ဓမ္မတာတခုပါဘဲ၊ ယေတော်က မြတ်စွာဘုရားလောင်းကို ဖွားပြီး တော့ ကံစောက်ကုန်တဲ့အခါမှာ မိထွေးတော် ဂေါတမီက 'အမိရဲ့ညီမဖြစ်သူ ဒေါ်လေးပါဘဲ' အဲဒီ မိထွေးတော် ဂေါတမီက ကျေးမွေးပြုစုရပါတယ်၊ မယ်တော်အရင်းကတော့ တုသိတာနတ်ပြည်မှာ သွားပြီးဖြစ်တော့ တချို့က နတ်သမီးဖြစ်တယ်လို့ ဆိုပါတယ်၊ ဒါပေမဲ့ ဘုရားလောင်းမျှားရဲ့ မယ်တော် မျှားဟာ ဘုရားလောင်း ဖွားပြီးတော့ နတ်ပြည်မှာ နတ်သား သွားဖြစ် တာဟာလဲ ဓမ္မတာပါဘဲ။

နတ်ပြည်မှာ အဘိဓမ္မာတရား ဟောရတာကလဲ မိခင်၏ကျေးဇူး အတိုင်းအဆမရှိ ကြီးမားပုံကို ပြချင်တာကလဲ အကြောင်းပါခုပါဘဲ၊ နောက်တချက်ကတော့ အဘိဓမ္မာတရားပဲ့ အစအဆုံး နာနိုင်မဲ့ ပရိသတ် များကလဲ နတ်ဗြဟ္မာ ပရိသတ်များသာရှိပါတယ်၊ ဒီအကြောင်းတွေကတော့ နောက်ပဋ္ဌာန်းကို ရှင်းလင်းပြတဲ့အခါမှာ အကျယ် သိကြရမှာပါ၊ ဒီလို

မယ်တော် နတ်သားကို အမှူးထားပြီး အဘိဓမ္မာတရားတော် ဟောတဲ့ အချိန်ကလဲ ဝါတွင်းသုံးလကုန်အောင် ကြာပါတယ်၊ ဒီသုံးလမှာလဲ နာရီမပြတ်ဟောနေတာပါ၊ ရေတံခွန်က ရေတွေ တသွင်သွင်ကျနေသလို မြတ်စွာဘုရားရဲ့ နှုတ်တော်က အဘိဓမ္မာ ၇-ကျမ်းကို အစဉ်မပြတ် ဟောနေတာပါ၊ ဒါဖြင့် မြတ်စွာဘုရားဟာ ဆွမ်းစားချိန် ကုဋိသွားချိန် နားချိန်မှာ ဘယ်သူဟောသလဲဆိုတော့ ဖန်ဆင်းတဲ့ နိမ္မိတဘုရားက ဟောကြားနေပါတယ်။

ခု လူ့ပြည်မှာရှိနေတဲ့ အဘိဓမ္မာ ၇-ကျမ်းဟာ မြတ်စွာဘုရား နှုတ်တော် လျှောတော်နဲ့ဟောတဲ့ အဘိဓမ္မာကျမ်းနဲ့ စာရင်းဆပေါင်းကုဋေကုဋာ ပုံလို့ တပုံတောင် ရှိမယ်မထင်ပါ၊ ဝါတွင်း ၃-လပတ်လုံး ဟောတဲ့ အဘိဓမ္မာ ဒေသနာစဉ်ကတော့ မမြဲသင်္ကြိုက စပြီး ဟောပါတယ်၊ အဘိဓမ္မာတရား ဟောရင် တကျမ်းထဲနဲ့ တရားဆုံးလို့မရပါ၊ ဓမ္မသင်္ကြိဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း ၇-ကျမ်းလုံး တဆက်တည်းဟောမှ အဘိဓမ္မာတရားက ဆုံးပါတယ်။

## ၁။ ဓမ္မသင်္ကြိ

ဒီအကြောင်းကို ယခုပဋ္ဌာန်းသင်တန်းတက်နေကြတဲ့အခါ ကိုယ်တိုင်သိကြမှာပါ၊ တရားရတယ်ဆိုတာက နာမ်ရုပ်တို့ရဲ့ အကြောင်းအကျိုးသိမှ ပစ္စယပရိဂ္ဂဟဉာဏ် ယထာဘူတဉာဏ်ရပါတယ်၊ ဒီဉာဏ်တွေရမှလဲ ဂေါတြလ်နိဗ္ဗာန်ရတာပါ။ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် အဘိဓမ္မာဟာရား ဟောရတာဆိုတော့ ဓမ္မသင်္ကြိမှာ ရုပ်နာမ်တရားဟိုရဲ့ အကြောင်းအကျိုးကို မဟောသေးပါ၊ ဓမ္မသင်္ကြိကို အကျဉ်းချုပ်ပြောရမယ်ဆိုရင် ဓမ္မ=တရား+သင်္ကြိ=ရေတွက်ခြင်းဆိုတော့ တရားကို ရေတွက်ပြခြင်းဘဲဖြစ်ပါတယ်၊ ပဌမခေါင်းစဉ်မာတိကာပါဘဲ၊ ပရမတ္ထတရားကို သုံးပုံ ပုံတော့ ကုသလာဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ ဒါကုသိုလ်ကတပုံ, အကုသိုလ်က တပုံ, အဗျာကတ တရားက တပုံ ဒီလို သုံးပုံ ပုံတာကို တိက်လိုခေါ်ပါတယ်၊ အဲဒီလို သုံးပုံ ပုံတဲ့ တိက်တွေက ၂၂-တိက်ရှိပါတယ်၊

ဒုက်ဆိုတာကတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရား ၄-ပါးကို ၂-ပုံထဲပုံပြီး ဟောတာပါ။ ဥပမာ ဟေတူ ဓမ္မာ=ဟိတ်မည်တဲ့ တရား၊ နဟေတူ ဓမ္မာ=ဟိတ် မမည်တဲ့တရားလို့ တရားကို ၂-ပုံထဲ ပုံပြီး ဟောတဲ့ ဒုက်က ၁၀၀-ရှိပါတယ်၊ ဒါကြောင့်လဲ ဓမ္မသင်္ဂဏီမှာ မာတိကာ ခေါင်းစဉ်ကိုက တိုက်က ၂၂ တိုက်, ဒုက်က ၁၀၀-ရှိပါတယ်။ ကုသိုလ် တရားတွေက ဒါတွေဘဲ၊ အကုသိုလ်တရားတွေက ဒါတွေဘဲ၊ အဗျာကတ တရားတွေက ဒါတွေဘဲလို့ ဒီလို ရုပ် နာမ်တရားတွေကို ရောက်ပြတဲ့ကျမ်းကို ဓမ္မသင်္ဂဏီကျမ်းလို့ ခေါ်ပါတယ်။

## ၂။ ဝိဘင်းကျမ်း

ကုသိုလ် စတဲ့ တရားတွေကို ရောက်ပြီးတဲ့အခါ ကုသိုလ်စတဲ့ တရားတွေကိုဘဲ နောက်ထပ်ခွဲပြီးဟောတဲ့ကျမ်းက ဝိဘင်းကျမ်းပါ၊ တိုက် ၂၂-နဲ့ ဒုက် ၁၀၀-ကတော့ မာတိကာ ခေါင်းစဉ်အရင်းပါဘဲ၊ ဝိဘင်းကျတော့လဲ ဒီတိုက် ၂၂-နဲ့ ဒုက် ၁၀၀-ကိုဘဲ ခန္ဓဝိဘင်း၊ အာယတနဝိဘင်း၊ ဓာတုဝိဘင်း၊ သစ္စ ဝိဘင်း၊ ဣန္ဒြိယ ဝိဘင်း၊ ပဋိစ္စသမုပ္ပါဒ ဝိဘင်း အစ ရှိတဲ့ ခေါင်းစဉ် ၁၈-ခုထားပြီး နည်းသုံးမျိုးဖြင့် တဖန်ထပ်ခွဲ၍ ဟောပြန်ပါတယ်။ ဝိဘင်းမှာ တခုဆန်းတာက အဘိဓမ္မာတဆူးဖြစ်ပါလျက်နဲ့ သုတ္တန်ဆန်ဆန် သုတ္တန္တဘာဇနီယ နည်းဖြင့် လူ့ပြည်က လူအများ နားလည်နိုင်အောင် ဟောထားတာဘဲ ဖြစ်ပါတယ်။ အဘိဓမ္မာဆန်ဆန် တိုက် ဒုက်နဲ့ ဟောတာကတော့ အဘိဓမ္မာဘာဇနီယ နည်းပါဘဲ၊ ပဥ္စဝုပ္ပန္နကနည်းကတော့ ဓမ္မသင်္ဂဏီမှာတည်ဟောတဲ့ တိုက် ၂၂-တိုက်, ဒုက် ၁၀၀-ခေါင်းစဉ်ကိုဘဲ မေးပုံ မေးနည်း ဖြေပုံ ဖြေနည်းနဲ့ တခါထပ်ခွဲပြီး ဟောပြန်ပါတယ်၊ ပဋ္ဌာန်းကသာ အဆုံးအဆ မရှိတာမဟုတ်ပါ။ ဓမ္မသင်္ဂဏီ, ဝိဘင်းတို့ကလဲ စာအုပ်ရိုက်မယ်ဆိုရင် ဘယ်လိုမှ အဆုံးအဆ မရှိနိုင်ပါ။

## ၃။ ဓာတုကထာ

ဝိဘင်းပြီးတော့ ဓာတုကထာကို ဟောတဲ့အခါမှာလဲ သင်္ဂဟ, အသင်္ဂဟစတဲ့ ခေါင်းစဉ်အသစ် ၁၄-မျိုးထပ်ပြီးတိုးလိုက်ပြန်ပါတယ်၊

အဲဒီ နည်းပေါင်း၁၄-နည်းနဲ့ ဝိဘင်းမှာ ဟောသွားခဲ့တဲ့ ခန္ဓာ အာယတန ဓာတ်တွေကိုဘဲ တဖန် ချဲ့ပြီး ဟောပြန်ပါတယ်။ ဓာတုကထာကလဲ တကယ်တော့ အစအဆုံး မရှိနိုင်ပါ၊ ဟောပုံအကျဉ်းချုပ်က ကုသိုလ် တရားကို ယူလိုက်ရင် ကုသိုလ်တရားမှာ ခန္ဓာအားဖြင့် ဘယ်မျှ, အာယ-တနအားဖြင့် ဘယ်မျှ, ဓာတ်အားဖြင့် ဘယ်မျှ, အကုသိုလ်တရားမှာလဲ ခန္ဓာက ဘယ်လောက် ရှိတယ်၊ အာယတနက ဘယ်လောက်ရှိတယ်၊ ဓာတ်အားဖြင့် ဘယ်လောက် ရှိတယ်ဆိုတာကို နည်းပေါင်း ၁၄-နည်းနဲ့ ချဲ့ပြီးဟောတာပါဘဲ။

## ၄။ ပဋ္ဌလပညတ်

ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ဒီအဘိဓမ္မာသုံးကျမ်းကို ဟောလိုက်တော့ အချို့နတ်ပြဟ္မာတွေမှာ သံသယဝင်လာနိုင်ပါတယ်၊ ဒီအဘိဓမ္မာသုံးကျမ်းမှာ လူ နတ် ပြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ စကားမျိုးတလုံးမှ မပါ။ လူ့ဘုံ နတ်ဘုံ ပြဟ္မာဘုံ ဆိုတာလဲမပါ။တန်ခိုးကြီးတာမကြီးတာလဲ မပါဘဲ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာနဲ့ ခန္ဓာ အာယတန ဓာတ် သစ္စာ ဒါတွေနဲ့ချည်းဘဲ ဟောနေတော့ ဘုရားဟောတဲ့ တရားက ကမ္ဘာလောကကြီးမှာ ပရမတ္ထသစ္စာတရား သက်သက်ဘဲ ရှိသလား၊ လူ နတ် ပြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ပညတ်ကတော့ မရှိဘူးလား၊ ဒီလို သံသယဝင်လာနိုင်တော့ မြတ်စွာဘုရားက နတ်ပြဟ္မာတွေ စောဒက မတက်နိုင်အောင် ၄-ကျမ်းမြောက်ဖြစ်တဲ့ ပုဂ္ဂလပညတ်ကျမ်းကို ဆက်ပြီး ဟောတော်မူရပြန်ပါတယ်။

ဒီနေရာမှာ ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ဒီသုံးကျမ်းနဲ့ဘဲ တရားပဲ့ ဆုံးလိုက်ရင် တရားနာနေကြတဲ့ နတ် ပြဟ္မာတွေက လောကကြီးမှာ ပရမတ္ထ တရားသက်သက်ချည်းဘဲ ရှိတာဘဲ ပညတ်ဆိုတာကတော့ အလကားပါဘဲလို့ ယူဆသွားပြီး တခါထဲ အစွန်းတဘက် ရောက်သွားမှာပါ၊ ဓါကြောင့် ဒီလိုအစွန်းတဘက်ကို မရောက်ရအောင် ပုဂ္ဂလပညတ် စတဲ့ ပညတ်တွေလဲရှိပါတယ်၊ ပညတ်တွေကလဲ အင်မတန် အရေးကြီးပါတယ်၊

ဥပမာထုတ်ပြရရင် ကုသလာဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ၊ ခန္ဓာ အာယတန ဓာတ် သစ္စာ စတဲ့ ဒီအမည်တွေဟာ **ပညတ်တွေ** ပါဘဲ၊ တရားသဘာဝတွေကသာ ပရမတ္ထပါ၊ ပညတ်မရှိရင် ဘယ်လိုတရားဟာမလဲ၊ ဘယ်လိုပြောနေကြရမလဲ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ သဘောတရားတို့၏ အမည်မှန်သမျှကို **ဝိဇ္ဇမာနပညတ်လို့** ခေါ်ပါတယ်၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ သူ ငါ စတဲ့ အမည်တွေက ပရမတ္ထအားဖြင့် ထင်ရှားမရှိတဲ့ ပညတ်ဖြစ်လို့ **အဝိဇ္ဇမာနပညတ်လို့** ခေါ်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်သတ္တဝါစတဲ့ ပုဂ္ဂလပညတ်တွေ၊ ခန္ဓာ အာယတန ဓာတုစတဲ့ ပရမတ္ထပညတ်တွေ၊ အဲဒီပညတ်အမျိုးမျိုးတို့ကို ဟောတော်မူနတ်တွေဗြဟ္မာတွေမှာ 'ပညတ်ဆိုတာလဲ အရေးကြီးတာပါကလား၊ ပညတ်မရှိဘဲလဲ ဘာမှလုပ်လို့ မရနိုင်ပါလား' ဘုရားတောင်မှ တရားဟောလို့ မဖြစ်နိုင်ပါလား၊ တို့လဲ ဟရားနာလို့ ရမှာမဟုတ်ပါလား'လို့ ပညတ်ကလဲ လောကကြီးမှာ အင်မတန်အရေးကြီးပုံကို သဘောပေါက်သွားကြပါတယ်။

ပရမတ္ထသက်သက်ချည်းဘဲလို့ ယူလိုက်ရင် အစွန်းတဘက်ရောက်သွားမှာပါ၊ ပညတ်ကဘဲ အရေးကြီးပါတယ်ဆိုရင်လဲ အစွန်းကဘက်ရောက်သွားမှာပါ၊ လက်ဝဲစွန်း လက်ျာစွန်းလွတ်မှ မဇ္ဈိမပဋိပဒါလမ်း၊ မြတ်စွာဘုရားရဲ့တရားမှန်ဖြစ်မှာပါ၊ ဥပမာ--ဓမ္မတာပို့ကြတယ်ဆိုတာလဲ ပုဂ္ဂိုလ် သတ္တဝါပညတ်ကိုဘဲ ပို့ကြတာပါ၊ ပုဂ္ဂိုလ်သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာ, ကရုဏာ, မုဒိတာ ဆိုတာက ပညတ်နယ်မှာဘဲရှိတာပါ၊ လူကြီးတယ်ဆိုပြန်တော့လဲ ပုဂ္ဂိုလ် ပညတ်ကိုဘဲ လူကြီးတာပါ၊ သီလရှိတဲ့ ပုဂ္ဂိုလ်, သီလမရှိတဲ့ ပုဂ္ဂိုလ်၊ ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်, ဂုဏ်မရှိတဲ့ ပုဂ္ဂိုလ်ခွဲကြဟော့လဲ ပညတ်နဲ့ဘဲ ခွဲကြရတာပါ၊ ဒါကြောင့် ပညတ်ကလဲ ဒါနခန်း သီလမန်း ဘာဝနာခန်းဘို့မှာ အင်မတန်အရေးကြီးလို့ ပညတ်ကိုလဲ မာယ်ဘို့ ပုဂ္ဂလညတ်ကျမ်းနဲ့ အဘိဓမ္မာတရားပဲကြီးမှာ ထည့်ပြီး ရှင်းပြရတာပါ။

## ၅။ ကထာဝတ္ထု

ဒီမမ္မသင်္ကီ ဝိဘင်း ဓာတုကထာ ပဂ္ဂလပညတ် လေးကျမ်းအထိ မြတ်စွာဘုရားက သမုတိသစ္စာ ပရမတ္ထသစ္စာတွေကို ဟောပြလိုက်တော့၊ ဒီသစ္စာ ၂-ပါးကို ဘယ်လိုယူဆရပါ့မလဲဆိုတဲ့ နတ် ဗြဟ္မာတွေရဲ့ သံသယ အမေးခတ္တကို စောင့်မနေတော့ဘဲ၊ တဆက်တည်း ကထာဝတ္ထုကျမ်းကို ဟောလိုက်ပြန်ပါတယ်၊ ကထာဝတ္ထုကို ခက်တယ်ဆိုပြီး ဗမာပြည်မှာ သင်ကြားလေ့လာတာ သိပ်မရှိတော့ပါ။ ကထာဝတ္ထု ခက်တယ်ဆိုပေမဲ့ ဆရာကောင်း သမားကောင်းနဲ့လေ့လာရင် မခက်လှပါ။ ကထာဝတ္ထုဆိုတာက မြတ်စွာဘုရားဟောထားတဲ့ သုတ္တန်ပါဠိတော်တွေမှာ ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာ အယူမလွဲရအောင် အာဘိဓမ္မာနဲ့ပြန်ပြီး ညှိပေးထားတာပါ၊ ဗုဒ္ဓဘာသာက အင်မတန်ခိုင်မြဲပါတယ်။ ဘယ်လို အယောအပြော အရေးအသားကောင်းတဲ့ တရားတုတွေပေါ် ပေါ်၊ ဘယ်တော့မှ မမှားနိုင်ပါ၊ မမှားနိုင်တဲ့နည်းက ကထာဝတ္ထုကိုကြည့်ရမှာပါ၊ အာဘိဓမ္မာကို အရေးပေးပြီး ပရမတ်ချည်းဘဲ ပြောနေတဲ့ပုဂ္ဂိုလ်ဟိုးကိုလဲ ကထာဝတ္ထုက ရှင်းထားပါတယ်၊ ပညတ်က ပိုအရေးကြီးတယ်လို့ ပညတ်သန်ပြီး ပြောနေတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ကထာဝတ္ထုက ရှင်းပေးထားပါတယ်။

ကထာဝတ္ထုကျမ်းရဲ့ လိုရင်းအကျဉ်းချုပ်ကတော့ ဘယ်လိုအနုစုမှာ ဘုရားဟောသွားတာက ပရမတ္ထသစ္စာ, ဘယ်လိုနေရာမှာ ဘုရားဟောသွားတာက သမုတိသစ္စာဘဲလို့ အာဘိဓမ္မာနည်း စောဒကတက်နည်းအမျိုးမျိုးဖြင့် ရေပက်မဝင်နိုင်အောင် အဆုံးအဖြတ်ပေးထားတာပါဘဲ။ ဥပမာအားဖြင့် 'ဒီပက်ထုဗြတ်စွာဘုရား ပဉ့်တော်မူခါနီက သုမေဓာရသေ့ဖြစ်ခဲ့တယ်၊ သုဇမေဓာဘဝကမှ ဆုတောင်းဆုယူပါရမီဖြည့်ခဲ့လို့ ဘုရားဖြစ်လာခဲ့တယ်'လို့ ဒီလိုပုဂ္ဂလပညတ်နည်းနဲ့ သုတ္တန်တွေမှာ ဟောပြထားပါတယ်၊ ဒါကို ဝိပဿနာဆရာတွေက သုမေဓာရသေ့ဘဝက ဘုရားဖြစ်လာတာဆိုရင် သဿတဒိဋ္ဌိ မဖြစ်ပေဘူးလား၊ ဘဝတို့ မုဂ္ဂိုလ်သတ္တဝါတို့ဆိုတာ မရှိတဲ့တရားတွေဘဲ၊ ရုပ်နဲ့နာမ်သာ ဝေကယ်ရှိတာပါလို့၊ တဘက်

အစွန်း ဇရောက်မသွားအောင် ကထာဝတ္ထုက ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာ ၂-ခုကို ကျေကျေလည်လည် သဘောပေါက်အောင် ရှင်းလင်းပြတာပါဘဲ။

၆။ ယမိုက်

ကထာဝတ္ထုကျမ်းနဲ့ထပ်ပြီး ရှင်းလင်းပေးပြတဲ့အခါမှာ ရှုပ်နာမ်ဆိုတဲ့ သခ်ါရလောက, ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ သတ္တလောက ကတော့ ရှင်းသွားပါပြီ၊ သို့သော်လဲ နတ်ဗြဟ္မာတွေက ၃၁-ဘုံလုံး သူတို့က အကုန်မြင်နေပါတယ်၊ ဘုံဆိုတဲ့ သြကာသလောကနဲ့ ရှုပ်နာမ်ဆိုတဲ့သခ်ါရလောက၊ လူတွေ နတ် ဗြဟ္မာတွေဆိုတဲ့ သတ္တလောကဟာ ဘယ်လိုမှ အဆက်အသွယ်မရှိကြဘူးလား၊ နတ်တွေ ဗြဟ္မာတွေက သူဘာသာသူ ရှိနေတာလား၊ ဘုံဆိုတာတွေက မရှိတဲ့တမှုးတွေလား၊ ဒီလိုသံသယတွေ ဝင်လာမှာစိုးလို့ ယမိုက်ကျမ်းကို ခြောက်ခုမြောက်ဆက်ပြီး ဟောရပြန်ပါတယ်။

ယမိုက်ဆိုတာက ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်မျိုးဟာ ခန္ဓာဘယ်လောက်ရတယ်၊ အာယတန ဘယ်လောက်ရတယ်၊ ဓာတ်ဘယ်လောက်ရတယ်လို့ ခန္ဓာ အာယတန ဓာတ်ဆိုတဲ့ သခ်ါရလောက, ပုဂ္ဂိုလ်ဆိုတဲ့ သတ္တလောကနဲ့ ဘုံဆိုတဲ့ သြကာသလောကကို ဆက်သွယ်ပြီး ရှင်းပြတာပါဘဲ။ နတ်ဗြဟ္မာတွေရဲ့ ဉာဏ်က အင်မတန် ထက်မြက်တော့ သတ္တလောက သ[illegible] လောက သြကာသလောကဆိုတဲ့ လောက ၃-ပါးဖြစ်ပေါ် နေပုံ[illegible] သူတို့ဉာဏ်မှာ တော်တော်ကြီး ရှင်းသွားကြပါတယ်၊ ဥာတပရိဉ်[illegible] ဆိုက်သွားကြပြီလို့လဲ ပြောနိုင်ပါတယ်။

၇။ ပဋ္ဌာန်းကျမ်း

သို့ပေမဲ့ စောစောက ဟောပြလာခဲ့တဲ့ ရုပ် နာမ် ခန္ဓာတွေဟာ ဘာကြောင့် ဖြစ်လာရတာလဲ၊ ဖန်ဆင်းရှင်ကြောင့် ဖြစ်လာရတာလား၊ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်တာလား၊ အလိုလိုဘဲဖြစ်သလားဆိုတဲ့ ပြဿနာတွေဟာ တထွေးကြီးကျန်ပါသေးတယ်၊ ဒီပြဿနာတွေအတွက် မြတ်စွာဘုရားက နာမ်ရုပ်ဖြစ်ရခြင်းအကြောင်းကို နောက်ဆုံး

ခုနစ်ကျမ်းမြောက် ပဋ္ဌာန်းကျမ်း ရောက်တော့ အကြောင်းတရား မျိုးပေါင်း ၂၄-မျိုးထိအောင် ဟောပြလိုက်ပါတယ်။

တရားပြတဲ့ပုဂ္ဂိုလ် တရားဟောတဲ့ပုဂ္ဂိုလ်များဟာ တရားဟောတဲ့အခါ မှာ ခေါင်းစဉ်အားဖြင့် ၁ ပြီး မှ ၂၊ ၂ ပြီး မှ ၃ ဆိုတဲ့ အစီအစဉ်မျိုး လုပ်ပြီးမှ ဟောသလို ဒီလိုဏစီအစဉ်မျိုးနဲ့ အဘိဓမ္မာ (၇) ကျမ်းမှာ (၁) ကုသိုလ်တရားဆိုတာ ဒါဘဲ၊ (၂) ကုသိုလ်တရားကို ခန္ဓာ အာယတန ဓာတ်တို့နဲ့ ခွဲရင် ဒီလိုခွဲရတယ်၊ (၃) ဒီခန္ဓာ အာယတန ဓာတ်တွေကိုဘဲ ရေတွက်လို့ရတဲ့နည်း၊ မရတဲ့နည်းနဲ့ခွဲရင် ဒီလိုခွဲရတယ် စသည်ဖြင့် တဖြည်း ဖြည်း ခွဲထွင်ရှင်းပြပြီး နောက်ဆုံးကျမှ ပဋ္ဌာန်းကျမ်းကို ဟောတာပါ။

**အနုဆန္ဓနယ သမန္တပဋ္ဌာန်းကျမ်း**

ပဋ္ဌာန်းဆိုတာက ပ = အမျိုးမျိုး + ဋ္ဌာန = အကြောင်း ဆိုတော့ အကြောင်းအမျိုးမျိုးလို့ အဓိပ္ပါယ်ရပါတယ်၊ နာမ်ရုပ်တို့ရဲ့ ဖြစ်ပေါ်ပုံ အကြောင်းအမျိုးမျိုးကို ဟောပြတဲ့ကျမ်းလို့ ဆိုလိုပါတယ်။ ပဋ္ဌာန်းဆို တာက အတိုကောက်ခေါ်တာပါ၊ ပဋ္ဌာန်းကျမ်းရဲ့ အမည်ရင်းကတော့ **အနုဆန္ဓနယသမန္တပဋ္ဌာန်းကျမ်း**လို့ ခေါ်ပါတယ်၊ အနုဆန္ဓနယဆိုတာမှာ နည်း ပေါင်းက အနုဆန္ဓပါဘဲ၊ ကောင်းကင်အနုဆန္ဓ၊ စကြဝဠာအနုဆန္ဓရှိသလို ပဋ္ဌာန်း ကျမ်းမှာ နည်းပေါင်းအနုဆန္ဓ ဆုံးစ မရှိလို့ ဆိုပါတယ်၊ **အနုဆန္ဓနယသမန္တ** ဆိုတာမှာ သမန္တက ထက်ဝန်းကျင်ဆိုတဲ့ အဓိပ္ပါယ်ရပါတယ်။ ဒီနေရာမှာ သမန္တဟာ အလုံးစုံပြည့်စုံတယ် ဆိုတဲ့သဘောမျိုးပါ၊ ထည့်စရာ နုတ်စရာ မလို၊ ပြည့်စုံတာဆိုတော့ ပဋ္ဌာန်းကျမ်းဟာ ဘာမှ လိုလေသေးမရှိ၊ အကုန်လုံးပြည့်စုံတယ်၊ပဋ္ဌာန်းကျမ်းရဲ့ ထက်ဝန်းကျင် အစ အလယ် အဆုံး ဘယ်နေရာဘဲကြည့်ကြည့် ပြည့်စုံပါတယ်လို့ ဆိုကြပါတယ်။

**သမန္တပါသာဒိက** လူတယောက်ကို ကြည့်လို့ကောင်းတယ်ဆိုရင် မတ် တတ်ရပ်နေတာဘဲဖြစ်စေ၊ ထိုင်နေတာဘဲဖြစ်စေ၊ ထသွားတာဘဲ ဖြစ်စေ ကြည့်လို့ ကောင်းနေဘာကို သမန္တပါသာဒိကလို့ ပါဠိလိုခေါ်ပါတယ်၊ ဆရာတော်ကြီးများကို ချီးကျူးတဲ့ အခါမှာ ဘယ်လိုဘဲ ကြည့်ကြည့်

ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်မျိုးကို သမန္တပါသာဒိကဂုဏ်နဲ့ ပြည့်စုံတယ်လို့ ချီးကျူးကြပါတယ်။

ပဋ္ဌာန်းကျမ်းကလဲ ဒီလိုပါဘဲ၊ အစကကြည့်မလား, အဆုံးကကြည့်မလား, အလယ်ကကြည့်မလား၊ ဘယ်နေရာကဘဲကြည့်ကြည့် အကုန်လုံးပြည့်စုံနေတဲ့အတွက် အနန္တနယသမန္တပဋ္ဌာန်းကျမ်းလို့ ခေါ်တာပါဘဲ။

## ပဋ္ဌာန်း ၂၄-ကျမ်း

အနန္တနယ သမန္တပဋ္ဌာန်းကျမ်းက ၂၄-ကျမ်းရှိပါတယ်၊ တခုုကြ ၂၄-ပစ္စည်းကို ပဋ္ဌာန်း ၂၄-ကျမ်းလို့ ထင်နေကြပါတယ်။

(၁) မာတိကာခေါင်းစဉ်မှာ တိုက် ၂၂-မူတည်ပြီး ဟောတာကို တိကပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်၊

(၂) ဒုက် ၁၀၀-ကို ခေါင်းစဉ်ထားပြီး ဟောတာကို ဒုကပဋ္ဌာန်းလို့ ခေါ်ပါတယ်၊

(၃) ဒုက် ၁၀၀-ကို မူတည်ထားပြီး တိုက် ၂၂-ကို မူလီသွတ်ပြီး ဟောတာကို ဒုကတိကပဋ္ဌာန်းလို့ ခေါ်ပါတယ်၊

(၄) တိုက် ၂၂-ကို မူတည်သားပြီး ဒုက်-၁၀၀ကို မူလီသွတ်ပြီး ဟောတဲ့ ကျမ်းကို တိကဒုက ပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်၊

(၅) တိုက် ၂၂-ကိုမူထားပြီး တိုက် ၂၂-ကိုဘဲ မူလီသွတ်ပြီး ဟောတဲ့ ပဋ္ဌာန်းကို တိက တိကပဋ္ဌာန်းလို့ ခေါ်ပါတယ်၊

(၆) ဒုက် ၁၀၀-ကို မူထားပြီး ဒုက် ၁၀၀-ကိုဘဲ မူလီသွတ်ပြီး ဟောတာကို ဒုကဒုကပဋ္ဌာန်းလို့ခေါ်ရပါတယ်။ ဒီ ၆-ကျမ်းကလဲ—

အနုလုံမှာ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုက ဒုကပဋ္ဌာန်း ၆-ကျမ်း၊

ပစ္စနိက်မှာ-တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိက ဒုကပဋ္ဌာန်း, တိက တိကပဋ္ဌာန်း, ဒုက ဒုကပဋ္ဌာန်း ၆-ကျမ်း၊

## သမန္တပါသာဒိက ပဋ္ဌာန်းနိဒါန်း

**အနုလောမပစ္စနိက်မှာ·တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိက ပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း ၆-ကျမ်း၊**

**ပစ္စနိယ အနုလောမမှာ–တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိက ပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း ၆-ကျမ်း –**

**စိရှိတော့ ပဋ္ဌာန်း ၂၄-ကျမ်း ဖြစ်သွားပါတယ်။**

**ဒါကတော့ ပဋ္ဌာန်းကျမ်းကြီးရဲ့ ကျယ်ဝန်းပုံကို ရိပ်စားမိရုံ အနည်း ငယ်ရှင်းပြရတာပါ၊ ပဋ္ဌာန်းအရကောက် ကျမ်းမျာ်းမှာ ဇယား**တွေနဲ့ တွက်ပြီးသား ရှိနေတော့ ရေတွက်နည်းကို ဒီလောက်နဲ့ရပ်ပြီး အရေးကြီး တဲ့ နိဒါန်းကိုဘဲ ဆက်ကြပါစို့။

**မြတ်စွာဘုရားကိုယ်တော်တိုင် အဘိဓမ္မာ ၇-ကျမ်း သုံးသပ်ဆင်ခြင်တဲ့ အခါ ပဋ္ဌာန်းကျမ်းကိုသုံးသပ်တဲ့ အချိန်ရောက်တော့ ကိုယ်တော်မှ ရောင် ခြည်တော်တွေ ကွန့်မြူးလာပါတယ်၊ အဲဒီလို ပဋ္ဌာန်းကျမ်းကို သုံးသပ်စဉ် က ထွက်လာတဲ့ ကွန့်မြူးလာတဲ့ ရောင်ခြည်တော်တွေဟာ စကြဝဠာ အနန္တကို ပျံ့နှံ့သွားတော့ စကြဝဠာကလဲ အနန္တရှိနေတာမို့ ယနေ့တိုင် မဆုံးနိုင်သေးဆဲ ရောင်ခြည်တော်တွေဟာ ကွန့်မြူးသွားနေဆဲ ဖြစ်ပါ တယ်လို့ ပဏ္ဏာသ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ ဒီအဋ္ဌကထာရဲ့ စကားဟာ ဘယ်နည်းနဲ့ဘဲကြည့်ကြည့် ပညာရှင်တိုင်း ဝန်ခံနိုင်တဲ့ စကား ဖြစ်ပါတယ်။**

**ပဋ္ဌာန်းရွတ်ကျိုး**

**မြတ်စွာဘုရားသခင် ပဋ္ဌာန်းကို သုံးသပ်တဲ့အခါမှာ တန်ခိုးတော်တွေ ရောင်ခြည်တော်တွေ ကိုယ်တော်မှ ထွက်လာတဲ့အတွက် တန်ခိုးကြီးချင်း တယ်ဆိုရင် ဘဝဘဝက ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ပါရမီတန်ခိုးများ ပွင့်စေ ချင်တဲ့အခါမှာ ပဋ္ဌာန်းကို ယုံကြည်ပြီး ရွတ်သူများလဲ ရှိကြပါတယ်၊ ဒီလို ရွတ်လို့ လက်တွေ့တန်ခိုးကြီးလာတဲ့ လူတွေလဲ ရှိကြပါတယ်။**

သို့သော် ပဋ္ဌာန်းရွတ်တာက ဒီခေတ်မှမဟုတ်ပါ၊ မန္တလေးတောင်ခြေမှာ ရှင်ဘုရင်နဲ့တက္ခ တိုင်းသူပြည်သားများ ပဋ္ဌာန်းတရားကို နာကြလို့ ပဋ္ဌာန်းဇရပ်လို့ သီးခြားရှိပါတယ်၊ ယခုခေတ်မှ ပဋ္ဌာန်းရွတ်ရင် တန်ခိုးကြီးထယ်လို့ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေရှိတာမဟုတ်ပါ၊ ရှေးခေတ်က ပဋ္ဌာန်းကို ရွတ်ရင် အန္တရာယ်ကင်းတယ် ဘေးရှင်းတယ်လို့ ယုံကြည်ကြပါတယ်၊ ဆရာတို့ငယ်ငယ်က မိဘတွေက အိပ်ခါနီးမှာ အန္တရာယ်ကင်းအောင် ပဋ္ဌာန်း ၂၄-ပစ္စည်းနဲ့ စည်းချရပါတယ်၊ ဒီလိုစည်းချတာဟာ မစ္ဆမ်းဘူးလားဆိုတော့ စ္ဆမ်းပါတယ်၊ ဘယ်လိုပုဂ္ဂိုလ်ကမှ မကောင်းကြံစည်လဲ မအောင်မြင်ဘူးလို့ ဆိုတာတွေ ကြားဘူးပါတယ်။

မန္တလေးမှာနေစဉ်တုန်းက ပိုက်ဆံချမ်းသာတဲ့ အဖွားကြီးတယောက် ရှိပါတယ်၊ သူကတော့ ဘုရားရှိခိုးတာနဲ့ ပုတီးစိပ်တာနဲ့ဘဲ နေတာပါ၊ အမွေကိစ္စမှာကျတော့ ဒီအဖွားကြီးကို သတ်ဘို့ လူဆိုးတွေနဲ့ တိုင်ပင်ပြီး ကြံစည်တာ အကြိမ်ပေါင်း ၄-၅-၆ ကြိမ်လောက် ကြံစည်ပေမဲ့ သူတို့ ကြံစည်လိုက်တိုင်း အဖွားကြီးက အိမ်ကထွက်သွားတာတို့, အိမ်မှာမရှိတာတို့, ရှိရက်သားနဲ့ မတွေ့တာတို့နဲ့ဘဲ သတ်ဘို့အကြံအစည်ဟာ မအောင်မြင်တာကို ကိုယ်တိုင်သိသူမှတဆင့် ကြားဘူးခဲ့ပါတယ်။

ဘုရားဂုဏ်တော်တွေယူပြီး ပဃေယျဆရာတွေက လုပ်တဲ့နည်းတွေ, ဆေးဆရာတွေက လုပ်တဲ့နည်းတွေကလဲ မစ္ဆမ်းဘူးလားဆိုတော့ စ္ဆမ်းသလောက် စ္ဆမ်းနေတာပါဘဲ၊ သို့ပေမဲ့ မြဟ်စ္ဆာဘုရားက ပဋ္ဌာန်းကို ဟောထားတာကတော့ အင်မကန်ကြီးကျယ်တဲ့ တန်ဘိုးနဲ့ ဟောထားတာပါ၊ ၂၄-ပစ္စည်းလုံးကို ဒီသင်တန်းမှာ ဆင်ကြားပြီးတဲ့အခါမှာ နဲနဲတော့ရိပ်စားမိလောက်မှာပါ။

## ကြည်ညိုဘွယ်ရာ ပဋ္ဌာန်းဒေသနာ

ပဋ္ဌာန်းတရားတော်ရဲ့ ကြည်ညိုစရာကောင်းပုံက ပုဂ္ဂိုလ်-သတ္တဝါ-ယောကျ်ား-မိန်းမ-လူ နတ် ဗြဟ္မာ ဘာတခုမှ မပါဘဲ တကာမ္ဘာလုံးမှာ ဖြစ်နေတဲ့ နာမ်ရုပ်တွေဟာ သူအလိုလို ဖြစ်နေတာမဟုတ်ဘဲ အကြောင်း

တရားအမျိုးမျိုးကြောင့် ဖြစ်နေပုံကိုသာ ဟောခဲ့တဲ့တရားပါ။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမဆိုတဲ့ အတ္တစွဲဟာ ဗြဟ္မာထီအောင်စွဲနေတဲ့ အင်မတန် ဖြိုဖျက်ဘို့ခဲယဉ်းတဲ့ အစွဲကြီးပါ၊ သတ္တဝါမှန်ရင် အတ္တစွဲကလဲ မွေးကတဲကဘဲ ပါလာတဲ့အစွဲပါ။ ဒီအတ္တပြုတ်ရအောင် အကြောင်းတရား ၂၄-မျိုးကို နည်းအမျိုးမျိုးနဲ့ အင်မတန်ဉာဏ်ကြီးကျယ်တဲ့ နတ်ပရိသတ်, ဗြဟ္မာပရိသတ်များကို ဟောခဲ့တဲ့တရားတော်ပါ။

လူ့ပြည်မှာလဲ ဉာဏ်ကြီးကျယ်တဲ့ပုဂ္ဂိုလ်တွေဟာ ပဌာန်းတရားတော်ကိုရောက်ရင် ဉာဏ်ကြီးရင် ကြီးသလောက် ပဌာန်းကို ကြည်ညိုကြတာပါဘဲ၊ပဌာန်းကို ကြည်ညိုတယ်ဆိုတာက ဉာဏ်လိုက်ပြီး ကြည်ညိုကြတာပါ၊ ဉာဏ်တမတ်သားရှိတဲ့ ပုဂ္ဂိုလ်ကလဲ တမတ်သားဘဲ ကြည်ညိုနိုင်ပါတယ်၊ ဉာဏ်ငါးမူးသားရှိတဲ့သူကလဲ ငါးမူးသားလောက်ဘဲ ကြည်ညိုလို့ရပါတယ်၊ သုံးမတ်သားရှိတဲ့သူက တကျပ်သားထိုးအောင် ကြည်ညိုဘို့က ခဲယဉ်းပါတယ်၊ အင်မတန်နက်နဲတဲ့ တရားတော်ပါ။

အဋ္ဌကထာမှာပါတာက ပဌာန်းလေ့လာတဲ့ မထေရ်ကြီးတပါးဟာ သမုဒ္ဒရာထဲ သဘော်နဲ့သွားတော့ သမုဒ္ဒရာက ကမ်းမမြင် လမ်းမမြင် ဘယ်ကိုကြည့်ကြည့် မဆုံးနိုင်ဖြစ်နေတော့ ပဌာန်းကျမ်းကိုသွားပြီး သတိရပါတယ်၊ ပဌာန်းကျမ်းကို သမုဒ္ဒရာနဲ့ယှဉ်ပြီး စဉ်းစားတော့ သမုဒ္ဒရာကတော့ ဟိုဘက်မှာလဲ ကမ်းရှိတယ်၊ ဒီဘက်မှာလဲ ကမ်းရှိတာဘဲ၊ ပဌာန်းကို စဉ်းစားလိုက်တော့ သူဉာဏ်မှာ အဆုံးအဖမရှိ ဖြစ်နေတော့ ပဌာန်းကို ကြည်ညိုတဲ့ ပီတိလှိုင်းတွေထပြီး ပဌာန်းတရားကို သုံးသပ်ရင်း ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်ရှိခဲ့ဘူးပါတယ်။

ပဌာန်းကျမ်းက အင်မတန်ကျယ်ဝန်းတဲ့အတွက် ပဌာန်းထောက်မှု ထောင်ခြည်တော်ကွန်မြူးတယ်ဆိုတာမှာ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်ဆိုတဲ့ အောက်က ၆-ကျမ်းကလဲ ကျယ်ဝန်းတာပါဘဲ၊ ကျယ်ဝန်းပေမဲ့ သဗ္ဗညုတဉာဏ်နဲ့ကျတော့ ငုံမိနေပါတယ်၊ ဉာဏ်က ဉာဏ်ရှိသလောက်ကို ထုတ်ပြီးစဉ်းစားလို့ မရခဲ့ပါ၊ ပဌာန်းကျမ်းကျကော့ ပဌာန်းကျမ်းကလဲ အနန္တ၊ သဗ္ဗညုတဉာဏ်းတော်

ကလဲ အနန္တဆိုတော့ ဉာဏ်ကကွန့်မြူးလေလေ ကျမ်းကလဲ ကျယ်ထွက်လာလေလေ၊ ဉာဏ်တွေ့ သိပ်ကြည်လင်လာပြီး မြတ်စွာဘုရား၌ သွေးတော်တွေကလဲ ကြည်လာပါတယ်၊ သွေးကြည်တယ်ဆိုတဲ့အခါမှာ လူသားမန်တွေမှာလဲ လူကလှလာတာပါဘဲ၊ မြတ်စွာဘုရားမှာ သွေးတော်တွေက သိပ်ကြည်လင်လာတော့ စိတ္တဇရုပ်လှိုလဲ ခေါ်ရမှာပါ၊ ရောင်ခြည်တော်တွေဟာ မြူးကွန့်ထွက်ကြလာပါတယ်။

## ပဌာန်းကျမ်းက စ-ကွယ်

ပဌာန်းကျမ်းကိုရွတ်ကြတယ်၊ သင်ကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ အာမျိုးမျိုးရှိပါတယ်၊ တချို့ပုဂ္ဂိုလ်တွေကျတော့ ပဌာန်းကိုဘဲ ပို့ချနေတယ်၊ သင်ကြားနေတယ်၊ ရွတ်ဘတ်နေပါတယ်၊ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာ ကွယ်တော့မယ်ဆိုရင် ပိဋကတ်သုံးပုံမှာ ဘယ်ကျမ်းက စပြီးကွယ်မှာလဲ၊ ပဌာန်းကျမ်းက စပြီး ကွယ်မှာပါ၊ ဒီအကြောင်းကို သိကြတဲ့အတွက် ပဌာန်းကျမ်း မကွယ်ရအောင် တချို့ပုဂ္ဂိုလ်များက ပဌာန်းကျမ်းကိုဘဲ သင်ကြားပို့ချနေကြပါတယ်။

သို့ပေမဲ့ ပဌာန်းကျမ်းက ၂၄-ကျမ်းရှိရာမှာ ယခု ဗမာပြည်မှာ သင်ကြားနေကြတာက တိုက ပဌာန်းဖြစ်ပါတယ်။ တိုက ပဌာန်းမှာ တိုက်က ၂၂-တိုက်ရှိတော့ ဒီတိုက် ၂၂-ထဲမှာလဲ ကုသလတိုက်ကိုဘဲ သင်တာများပါတယ်၊ ကုသလတိုက်သင်တဲ့ ပုဂ္ဂိုလ်တောင်မှလဲ တော်တော်နဲလာပါပြီ၊ နောက်တိုက်တွေဆိုရင် တချို့ပဌာန်းဝဲညီးဘဲ တသက်လုံးသင်ကြားလေ့လာနေကြတဲ့ ဆရာတော်တွေမှာဘဲ ၄-တိုက် ၅-တိုက်ထိ ရောက်တယ်လို့ ပြောကြပါတယ်၊ ယခု ပဌာန်းပါဠိတော်ထဲမှာရှိနေတဲ့ ပဌာန်း ၅-ကျမ်းဆိုတာကလဲ ပေယျာလတွေထိုးပြီး ညွှန်းထားတာများပါတယ်၊ ဖော်ပြီးတော့ ရေးတားတာက နဲပါတယ်၊ တိုက် ၂၂-ကို ဘယ်လိုဟောပါ၊ ဒုက်ကို ဘယ်လိုဟောပါ၊ ဒုကတိကပဌာန်းကျမ်းကို ဘယ်လိုဟောရမယ် စတဲ့ ဟောရင်ဖြစ်နိုင်တဲ့ နည်းတွေကိုဘဲ ညွှန်းတားတာ များပါတယ်။

မန္တလေးမှာ ရသေ့ကြီး ဦးခန္တီ အသက်ရှိစဉ်အခါတုန်းက သာသနာ ပြုချင်တဲ့ သဒ္ဓါတထူးက သူစိတ်ထဲမှာ ဘယ်လို ပေါက်လာသလဲဆိုရင် ပိဋကတ်သုံးပုံပါဋ္ဌိတော်တွေကို ပေယျာလ မထိုးဘဲ ဘုရားဟောတဲ့အတိုင်း ရှိသမျှအကုန်လုံး ထုတ်ရေးပြီး ပုံနှိပ်ဘို့ ဆရာတော်ကြီးတွေပင့်ပြီး လျှောက်ပါတယ်၊ မစိုးရိမ် ဆရာတော်ကတော့ အဘိဓမ္မာ ၇-ကျမ်းကို အမြဲတမ်းပို့ချနေတဲ့ ဆရာတော်မို့ ဆရာတော်က ပြုံးပြီးတော့—

'ရသေ့ကြီး.... ပိဋကတ်သုံးပုံကို ပေယျာလမထိုးဘဲ စာအုပ် ရိုက်ချင်ရင် စက္ကူက ဘယ်ကရမလဲ'။

'ဆရာတော်ဘုရား.... တပည့်တော် အကုန်တာဝန်ယူပါမယ်၊ နိုင်ငံခြားက တပည့်တော်မှာယူပါမယ်၊ ဆရာတော်တို့ စာအုပ်ကို လိုသလောက်ရိုက်ပါဘုရား'။

'ဒီ ပြင်ကျမ်းတွေ ထားပါတော့၊ ပဋ္ဌာန်းတကျမ်းထဲ ရိုက်ဘို့ နိုင်ငံခြားမှာ စက္ကူရှိလို့လား' လို့ ဒီလိုပြောမှ ရသေ့ကြီးက သဘော ပေါက်သွားပါတယ်တဲ့။

ပဋ္ဌာန်းကျမ်းက အနုလုံမှာဘဲ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိက ပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းဆိုတဲ့ ပဋ္ဌာန်း ၆-ကျမ်းရှိပါတယ်၊ ပစ္စနိုက်မှာလဲ ထို့အတူ ၆-ကျမ်းဘဲ၊ အနု လောမ ပစ္စနိုက်မှာလဲ ထို့အတူ ၆-ကျမ်းဘဲ၊ ပစ္စနိယ အနုလောမမှာလဲ ထို့အတူ ၆-ကျမ်းဘဲ၊ တကျမ်းစီမှာ ဒီလောက်ကျယ်ဝန်းနေတော့ ဒါတွေ သာ ပေယျာလမထိုးဘဲရိုက်ရင် စက္ကူဘယ်လိုမှ မရနိုင်ပါ၊ ယခုပြောလာ ခဲ့တာတွေကတော့ ပဋ္ဌာန်းကျမ်းနဲ့ဆက်စပ်တဲ့ အကြောင်းအထူတွေကို ကြည်ညိုဘွယ်ဖြစ်အောင် အကျဉ်းချုပ်နိဒါန်းမှာ ထည့်ပြီး ပြောပြတာဘဲ ဖြစ်ပါတယ်၊ နိဒါန်းကတော့ ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့။

# မာတိကာ


အကြောင်းအရာ စာမျက်နှာ

## ပဌာန်းပါဠိတော်

ပစ္စယုဒ္ဒေသပါဠိ .... .... ၁
ပစ္စယနိဒ္ဒေသပါဠိ .... .... ၃

## မဋ္ဌကသကပဌာန်း

၁။ ဟေတုပစ္စည်း သင်ကြားပို့ချချက် .... .... ၁၉
၂။ အာရမ္မဏပစ္စည်းသင်ကြားပို့ချချက်.... .... ၃၀
၃။ အဓိပတိပစ္စည်း သင်ကြားပို့ချချက်.... .... ၄၆
၄။ အနန္တရပစ္စည်း သင်ကြားပို့ချချက် .... .... ၆၀
၅။ သမနန္တရပစ္စည်း သင်ကြားပို့ချချက် .... ၉၀
၆။ သဟဇာတပစ္စည်း သင်ကြားပို့ချချက် .... ၉၆
၇။ အညမညပစ္စည်း သင်ကြားပို့ချချက် .... ၁၁၅
၈။ နိဿယပစ္စည်း သင်ကြားပို့ချချက် .... .... ၁၁၇
၉။ ဥပနိဿယပစ္စည်း သင်ကြားပို့ချချက် .... ၁၃၁
၁၀။ ပုရေဇာတပစ္စည်း သင်ကြားပို့ချချက် .... ၁၅၇
၁၁။ ပစ္ဆာဇာတပစ္စည်း သင်ကြားပို့ချချက် .... ၁၇၄
၁၂။ အာသေဝနပစ္စည်း သင်ကြားပို့ချချက် .... ၁၈၃
၁၃။ ကမ္မပစ္စည်း သင်ကြားပို့ချချက် .... .... ၁၉၉
၁၄။ ဝိပါကပစ္စည်း သင်ကြားပို့ချချက် .... .... ၂၁၇
၁၅။ အာဟာရပစ္စည်း သင်ကြားပို့ချချက် .... ၂၁၉

အကြောင်းအရာ

၁၆။ ဣန္ဒြိယပစ္စည်း သင်ကြားပို့ချချက် ....
၁၇။ ဈာနပစ္စည်း သင်ကြားပို့ချချက် ....
၁၈။ မဂ္ဂပစ္စည်း သင်ကြားပို့ချချက် ....
၁၉။ သမ္မယုတ္တပစ္စည်း သင်ကြားပို့ချချက်
၂၀။ ဝိပ္ပယုတ္တပစ္စည်း သင်ကြားပို့ချချက်
၂၁။ အတ္ထိပစ္စည်း သင်ကြားပို့ချချက် ....
၂၂။ နတ္ထိပစ္စည်း သင်ကြားပို့ချချက် ....
၂၃။ ဝိဂတပစ္စည်း သင်ကြားပို့ချချက် ....
၂၄။ အဝိဂတပစ္စည်း သင်ကြားပို့ချချက်....
၂၅။ ပဋ္ဌာန်း၏ အနှစ်သာရ ....
၂၆။ ပဋ္ဌာန်းဝိပဿနာ ....
(၁) ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုနည်း
(၂) အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်း
(၃) အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုနည်း
(၄) အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်း
(၅) သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုနည်း

မာတိကာ ပြီး၏။

# မဇ္ဈိမသကပဋ္ဌာန်း

# အဓေယျဒီပနီ မာတိကာ


အကြောင်းအရာ စာမျက်နှာ

## ပဋ္ဌာန်းပါဠိတော်

ပစ္စယုဒ္ဒေသပါဠိ .... .... ၁

ပစ္စယနိဒ္ဒေသပါဠိ .... .... ၃

## မဇ္ဈိမသကပဋ္ဌာန်း

၁။ ဟေတုပစ္စည်း သင်ကြားပို့ချချက် .... .... ၁၉

ကုသိုလ်ဟိတ် ၃-ပါး .... ... ၂၂

အကုသိုလ်ဟိတ် ၃-ပါး .... ... ၂၄

အဗျာကတဟိတ် .... ... ၂၆

တီဟိတ်ပဋိသန္ဓေ .... .... ၂၃

ကမ္မဇရုပ်နဲ့ မဟာဘုတ် .... .... ၂၃

ဗဟိရမဟာဘုတ် .... .... ၂၈

၂။ အာရုံမဟာပစ္စည်း သင်ကြားပို့ချချက် .... ... ၃၀

ကုသိုလ် ၃-ချက်

၁။ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ ... ၃၄

၂။ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ .... ၃၅

၃။ ကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ ... ၃၆

အကြောင်းအရာ စာမျက်နှာ

အကုသိုလ် ၃-ချက်

၁။ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ .... ၃၂
၂။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ .... ၃၃
၃။ အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ .... ၃၈

အဗျာကတ ၃-ချက်

၁။ အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံ .... ၃၉
၂။ အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံ .... ၃၉
၃။ အဗျာကတက အကုသိုလ်အား ကျေးဇူးပြုပုံ .... ၃၉
နာမရူပပရိစ္ဆေဒဉာဏ် .... .... ၄၀
ယထာဘူတဉာဏ် .... .... ၄၁
ဓမ္မဋ္ဌိတိဉာဏ် .... .... ၄၁
ပစ္စယပရိဂ္ဂဟဉာဏ် .... .... ၄၂
ပဋ္ဌာန်းသိရင် သင်္ကာယဒိဋ္ဌိပြုတ်ခြင်း ... .... ၄၂
ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ .... ၄၄

၃။ အဓိပတိပစ္စည်း သင်ကြား ပို့ချချက် .... .... ၄၆

အဓိပတိ ၂-မျိုး

(၁) သဟဇာတ အဓိပတိပစ္စည်း .... .... ၄၆
သဟဇာဘုန့် အာဝရဏာ .... .... ၄၇
၁။ ဆန္ဒာဓိပတိ=အဓိပတိထိုက်သော ဆန္ဒ .... ၄၈
ဆန္ဒနှင့် စိတ္တဇရုပ် .... .... ၄၉
ဆန္ဒနှင့် လောဘစေတသိက် .... .... ၅၁
၂။ ဝီရိယာဓိပတိ=အဓိပတိထိုက်သော ဝီရိယ .... ၅၂
၃။ စိတ္တာဓိပတိ=အဓိပတိထိုက်သော စိတ် .... ၅၄
၄။ ဝီမံသာဓိပတိ=အဓိပတိထိုက်သော ပညာ .... ၅၅

အကြောင်းအရာ စာမျက်နှာ

(၂) အာရမ္မဏ အဓိပတိပစ္စည်း .... .... ၁၃
အလေးအမြတ် ပြုအပ်သောအာရုံ ပစ္စည်းတရား .... ၁၃
(က) စိတ် ၈၄ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်, ဒေါသမူဋ္ဌေး, မောဟမူဋ္ဌေးကြဉ်) .... .... ၁၃
(ခ) စေတသိက် ၄၂ (ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်) .... .... ၁၇
(ဂ) ဣဋ္ဌာနိဋ္ဌာရုပ် ၁၈ .... .... ၂၃
(ဃ) နိဗ္ဗာန် .... .... ၆၀
အာရမ္မဏနှင့် အာရမ္မဏာဓိပတိ မတူပုံ .... .... ၆၂

ကုသိုလ် ၃-ချက်

၁။ ကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုပုံ.... ၆၂
၂။ အကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုပုံ ၆၃
၃။ အဗျာကတက ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုပုံ ၆၃

အကုသိုလ် ၃-ချက်

၁။ အကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် အာရုံပြုပုံ ၆၄
၂။ ကုသိုလ်က အကုသိုလ်ကို အာရုံပြုနိုင်သလား ၆၄
၃။ အကုသိုလ်က အဗျာကတကို အာရုံပြုသလား .... ၆၅
၁။ အဗျာကတက အဗျာကတကို လေးလေးနက်နက်အာရုံပြုပုံ ၆၅
၂။ ကုသိုလ်က အဗျာကတကို လေးလေးနက်နက် အာရုံပြုပုံ ၆၅
၃။ အကုသိုလ်က အဗျာကတကို လေးလေးနက်နက်အာရုံပြုပုံ ၆၆

၄။ အနန္တရပစ္စည်း သင်ကြားပို့ချချက် .... .... ၆၈

အနန္တရသဘော .... .... ၆၈
ရပ်တရားနှင့် နာမ်တရား .... .... ၇၀
ဝီထိစိတ်အစဉ် .... .... ၇၂

| အကြောင်းအထု | | | စာမျက်နှာ |
|---|---|---|---|
| ပဋ္ဌဒ္ဓါရုံ ဝီထိ | .... | .... | ၃၃ |
| ဘဝင်စိတ် | .... | .... | ၃၄ |
| ၁။ ရှေးရှေးဖြစ်သောကုသိုလ်နှင့် နောက်နောက်ဖြစ်သောကုသိုလ် | | | ၃၅ |
| ၂။ ရှေးရှေးဖြစ်သောကုသိုလ်နှင့် နောက်နောက်ဖြစ်သော အဗျာကတ | .... | .... | ၃၆ |
| ၃။ ရှေးရှေးဖြစ်သော အကုသိုလ်နှင့် နောက်နောက်ဖြစ်သော အကုသိုလ် | .... | .... | ၃၈ |
| ၄။ ရှေးရှေးဖြစ်သော အကုသိုလ်နှင့် နောက်နောက်ဖြစ်သော အဗျာကတ | .... | .... | ၃၈ |
| ၅။ ရှေးရှေးဖြစ်သော အဗျာကတနှင့် နောက်နောက်ဖြစ်သော အဗျာကတ | .... | .... | ၃၈ |
| ၆။ ရှေးရှေးဖြစ်သော အဗျာကတနှင့် နောက်နောက်ဖြစ်သော ကုသိုလ် | .... | .... | ၃၉ |
| ၇။ ရှေးရှေးဖြစ်သော အဗျာကတနှင့် နောက်နောက်ဖြစ်သော အကုသိုလ် | .... | .... | ၃၉ |
| မနောဒ္ဓါရဝီထိ | .... | .... | ၃၉ |
| ပဋ္ဌဒ္ဓါရဝီထိ | .... | .... | ၄၀ |
| ဈာနဝီထိ | .... | .... | ၄၁ |
| မဂ္ဂဝီထိ | .... | .... | ၄၂ |
| ပုထုဇ္ဇဉ်နှင့် အရိယာ | .... | .... | ၄၂ |
| လောကီကုသိုလ်နှင့် လောကုတ္တရာကုသိုလ် | | .... | ၄၃ |
| လောကီအာဝဇ္ဇန်နှင့် လောကုတ္တရာအာဝဇ္ဇဉ် | .... | .... | ၄၄ |
| မဂ်စိတ်နှင့် ဖိုလ်စိတ် | .... | .... | ၄၅ |
| မရဏာသန္နဝီထိ | .... | .... | ၄၆ |
| ဘဝင်နောင် စုတိ | .... | .... | ၄၇ |
| အနုန္တရသတ္တိ၏ ထူးခြားချက် | .... | .... | ၄၈ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၅။ သမန္တရုပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၉၀ |
| ရုပ်ဖြစ်ပျက်မှုနှင့် နာမ်ဖြစ်ပျက်မှု မတူ | .... | .... | ၉၁ |
| ရှုပ်ရှုပ်ဓနထု ဖယ်ပေးနည်း | .... | .... | ၉၁ |
| ရှင်းရှင်းဇနထု ဖယ်ပေးနည်း | .... | .... | ၉၂ |
| သမန္တရုကို ဟောရခြင်း အကြောင်း | .... | .... | ၉၂ |
| ဝေနေယျဋ္ဌာသယ | .... | .... | ၉၃ |
| ၆။ သဟဇာတပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၉၅ |
| ဆီမီးဥပမာ | .. | .... | ၉၅ |
| မိဘ ဥပမာ | .... | .... | ၉၅ |
| ဓခါင်းဆောင်ဥပမာ | .... | .... | ၉၆ |
| နာမ်ခန္ဓာ ၄-ပါး | .... | .... | ၉၆ |
| အကြောင်းအကျိုး အပြန်အလှန် | .... | .... | ၉၇ |
| ပဋိစ္စဝါရနှင့် ပဋ္ဌာဝါရ ဟောပုံ | .... | .... | ၉၈ |
| မဟာဘုတ် ၄-ပါး | .... | .... | ၉၉ |
| အညမည ဓကျေးဇူးပြုနည်း | .... | .... | ၁၀၁ |
| ကမ္မဇမဟာဘုတ် | .... | .... | ၁၀၁ |
| ကလာပ်တူ ကလာပ်ပြား | .... | .... | ၁၀၂ |
| စိတ္တဇမဟာဘုတ် | .... | .... | ၁၀၂ |
| အာဟာရဇ မဟာဘုတ် | .... | .... | ၁၀၃ |
| ဥတုဇ မဟာဘုတ | .... | .... | ၁၀၃ |
| စိတ္တဇမဟာဘုတ် ရှင်းချက် | .... | .... | ၁၀၄ |
| စိတ္တဇပထဝီ | ... | .... | ၁၀၄ |
| စိတ္တဇအာဝေပါ | .... | .... | ၁၀၅ |
| စိတ္တဇဝါယော | .... | .... | ၁၀၅ |
| စိတ္တဇတေဇော | .... | .... | ၁၀၅ |

| | | | |
|---|---|---|---|
| အကြောင်းအရာ | | | စာမျက်နှာ |
| ဥပါဒါရုပ်နှင့် မဟာဘုတ် ၄-ပါး | .... | .... | ၁၀၇ |
| ပဋိသန္ဓေဝိညာဏ် | .... | .... | ၁၀၇ |
| ဟဒယဝတ္ထုရုပ် | .... | .... | ၁၀၈ |
| အညမညပစ္စည်းလဲရ | .... | .... | ၁၀၉ |
| နိဿယပစ္စည်းလဲရ | .... | .... | ၁၀၉ |
| စိတ္တဇရုပ် | .... | .... | ၁၁၀ |
| ဥပါဒါရုပ် | .... | .... | ၁၁၂ |
| ဟဒယဝတ္ထုရုပ် | .... | .... | ၁၁၃ |
| ၇။ အညမညပစ္စည်း သင်္ဂြိုဟ်ပို့ချချက် | | .... | ၁၁၅ |
| သဟဇာတပစ္စည်းနှင့် အညမညထူးခြားချက် | | .... | ၁၁၅ |
| ၈။ နိဿယပစ္စည်း သင်္ဂြိုဟ်ပို့ချချက် | | .... | ၁၁၇ |
| **နိဿယပစ္စည်း ၂-မျိုး** | | | |
| ၁။ ဝတ္ထုပုရေဇာတနိဿယ | .... | .... | ၁၁၇ |
| ၂။ သဟဇာတနိဿယ | .... | .... | ၁၁၉ |
| ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုပုံ | | .... | ၁၂၀ |
| စက္ခုဝိညာဏ်နဲ့ စက္ခုပသာဒ | .... | .... | ၁၂၀ |
| စက္ခုဝိညာဏ်စိတ် ပစ္စည်းပြုင် | .... | .... | ၁၂၃ |
| သောတဝိညာဏ်စိတ် | .... | .... | ၁၂၄ |
| ဃာနဝိညာဏ်စိတ် | .... | .... | ၁၂၅ |
| ဇိဝှါဝိညာဏ်စိတ် | .... | .... | ၁၂၅ |
| ကာယဝိညာဏ်စိတ် | .... | .... | ၁၂၅ |
| ရုပ်နှင့်စိတ် | .... | .... | ၁၂၆ |
| ယံ ရူပံနှင့် ဝတ္ထုရုပ် | .... | .... | ၁၂၆ |
| ဝိထိစိတ်နှင့် ဟဒယဝတ္ထု | .... | .... | ၁၂၈ |

| | | | |
|---|---|---|---|
| အကြောင်းအရာ | | | စာမျက်နှာ |
| ၉။ ဥပနိဿယပစ္စည်း သင်ကြားပို့ချချက် | | .... | ၁၃၁ |
| ဥပနိဿယနှင့် နီဿာယ | .... | .... | ၁၃၁ |
| ဥပနိဿယ ၃-မျိုး | | | |
| အနန္တရ ဥပနိဿယ | .... | .... | ၁၃၃ |
| အာဝရမ္မဏ ဥပနိဿယ | .... | .... | ၁၃၃ |
| ပကတိ ဥပနိဿယ | .... | .... | ၁၃၄ |
| ပကတ ဥပနိဿယ | .... | .... | ၁၃၅ |
| ၁။ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု | | .... | ၁၃၅ |
| ၂။ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု | | .... | ၁၃၇ |
| ၃။ ကုသိုလ်က အဗျာကတအား ကျေးဇူးပြု | | .... | ၁၄၁ |
| ပဋိသန္ဓေဘဝ အကျိုးပေး | | .... | ၁၄၂ |
| ရုပ်အဗျာကတကို ကျေးဇူးမပြု | | .... | ၁၄၂ |
| ၄။ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု | | .... | ၁၄၄ |
| ၅။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု | | .... | ၁၄၅ |
| ၆။ အကုသိုလ်က အဗျာကတအား ကျေးဇူးပြု | | .... | ၁၄၇ |
| ၇။ အဗျာကတက အဗျာကတအား ကျေးဇူးပြု | | .... | ၁၄၈ |
| ၈။ အဗျာကတက ကုသိုလ်အား ကျေးဇူးပြု | | .... | ၁၄၉ |
| ဥပနိဿယပစ္စည်း၏ အဆုံး ၃-ပိုဒ် ဟောရကြောင်း | | .... | ၁၅၀ |
| ဥတု | .... | .... | ၁၅၁ |
| ဘောဇဉ်=အစားအစာ | .... | .... | ၁၅၂ |
| သေနာသန | .... | .... | ၁၅၄ |
| ပုဂ္ဂလော ပိ | .... | .... | ၁၅၅ |
| ၁၀။ ပုရေဇာတပစ္စည်း သင်ကြားပို့ချချက် | | .... | ၁၅၇ |
| ကမ္မဇရုပ် လူလုပ်ဂိုဟ်မရ | .... | .... | ၁၆၀ |
| ရုပ်နှင့်နာမ် သမုဒယတ်မကုတ် | .... | .... | ၁၆၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပစ္စည်းပြိုင် | .... | .... | ၁၆၂ |
| နိဿယပစ္စည်းနဲ့ မနောဝိညာဏဓာတ် | | .... | ၁၆၄ |
| ပုရေဇာတပစ္စည်းနဲ့ မနောဝိညာဏဓာတ် | | .... | ၁၆၅ |
| ရူပါယတနံစသည် ဟောရကြောင်း | .... | .... | ၁၆၆ |
| ပစ္စည်းပြိုင် | .... | .... | ၁၆၇ |
| ရူပါဝှန့် စက္ခုပသာဒ | .... | .... | ၁၆၈ |
| ဝတ္ထုပုရေဇာတပစ္စည်း | .... | .... | ၁၆၈ |
| **၁၁။ ပစ္ဆာဇာတပစ္စည်း သင်ကြားပို့ချချက်** | | .... | ၁၇၄ |
| ဣမဿ ကာယဿ ရှင်းချက် | .... | .... | ၁၇၅ |
| ပဋိသန္ဓေခဏနှင့် နာမ်ရုပ်ခန္ဓာ | .... | .... | ၁၇၆ |
| ကေဇကာယ ဒွိဇကာယ | .... | .... | ၁၇၇ |
| တိဇကာယ စတုဇကာယ | .... | .... | ၁၇၈ |
| ပဋိသန္ဓေမှ စုတိ | .... | .... | ၁၇၉ |
| ၂၄-ပစ္စည်းမှာ မျိုးခွဲတဲ့အခါ | .... | .... | ၁၈၀ |
| ပဆ္ဆဒ္ဒါရဝိထိ | .... | .... | ၁၈၁ |
| အတ္ထိပစ္စည်းနှင့် ဝိပဿယုတ္တာဟစ္စည်းရဖုံ | .... | .... | ၁၈၂ |
| **၁၂။ အာသေဝနပစ္စည်း သင်ကြားပို့ချချက်** | | .... | ၁၈၃ |
| လောကုတ္တရာကုသိုလ်စိတ်-၄ အာသေဝန မတပ် | | .... | ၁၈၄ |
| မဂ္ဂဝီထိနှင့် အာသေဝန | .... | .... | ၁၈၅ |
| ဇောတ်ချင်းမတူ | .... | .... | ၁၈၅ |
| ဘဝချင်းမတူ | .... | .... | ၁၈၆ |
| အာရုံချင်းမတူ | .... | .... | ၁၈၆ |
| ဇောနှင့် အာသေဝန | .... | .... | ၁၈၇ |
| သတ္တမဇော အာဆုံးဇော အာသေဝနပစ္စည်း မတပ် | | .... | ၁၈၈ |
| ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု | .... | .... | ၁၈၈ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပဌမဇော | .... | ... | ၁၈၉ |
| ပဌမဇော အလယ်ဇော ၅-ချက်နဲ့ သတ္တာမဇော | .... | | ၁၈၉ |
| အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု | .... | | ၁၉၃ |
| ကြိယာအဗျာကတက ကြိယာအဗျာကတအား ကျေးဇူးပြု | | | ၁၉၅ |
| ဝိပါက်အဗျာကတ အာဇဿဝဇ္ဇန မရ | .... | .... | ၁၉၅ |
| အာဝဇ္ဇန်းဒွေး အာဇဿဝဇ္ဇန မရ | .... | .... | ၁၉၆ |
| ပဉ္စဒွါရာဝဇ္ဇန်း | .... | .... | ၁၉၆ |
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၁၉၇ |
| ကြိယာစိတ် | .... | .... | ၁၉၇ |
| ၁၃။ ကမ္မပစ္စည်း သင်ကြားပို့ချက် | .... | .... | ၁၉၉ |
| စေတနာဒွင့် က | .... | .... | ၁၉၉ |
| တတိယသင်္ကိယနာဇာင်ပွဲရဲ့ နောက်ခံသမိုင်း | .... | | ၁၉၉ |
| စေတနာက အရင်ဖြစ် | .... | .... | ၂၀၂ |
| (က) နာနာက္ခဏိကကမ္မ | .... | .... | ၂၀၂ |
| (ခ) သဟဇာတကမ္မ | .... | .... | ၂၀၃ |
| ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ရုင်းချက် | .... | | ၂၀၄ |
| အကုသိုလ်ကံ ပဋိသန္ဓေ | .... | .... | ၂၀၅ |
| ကမ္မဇရုပ် | .... | .... | ၂၀၅ |
| ကာမာဝစရကုသိုလ်ကံ | .... | .... | ၂၀၆ |
| ရူပါဝစရကုသိုလ်ကံ | .... | .... | ၂၀၈ |
| အရူပါဝစရကုသိုလ်ကံ | .... | .... | ၂၀၈ |
| လောကုတ္တရာကုသိုလ်ကံ | .... | .... | ၂၀၉ |
| ကမ္မပစ္စည်းနှင့် အနန္တရပစ္စည်း | .... | .... | ၂၀၉ |
| စေတနာက ခန္ဓာကိုယ်နှင့် ပြစ်စေခြင်း | .... | .... | ၂၁၀ |
| နာနာက္ခဏိကကမ္မ အကျိုးပေးပုံ | .... | .... | ၂၁၁ |
| စေတနာရှင်းချက် | .... | .... | ၂၁၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| စက္ခုဝိညာဏ် မြင်တဲ့စိတ် | .... | .... | ၂၁၃ |
| ရုပ်တရားရှင်းချက် | .... | .... | ၂၁၄ |
| မဟာကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာ | .... | .... | ၂၁၅ |
| မဟာဝိပါက်စိတ်မှာ ယှဉ်တဲ့စေတနာ | .... | .... | ၂၁၆ |
| ၁၄။ ဝိပါကပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၂၁၇ |
| သာဝေယ္ယသဒ္ဒေသနာ | .... | .... | ၂၁၈ |
| ၁၅။ အာဟာရပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၂၁၉ |
| အာဟာရ ၂-မျိုး | | | |
| ကဗဠီကာရ အာဟာရ | .... | .... | ၂၁၉ |
| ကမ္မဇဩဇာ | .... | .... | ၂၂၀ |
| စိတ္တဇဩဇာ | .... | .... | ၂၂၁ |
| ဥတုဇဩဇာ | .... | .... | ၂၂၂ |
| အာဟာရဇဩဇာ | .... | .... | ၂၂၂ |
| နာမ်အာဟာရ | .... | .... | ၂၂၄ |
| ပဋိသန္ဓေဝိညာဏ်အာဟာရ | .... | .... | ၂၂၅ |
| ဖဿအာဟာရ | .... | .... | ၂၂၆ |
| စေတနာအာဟာရ | .... | .... | ၂၂၇ |
| ဖဿ, စေတနာ, ဝိညာဏ် သုံးချက်ရှင်းဟန် | .... | .... | ၂၂၈ |
| ၁၆။ ဣန္ဒြိယပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၂၃၀ |
| ရုပ်ဣန္ဒြေ | .... | .... | ၂၃၀ |
| ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ အပြောင်းအလဲ | .... | .... | ၂၃၁ |
| ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ဣန္ဒြိယပစ္စည်းမတပ် | .... | .... | ၂၃၁ |
| ရုပ်ဇီဝိတိန္ဒြေ | .... | .... | ၂၃၃ |

အကြောင်းအရာ စာမျက်နှာ

ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြုပုံနှင့် ရုပ်တရားက နာမ်
တရားကို ကျေးဇူးပြုပုံ ... .... ၂၃၄
အသည္ဃတ်ပြဟ္မာ .... .... ၂၃၄
ပါဋိတော်ဟောပုံ .... .... ၂၃၅
ဣန္ဒြိယပစ္စည်းနှင့် ဈာန်အာဝဇ္ဇန်၊ ပုရိသဘာဝရုပ် .... ၂၃၆
အရေးကြီးတဲ့ ရုပ်တရား ၈-ပါး .... .... ၂၃၇
ဟဒယဝတ္ထုရုပ် .... .... ၂၃၈
မနိန္ဒြေနှင့် ဝေဒနာ .... .... ၂၃၈

လွတ်မြောက်ရေးလမ်းစဉ်

သဒ္ဓိန္ဒြေ .... .... ၂၃၉
ဝီရိယိန္ဒြေ .... .... ၂၄၀
ဣန္ဒြိယပစ္စည်း ၃-မျိုးနှင့် ခဲ့ဝေပုံ .... ၂၄၀
သတိန္ဒြေ .... .... ၂၄၁
သမာဓိန္ဒြေ .... .... ၂၄၁
ပညိန္ဒြေ .... ၂၄၂
အနုညာတညဿာမိတိန္ဒြေ .... .... ၂၄၃
အညိန္ဒြေ .... .... ၂၄၄
အညာတာဝိန္ဒြေ .... .... ၂၄၄
ရဟန္တာနှင့် အရဟတ္တဖိုလ်စိတ် .... .... ၂၄၅
ဣန္ဒြေ ၂၂-ပါးနဲ့ လုပ်ငန်းစဉ် .... .... ၂၄၆
ရုပ်ဣန္ဒြိယ, နာမ်ဣန္ဒြိယ .... .... ၂၄၇
ဇီဝိတစေတသိက် .... .... ၂၄၈
စိတ်စသည် .... .... ၂၄၉
ဣန္ဒြေကို တိက်နှင့်ဝေဘန်ပုံ .... .... ၂၅၀

| | | | |
|---|---|---|---|
| အကြောင်းအရာ | | | စာမျက်နှာ |
| ခန္ဓာကိုယ်ကမ္ဘာကြီး | .... | .... | ၂၅၁ |
| ရုပ်အစိုးရနှင့် နာမ်အစိုးရ | .... | .... | ၂၅၂ |
| ဗောဓိပက္ခိယတရားနှင့် ဣန္ဒြေ | .... | .... | ၂၅၃ |
| ကုသိုလ်အစိုးရ, အကုသိုလ်အစိုးရများ | .... | .... | ၂၅၃ |
| **၁၇။ စျာနပစ္စည်း သင်ကြားပို့ချချက်** | .... | .... | ၂၅၅ |
| စျာန်ဖြစ်လာပုံ | .... | .... | ၂၅၅ |
| စျာနအဓိပ္ပါယ် | .... | .... | ၂၅၅ |
| စျာန်ဆိုတာ မတည်မြဲ | .... | .... | ၂၅၆ |
| **စျာန်အင်္ဂါငါးပါး** | | | |
| ဝိတက် | .. | .... | ၂၅၇ |
| ဝစာရ | .... | .... | ၂၅၈ |
| ပီတိ | .... | .... | ၂၅၉ |
| သုခ | .... | .... | ၂၅၉ |
| ဧကဂ္ဂတာ | .... | .... | ၂၆၀ |
| ဝသီဘော် | .... | .... | ၂၆၁ |
| ဝိတက်က ထိန, မိဒ္ဓနီဝရဏကိုပယ် | .... | .... | ၂၆၂ |
| ဝိစာရက ဝိစိကိစ္ဆာနီဝရဏကိုပယ် | .... | .... | ၂၆၃ |
| ပီတိက ဗျာပါဒနီဝရဏကိုပယ် | .... | .... | ၂၆၃ |
| သုခက ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကိုပယ် | .... | .... | ၂၆၄ |
| ဧကဂ္ဂတာက ကာမစ္ဆန္ဒနီဝရဏကိုပယ် | .... | .... | ၂၆၄ |
| ကုသိုလ်နှင့်စျာန်တရား | .... | .... | ၂၆၆ |
| အကုသိုလ်နှင့်စျာန်တရား | .... | .... | ၂၆၆ |
| စျာန်ရဘို့ ဝေဒနာရှုဘွယ် မလို | .... | — | ၂၆၈ |

| | | | စာမျက်နှာ |
|---|---|---|---|
| အကြောင်းအထူ | | | |
| ဝိပဿနာမှာ ဝေဒနာရှု | .... | .... | ၂၆၉ |
| စျာန် ၃ မျိုး | .... | .... | ၂၆၉ |
| ဒွေးပဉ္စဝိညာဏ် ၁၀-နှင့် စျာနပစ္စည်း | .... | .... | ၂၆၉ |
| ၁၈။ မဂ္ဂပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၂၇၂ |
| မဂ္ဂင် ၁၂-ပါး | .... | .... | ၂၇၂ |
| ကုသိုလ်မဂ္ဂင် | .... | .... | ၂၇၂ |
| အကုသိုလ်မဂ္ဂင် | .... | .... | ၂၇၃ |
| မဂ္ဂ–လမ်း (အဓိပ္ပါယ် ရှင်းချက်) | .... | .... | ၂၇၅ |
| မဂ္ဂင် ၂-မျိုး | .... | .... | ၂၇၅ |
| သမ္မာဝါစာ | .... | .... | ၂၇၅ |
| သမ္မာကမ္မန္တ | .... | .... | ၂၇၅ |
| သမ္မာအာဇီဝ | .... | .... | ၂၇၅ |
| သီလမဂ္ဂင် ၃-ပါး | .... | .... | ၂၇၆ |
| မစ္ဆိမပဋိပဒါလမ်း | .... | .... | ၂၇၆ |
| အစွန်း ၂-ပါး | .... | .... | ၂၇၇ |
| သမ္မာဒိဋ္ဌိ အမှန် သိဘို့ အရေးကြီး | .... | .... | ၂၇၇ |
| ဘယ်မဂ္ဂင်နဲ့ စမလဲ | .... | .... | ၂၈၀ |
| သတိပဋ္ဌာန် ၄-ပါး | .... | .... | ၂၈၀ |
| တရားအားထုတ်သူနဲ့ မဂ္ဂင် | .... | .... | ၂၈၁ |
| သိဘို့အရေးကြီးတယ် | ... | .... | ၂၈၃ |
| ဆရာရှိဘို့ လို | .... | .... | ၂၈၃ |
| ပဋိဂိကမဂ်နဲ့ အဋ္ဌင်္ဂိကမဂ် | .... | .... | ၂၈၃ |
| မဟာကုသိုလ်စိတ်နဲ့ လောကုတ္တရာကုသိုလ်စိတ် | .... | | ၂၈၄ |
| မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်းတရားယူလျှင် | .... | .... | ၂၈၅ |

| | | | စာမျက်နှာ |
|---|---|---|---|
| အကြောင်းအရာ | | | |
| ဝမ္မသင်္ကိမ္မ မဂ္ဂင် | .... | .... | ၂၀၆ |
| အာကုသိုလ်မဂ္ဂင်တရားကိုယ် | .... | .... | ၂၀၇ |
| မိစ္ဆာဒိဋ္ဌိပစ္စည်းတရား | .... | .... | ၂၀၇ |
| မိစ္ဆာသင်္ကပ္ပ ပစ္စည်းတရား | .... | .... | ၂၀၇ |
| မိစ္ဆာဝါယာမ ပစ္စည်းတရား | .... | .... | ၂၀၈ |
| မိစ္ဆာသမာဓိ ပစ္စည်းတရား | .... | .... | ၂၀၈ |
| ၁၉။ သမ္မယုတ္တပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၂၉၀ |
| တရားရှုတဲ့အခါ | .... | .... | ၂၉၀ |
| သမ္မယုတ္တလက္ခဏာ ၄-ပါး | .... | .... | ၂၉၁ |
| ပဋိသန္ဓေစိတ်ရဲ့ ဝတ္ထုရုပ်ပစ္စည်း မရ | .... | .... | ၂၉၂ |
| သမ္မယုတ္တနှင့် ဟေတု | .... | .... | ၂၉၂ |
| နာမ်က ရုပ်ကို သမ္မယုတ္တပစ္စည်း မတပ် | .... | .... | ၂၉၃ |
| သမ္မယုတ္တနှင့် အာရုံမဏ | .... | .... | ၂၉၄ |
| သမ္မယုတ္တနှင့် အဓိပတိ | .... | .... | ၂၉၅ |
| သမ္မယုတ္တနှင့် အနန္တရ | .... | .... | ၂၉၅ |
| သမ္မယုတ္တနှင့် သဟဇာတ | .... | .... | ၂၉၆ |
| သမ္မယုတ္တနှင့် နိဿယ | .... | .... | ၂၉၇ |
| သမ္မယုတ္တနှင့် ပစ္ဆာဇာတ | .... | .... | ၂၉၇ |
| သမ္မယုတ္တနှင့် အာသေဝန | .... | .... | ၂၉၈ |
| သမ္မယုတ္တနှင့် ကမ္မ | .... | .... | ၂၉၈ |
| သမ္မယုတ္တနှင့် ဝိပါက | .... | .... | ၂၉၉ |
| သမ္မယုတ္တနှင့် အာဟာရ | .... | .... | ၂၉၉ |
| သမ္မယုတ္တနှင့် ဣန္ဒြိယ | .... | .... | ၂၉၉ |
| သမ္မယုတ္တနှင့် ဈာန | .... | .... | ၃၀၀ |

| | | | |
|---|---|---|---|
| အကြောင်းအရာ | | | စာမျက်နှာ |
| သမ္မယုတ္တာနှင့် မဂ္ဂ | .... | .... | ၃၀၀ |
| ပစ္စည်းပြိုင်သဘော | .... | .... | ၃၀၀ |
| ပညာနှင့် ပစ္စည်းပြိုင် | .... | .... | ၃၀၁ |
| ၂၀။ ဝိပ္ပယုတ္တပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၃၀၃ |
| ပစ္စည်းတရားကို အစုံလိုက် ဟောရခြင်းအကြောင်း | .... | | ၃၀၃ |
| (က) သဟဇာတဝိပ္ပယုတ် | .... | .... | ၃၀၆ |
| (ခ) ပုရေဇာတဝိပ္ပယုတ် | .... | .... | ၃၀၆ |
| ဝတ္ထုပုရေဇာတဝိပ္ပယုတ် ခေါ်ရပုံ | .... | .... | ၃၀၇ |
| (ဂ) ပစ္ဆာဇာတဝိပ္ပယုတ် | .... | .... | ၃၀၈ |
| ဝိပ္ပယုတ္တပစ္စည်း ဟောရကြောင်း | .... | .... | ၃၀၈ |
| သမ္မယုတ္တာ, ဝိပ္ပယုတ္တာ ဝိပဿနာ | .... | .... | ၃၀၉ |
| ၂၁။ အတ္ထိပစ္စည်း သင်ကြားပို့ချချက် | .... | .... | ၃၁၁ |
| အတ္ထိပစ္စည်း ၅-မျိုး | .... | .... | ၃၁၁ |
| ၁။ သဟဇာတတ္ထိ | .... | .... | ၃၁၁ |
| အဘိဓမ္မာ ပြဿနာတမျိုး | .... | .... | ၃၁၂ |
| တကယ်ရှိတဲ့နာမ် ၄၀ \ ၄ | .... | .... | ၃၁၂ |
| တကယ်ရှိတဲ့ရုပ် | .... | .... | ၃၁၃ |
| မဟာဘုတ် ၄-မျိုး | .... | .... | ၃၁၄ |
| ကမ္မဇ မဟာဘုတ် | .... | .... | ၃၁၄ |
| စိတ္တဇ မဟာဘုတ် | .... | .... | ၃၁၅ |
| အာဟာရဇ မဟာဘုတ် | .... | .... | ၃၁၆ |
| ဥတုဇ မဟာဘုတ် | .... | .... | ၃၁၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၂။ (က) ဝတ္ထုပုဂ္ဂလတတ္ထိ | .... | .... | ၃၁၇ |
| အနုက်နဲဆုံး ဝိပဿနာ | .... | .... | ၃၁၈ |
| ၂။ (ခ) အာရမ္မကပုဂ္ဂလတတ္ထိ | .... | .... | ၃၁၉ |
| အတ္ထိပစ္စည်းငါးမျိုး ပဥ္စဝါရမှာဟောခြင်း | | .... | ၃၂၀ |
| ၃။ ပစ္ဆာဇာတတတ္ထိ | .... | .... | ၃၂၀ |
| လင်းတဉ်ပမာ | .... | .... | ၃၂၁ |
| ၄။ ရုပ်အာဟာရတ္ထိ | .... | .... | ၃၂၂ |
| ကဗဠီကာရအာဟာရဆိုတဲ့သြဇာ | .... | .... | ၃၂၂ |
| အဇ္ဈတ္တိကသြဇာ | .... | .... | ၃၂၃ |
| အတ္ထိပစ္စည်းနှင့် အယူဝါဒရေးရာ | .... | .... | ၃၂၃ |
| ပုဂ္ဂလတတ္ထိနှင့်, ပစ္ဆာဇာတတ္ထိ ကဲ့ပြားပုံ | | .... | ၃၂၄ |
| ၅။ ရူပဇီဝိတိန္ဒြိယတ္ထိ | | .... | ၃၂၅ |
| သစ်ပင်မှာ အသက်ရှိသလား | .... | .... | ၃၂၆ |
| စက္ခုဒသက ကလာပ်နှင့် ဣန္ဒြိယ | .... | .... | ၃၂၆ |
| သောတဒသက ကလာပ်နှင့် ဣန္ဒြိယ | .... | .... | ၃၂၇ |
| ဣန္ဒြိယဗဒ္ဓရုပ်, အနိန္ဒြိယဗဒ္ဓရုပ် | .... | .... | ၃၂၇ |
| အသညသတ်ပြဟ္မာ | .... | .... | ၃၂၈ |
| ၂၂။ နတ္ထိပစ္စည်းသင်္ကြားပို့ချချက် | .... | .... | ၃၂၉ |
| နာမ်ကိုနာမ်ချင်းမရှိဘဲနှင့် ကျေးဇူးပြု | .... | .. | ၃၂၉ |
| အနန္တရမျိုး | .... | .... | ၃၃၀ |
| နိဗ္ဗာန်နှင့် ဆတ္ထိပစ္စည်း | .... | .... | ၃၃၀ |
| အဖြစ်တရားနှင့် အရှိတရား | .... | .... | ၃၃၁ |
| ပစ္စုပ္ပန် ၃-မျိုး | .... | .... | ၃၃၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သခ်ၤဝန္ဒ် အဃခ်ံတ | .... | .... | ၃၃၂ |
| နိဗ္ဗာန် အတ္ထိပစ္စည်း မတပ်တဲ့အကြောင်း | .... | .... | ၃၃၃ |
| အတ္ထိပစ္စည်းနှင့် ဥဖွစ္ဆဒဒိဋ္ဌိ | .... | .... | ၃၃၄ |
| နတ္ထိပစ္စည်းနှင့် သဿတဒိဋ္ဌိ | .... | .... | ၃၃၅ |
| ၂၃။ ဝိဂတပစ္စည်းသင်ကြားပို့ချက် | .... | .... | ၃၃၇ |
| ဝိဂတပစ္စည်းနှင့် နတ္ထိပစ္စည်းသဘော | .... | .... | ၃၃၇ |
| အဝိဂတပစ္စည်းနှင့် အတ္ထိပစ္စည်းသဘော.... | | .... | ၃၃၈ |
| ပေနေယျဋ္ဌာသယ | .... | .... | ၃၃၉ |
| ၂၄။ အဝိဂတပစ္စည်းသင်ကြားပို့ချက် | .... | .... | ၃၄၁ |
| သဿဟဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိပျောက်အောင် ဟောကြားခြင်း | | | ၃၄၁ |
| ၂၅။ ပဋ္ဌာန်း၏အနှစ်သာရ | .... | .... | ၃၄၃ |
| အတ္တာစဲ့က သိပ်ကြီး | .... | .... | ၃၄၃ |
| နာမ်ရုပ်ကဲ့ရန် အဘိဓမ္မာ ၌ ဖ-ကျမ်းကို ဟောခြင်း.... | | | ၃၄၄ |
| အတ္တဒိဋ္ဌိပျောက်အောင် ပဋ္ဌာန်းကျမ်းကို ဟောခြင်း .... | | | ၃၄၄ |
| ၂၆။ ပဋ္ဌာန်းဝိပဿနာ | .... | .... | ၃၄၆ |
| (၁) ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုနည်း | .... | | ၃၄၆ |
| ဝိပဿနာရှုပုံ | .... | .... | ၃၄၇ |
| ပဋ္ဌာန်းမှာ ပုဂ္ဂိုလ် သတ္တဝါမပါဘဲ ရုပ်နာမ်ကိုသာ ဟောခြင်း | | | ၃၄၉ |
| အဘိဓမ္မာရဲ့ အနှစ်သာရ | .... | .... | ၃၄၉ |
| နာမရူပပရိစ္ဆေဒဉာဏ် | .... | .... | ၃၅၀ |
| ပစ္စယပရိဂ္ဂဟဉာဏ် | .... | .... | ၃၅၀ |
| ယထာဘူတဉာဏ် | .... | .... | ၃၅၀ |
| ဓမ္မဋ္ဌိတိဉာဏ် | — | — | ၃၅၀ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ရုပ်ဝါဒီတို့အတွက် ဟေတုပစ္စည်း ဟောခြင်း | .... | .... | ၃၅၁ |
| ပညတ်နှင့် ပရမတ် | .... | .... | ၃၅၃ |
| ဉာတပရိညာ | .... | .... | ၃၅၄ |
| အနိစ္စလက္ခဏာ | .... | .... | ၃၅၅ |
| ဒုက္ခလက္ခဏာ | .... | .... | ၃၅၅ |
| အနတ္တလက္ခဏာ | .... | .... | ၃၅၆ |
| တီရဏပရိညာ | .... | .... | ၃၅၇ |
| ဝိပဿနာတရားဆိုတာ | .... | .... | ၃၅၈ |
| ဒေါသကို ရှုနည်း | .... | .... | ၃၅၉ |
| ဘဝကူး ကောင်းပါ့မလား | .... | .... | ၃၆၀ |
| (၂) အာရမ္မဏပစ္စည်းနှင့် ဝိပဿနာရှုနည်း | | .... | ၃၆၂ |
| မြင်စိတ်ဝိပဿနာ | .... | .... | ၃၆၃ |
| အနိစ္စ မြင် | .... | .... | ၃၆၃ |
| ဒုက္ခ မြင် | .... | .... | ၃၆၃ |
| အနတ္တ မြင် | .... | .... | ၃၆၃ |
| ခန္ဓာကိုယ်ကြီးကို တွယ်တာမှု | .... | .... | ၃၆၄ |
| တဏှာ, မာန, ဒိဋ္ဌိ | .... | .... | ၃၆၄ |
| ကိလေသာ ၃-မျိုး | .... | .... | ၃၆၅ |
| ဝီတိက္ကမလောဘ | .... | .... | ၃၆၅ |
| ပရိယုဋ္ဌာနလောဘ | .... | .... | ၃၆၅ |
| အနုသယလောဘ | .... | .... | ၃၆၅ |
| (၃) အဓိပတိပစ္စည်းနှင့် ဝိပဿနာရှုနည်း | | .... | ၃၆၆ |
| ဗြဟ္မာဆိုတာ ဘာလဲ | .... | .... | ၃၇၀ |
| ဆန္ဒာဓိပတိနှင့် ဝိပဿနာ | .... | .... | ၃၇၁ |

| | | | |
|---|---|---|---|
| အကြောင်းအရာ | | | စာမျက်နှာ |
| ဝိရိယာဓိပတိန္ဒ္ရိ ဝိပဿနာ | .... | .... | ၃၇၁ |
| ဗုဇ္ဈသောတာပန် | .... | .... | ၃၇၃ |
| (၄) အနန္တရပစ္စည်းနှင့် ဝိပဿနာဉာဏ်း | | .... | ၃၇၄ |
| ရုပ်ဝါဒီ, နာမ်ဝါဒီ | .... | .... | ၃၇၄ |
| အနန္တရသဘို | .... | .... | ၃၇၅ |
| မစိုးရိမ်ဆရာတော် | .... | .... | ၃၇၉ |
| (၅) သဟဇာတပစ္စည်းနှင့် ဝိပဿနာဉာဏ်း | | .... | ၃၈၁ |
| နာမ်ရုပ်က နာမ်ရုပ် | .... | .... | ၃၈၃ |
| ပဋိသန္ဓေဦးဘဝ် | .... | .... | ၃၈၄ |
| ဖြစ်ပျက်ဆိုတဲ့တရား | ... | .... | ၃၈၅ |
| အနန္တရပစ္စည်းနှင့် တဿတဒိဋ္ဌိ ပယ်ဖျောက်ပုံ | | .... | ၃၈၅ |
| ဖြတ်လို့ ထင်ကြတယ် | .. | .... | ၃၈၆ |
| နာမ်သက်သက် ပဲပဿနာ | .... | .... | ၃၉၀ |
| ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံ | .... | .... | ၃၉၂ |
| ရုပ်သက်သက် ဝိပဿနာ | .... | .... | ၃၉၂ |
| ပဋိသန္ဓေနာမ်ရုပ် ဝိပဿနာ | .... | .... | ၃၉၄ |
| ပဝတ္တိနာမ်ရုပ် ဝိပဿနာ | .... | .... | ၃၉၅ |
| ဥပါဒါရုပ် ဝိပဿနာ | .... | .... | ၃၉၆ |
| နိဂုံး | .... | .... | ၃၉၇ |
| ပဋ္ဌာန်းအမှန်း | .... | .... | ၃၉၈ |


မဟာသကပဋ္ဌာန်း အသေးစိတ်မာတိကာ ပြီး၏။

# ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပစ္စယုဒ္ဒေသပါဌိ

ဟေတုပစ္စယော

အာရမ္မဏပစ္စယော

အဓိပတိပစ္စယော

အနန္တရပစ္စယော

သမနန္တရပစ္စယော

သဟဇာတပစ္စယော

အညမညပစ္စယော

နိဿယပစ္စယော

ဥပနိဿယပစ္စယော

ပုရေဇာတပစ္စယော

ပစ္ဆာဇာတပစ္စယော

အာသေဝနပစ္စယော

ကမ္မပစ္စယော

ဝိပါကပစ္စယော

အာဟာရပစ္စယော

ဣန္ဒြိယပစ္စယော

ဈာနပစ္စယော

မဂ္ဂပစ္စယော

သမ္မယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယောတိ
ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-ပစ္စည်း အကျဉ်းပြီး၏။)

# ပစ္စယနိဒ္ဒေသပါဠိ

## ၁-ဟေတုပစ္စယ

ဟေတုပစ္စယောတိ—

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ၂-အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ—

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃-အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ—

ဆန္ဒာဓိပတိ ဆန္ဒာသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတ္ဝာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄-အနန္တရပစ္စယ

အနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ ကသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ ဓ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာဧေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅-သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတုဘူ တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ခယာ ဝယာ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ-စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ အာယသ္မတော ကောဏ္ဍညဿ သမနန္တရပစ္စ-ယေန ပစ္စယော။

## ၆-သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။
ဩက္ကန္တိကွဏော နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နာ သဟဇာတပစ္စယေန ပစ္စယော။

### ၇-အညမညပစ္စယ

အညမညပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။
စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။
ဩက္ကန္တိကွဏော နာမရူပံ အညမညပစ္စယေန ပစ္စယော။

### ၈-နိဿယပစ္စယ

နိဿယပစ္စယောတိ—

စတ္ထာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။
စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။
ဩက္ကန္တိကွဏော နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတုယာ စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

## ၉-ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယော တိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဧကစ္စံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကောသဇ္ဇေ ဥပနိဿာယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

ဓမ္မသဓမ္မမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀-ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယော၁တိ—

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နော ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁-ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယော တိ—

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

### ၁၂-အာသေဝနပစ္စယ

အာသေဝနပစ္စယော‌တိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

### ၁၃-ကမ္မပစ္စယ

ကမ္မပစ္စယော‌တိ—

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မ-ပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

### ၁၄-ဝိပါကပစ္စယ

ဝိပါကပစ္စယော‌တိ—

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

### ၁၅-အာဟာရပစ္စယ

အာဟာရပစ္စယော‌တိ—

ကဗဠီကာရော အာဟာရော ဣမသ္မာ ကာယသ္မာ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆-ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ—

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇-ဈာနပစ္စယ

ဈာနပစ္စယောတိ—

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

## ၁၈-မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ—

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

### ၁၉-သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၀-ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ—

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၁-အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေဘသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂၂-နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ—

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

## ၂၃-ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ—

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ၂၄-အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ—

စက္ခာယတနံ ဓမ္မာ အတ္ထိပိနော အာသေဝနပစ္စယေန ပစ္စယော။

စက္ခာယတနံ မဟာဘူတာ အာသေဝနပစ္စယေန ပစ္စယော။

သြက္ကန္တိက္ခဏေ နာမရူပံ အာသေဝနပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါဟတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါဟတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-ပစ္စည်း အကျယ် ပြီး၏။)

# မဉ္ဇူသကပဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ဟေတုပစ္စည်းသင်ကြားပို့ချချက်များ

ပဋ္ဌာန်းကို ယခု ဒီ သင်တန်းမှာ သင်မှာက သင်ရိုး သင်စဉ် ပစ္စည်း တရားက ဘယ်လောက်ရှိတယ်၊ ပစ္စယုပ္ပန်တရားက ဘယ်လောက်ရှိတယ်၊ ပစ္စည်းပြိုင်တော့ ဘယ်နှစ်ပစ္စည်း ပေါင်းပြိုင်နိုင်တယ်လို့ ဒီလို သရုပ်တွေကို အသေးစိတ်ခံကာက်ပြတဲ့နည်းမျိုး သင်မှာ မဟုတ်ဟ၊ 'ပဋ္ဌာန်းကို လက်တွေ့ ဘယ်လို အသုံးချရမယ်၊ ဘယ်လိုနေရာတွေမှာ အသုံးချရင် ကောင်းမလဲ' ဆိုတာတွေကို ပဋ္ဌာန်းသင်တန်းအတွက် အချိန် အများ ဆုံးဂပေး လေ့လာရှာဖွေပြီး စွမ်းအားရှိသလောက် အစွမ်းကုန်သင်မှာပါ။

ဟေဘုပစ္စည်းကို ရိုးရိုးသာင်တန်းသင်ရင် ပစ္စည်းတရားနဲ့ ပစ္စယုပ္ပန် တရားကို ၂-မျိုးခွဲတဲ့အခါမှာ ဟေတူအရ ပစ္စည်းတရားက အကျဉ်းချုပ် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဆိုတဲ့ ဟိတ် ၆-ပါးပါ၊ ပစ္စယုပ္ပန်တရားများက 'ဟေတုသမွယုတ္တကာနံ ဓမ္မာနံ' အရ ဟိတ်နဲ့ယှဉ်တဲ့စိတ်၊ စေတသိက်တွေပါ၊ 'တံ သမုဋ္ဌာနာနဉ္စ ရူပါနံ'က သဟိတ်စိတ္တာဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တွေပါ၊ ပစ္စယုပ္ပန်တရား တို့ကို ဆိုရိုးအတိုင်း တိတိကျကျဆိုရင် ဟိတ်နဲ့ယှဉ်တဲ့စိတ်က ၇၁-ခု၊ မောဟမူဒ္ဓေးဠ် မောဟကြဉ်တဲ့ စေတသိက်က ၅၂-ခုနဲ့ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်လို့ ဆိုရပါတယ်။

ပစ္စနိက်ဆိုတာက ပစ္စယုပ္ပန်တရားထဲမှာ မပါတဲ့တရားကို ခေါ်တာပါ၊ မဒ္ဓလေးစာသင်တိုက်ကြီးများမှာတော့ ပဋ္ဌာန်းတတ်ချင်ရင် ပဋ္ဌာန်းကို

မတက်မင် ၂-ချက်စု ၃-ချက်စုဆိုကာတွေကို အရကျက်ရပါတယ်၊ ပစ္စယ နိဒ္ဒေသမှာပါတဲ့ ပစ္စည်းတရား ပစ္စယုပ္ပန်တရားကို သင်တာက ၂-ချက်စုလို ခေါ်ပါတယ်၊ ၃-ချက်စုမှာတော့ ပစ္စနိက်ပါ ကျက်မှတ်ရပါတယ်။

စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား ၄-ပါးကို မူတည်ပြီးထားတော့ ဟေတုပစ္စည်းမှာ ပစ္စယုပ္ပန်တရားက ဟိတ်နဲ့ ယှဉ်တဲ့စိတ် ၇၁၊ မောဟမူဒွေးမှာယှဉ်တဲ့ မောဟကြဉ်တဲ့ စေဘသိက် ၅၂၊ သဟိတ် စိတ္တဇရုပ်, သဟိဂ်ပဋိသန္ဓေ ကမ္မဇရုပ်ဆိုတော့ စိတ်ထဲက ကျန်နေတဲ့ အဟိတ်စိတ် ၁၈-ခုဟာ ပစ္စနိက်ဖြစ်သွားပါတယ်။ ပစ္စယုပ္ပန်တရားထဲမှာ မပါတဲ့ဘရားဟာ ပစ္စနိက်ပါ၊ မောဟမူဒွေးမှာရှိတဲ့ မောဟနဲ့ အဟိတ်စိတ် ၁၈-မှာယှဉ်တဲ့ စေတသိက်တွေလဲ ပစ္စနိက်ဖြစ်သွားပါတယ်။ ပစ္စနိက်ကိုထုတ်လိုက်တော့ ဟာအစိပွါယ်ပေါ်လာသလဲဆိုရင် ရုပ်မှာ စိတ္တဇရုပ်က ဟိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ ဟိ၀ါကြောင့်မဖြစ်တဲ့ စိတ္တဇရုပ်လို ၂-မျိုး၊ ကမ္မဇရုပ်ကလဲ ဟိတ်ကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်၊ဟိတ်ကြောင့်မဖြစ်တဲ့ ကမ္မဇရုပ်လို ၂-မျိုးခွဲရှိသော်လဲ ဥတုဇရုပ်နဲ့ ဒသာဟာရဇရုပ်တို့မှာ ဟိတ်ကြောင့် ဖြစ်တာမရှိပါ။

ရုပ်လောကကို စဉ်းစားတဲ့အခါ ဥတုဇရုပ်ကို အများနားလည်မနကြတာက ရေ မြေ တောတောင်ဆိုတဲ့ မိမိကို အဝန်းအစိုင်းမှာရှိနေကြတာကိုသာ ဥတုဇရုပ်လို့ နားလည်နေကြပါတယ်၊ မိမိတို့ ခန္ဓာကိုယ်ကို ဥတုဇရုပ်လို့ နားမလည်ကြပါ။ အဘိဓမ္မာတတ်တဲ့ ရှေးလူကြီးများကတော့ လူသေရင် ဥတုဇရုပ်ကလာပ်ကို မီးသင်္ဂြိဟ်လိုပါ၍လို့ အသုဘဘိတ်စာမှာ ရေးကြပါတယ်၊ လူမှာရှိတဲ့ အာဟာရဇရုပ် စိတ္တဇရုပ် ကမ္မဇရုပ်တို့က မီးသင်္ဂြိဟ်လို့မရပါ၊ လူသေပေမဲ့ ဥတုဇရုပ်က မသေဘဲ ကျန်ရစ်လို့ ဒီဓနုဏုမှာ ဥတုဇရုပ်ဟာ ဟိတ်ကြောင့် မဖြစ်တာကို လက်တွေ့ ပြောလို့ ရပါတယ်။

အာဟာရဇရုပ်ကလဲ ဟိတ်ကြောင့် မဖြစ်တာကို စဉ်းစားယင် သိနိုင်ပါတယ်၊ အာဟာရဇရုပ်နဲ့ စိတ္တဇရုပ်ဟာ စုတိစိတ်နဲ့ပြိုင်ပြီး ချုပ်ပါတယ်၊ ကမ္မဇရုပ်အချို့ကတော့ စုတိစိတ်အရင် အချို့က ပြိုင်ပြီး ချုပ်ပါတယ်၊

ဟော်တယ်တက်ပြီး ၄၀၀၀၊ ၅၀၀၀-ဖိုး အင်မတန်ကောင်းတဲ့ အစားအစာတွေ စားသောက်ပြီး ရုတ်ကနဲ့ လေဖြတ်ပြီး ဒဏ်သွားတဲ့သူမှာ သူ့ဗိုက်ထဲရှိနေတဲ့ တန်ဖိုးမနဲတဲ့ အာဟာရတွေက ဒဏ်သင့်တဲ့အခါမှာ ရုပ်ကို မဖြစ်စေတော့ပါ၊ ဩဇဆိုတဲ့ အာဟာရဇရုပ်ဟာ ကမ္မဇရုပ်မှာ မွေးကတည်းက ပါလာတဲ့ အဇ္ဈတ္တိက ဩဇနဲ့ စားလိုက်တဲ့အခါမှာ ပါလာတဲ့ ဗဟိဒ္ဓဩဇနဲ့ က ပေါင်းပြီးတော့မှ ရုပ်ကိုဖြစ်စေတာပါ၊ အာဟာရဇရုပ်ဟာ နာမ်တရားရှိနေစဉ်အခါမှာသာ အဇ္ဈတ္တိကဩဇနဲ့ ပေါင်းပြီးတော့ ရုပ်ကိုဖြစ်စေတာပါ၊ ဒါက ဥတုဇရုပ်နဲ့ အာဟာရဇရုပ်ဟာ ပစ္စုနိက်မှာ ပါဠိကို လက်တွေ့နဲ့ ရှင်းပြတာ ဖြစ်ပါတယ်။

အဘိဓမ္မာပြဿနာဘာခုကို ရှင်းမယ်ဆိုရင် အဋ္ဌကထာတွေကိုလဲ ကြည့်ရပါတယ်၊ ပါဠိတော်ဘေကိုလဲ ကြည့်ရပါတယ်၊ ဝိဘင်းအဋ္ဌကထာဟာ အဘိဓမ္မာအဋ္ဌကထာဇကွဲထဲမှာ အတောက်ပြောင်ဆုံး အဋ္ဌကထာပါ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ လို့ ခေါ်ပါတယ်။ ဝိပဿနာကိစ္စနဲ့ ပတ်သက်ရှိသော်ငင်း၊ အဘိဓမ္မာအရေးအရာနဲ့ ပတ်သက်ရှိသော်ငင်း အင်မတန်ကျယ်ဝန်းတဲ့အဆုံးအဖြတ်တွေ ဝိဘင်းအဋ္ဌကထာမှာ ပါပါတယ်၊ ပဋ္ဌာန်းသင်တဲ့အခါမှာတော့ ပဋ္ဌာန်းအကျယ်ပြောချင်ရင် ပဋ္ဌိစ္စဝါရ ပဉ္စဝါရတို့ကိုလဲ ကြည့်ရပါတယ်။

ဒီ ပစ္စယနိဒ္ဒေသပါဠိတော်မှာ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ ဟိတ် ၆-ပါးက ဒီ ဟိတ် ၆-ပါးနဲ့ယှဉ်တဲ့ စိတ်စေတသိက် ရုပ်တရားတို့ကို ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုတယ် ဆိုတော့ အင်မတန်ကျဉ်းနေပါတယ်။ ပဉ္စဝါရမှာ ကြည့်တဲ့အခါကျတော့ ဟိတ်မှာ အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ ကုသိုလ်ဟိတ်က ၃-ပါး၊ လောဘ, ဒေါသ, မောဟ ဆိုတဲ့ အကုသိုလ်ဟိတ်က ၃-ပါး၊ အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ အဗျာကတဟိတ်က ၃-ပါး၊ ပေါင်း ဟိတ် ၉-ပါးလို့ ဆိုပါတယ်။ အဗျာကတဟိတ်နဲ့ ကုသိုလ်ဟိတ်က အလောဘ, အဒေါသ, အမောဟချင်း တူနေတဲ့အတွက် ဟေတုအရကို ဟိတ် ၆-ပါးလို့ဘဲ ယူရပါတယ်။

**ကုသိုလ်ဟိတ်**

ကုသိုလ်ဟိတ်မှာ(၁) နာမ် နှင်မ်ချင်း ကျေးဇူးပြုပါတယ်၊(၂) နာမ်က ရုပ်ကို ကျေးဇူးပြုတယ်၊ (၃) နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုပါတယ် ဆိုပြီး ၃-မျိုး ကွဲသွားပါတယ်၊ (၁) အလောဘ,အဒေါသ,အမောဟက သူနဲ့ယှဉ်တဲ့စိတ်၊ စေတသိက်နာမ်ကို ကျေးဇူးပြုရင် နာမ် နာမ်ချင်း ကျေးဇူးပြုတာ ဖြစ်ပါတယ်။ (၂) ဒီကုသိုလ်ဟိတ်ကလဲ သူ့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုရင် နာမ်က ရုပ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ (၃) ဒီအလောဘ, အဒေါသ, အမောဟ ကုသိုလ်ဟိတ်က သူနဲ့ယှဉ်တဲ့စိတ် စေတသိက် စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါ နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုတာ ဖြစ်သွားပါတယ်။ ဒါကတော့ ပဋ္ဌာဝါရက ယူပြီး အကျဉ်းချုပ်ပြောတာပါ။

တကယ်လက်တွေ့ပြရမယ်ဆိုရင် ကုသိုလ်ဟိတ် ၃-ပါးမှာ အလောဘ ဖြစ်လာတယ်ဆိုတဲ့အခါမှာ အမောဟဆိုတဲ့ ပညာက ပါချင်မှ ပါမှာပါ၊ ဥပမာ – အလှူပေးရင် သုတ္တန်နည်းအားဖြင့် ဒါနပြုဟယ်၊ ပဋ္ဌာန်းနည်းအားဖြင့် အလောဘစေတသိက်ဖြစ်တယ်လို့ ဆိုရပါတယ်။ ဒါနအကျိုးကို မသိတဲ့သူများမှာ အလောဘနဲ့ သူနဲ့ယှဉ်ဖြစ်တဲ့ ဉာဏဝိပ္ပယုတ်ဇိတ် စေတသိက်တွေ ဖြစ်ပါတယ်။ လောဘဆိုတာက ပစ္စည်းတခုကို ကွယ်တာနေတဲ့စိတ်ဖြစ်တော့ ဒီပစ္စည်းကို ပေးလိုက်တဲ့အခါမှာ အလောဘစိတ် ဖြစ်လာပါတယ်၊ ဒီ အလောဘကို အကြောင်းပြုပြီး ဉာဏဝိပ္ပယုတ်စိတ်နဲ့ သူမှာယှဉ်တဲ့စေတသိက်တွေ တပြိုင်ထဲ ဖြစ်တာပါဘဲ။

အလောဘပစ္စည်းတရားနဲ့ အလောဘနဲ့ ယှဉ်တဲ့စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့ဟာ သဟဇာတမျိုး ဖြစ်တဲ့အတွက် အတူဖြစ်ပြီး အတူ ပျက်ပါတယ်၊ ရုပ်က စိတ္တဇရုပ်, ကမ္မဇရုပ်လို့ ၂-မျိုးရှိတာမှာ အလောဘကုသိုလ်စိတ်နဲ့ စိတ္တဇရုပ်က တပြိုင်နက်ဖြစ်ပါတယ်။ အလောဘ စိတ္တဇရုပ်ဆိုတာက ကုသိုလ်ပြုတဲ့အခါမှာ ဖြစ်တဲ့ရုပ်ပါ၊ ယခု သင်ဘန်းဟက်နေတဲ့ ဆာချိန်မှာ အလောဘရုပ်ပါ၊ လောဘကြီးစွတော့ အကုန်ပယ်ပြီး သင်တန်း

တက်ခဲနေတော့ ယခု ဒီမှာလာပြီး ထိုင်နေထာဟာ အလောဘ ရှုပ်ပါ၊ သာမန်လူတွေက ရုပ်စတွေဟာ အတူတူဘဲလို့ ထင်ကြပေမဲ့ အလောဘရုပ်နဲ့ လောဘရုပ်က မတူပါ၊ ဝိပဿနာထိုင်တဲ့ပုဂ္ဂိုလ်များမှာ ဒါကို ကြည့်ပြီး မိမိ လောဘရုပ်ဖြစ်တဲ့အခါနဲ့ အလောဘရုပ်ဖြစ်တဲ့အခါမှာ ရုပ်ကို သိနိုင်ပါတယ်၊ စေတသိက်တွေထဲမှာ လဟုတာ မုဒိတာ ဆိုတဲ့ စေတသိက်တို့က ပါတော့ လောဘရုပ်က လေးပါတယ်၊ အလောဘရုပ်ကတော့ ပေါ့ပါးပါတယ်၊ အလောဘကလဲ သူတခုထဲဖြစ်တာမဟုတ်ပါ၊ လဟုတာ မုဒိတာတို့လဲ ပါကြပါတယ်။ ပါနိုင်တဲ့စေတသိက်တွေကိုလဲ တခုစီ သင်္ဂြိဟ် စေတသိက်ပိုင်းသင်တန်းတုန်းက ရှင်းခဲ့ပါပြီ။

တံသမုဋ္ဌာနာနဉ္စ ရူပါနံအရ ဟေတုပစ္စည်း ပစ္စယုပ္ပန်မှာ ကမ္မဇရုပ်ပါပေမဲ့ အလောဘကုသိုလ်ဟိတ်ကိုယူတဲ့အခါ ကုသိုလ်ဟိတ်က စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်ပါတယ်၊ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ ကမ္မဇရုပ်က ပဋိသန္ဓေနေတဲ့အချိန်ကစပြီး ပါလာတာဟာ တခါထဲရှိနေတာဘဲ၊ စာဆက် တည်းရှိနေတာဘဲလို့ ဒီလိုဘဲ လူတိုင်းက ထင်နေကြပါတယ်၊ အဘိဓမ္မာကတော့ ကမ္မဇရုပ်ဟာ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေတာပါ၊ မြစ်ထဲမှာ ရေတွေဟာ မပြတ်စီးဆင်းနေတယ်လို့ တဆက်တည်းကင်ရတာလို့ ပဋိသန္ဓေကစပြီး မပြတ်ဖြစ်ပျက်နဲ့ ကမ္မဇရုပ်တွေက ဖြစ်နေတာပါ၊ ဒီလို ဖြစ်ပျက်နဲ့ မသေမချင်းဖြစ်နေတဲ့ ကမ္မဇရုပ်တွေကို ဓါနပြုတဲ့အခါမှာ အလောဘက ဖြစ်စေသလား ဆိုတော့ သုတ္တန်နည်းနဲ့ အကြောင်းဖပြောရင်တော့ ဖြစ်နိုင်တယ်လို့ဘဲ ဖပြောနိုင်ပါတယ်။

ဒါပေမဲ့ ပဋ္ဌာန်းနည်းနဲ့ သေသေချာချာ ဖိစစ်ကြည့်ရင် ကုသိုလ်ဟိတ်က ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ၊ ပဋ္ဌာန်းနဲ့ ပြတ်ပြတ်သားသား ပြောရရင် ကမ္မဇရုပ်က ဟိုဘဝက ကုသိုလ်ကံကြောင့် ဖြစ်နေတာပါ၊ အခုလုပ်နေတာက ဒီဘဝက ကုသိုလ်ဒါနပါ၊ ဟိုဘဝက ကုသိုလ်ကံကြောင့် အရှိန်မပြတ် မီးပုံးမျှားလွှတ်လိုက်ရင် တက်နေသလို မီးခိုးရှိသမျှ တက်နေမှာပါ၊ ဒါကြောင့် ဒီဘဝမှာဖြစ်နေတဲ့ ကမ္မဇရုပ်ကို အလောဘက ဟေတု

ဒါပေမဲ့ ပဋ္ဌာန်းနည်းနဲ့ သေသေချာချာ ဖိစစ်ကြည့်ရင် ကုသိုလ်ဟိတ်က ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ၊ ပဋ္ဌာန်းနဲ့ ပြတ်ပြတ်သားသား ပြောရရင် ကမ္မဇရုပ်က ဟိုဘဝက ကုသိုလ်ကံကြောင့် ဖြစ်နေတာပါ၊ အခုလုပ်နေတာက ဒီဘဝက ကုသိုလ်ဒါနပါ၊ ဟိုဘဝက ကုသိုလ်ကံကြောင့် အရှိန်မပြတ် မီးပုံးမျှားလွှတ်လိုက်ရင် တက်နေသလို မီးခိုးရှိသမျှ တက်နေမှာပါ၊ ဒါကြောင့် ဒီဘဝမှာဖြစ်နေတဲ့ ကမ္မဇရုပ်ကို အလောဘက ဟေတု

ပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ၊ ဒါနပြုတဲ့ ပဝတ္တိအခါမှာဒကာ့ စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်ပါတယ်၊ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။

အဒေါသ, အမောဟ တို့မှာလဲ အလောဘနဲ့ အတူတူလိုပါဘဲ၊ မေတ္တာပို့တဲ့အခါမှာ အဒေါသဟိတ်ကြောင့် စိတ်ဓေတသိက် စိတ္တဇရုပ်တွေ ဖြစ်နေတယ်ဆိုတာက ထင်ရှားပါတယ်။

ကုသိုလ်ပြုတဲ့အခါ ဉာဏ်မပါဘဲနဲ့လဲ ကုသိုလ်ဖြစ်ပါတယ်၊ ဉာဏ်နဲ့ယှဉ်လုပ်တဲ့ ကုသိုလ်ကျတော့ ပညာပါလာပါတယ်၊ ယခုအချိန်မှာ ပညာနဲ့ ပဋ္ဌာန်းသင်တန်းတက်နေကြပါတယ်၊ ဉာဏ်နဲ့စိုက်ပြီး သင်တန်းမှာ ပဋ္ဌာန်းတရားကို ကြားနာနေကြတော့ ဉာဏ်နဲ့ယှဉ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် စေတသိက်တွေ ဖြစ်နေကြပါတယ်၊ ဒီသင်တန်းတက်တဲ့ စိတ် ဓေတသိက် စိတ္တဇရုပ်တွေဟာ အမောဟ ဟိတ်ကြောင့် ဖြစ်နေတာပါဘဲ၊ အမောဟ ဟိတ်ကြောင့်ဆိုရင် ကျန်တဲ့ ၂-ပါးလဲ ပါတာပါဘဲ။

ကုသိုလ်ဟိတ် ၃-ပါးမှာ သင်္ဂြိဟ် စိတ်ယှဉ် ဓေတသိက် ယှဉ်ကျတော့ အသေးစိတ်ခွဲရင် အလောဘမှာ တမျိုးခွဲ၊ အဒေါသမှာ တမျိုးခွဲ၊ အမောဟမှာ တမျိုးခွဲပြီး တခုစီသွားပါတယ်၊ စိတ္တဇရုပ်ကျတော့လဲ ဒီအတိုင်းပါဘဲ၊ ဒါကြောင့် သင်္ဂြိဟ်အကယ်ကတ်လာရင် ပဋ္ဌာန်းမှာ အင်္ဂဟနားလည်လွယ်ပါတယ်။

## အကုသိုလ်ဟိတ်

အကုသိုလ်ဟိတ် ၃-ပါးမှာ လောဘ အကုသိုလ်ဟိတ်ကို ပြောမယ်ဆိုရင် လောဘနဲ့ သူမျှားပစ္စည်းကို ခိုးတယ်ဆိုပါစို့၊ ဟောဒုသမ္ပယုတ္တဏာနံ မမွာနံဆိုတော့ လောဘနဲ့ယှဉ်တဲ့ လောဘမူစိတ်နဲ့ သူမှားယှဉ်တဲ့ စေတသိက် ၂၂-ခုလဲ ပါတာပါဘဲ။ လောဘနဲ့ လောသမူဝိတ် စေတသိက်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေလဲပါတာပါဘဲ။

ဒေါသဖြစ်လို့ လူသတ်မှုဖြစ်တဲ့အခါမှာလဲ ဒေါသမူဝိတ်, ဒေါသမူစိတ် မှာယှဉ်တဲ့ စေတသိက် ၂၂-ခုနဲ့ ဒေါသစိတ္တဇရုပ်တွေ ပါတာပါဘဲ။

ကုသိုလ်ဟိတ် ၃-ပါးက ကမ္မဇရုပ်ကို မဖြစ်စေနိုင်သလို အကုသိုလ်ဟိတ်တွေကလဲ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ၊ မောဟကတော့ သူချည်းသီးခြားဖြစ်တယ်လို့ မရှိပါ၊ လောဘဖြစ်တယ်ဆိုရင် မောဟက ပါရပါတယ်။ လောဘမူစိတ် လောဘဖြစ်လို့ မောဟမပါဘူးလို့ မရှိဘာက မောဟက လောဘဖြစ်အောင် ဖုံးပေးရတဲ့ စေတသိက် ဖြစ်လို့ပါဘဲ။ ဒေါသဖြစ်တယ်ဆိုပြန်ရင်လဲ ဒေါသက မောဟမပါဘဲ ဖြစ်လို့မရပါ။ ဒေါသစိတ်ကိုလဲ မောဟကဘဲ ဖုံးလွှမ်းပေးပါတယ်၊ ဒါကြောင့် မောဟဟိတ်ကို ပစ္စည်းတရားယူရင် အကုသိုလ်စိတ် ၁၂-ခုလုံး ပါရပါတယ်။ စေတသိက်ကျတော့ ၂၇-လုံးရပေမဲ့ မောဟမူမှာရှိတဲ့ မောဟက သူမှာယှဉ်ဘက်ဟိတ်မရှိလို့ မောဟမူ ဒွေးမှာရှိတဲ့ မောဟကြောင့်လို့ ဆိုရိုးကျတော့ ထည့်ဆိုရပါတယ်။

ပစ္စည်းနဲ့ ပစ္စယုပ္ပန်မှာ လောဘပစ္စည်းတရားယူရင် လောဘနဲ့ယှဉ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်က ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ဒေါသပစ္စည်းတရားယူရင် ဒေါသနဲ့ယှဉ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်က ပစ္စယုပ္ပန်ဖြစ်ပါတယ်၊ မောဟမှာတော့ မောဟက အကုသိုလ်လုပ်တိုင်း သူကပါဝင်နေတော့ အကုသိုလ်စိတ် ၁၂-ခုလုံး စေတသိက်ကလဲ မောဟမူဒွေး၌ ရှိတဲ့ မောဟကြောင့် အကုသိုလ်စိတ်မှာယှဉ်တဲ့ စေတသိက် ၂၇၊ ရုပ်ကတော့ စိတ္တဇရုပ်တွေဟာ ပစ္စယုပ္ပန်ဖြစ်သွားပါတယ်။

ကုသိုလ်ဟိတ် ၃-ပါးနဲ့ အကုသိုလ်ဟိတ် ၃-ပါးကို လူတိုင်း နားလည်အောင် ပြောရမယ်ဆိုရင် လူတွေမှာ တဖန်လုံးဖြစ်နေတဲ့ နာမ်ရုပ်တွေကလောဘနာမ်ရုပ်, ဒေါသနာမ်ရုပ်, မောဟနာမ်ရုပ်တွေနဲ့ ပြွမ်းလွှမ်းနေကြတာပါ၊ ခုလို ကုသိုလ်လုပ်တဲ့အခါမှာတော့ အလောဘနာမ်ရုပ်, အဒေါသနာမ်ရုပ်, အမောဟနာမ်ရုပ်၊ ဒီနာမ်ရုပ်တွေနဲ့ဘဲ ကောင်းတာတွေ လုပ်နေကြတာပါ၊ ကမ္မဇရုပ်ကတော့ ကံအရှိန်ကြောင့် အစကတဲ့ ဖြစ်နေတာပါ။

**အဗျာကတဟိတ်**

အဗျာကတဟိတ်မှာ ဝိပါကအဗျာကတ, ကြိယာအဗျာကတလို့ ၂-မျိုး ကဲ့ပါတယ်၊ ကြိယာအဗျာကတက ကုသိုလ်ဟိတ်နဲ့ ခပ်ဆင်ဆင် တူပါတယ်၊ ပုဂ္ဂိုလ်ကဲ့လို့ ကြိယာလို့ခေါ်တာပါဘဲ၊ ဝိပါက် အဗျာကတမှာ ဒွိဟိတ် ပုဂ္ဂိုလ်က အလောဘ အဒေါသဟိတ်နဲ့ ပဋိသန္ဓေ နေပါတယ်၊ ဒီအလောဘ အဒေါသနဲ့ ပဋိသန္ဓေနေတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်မှာ ပဋိသန္ဓေခဏမှာ ကမ္မဇရုပ်က တပြိုင်နက်ဖြစ်ပါတယ်။

ဒီပဋိသန္ဓေ အခါမှာရှိတဲ့ ကမ္မဇရုပ်ကို ကျေးဇူးမပြုဘူးလားဆိုတော့ ဟေတုပစ္စည်းက သဟဇာတမျိုးဖြစ်တဲ့အတွက် သဟဇာတက အတူဖြစ်ပြီး အတူပျက်တဲ့သတ္တိရှိပါတယ်။ ဒီတော့ ဒွိဟိတ်ပုဂ္ဂိုလ်မှာ ပဋိသန္ဓေစိတ်နဲ့ ကမ္မဇရုပ်က အတူဖြစ်ပါတယ်၊ ဒီအခါမှာ ရုပ်ကလဲ နာမ်ကိုမှီပါတယ်၊ နာမ်ကလဲ ရုပ်ကိုမှီရလို့ အပြန်အလှန် သဟဇာတ, အညမညရုပါတယ်။ ဒီလိုကျေးဇူးပြုနိုင်တာကလဲ ပဋိသန္ဓေအခါမှာဘဲ ရပါတယ်၊ ပဝတ္တိအခါမှာကျတော့ ကမ္မဇရုပ်ကလဲ သူ့ဘာသာသူ စိတ္တက္ခဏ ၁၇-ချက်အား ဖြင့် ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက် ဖြစ်နေတာပါ၊ ပဋိသန္ဓေ အခိုက်မှာသာ ကမ္မဇရုပ်နဲ့ ဝိပါက်စိတ်ဟာ သဟဇာတပစ္စည်း ဖြစ်နိုင်ပါတယ်။

ဟေတုပစ္စည်းက 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ထို ဟိတ်ကြောင့် ဖြစ်တဲ့ ကမ္မဇရုပ် စိတ္တဇရုပ်ကိုလို့ ဆိုပေမဲ့ ပဝတ္တိအခါမှာ ကုသိုလ်စိတ်တွေဖြစ်နေတဲ့အခါမှာ ကမ္မဇရုပ်ကို ကျေးဇူးပြုတယ်လို့ မဆိုနိုင်ပါ၊ အကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အခါမှာလဲ ကမ္မဇရုပ်ကို ကျေးဇူးပြုတယ်လို့ မဆိုနိုင်ပါ။ အဗျာကတ ဝိပါက်စိတ်ကိုတော့ ပဋ္ဌာဝါရမှာ 'ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ'လို့ ဝိပါက် အဗျာကတကို ပဋိသန္ဓေ ခဏမှာ ဟောထားပါတယ်၊ ဟေတုပစ္စည်းက သဟဇာတမျိုး ဖြစ်နေလို့ နာမ်နဲ့ ရုပ်ဟာ ပဋိသန္ဓေအခိုက်မှာသာလျှင် ဟေတုပစ္စည်း ရပါတယ်၊ ပဝတ္တိအခါမှာ ဟေတုပစ္စည်း မရပါ။ ဒါက အလောဘ, အဒေါသ ဟိတ် ၂-ပါးနဲ့ ယှဉ်တဲ့ ဒွိဟိတ် အဗျာကတ ရှင်းချက်ပါဘဲ။

**တိဟိတ်ပဋိသန္ဓေ**

လူတိဟိတ်ပုဂ္ဂိုလ်က အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးနဲ့ ယှဉ်တဲ့ ဉာဏသမ္မယုတ် မဟာဝိပါက်စိတ် ၄-ခုထဲက တခုခုနဲ့ ပဋိသန္ဓေနေတော့ စိတ်ဇတခု၊ စေတသိက်က ၃၃-ခု၊ သဟိတ် ကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများဖြစ်ကြပါတယ်။ ပဋိသန္ဓေနာမ်နဲ့ ကမ္မဇရုပ်ဟာ လူမှာ တန်ဘိုးအကြီးဆုံး မက္လိုင်ပါဘဲ၊ လူသတ္တဝါလို့ အသိအမှတ်ပြုပြီး အယုတ် အလတ်အမြတ်လို့ ခွဲရတာက ဒီပဋိသန္ဓေကစပြီး ခွဲတာပါ။ အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးနဲ့ယှဉ်တဲ့ ပဋိသန္ဓေနေတဲ့စိတ်ဟာ ပဋိသန္ဓေအခါကစပြီး ဖြစ်ပျက် ဖြစ်ပျက်နဲ့ ယခုထိ မသေမချင်း ဖြစ်နေတာပါ၊ ဝီထိစိတ်တွေ့ မဖြစ်ခင်အခါမှာ ဘဝင်စိတ်က ဖြစ်ရတာပါ၊ကမ္မဇရုပ်ကတော့ ဝီထိစိတ်ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ၊ သူကဖြစ်ပျက် ဖြစ်ပျက်နဲ့ မပြတ်ဖြစ်နေတာပါ၊ ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုတာက ပဋိသန္ဓေ အခါမှာဘဲ ကမ္မဇရုပ်ကို ကျေးဇူးပြုလို့ရပါတယ်၊ ပဝတ္တိအခါမှာ ကုသိုလ်လုပ်တယ်၊ အကုသိုလ်လုပ်နေမယ်၊ ဘဝင်စိတ်တွေ့ ဖြစ်နေတယ်ဆိုပေမဲ့ ကမ္မဇရုပ်ကို ဟေတုပစ္စည်းနဲ့ ကျေးဇူးမပြုပါ။

**ကမ္မဇရုပ်နဲ့ မဟာဘုတ်**

ယခုခေတ်မှာ ဗဟိဒ္ဓလောကကရုပ်တွေ့ကိုသာ လေ့လာနေကြတာများပါတယ်၊ လူရဲ့ခန္ဓာကိုယ်မှာရှိတဲ့ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို အဓေသးစိတ် မစဉ်းစားနိုင်ကြပါ၊ ပဋ္ဌာန်းရဲ့ရုပ်ပိုင်းကို စဉ်းစားရင် အလွန်ဆန်းကြယ်ပါတယ်၊ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသမှာ 'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော' လို့ မဟာဘုတ် ၄-ပါးကို အတွင်းအပြင် မခွဲဘဲ သာမညဘဲ ဟောပါတယ်။

ပဋ္ဌာန်း၃ဝါရ ကျတော့ စတ္တာရော မဟာဘူတာကို အကျယ်ခွဲပြီး ဘယ်လောက် ခွဲသလဲဆိုရင် စိတ္တဇမဟာဘုတ်, ကမ္မဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဗာဟိရမဟာဘုတ်လို့ ခွဲတဲ့အပြင် ကမ္မဇမဟာဘုတ်ကို သဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်, အဟိတ် ပဋိသန္ဓေ

ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်, အသည္ဌသတ် ကမ္မဇမဟာဘုတ်လို့ ခွဲပါသေးတယ်။

ဘာဖြစ်လို့ ခွဲရသလဲဆိုတော့ ပဋ္ဌာန်းမှာ ပဋိသန္ဓေမှာရှိတဲ့ ကမ္မဇမဟာဘုတ်နဲ့ ပဝတ္တိအခါမှာရှိတဲ့ ကမ္မဇ မဟာဘုတ်တို့ဟာ ပဋ္ဌာန်း ပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ မတူကြပါ၊ မဟာဘုတ်ချင်း ကွာပါတယ်၊ တခါ လူမှာရှိတဲ့ ကမ္မဇမဟာဘုတ်နဲ့ အသည္ဌသတ် ဇြဟ္မာမှာရှိတဲ့ ကမ္မဇမဟာဘုတ်ကလဲ မတူပါ၊ လူမှာတော့ နာမ်နဲ့ရုပ် ထောနေတဲ့ ကမ္မဇမဟာဘုတ်ပါ၊ စိတ် ဧစေတသိက်တွေနဲ့ ပေါင်းနေတဲ့ ကမ္မဇမဟာဘုတ် ဖြစ်ပါတယ်။ အသည္ဌသတ် ကမ္မဇမဟာဘုတ်ကတော့ နာမ်လုံးလုံးမရှိတဲ့ ကမ္မဇ မဟာဘုတ်ပါ။

နာမ်မရှိဘဲ ရုပ်ချည်းသက်သက် ဖြစ်တယ်ဆိုတော့ အသည္ဌသတ် မဟာဘုတ်မှာ ကျောက်တိုင်ကြီးလို အိမ်ကြီးလို တိုက်ကြီးလိုနေတဲ့ ရုပ်မျိုး မဟာဘုတ်မျိုး မဟုတ်ပါ၊ ရုပ်သက်သက်ရှိတဲ့ အသည္ဌသတ် ဇြဟ္မာကို သတ္တဝါထဲမှာ ထည့်ထားတာက သူမှာ ကံကြောင့်ဖြစ်တဲ့ အသည္ဌသတ် ကမ္မဇ မဟာဘုတ် ရှိလို့ပါဘဲ၊ ဥပမာ-ဒီလူ့ပြည်က စျာန်နဲ့ မတ်တတ် ပြန်ဘော်မူတဲ့ ပုဂ္ဂိုလ်ဟာ အသည္ဌသတ်ဘုံမှာ မတ်တတ်ရပ်ရက်သား သွားပြီး ဖြစ်ပါတယ်၊ ကိုင်လို့ ထိလို့ မသိပေမဲ့ သူ့ရုပ်က ကျောက်ရုပ်နဲ့လဲ မတူပါ၊ ရုပ်ချင်း မတူလို့ အသည္ဌသတ် ကမ္မဇ မဟာဘုတ်လို့ သီးခြားခွဲမှတ်ပါ။

### ဗာဟိရမဟာဘုတ်

ဗာဟိရမဟာဘုတ်လို့ ဘာပြုလို့ သီးခြားခွဲရသလဲဆိုတော့ သက်ရှိမှာ ဦဟဲ့ မဟာဘုတ်နဲ့ သက်မဲ့မှာရှိတဲ့ မဟာဘုတ် ပစ္စည်းချင်း မတူလို့ ခွဲဟောရတာပါ၊ ဗာဟိရဆိုတာက ဗဟိဒ္ဓရုပ်၊ ဗာဟိရရုပ်လို့ ခေါ်ပါတယ်၊ ဒီ ဗဟိဒ္ဓရုပ်ကို ခွဲရတာက ဝိပဿနာသမားကလဲ မဟာဘုတ် ၄-ပါးဖြစ်တဲ့ ပထဝီ, တေဇော, အာပေါ, ဝါယောလို့ဘဲ ပြောနေကြပါတယ်။ ဆေးဆရာများကလဲ ပထဝီ, တေဇော, အာပေါ, ဝါယောဘဲ ပြောနေကြတယ်။

နိုင်ငံရေးသမားများကလဲ ဒီဓာတ်ကြီး ၄-ပါးကိုဘဲ ဘူတိကဝါဒဆိုပြီး ပြောနေကြပါတယ်။ သိပ္ပံဆရာတို့ကလဲ ဒီဓာတ် ၄-ပါးကိုဘဲ လေ့လာနေကြတယ်။ ဒီဆရာတွေ လေ့လာနေကြတဲ့ မဟာဘူတ်တွေ ထူးခြားပုံကို ဒီမှာ ရှင်းပြနေရင် ဟေတုပစ္စည်းဟာ ရှည်သွားပါလိမ့်မယ်။ ဒီအကြောင်းတွေကို ဆိုင်ရာ ဆိုင်ရာ ပစ္စည်းတွေကျတော့မှ ရှင်းပြပါမယ်။ ဒီလောက်နဲ့ဘဲ ဟေတုပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

## ၂။ အာရုံမွဏာပန္ဓညီးသင်ကြားပို့ချချက်များ

ရူပါရုံက စက္ခုဝိညာဏခေါတ်ကို အာရမ္မဏာပစ္စည်း၊ ပုရေဇာတပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဆိုတဲ့ လေးပစ္စည်းဖြင့် ကျေးဇူးပြုပုံကို သိစေချင်လို့ မြတ်စွာဘုရားက လေးခါထပ်ပြီး ဟောထားပါတယ်။

ပဋ္ဌာန်းမှာ ဝိထိက အရေးကြီးပါတယ်၊ စက္ခုဒွါရဝီထိမှာ အတီတဘဝင်-ဘဝင်္ဂစလန-ဘဝင်္ဂုပစ္ဆေဒ-ပဉ္စဒွါရာဝဇ္ဇန်း-စက္ခုဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီ-ရဏ-ဝုဋ္ဌော-ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘင်္ဂလို့ ဝီထိက ဖြစ်ပါတယ်။ ရူပါရုံက အတီတဘဝင်ရဲ့ ဥပါဒ်-ဌိ-ဘင် ဒီသုံးချက်မှာ ဥပါဒ်ခဏကစပြီး စိတ္တက္ခဏ ၁၇-ချက် အသက်ရှိပါတယ်၊ တဒါရုံရဲ့ ဘင်ကျမှ ချုပ်ပါတယ်၊ ဒီဝီထိမှာ ရူပါရုံက စက္ခုဝိညာဏ်ကို အာရမ္မဏာပစ္စည်းဖြင့် ကျေးဇူးပြုပုံကို သိနိုင်ပါတယ်။

အတီတဘဝင် ဥပါဒ်မှ ဒုတိယ တဒါရုံဘင်အထိ ၁၇-ချက်သော စိတ္တက္ခဏတို့က ရူပါရုံကို အာရုံပြုပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီ ပဋ္ဌမ အပိုဒ်မှာ စက္ခုဒွါရဝီထိမှာပါတဲ့ စက္ခုဝိညာဏ်စိတ်နဲ့ ၎င်းနဲ့ယှဉ်တဲ့ သမ္ပယုတ်သော-စရဏ စေတသိက် ၇-ခုကို ရူပါရုံက အာရမ္မဏာပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ ဆိုလိုပါတယ်။ စက္ခုဝိညာဏ်နဲ့ စေတသိက် ၇-ပါးလုံးက နာမ်တရား၊ ရူပါရုံက ရုပ်တရား၊ ရုပ်က နာမ်ကို ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်။

စက္ခုဝိညာဏ်စိတ်ဆိုတာ မြန်မာလိုကတော့ 'မြင်စိတ်' ပါဘဲ၊ သည်မြင်စိတ်က သူဘာသာသူ အလိုလို ဖြစ်လာသလား ဆိုတော့ မြင်စိတ်က ရူပါရုံကြောင့်သာ ဖြစ်ရတာပါ၊ ဒါကြောင့်လဲ 'အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိ စိတ်မရှိ'လို့ ဆိုကြတာပါ၊ ရှိသမျှ သတ္တဝါတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်သမျှ စိတ်တွေဟာ အာရုံရှိပါတယ်၊ ဒီအာရုံကိုဘဲ မြတ်စွာဘုရားက ပဋ္ဌာန်းမှာ ၆-မျိုး ခဲ့ပြီး ဟောထားပါတယ်။

ရှုပါရုံက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတဲ့အခါမှာ အာရုံအားဖြင့် ကျေးဇူးပြုပါတယ်၊ အမှန်ကတော့ စက္ခုဝိညာဏ်စိတ်ဟာ ရှုပါရုံတခုတည်းသော အကြောင်းကြောင့် ဖြစ်တာတော့ မဟုတ်ပါ။ အလင်းလဲ ရှိရမယ်၊ ကိုယ်က ကြည့်မယ်ဆိုတဲ့ နှလုံးသွင်းလဲ ရှိရမယ်၊ အကြောင်းတွေ ပေါင်းဆုံမှ မြင်စိတ်ဆိုတဲ့ စိတ်ကလေးက ဖြစ်လာပါတယ်။

စက္ခုဝိညာဏ်စိတ် ဘာကြောင့် ဖြစ်သလဲ၊ ရှုပါရုံကြောင့် ဖြစ်တယ်ဆိုတော့ ရုပ်ကြောင့် နာမ်ဖြစ်တယ်ဆိုတဲ့ သဘောပါဘဲ၊ မြင်စိတ်ဖြစ်တာဟာ သူ့အလိုလို ဖြစ်ကာလဲမဟုတ်၊ အာဝဇ္ဇနကုရား ဖန်ဆင်းလို့ ဖြစ်လာတာလဲမဟုတ်၊ ရှုပါရုံနဲ့ တိုက်ဆိုင်လို့ ရှုပါရုံကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်လာရတယ်၊ ဒီလိုသိဘို့ပါဘဲ။

အာရမ္ဘကပစ္စည်းမှာ ဥပမာက လမ်းမသွားနိုင်သူများ တောင်ဝှေးကို အမှီပြုပြီးမှ တောင်ဝှေးရှိမှ သွားနိုင်သလို စိတ်, စေတသိက်တို့ကလဲ အာရုံကို စွဲကိုင်ပြီးမှ ဖြစ်ပေါ်လို့ ရပါတယ်။

ပုရေဇာတပစ္စည်းမှာ ပုရေ=ရှေ့+ဇာတ=ဖြစ်သည်၊ ပစ္စည်းတရား နှင့် ပစ္စယုပ္ပန်တရားမှာ ပစ္စည်းတရားက ပစ္စယုပ္ပန်တရား မရှိခင် အရင် ဖြစ်နှင့်နေတာမို့ ပုရေဇာတပစ္စည်း ခေါ်ပါတယ်၊ ရှေ့ဖြစ်တယ်ဆိုတာက ရှုပါရုံ ပစ္စည်းတရားသည် အတိတ်ဘဝင်ရဲ့ ဥပါဒ်-ဌိ-ဘင်မှာ ဥပါဒ်ကစပြီး ဖြစ်လို့ ရှုပါရုံက စက္ခုဝိညာဏ်ပစ္စယုပ္ပန်တရားထက် ဇာတ္တက္ခဏ ၁၂-ကြိမ် စောပြီး ရှေးဖြစ်တယ်၊ ရှုပါရုံက စက္ခုဝိညာဏ်စိတ်ကို အာရုံအားဖြင့် ကျေးဇူးပြုခြင်းသည် ပစ္စည်းတရားက ရှေ့ကျပြီးတော့ ပစ္စယုပ္ပန်တရားက နောက်ကျနေလို့ ပုရေဇာတပစ္စည်းလဲ ရပါတယ်။

အတ္ထိပစ္စည်းမှာ 'အတ္ထိ'ကို မြန်မာပြန်ကော့ 'ရှိတယ်'လို့ဘဲ အဓိပ္ပါယ် ရပါတယ်၊ အဲဒီ ရှိတယ်ဆိုတဲ့ နေရာမှာ သာမညအားဖြင့် ရှိတာမဟုတ်ဘဲ၊ ပစ္စုပ္ပန်အနေဖြင့် ထင်ထင်ရှားရှား ရှိနေတာကို ဆိုလိုပါတယ်၊ 'ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက်ရှိသလဲ'လို့ မေးတဲ့အခါ ကျွန်တော်က 'ရှိပါတယ်'လို့ဘဲ ပြောလိုက်တယ်၊ သို့သော် အိတ်ထဲမှာ တပြားမှ

မပါပါ၊ ကျွန်တော်က ချမ်းသာတဲ့သူမို့ အိတ်ထဲမှာ မပါပေမဲ့ ငွေတယ်လို့ ပြောလိုက်ပါတယ်၊ ဒီလိုရှိတာမျိုး အတ္ထိပစ္စည်း မခေါ်ပါ၊ အမှန်က အိတ်ထဲနှိုက်ပြီး 'ကျွန်တော့်မှာ ငွေကရှုပါတယ်' ဆိုရင် အိတ်ထဲမှာ ပါသလောက်ဟာ အတ္ထိပစ္စည်းဘဲ၊ ကိုယ်မှာမပါဘဲ အတ္ထိပစ္စည်းက ရှိတယ်လို့ မပြောနိုင်၊ တကယ့်ကို ပစ္စုပ္ပန်အနေဖြင့် ထင်ရှားရှိခြင်းမှ အတ္ထိပစ္စည်း တပ်ပါတယ်။

ဒီနေရာမှာ အတ္ထိပစ္စည်း ပယ်ပုံကား စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတဲ့ ရူပါရုံဟာ မချုပ်သေးဘဲ ထင်ရှားရှိတဲ့ ရူပါရုံဘဲ ဖြစ်ပါတယ်၊ ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတာမှာလဲ ပစ္စုပ္ပန်ရူပါရုံ အတိတ်ရူပါရုံ, အနာဂတ် ရူပါရုံလို့ရှိတဲ့ သုံးမျိုးမှာ အတိတ်ရူပါရုံမှာ မနောက ဘွဲ့ကြည့်တာနဲ့ စက္ခုဒွါရဝီထိမဖြစ်ပါ၊ အနာဂတ် ရူပါရုံကိုလဲ မျှော်ကြည့်ပါ၊ စက္ခုဝိညာဏ်စိတ် မဖြစ်ဘဲ မနောဒွါရဝီထိဘဲ ဖြစ်ပါတယ်၊ ဒါကြောင့် ရူပါရုံဟာ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့ အခါမှာ ထင်ရှားရှိတဲ့ ပစ္စုပ္ပန် ရူပါရုံကသာ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။

အဝိဂတကို အမျှားဘာသာပြန်တာက မကင်းသည့်သဘော မကင်းတရားလို့ ပြန်ကြပါတယ်၊ ဥပမာ လူတွေဟာ တချို့လှုံကြတယ်၊ လှုံကြပေမဲ့ မကင်းလို့ လှုံကြတာပါ၊ လူတယောက် အလှုံလုပ်တော့ မေးမိတယ်။

"ခင်ဗျားလှုံလိုက်တာ ဘုန်းကြီးက ဘယ်နှစ်ပါးလဲ၊ ဘယ်က ဘုန်းကြီးတွေ ပင့်သလဲ"

"ဘုန်းကြီးတော့ ၁၀-ပါး ပင့်ပါတယ်၊ မကောင်းတဲ့ဘုန်းကြီးတွေချည်းဘဲ"

"အလှုံလုပ်တာ ဘုန်းကြီး ၁၀-ပါးလဲ ပင့်တယ်ဆိုပြီး ခင်ဗျားဟာက ဘယ်နှယ့် မကောင်းတဲ့ဘုန်းကြီးလဲ"

"မကောင်းတဲ့ဘုန်းကြီးဆိုတာ ဟိုကိုယ်တော်က ကျုပ်မိန်းမကိုးကွယ်တာ၊ အဲဒီ ဘုန်းကြီးက မပင့်ရင် မကောင်းဘူး၊ အဲဒါ

ကြောင့် ပင့်ရတယ်၊ ဒီကိုယ်တော်က ကျုပ်ညီက ကိုးကွယ်တာ၊ အဲဒီဘုန်းကြီးလဲ မပင့်ရင်မကောင်းဘူး၊ အဲဒါကြောင့် ပင့်ရတယ်၊ ဟို ဘုန်းကြီးကျတော့ ကျုပ်သားကို စာသင်ပေးနေတာ၊ အဲဒီ ဘုန်းကြီးလဲ မပင့်ရင် မကောင်းဘူး၊ အဲဒါကြောင့် ပင့်ရတယ်၊ ဘုန်းကြီး ၁၀-ပါးလုံးဟာ မကောင်းလို့ ပင့်ရတာချည်းပါဘဲဗျာ" ဟု ဆိုတော့မှ ရှင်းတော့တယ်။

အဝိဂတ သူကျေးဇူးပြုတာက မကင်းတဲ့သဘောနဲ့ ကျေးဇူးပြုတာဆိုတော့ စကွဒ်ဝိညာဏ်စိတ်ဟာ ရှုပါရုံနှင့် ကင်းပြီး ဘယ်တော့မှ မဖြစ်နိုင်ပါ၊ ရှုပါရုံနှင့် ကင်းပြီး စကွဒ်ဝိညာဏ်စိတ်ဖြစ်တယ်လို့ ပရမတ္ထသဘောတရားမှာ မရှိပါ၊ ရှုပါရုံက စကွဒ်ဝိညာဏ်စိတ်အား ဘဝသံသရာတဆက်လုံးမှာ ဘယ်အခါမဆို မကင်းတဲ့သဘောနဲ့ ကျေးဇူးပြုတာပါဘဲ။

ပစ္စယနိဒ္ဒေသမှာ ပစ္စည်းတပိုင်းတစတော့ ကုန်သွားပြီ၊ ကျွန်တော်တို့ ငယ်ငယ်က ကျက်မှတ်ထားရတဲ့အဘိုင်း ဆိုကြည့်ကြစမ်းပါ။

ရှုပါရုံသည် စကွဒ်ဝိညာဏခေါတ်အား အာရမ္မဏ, ပုရေဇာဟ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဒါရုံသည် သောတဝိညာဏခေါတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဂန္ဓာရုံသည် ဃာနဝိညာဏခေါတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရသာရုံသည် ဇိဝှါဝိညာဏခေါတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏခေါတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဉ္စာရုံဖြစ်သော ရှုပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့သည် မနောခေါတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေကုန်၏။

အဲဒီလို သင်နည်းက ကျမ်းတကျမ်းကို အစ အလယ် အဆုံး စုပေါင်းပြီး ဆရာက ကြိုတင်၍ တနေ့ထဲမှာ ထည့်ပြီး သင်တဲ့နည်း ဖြစ်ပါတယ်၊ လေးပစ္စည်းလုံးမှာပါတော့ ပစ္စည်းပြိုင်လို့ ခေါ်တယ်၊ ဘုန်းကြီးတွေရဲ့ စာမေးပွဲများမှာ ထိပ်ဆုံးတန်း စာချတန်းမှာ "ရူပါရုံက စက္ခုဝိညာဏ်အား ပစ္စည်းပေါင်း ဘယ်လောက်ဖြင့် ကျေးဇူးပြုနိုင်သလဲ၊ ပစ္စည်းပြိုင်ပြပါ" လို့ ဒီလို မေးတတ်ပါတယ်။ ဒီလို ပစ္စည်းပြိုင်ပုံတွေကို ပစ္စည်းစုံတော့မှ ထပ်ပြီး ရှင်းပြပါမယ်၊ ဒီနေရာမှာတော့ ရူပါရုံက စက္ခုဝိညာဏ်စိတ်အား အာရမ္မဏပစ္စည်းတပ်တယ်လို့ ပြောရင်း အာရမ္မဏ, ပုရေ-ဇာတ, အတ္ထိ, အဝိဂတ ၄-ပစ္စည်းပြိုင်ပုံ နည်းရုံကတော့ ဒီလောက်ပါဘဲ။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ၊ဒီအပိုဒ်ရဲ့အဓိပ္ပါယ်ကို သင်တန်းအစမှာ အသေးစိတ်ရှင်းပြနေရင် သိပ်ခက်ခဲနေတတ်ပါတယ်၊ ဒါကြောင့် သင်တန်းသားတွေ သိနိုင်တဲ့နည်းနဲ့ ပဥ္စဝါရက ယူပြီး ရှင်းပြပါ့မယ်။

## ကုသိုလ် ၃-ချက်

### ၁။ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ

အာရမ္မဏမှာ ကုသလော ကုသလဿ "ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံကို ရှင်းပြပါ" ဆိုတော့ ဒါနကုသိုလ် ပြုတယ်ဆိုပါတော့၊ ဒါန မစတနာနဲ့တကွ ဖြစ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၊ သို့မဟုတ် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်နဲ့ ကုသိုလ်လုပ်ခဲ့တယ်၊ ကိုယ်လုပ်ခဲ့တဲ့ ဒါနကုသိုလ်ကို အာရုံပြုတဲ့အခါမှာ ပြုခဲ့ပြီးသော ဒါနကုသိုလ်က အာရမ္မဏပစ္စည်းတရား ဖြစ်ပါတယ်၊ ဒါနကို ပြန်ဆင်ခြင်တော့ ဆင်ခြင်တဲ့အခါမှာ ကုသိုလ် ဖြစ်ပါတယ်၊ ဆင်ခြင်တဲ့ ကုသိုလ်က အာရမ္မဏပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ လှူတဲ့ပုဂ္ဂိုလ်က စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူပါတယ်၊ ပုဗ္ဗစေတနာက အလှူ မလှူခင် ရှေးဦးစွာဖြစ်သော စေတနာပါ၊ "အလှူဖြင့် ဘယ်တော့ လှူမယ်၊ ဘာတွေ လှူလိုက်မယ်" လို့ ဒီလို ပုဗ္ဗစေတနာကို ဝိထိချရင် ကုသိုလ်ဖြစ်နေတာဘဲ၊ ဒါလဲ အကျိုးပေးတာဘဲ။

လှူဆဲခဏမှာ ဖြစ်တဲ့ ကုသိုလ်က မူဥစေတနာပါ၊ လှူပြီးတဲ့အခါကျ တော့ "တို့ လှူလိုက်တာ တသောင်းကုန် လှူခဲ့တာဘဲ၊ ဆရာတော်ကြီး တို့ဖြင့် ဘယ်ပုဂ္ဂိုလ်တို့ ကြွလာကြတာဘဲ၊ ညည့်ပရိသတ်တွေကလဲ ဘယ်သူ ဘယ်ဝါတွေ လာကြတာဘဲ" လို့ လှူခဲ့တာကို နောက်ရက်တွေမှာ ပြန်ပြီးသတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်၊ အဲဒီ ကုသိုလ်စိတ်တွေ ဖြစ်ဖြစ်နေတာကတော့ အာရမ္မဏ ပစ္စယုပ္ပန်တရားပါဘဲ၊ ရှေးဦးပြုခဲ့တဲ့ ဒါနကုသိုလ်က ထိုကုသိုလ်ကို အာရုံပြုပြီး သတိရအောက်မေ့တိုင်း ထပ် ထပ်ပြီးဖြစ်နေသော ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

## ၂။ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ

အာရမ္မဏမျိုးမှာ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပါတယ်၊ ဒီလို ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုတယ်ဆိုတာ သဟဇာတ မျိုးမှာ မရှိပါ၊ အကြောင်းအကျိုးတရားမျှားကို စဉ်းစားရင်း အာရမ္မဏ မျိုးမှာ ပါတာလား၊ သဟဇာတမျိုးမှာ ပါတာလား၊ ဥပနိဿယမျိုးမှာ ပါတာလား၊ အနန္တရမျိုးမှာ ပါတာလားဆိုတာ စဉ်းစားရပါတယ်၊ပဋ္ဌာန်း ကလဲ အကြောင်းတရား, အကျိုးတရားချည်းဘဲ ဖြစ်နေတော့ ခဲ့ပြီးပြော ရပါတယ်၊ သဟဇာတမျိုးနဲ့ အာရမ္မဏမျိုးကတော့ လောကမှာ အသုံး မျှားပါတယ်၊ "ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်တယ်၊ အကုသိုလ်ကြောင့် အကုသိုလ် ဖြစ်တယ်" ဆိုတာက သဟဇာတမျိုးလဲ ရပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အကြောင်းအမျိုးစုံတွေကို သိရအောင် အာရမ္မဏမျိုး မှာတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်လို့လဲ ဟောပါသေး တယ်။

အာရမ္မဏပစ္စည်းမှာ ဒါနကိုဘဲ ဥပမာထားပါ၊ ဒါနစေတနာ၊ ဒါန အမှု၊ သို့မဟုတ် ပရမတ္ထအားဖြင့် စေတနာပြဋ္ဌာန်းတဲ့ကုသိုလ်ကို ကိုယ်က လုပ်ခဲ့တယ်၊ ကုသိုလ်လုပ်ပြီးတဲ့ အခါမှာ ကုသိုလ်ကို ပြန်အောက်မေ့ပြီး ဒေါမနဿ နှလုံးမသာ စိတ်မချမ်းမသာဖြစ်တော့ ကုသိုလ်က အကုသိုလ် ကို အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်၊ ကျောင်း ဆောက်တယ်ဆို

ပါတော့၊ ကျောင်းဆောက်တုန်းက ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာအားဖြင့် ကုသိုလ်တွေအကုန် ဖြစ်လိုက်တာဘဲ၊ နောင်အခါကျတော့ ကျောင်းထိုင်တဲ့ ဘုန်းကြီးဖြောင့်သော်ရင်း၊ ဘေးက မိတ်ဆွေသင်္ဃာတွေကြောင့်သော်ရင်း တစုံတခုသော အကြောင်းကြောင့် ကျောင်း ဆောက်တဲ့ ကုသိုလ် အကြောင်းပြုပြီး စိတ်မချမ်းမသာ ဖြစ်တယ်၊ ဒီကျောင်းဆောက်တဲ့ ကုသိုလ်က အကုသိုလ် ဒေါမနဿစိတ်ကို အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုတယ်၊ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကို အာရုံပြုမိတိုင်း စိတ်မချမ်းသာတဲ့ ဒေါမနဿ အကုသိုလ်ဖြစ်တော့ ကုသလော အကုသလဿ ဖြစ်ပါတယ်။

အာရုံကတော့ အာရမ္မဏပစ္စည်းမှာ ကောင်းတဲ့လုပ်ငန်း အာရုံပြုပြီး ကောင်းတာလဲ ဖြစ်ပါတယ်၊ ကောင်းတဲ့လုပ်ငန်း အာရုံပြုပြီး မကောင်းတာလဲ ဖြစ်ပါတယ်၊ ကုသလော ကုသလဿ, ကုသလော အကုသလဿ ဆိုပြီး ပဉ္စဝဝိဂအာရမ္မဏပစ္စည်းမှာ အစုံဟောပါတယ်။

## ၃။ ကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

အဗျာကတ ပါဠိကို မြန်မာပြန်ရင် ရိုးရိုးက ကုသိုလ် အကုသိုလ် မဟုတ်သည့် တရားမျိုးသည် အဗျာကတပါဘဲ၊ အဘိဓမ္မာမှာ စိတ် ၈၃၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန် ၁-လို့ ပရမတ္ထတရား လေးပါးဘဲ ရှိပါတယ်၊ ကုသိုလ်က ၂၁၊ အကုသိုလ်က ၁၂၊ ပေါင်း ၃၃ ကို စိတ် ၈၃ မှ နုတ်လျှင် ဝိပါက်စိတ် ၃၆ နှင့် ကြိယာစိတ် ၂၀၊ ပေါင်း ၅၆ သော တရားမျိုးသာ ကျန်ပါတယ်၊ ဒီ ဝိပါက်နှင့် ကြိယာစိတ် ၅၆ သည် အဗျာကတ၊ ဝိပါက်နှင့် ကြိယာမှာ ယှဉ်တဲ့ စေတသိက် ၃၆ ကလဲ အဗျာကတ၊ ရုပ် ၂၈ ကလဲ အဗျာကတ၊ နိဗ္ဗာန်ကလဲ အဗျာကတ တရားချည်းပါဘဲ။

(က) ကုသိုလ်က ဝိပါက်အား ကျေးဇူးပြုတယ်ဆိုလျှင် ကုသိုလ်က အဗျာကတအား၊ (ခ) ကုသိုလ်က ကြိယာအား ကျေးဇူးပြုတယ်ဆိုလျှင် ကုသိုလ်က အဗျာကတအား၊ (ဂ) ကုသိုလ်က ရုပ်အား ကျေးဇူးပြု

တယ်ဆိုလျှင် ကုသိုလ်က အဗျာကတအား ရှုပါရုံကိုဘဲ ဖြစ်စေ, စက္ခု ပသာဒကိုဘဲဖြစ်စေ ဘယ်ရုပ်ကိုဘဲ ကျေးဇူးပြုပြု အဗျာကတကို ကျေးဇူး ပြုတာဘဲ။

ကုသိုလ်က အဗျာကတအား ကျေးဇူးပြုတဲ့အခါမှာ အဗျာကတသည် ဝိပါက်နှင့် ကြိယာဖြစ်ဘော့ ကြိယာဇောကလဲ ရဟန္တာများမှာသာ ဖြစ်ပါ တယ်၊ ရဟန္တာပုဂ္ဂိုလ်ဟာ ကုသိုလ်လုပ်ခဲ့ပြီးတော့ သူလုပ်ခဲ့တဲ့ ဒါန သီလ ကုသိုလ်ကို အောက်မေ့ပြီး ( )ဝေဂ္ဂဏာ ဆင်ခြင်တဲ့အခါမှာ မဟာ ကြိယာ ဉာဏသမ္ပယုတ်စိတ် ဖြစ်တယ်၊ သူဘဝဘာဝက လုပ်ခဲ့တဲ့ ဒါနပါရမီ, သီလပါရမီ ဆိုတဲ့ ပါရမီကုသိုလ်တွေကို အာရုံပြုပြီး ပြန်ဆင်ခြင်ရင် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ဖြစ်တဲ့အတွက် ကုသိုလ်က အဗျာကတ ကို ကျေးဇူးပြုပါတယ်။

## အကုသိုလ် ၃-ချက်

### ၀။ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ

အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံကို အကုသိုလ်လုပ်ထားတဲ့ လူတယောက်ဟာ အကုသိုလ်ဖြစ်တာသာ မျှားပါတယ်၊ ပါဏာတိပါတ လူသတ်ခဲ့တယ် ဆိုပါတော့၊ လူသတ်ခဲ့သူကယောက်ကျ မိမိပြုခဲ့တဲ့ လူသတ် မိတဲ့ အလုပ်ကို ပြန်ပြီး အောက်မေ့တိုင်း ဒေါမနဿ စိတ်မချမ်းမသာ ဖြစ်ပြီး "ငါလုပ်မိတာမှားတယ်၊ ငါလုပ်မိတာမှားလေခြင်း" လို့ အကုသိုလ် ဒေါသမူစိတ် ဖြစ်တော့ ဒိလူမှာ လူသတ်မိတဲ့ အကုသိုလ်က စိတ်မချမ်းသာမှု အကုသိုလ်ဒေါသမူစိတ်ကို ကျေးဇူးပြုတဲ့အတွက် ဒီနေရာမှာ အကုသိုလ်က အကုသိုလ်အား အာရုံမဏပစ္စည်းဖြင့် ကျေးဇူးပြုတာပါ။

### ၂။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ

အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံကတော့ အကုသိုလ်ကို လုပ်ပြီး ကုသိုလ် ဖြစ်တယ်ဆိုရင် လူမိုက် အားပေးသဘော နဲနဲ မကျဘူးလား၊ အမှန်က အာရုံမဏပစ္စည်းမှာ အကြောင်းက သဟဇာတအကြောင်းမျိုး

မဟုတ်ပါ၊ အနန္တရမျိုးလဲ မဟုတ်ပါ၊ အာရမ္မဏမျိုးဆိုတာက အကုသိုလ်ကို အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်ပါတယ်။

ကိုယ်က လူသတ်မိတယ် ဆိုပါစော့ "ငါလူသတ်မိတာက အကုသိုလ်လုပ်မိတာဘဲ" ဆိုပြီး လူသတ်မိခဲ့တဲ့ အကုသိုလ်ကို သတိရတိုင်း ဂုဏ်တော်ထပြီး ပုတီးစိပ်တယ်၊ ပုတီးစိပ်တယ်ဆိုတော့ မဟာကုသိုလ်စိတ် ဖြစ်တာပါ၊ သမထ ဘာဝနာ ပွါးတယ်ဆိုတော့ စျာန်ကုသိုလ် ဖြစ်တာပါ၊ ဒီအကုသိုလ်ကို အာရုံပြုပြီး ဒီအကုသိုလ် ပျောက်ရာ ပျောက်ကြောင်း ငါကုသိုလ် လုပ်ပေးမှာဘဲ ဆိုပြီး ပုတီးစိပ်တယ်၊ ဘာဝနာပွါးတယ်ဆိုတော့ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုနိုင်ပါတယ်၊ ဒါကတော့ အာရမ္မဏမျိုး မဟုတ်ပါ၊ ပကတူပနိဿယမျိုးပါ။

ရဟန္တာမဟုတ်သော သောတာပန် သကဒါဂါမ် အနာဂါမ် ဆိုတဲ့ အရိယာပုဂ္ဂိုလ်များမှာ သူတို့ပယ်ပြီး အကုသိုလ်ဖြစ်တဲ့ "ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတွေ ငါ့မှာ မရှိတော့ပါကလား" လို့ အာရုံပြုပြီး ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်တဲ့အခါမှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်ပါတယ်၊ ပယ်ပြီး အကုသိုလ်က ဆင်ခြင်တဲ့ကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

## ၃။ အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံကတော့ ကြိုယာတို့ ဝိပါက်တို့က အဗျာကတ တရားတွေ ဖြစ်ပါတယ်၊ အကုသိုလ်က ကြိုယာ အဗျာကတအား ဘယ်လို ကျေးဇူးပြုနိုင်သလဲဆိုလျှင် ကိလေသာမရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ သူပယ်လိုက်တဲ့ ကိလေသာတွေ အာရုံပြုပြီး "ငါ့အရင်တုံးက လောဘ, ဒေါသ, မာန, ဒိဋ္ဌိ ကိလေသာတွေ ငါ့မှာ ပြည့်ဖို့နေခဲ့တယ်၊ ယခု ငါ့မှာ မရှိတော့ပါလား" လို့ ဆင်ခြင်တဲ့အခါမှာ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ဖြစ်ပါတယ်၊ ပယ်ပြီး အကုသိုလ်ကို အာရုံပြုပြီး ကြိယာစိတ် ဖြစ်တဲ့အခါမှာ ပဥ္စဝေါရက "အရဟာ ပဟီနေကိလေဓသ ပစ္စဝေက္ခတိ" လို့ ဆိုပါတယ်၊ ရဟန္တာသည် ပယ်ပြီးကိလေသာ

ကို ပြန်ဆင်ခြင်တဲ့အခါမှာ အကုသိုလ်တရားက အဗျာကတတရားအား ကျေးဇူးပြုပါတယ်။

## အဗျာကတ ၃-ချက်

### ၁။ အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံ

အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံကတော့ ဝိပါက်ကြိယာ ရုပ် နိဗ္ဗာန်တို့သည် အဗျာကတတရားများ ဖြစ်ကြပါတယ်၊ ရူပါရုံက ရုပ်ဆိုတော့ အဗျာကတဖြစ်တယ်၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် စိတ်ဒုတိယကလဲ ဝိပါက်တွေဘဲဖြစ်ပါတယ်။ ဝိပါက်ဆိုတာကလဲ အဗျာကတဘဲဖြစ်ကော့ ရူပါရုံက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတယ်ဆိုလျှင် ရုပ်က ဝိပါက်ကို ကျေးဇူးပြုတာဖြစ်လို့ အဗျာကတက အဗျာကတအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုတာပါ။

### ၂။ အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံ

အဗျာကတက ကုသိုလ်အား ကျေးဇူးပြုတာကတော့ "စက္ခုပသာဒဆိုတဲ့ ရုပ်ဟာ မမြဲပါကလား၊ စက္ခုပသာဒ ရှိနေတာသည် ဒုက္ခပါကလား၊ အနတ္တပါကလား"လို့ စက္ခုပသာဒရုပ်ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ဆင်ခြင်တယ်ဆိုလို့ရှိရင် ပုထုဇဉ်တို့ သောတာပန်တို့ သကဒါဂါမ်တို့ အနာဂါမ်တို့က ဆင်ခြင်တဲ့စိတ်ဟာ မဟာကုသိုလ်စိတ် ဖြစ်ပါတယ်။ ဒီလို ဆင်ခြင်တာက ပစ္စဝေက္ခဏာကုသိုလ်, စက္ခုပသာဒရုပ်က အဗျာကတ, စက္ခုပသာဒရုပ်ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ဆင်ခြင်တဲ့အခါ စက္ခုပသာဒရုပ် အဗျာကတ တရားသည် ဆင်ခြင်တဲ့ မဟာကုသိုလ်စိတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

### ၃။ အဗျာကတက အကုသိုလ်အား ကျေးဇူးပြုမှုံ

အဗျာကဟက အကုသိုလ်အား ကျေးဇူးပြုပုံကတော့ စက္ခုပသာဒသည် အဗျာကတ တရား "ဒီမျက်လုံးကလေးဟာ လှလိုက်တာ" ဆိုလျှင်

ဘာစိတ်ဖြစ်သလဲ၊ လောဘစိတ် ဖြစ်ပါတယ်၊ ခန္ဓာကိုယ်ရုပ်ကြီးကြည့်ပြီး ဆံပင်ကလေး လှတယ်ဘဲ ဆိုဆို၊ လက်သည်းကလေးတွေက လှတယ်ဘဲ ဆိုဆို စက္ခု သောတ ဃာန တွေကို လှလိုက်တာလို့ တွယ်တာနှစ်သက် နေလျှင် အကုသိုလ် ဖြစ်တာပဲ၊ စက္ခုပသာဒ အဗျာကတသည် တွယ်တာမှု ဖြစ်နေတဲ့ လောဘမူ အကုသိုလ်စိတ်အား အာရမ္မကာသတ္တိဖြင့် ကျေးဇူး ပြုပါတယ်။

အာရမ္မဏပစ္စည်းကို သင်္ဂြိဟ်နည်းနဲ့ပြောတော့ သရုပ်တော့ပါနေတယ်' သရုပ်ကို ကျေတဲ့ ပုဂ္ဂိုလ်မျှားကျတော့ ဘယ်လောက် နက်နဲတယ်ဆိုတာ သိသွားပါတယ်၊ ပဋ္ဌာန်းဘကျမ်းလုံးမှာလဲ အာရမ္မဏပစ္စည်းက နက်နဲပါတယ်၊ ခု သင်တားကတော့ "သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ" အပိုဒ်ရဲ့ အဓိပ္ပါယ်ကို ပဉ္စဝဝါရနည်းနဲ့ ပစ္စယနိဒ္ဒေသကို သင်တဲ့နည်းပါဘဲ။

အာဘိဓမ္မာ သင်နေတဲ့ သူတွေဟာ ဝိပဿနာတရားကို အားထုတ်နေတာပါဘဲ၊ အာဘိဓမ္မာက အသုံးအမျိုးမျိုးချလို့ ရပါတယ်၊ ဆေးပညာဘက်လဲ အသုံးချလို့ ရတာဘဲ၊ နိုင်ငံရေးဘက် အသုံးချလဲ ရတာဘဲ၊ စီးပွါးရေးဘက် အသုံးချလဲ ရတာဘဲ၊ ကိုယ်ပိုင်ဘက် ရှိသလို အသုံးချနိုင်ပါတယ်၊ အာဘိဓမ္မာသင်ပြီးတော့ အခြားအယူဝါဒတွေ တိတ္ထင်ချင်လဲ ရတာပါဘဲ၊ ဘုရားဝါဒနဲ့ မတူအောင် ဆင်တူယိုးမှား တိတ္ထင်ချင်လဲ ရတာပါဘဲ၊ သို့သော် မြတ်စွာဘုရားက ဟောရင်းမှာ အာဘိဓမ္မာကို ဘာကြောင့် ဟောရသလဲ။

## နာမရူပ ပရိစ္ဆေဒဉာဏ်

မြတ်စွာဘုရား အာဘိဓမ္မာ ဟောရခြင်းအကြောင်း လိုရင်းအချုပ်ကတော့ သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဟောတာဘဲ ဖြစ်ပါတယ်၊ ဝိပဿနာမှာ သက္ကာယဒိဋ္ဌိက ပိုပြီး အရေးကြီးတယ် မဟုတ်လား၊ အာဘိဓမ္မာ ဆိုတာက ပုဂ္ဂိုလ်လဲမပါ၊ သတ္တဝါလဲ မပါ၊ ပညတ်တွေ မပါဘဲ "ရူပါဂုံက စက္ခုဝိညာဏ်အား အာရမ္မက ပစ္စည်းဖြင့် ကျေးဇူးပြုတယ်" ဒီလိုဘဲ လာပါ

တယ်၊ ဒီသုဒ္ဓိမဂ်မှာပါတဲ့ နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တဲ့ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်၊ ရူပါယတနံက ရုပ်တဆုံး, စက္ခုဝိညာဏခေါတုယာက နာမ်တရား, တံသမွယုတ္တာတာနဉ္စ ဓမ္မာနံက နာမ်ဆရား၊ ရုပ်နဲ့နာမ်ဘဲရှိတယ်၊ ရူပါရုံကရုပ်, မြင်တဲ့စိတ်က နာမ်ဘဲလို့ ဒီလိုပိုင်းခြားပြီး သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ကို ရအောင် ဟောတာဟာ ပဌာန်း တရားတော်ပါဘဲ။

**ယထာဘူတဉာဏ်**

ယထာဘူတဉာဏ် ဆိုတာ အမှန်ကို အမှန်အတိုင်း သိတဲ့ ဉာဏ်ကို ခေါ်တာပါ၊ "အရှိကို အရှိအတိုင်း သိရမယ်" လို့ ဟခုခေတ် လူတွေလဲ ပြောနေကြပါတယ်၊ ဒီလို အမှန်ကို အမှန်အတိုင်း သိတယ် ဆိုတာက "ရူပါရုံက စက္ခုဝိညာဏ်အား အာရုမွဏ်ပစ္စည်းနဲ့ ကျေးဇူးပြုတယ်" ဆိုတော့ ပုဂ္ဂိုလ် မပါ, သတ္တဝါ မပါ, ယောကျ်ား မပါ, မိန်းမ မပါတဲ့ တကယ့် အရှိတရားသက်သက်ဟောတာ ဖြစ်ပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမ ဆိုတာတွေက တကယ့်အရှိတရား မဟုတ်တဲ့ သဗ္ဗာန္ပညတ် သမ္မုဟပညတ် ပုဂ္ဂလပညတ်ဆိုတဲ့ ပညတ်တရားဖတ်ပါ၊ တကယ်ရှိ အမှန်ရှိတာက ရူပါရုံက ရှိပါတယ်၊ အဆင်းခေတ်ကြည့်ရင် မြင်စိတ်က ဖြစ်လာပါတယ်၊ စက္ခုဝိညာဏ် မြင်တဲ့ နာမ်တရားက အရှိတရား, ရူပါရုံ ရုပ်တရားကလဲ အရှိတရား ဆိုကော့ တကယ်ရှိတာက အဆင်းဆိုတဲ့ ရူပါရုံနဲ့ မြင်တဲ့စိတ်ပါဘဲ။

အမြင်ခံဆိုတဲ့ ဦးဇကျော်ထွတ်အမည်ကလဲ ပညတ်ပါ၊ ပုဂ္ဂိုလ်ဆိုတာကလဲ ပညတ်ပါ၊ ပညတ်ဆိုတာ တကယ်ရှိတဲ့ တရား မဟုတ်ပါ၊ တကယ်ရှိတဲ့ တရားကိုသိရင် ယထာဘူတဉာဏ်နဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သိတာပါဘဲ။

**ဓမ္မဋ္ဌိတိဉာဏ်**

ဓမ္မ=တရား+ဋ္ဌိတိ=တည်တဲ့ဉာဏ်၊ တရားပေါ်မှာ တည်တဲ့ဉာဏ်၊ ပုဂ္ဂိုလ်သတ္တဝါပေါ်မှာမမှီ၊ပုဂ္ဂိုလ် သတ္တဝါမပါ၊ ရူပါရုံရှိလို့ စက္ခုဝိညာဏ်-မြင်တဲ့စိတ်ဖြစ်တယ်၊ ဘဒ္ဒါရုံကြောင့် သောတဝိညာဏ်-ကြားတဲ့စိတ်

ဖြစ်တယ်၊ ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်=နံတဲ့စိတ်ဖြစ်တယ် စသဖြင့် သဘောတရားသက်သက်ပေါ်မှာ မူတည်ပြီး သိတဲ့ဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်ပါတယ်။

**ပစ္စယပရိဂ္ဂဟဉာဏ်**

ပစ္စယ=အကြောင်းတရား+ပရိဂ္ဂဟ=သိမ်းဆည်းသည် +ဉာဏ်က= သိခြင်း၊အကြောင်းတရားကို သိမ်းဆည်းပြီးသိသည့်ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်ပါတယ်။ ရူပါရုံနဲ့ စက္ခုဝိညာဏ်မှာ ဘယ်တရားကအကြောင်းတရားလဲ၊ ဘယ်တရားက အကျိုးတရားလဲ ဆိုတော့ ရူပါရုံက အကြောင်းတရား၊ စက္ခုဝိညာဏ်က အကျိုးတရားပါဘဲ၊ စက္ခုဝိညာဏ် မြင်စိတ်သည် ရူပါရုံကြောင့် ဖြစ်ရတယ်၊ ရူပါရုံမရှိရင် စက္ခုဝိညာဏ် မရှိနိုင်လို့ ဒီလို အကြောင်းအကျိုး အမှန်အတိုင်းသိတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။

**ပဋ္ဌာန်းသိရင် သက္ကာယဒိဋ္ဌိပြုတ်ခြင်း**

အကြောင်းအကျိုးတရားပေါ်မှာ ဒီလိုမြင်ရင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ ရှိသေးရဲ့လား၊ ပဋ္ဌာန်းသိရင်သက္ကာယဒိဋ္ဌိက သူ့အလိုလို ပြုတ်ပါတယ်၊ တရားရိပ်သာသွားပြီး တရားထိုင်လို့ 'တို့ရိပ်သာက ပိုတတ်တယ်' ဆိုတော့–တို့ရိပ်သာဆိုရင်ဘဲ ဘယ်အပေါ်မှာ မှီသလဲ ဆိုရင် သက္ကာယဒိဋ္ဌမှာ မှီနေပါတယ် 'တို့ဘုန်းကြီးက စာတတ်တယ်၊ ဟို ဘုန်းကြီးက မှားနေတယ်' လို့ ဆိုပြန်ရင်လဲ သက္ကာယဒိဋ္ဌဘဲ ဖြစ်နေပါတယ်။

စက္ခုဝိညာဏ်ခဏတုမှာ ခဏတုသဒ္ဒါလေးပါတာကိုတော့ သတိထားရမှာပါ၊ ခဏတ်ဆိုတဲ့ ခဏတုသဘောလေး ပါနေပါတယ်၊ ဒီနေရာမှာ သက္ကာယဒိဋ္ဌိပြုတ်ပုံကလေး ရှင်းပြလိုပါတယ်၊ မြင်တဲ့စိတ် ဘယ်သူ့ကြောင့် ဖြစ်သလဲဆိုတော့ ပဋ္ဌာန်းအတိုင်းပြောရင် ရူပါရုံကြောင့် ဖြစ်တယ်၊ ရူပါရုံမရှိရင် မြင်တဲ့စိတ် ရှိပါ့မလား၊ မရှိတော့ မြင်တာဟာ ငါက မြင်တာလား၊ ဘယ်သူက မြင်တာလဲ၊ ငါမြင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။

ငါမြင်တယ် ဆိုတဲ့ အခါကျတော့ ကောင်းတာ မြင်ရင် ကိစ္စမရှိ၊ မကောင်းတာမြင်ရင် 'ငါ မကောင်းတာမြင်ရလေခြင်း'လို့ ဒေါမနဿဖြစ်သွားတယ်၊ ဆက်ပြီး အကုသိုလ်စိတ်ဖြစ်သွားတယ် 'ငါ'နဲ့'မြင်'နဲ့မှာ'ငါ'က ပညတ်၊ မြင်တဲ့စိတ်က ပရမတ်၊ ပရမတ်ဆိုတာက တကယ်ရှိတယ်၊'ငါ'က ရှိရဲ့လားဆိုတော့ 'ငါ'က ရှိကို မရှိဘူး၊ သက်သက်မဲ့ ဥပါဒါန်စွဲနေတာပါ၊ အဲဒီဥပါဒါန် ငါကို ကိုယ့်ကိုယ်လို့ စွဲနေတာပါ၊ အရပ်သားတွေကို 'မြင်တာဟာ ငါမြင်တာမဟုတ်ဘူး၊ စက္ခုဝိညာဏ်က မြင်တာ' ဆိုရင် တော် တော်ရှင်းရမယ်၊ ဒီလိုသိတဲ့အသိက ပဋ္ဌာန်းကို သင်နေတော့ ဘာမှ မခက်တော့ပါ။

ငါဆိုတာ ပညတ်ပါ၊ တကယ်မရှိ၊ မြင်တဲ့စိတ် ပရမတ်ကသာ တကယ် ရှိတာ၊ ကျွန်တော်တို့မှာ 'ငါ'က ဒုက္ခပေးနေတာ 'ငါ'က တကယ်ရှိတာ မဟုတ်၊ ပညတ်သာ ဖြစ်တော့ ပညတ်က ဖြစ်စရာ ပျက်စရာမလို၊ နဂို ကမှ မရှိတဲ့တရားဆိုတော့ 'ငါ'ဆိုတဲ့တရားပေါ်မှာ ဖြစ်ပျက်မှု ရှုစရာမလို တော့ပါ၊ ပညတ်က ဖြစ်စရာ ပျက်စရာမရှိသောတရားပါ။

စက္ခုဝိညာဏ်ဓာတ် ပရမတ်ကတော့ ဖြစ်ပျက်မရှိဘူးလား၊ ရှုပါရုံရှိရင် ဖြစ်တယ်၊ ရှုပါရုံမရှိရင် ပျက်သွားတယ်ဆိုတော့ မြင်တဲ့စိတ်ကို အားကိုးစရာရှိသေးလား၊ ပြီးတော့ ဒီခန္ဓာကိုယ်မှာ မြင်တဲ့စိတ် အမြဲရှိနေသလား ဆိုတော့ အခြောင်းတိုက်ဆိုင်မှသာ ပေါ်လာတာပါ၊ဒါကိုဘဲ ငါမြင်တယ်၊ ငါမြင်တာလို့ 'အတ္တ' တော်တော်ကြီး စွဲလမ်းနေကြတယ်၊ အဲဒါကြောင့် ပညတ်နဲ့ ပရမတ်ကွဲရမယ်၊ သက္ကာယဒိဋ္ဌိပြုတ်ရမယ်ဆိုတာက 'ငါမြင်တယ်' လို့ မှတ်လိုက်မိရင် ဒုက္ခက များတော့မယ်၊ ဒါကြောင့်မို့ ဝိပဿနာ ရှုတဲ့ အခါမှာ ငါကြားတယ်၊ ငါ နံတယ်၊ ငါ စားတယ်၊ ငါ ထိတယ်၊ ငါသိတယ် ဆိုတဲ့ ဒီအမြင်ဒုက္ခတွေဟာ သက္ကာယဒိဋ္ဌိအမြင်ချည်းပါဘဲ။

အမှန်က ကြားတာက သောတဝိညာဏ်က ကြားတာ၊ နံတာက ဃာန ဝိညာဏ်က နံတာ၊ အရသာခံစားတာက ဇိဝှါဝိညာဏ်က ခံစားတာ၊ ထိတာက ကာယဝိညာဏ်က ထိတာ၊ သိတာက မဒနာဝိညာဏ်က သိတာ၊ အားလုံးသူဘာသာသူ ရှင်းနေတာပါ။

စက္ခုဝိညာဏ်က မြင်တာ၊ ငါမြင်တာမဟုတ်၊ သောတဝိညာဏ်က ကြားတာ၊ ငါကြားတာမဟုတ်၊ ငါကြားတယ်ဆိုရင် သင်္ကာယဒိဋ္ဌိ၊ သောတဝိညာဏ်က ကြားတယ်ဆိုရင် သင်္ကာယဒိဋ္ဌိပြုတ်ပါတယ်၊ ဃာနဝိညာဏ်က နံတာ၊ ငါနံတာမဟုတ်၊ ငါနံတယ်ဆိုရင် သင်္ကာယဒိဋ္ဌိ၊ ဃာနဝိညာဏ်က နံတယ်ဆိုရင် သင်္ကာယဒိဋ္ဌိပြုတ်ပါတယ်၊ ငါသိတယ်ဆိုရင် သင်္ကာယဒိဋ္ဌိ၊ မနောဝိညာဏ်က သိတယ်ဆိုရင် သင်္ကာယဒိဋ္ဌိပြုတ်ပါတယ်၊ မြတ်စွာဘုရားက အာရမ္မဏပစ္စည်းမှာ ဟောတာက–သင်္ကာယဒိဋ္ဌိပြုတ်အောင်ကိုဘဲ ငါကြားတာ ငါနံတာ ငါစားတာ ငါထိတာ ငါသိတာ မဟုတ်ဘူး၊ ရှုပါရုံကြောင့် စက္ခုဝိညာဏ်ဖြစ်ရတယ်၊ သဒ္ဒါရုံကြောင့် သောတဝိညာဏ်ဖြစ်ရတယ်၊ ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်ဖြစ်ရတယ်၊ ရသာရုံကြောင့် ဇိဝှါဝိညာဏ်ဖြစ်ရတယ်၊ ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဏ်ဖြစ်ရတယ်၊ ဓမ္မာရုံကြောင့် မနောဝိညာဏ်ဖြစ်ရတယ်လို့ အာရုံ ၆-ပါးကို ခွဲပြီး ဟောတော်မူပါတယ်။

သို့သော်လဲ ဒီဝိညာဏ်ကို အတ္တလို့ ကျွန်တော်တို့က ထင်နေကြတယ်၊ ဝိညာဏ်ကို ဇီဝအတ္တဆိုပြီး ဒီဝိညာဏ်ကို တန်ဘိုးထားနေကြပါတယ်။

## ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ

ဒီလိုဝိညာဏ်ကို ပိုင်းခြားပြီး သိတာက ဉာတပရိညာလို့ ခေါ်ပါတယ်၊ ဒီဝိညာဏ်က မြဲသလား၊ ဆိုတော့ မမြဲပါဘူး၊ ကျွန်တော်တို့ကသာ အထင်ကြီးနေကြတာပါ၊ သောတဝိညာဏ်က ကြားတဲ့အခါမှာ စက္ခုဝိညာဏ်က ရှိသေးသလား၊ မရှိတော့ပါ၊ ဃာနဝိညာဏ် နံစိတ်ဖြစ်တဲ့အခါ သောတဝိညာဏ်ရှိသေးသလား၊ မရှိတော့ပါ၊ အရသာသိတဲ့စိတ် ဖြစ်နေတဲ့အခါ နံတဲ့စိတ်က မရှိတော့ပါ၊ ထမင်းစားပဲ့မှာ စားတော့ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် အကုန်လုံးတပြိုင်နက်ဖြစ်သလို ထင်ရပါတယ်။

သို့ပေမဲ့ ဝီထိကတော့ တခုပြီးတခု ဖြစ်တာပါ၊ တခုပျက်ပြီးမှ တခုဖြစ်လာတာလို့ အဘိဓမ္မာ တတ်ပြီးတဲ့ အချိန်ကျတော့ သိလာတယ်၊ ဒီဝိညာဏ်တွေဟာ ပျက် ပျက်သွားတာပါလား၊ အသစ်အသစ်တွေ ထပ်

ဖြစ်နေပါလား။ ဒီလိုမမြဲတာကိုသိလာရင် ဆိုရဏပရိညာ၊ အနိစ္စ မမြဲတဲ့တရား၊ မမြဲတဲ့တရားဆိုတာ ဒုက္ခဘဲလို့ ဒီလိုသိတော့ အနိစ္စ ထင်တာနဲ့ ဒုက္ခထင်တာဘဲ၊ ဒီအနိစ္စ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရားကို သိမ်းပိုက်ချင်နေတဲ့ 'အတ္တ'က သိမ်းပိုက်ဆားလို့ရမလား၊ ဒါတွေအားလုံးဟာ အပျက်တရားတွေမို့ မရနိုင်ပါဘူး၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး ထင်လာတဲ့အခါမှာ တိရဏပရိညာ၊ ဒီလိုဖြစ်လာ ထင်လာတဲ့ အခါကျတော့ ဒီခန္ဓာကိုယ်ကို အကြောင်းပြုပြီး 'ငါဘဲ၊ သူဘဲ'လို့ ဒီလိုမာနတွေ ရှိပါအုံးမလား၊ ခန္ဓာကိုယ်ကြောင့် မာနမရှိတော့ပါဘူး၊ ပစ္စည်းဥစ္စာကြောင့်လဲ မာနမရှိတော့ဘူး၊ မာနမရှိထော့ဘဲ မာနကို ပယ်လိုက်တာက ပဟာနပရိညာ ဖြစ်ပါတယ်။

သူဟာသူ ပျက်နေတဲ့ ဝိညာဏ်ကို ငါလို့ သိမ်းပိုက်လို့မရ၊ အာရုံနဲ့တိုက်ဆိုင်လို့ စက္ခုဝိညာဏ် သောတဝိညာဏ်ဖြစ်လာတာပါလား၊ မတိုက်ဆိုင်ရင် အကုန်လုံး ပျက်သွားတာဘဲ ဆိုရင် ဝိညာဏ်ကို တွယ်တာတဲ့လောဘ ရှိအုံးမလား၊ လောဘကလဲ မရှိတော့ဘူး၊ သက္ကာယဒိဋ္ဌိကလဲ မရှိတော့ဘူး၊ ဒီလိုသိလာလို့ လောဘ မာန ဒိဋ္ဌိတွေကို ပယ်တာ့ကို **ပဟာန ပရိညာလို့** ခေါ်ပါတယ်။ ဒါကြောင့် **ပဋ္ဌာန်းဟာ ဝိပဿနာအစစ်ပါဘဲ**၊ အဘိဓမ္မာ၇-ကျမ်းဟာ သက္ကာယဒိဋ္ဌိ ပြုတ်သွားအောင်,ယထာဘူတဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ရောက်ရအောင် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်၊ အာရမ္မဏပစ္စည်းကတော့ ဒီလောက်ဆိုရင် တော်တော် စုံသွားပါပြီ။

# ၃။ အဓိပတိပစ္စည်း

## သင်ကြားပို့ချချက်များ

### အဓိပတိပစ္စည်း ၂-မျိုး

### (၁) သဟဇာတအဓိပတိပစ္စည်း

ပဋ္ဌာန်းကျမ်းမှာ မြတ်စွာဘုရား ပဌမဆုံးဟောတာက ဟေတုပစ္စည်း ဖြစ်ပါတယ်၊ 'ဟေတုပစ္စယော'လို့ ဟောလိုက်တာနဲ့ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် တွေကျတော့ တလောကလုံးမှာ ဟိတ် ၆-ပါးကြောင့် ရုပ်နာမ်တွေ ဖြစ် ပေါ်နေပုံကို တခါတည်း အကျယ်ခဲ့ပြီးတော့ သိသွားကြတယ်၊ ဟေတု ပစ္စယောနဲ့ မကျတ်မဲ့ နတ်,ဗြဟ္မာတွေကျတော့လဲ 'အာရမ္မဏပစ္စယော' လို့ ဟောလိုက်ဘာနဲ့ တလောကလုံးမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေ ဟာ အာရုံ ၆-ပါးကြောင့် ဖြစ်ခပါနေတာဘဲ၊ ဒီအာရုံ ၆-ပါးကို ဆင် ခြင်လိုက်တာနဲ့ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေဟာ အကျယ်ခဲ့ပြီး အားလုံးသိ သွားကြပါတယ်၊ မြတ်စွာဘုရားရှင်ဟာ သုတ္တန်မှာလဲ များသောအားဖြင့် ဒီဟိတ် ၆-ပါးကိုဘဲ ဟောတာများပါတယ်။

အကုသိုလ်တရားကို ဟောတဲ့အခါမှာ လောဘ, ဒေါသ, မောဟ ဆိုတဲ့ အကုသိုလ်ဟိတ် ၃-ပါးကိုဘဲ ဟောတာများပါတယ်၊ အဘိဓမ္မာလို အကျယ် အသေးစိတ် မဟောပါ၊ ကုသိုလ်တရားကို ဟောပြန်တော့လဲ သုတ္တန်မှာ အလောဘ, အဒေါသ, အမောဟ ကုသိုလ်ဖြစ်ခြင်းရဲ့ အကြောင်းဟာရား ဟိတ် ၃-ပါးကိုဘဲ ဟောတာများပါတယ်။

ဒီထက် ခပ်ကျယ်ကျယ် ဟောချင်တော့ သုတ္တန်မှာ ဝိပဿနာတရားဘဲ ဖြစ်ဖြစ်, ရိုးရိုးတရားများမှာဘဲ ဖြစ်ဖြစ် အာရုံ ၆-ပါးကြောင့် လူတွေဟာ ဒုက္ခရောက်နေကြတယ်၊ အာရုံ ၆-ပါးကြောင့် သံသရာမှာ လည်နေကြ တယ်ဆိုပြီး ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံ ၆-ပါးနှင့် ပတ်သက်ပြီး အာရုံ ၆-ပါးကိုဘဲ အာယတန နည်းဖြင့် သော်၎င်း, ဓာတ်နည်းဖြင့် သော်၎င်း အကျယ်ခဲ့ပြီး ဟောပါတယ်။

သုတ္တန်မှာ အာရမ္မဏပစ္စယဖြစ်သော်လည်း သက်ဆိုင်တဲ့ သုတ်ပေါင်းများစွာ ပါဝင်ပြီးနေပါတယ်၊ ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်း ဒီနှစ်ပစ္စည်းကို သုတ္တန်မှာ အများဆုံးဟောကြားပါတယ်။

**အဓိပတိပစ္စယော**မှာ အဓိပတိဆိုတဲ့ စကားလုံးကို အဓိပတိ=အကြီးအမှူးလို့ မြန်မာလို ပြန်ဆိုကြပါတယ်၊ ဣန္ဒြိယပစ္စယောမှာလဲ ဣန္ဒြိယ=အစိုးရခြင်းလို့ အဓိပ္ပါယ် ဖေးပြန်ပါတယ်၊ ထိုးပြိုင် နှိုးပြိုင် အုပ်စိုးတဲ့ မင်းများလို အစိုးရခြင်းက ဣန္ဒြိယပစ္စည်း ဖြစ်ပါတယ်။ စကြာမင်းတို့လို အတုမရှိသောမင်း၊ ပြိုင်ဘက်မရှိတဲ့မင်း အဲဒီလိုအုပ်စိုးတဲ့ ပစ္စည်းမျိုးကို အဓိပတိပစ္စည်းလို့ ပြန်ဆိုပါတယ်။

အဓိပတိပစ္စည်းမှာ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာလို့ ၄-ချက် ရှိပါတယ်၊ 'ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ-ပစ္စယေန ပစ္စယော' အဓိပတိပစ္စည်းမှာ သဟဇာတ+အဓိပတိ၊ ပါဠိကို ပေါင်းလိုက်တဲ့အခါ သဟဇာတာဓိပတိ, အာရမ္မဏ+အဓိပတိ ပေါင်းလိုက်တဲ့အခါ အာရမ္မဏာဓိပတိလို့ အဓိပတိပစ္စည်းနှစ်မျိုး ရှိပါတယ်။

**သဟဇာတနှင့် အာရမ္မဏ**

ပဋ္ဌာန်းမှာ ဖောကြောင်းတရား အကျိုးတရားယူပုံက သဟဇာတမျိုးနဲ့ အကြောင်း အကျိုးယူပုံ, အာရမ္မဏမျိုးနဲ့ အကြောင်း အကျိုးယူပုံ အများကြီး ကဲ့ပြားပါတယ်။

ဟေတုပစ္စည်းက သဟဇာတမျိုးဆိုတော့ အတူတကွဖြစ်တဲ့ တရားများကို ကျေးဇူးပြုပါတယ်။ ဥပမာ— လောဘဆိုရင် လောဘနှင့် အတူတကွဖြစ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်ဆိုတဲ့ တရားတွေကို သူကကျေးဇူးပြုပါတယ်၊ သူနဲ့အတူတကွ မဖြစ်တဲ့ ဒေါသနဲ့အတူဖြစ်တဲ့ တရားတွေ, မောဟနဲ့ အတူဖြစ်တဲ့ တရားဓတ္တုကိုတော့ ကျေးဇူးမပြုပါ၊ အတူတကွ ဖြစ်ပေါ်ဖြစ်ဖက် တရားတွေကိုသာ ကျေးဇူးပြုတာက သဟဇာတမျိုးဆိုတော့ အာရမ္မဏပစ္စည်းမျိုးနဲ့ သဟဇာတပစ္စည်းမျိုးမှာ အများကြီး ကဲ့သွားပါတယ်။

အာရမ္မဏပစ္စည်းမှာက အာရုံက အကြောင်း၊ အာရုံကို အာရုံပြုပြီး ဖြစ်တဲ့ စိတ် စေတသိက်တို့ကအကျိုး၊ အာရုံနှင့် အာရမ္မဏိက တရားဟာ အတူဘက္ခဖြစ်တယ်လို့ မဆိုနိုင်ပါ။ ရူပါရုံဟာ စက္ခုဝိညာဏ် မဖြစ်ခင် စိတ္တက္ခဏ ၁၂-ချက်က စဖြစ်တယ်။ စက္ခုဝိညာဏ်စိတ်က နောက်မှ ဖြစ်ပါတယ်၊အကြောင်းနှင့်အကျိုး ဥပါဒ်, ဌိ, ဘင် အားဖြင့် အတူတကွ ပြိုင်ဖြစ်တယ်လို့ မဆိုနိုင်တော့ အာရမ္မဏမျိုးနဲ့ သဟဇာတမျိုးမှာ အမျှားကြီး ကွာခြားသွားပါတယ်။

**၁။ ဆန္ဒာဓိပတိ=အဓိပတိထိုက်သော ဆန္ဒ**

အဓိပတိ ထိုက်သောဆန္ဒ, မထိုက်သော ဆန္ဒလို့ ဆန္ဒက နှစ်မျိုးရှိပါတယ်၊ စားစကား အဘိဓမ္မာစကားနဲ့ ပြောမယ်ဆိုရင် ရှေးဆရာကြီးများက အဓိပတိတပ်သောဆန္ဒ၊ အဓိပတိမတပ်သောဆန္ဒ၊ တပ်သည် မတပ်သည် ဆိုတာက အဓိပတိထိုက်တယ်၊ မထိုက်တယ်ဆိုတာပါဘဲ။

ဆန္ဒဆိုတာကတော့ ဘုရားဖြစ်ချင်တဲ့ ဆန္ဒရှိသူက ရှိတယ်၊ သူဌေးဖြစ်ချင်တဲ့ ဆန္ဒရှိသူက ရှိမယ်၊ မင်းဖြစ်ချင်သူ၊ စစ်ဗိုလ်ချုပ်ကြီး ဖြစ်ချင်သူဆိုပြီး လူတွေမှာ ဆန္ဒအမျိုးမျိုး ရှိကြတယ်၊ အချို့မှာ ဆန္ဒကဖြစ်ချင်တာဘဲ ရှိတယ်၊ တချို့သူဌေးဖြစ်ချင်တယ်၊ ဖြစ်ချင်ပေမဲ့ သူဌေးဖြစ်ရာ ဖြစ်ကြောင်း ဘာမှစုန့်စုန့်စားစား မလုပ်လို့ သူ့ဆန္ဒက အဓိပတိထိုက်တဲ့ ဆန္ဒမဟုတ်ပါ၊အဓိပတိထိုက်တဲ့ ဆန္ဒဆိုတာက တခုခုဖြစ်ချင်ရင် အိပ်လဲ ဒီဆန္ဒ၊ သွားလဲ ဒီဆန္ဒ၊စားလဲ ဒီဆန္ဒ၊အလုပ်တခုကို သူဖြစ်ချင်သောပန်းတိုင်တခု မရောက်မချင်း အားလုံးရှိသမျှ စွန့်လွှတ်သည့်ဆန္ဒမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘုရားလောင်းများရဲ့ ဖြစ်စဉ် ၅၅၀-ဇာတ်တော်များမှာ ပြထားပါတယ်။ ဘုရားလောင်းတို့မည်သည် ဘုရားဖြစ်ချင်သည့် သူ့ဆန္ဒအလျောက် ဘုရားသာဖြစ်မယ်ဆိုရင် မီးပုံထဲခုန်ချဆိုရင် ခုန်ချတယ်၊ ပင်လယ်ထဲခုန်ချရမလား ခုန်ချမယ်၊ ဘာဘဲဖြစ်ဖြစ် ဘုရားသာ ဖြစ်မယ်ဆိုရင် အကုန်လုံးစွန့်လွှတ်ရဲတဲ့ ဆန္ဒမျိုးရှိပါတယ်၊ဘုရားအလောင်းဟာ သူဖြစ်တဲ့ဘဝများစွာမှာ ကမ္ဘာသူ ကမ္ဘာသားအားလုံးရဲ့ ကောင်းကျိုးဆိုရင်

အားလုံးကုန် စုန့်လွှတ်သည့် ဆန္ဒမျိုး အမြဲတမ်းရှိပါတယ်၊ အဲဒီဆန္ဒမျိုး ဟာ အဓိပတိထိုက်တဲ့ ဆန္ဒမျိုးဖြစ်ပါတယ်။

ဆန္ဒာဓိပတိ ပစ္စည်းမှာ ဆန္ဒသမ္မယုတ္တကာနံ=ဆန္ဒနှင့်ယှဉ်ကုန်သော ဓမ္မာနံ=စိတ် စေတသိက်ဆိုတော့ သင်္ဂြိဟ်မှာ ရှိုးရိုးဆန္ဒစေတသိက်နှင့် ယှဉ်သော စိတ်ပေါင်းက ၆၉-ခု ရှိပါတယ်၊ အဟိတ်စိတ် ၁၈-နှင့် မောဟမူစိတ် ၂၊ လိုစိတ်ပေါင်း ၂၀-မှာ ဆန္ဒကမယှဉ်တော့ စိတ် ၈၉-၂၀= ၆၉-မှာ လောဘမူ ၈+ဒေါသမူ ၂+ကာမာဝစရစိတ် ၂၄+မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅၊ ပေါင်း ၆၉-ဖြစ်ပါတယ်။

ဆန္ဒသမ္မယုတ္တကာနံ=ဆန္ဒနှင့်ယှဉ်သော စိတ် ၆၉-လုံးမှာရှိတဲ့ ဆန္ဒ အားလုံးသည် အဓိပတိ ထိုက်သလား၊ သင်္ဂြိဟ်သမုစ္စည်းပိုင်းမှာ အဓိ ပတိကို ဟိတ် ၂-ပါးနှင့်ယှဉ်သော ဒုဟိတ်ဇော၊ ဟိတ် ၃-ပါးနှင့်ယှဉ်သော တိဟိတ်ဇောမှာသာ အဓိပတိထိုက်တယ်လို့ ဆိုပါတယ်၊ ဇောပေါင်း ၅၅-ခုမှာ ဟသိတုပ္ပါဒ်နှင့် မောဟမူဇော ၃-ခုက အဓိပတိမထိုက်တော့ ဇောက ၅၂-ခုသာ ကျန်ပါတယ်၊ အဲဒီဇော ၅၂-ခုကို သာဓိပတိဇော ၅၂-လို့ ပဋ္ဌာန်းအရကောက်မှာ ဆိုပါတယ်။

**ဆန္ဒနှင့် စိတ္တဇရုပ်**

ဆန္ဒသမ္မယုတ္တကာနံ=ဆန္ဒနှင့်ယှဉ်ကုန်သော၊ ဓမ္မာနံ=ဆန္ဒဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၅၀-တို့အားဝင်း၊ တံသမုဋ္ဌာနာနံ=ထိုဆန္ဒ ဆန္ဒနှင့် ယှဉ်သော စိတ် စေတသိက်ကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ=သာဓိပတိ စိတ္တဇရုပ်တို့အားဝင်း-လို့ ဟောတော်မူတဲ့နေရာမှာ ဘယ်လိုစိတ္တဇရုပ်လဲ၊ အဓိပတိကြောင့်ဖြစ်တဲ့ သာဓိပတိ စိတ္တဇရုပ်ဟာ ရိုးရိုးဆန္ဒကြောင့်ဖြစ်တဲ့ ရုပ်နဲ့မတူပါ။

တကမ္ဘာလုံး လူတွေ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေကြဟာ စိတ်ကြောင့် ဖြစ်လာရတဲ့ စိတ္တဇရုပ်တွေပါဘဲ၊ စိတ်ကြောင့်ဖြစ်တယ်ဆိုတော့ လောဘ စိတ်ကြောင့် ပြေးနေကြတယ်၊ ဒေါသစိတ်ကြောင့် ပြေးနေကြတယ်၊ ဓမောဟစိတ်ကြောင့် ပြေးနေကြတယ်၊ ကုသိုလ်လုပ်ရင်လဲ အလောဘ

စိတ်ကြောင့် ပြေးနေကြတယ်၊ အခေါသ အမောဟ စိတ်ကြောင့် ပြေးနေကြတယ်၊ ဟိတ် ၆-ပါးနဲ့ယှဉ်တဲ့ စိတ်တွေကြောင့် လူတွေဟာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ပြေးနေကြပါတယ်၊ ဒါက ဟေတုပစ္စည်းအရ ပြောတာပါ။ အဓိပတိပစ္စည်းကျမှတော့ ဟိတ် ၆-ပါးက မလာတော့ပါ။

ဘာဖြစ်လို့ လူတွေ လှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေကြသလဲ၊ အဓိပတိပစ္စည်းနဲ့ ပြောတော့ ဆန္ဒခကြောင့် ဖြစ်နေကြတယ်လို့ ပြောရပါတယ်၊ သာဓိပတိဇောမှာက ကုသိုလ် အကုသိုလ် ထူးနေးတော့ မကောင်းတာလုပ်ချင်တဲ့ သူကလဲ ဆန္ဒကြောင့် စီတ္တဇရုပ်တွေ ဖြစ်နေတယ်၊ ကောင်းတာလုပ်ချင်တဲ့သူကလဲ ဆန္ဒကြောင့်ဘဲ စီတ္တဇရုပ်ဝေ့ဖြစ်နေတယ်။ သာဓိပတိစိတ္တဇရုပ်ဆိုတဲ့ အဓိပတိဆန္ဒကြောင့် ဖြစ်တဲ့ရုပ်က ထင်ရှားပါတယ်။ ရိုးရိုးရုပ်က အလုပ်မလုပ်ပေမဲ့ ဆန္ဒာဓိပတိကြောင့် ဖြစ်တဲ့ရုပ်က သိပ်ပြီးအလုပ်လုပ်ပါတယ်။

ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဆိုပြီး ခန္ဓာကိုယ်မှာရုပ် ၄-မျိုး ရှိတဲ့အနက်က ကမ္မဇရုပ်ဟာ အမြဲရှိတယ်လို့ ထင်ရတယ်၊ ကမ္မဇရုပ်တွေကလဲ တကယ်တော့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အမြဲပျက်နေဟာဘဲ၊ တရားအားထုတ်တဲ့ အခါမှာ ကမ္မဇရုပ်ကို ဖြစ်ပျက်ရှုရန် မလွယ်ပါ၊ စိတ္တဇရုပ်ကို ဖြစ်ပျက်ရှုရင် ဖြစ်ပျက်မြင်သွယ်ပါတယ်၊ စိတ္တဇရုပ်ဆိုတော့ ဒေါသစိတ်ဖြစ်ရင် ရုပ်ကော တမျိုးပြောင်းသွားတယ်၊ လောဘစိတ်ဖြစ်ရင် ရုပ်က ဘမျိုးပြောင်းသွားတယ်၊ ဘုရားရှိခိုးပြီး စိတ်ကကြည်နူးနေရင် ရုပ်က တမျိုးပြောင်းသွားတယ်၊ ရုပ်အစဉ် ပြောင်းလဲသွားတာ ပဌမရုပ် ပျက်သွားပြီး ဒုတိယရုပ်ဖြစ်လာတာ ဒီစိတ္တဇရုပ်ကို ဝိပဿနာရှုလို့ လွယ်ပါတယ်။

ဆန္ဒက ဥတုဇရုပ်နဲ့ အာဟာရဇရုပ်ကိုတော့ မဖြစ်စေနိုင်ပါ၊ ဥတုဇရုပ်ဆိုတာက နေပူထဲသွားရင် ရုပ်ကတမျိုး၊ မနေ့ကရုပ်နဲ့ ဒီနေ့ရုပ်မတူပါ၊ သိပ်ပြီးနေပူတော့ ရုပ်က မကြည်လင်လှဘူး၊ ဒီဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလဲ ဝိပဿနာရှုရင် လွယ်ပါတယ်။

အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ကတော့ ပိုပြီးရှင်းပါတယ်၊ ထမင်းမစားရသေးရင် ဆာလောင်နေတော့ မျက်နှာကညှိုးပြီး ရုပ်က တမျိုးဖြစ်နေတယ်၊ ကောင်းတဲ့အာဟာရ စားရရင် ကြိုက်တာမျှားစားရရင် ရုပ်က ပြုံးပြီးကြည်လင်နေတော့ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်အစဉ်ပြောင်းလဲပုံက ပိုပြီးထင်ရှားပါတယ်။

'ဆန္ဒာဓိပတိ ဆန္ဒသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဆိုတာက နာမ်ရုပ်တွေဟာ ဆန္ဒကြောင့် ဖြစ်ပေါ်နိုင်ထယ်လို့ ဆိုတာပါဘဲ။ သွားလာလှုပ်ရှားနေကြတဲ့ သတ္တဝါတွေရဲ့ ခန္ဓာမှာဖြစ်နေတဲ့ နာမ်ရုပ်တွေဟာ အားလုံး ဆန္ဒကြောင့်ဖြစ်နေကဲ့ နာမ်ရုပ်ပါဘဲ၊ မြတ်စွာဘုရားက အဓိပတိထိုက်တဲ့ ဆန္ဒကြောင့်ဖြစ်တဲ့ နာမ်ရုပ်ကို တိတိကျကျ ပိုင်းခြားပြီး ဟောခဲ့ပါတယ်။

**ဆန္ဒနှင့် လောဘစေတသိက်**

ဆန္ဒဟာ ဘယ်စေတသိက်မှာ ပါသလဲဆိုတော့ ပကိဏ်းစေတသိက်မှာ ပါပါတယ်၊ ကုသိုလ် စေတသိက်လဲ မဟုတ်၊ အကုသိုလ် စေတသိက်လဲ မဟုတ်၊ ကုသိုလ်ဘက်လဲပါ၊ အကုသိုလ်ဘက်လဲပါတဲ့ ၂-ဘက်ရ စေတသိက်ဖြစ်တဲ့ပြင် ဆန္ဒဟာ အဓိပတိ ထိုက်ပါတယ်။

လောဘက အဓိပတိထိုက်သလား၊ လောဘဟာ သိပ်ဆိုးတယ်လို့ ပြောနေကြပေမဲ့ လောဘက အဓိပတိမဟုတ်ပါ၊ တကယ့်သဘောတရား မှာ ဆန္ဒနဲ့လောဘ ဘယ်တရားက အားကြီးသလဲဆိုရင် ပဋ္ဌာန်းအလိုအားဖြင့် ဆန္ဒက အားကြီးပါတယ်၊ လောဘကြီးတာက ကြောက်စရာမကောင်းလှုပါ၊ ဆန္ဒကြီးတာက ကြောက်စရာပါ၊ ကမ္ဘာကြီး မျိုးပြုတ်သွားအောင် စစ်တိုက်ကြတာဟာ မကောင်းတဲ့ဆန္ဒတွေပါ၊ သူဆန္ဒက မကောင်းတဲ့ဆန္ဒဆိုတော့ ကမ္ဘာကို ချမ်းသာအောင် လုပ်တယ်ဆိုပေမဲ့ သူချမ်းသာအောင် လုပ်ဘာက တကမ္ဘာလုံးကို မီးရှို့ချင်ရှို့မယ်၊ကောင်းတဲ့ဆန္ဒဆိုတာကတော့ ဘုရားလောင်းတို့ဆန္ဒမျိုး၊ တကယ်ကို တကမ္ဘာလုံး ချမ်းသာအောင် လုပ်တဲ့ ဆန္ဒမျိုးပါ။

လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ် စေတသိက်ထဲမှာ အဓိပတိ ထိုက်တဲ့တရား မရှိပါ၊ ဆန္ဒအားနှင့် လောဘအားမှာ ဆန္ဒက သာပြီး အားကြီးပါတယ်၊ ဆန္ဒဟာ အကုသိုလ်လဲမဟုတ်၊ ကုသိုလ်လဲမဟုတ်ဆိုပေမဲ့ အကုသိုလ်နဲ့ပေါင်းရင် အကုသိုလ်စေတသိက် ဖြစ်သွားတယ်၊ ကုသိုလ်နဲ့ ပေါင်းရင်လဲ ကုသိုလ်စေတသိက် ဖြစ်သွားပါတယ်၊ ဆန္ဒက နှစ်ဘက်ရ စေတသိက်ဖြင့်တဲ့အတွက် ပယ်ရမည့် တရားမျှားဖြစ်တဲ့ လောဘ, ဒေါသ, မာန, ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တရားတွေကို ပယ်မယ်ဆိုရင် ဆန္ဒကသာ အားကောင်းမည် ဆိုပါက ဒီအကုသိုလ်တွေကို ပယ်လို့ရပါတယ်၊ ဒါကြောင့်လဲ ဆန္ဒဟာ အဓိပတိ ထိုက်ပါတယ်။

## ၂။ ဝီရိယာဓိပတိ-အဓိပတိထိုက်သော ဝီရိယ

'ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော' ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ=ဝီရိယနဲ့ ယှဉ်ကုန်သောစိတ်စေတသိက်တို့အားလို့ ဆိုတဲ့အခါမှာ သင်္ဂြိဟ်သရုပ်နဲ့ ပြောရရင် ဝီရိယယှဉ်တဲ့စိတ်က ၇၃၊ ဝီရိယနဲ့ မယှဉ်တဲ့စိတ်က ၁၆-ခု ရှိပါတယ်၊ ဝီထိထဲမှာပါတဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေး, သန္တီရဏ ၃, ဒွေး ပဉ္စဝိညာဏ် ၁၀၊ အားလုံး ၁၆-ခုသောစိတ်မှာ စက္ခုဝိညာဏ်ဒွေးက အဆင်းနဲ့တိုက်ဆိုင်ရင် မြင်တယ်၊ သောတဝိညာဏ်ဒွေးက အသံနဲ့တိုက်ဆိုင်ရင် ကြားတယ်၊ ဃာနဝိညာဏ်ဒွေးက အနံ့နဲ့တိုက်ဆိုင်ရင် နံတယ်၊ ဇိဝှါဝိညာဏ်ဒွေးက ရသနဲ့ထိရင် အရသာသိတယ်၊ ကာယဝိညာဏ်ဒွေးကလဲ ကိုယ်နဲ့ထိတွေ့ရင် သိတယ်၊ ဒီစိတ်တွေမှာ ဝီရိယမလိုပါ။ ပဉ္စဒ္ဒါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏတို့က ဝီထိတခုမှာ မြင်အောင် အာရုံကိုဆင်ခြင်တယ်၊ အာရုံကို ခံပေးတယ်၊ အာရုံကို စုံစမ်းတယ်ဆိုတော့ သူတို့က စက္ခုဝိညာဏ်ထက် ဝီရိယအလုပ်က ပိုနဲပါသေးတယ်၊ ဒါကြောင့် အဲဒီစိတ် ၁၆-ခုမှာ ဝီရိယက မယှဉ်ပါ။

တခါ ဝီရိယနဲ့ယှဉ်တဲ့စိတ် ၇၃-မှာ အဟိတ်စိတ်, မဟာဝိပါက်စိတ်, မဟဂ္ဂုတ် ဝိပါက်စိတ်တို့က အဓိပတိ မထိုက်တဲ့အတွက် ဇော ၅၅-ထဲမှ

ဟသီတုပ္ပါဒ်အဟိတ်ဇောနဲ့ မောဟမူဒ္ဒေး ကေဟိတ်ဆိုတဲ့ ဇော ၃-ခုကြဉ်တဲ့ သာဓိပတိဇော ၅၂-နဲ့ ယှဉ်သည့် ဝီရိယကသာ အဓိပတိထိုက်ပါတယ်၊ သာဓိပတိ ဇောကို လူတိုင်းနားလည်အောင် ပြောရလျှင် အဓိပတိထိုက်တဲ့ ကုသိုလ်နဲ့ အကုသိုလ် ဇောပါဘဲ၊ ဝီရိယက ကုသိုလ် စေတသိက်လဲ မဟုတ်၊ အကုသိုလ် စေတသိက်လဲ မဟုတ်၊ နှစ်ဘက်ရတဲ့ ပကိဏ်း စေတသိက်ဖြစ်တဲ့အတွက် အကုသိုလ် လုပ်တဲ့အခါမှာလဲ ဝီရိယ အဓိပတိထိုက်တယ်၊ ကုသိုလ်လုပ်တဲ့ အခါမှာလဲ ဝီရိယ အဓိပတိထိုက်ပါတယ်။

အဓိပတိ ထိုက်တယ်ဆိုတဲ့ ဝီရိယဆိုတာမျိုးက လူတွေဟာ ကြိုးစားကြတယ်၊ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ကြိုးစားကြတယ်၊ ကြိုးစားကြပေမဲ့ အဓိပတိထိုက်တဲ့ ဝီရိယမျိုးကျတော့ သူဟာ သူဌေးဖြစ်ချင်တယ်၊ သူ သူဌေးမဖြစ်သေးရင် ၇-ရက်လဲ မအိပ်ဘဲ နေလို့ရတယ်၊ တလလဲ မအိပ်ဘဲ နေလို့ရတယ်။

ကောင်းတဲ့အလုပ် လုပ်တဲ့အခါလဲ ဒီအတိုင်းပါဘဲ၊ အဓိပတိထိုက်တဲ့ ဝီရိယမျိုးနဲ့ တရားအားထုတ်ရင် တရား တကယ်ရနိုင်ပါတယ်၊ တကယ့် ပုဂ္ဂိုလ်ထူးတော့, သူဌေးကြီးဖြစ်တဲ့သူ, ခေါင်းဆောင်ကြီးဖြစ်တဲ့သူ, ရဟန္တာဖြစ်သွားသူများမှာက သူများနှင့် ဝီရိယမတူကြပါ၊ တကယ်ကြိုးကျယ်တဲ့ ပုဂ္ဂိုလ်များမှာ သူတို့အလုပ်လုပ်ကြတာက ညဉ့်သုံးယံ တယံဘဲ အိပ်ကြပါတယ်။

ကုသိုလ်ဘဲလုပ်လုပ်၊ အကုသိုလ်ဘဲလုပ်လုပ် အဓိပတိထိုက်တဲ့ ဝီရိယကြောင့်ဖြစ်တဲ့ နာမ်ရုပ်ဆိုတာ မောတယ် ပန်းတယ်မရှိပါ၊ ဘာဘဲလုပ်ရလုပ်ရ မြင်းမိုရ်တောင်လဲ ဖြိုမှာဘဲ၊သူမှာ ခက်ခဲတယ်ဆိုတာမရှိပါ၊သမုဒ္ဒရာထဲက ရေကို ကုန်အောင် ပက်ဆိုလဲ ပက်မှာဘဲ၊ ရန်ကုန်မြို့ကြီး တမြို့လုံးမှာ ခြင်တကောင် မွှက်တကောင်မရှိဘဲ သန့်ရှင်းသွားအောင် ၇-ရက်အတွင်း လုပ်ဆိုလဲ ချက်ခြင်းလုပ်မှာပါဘဲ၊ 'မဖြစ်နိုင်ဘူး' ဆိုတာက အဓိပတိထိုက်တဲ့ ဝီရိယမျိုးမဟုတ်ပါ၊ သူစိတ်ထဲမှာ ဘာဘဲဖြစ်ဖြစ် ဖြစ်ရမယ်ဆိုဟာ အဓိပတိထိုက်တဲ့ ဝီရိယပါဘဲ။

အဓိပတိပစ္စည်းမှာ အဓိပတိ ၄-ခု ရှိတော့ ၄-ခုလုံး တပြိုင်နက် အဓိပတိတပ်လို့မရပါ၊ အဓိပတိအဓိပ္ပါယ်က 'မင်း' ဖြစ်ရင်လဲ တဦးထဲအုပ်စိုးရပါတယ်။ တလောကလုံး စကြာမင်းတယောက်ထဲ အုပ်စိုးသလို နှစ်ယောက် ပြိုင်လို့မရသလို ဆန္ဒအဓိပတိတပ်တဲ့အခါ ဝီရိယလဲ ပါပါတယ်၊ သို့သော် ဝီရိယက ပစ္စယုပ္ပန်ထဲမှာ ရောက်နေတယ်၊ ဝီရိယက နောက်လိုက်ဘဲ လုပ်ရမယ်၊ ဆန္ဒစောတဲ့ ပုဂ္ဂိုလ်တယောက်မှာ ဆန္ဒက ခေါင်းဆောင်နေပါတယ်၊ ဆန္ဒက ခိုင်းသမျှ ဝီရိယက လုပ်ရပါတယ်၊ ဝီရိယအဓိပတိတပ်တဲ့အခါ ဆန္ဒက ပစ္စယုပ္ပန်ဆိုတော့ နောက်လိုက်ဖြစ်သွားတယ်၊ ဝီရိယက ခိုင်းသလို ဆန္ဒက လုပ်ရတယ်၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန် ရှုပ်တရှားနဲ့ နာမ်တရားတွေဟာ တပြိုင်နက် သဟဇာတ အတူတကွ ဝီရိယကြောင့် ဖြစ်နေကြရပါတယ်။

## ၃။ စိတ္တာဓိပတိ=အဓိပတိ ထိုက်သောစိတ်

'စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော' စိတ္တာဓိပတိမှာ စိတ် ၈၉-ခုလုံး အဓိပတိထိုက်သလား၊ အဘိဓမ္မာက မူချထားတာက ဇော ၅၅-မှာပါတဲ့ တိဟိတ်ဇောနဲ့ ဒ္ဝိဟိတ်ဇော ၅၂-ကသာ အဓိပတိထိုက်ပါတယ်၊ တိဟိတ်နဲ့ဒ္ဝိဟိတ်ဇောတွေကလဲ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်ဖြစ်နေတော့ အကုသိုလ်စိတ်မှာ အဓိပတိတပ်နိုင်တာက မောဟမူစိတ်မပါတော့ လောဘမူစိတ်နဲ့ ဒေါသမူစိတ်ပါဘဲ၊ အကုသိုလ်ထဲက မောဟမူစိတ်မှာ ဝိစိကိစ္ဆာစိတ်က သို့ဇလာ သို့လော ဟုတ်ပါ့မလားဆိုတဲ့စိတ်, ဥဒ္ဓစ္စစိတ်ကတော့ ယောင်လယ်လယ် ပို့လွှင့်နေတဲ့စိတ်ဆိုတော့ မောဟမူဟာ သူ့သဘောတရားအရ အဓိပတိ မထိုက်နိုင်ပါ။

အဟိတ်စိတ် ၁၈-ကလဲ ဟိတ်မရှိတဲ့စိတ်၊ အာရုံနဲ့တိုက်ဆိုင်လာမှုဖြစ်တဲ့စိတ်ဆိုတော့ အဓိပတိမဆိုက်နိုင်ပါ။ လောကီဝိပါက်စိတ်များမှာကလဲ ရှေးက လုပ်ခဲ့တဲ့ အကြောင်းကြောင့် အကျိုးတရားပေါ်လာပြီး ခံစားမှုပေါ်တယ်၊ တမင်တကာလုပ်တဲ့ စိတ်မျိုးမဟုတ်တော့ ဝိပါက်စိတ်များကလဲ အဓိပတိမထိုက်ပါ၊ ဒီတော့ ဂ၁ဝစရကုသိုလ်ကြိယာနဲ့ မဟဂ္ဂုတ်ကုသိုလ်

ကြိယာစိတ်များသာ အဓိပတိထိုက်ပါတယ်၊ လောကုတ္တရာ စိတ်ဆော့ကတော့ အာကုန်လုံး အဓိပတိထိုက်ပါတယ်။

အရပ်ထဲမှာ ပြောကြတယ်၊ 'ခင်ဗျား ဆန္ဒမစောစမ်းပါနဲ့၊ ခင်ဗျား ဆန္ဒစောလွန်းတယ်'ဆိုတာက ဆန္ဒအဓိပတိ မတပ်နဲ့လို့ ပြောတာပါ၊ 'စိတ် မစောပါနဲ့' စိတ်စောလွန်းအားကြီးတယ် ဆိုတာကလဲ စိတ္တာဓိပတိကို ပြောတာပါ၊ လောဘစိတ်ပြင်းထန်ရင် လောဘစိတ်က စိတ္တာဓိပတိ တပ်သွားတယ်၊ ဒေါသစိတ်ပြင်းထန်ရင်လဲ ဒေါသစိတ်က စိတ္တာဓိပတိ တပ်သွားတော့ တခြားစိတ်တွေက နောက်လိုက်ဖြစ်ရတာပါဘဲ။

**၄။ ဝီမံသာဓိပတိ=အဓိပတိ ထိုက်သောပညာ**

"ဝီမံသာဓိပတိ ဝီမံသသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော' ဝီမံသအဓိပတိကို ဟောတဲ့အခါမှာ ပညာလို့ မဟောပေမဲ့ ပညာကိုဘဲ ဝီမံသ-လို့ ဆိုပါတယ်၊ သဒ္ဒါနည်းအားဖြင့် ပ+ဉ=အပြားအားဖြင့် သိတယ်၊ ဝီမံသကို စူးစမ်းဆင်ခြင်မှုလို့ မြန်မာ ပြန်ပါတယ်၊ ဝီမံသဟာ ပညာစေတသိက်ဖြစ်တဲ့အတွက် သင်္ဂဟ်အရ ပြောရရင် ကာမာဝစရဉာဏသမ္ပယုတ်စိတ် ၁၂-နှင့် မဟဂ္ဂုတ် လောကုတ္တရာ စိတ် ၃၅၊ ပေါင်း ၄၇-မှာ ပညာက ယှဉ်ပါတယ်။

ပညာမှာ အဓိပတိထိုက်တဲ့ပညာနဲ့ အဓိပတိမထိုက်တဲ့ပညာလို့ နှစ်မျိုးရှိပါတယ်။ တိဟိတ်ဇောမှာ မဟာကုသိုလ်နှင့် မဟာကြိယာဉာဏသမ္ပယုတ် ဆိုတဲ့ ကာမာဝစရဖိတ်က ၈-ခု၊ မဟဂ္ဂုတ်မှ ကုသိုလ် ၉-ခု၊ ကြိယာ ၉-ခု၊ လောကုတ္တရာ ၈-ခု၊ ပေါင်း ၃၄-မှာ ယှဉ်တဲ့ပညာကသာ အဓိပတိ ထိုက်ပါတယ်။

ဝီမံသာဓိပတိ=အဓိပတိဘိထိုက်သောပညာသည်၊ ဂီမံသသမ္မယုတ္တကာနံ ဓမ္မာနံ=တိဟိတ်ဇော ၃၄-ခု, ပညာမှကျန်သည့် စေတသိက် ၃၇-တို့အား ၎င်း၊ တံသမုဋ္ဌာနာနံ=ထို တိဟိတ်ပညာ တိဟိတ်ပညာနှင့် ယှဉ်သည့် စိတ် စေတသိက်တို့ကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ=သာဓိပတိစိတ္တဇရုပ်တို့အား၎င်း၊ အဓိပတိပစ္စယေန ပစ္စယော=အဓိပတိပစ္စည်းဖြင့် ကျေးဇူး

ပြုပါတယ်၊ ပညာက ဆန္ဒ, ဝီရိယ, စိတ်တို့နဲ့ အဓိပတိပစ္စည်းမှာ နဲနဲကွဲပြားနေပါတယ်၊ အာကုသိုလ်ဇောမှာ ပညာက မရှိပါ၊ ပညာက ကောင်းတဲ့နေထုမှာသာ ပါတယ်၊ ဆန္ဒ, ဝီရိယ, စိတ်တို့ကတော့ မကောင်းတဲ့အလုပ်တွေမှာလဲ အဓိပတိတပ်ပါတယ်၊ မကောင်းတဲ့လုပ်ငန်းမှာ အဓိပတိတပ်တော့ ပညာက မပါတဲ့အတွက် ပိုပြီးဆိုးသွားတယ်၊ ပညာမပါဘဲ ဆန္ဒစေတိုင်း စိတ်စေတိုင်းလုပ်ရင် မှားကြတာပါဘဲ။

ဝီရိယမှာလဲ ကောင်းတဲ့ ဝီရိယ, မကောင်းတဲ့ ဝီရိယရှိပါတယ်၊ မကောင်းတဲ့ဝီရိယမှာလဲ မိမိခန္ဓာကိုယ်ကို စွန့်လွှတ်နိုင်တယ်၊ အကုန်လုံးရှိသမျှ စွန့်လွှတ်ပြီး ကြိုးစားဘို့ အဆင်သင့်ဘဲဆိုရင် အဓိပတိ ထိုက်ပါတယ်၊ တရားသွားအားထုတ်ရာမှာ တနေရာထဲ တည်ထဲသေချင်သေပါစေ၊ ဒီလိုအားထုတ်နိုင်ပေမဲ့ လမ်းမမှန်တော့ ပညာမပါတော့ ဝီရိယအဓိပတိထိုက်တဲ့အတွက် သိပ်ပြီးဆိုးသွားတယ်၊ ဒါကြောင့် မကောင်းတဲ့နေရာမှာ ဆန္ဒတို့, ဝီရိယတို့, စိတ်တို့ အဓိပတိဖြစ်ရင် ပိုပြီးဆိုးသွားပါတယ်။

အဓိပတိဆိုတာက ခေါင်းဆောင်ဆိုတဲ့အတိုင်း ဝီမံသာဓိပတိ=ပညာကိုသာ ခေါင်းဆောင်တင်ပါ၊ ပညာခေါင်းဆောင်တော့ ပညာနဲ့အတူယှဉ်တဲ့ဇောကလဲ သန့်ရှင်းတဲ့တိဟိတ်ဇော, စေတသိက်ကလဲ တိဟိတ်စေတသိက်, သာဓိပတိစိတ္တဇရုပ်ကလဲ ပညာကြောင့် ဖြစ်တဲ့ ရုပ်ဆိုတော့ မကောင်းတဲ့ရုပ်နာမ် မဖြစ်နိုင်ဘူး၊ ပညာကြောင့် လုပ်တဲ့အလုပ်ဟာ အကောင်းချည်းပါဘဲ၊ မိမိလုပ်တဲ့အလုပ်ဟာ ရုပ်နာမ်တွေ ဒုက္ခရောက်ဆင်းရဲနေသလား၊ ရုပ်နာမ်ဆင်းရဲပင်ပန်းနေရင် ပညာမိပတိတပ်ပြီးလုပ်တဲ့ ပစ္စယုပ္ပန်အကျိုးတရား မဟုတ်ပါ၊ တရားအားထုတ်တဲ့အခါ ပဋ္ဌာန်းနဲ့ကြည့်ရင် ရှင်းပါတယ်၊ရုပ်နာမ်ဟာ ချမ်းသာအေးမြကြည်လင်ပြီးဖြစ်ပေါ်လာရင် တကယ့်ဝိပဿနာပညာနဲ့ယှဉ်တဲ့ ရုပ်နာမ်ပါဘဲ။

သဟဇာတာဓိပတိဆိုတာကတော့ ပဋ္ဌာန်းမှာ အရေးကြီးဆုံးပါဘဲ၊ ဟိတ် ၆-ပါးထဲက အဓိပတိတပ်တဲ့တရား စစ်ကြည့်တော့ အပေါဟာတခုထဲ အဓိပတိမှာ ပါပါတယ်၊ လောဘ ဒေါသ မောဟတွေ့ မပါပါ၊ ဒါကြောင့် လောဘ ဒေါသဆိုတာက အဓိပတိနဲ့ကြည့်ရင် ဆန္ဒလောက်

ကြောက်စရာမကောင်းပါ၊ အလောဘ အဒေါသဆိုတာက ကောင်းပင် ကောင်းသော်လဲ အဓိပတိမထိုက်တော့ အဓိပတိထိုက်တဲ့ 'အမောဟ'ဆိုတဲ့ ဝိမံသပညာနဲ့ပေါင်းမှ အားကောင်းပါတယ်။

ဒါကြောင့် တရားသဘောတွေကို အာရမ္မဏပစ္စည်းနဲ့ယှဉ်ကြည့်ရမယ်၊ ဟေတုပစ္စည်းနဲ့ယှဉ်ကြည့်ရမယ်၊ အဓိပတိပစ္စည်းနဲ့ယှဉ်ကြည့်ရမယ်၊ အဓိပတိပစ္စည်းအကြောင်းအကျိုးယူပုံ, အာရမ္မဏအမျိုးယူပုံနဲ့ သဟဇာတမျိုးယူပုံ တော်တော်ကဲပါတယ်၊ သဟဇာတာဓိပတိပစ္စည်းကတော့ ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ။

## (၂) အာရမ္မဏအဓိပတိပစ္စည်း

အာရမ္မဏာဓိပတိဆိုတာက အာရုံ ၆-ပါးကို အာရုံပြုတဲ့နေရာမှာ အလေးအမြတ်အာရုံဖြစ်တဲ့ အာရုံ ၆-ပါးနဲ့ သာမညအာရုံဖြစ်တဲ့ အာရုံ ၆-ပါးရယ်လို့ နှစ်မျိုးရှိပါတယ်။ အာရမ္မဏပစ္စယောဆိုတဲ့ သာမညအာရုံဖြစ်တဲ့ အာရုံ ၆-ပါး အာရမ္မဏပစ္စည်းတရား က စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, နိဗ္ဗာန်, ပညတ်ဆိုတဲ့ ရှိသမျှတရားအားလုံးဘဲ ဖြစ်ပါတယ်။

### အာရမ္မဏာဓိပတိပစ္စည်းတရား

### (က) စိတ် ၈၄

အာရမ္မဏအာဓိပတိပစ္စည်းကျတော့ အာရုံ ၆-ပါးမှာ အလေးအမြတ် အာရုံပြုမှတဲ့ အာရုံမျိုးဆိုတော့ စိတ် ၈၉-မှာ ၈၄-ဘဲ အာရမ္မဏာဓိပတိပစ္စည်းဆိုက်ပါတယ်။ ဒေါသမူစိတ် ၂, မောဟမူစိတ် ၂-နဲ့ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် ၁-ဆိုတဲ့ စိတ် ၅-ခုဟာ သူတို့ရဲ့ သဘောသဘာဝအားဖြင့် အလေးအနက်အာရုံပြုလို့ မရပါ၊ အာရုံပြုလို့ မဖြစ်တဲ့အတွက် အာရမ္မဏအာဓိပတိ မထိုက်ပါ၊ ဥပမာ—ဒေါသမူဆိုရင် ဒေါသဖြစ်ခဲ့တဲ့ စိတ်ကို အလေးအနက်အာရုံပြုလို့ မရပါ၊ ဒေါသစိတ်ကို ကြီးတယ်လို့သာ တင်ရတယ်၊ ဒေါသဖြစ်ခဲ့တဲ့စိတ်ကို လေးလေးနက်နက်ပြန်ပြီး အာရမ္မဏာဓိပတိပစ္စည်းနဲ့ အာရုံပြုလို့ မရပါ၊ မောဟမူကလဲ မသိတဲ့စိတ်, မိုက်မဲ

တွေ့ဝေတဲ့စိတ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ဆိုတာကလဲ အဟိတ်စိတ်၊ သူက နာတာ ကျင်တာ ဒုက္ခဖြစ်နေတာကို သိနေတဲ့စိတ်ဆိုတော့ သူတို့ကိုလဲ လေးလေးနက်နက်အာရုံပြုလို့ မရပါ၊ ဒါကြောင့် စိတ် ၈၉-မှာ အဲဒီ ၅-လုံးသော စိတ်နှုတ်ပြီး ကျန်စိတ် ၈၄-မှာဘဲ အာရမ္မဏာဓိပတိ ထိုက်ပါတယ်။

## (ခ) စေတသိက် ၎၇

စေတသိက်ကျတော့ ဒေါသမူစိတ် မပါတဲ့အတွက် ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စနဲ့ မောဟမူစိတ်မှ ဝိစိကိစ္ဆာ ၅-လုံးကြဉ်တဲ့ ၎၇-ခုသော စေတသိက်မှာဘဲ အာရမ္မဏာဓိပတိထိုက်ပါတယ်၊ ဒီဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စနဲ့ ဝိစိကိစ္ဆာဆိုတဲ့ စေတသိက်တွေကိုလဲ အလေးအနက် အာရုံပြုလို့ မရပါ၊ အာရုံပြုလို့ရတယ်ဆိုတာက တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များတော့ သိပါတယ်၊ ဖြစ်ပေါ်လာတဲ့စိတ်ကို ပြန်ပြီး အာရုံပြုတာပါ၊ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဝိပါက်စိတ်တို့ကို ပြန်ပြီးအာရုံပြုလို့ ရတာကို ဆိုလိုပါတယ်။

## (ဂ) ဣဋ္ဌနိဗ္ဗန္ဓရုပ် ၁၈

ရုပ်ကျပြန်တော့လဲ ဖြစ်သမျှသောရုပ် ၂၈-ခုလုံးကို လေးလေးနက်နက် အာရုံပြုလို့ မရပါ၊ ရုပ်ဆိုတာက နိဗ္ဗန္ဓရုပ် ၁၈-ခုနဲ့ အနိဗ္ဗန္ဓရုပ် ၁၀ ရှိပါတယ်၊ တနည်းအားဖြင့် သဘာဝရုပ်နဲ့ အသဘာဝရုပ်လို့ ရှိပါတယ်၊ သိးခြေး သဘောလက္ခဏာရှိတဲ့ ရုပ်ကို နိဗ္ဗန္ဓရုပ်လို့ ခေါ်ပါတယ်၊ ကာယ-ဝိညတ် ဝစီဝိညတ် စတဲ့ ဝိကာရရုပ်တွေကတော့ နိဗ္ဗန္ဓရုပ်တို့ရဲ့ အမူအရာဖြစ်တော့ သူတို့မှာ သိးခြေးသဘောသဘာဝမရှိပါ။ ဒါ့ကြောင့် အနိဗ္ဗန္ဓရုပ်လို့ ခေါ်ပါတယ်၊ အာရုံဂါးပါးဟာ သိးခြေးသဘာဝရှိတဲ့ နိဗ္ဗန္ဓရုပ်ပါဘဲ၊ ဒါပေမဲ့ အဲဒီရုပ်ဓတ္တုထဲမှာ ဣဋ္ဌ-အလိုရှိအပ်တဲ့ ရူပါရုံနဲ့ အနိဋ္ဌ-အလိုမရှိအပ်တဲ့ ရူပါရုံလို့ နှစ်မျိုးရှိတော့ လူတွေက ဣဋ္ဌရူပါရုံဆိုတဲ့ ကောင်းတဲ့ ရူပါရုံ လှတဲ့ရူပါရုံ တင့်တယ်တဲ့ရူပါရုံကိုသာ လိုချင်တာပါ၊ "ဒီရူပါရုံဟာ မျက်စိထဲက မထွက်ပါဘူး" ဆိုတော့ အာရမ္မဏာဓိပတိ ဖြစ်နေကာပါ၊

'ဒီအသံကလဲ နားထဲက မထွက်၊ အမြဲတမ်းကြားနေတာဘဲ' ဆိုတာကလဲ အာမိပတိထိုက်တဲ့ ဣဋ္ဌသဒ္ဒါရုံပါ၊ ဒီလိုအနံ့မျိုး တခါနံဘူးရင် ဒီအနံ့မျိုး နေထုတကာ နံတယ်လို့ ထင်နေတယ် စဲ့နေတယ်၊ ကိုယ် အလွန်သဘောကျတဲ့ ဂန္ဓာရုံဖြစ်တော့ လေးလေးနက်နက် အာရုံပြုလို့ရတော့ စဲ့နေတော့ အာမိပတိပစ္စည်းထိုက်တဲ့ ဂန္ဓာရုံပါဘဲ၊ ဘုရားကို အလွန်ကြည်ညိုသူတဦးက မြတ်စွာဘုရား တည်းဟူသော ရူပါရုံကို အာရုံပြုပြီး သူဘယ်သူ့းသူ့း မြတ်စွာဘုရားကိုသာ မြင်နေတယ်လို့ ဖြစ်နေတာက အဓိပတိထိုက်တဲ့ ဣဋ္ဌရူပါရုံပါဘဲ၊ ဒီလို ကောင်းတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အစရှိတဲ့ နိပ္ပန္နရုပ်မျိုးမှာ ကောင်းတဲ့ ဣဋ္ဌရုပ်တို့ကတော့ အာရမ္မဏာဓိပတိ ထိုက်ပါတယ်။

ဝတ္ထုကြောင်းနဲ့ ပြောရရင် မန္တလေး သက္ကသီဟဘုရား အနောက်မုခ်မှာ ပန်းချီရေးထားတာ အရင်တုန်းကတော့ ရှိပါတယ်။ ဘုရားလောင်းဟာ ရှင်ဘုရင်ဖြစ်မယ်လို့ ပစ္စေကဗုဒ္ဓါက မိန့်ကြားလိုက်တော့ သူသူ့းရမဲ့ သဲကန္တာရလမ်းမှာက ဘီလူးတွေချည်းဘဲ ရှိတယ်၊ ကန္တာရကို ဖြတ်ပြီးသွားရမှာဆိုတော့ ဘုရားလောင်းဟာ အင်မတန် သတ္တိကောင်းတဲ့ လူငါးယောက်ကို ရွေးပြီး သူနဲ့အတူ ခေါ်သွားတယ်၊ သူရှင်ဘုရင်ဖြစ်မယ့် တိုင်းပြည်ကို သူ့းရမယ်ဆိုတော့ အဲဒီ လူငါးဦးကို အဦးအစကဘဲ ပြောသွားပါတယ်၊ "ဒီကန္တာရခရီးမှာ တခြားဘာမျှ မရှိဘူး၊ ဘီလူးတွေသာ ရှိတယ်၊ ဘာကိုဘဲတွေ့တွေ့ သူတို့ဖြားယောင်းရင် မပါကြနဲ့" လို့ ဒီလို ပြောသွားပေမဲ့ ရူပါရုံကို အဓိပတိတပ်တဲ့ လူတယောက်က အရင်ကျန်ရစ်ခဲ့တယ်၊ နောက် သဒ္ဒါရုံမှာ တယောက်ကျန်နေခဲ့တယ်၊ ဂန္ဓာရုံမှာ တယောက် ကျန်နေခဲ့တယ်၊ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတွေမှာလဲ ကျန်နေခဲ့ကြလို့ နောက်ဆုံး ဘုရားလောင်း တယောက်ထဲ အဲဒီတိုင်းပြည်ကို ရောက်သွားတယ်။

ဒါပေမဲ့ ဘီလူးမက ခလေးပိုက်ပြီး ဘုရားလောင်းကို သွေ့လင်ပါဆိုပြီး လိုက်လာတယ်၊ အဲဒီကိုင်းပြည်ရဲ့ ဇရပ်ပေါ်မှာနေတော့ ဘုရားမလောင်းမှာ ပရိတ်ကြိုး ပရိတ်ရေတွေ့ပါတာနဲ့ ဘီလူးမ အနားကတော့

ကပ်လို့မရဘူး၊ ရှင်ဘုရင်လဲ တိုင်းခန်း လှည့်လည်လာတဲ့အခါ သီပ်ပြီး သဘောကျတော့ မေးပါတယ်၊ ဘီလူးမဆိုတာ သူတို့ဖန်ဆင်းထားရင် နတ်သမီးလောက် လှတာပါ၊ ဘီလူးမက သူ့ယောကျ်ားပါလို့ ပြောပေမဲ့ ဘုရားလောင်းကို မေးတဲ့အခါ 'ဒါ ဘီလူးမ၊ သူနဲ့ ဘာမှမဆိုင်ဘူး' လို့ ဆိုတော့ ရှင်ဘုရင်ကို သံတော်ဦးတင်တဲ့အခါမှာ သိမ်းပိုက်ပြီး မိဖုရား မြှောက်လိုက်ပါတယ်၊ ဘီလူးမက ညဉ့်ကျတော့ တမြို့လုံး အပိုင်စား တောင်းပါတယ်၊ နောက်ဆုံး နှစ်သိမ့်သည့်သဘောနှင့် နန်းတော်တွင်း အပိုင်စား ပေးလိုက်တဲ့အတွက် နန်းတော်ကွင်း ရှိသမျှလူအားလုံးကို ညဉ့်တွင်းချင်း အကုန်လုံး စားပစ်လိုက်ပါတယ်၊ ဒီဝတ္ထုမှာက အာရုံငါးပါးမှာ ကုဋ္ဌရူပါရုံ အစရှိတဲ့ ကုဋ္ဌနိပ္ဖန္နရုပ်တွေဟာ အာရမ္မဏာဓိပတိ ပစ္စည်းထိုက်တဲ့ အကြောင်းပါဘဲ။

## (ဃ) နိဗ္ဗာန်

နိဗ္ဗာန်သည် သာမညအာရုံ မဟုတ်တဲ့အတွက် အာရမ္မဏာဓိပတိပစ္စည်း ထိုက်ပါတယ်၊ နိဗ္ဗာန်ကို အာရုံပြုဘူးတဲ့ပုဂ္ဂိုလ်ဟာ ရှုပါရုံ သဒ္ဒါရုံစဲ့သလို နိဗ္ဗာန် တည်းဟူသော အာရုံက ကြီးကျယ် ကောင်းမြတ်လှတဲ့ အတွက် အလွန်စဲ့တဲ့ အာရုံတခုပါဘဲ။

### အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်အကျိုးတရား

### (က) ဝိတ် ၂၀

အာရမ္မဏပစ္စည်းမှာ ပစ္စယုပ္ပန်အကျိုးတရားက စိတ်အားလုံး စေတသိက်အားလုံးကို ရနိုင်တယ်၊ အာရမ္မဏာဓိပတိ၏ ပစ္စယုပ္ပန် အကျိုးတရားကကော့ စိတ်က လောဘမူစိတ် ၈၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ (မဟာကြိယာဉာဏဝိပ္ပယုတ် မပါ)၊ လောကုတ္တရာစိတ် ၈၊ ပေါင်း ၂၀-ခုဘဲ ရှိပါဘယ်၊ အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏာဓိပတိပစ္စည်းတရား ယှဉ်ကြည့်တဲ့အခါ အဓိပတိမထိုက်တဲ့ တရားနဲ့ ထိုက်တဲ့တရား ပေါ်လွင်ပါတယ်၊ ပစ္စယုပ္ပန်အကျိုးတရားတွေ

ကျတော့ ပိုပြီး ကဲသွားပါတယ်၊ ပဋ္ဌာန်းက အသေးစိတ်ရင် သင်္ဂြိဟ်သရုပ်ကဲမှ အဓိပ္ပါယ်လေးနက် သဘောပေါက်ပါတယ်။

ဒေါသမူစိတ်နဲ့ မောဟမူစိတ်ကို အဓိပတိအားဖြင့် လေးလေးနက်နက် အာရုံပြုလို့ မရတဲ့အတွက် အာရမ္မဏာဓိပတိပစ္စည်းတရားထဲမှာ ဒေါသမူစိတ်နဲ့ မောဟမူစိတ်ဟာ မပါ ပါ။

မဟာကုသိုလ်စိတ် ၈-ခုဖြစ်တဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-နဲ့ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခုမှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်က အာရဟတ္တမဂ်နဲ့ အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ဘဲ အရဟတ္တမဂ်နဲ့ အရဟတ္တဖိုလ်ကြဉ်သော စိတ်ပေါင်း ၇၇-ထိအောင် အာရုံ ပြုနိုင်ပါတယ်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ကတော့ လောကုတ္တရာကို အာရုံမပြုနိုင်ဘဲ လောကီကိုသာ အာရုံပြုနိုင်ပါတယ်၊ မဟာကုသိုလ် ၈-ခုလုံးဟာ အာရမ္မဏာဓိပတိပစ္စည်းတရားရဲ့ ပစ္စယုပ္ပန် အကျိုးတရားမှာ ပါသော်လဲ မဟာကြိယာဉာဏသမ္ပယုတ် ၄-နဲ့ မဟာကြိယာဉာဏဝိပ္ပယုတ် ၄-မှာ မဟာကြိယာဉာဏသမ္ပယုတ် ၄-ကသာ အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန် အကျိုးတရားမှာ ပါပါတယ်၊ ဉာဏဝိပ္ပယုတ် ၄-က မပါပါ။ ပဋ္ဌာန်းမှာ နက်နဲတယ်ဆိုတာက ဒီသဘောတရားမျိုးပါဘဲ၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်က ဖြစ်ရာပုဂ္ဂိုလ်များမှာ ဘုရား ရဟန္တာသာ ဖြစ်ပါတယ်။ စိတ်၏ သဘောအားဖြင့် ကြိယာဉာဏဝိပ္ပယုတ်စိတ်က အာရုံပြုနိုင်တာက လောကီကိုသာ အာရုံပြုနိုင်ပါတယ်။ ဘုရား ရဟန္တာတွေမှာက လောကီကို အဓိပတိအားဖြင့် လေးလေးနက်နက် အာရုံပြုခြင်း မရှိတော့ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုကို ပစ္စယုပ္ပန် ကသာ ထဲမှာ နုတ်ထားရပါတယ်။

ပုထုဇဉ်နဲ့ သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတဲ့ သေက္ခပုဂ္ဂိုလ်တို့မှာတော့ မဟာကုသိုလ်ဉာဏသမ္ပယုတ် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် နှစ်မျိုးလုံး ဖြစ်နိုင်ပါတယ်။ ပုထုဇဉ်တို့ဟာ လောကီကို လေးလေးနက်နက် အဓိပတိအားဖြင့် အာရုံပြုနိုင်တော့ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်ကို အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ ထည့်နိုင်ပါတယ်။

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုတဲ့အဟုတ် အရိယာပုဂ္ဂိုလ်များ၏ စိတ်ဖြစ်တော့ အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန် ဖြစ်နိုင်ပါတယ်။

## (ခ) စေတသိက် ၎၅

အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်တရားဖြစ်တဲ့ စေတသိက်မှာက ဒေါသ, ကုက္ကာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပဟမညာ စေတသိက် ၇ လုံးကို စေတသိက်ပေါင်း ၅၂-ခုမှ နုတ်တော့ စေတသိက် ၎၅-ဘဲ အဓိပတိထိုက်ပါတယ်။

### အာရမ္မဏနှင့် အာရမ္မဏာဓိပတိ မတူပုံ

အာရမ္မဏာဓိပတိပစ္စည်းနဲ့ အာရမ္မဏပစ္စည်းတို့၏ ပစ္စည်း ပစ္စယုပ္ပန်ချင်း မတူနိုင်ရခြင်းမှာ အာရမ္မဏာဓိပတိဆိုတာက လေးလေးနက်နက် အာရုံပြုတဲ့ ပစ္စည်းတရား ပစ္စယုပ္ပန်တရားဖြစ်လို့ ပဋ္ဌာဝါရနည်းနဲ့ ယှဉ်ကြည့်တဲ့အခါအမှီပြုပြီယ် ပေါ်လွင်ပါတယ်၊ အာရမ္မဏပစ္စည်းမှာ ပဋ္ဌာဝါရ အရ ကုသလော ကုသလဿ, ကုသလော အကုသလဿ, ကုသလော အဗျာကတဿ ဆိုတဲ့ ၃-ချက်မှာ ကုသိုလ်က ကုသိုလ်, အကုသိုလ်, အဗျာကတကို ကျေးဇူးပြုတယ်၊ အကုသိုလ်က အကုသိုလ်, ကုသိုလ်, အဗျာကတကို ကျေးဇူးပြုတယ်၊ အဗျာကတက အဗျာကတ, ကုသိုလ်, အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတော့ အာရမ္မဏာ ရိုးရိုးက ၃-ခုလုံးကို အာရုံပြုနိုင်ပေမဲ့ အာရမ္မဏာဓိပတိကျတော့ ၂-ချက်သာ အာရုံပြုနိုင်ပါတယ်၊ အဲဒီ ၂-ချက် အာရုံပြုပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

### ကုသိုလ် ၃-ချက်

**၁။ ကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုခြင်း**

အာရမ္မဏာဓိပတိမှာ 'ကုသလော ကုသလဿ' ကုသိုလ်က ကုသိုလ်ကို အာရမ္မဏာဓိပတိပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အာရမ္မဏ ရိုးရိုးတုန်းက လိုဘဲ ဥပမာအားဖြင့် ဒါနပြုထားတဲ့ ကုသိုလ်စိတ်မှာ ကိုယ့်ဒါနကို လေး

လေးနက်နက် အာရုံပြုဆင်ခြင်ရင် မဟာကုသိုလ်စိတ် ထပ်မံဖြစ်ပါတယ်၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များက ကိုယ်ပြုတဲ့ ဒါန ကိုယ်ဆောက်တည်တဲ့ သီလကို အာရုံပြုလျှင် ဆင်ခြင်လျှင် ကိုယ့်ဘာသာ သိပ်ပြီးတော့ လေးလေးနက်နက် အာရုံပြုပြီး ဆင်ခြင်တဲ့အခါမှာ ပြုခဲ့တဲ့ ဒါနကုသိုလ်က အာရုံပြုပြီး ဆင်ခြင်တဲ့ ကုသိုလ်အား ကုသလော ကုသလဿ ပဋ္ဌာဝါရ အရ ကုသိုလ်က ကုသိုလ်ကို အဓိပတိပစ္စည်းအားဖြင့် ကျေးဇူးပြုပါတယ်။

၂။ အကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုခြင်း

ကုသိုလ်က အကုသိုလ်အား ဆိုတော့ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကို အာရုံပြုပြီး လောဘဖြစ်တဲ့အခါ, ဒိဋ္ဌိဖြစ်တဲ့အခါ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာဘဲ၊ အာရုံမဏာဓိပတိမှာ ကိုယ်ပြုခဲ့တဲ့ ကြီးကျယ်တဲ့ ကုသိုလ်ကို အာရုံပြုပြီး 'ငါလို လူ့နိုင်တာက ဗမာပြည်မှာရှိသေးသလား' ဆိုတော့ ဒီလိုစိတ်က မာနစိတ်ဖြစ်တယ်၊ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကို အာရုံပြုပြီး မာနလဲ ဖြစ်နိုင်တယ်၊ အယူအဆလွဲမှားလျှင် ဒိဋ္ဌိလဲဖြစ်နိုင်ပါတယ်၊ ကိုယ်သင်ကြားထားတဲ့ အဘိဓမ္မာတွေကို အာရုံပြုပြီး 'ငါလို အဘိမမ္မာ တတ်သူ မရှိပါဘူး' လို့ ဒီလို အကုသိုလ်မာနလဲဖြစ်နိုင်တော့ မိမိ၏ မမှန်ဒါန ကုသိုလ်ကို အာရုံပြုပြီး အကုသိုလ်မာန ဖြစ်တဲ့အတွက် ကုသလော အကုသလဿ မှာလဲ အာရုံမဏာဓိပတိ ရပါတယ်။

၃။ အဗျာကတက ကုသိုလ်ကို လေးလေးနက်နက် အာရုံပြုခြင်း

ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာမှာ အဗျာကတဆိုတာက ရုပ် ဝိပါက် ကြိယာ တရားများ ဖြစ်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ် သန္တာန်မှာ ကြိယာဘဲ ဖြစ်ပါတယ်၊ ရဟန္တာမှာ သူရခဲ့တဲ့ အရဟတ္တမဂ်ဆိုတဲ့ မဂ်ကုသိုလ်စိတ်ကို ပြန်ဆင်ခြင်တဲ့အခါ သူသန္တာန်မှာ ရဟန္တာဖြစ်လို့ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ဖြစ်ပါတယ်၊ အဲဒီစိတ်က အဗျာကတ တရားဖြစ်တော့ ရဟန္တာမှာရခဲ့တဲ့ အရဟတ္တမဂ်ကုသိုလ်သည် သူ့ဆင်ခြင်တဲ့ မဟာကြိယာဉာဏသမ္ပယုတ်စိတ်ကို အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ အာရမ္မဏာဓိပတိမှာ ကုသိုလ်သုံးချက်လုံးမှာ ရပါတယ်။

## အကုသိုလ် ၃-ချက်

### ၁။ အကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် အာရုံပြုခြင်း

အကုသိုလ်ကို အာရုံပြုပြီးတော့ အကုသိုလ် အဓိပတိ တပ်နိုင်သလား ဆိုတော့ ပဥ္စာဝါရက ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကို အလေးအနက် အာရုံပြုပြီး အကုသိုလ်ထပ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဥပမာ–ကိုယ့်မှာ ပစ္စည်းဥစ္စာ ရှာဖွေရင်း လောဘစိတ် ဖြစ်ခဲ့တယ်၊ အဲဒီ ပစ္စည်းကို လိုချင်တဲ့ လောဘနဲ့ ရအောင်ရှာဖွေပြီး လုပ်ခဲ့လို့ မိမိ လုပ်ခဲ့တဲ့အလုပ်ကို အလွန် သဘောကျ ကျေနပ်ပြီး 'ငါဘယ်တုန်းကဖြစ်ခဲ့တဲ့ လောဘက ကောင်းလေစ့၊ အဲဒီလောဘရှိခဲ့လို့ ငါ့မှာပစ္စည်းဥစ္စာ စုဆောင်းရခဲ့တယ်၊ အဲဒီလို လောဘနဲ့ ငါ လုပ်ဦးမှဘဲ' လို့ မိမိ ဖြစ်ခဲ့ဘူးတဲ့ လောဘကို အာရုံပြုပြီး နောက်တခါထပ်ပြီး လောဘ ဖြစ်တယ်၊ ဒါမှမဟုတ်လဲ မာနတို့၊ ဒိဋ္ဌိတို့ ဖြစ်တယ်၊ ပဥ္စာဝါရမှာ 'ဆုဂံ ဂရုံ ကတ္တာ တံ အဿာဒေတိ အဘိနန္ဒတိ' လို့ ဟောထားပါတယ်၊ ကိုယ်ဖြစ်ခဲ့တဲ့ ဆုဂကို လေးလေးနက်နက် အာရုံပြုပြီး ထပ်၍ ဆုဂကို ပြန်ပြီး သာယာတယ်၊ နှစ်သက်တယ်ဆိုရင် ဖြစ်ပြီးတဲ့ ဆုဂက လေးလေးနက်နက် သာယာတဲ့ လောဘမူ အကုသိုလ်စိတ်ကို ကျေးဇူးပြုတယ်၊ အကုသလော အကုသလသမှာ အာဝမ္မဏာဓိပတိ ပစ္စည်း ရပါတယ်။

### ၂။ ကုသိုလ်က အကုသိုလ်ကို အာရုံပြုနိုင်သလား

အကုသိုလ်ကို အလေးအနက် အာရုံပြုပြီး ကုသိုလ် ဖြစ်နိုင်သလားဆိုတော့ အာဝမ္မဏာဓိပတိမှာ အကုသိုလ်ကို ကုသိုလ်က လေးလေးနက်နက် အာရုံပြုနိုင်တယ်လို့ ဘုရားရှင်က မဟောခဲ့ပါ၊ အကုသိုလ်ဆိုတဲ့ သဘောတရားကို ကုသိုလ်က လေးလေးနက်နက် အာရုံ မပြုဘူးလို့ အဋ္ဌကထာဆရာတို့ ဋီကာဆရာတို့ အဘိဓမ္မာ အဆုံးအဖြတ် ပေးကြတာကလဲ ပဥ္စာဝါရမှာ အကုသလော ကုသလဿကို မဟောသည့်အတွက် ဖြစ်ပါတယ်၊ အာဝမ္မဏရိုးရိုးမှာ အကုသိုလ်ကို ကုသိုလ်က အာရုံ ပြုနိုင်သော်

လဲ အာရမ္မဏာဓိပတိမှာတော့ အကုသိုလ်ကို ကုသိုလ်က လေးလေးနက်နက် အာရုံမပြုဘူးလို့သာ အဆုံးအဖြတ် ပေးကြပါတယ်။

**၃။ အကုသိုလ်က အဗျာကတကို အာရုံပြုသလား**

အာရမ္မဏာဓိပတိမှာ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ပဋ္ဌာဝါရမှာ မဟောပါ၊ အဗျာကတဆိုတဲ့ ဝိပါက် ကြိယာ ရုပ်တို့က အကုသိုလ်တရားကို လေးလေးနက်နက် အာရုံမပြုတဲ့အတွက် အာရမ္မဏာဓိပတိမှာ အကုသလော အဗျာကတသကို မဟောပါ၊ ဒါကြောင့်လဲ အာရမ္မဏရိုးရိုးမှာ အကုသိုလ်ပိုင်းက သုံးချက်ရပေမဲ့ အာရမ္မဏာဓိပတိမှာတော့ အကုသလော အကုသလသာ ဆိုတဲ့ တချက်ဘဲ ရပါတယ်။

**၁။ အဗျာကတက အဗျာကတကို လေးလေးနက်နက် အာရုံပြုခြင်း**

အဗျာကတ တရားက အဗျာကတ တရားကို အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုနိုင်သလားဆိုတော့ အဗျာကတ တရားမျိုးထဲမှာ ဝိပါက်စိတ်တွေပါတော့ ရဟန္တာပုဂ္ဂိုလ်မှာ သူရတဲ့ အရဟတ္တဖိုလ်ကို အလေးအနက်အာရုံပြုပြီး ဆင်ခြင်တယ်၊ ဆင်ခြင်တဲ့အခါ ရဟန္တာ ဖြစ်တဲ့အတွက် ကြိယာစိတ် ဖြစ်ပါတယ်၊ သူရတဲ့ ဖိုလ်စိတ်ကလဲ ဝိပါက်စိတ် ဖြစ်တော့ အဗျာကတတရား ဆင်ခြင်တဲ့စိတ်ကလဲ ကြိယာဖြစ်တော့ အဗျာကတတရား ဖြစ်တဲ့အတွက် အဗျာကတက အဗျာကတအား ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်။

ရုပ်နှင့် ပြောရလျှင် ရဟန္တာပုဂ္ဂိုလ်သည် သူ၏ စက္ခုပသာဒရုပ်ကို လက္ခဏာရေး ၃-ပါး အနိစ္စ ဒုက္ခ အနတ္တအားဖြင့် အလေးအနက် ဆင်ခြင်တဲ့အခါမှာလဲ ရုပ်အဗျာကတ တရားက ဆင်ခြင်တဲ့ မဟာကြိယာ အဗျာကတ တရားကို ကျေးဇူးပြုပါတယ်။ ဒါကတော့ အာရမ္မဏရိုးရိုးမှာသာ ရပါတယ်။

**၂။ ကုသိုလ်က အဗျာကတကို လေးလေးနက်နက် အာရုံပြုခြင်း**

အဗျာကတ တရားက ကုသိုလ်ကို အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုမလားဆိုတော့ ပဋ္ဌာဝါရက ဖြစ်နိုင်ပါတယ်လို့ ဟောပါတယ်၊ အဗျာ-

ကတာ တရားကို အာရုံပြုပြီး ဘယ်လို ကုသိုလ်ဖြစ်သလဲ၊ သေက္ခပုဂ္ဂိုလ် သောတာပန် အနာဂါမ်များက သူတို့ရတဲ့ ဖိုလ်ကို လေးလေးနက်နက် ဆင်ခြင်တယ်ဆိုတော့ မဟာကုသိုလ်စိတ် ဖြစ်ပါတယ်၊ ဖိုလ်က ဝိပါက် ဆိုတော့ အဗျာကတ တရားက ဆင်ခြင်တဲ့ မဟာကုသိုလ်ကို အာရုံမှာ ဓိပတိသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို လေးလေးနက်နက် ဆင်ခြင်တဲ့ အခါမှာလဲ အဗျာကတော ကုသလဿ ရပါတယ်။

**၃။ အကုသိုလ်က အဗျာကတကို လေးလေးနက်နက် အာရုံပြုခြင်း**

အဗျာကတဆိုတာက ရုပ် ဝိပါက် ကြိယာဆိုတော့ အဗျာကတ ထရား က အကုသိုလ်ကို ဘယ်လို ကျေးဇူးပြုမလဲ၊ ဥပမာအားဖြင့် စက္ခုပသာဒ ဆိုတဲ့ ကိုယ့်မျက်စိကလေးကို အာရုံပြုပြီး သာယာတဲ့အခါမှာ လောဘ စိတ် ဖြစ်ပါတယ်၊ စက္ခုပသာဒက ရုပ်၊ ရုပ်က အဗျာကတ တရား၊ သာ ယာတဲ့လောဘစိတ်က အကုသိုလ်ဆိုတော့ အဗျာကတော အကုသလဿ ပါဘဲ၊ အဗျာကတ ရုပ်ကြီးကို အကြောင်းပြုပြီး လေးလေးနက်နက် အာရုံပြုပြီး လောဘဖြစ်တာတွေက အများကြီးဖြစ်နိုင်တော့ အဗျာကတ က အကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ။

ဒီလို အာရမ္မဏာဓိပတိက ၇-ချက်ဘဲ ရသော်လဲ အာရမ္မဏရှိးရှိး မှာက ၉-ချက်လုံး ရပါတယ်၊ ဒီသဘော သဘာဝတွေကို ပဋ္ဌာန်းတခါ တည်း သင်ရုံနဲ့ သဘော မပေါက်နိုင်ပါ၊ အထပ်ထပ် သင်ကြား နာယူမှ သဘော ပေါက်နိုင်ပါတယ်။ အာရမ္မဏ ရိုးရိုးနဲ့ အာရမ္မဏာဓိပတိကို သဘောပေါက်ဘို့ကတော့ ပဥ္စဝါရမှာ ဟောထားပုံ, ပစ္စယနိဒ္ဒေသမှာ ဟောထားပုံ, အာရမ္မဏသင်္ဂဟမှာ သင်္ဂြိဟ်ဆရာ ဆိုထားပုံ ဒီ သုံးချက်ကို ညီအောင် ညှိပြီးမှ ပဋ္ဌာန်းအခြေခံ ရနိုင်ပါတယ်။

သင်္ဂြိဟ်မှာ အာရုံပြုပုံကို ဇောတ်တော် သဘောပေါက်ထားပြီး ပစ္စယ-နိဒ္ဒေသကို ပဥ္စဝါရနဲ့ တဲ့လေ့လာရင် အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏာ-ဓိပတိပစ္စည်း ကျေးဇူးပြုပုံဟာ ပိုပြီး ရှင်းနိုင်ပါတယ်။

အဓိပတိပစ္စည်းမှာ သဟဇာတာဓိပတိနဲ့ အာဂရမ္မဏာဓိပတိ နှစ်မျိုး ကဲ့သ့ဲပုံက 'ယံ ယံ ဓမ္မံ ဂရုံ ကတ့ွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ-စေတသိကာ ဓမ္မာ'ဆိုတာက အာဂရမ္မဏာဓိပတိပစ္စည်းကို ပြတာပါ၊ ဆန္ဒာ-ဓိပတိအစပြုတဲ့ ပဌမလေးချက်က သဟဇာတာဓိပတိပစ္စည်းကို ပြတာပါ-ဆိုတာကို မှတ်သားထားဘို့ပါဘဲ၊ ဒီလောက်ဆိုရင် အာဂရမ္မဏာဓိပတိ ပစ္စည်းကတော့ တော်လောက်ပါပြီ။

# ၄။ အနန္တရပစ္စည်း သင်ကြားပို့ချချက်များ

အနန္တရပစ္စည်းဆိုတာက ဟေတုပစ္စည်း, အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်းတို့နဲ့ ကျေးဇူးပြုပုံချင်း အလွန်ကဲပြားပါတယ်၊ ဟေတုပစ္စည်းနဲ့ သဟဇာတာဓိပတိပစ္စည်းမှာ သဟဇာတ = အတူတကွဖြစ်တဲ့ တရားကိုသာ ကျေးဇူးပြုပါတယ်၊ အတူတကွ မဖြစ်တဲ့တရားကို ကျေးဇူးမပြုပါ။ အာရမ္မဏမျိုးမှာတော့ အာရုံနှင့် အာရမ္မဏိက ဖြစ်တဲ့ တရားကိုသာ ကျေးဇူးပြုပါတယ်၊ သဟဇာတမျိုး ကျေးဇူးပြုပုံနှင့် အာရမ္မဏမျိုး ကျေးဇူးပြုပုံ, အနန္တရမျိုး ကျေးဇူးပြုပုံတို့မှာ တခုနှင့်တခု မတူကြပါ။

လောကကြီးမှာ အကြောင်းအကျိုးကို လိုက်ရှာနေတဲ့ပုဂ္ဂိုလ်တွေဟာ ပဋ္ဌာန်းကို ဆင်ခြင်ကြည့်ရင် အင်မတန်ဆန်းကြယ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ အကြောင်းအကျိုး ယူဆပုံမျှားကို မြတ်စွာဘုရားက အာရမ္မဏ အကြောင်းအကျိုး ယူဆပုံကတမျိုး, သဟဇာတ အကြောင်းအကျိုး ယူဆပုံကတမျိုး, အနန္တရအကြောင်းအကျိုး ယူဆပုံကတမျိုး၊ အကြောင်းအကျိုးယူဆပုံအမျိုးမျိုး ဟောပြခဲ့ပါတယ်။

**အနန္တရသဘော**

အနန္တရဆိုတာကို ရှေးက 'အခြားမဲ့'လို့ ဘာသာပြန်ခဲ့ကြပါတယ်၊ ပါဠိအလိုအားဖြင့် န=မရှိ+အန္တရ=အကြား၊ အနန္တရ=အကြားမဲ့၊ တဆက်တည်းလို့ အဓိပ္ပါယ်ရပါတယ်၊ အနန္တရပစ္စည်း ကျေးဇူးပြုပုံက အတူဘက္ခဖြစ်လို့ ကျေးဇူးပြုတာလဲမဟုတ်၊ အာရုံ အာရမ္မဏိကအားဖြင့် ကျေးဇူးပြုတာလဲမဟုတ်၊ အကြားမရှိရအောင် ဆက်တိုက်ကျေးဇူးပြုတဲ့ သဘောမျိုး ဖြစ်ပါတယ်။

အနန္တရပစ္စည်းရဲ့သဘောကို ဦးစွာမဆွ နည်းပြအနေနဲ့ 'စက္ခုဝိညာဏာ-ဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'လို့ ဟောထားပါတယ်။ ဒီပါဠိတော်

အရ သင်္ဂြိဟ်မှာ ဝိထိစိတ်ဖြစ်ပုံကို ဝိထိချတဲ့အခါမှာ အတိတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်လို့ ဝိထိချရတာပါ။

စက္ခုဝိညာဏဆောတု တံသမ္ပယုတ္တကာ စ ဓမ္မာ-စက္ခုဝိညာဏ်စိတ်နဲ့ ၎င်းနှင့် ယှဉ်သော စေတသိက်တရုားတို့က မနောဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ-မနောဓာတ်နှင့် မနောဓာတ်နဲ့ယှဉ်သော စေတသိက်ကိုကို ကျေးဇူးပြုတယ်လို့ ဒီလိုဟောထားချက်မှာ စက္ခုဝိညာဏ်စိတ်ဖြစ်လျှင် စေတသိက်က ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရဆိုတဲ့ အနဲဆုံး စေတသိက် ၇-လုံးက ယှဉ်ပါတယ်။ ဒီ စက္ခု ဝိညာဏ်ဓာတ်နဲ့ စေတသိက် ၇-လုံးဟာ ဘယ်သူကို ကျေးဇူးပြုသလဲဆို တော့ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ – မနောဓာတ်နှင့် မနောဓာတ်နဲ့ယှဉ်တဲ့ စေတသိက်ကို ကျေးဇူးပြုပါတယ်၊ ပဋ္ဌာန်းမှာ မနောဓာတ်လို့ ခေါ်တာကို ဝိထိချရာမှာ နောက် အဋ္ဌကထာ ဆရာ များက သမ္ပဋိစ္ဆိုင်းလို့ ခေါ်ထားပါတယ်။ စက္ခုဝိညာဏ်စိတ်က မနော ဓာတ်-သမ္ပဋိစ္ဆိုင်းကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဆိုလိုတာပါ။

စက္ခုဝိညာဏ်စိတ် ဥပါဒ်-ဌီ-ဘင်-အားဖြင့် ဖြစ်ပြီး ပျက်သွားရင် သမ္ပဋိစ္ဆိုင်းဟာ မဖြစ်ဘဲနေလို့မရပါ၊ စိတ္တနိယာမအားဖြင့် မဖြစ်ဘဲနေလို့ မရဘူးဆိုတာက စက္ခုဝိညာဏ်က သူပျက်သွားပေမဲ့ အနန္တရသတ္တိဖြင့် သမ္ပဋိစ္ဆိုင်း ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုခဲ့တဲ့အတွက် ဖြစ်ပါတယ်၊ စက္ခုဝိညာဏ်စိတ်သည် သူမရှိသည့်နောက် ပျက်သွားပြီးသည့်နောက် ကြားထဲမှာ ခြားမနေဘဲ တဆက်တည်းဖြစ်ဘို့ မြန်မာစကားနှင့် ပိုပြီး ရှင်းအောင် ပြောရလျှင် အဆက်မပြတ် ဖြစ်ပေါ်စေဘို့ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခဲ့ပါတယ်၊ ဘာကြောင့် ဒီလို နာမ်တရားမှာ အစဉ်လိုက် အဆက်မပြတ် ဖြစ်နေရသလဲဆိုရင် အနန္တရပစ္စည်းရှိနေလို့ပါဘဲ။

**ရုပ်တရားနှင့် နာမ်တရား**

ရုပ်ဝါဒသမားတွေဟာ ပဋ္ဌာန်းအနုန္တရပစ္စည်းကို လေ့လာရင် သူတို့သဘောကျနိုင်စရာ ရှိပါတယ်၊ နာမ်တရားများဟာ ပဋ္ဌာန်း အနုန္တရပစ္စည်းနဲ့ကြည့်ရင် ဘယ်လောက်ဆန်းကြယ်သလဲဆိုတော့ သံသရာအစကာစပြီး နိဗ္ဗာန်သို့ရောက်ရသည့်တိုင် နာမ်ဘရားကလေးတွေဟာ ဆက်ကာဆက်ကာ ဘဝကူးဇကူးဌာမက အစဉ်အတိုင်း ဆက်တိုက်ဖြစ်နေကြပါတယ်၊ ဒီလို ဖြစ်နေကြတာက ဘယ်အကြောင်းကြောင့်လဲ၊ ထာဝရဘုရားက ဖန်ဆင်းလို့လား၊ အနီးကပ်ဆုံး အကြောင်းကိုရှာရင် သဘာဝအကျဆုံးက အနုန္တရပစ္စည်းပါဘဲ။

နာမ်တရားများမှာ အနုန္တရပစ္စည်းရှိသလို ရုပ်တရားများမှာ အနုန္တရပစ္စည်းမရှိပါ၊ ရုပ်တရားများသည် အနုန္တရပစ္စည်းမှာလဲမပါ၊ အနုန္တရပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာလဲ မပါပါ၊ နာမ်တရား၏ သဘောတရားကဘဝဂ်စလနသည် အတိတဘဝင်မရှိမှ ဖြစ်ပါတယ်၊ အတိတဘဝင်ရှိရင်မဖြစ်သေးပါ၊ အတိတဘဝင် ပျက်ပေးရတာကလဲ ဘဝဂ်စလန ဖြစ်ရအောင် အနုန္တရသတ္တိနဲ့ ကျေးဇူးပြုတာပါ၊ ဘဝဂ်စလန ပျက်ပေးရဘာကလဲ ဘဝဂုံပစ္ဆေဒ ဖြစ်ရအောင် အနုန္တရသတ္တိနဲ့ ကျေးဇူးပြုတာပါ၊ ဘဝဂုံပစ္ဆေဒက ဥပါဒ် ဌီ ဘင်အား ဖြင့် မရှိမှ ပဋ္ဌဒ္ဓါဆုဝင်္ဂနှင်းက ဖြစ်ရမှာပါ၊ ပဋ္ဌဒ္ဓါဆုဝင်္ဂနှင်းက ဥပါဒ်-ဌီ-ဘင်အား ဖြင့် မရှိမှ စက္ခုဝိညာဏ်က ဖြစ်ရမှာပါ၊ ဒီလို ပျက်ပျက်ပေးရတာက နောက်က ဆက်တိုက် စိတ်အစဉ်တွေ ဖြစ်ပေါ်ခွင့်ရအောင် အနုန္တရသတ္တိဖြင့် ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် စကြာမင်း တောထွက်ခြင်းသည် သားကြီးရတနာ စကြာမင်း ဖြစ်စေဘို့ တောထွက်ပေးသကဲ့သို့ အနုန္တရ ပစ္စည်းမှာ စက္ခုဝိညာဏ် ဥပါဒ် ဌီ ဘင် အား ဖြင့် ပျက်ပေးရခြင်းသည် သမ္ပဋိစ္ဆိုင်း ဖြစ်စေပါ်လာစေဘို့ သမ္ပဋိစ္ဆိုင်း ဥပါဒ် ဌီ ဘင်အား ဖြင့် ပျက်ပေးရခြင်းသည် သန္တီရဏ ဖြစ်ပေါ်လာစေဘို့ပါဘဲ။

ပါဠိတော်မှာက—

(၁) စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ။

(၂) မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ-ဓာတုယာ—

လို့ ဒီလို ဟောထားပါတယ်၊ ဒီ ၂-ချက်ကို သိသွားတော့ ဝိထိချတဲ့အခါ မှာ စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယ ဒွါရဝီထိ ဆိုတဲ့ ၎င်းခုမှာ—

စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတချက်၊
သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတချက်၊
သောတဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတချက်၊
သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတချက်၊
ဃာနဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတချက်၊
သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတချက်၊
ဇိဝှါဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတချက်၊
သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတချက်၊
ကာယဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတချက်၊
သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတချက်—

ဒီ ၁၀-ချက်လုံးကို ရှင်းရှင်းသိနိုင်ပါတယ်။ ဒီ ၁၀-ချက်ဘဲ ရှိပါတယ်။ မနောဓာတ်ကို သမ္ပဋိစ္ဆိုင်း ,မနောဝိညာဏဓာတ်ကို သန္တီရဏလို့ သင်္ဂြိဟ်မှာ ဝိထိချတဲ့အခါ နာမည်က ကွဲနေပါတယ်၊ ပါဠိတော်မှာတော့ စက္ခု-ဝိညာဏ်က မနောဓာတ်ကို, မနောဓာတ်က မနောဝိညာဏ်ဓာတ်ကို အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုတော့ ဆက်ကာ, ဆက်ကာ နာမ်တရား စတွေက ဖြစ်လိုက် ပျက်လိုက် တဆက်တည်း ဖြစ်နေပါတယ်လို့ ဆိုထား ပါတယ်။

ရွှေပ်တရားတွေက နာမ်ထရားနဲ့ မတူတာမှာ ရွှေပ်တရားက မြင်ရထယ်၊ ကိုင်လို့ တွယ်လို့ ရပါတယ်။ ဘာဖြစ်လို့ မြင်ရ ကိုင်တွယ်လို့ ရသလဲဆိုတော့ ရွှေပ်တရားများမှာက အနန္တရပစ္စည်း မရှိပါ၊ ရွှေပ်တရားများဟာ ပရွက်ဆိတ်များ စီတန်းပြီးသွားကြတော့ ပရွက်ဆိတ်တွေ တတန်းပြီးတတန်း များ လာတဲ့အခါ ပရွက်ဆိတ်တန်းကြီး မြင်ရသလို ရွှတ်တရားများမှာ ၁၇-ချက် အသက်ရှင်ကော့ ဖြစ်လာတဲ့ရွှေပ်တရားတွေက မချုပ်သေးဘဲ နောက်ထပ် ရွှေပ်တွေက ရွှေပ်သက် စိတ္တက္ခဏ ၁၇-ချက်မှာ ခဏတိုင်း ခဏတိုင်း ထပ်ထပ်ဖြစ်သည့်အတွက် ရွှေပ်ထပ်ပေါင်း များလာတဲ့အခါမှာ မြင်ရတဲ့ တောကြီးတွေ တောင်ကြီးတွေ တိုက်တာကြီးတွေ ကြီးကျယ်တဲ့ ရုပ်တရားကြီးတွေ ဖြစ်လာတာပါဘဲ။

နာမ်ဟရားများမှာက အတိတ်ဘဝင်မရှိမှ ဘဝင်္ဂစလနက ဖြစ်ပါတယ်၊ သဝင်္ဂစလန မရှိမှ ဘဝင်္ဂုပဒ္ဓေဒက ဖြစ်ပါတယ်၊ ဘဝင်္ဂုပဒ္ဓေဒ မရှိမှ ပဉ္စ-ဒ္ဒါရာဝဇ္ဇန်းက ဖြစ်ပါတယ်၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း မရှိမှ စက္ခုဝိညာဏ်က ဖြစ်ပါတယ်၊ ဒီလို အနန္တရပစ္စည်းက ကြားမလပ်အောင် တခုပျက်ပြီးမှ တခု ဖြစ်ရအောင် ကျေးဇူးပြုတော့ နာမ်ဘရုးများဟာ အကောင်အထည် အစိုင်အခဲ မဖြစ်နိုင်တော့ပါ၊ ဒီအနန္တရပစ္စည်း သဘောတရုးဟာ နာမ်တရားတွေရဲ့ ဖြစ်ပုံပါဘဲ၊ သင်္ဂြိဟ်မှာ ဝီထိစိတ် အစဉ်ဖြစ်ပုံကို စီစဉ်ထားတာ ဟာ ဒီအနန္တရပစ္စည်းကို ကြည့်ပြီး စီစဉ်ထားတာပါဘဲ။

## ဝီထိစိတ်အစဉ်

အဘိဓမ္မာမှာ အခြေခံအကျဆုံးကတော့ ဝီထိပါဘဲ၊ ဝီထိစိတ်ဖြစ်ပုံကို သမ္မာညုတညာဏ်ရတဲ့ ဘုရားရှင်မှတပါး မည်သူမျှ မသိနိုင်ပါ၊ ရဟန္တာ ပုဂ္ဂိုလ်ထဲမှာဆိုရင် ရှင်သာရိပုတ္တရာတပါးဘဲ နဲနဲသိပါဘယ်၊ ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်တယ်လို့ အသေးစိတ် နာမ်တရားများ ဖြစ်စဉ်ကို ဟောနိုင်ကာက သဗ္ဗညုဘုညာဏ်တော်ဘဲ ရှိပါတယ်။

## ပဉ္စဒ္ဒါရဝိထိ

နာမ်တရားများဖြစ်စဉ်ကို ဝိထိချတဲ့အခါမှာ ပဉ္စဒ္ဒါရဝိထိ ဆိုတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဆိုတဲ့ ငါးဝိထိရှိပါတယ်၊ ဝိထိချပုံက စက္ခုဒ္ဒါရဝီထိမှာ အတိတဘဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, ဒါမဟုတ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုင်္ဂေါ, ၈ ၈ ၈ ၈ ၈ ၈ ၈, ခုံ ခုံ, ဘဝင်လို့ ဒီလိုဝိထိချပါတယ်။ စက္ခုဒ္ဒါရ စက္ခုဝိညာဏ် ချတဲ့ ဝီထိမှာ–

၁။ စက္ခုဝိညာဏမောတု တံသမ္ပယုတ္တကာ ဧ ဓမ္မာ မနော-
ဓာတုယာ,

၂။ မနောဓာတု တံသမ္ပယုတ္တကာ ဧ ဓမ္မာ မနောဝိညာဏ-
ဓာတုယာ–

စသည်ဖြင့် ဒီလို ၁၀-ချက် ဟောပါတယ်။

မနောဒ္ဒါရဝီထိမှာက ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ၈ ၈ ၈ ၈ ၈ ၈ ၈ ၈, တဒါရုံ တဒါရုံ, ဘဝင်၊ ဒီလို ၀်ထိချပါတယ်၊ ဝီထိတွေကို အစဉ်အတိုင်း မြင်နေရင် အနန္တရပစ္စည်း ဟောပုံကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်နိုင်ပါတယ်။

'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော' ပုရိမာ ပုရိမာ· ကုသလာ ဓမ္မာ-ရှေး ရှေးကုသိုလ်တရားတို့က ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ– နောက်နောက် ကုသိုလ်တရားတို့ကို အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုတယ် ဆိုတာကို ဝိထိကိုမသိရင် ဘယ်ကုသိုလ်က ဘယ်ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ သိနိုင်မယ်မဟုတ်ပါ၊ သဂြိုဟ်ဝိထိမှာ ကြခဲ့ရင် ရှင်းခဲ့ရင်တော့ သဘောပေါက်နိုင်ပါတယ်။

မြတ်စွာဘုရားရှင်က ပဋ္ဌာန်းမှာ စက္ခုဝိညာဏဓာတု, မနောဓာတု, မနောဝိညာဏဓာတု, သဂြိုဟ်နည်းအားပြင့် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း,

သန္ဓီရဏဆိုတဲ့ ဒီအချက်သုံးချက်ကို ပဋ္ဌဒါရအတွက် အနန္တရပစ္စည်းမှာ ၁၀-ချက် ဟောသွားပါတယ်၊ သို့သော်လဲ ဝီထိအစဉ်မှာ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝဂုံပစ္ဆေဒ, ပဋ္ဌဒါဆဝဇ္ဇန်းတို့က ဘယ်လိုဖြစ်လာသလဲ၊ ဝုဋ္ဌော, ဇော, တဒါရုံတို့က ဘယ်လိုဖြစ်လာသလဲဆိုတဲ့ ပြဿနာဟာ ဒီဟောချက် ၁၀ ချက်မှာ မပါသေးတဲ့အတွက် ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ အစချီတဲ့ ပါဠိဘော် ၇ ချက်ဖြင့် ထပ်ပြီး ရှင်းထားပါတယ်။

ဘဝင်စိတ်

ဘဝင်ဆိုတာက သင်္ကြိဟ်မှာ ဝိပါက်စိတ်၊ ဝီထိစိတ်မျိုး မဖြစ်ခင် အိမ်ရှင်စိတ်လို့ ရှေးဆရာများက အမည်ပေးထားတဲ့ ပဌမဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်ပါ၊ နောင် မသေမခြင်း ဝီထိစိတ်တွေမဖြစ်ခင် ဖြစ်နေတဲ့ စိတ်ဟာ ဘဝင်စိတ် ဖြစ်ပါတယ်၊ ဘဝင်က ဝီထိစိတ်ဖြစ်ခါနီး အာရုံနဲ့ တိုက်လိုက်ရင် ဘဝင်တကြိမ်လှုန်သွားတာက အတီတဘဝင်၊ ဝီထိစိတ် ဖြစ်ခါနီး ဘဝင်လှုပ်သွားတာက ဘဝင်္ဂစလန၊ ဝီထိစိတ်ဖြစ်ခါနီး ဘဝင် ပြတ်ပေးရတာက ဘဝင်္ဂုပစ္ဆေဒ၊ ဒီအတီတဘဝင်, ဘဝင်္ဂစလနနဲ့ ဘဝင်္ဂုပစ္ဆေဒတို့ဟာ အားလုံး ဝိပါက်စိတ်တွေပါ၊ အကျအတတွေပါဘဲ၊ ပဋ္ဌဒါဆဝဇ္ဇန်းက ကြိယာစိတ် အဗျာကတ၊ စက္ခုဝိညာဏ်စိတ်ကလဲ အဟိတ်ကုသလဝိပါက် အကုသလဝိပါက်စိတ်ဖြစ်တဲ့ အဗျာကတ၊ သမ္ပဋိစ္ဆိုင်းကလဲ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းနဲ့ အကုသလ ဝိပါက် သမ္ပဋိစ္ဆိုင်းစိတ် အဗျာကတ၊ သန္တီရဏကလဲ အကုသလသန္တီရဏနဲ့ ကုသလသန္တီရဏဆိုတဲ့ ဝိပါက်စိတ်အဗျာကတ၊ ဝုဋ္ဌောက ကြိယာအဗျာကတ၊ ဝုဋ္ဌောနောင် ဇော ၇-ကြိမ်မှာမှ ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာဇော ကျနိုင်ပါတယ်။

ရှိးရှိး ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ကုသိုလ်လုပ်မှင် ဝုဋ္ဌောနောင် ကုသိုလ်ဇော, အကုသိုလ်လုပ်ရင် ဝုဋ္ဌောနောင် အကုသိုလ်ဇောကျ၍, ဘုရားရဟန္တာများမှာတော့ ဝုဋ္ဌောနောင် ကြိယာဇောဘဲ ကျပါတယ်၊ ဇောမှာ ကုသိုလ် အကုသိုလ် ကြိယာ သုံးမျိုးဖြစ်ပါတယ်။

တဒါရုံနဲ့ ဘဝင်မှာ ကိစ္စအားဖြင့် နဲနဲကွဲပါတယ်၊ တဒါရုံက မဟာဝိပါက် ဂ-နဲ့ သန္ဋီရဏာဒါ၊ပေါင်းတဒါရုံ ၁၁-ခု ခေါ်တဲ့ ဝိပါက်စိတ် ဖြစ်ပါတယ်၊ တဒါရုံက ဝိပါက်စိတ်ဖြစ်တော့ အဗျာကတ၊ တဒါရုံနောင်ကျတဲ့ ဘဝင်ကလဲ အဗျာကတ တဆုံးပါဘဲ။

ပစ္စယနိဒ္ဒေသ အနန္တရပစ္စည်းမှာ ပဌမ ၁၀-ချက် ဟောတာက ပဋ္ဌာန်ရဝိထိမှာ စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံ, သမ္ပဋိစ္ဆိုင်းက သန္ဋီရဏကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံများကို နမူနာအဖြစ် အကျယ်အားဖြင့် ပြထားပါတယ်။

ကျန်တဲ့စိတ်များ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကိုတော့ မြတ်စွာဘုရားက အကျဉ်းချုပ်ပြီး ပြခဲ့ပါတယ်၊ ပစ္စယနိဒ္ဒေသက ကျဉ်းလို့ မသိသောရင် ပဋ္ဌာဝါရက ခဲ့ပြီးဟောတော့ ပဋ္ဌာဝါရလဲ ကြည့်ရပါတယ်။ နောက်ပဋ္ဌာန်းကို အာဂုံဆောင်ထားတဲ့ ရှေးဓေတ်က ပဋ္ဌာန်းကြီးတွေက အဋ္ဌကထာကို ရေးခဲ့တော့ အဋ္ဌကထာကိုလဲ ကြည့်ရပါတယ်။

## ၁။ ရှေးရှေးဖြစ်သောကုသိုလ်နှင့် နောက်နောက်ဖြစ်သော ကုသိုလ်

မြတ်စွာဘုရားက နာမ်တရားတွေ ဖြစ်ပျက်ပုံ အကုန်လုံးလဲပါ၊အောင် နဲလဲနဲ ကျဉ်းလဲကျဉ်းအောင် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော' ဆိုပြီး ရှေးရှေးဖြစ်တဲ့ ကုသိုလ်က နောက်နောက်ဖြစ်တဲ့ ကုသိုလ်ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ အကျဉ်းချုံးပြီး ဟောတာပါတယ်။

ရှေးရှေးကုသိုလ်ဆိုတာက ဝီထိမှာ ဝုဋ္ဌာနနောင် ဇော ၇-ကြိမ်ကျတဲ့ အခါ ပဌမ ဇောကုသိုလ်, ဒုတိယ ဇောကုသိုလ်, တတိယ ဇောကုသိုလ်, စတုတ္ထ. ပဉ္စမ, ဆဋ္ဌမ, သတ္တမဇောအထိ ကုသိုလ်ဇောတွေချည်း ဖြစ်ပါတယ်။ ဒီဇော ၇-ကြိမ်မှာ ရှေးရှေးသော ကုသိုလ်ဇောဆိုတာက ပဌမကုသိုလ်ဇောက အနန္တရပစ္စည်းဖြစ်လျှင် ဒုတိယဇောက ပစ္စယုပ္ပန်၊ ဒုတိယဇောက ပစ္စည်းဖြစ်လျှင် တတိယဇောက ပစ္စယုပ္ပန်၊ တတိယဇောက

ပစ္စည်းဖြစ်လျှင် စတုတ္ထဇောက ပစ္စယုပ္ပန်၊ စတုတ္ထဇောက ပစ္စည်းဖြစ်လျှင် ပဥ္စမဇောက ပစ္စယုပ္ပန်၊ ပဥ္စမဇောက ပစ္စည်းဖြစ်လျှင် ဆဋ္ဌမဇောက ပစ္စယုပ္ပန်၊ ဆဋ္ဌမဇောက ပစ္စည်းဖြစ်လျှင် သတ္တမဇောက ပစ္စယုပ္ပန်ဆိုတော့ သတ္တမဇောကုသိုလ်မှာ ပြဿနာ လာဖြစ်ပါတယ်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ရှေးရှေးကုသိုလ်က နောက်နောက်ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ဆိုထားမှာ သတ္တမဇောမှတပါး ရှေးဇောမျှားမှာ ကုသိုလ်က ကုသိုလ်ကိုဘဲ ကျေးဇူးပြုနိုင်ပါတယ်၊ သတ္တမဇောရဲ့နောင်မှာ ဘဒါရုံဖြစ်တော့ ပဌမ တဒါရုံက အဗျာကတ ဖြစ်သည့်အတွက် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ သတ္တမဇောက ပစ္စည်းမဖြစ်နိုင်ပါ။ ဒါ့ကြောင့် ရှေးဆရာများက ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ "အဆုံးဇောကြဉ်သော" လို့ ဒီလို ပြဆိုကြပါတယ်၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာမှာ အဆုံးဇော မပါဘဲပါ၊ အဆုံးဇောက တဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုရင် အဗျာကတနဲ့ သွားရပါတယ်။

ရိုးရိုးဝိထိတွေမှာ အဗျာကဘစိတ်ခတွေဟာ နှစ်ကြိမ် သုံးကြိမ်သာ အများဆုံး ဖြစ်ပါတယ်၊ ကုသိုလ်နဲ့ အကုသိုလ်ဇောတွေက ၇-ကြိမ်ထိ ဖစောပါတယ်၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါ အာသေဝန ပစ္စည်းလဲ ပါပါတယ်၊ အာသေဝနမှာ ဇောက ၇-ကြိမ် ဖစောတော့ ထပ်ကာ ထပ်ကာဖြစ်ဘယ်၊ ဇဝနရဲ့အနက်က 'အဒ္ဓိန်အဟုန် များတယ်၊ ပွါး များတယ်'ဆိုတဲ့ အနက်ကလဲရှိတော့ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော' လို့ ကုသိုလ်က ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာလို့ အာသေဝနပစ္စည်းမှာလဲ ကျေးဇူးပြုတယ်လို့ ဒီလိုဖွဘာသားပါတယ်။

၂။ ရှေးရှေးဖြစ်သော ကုသိုလ်နှင့် နောက်နောက်ဖြစ်သော အဗျာကတ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' ဆိုတာက ရှေးရှေး ဖြစ်သော ကုသိုလ်က နောက်နောက် ဖြစ်

ဟော အဗျာကတကို အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ ဆိုတာပါ ဘဲ၊ ပဌမဇောက သတ္တမဇောတိုင်အောင် ကုသိုလ်ဇောတွေ စောပြီးတဲ့ အခါမှာ သတ္တမဇောနောက်က ပဌမ တဒါရုံဘဲ ရှိပါတယ်၊ ပဌမ တဒါရုံ သည် အဗျာကတ ဖြစ်သည့် အတွက် သတ္တမဇောကုသိုလ်က အနန္တရ ပစ္စယသတ္တိဖြင့် ပဌမတဒါရုံကို ကျေးဇူးပြုသောကြောင့် ကုသိုလ်က အဗျာကတကို ကျေးဇူးပြုပါတယ်။

**၃။ ရှေးရှေးဖြစ်သော အကုသိုလ်နှင့် နောက်နောက်ဖြစ်သော အကုသိုလ်**

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ' ဆိုတာက ရှေးရှေးအကုသိုလ်ဇောတ နောက်နောက် အကုသိုလ် ဇောကို အနန္တရပစ္စည်းဖြင့် ကျေးဇူး ပြုတယ်လို့ ဆိုတာပါဘဲ၊ ဝုဋ္ဌော နောင်မှ အကုသိုလ် ဇောချတဲ့အခါမှာ ဇော ၇-ကြိမ်ဘဲ ဖြစ်ပါတယ်။ ဒီဇောတွေမှာ အဆုံး ဇောကြွင်သော ရှေးရှေး အကုသိုလ်ဇောက နောက်နောက် အကုသိုလ်ဇောကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

**၄။ ရှေးရှေးဖြစ်သောအကုသိုလ်နှင့် နောက်နောက်ဖြစ်သောအဗျာကတ**

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' ဆိုတာက ရှေးရှေးဖြစ်သော အကုသိုလ်က နောက်နောက်ဖြစ် သောအဗျာကတကို အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ ဆိုတာပါဘဲ၊ အကုသိုလ်အဆုံးဇောက အနန္တရပစ္စည်းနဲ့ ပဌမတဒါရုံကို ကျေးဇူး ပြုတဲ့ အခါမှာ တဒါရုံက အဗျာကတ တရားဖြစ်လို့ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။

ပဋ္ဌာန်းကျမ်းမှာ အနန္တရပစ္စည်းကို သိပ် အဓိသးစိတ် ဟောထားပါ တယ်။ အနန္တရပစ္စည်းက ကြားမလပ် သံသရာ တလျှောက်လုံး ဥပါဒ် ဌီ ဘင်နဲ့ ဆက်တိုက်သွားနေတာပါ၊ နာမ်တရားများမှာ စုတိနောင် ပဋိ-သန္ဓေ ဆက်ဘိုက် ပဋိသန္ဓေရှိနေပါတယ်၊ ဒုဂ-ဘုံသားများမှာ 'စုတိနောင် ပဋိသန္ဓေ စုတိနောင် ပဋိသန္ဓေ'လို့ ပဋိသန္ဓေ အထပ်ထပ် ဖြစ်ရအောင်

စုတိမှာ အနန္တရ သတ္တိရှိနေပါတယ်၊ ဘုထုး ရဟန္တာများမှာတော့ စုတိနောင် ပဋိသန္ဓေ မနေတော့ ရဟန္တာဘဝ် စုတိစိတ်မှာ အနန္တရပစ္စည်းမရှိတော့ပါ။

အကြောင်းအကျိုး ယူဆတဲ့အခါမှာ ပဋ္ဌာန်းမှာ သူမျိုးနဲ့သူ ခွဲထားပါတယ်၊ အကြောင်းအကျိုး အတူတကွဖြစ်၍ အပြန်အလှန် ကျေးဇူးပြုတဲ့သဟဇာတမျိုး၊ အာရုံ အာရမ္မဏိကအာဒေးဖြင့်ကျေးဇူးပြုတဲ့ အာရမ္မဏာမျိုး၊ အကြားမလပ် တဆက်တည်း ကျေးဇူးပြုတဲ့ အနန္တရမျိုး၊ ဒီလို ဏာမျိုးမျိုးရှိတဲ့ အထဲမှာ အနန္တရမျိုးမှာ ကုသိုလ်က ကုသိုလ်၊ ကုသိုလ်က အဗျာတက၊ အကုသိုလ်က အကုသိုလ်၊ အကုသိုလ်က အဗျာကတလို့ ဒီလို ၂-ချက်ငါးသာ ပစ္စယ နိဒ္ဒေသမှာ ဟောထားပါတယ်၊ ဝီထိ စိတ် အစဉ်မှာ အဘိဓမ္မာသဘော အရမ္မာလဲ ကုသိုလ်ဇော ၇-ကြိမ်နောက်မှာ အကုသိုလ်ဇော ဆက်တိုက် ဖြစ်လို့မရပါ၊ အကုသိုလ်ဇော ၇-ကြိမ်နောက် မှာလဲကုသိုလ်ဇော ဆက်တိုက် ဖြစ်လို့မရပါ။

### ၅။ ရှေးရှေးဖြစ်သောအဗျာကတနှင့်နောက်နောက်ဖြစ်သောအဗျာကတ

အဗျာကတက အဗျာကတကို ကျေးဇူးပြုပုံ ဟောတဲ့နေရာမှာကျယ်ဝန်းလှပါတယ်၊ 'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' ဆိုတာက ဝီထိချစဉ်မှာ အတိတဘဝင် အဗျာကတက ဘဝင်္ဂစလနဖြစ်ပေါ် အောင် လုပ်ပေးတယ်၊ ဘဝင်္ဂစလန အဗျာကတက ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပေါ် အောင် လုပ်ပေးတယ်၊ ဘဝင်္ဂုပစ္ဆေဒ အဗျာကတက ပဉ္စဒ္ဒါရာဝဇ္ဇန်း ဖြစ်ပေါ် အောင် လုပ်ပေးတယ်၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း အဗျာကတက စက္ခုဝိညာဏ် ဖြစ်ပေါ် အောင် လုပ်ပေးတယ်၊ စက္ခုဝိညာဉ် အဗျာကတက သန္တီရဏဖြစ်အောင် လုပ်ပေးတယ်၊ သန္တီရဏဝိပါက် အဗျာကတက ဝုဋ္ဌေါကြိယာ အဗျာကတကို ဖြစ်ပေါ် အောင် လုပ်ပေးတယ်၊ ဒီလိုလုပ်ပေးတာမျိုးကို ရှေးရှေးဖြစ်သော အဗျာကတက နောက်နောက်ဖြစ်သော အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုတာပါဘဲ။

**၆။ ရှေးရှေးဖြစ်သော အဗျာကတနှင့် နောက်နောက်ဖြစ်သော ကုသိုလ်**

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ' ဆိုတာက ဝီထိစဉ်မှာ ဘဝင်္ဂစလန အဗျာကတာက ဝုဋ္ဌောကြိယာ အဗျာကတအထိ တဆင့်ပြီးတဆင့် အနန္တရသတ္တိနဲ့ ကျေးဇူးပြုပြီးသွားတဲ့ နောက် ဝုဋ္ဌော ကြိယာ အဗျာကတက ကုသိုလ် ပဌမဇောကို ကျေးဇူး ပြုတဲ့အခါမှာ ကြိယာ အဗျာကတက ကုသိုလ်ကို ကျေးဇူး ပြုတာပါဘဲ။

**၇။ ရှေးရှေးဖြစ်သော အဗျာကတနှင့် နောက်နောက်ဖြစ်သောအကုသိုလ်**

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ' ဆိုတာက ဝီထိစဉ်မှာ ဘဝင်္ဂစလန အဗျာကတက ဝုဋ္ဌောကြိယာ အဗျာကတအထိ အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုသွားတော့ ဝုဋ္ဌော နောင် အကုသိုလ်ဇောတွေချတဲ့အခါ ဝုဋ္ဌောကြိယာ အဗျာကတက ပဌမ အကုသိုလ်ဇောကို ကျေးဇူးပြုတယ်လို့ ဆိုတာပါဘဲ။

ဒါကြောင့် အဗျာကတမှာက (က) အဗျာကတက အဗျာကတ (ခ) အဗျာကတက ကုသိုလ် (ဂ) အဗျာကတက အကုသိုလ်-လို့ အနန္တရ ပစ္စည်းက အဗျာကတမှာ သုံးချက်ရပါတယ်။

**မနောဒွါရဝီထိ**

မနောဒွါရဝီထိချတဲ့အခါ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါဇ္ဇန်းတို့သည် အာဇလုံး အဗျာကတ တရားများဖြစ်ပါတယ်၊ မနောဒွါဇ္ဇန်း ကြိယာအဗျာကတနောင် ဇော ၇-ကြိမ်တွင် ပဌမဇောက ကုသိုလ် ဖြစ်တော့ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာဖြစ်ပါတယ်၊ အကုသိုလ်ဇောချပြန်ရင်လဲ မနောဒွါဇ္ဇန်းကြိယာအဗျာကတက အကုသိုလ် ဇော ၇-ကြိမ်တွင် ပဌမဇော အကုသိုလ်ကို အနန္တရသတ္တိဖြင့် ကျေးဇူး ပြုတဲ့အခါမှာ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ အဗျာကတက ကုသိုလ်,အကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူး ပြုတယ် ဆိုတော့ ဘယ်အဗျာကတက ဘယ်ကုသိုလ်, အကုသိုလ်ကို ကျေးဇူး ပြု

တာလဲ၊ ဒီမှာ ပြဿနာပေါ်တယ်။ အဗျာကတကို ပဋ္ဌဒ္ဓါရဝိထိကြည့်ရင် ဝုဋ္ဌောစိတ်, မနောဒ္ဓါရဇဝိကြည့်ရင် မနောဒ္ဓါဆုဝင်္ခန်း အဗျာကတကိုသာ ယူရပါတယ်၊ ကုသိုလ်, အကုသိုလ်ကို စစ်ကြည့်ရင် ကုသိုလ်က ပဌမဇော ကုသိုလ်, အကုသိုလ်က ပဌမဇော အကုသိုလ်ကိုသာ ယူရပါတယ်၊ ဒီပြင် ဒုတိယစသော ဇောများ မယူရပါ၊ ဒီပြဿနာတွေ ရှင်းအောင်ကတော့ ပဋ္ဌာဝါရက ယူပြီး ရှင်းရပါတယ်။

ပဋ္ဌဒ္ဓါရဝိထိ

ပဋ္ဌဒ္ဓါရဝိထိမှာလဲ ဘာဂ်စလန, ဘဝင်္ဂုပယ္ဆေဒ, ပဋ္ဌဒ္ဓါဆုဝင်္ခန်း, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောစိတ်ဘို့သည် အဗျာကတ တထုးများချည်း ဖြစ်ပါတယ်၊ အဲဒီဝိထိမှာ အဗျာကတ ဝုဋ္ဌောက ကုသိုလ် ပဌမဇောကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ကုသိုလ်အဆုံးဇောက ပဌမတဒါရုံကို ကျေးဇူးပြုတဲ့အခါမှာ ကုသိုလ်က အဗျာကဇ:ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ပဌမတဒါရုံက ဒုတိယ တဒါရုံကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတ တထုးချည်းဖြစ်လို့ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ တခါ ဒုတိယ တဒါရုံက ဘွင်ကို ကျေးဇူးပြုတာကလဲ ဘွင်က အဗျာကတမို့ အဗျာကတက အဗျာကတ တထုးကိုဘဲ ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ဒါကြောင့်ဘဲ—

(က) ကုသိုလ်က ကုသိုလ်၊ ကုသိုလ်က အဗျာကတ၊

(ခ) အကုသိုလ်က အကုသိုလ်၊ အကုသိုလ်က အဗျာကတ၊

(ဂ) ဆဗျာကဘာက အဗျာကတ၊ အဗျာကတက ကုသိုလ်၊ အဗျာကတက အကုသိုလ်—

လို့ ဒီ ၃ ချက်ကိုသာ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ အစချီတဲ့ အနန္တရပစ္စည်းပါဠိတော် ဟောထားပါတယ်၊ ဒီ ၃-ချက်ကို ဟောလိုက်ထော့ ပဋ္ဌဒ္ဓါရဝိထိနဲ့ မနောဒ္ဓါရဝိထိတွေမှာ ဘယ်စိတ်က အနန္တရ

ပစ္စည်းမှာ ကျန်နေသေးသလဲ၊ ကျန်ရစ်တဲ့စိတ်များ ရှိသေးသလား ဆိုခဲ့လျှင် ဝီထိစိတ်အစဉ်မှာ ကျန်နေတဲ့ စိတ်မရှိနိုင်တော့ပါ၊ ဒီ ၂-ချက်ထဲမှာ အကုန်လုံး ဝင်သွားပါတယ်။

**ဈာနဝီထိ**

ဥပမာ–ဈာနဝီထိကို ချကြည့်ပါ၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနော-ဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်, ဘင်္ဂ-လို့ ဝီထိချတော့ အာဒိကမ္မိက ပဌမဆုံးဈာန်စိတ်မှာ ဈာန်ဧောက တကြိမ်ပဲ ဖြစ်ပါတယ်။ ဒီ အာဒိကမ္မိကဈာနဝီထိမှာ မနောဒွါရာဝဇ္ဇန်းက အဖျာကတာ၊ ဈာန်ဧောက မဟဂ္ဂုတ်ကုသိုလ်ဧောဆိုတော့ မနောဒွါရာဝဇ္ဇန်း အဖျာကတာက ကုသိုလ်ဈာန်ဧောကို ကျေးဇူးပြုတာ ဖြစ်တဲ့အတွက် အဖျာကထာက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ဈာန်ဝင်စားနေတဲ့အခါမှာ ဈာန်ဧောချည်းဘဲ အကြိမ်များစွာ ကျနေတော့ ကုသိုလ်ဈာန်ဧောက ကုသိုလ်ဈာန်ဧောကို ကျေးဇူးပြုတဲ့အခါမှာ ပဌမဈာန်ဧောကုသိုလ်က ဒုတိယဈာန်ဧောကုသိုလ်, ဒုတိယဈာန်ဧောကုသိုလ်က တတိယ ဈာန်ဧောကုသိုလ်, တတိယ ဈာန်ဧောကုသိုလ်က စတုတ္ထဈာန်ဧောကုသိုလ်၊ ဒီလိုဘဲ အဆက်ဆက်စောသွားတဲ့အတွက် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ရဟန္တာများကျတော့ ကြိယာဈာန်ဧောသာ စောတဲ့အတွက် ရှေးရှေးကြိယာဈာန်ဧောတို့က နောက်နောက်ကြိယာဈာန်ဧောတို့ကို ကျေးဇူးပြုတဲ့အခါ အဖျာကတက အဖျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ကုသိုလ်ဈာန်ဧောတွေ စောပြီး နောင်ဘဝင်ဆိုတော့ ဘဝင်က အဖျာကတ ဖြစ်တဲ့အတွက် အဆုံးဧောကုသိုလ်က ပဌမဘဝင် အဖျာကတကို ကျေးဇူးပြုတာ ဖြစ်ပြန်ပါတယ်။

စိတ်တွေရဲ့ဖြစ်စဉ်အားလုံး စုံအောင် အမည်ဖော်ပြီး အနန္တရပစ္စည်းကို 'စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ' ဆိုတဲ့ ဒီ သဘောမျိုးနဲ့သာ ဟောသွားရရင် အနန္တရပစ္စည်းဟာ ပစ္စယနိဒ္ဒေသမှာဘဲ မကုန်နိုင်အောင်

ကျယ်ဝန်းသွားမှာမို့ မြတ်စွာဘုရားက ပဌမနည်းပြအနေဖြင့် ဟောပြပြီး နောက်ထပ် အကျဉ်းချုပ်ပြီးတော့ ဒီ ၇-ချက်နဲ့ဘဲ ဝိထိစိတ်တွေ ဖြစ်တဲ့ အစဉ်ကို အကုန်လုံး ပါဝင်သွားအောင် ဟောထားတာပါဘဲ။

## ၀၀ မဂ္ဂဝိထိ

မဂ္ဂဝီထိမှာ တခါကြည့်ပြန်ရင်လဲ မဂ္ဂင်ထိရဲ့အစဉ်မှာ ဘဝင်္ဂလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ် ၁-ကြိမ်, ဖိုလ် ၂-ကြိမ်, သို့မဟုတ် ၃-ကြိမ်, ဘဝင်-လို့ ရှိပါတယ်။ ဘဝင်္ဂလန်ကက ဘဝင်္ဂုပစ္ဆေဒကို, ဘဝင်္ဂုပစ္ဆေဒက မနောဒ္ဒါရာဝဇ္ဇန်းကို ဒီလို့ ကျေးဇူးပြုတော့ ဒီစိတ်တွေမှာက အဖျာကတက အဖျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ တခါ မနောဒ္ဒါရာဝဇ္ဇန်းက သောတာပတ္တိမဂ်ရှေးမှာ ကျတဲ့ ပရိကံကို ကျေးဇူးပြုရင် အဖျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ တခါ ပရိကံက ဥပစာ၊ ဥပစာက အနုလုံ၊ အနုလုံက ဂေါတြဘူ၊ ဂေါတြဘူက မဂ်၊ ဒီဇောတွေမှာတော့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပါတယ်၊ မဂ်က ဖိုလ်ကိုတော့ ကုသိုလ်က အဖျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ပရိကံက ဝိပဿနာပွါးတာကို ဆိုလိုပါတယ်၊ ဥပစာက မဂ်ရဘို့ နီးလာတဲ့ဇောပါ၊ အနုလုံက အရိယာဖြစ်ရန် သင့်လျော်တဲ့ဇောပါ၊ ဂေါတြဘူက ပုထုဇဉ်အဋ္ဌယ်ပြတ်၍ ပုထုဇဉ်ဘဝတွေ ဆုံးတဲ့ဇောပါ၊ ပုထုဇဉ်ဘဝက အရိယာဘဝကို မဂ်ဖြင့် ဘဝပြောင်းနည်း မျိုးဟာ အလွန်ထူးဆန်းတဲ့ ဘဝပြောင်းနည်း ဖြစ်ပါတယ်။

## ပုထုဇဉ်နှင့် အရိယာ

ကျွန်တော်တို့ဟာ လူသေပြီး ဘဝကူးတာမျိုးကျတော့ လူက နတ်ဖြစ်တာလဲ မသိ၊ ဘယ်ဘဝပြောင်းပြောင်း မသိရပါဘူး၊ ဒီ ခန္ဓာကိုယ်နဲ့ ပုထုဇဉ်ဘဝက အရိယာဘဝ ပြောင်းတာမျိုးကျတော့ သေသေချာချာ သိနိုင်ပါတယ်။ အရိယာမဟုတ်သူတို့က ဘာမှ မသိသာဘူးလို့ ထင်ကြပေမဲ့၊ ဘယ်မှာ မသိသာဘဲ ရှိပါ့မလဲ၊ ပုထုဇဉ်က အရိယာဖြစ်သွားတာ

ဟာ ဘဝတခုက ဘဝဘခုကို ထူးထူးဆန်းဆန်း ပြောင်းသွားတာပါ၊ ဥပမာအားဖြင့် ရှေးနေတဲ့လူတယောက်ဟာ ဆေးကုလို့ ရောဂါပျောက်ပျက်သွားတော့ အရှေးဘဝက အကောင်းဘဝရောက်သွားတာ ဘေးကကြည့်တဲ့လူတွေကလဲ ဒီလူတော့ အရှေးမဟုတ်တော့ဘူး၊ ကောင်းသွားပြီ'လို့ သေသေချာချာ သိပါတယ်။

သူကိုယ်သူ ပြန်စဉ်းစားပြန်ရင်လဲ 'ငါ ရှေးတဲ့ဘဝတုန်းက တော်တော် ဘရုတ်သုက္ခဖြစ်ခဲ့ဘာဘဲ၊ ခု ငါကောင်းသွားပြီ'ဆိုတာ သိပါတယ်။ အရှေးဘဝက အကောင်းဘဝဖြစ်တာ သိသာထင်ရှားလို့ရှိရင် ပုထုဇဉ်ဘဝက အရိယာဘဝ ပြောင်းတာလဲ ကိုယ့်ကို ကိုယ် သိပါတယ်၊ 'ငါ ရှေးတုန်းက တွေ့ကရာတွေ့ လုပ်ခဲ့ပေမဲ့ ခုတော့ တကယ့်အမှန်တရားကို ငါရတဲ့နေ့က စပြီး အရိယာဖြစ်တဲ့နေ့ကစပြီး နေတာ ထိုင်တာကအစ အားလုံး ငါ ပြောင်းလဲသွားတာပါလား'လို့ဆိုပြီး သိပါတယ်၊ ပုထုဇဉ်က သောတာပတ္တိမဂ်ဆိုက်တယ်ဆိုတာ အရိယာဖြစ်သွားတာကို ပြောတာပါ၊ ပုထုဇဉ်ဘဝက အရိယာဘဝ ပြောင်းသွားတာကို ပြောတာပါ။

## လောကီကုသိုလ်နှင့် လောကုတ္တရာကုသိုလ်

**မနောဒွါရဝဇ္ဇန်းက** ပရိုက်ကို ကျေးဇူးပြုတာသည် **အဗျာကတက**ကုသိုလ်ကို၊ ပရိုက်က ဥပစာကို ကျေးဇူးပြုခြင်းသည် ကုသိုလ်က ကုသိုလ်၊ ဥပစာက အနုလုံကို ကျေးဇူးပြုတာသည် ကုသိုလ်က ကုသိုလ်၊ **အနုလုံက** ဂေါတြဘူကို ကျေးဇူးပြုခြင်းသည်လဲ ကုသိုလ်က ကုသိုလ်၊ ဂေါတြဘူက တဖန် မဂ်ကို ကျေးဇူးပြုခြင်းဟာလဲ ကုသိုလ်က ကုသိုလ်ကိုဘဲ ဖြစ်ပါတယ်၊ ပရိုက်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူတို့မှာ အားလုံး ဝိပဿနာကုသိုလ်ဇောများ ဖြစ်ကြပါတယ်၊ ဂေါတြဘူက လောကီကုသိုလ်၊ သူ ကျေးဇူးပြုလိုက်တဲ့မဂ်ဟာ လောကုတ္တရာကုသိုလ်ဖြစ်သွားတော့ ကုသိုလ်ကကုသိုလ်ဆိုသော်လဲ လောကီကုသိုလ်နှင့် လောကုတ္တရာကုသိုလ်မို့ ကျေးဇူးပြုနိုင်သလားဆိုတဲ့ပြဿနာ ဒီမှာ ဝင်လာပါတယ်၊ ကုသိုလ်က ကုသိုလ်ဆိုသော်လည်း ဘဝချင်းက ခြားနား, ကုသိုလ်ချင်းကလဲ ခြားနားတော့ 'ပုရိမာ

ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာန'်မှာ လောကီကုသိုလ် ဂေါတြဘူက လောကုတ္တရာကုသိုလ်မက်ကို ကျေးဇူးပြုနိုင်မလားဆိုတဲ့ ပြဿနာဝင်လာတယ်၊ ဒီ သံသယကိုပျောက်အောင် ပဥ္စဝဂ္ဂရ-က အမည်နှင့်တကွ အတိအလင်း ဖော်ပြထားပါတယ်၊ ဂေါတြဘူ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော၊ ဂေါတြဘူ–လောကီဝိပဿနာကုသိုလ်သည်၊ မဂ္ဂဿ–ဂေါတြဘူ နောင်လောကုတ္တရာကုသိုလ် သောတာပတ္တိမဂ်အား၊ လောကီကုသိုလ်က လောကုတ္တရာကုသိုလ်ကို အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ပါတယ်တဲ့။

## လောကီအာရုံနှင့် လောကုတ္တရာအာရုံ

ပရိကံ, ဥပစာ, အနုလုံဆိုတဲ့ ဝိပဿနာဇောသုံးခုက တောဘူမက သခါရကို အာရုံပြုပါတယ်၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မျိုးမှာက သခါရလောက ရုပ်နှင့်နာမ် ဖြစ်ပျက်ကိုသာ အာရုံပြုတော့ လောကီကိုသာ အာရုံပြုတာ ဖြစ်ပါတယ်။ အနုလုံးနောင် ဂေါတြဘူက လောကီကုသိုလ် ဖြစ်ပေမဲ့ လောကုတ္တရာ နိဗ္ဗာန်ကိုသာ အာရုံပြုပါတယ်။ သင်္ဂီဟ်အာရမ္မဏသင်္ဂဟမှာ ဆိုထားတာက 'မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် အရဟတ္တမဂ်ဖိုလ်ကြဉ်တဲ့ အလုံးစုံကို အာရုံပြုတယ်'လို့ ဆိုထားပါတယ်။ ဒီလို နိဗ္ဗာန်ထိ အာရုံပြုနိုင်တယ်လို့ ဆိုတာဟာ ဒီ ဂေါတြဘူစိတ်ရှိနေလို့သာ ဆိုတာပါ၊ ဒီနေရာမှာ ပြဿနာတခု ဝင်လာပြန်တယ်၊ အနုလုံနဲ့ ဂေါတြဘူသည် ဝိပဿနာဇောချင်းတူပေမဲ့ အာရုံက ကွဲနေသည့်အတွက် အနန္တရပစ္စည်း ဖြစ်ပါ့မလား၊ ဒီ ပြဿနာကို ပဥ္စဝဂ္ဂရမှာ 'အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော'လို့ အာရုံပင် ကွဲသော်လဲ အနုလုံက ဂေါတြဘူကို ကျေးဇူးပြုနိုင်တယ်လို့ အတိအလင်း ဟောထားပါတယ်။ ဒါကြောင့်မို့ လောကီ အာရုံပြုတဲ့ အနုလုံစိတ် ရှိလို့သာ အနုလုံက ကျေးဇူးပြုလို့သာ လောကုတ္တရာအာရုံပြုတဲ့ ဂေါတြဘူစိတ်ဟာ ဖြစ်ပေါ်လာတယ်ဆိုတော့ လောကီကျေးဇူး ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ မှတ်သားစရာပါဘဲ။

**မင်္ဂစိတ်နှင့် ဖိုလ်စိတ်**

ဂေါတြဘူက မင်္ဂကို ကျေးဇူးပြုတဲ့အခါ မင်္ဂစိတ်က တကြိမ်ဘဲ ဖြစ်ပါတယ်၊ မဂ္ဂဝီထိမှာ ဖိုလ်စိတ်က ၂-ကြိမ် ၃-ကြိမ် ဖြစ်ပါတယ်၊ ဖိုလ် ဝင်စားတဲ့အခါမှာသာ ဖိုလ်စိတ်တွေ အကြိမ်ကြိမ် စောနေပါတယ်၊ မင်္ဂက ဖိုလ်ကို ကျေးဇူးပြုတော့ ဖိုလ်စိတ်က အဗျာကတ ဖြစ်တဲ့အတွက် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတဲ့နေရာမှာ ထည့်နိုင်ပါ့မလားဆိုတော့ ပဋ္ဌာဝါရမှာ 'မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော' လို့ အမည်ဖော်ထုတ်၍ ဟောထားတဲ့အတွက် မင်္ဂက ဖိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်၊ တခါ ပထမဖိုလ်မှ ဒုတိယဖိုလ်၊ ဒုတိယဖိုလ်မှ တတိယဖိုလ်၊ ဒီလိုဖိုလ်ချင်း ဖိုလ်ချင်းဆက်သွားတော့ ဖိုလ်က ဝိပါက်စိတ်မို့ အဗျာကတက ဖြစ်သည့် အတွက် အဗျာကတက အဗျာကတကို ကျေးဇူးပြုပါတယ်၊ ဖိုလ်ကတခါ ဘဝင်ကို ကျေးဇူးပြုပြန်တော့ ဘဝင်ကလဲ အဗျာကတ ဖြစ်တဲ့အတွက် 'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'ထဲမှာ ပါသွားလို့ အဗျာကတက အဗျာကဘကို ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ချချင်တဲ့ဝီထိကို ချကြည့်ပါ၊ အနန္တရပစ္စည်း ပါဠိတော် ၁၇-ချက်မှာ အားလုံးဝီထိစိတ်တွေ ဝင်သွားပါတယ်။

သို့သော် အနန္တရပစ္စည်းမှာ မဟောတာက—

(က) ကုသိုလ်နောင်မှာ အကုသိုလ်ဆက်တိုက်မဖြစ်၊

(ခ) အကုသိုလ်နောင်မှာ ကုသိုလ်ဆက်တိုက်မဖြစ်ပါ—

ဆိုတဲ့ ၂-ချက်ကိုတော့ မှတ်သားထားရမှာပါ။

ဥပနိဿယ ပစ္စည်းကျတော့ တမျိုး လာပါတယ်၊ ဥပနိဿယမှာ 'ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုနိုင်ထယ်'

လို့ ဒီလိုဟောထားပါတယ်၊ ဒီလိုဟောထားတာဟာ အနန္တရူပနိဿယ မဟုတ်ပါ၊ ဒါတွေကို ဥပနိဿယကျမှ ရှင်းပါမယ်။ ဥပနိဿယမှာလဲ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယလို့ ၃-မျိုးကွဲပါတယ်။ ပဋ္ဌာန်းက လွယ်မယ်ဆိုလဲ လွယ်နိုင်ပါတယ်၊ အနန္တရူပ နိဿယဟာ အနန္တရပစ္စည်းနဲ့ အတူတူပါဘဲ၊ အာရမ္မဏူပနိဿယကလဲ အာရမ္မဏာဓိပတိပစ္စည်းနဲ့ အတူတူပါဘဲလို့ ပြန်ညွှန်းရင် လွယ်ပါဘယ်၊ ဒါကြောင့် စျာနဝိထိ မဂ္ဂဝိထိတွေဟာလဲ ဒီ ၇-ချက်ထဲမှာ အကုန်ဝင်သွားတာ တွေ့ရပါပြီ၊ သို့ပေမဲ့ အရေးကြီးတဲ့ ဝိထိတခု ကျန်နေပါသေးတယ်။

## မရဏာသန္နဝိထိ

မရဏာသန္နဝိထိကို ချကြည့်ရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၅-ကြိမ်, တဒါရုံ ၂-ကြိမ်, ဘဝင်, စုတိဆိုတော့ လူမှာ သေခါနီး ဇောက ၅-ကြိမ်ဘဲ စောပါတယ်၊ သေတဲ့အခါကျတော့ ဇော နောင်မှာလဲ စုတိစိတ်ကျနိုင်တယ်၊ တဒါရုံ ၂-ကြိမ်နောင်မှာလဲ စုတိကျနိုင်တယ်။ တဒါရုံရဲ့အဆုံး ဘဝင်နောင်လဲ စုတိကျနိုင်တယ်၊ စုတိနောင် ပဋိသန္ဓေ, ပဋိသန္ဓေနောင် ဘဝင်ဆိုတဲ့ ဘဝင်စိတ်ကျတော့ တခြားဝိထိစိတ်တွေ မလာဒေသးဘဲ ဘဝင်ချည်း ၁၆-ချက် ဖြစ်ပါတယ်၊ မရဏာသန္နဝိထိမှာ သေတဲ့အထိက အတိတ်၊ ပဋိသန္ဓေကစပြီး ဒီဘဝမှာ ဖြစ်တဲ့ ဝိထိက ပစ္စုပ္ပန်ဖြစ်ပါတယ်။

မရဏာသန္နဝိထိမှာ ဘဝင်္ဂစလနက ဘဝင်္ဂုပစ္ဆေဒကို, ဘဝင်္ဂုပစ္ဆေဒက မနောဒွါရာဝဇ္ဇန်းကို ကျေးဇူးပြုတာသည် အဗျာကတ တရားများဖြစ်ကြသည့်အတွက် အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ယခုသမည့်သူက ကုသိုလ်ဇောနှင့် သေမည်ဆိုတော့ မနောဒွါရာဝဇ္ဇန်းက ကုသိုလ်ဇောကို ကျေးဇူးပြုတာမို့ အဗျာကတက ကုသိုလ်ကိုကျေးဇူးပြုတာ ဖြစ်ပါတယ်။ ကုသိုလ်ပဌမဇောကစပြီး နောင် ၎င်းကြိမ်စောတာသည် ကုသိုလ်ချည်းဖြစ်၍ ကုသိုလ်က ကုသိုလ်ကို' ကျေးဇူးပြုတာဖြစ်ပါတယ်။ ဇောနောင် တဒါရုံမှာကတော့ 'ကုသိုလ်က အဗျာကတ' ကျေးဇူးပြုတာ

ဖြစ်ပါတယ်၊ တဒါရုံမှု ဘဝင်, ဘဝင်နှောင် စုတ်ဆိုတော့ အဗျာကတက အဗျာကတချည်းပါဘဲ။

## ဘဝင်နှောင် စုတိ

ဘဝင်နှောင် စုတိဆိုတော့ စုတိက ဘာစိတ်လဲ၊ စုတိဆိုတာက ဘဝင်စိတ်ပါဘဲ၊ ဘဝင်, စုတိ, ပဋိသန္ဓေစိတ်ဘို့သည် အတူတူပါ၊ အမည်အား ဖြင့်သာ ကဲ့ပြားနေပါတယ်၊ ပဋိသန္ဓေနေသည့် စိတ်ဆိုတာ ဒီဘဝတွင် စ,ဖြစ်သည့်စိတ်၊ ဘဝ ၂-ခုကို စပ်သည့်စိတ်ပါဘဲ၊ တရားကိုယ်အားဖြင့် တိဟိတ်ပုဂ္ဂိုလ်ဆိုတော့ တိဟိတ်မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခုမှ တခုခုဖြင့် ပဋိသန္ဓေနေခြင်းဖြစ်ပါတယ် ဒီဝိပါက်စိတ်သည် မသေမခြင်း ကြားထဲမှ တခြားဝီထိစိတ်တွေ့ မှာင်သေးရင် ဘဝင်အမည်နှင့် ဖြစ်ရပါတယ်၊ ဒီဘဝင်ဆိုဘာဟာ အရေးအကြီးဆုံးစိတ် ဖြစ်ပါတယ်။ **ဘဝင်ကို အသက်လို့ ခေါ်နေကြပါတယ်၊ ဝိညာဏ်လို့လဲ ခေါ်ကြပါတယ်။ ဘဝင်လေး စမ်းကြည့်ပါဦးလို့** ဆေးဆရာများ ပြောနေကြတာလဲ ဒီဘဝင်ပါဘဲ၊ ဘဝင် စမ်းမိသေးရင် မသေသေးဘူးဆိုတဲ့ သဘောပါ၊ ဒီဘဝင် ဒီအသက် ဒီဝိညာဏ်ကိုဘဲ တဘဝမှ တဘဝပြောင်းတယ်ဆိုပြီးတော့ ယူဆထားကြတာပါ။

နောက်ဆုံးစုတိစိတ်ဖြင့် သည်ဘဝကနေ့လေ့ာသွားပြီဆိုတော့ စုတိက ပဋိသန္ဓေစိတ်ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ အနန္တရသတ္တိမရှိလျှင် စုတိနောင် ပဋိသန္ဓေ မရှိနိုင်ပါ၊ စုတိနောင်မှာ ပဋိသန္ဓေက ဖြစ်ရမှာ အမှန်ပါ၊ စုတိရှိသမျှ အပါယ်သတ္တဝါများ စုတိ, လူစုတိ, နတ်စုတိ, သော တာဝန်စုတိ, သကဒါဂါမ်စုတိ, အနာဂါမ်စုတိ, ဗြဟ္မာစုတိဆိုတဲ့ သတ္တဝါတို့ရဲ့ စုတိစိတ်အားလုံး နောင်မှာ ပဋိသန္ဓေစိတ် ဖြစ်ရမှာပါ၊ ရဟန္တာတို့မှာတော့ စုတိစိတ်နောင် ပဋိသန္ဓေ မဖြစ်ဘော့ပါ၊ ဒါကြောင့် အနန္တရပစ္စည်းကို ကောက်တဲ့အခါမှာ 'ရဟန္တာတို့စုတိစိတ်ကြဉ်သော စိတ် ၈၉, စေတသိက် ၅၂-သည် အနန္တရပစ္စည်းဖြစ်၏။ ရဟန္တာ စုတိစိတ်နှင့်တကွ စိတ် ၈၉, စေတသိက် ၅၂-သည် ပစ္စယုပ္ပန်ဖြစ်၏-လို့ ဆိုပါတယ်။ ရဟန္တာတို့ စုတိက ပစ္စယုပ္ပန်တော့ ဖြစ်ပါတယ်။

ပဌမဧောက ဒုတိယဧောကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုတာမှာ ဥပါဒ်, ဌီ, ဘင် အားဖြင့် စိတ်တခုပျက်သွားရင် စိတ်တခုဖြစ်လာတာက ဒုတိယဧောဖြစ်ဘို့ ပဌမဧောက ပျက်ပေးရတယ်၊ ပဌမဧောသာ မပျက်ရင် ဒုတိယဧော မဖြစ်နိုင်ပါ။ 'သူတည်းတယောက် ကောင်းဘို့ရောက်မှ သူတယောက်မှာ ပျက်မြဲသာ'ဆိုဘာ ဝိထိစိတ်ကို ပြောတာလို့လဲ ဆိုနိုင်ပါတယ်၊ ဥပါဒ်, ဌီ, ဘင်အားဖြင့် သူဟာသူ ဖြစ်ပြီး ပျက်သွားတာပေမဲ့ ကျေးဇူးပြုတယ်လို့ ဆိုနိုင်ပါတယ်။ အကယ်၍ မပျက်ဘဲနေခဲ့ရင် နောက်ထပ် စိတ်ဖြစ်လို့မရတဲ့အတွက် ပဋ္ဌာန်းနည်းအရ ကျေးဇူးရှာပြီး တင်မယ် ဆိုရင် ပျက်သွားတဲ့သူတွေကို ကျန်တဲ့သူဘွေက ကျေးဇူးအများကြီးတင်ဘို့ ကောင်းပါတယ်၊ သူတို့ပျက်သွားလို့သာ ဒို့တတွေ ဖြစ်လာရတယ်၊ သူတို့သာ မပျက်ခဲ့ရင် ဒို့တတွေ ဒီလိုမဖြစ်နိုင်လို့ ကျေးဇူးရှာတင်နိုင်ပါတယ်။ သဘာဝဓမ္မအနေနဲ့ စုတိစိတ်မပျက်ရင် ပဋိသန္ဓေ မဖြစ်နိုင်ပါ။ စုတိစိတ်က သူချုပ်ပျက်ပေးလို့သာ ပဋိသန္ဓေဘဝတွေကလဲ ဖြစ်လာရပါတယ်။ ဒီလို စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေနောင် စုတိလို့ မပြတ်မလပ် ဘဝဧပါင်းများစွာ သံသရာလည်နေကြတာဟာ အနန္တရသတ္တိပါဘဲ၊ အနန္တရသတ္တိကုန်မှသာ နိဗ္ဗာန်ရောက်မှာ ဖြစ်ပါတယ်။ စုတိစိတ်သည် အဗျာကတ, ပဋိသန္ဓေစိတ်ကလဲ အဗျာကတမို့ 'အဗျာကတက အဗျာကတ'ကို ကျေးဇူးပြုတာပါဘဲ။

## အနန္တရသတ္တိ၏ ထူးခြားချက်

နာမ်တရားများမှာ အနန္တရသတ္တိဟာ ထူးခြားလှပါတယ်၊ အနန္တရသတ္တိသာ မရှိလျှင် နာမ်တရားတွေဟာ ရုပ်တရားတွေလိုဘဲ အစိုင်အခဲတွေ ဖြစ်နေကြမှာပါ။ အနန္တရဆိုတာက စိတ်တခုလုံးလုံးမရှိမှ နောက်ထပ်တခု ဖြစ်ရတာဆိုတော့ နာမ်တရားများမှာ အတုံးအခဲတွေ ဖြစ်စရာ မရှိနိုင်တော့ပါ၊ သဏ္ဌာန်အားဖြင့် ရုပ်တွေလို မြင်နေရအောင် မဖြစ်နိုင်တော့ပါ။ ရုပ်တရားနှင့် နာမ်တရား ထူးခြားချက်ဟာ အနန္တရသတ္တိပါဘဲ၊ မရဏာသန္နဝီထိကို့ကြည့်ရင် ပဌမဧော ကောင်းစားဘို့ မနောဒွါရဝဇ္ဇန်းက ပျက်ပေးရပါတယ်၊ ဒုတိယဧော ကောင်းစားရအောင် ပဌမ

ဇောက ပျက်ပေးရပါတယ်၊ ပဋိသန္ဓေစိတ်ကောင်းစားဘို့ စုတိကပျက်ပေးရပါတယ်။ ဒီလို ကိုယ်အပျက်ခံပြီး ကျေးဇူးပြုတယ်ဘဲဆိုဆို သို့မဟုတ် ကိုယ်က တောထွက်ပေးပြီးမှ ကျေးဇူးပြုတယ်ဘဲဆိုဆို နားလည်အောင် ပြောရရင်ဖြင့် ချီးမြှောက်တဲ့သဘောနဲ့ နောက်ထပ် ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုပေးတာဘဲ ဖြစ်ပါတယ်။ မရဏာသန္နဝီထိဘဲ ချကြည့်ကြည့်၊ ချချင်တဲ့ဝီထိချကြည့်ပါ၊ ပစ္စယနိဒ္ဒေသ အနန္တရပစ္စည်း ၁၇-ချက်ထဲမှာ မပါဝင်တဲ့စိတ်လို့ မရှိနိုင်တော့ပါ၊ အကုန်လုံး ပါသွားပါတယ်။

သင်္ဂြိဟ်ဝီထိပိုင်းမှာ ကြေခဲ့ရင်ဖြင့် အနန္တရပစ္စည်းဟာ အားလုံးတတ်ပြီးသားပါဘဲ၊ အနန္တရပစ္စည်းကတော့ ဒီလောက်ဆိုရုံ တော်တော်စုံသွားပြီလို့ ထင်ပါတယ်။

# ၅း သမနဲ့ကံရပစ္စည်း
# သင်ကြား ပို့ချချက်များ

အနန္တရပစ္စည်းနဲ့ သမနန္တရပစ္စည်း ဘာထူးသလဲဆိုတော့ အဓိပ္ပါယ်ချင်းကတော့ ကျေးဇူးပြုပံ့ချင်းမှာ ဘာမှမထူးခြားပါ၊ ရှေးဆရာကြီးများဖြစ်ကြတဲ့ ကျမ်းပြုပုဂ္ဂိုလ်ကြီးတို့က အနန္တရပစ္စည်းကို စကြာမင်း နတ်ရွာစံတော့ သားကြီးကို စကြာမင်း ရာထူးပေးတာလို ဥပမာပေးပါတယ်။ စကြာမင်းရာထူးက အဘေက သားကို ပေးလို့ရတာ မဟုတ်ပါ၊ စကြာရတနာ ဆိုက်ရောက်ပါမှ စကြာမင်းလို့ ခေါ်ထိုက်တာဖြစ်တော့ အဘေသေသွားသည့်တိုင် မိမိဘာသာ မိမိ စကြာရတနာ ဆိုက်ရောက်နိုင်တဲ့အကျင့်ကို ကျင့်မှ စကြာရတနာက ဆိုက်ရောက်မှာ ဖြစ်ပါတယ်။ သို့ပေမဲ့ စကြာမင်း နတ်ရွာစံတာဟာ သားကြီးရတနာ စကြာမင်းဖြစ်ဘို့ ကျေးဇူးပြုတာဘဲလို့ အနန္တရပစ္စည်းကို ဥပမာပေးခဲ့ကြပါတယ်။

သမနန္တရပစ္စည်းကျတော့ "စကြာမင်းဟာ ထီးနန်းစည်းစိမ်ကို သားကြီးရတနာ အပ်နှင်းပြီး ကောထွက်သွားတာသည် သားကြီး စကြာမင်းဖြစ်ဘို့ ကျေးဇူးပြုသလို" လို့ ဒီလို ဥပမာပေးကြပါတယ်။

သမနန္တရပစ္စည်း ဆိုတာက သံ + အနန္တရဆိုတဲ့ ပါဠိပုဒ် ဖြစ်တော့ သံ-၏အဓိပ္ပါယ်က ပါဠိမှာ 'သံ' က ဥပသာရပုဒ်ဖြစ်တဲ့အတွက် နောက်ကတဲ့တဲ့ပုဒ်လိုက်ပြီး 'သံ' အနက်အမျိုးမျိုး ပြန်လို့ရပါတယ်၊ ပါဠိမှာ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို တိတိကျကျ ဘာသာပြန်ဘို့က မလွယ်ပါ၊ အဋ္ဌကထာဆရာများ ပြန်ဆိုထားတာကတော့ 'သံ' ဆိုတာ ကောင်းတယ်ဆိုတဲ့ အနက် ကောင်းကောင်း ကျေးဇူးပြုတယ်ဆိုတဲ့ အဓိပ္ပါယ်ပါဘဲ၊ စကြာမင်း တောထွက်တယ် ဆိုတာကတော့ မသေဘဲနဲ့ သားကြီးက စကြာမင်း ဖြစ်လာရတဲ့အတွက် 'သံ' ကို ကောင်းစွာကျေးဇူးပြုတယ်ဆိုတဲ့

အဓိပ္ပါယ်နဲ့ အနန္တရနဲ့ သမန္တရ ထူးခြားသွားအောင် ရှေးဆရာစဉ်ဆက် ဥပမာပေးခဲ့တာနဲ့ဘဲ တူပါတယ်။

**ရူပ်ဖြစ်ပျက်မှုနှင့် နာမ်ဖြစ်ပျက်မှု မတူ**

တနည်းအားဖြင့် ပြောရရင်တော့ အနန္တရပစ္စည်းဆိုတာဟာ အကြားမရှိသောအားဖြင့် ကျေးဇူးပြုတယ်၊ တဆက်တည်းအားဖြင့် ကျေးဇူးပြုတယ်လို့ ဒီလိုဘဲ အမျိုးမျိုး ဘာသာပြန်ကြပါတယ်၊ အမှန်က အနန္တရက မရှိသောအားဖြင့် ကျေးဇူးပြုတာပါ၊ နာမ်တရားတို့မည်သည်မှာ ဥပါဒ်, ဌိ, ဘင်ဖြစ်နေခိုက် ဒီ့ပြင် နာမ်တရားတပါးက ဖြစ်လို့မရပါ။

ဒီနေရာမှာ ရူပ်တရားနှင့် မတူတာက ရူပ်သဘောတရားက ကိုယ်က ဥပါဒ်, ဌိ, ဘင် ဖြစ်နေခိုက် ဒီ့ပြင် ရူပ်တရားက ဖြစ်နိုင်ဘယ်၊ ကိုယ်က ပျက်နေခိုက် ဒီ့ပြင် ရူပ်တရားတပါးက ဖြစ်နိုင်တယ်၊ ကမ္မဇရူပ်, ဥတုဇရူပ်, အာဟာရဇရူပ်, စိတ္တဇရူပ်လို့ ဒီလို ရူပ်တရား ၄-ပါးရှိတဲ့အနက်က ကမ္မဇရူပ်တွေက ဖြစ်နေတဲ့အခိုက် စိတ္တဇရူပ်တွေက ဖြစ်နေတယ်၊ စိတ္တဇရူပ်ကွေက ဖြစ်နေခိုက် ကမ္မဇရူပ်တွေကလဲ ဖြစ်နေတာဘဲ၊ ရူပ်တရားဖြစ်ပျက်မှုနဲ့ နာမ်တရားဖြစ်ပျက်မှုက မတူပါ။

နာမ်တရားက တခုဖြစ်နေရင် နောက်နာမ်တရားတခုက ဖြစ်ပေါ်ခွင့်မရှိပါ၊ အနန္တရမှာ နေရာဖယ်ပေးနည်းက ကိုယ်ပျက်ပေးပြီးမှ သို့မဟုတ် နုတ်ထွက်ပေးပြီးမှ နောက်ထပ် နာမ်တရားတခု ဖြစ်ပေါ်ခွင့် ပေးတာပါဘဲ။

**ရှုပ်ရှုပ်နေရာ ဖယ်ပေးနည်း**

ရူပ်တရားတွေရဲ့ ဖြစ်ပျက်ကတော့ ရှုပ်နေပါတယ်၊ ရူပ်တရားများရဲ့ 'ရှုပ်ရှုပ်နေရာ ဖယ်ပေးနည်း' ဆိုတာက သိပ်ပြီး ပြတ်မသွားပါ၊ ရူပ်တရားများမှာ စိတ္တဇရူပ်က ဖြစ်နေတဲ့အခါ ဥတုဇရူပ်ကလဲ ဖြစ်နေပါတယ်၊ ကမ္မဇရူပ်က ဖြစ်နေတဲ့အခါ စိတ္တဇရူပ်, ဥတုဇရူပ်, အာဟာရဇရူပ်တွေက ဖြစ်နေပါတယ်။ ရူပ်တရားတွေ နေရာ ဖယ်ပေးတာက ရှုပ်နေပါတယ်၊

ဖြစ်တဲ့ရုပ်က ဖြစ်၊ ပျက်တဲ့ရုပ်က ပျက်၊ အသစ်ဖြစ်တဲ့ရုပ်ကလဲဖြစ် ဆိုတော့ သူတို့က မရှင်းလှပါ။

**ရှင်းရှင်းနေထိုင် ဖယ်ပေးနည်း**

နာမ်တရားတွေကတော့ 'ရှင်းရှင်းနေထိုင် ဖယ်ပေးနည်း' နဲ့မို့ နာမ်တရားတခုဟာ သူကပျက်တယ်ဆိုရင် တခုပျက်သွားတာနဲ့ နောက်တခုက ဆက်ဖြစ်တာပါ၊ နတ္ထိပစ္စည်းကျတော့ ပိုရှင်းလာပါတယ်၊ နတ္ထိဆိုတာကလဲ မရှိဆိုတဲ့ အဓိပ္ပါယ်မို့ ကျေးဇူးပြုတာလဲ မိမိ မရှိသောအားဖြင့် ကျေးဇူးပြုတာပါ၊ အနန္တရက နေထိုင်ဖယ်ပေးတာမှာ ဒီနေထိုင်မှာ ဘာမှ မကျန်တော့ဘဲ လုံးဝရှင်းရှင်းလင်းလင်း ပျောက်သွားတာဆိုတော့ သူက ရှင်းရှင်း နေထိုင်ဖယ်ပေးတာပါ၊ ဒီနှစ်မျိုးမှာ အနန္တရကို ရှိုးရှိုး ပြောမယ်ဆိုရင် သူက ရှင်းရှင်းဖယ်ပေးပြီး ကျေးဇူးပြုတာပါဘဲ။

**သမနန္တရကို ဟောရခြင်းအကြောင်း**

ရုပ်တရားများကလဲ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပြီးမှ ပျက်ပေးတာဘဲ၊ သို့သော် ရုပ်တရားမှာက အတုံးလိုက် အခဲလိုက် အထည် ဖြစ်သဏ္ဌာန်တွေ ဖြစ်နေဘယ်၊ တော, တောင်, တိုက်တာ ဆိုတဲ့ သဏ္ဌာန်တွေ ထင်ရှားရှိပြီး မြင်ရ-ကိုင်ရ-တွယ်ရတယ်၊ ရုပ်မှာ ဖြစ်, ပျက်ဆိုပေမဲ့ အာကာသပရိစ္ဆေဒရုပ် ဆိုတဲ့ အာကာသ ရှိပါတယ်၊ ဘယ်လောက်မှာတဲ့ ကျောက်ဖြစ်ပါစေ 'အာကာသ-အကြား' က ရှိနေတာပါ၊ ဒီတော့ ရုပ်တရားများ ကျေးဇူးပြုတာလို အကြားရှိပြီး သဏ္ဌာန်ရှိပြီး ကျေးဇူးပြုတာလားဆိုတဲ့ စောဒက-က နာမ်တရားများမှာ ဝင်မှာစိုးလို့ မြတ်စွာဘုရားက သမနန္တရကို ထပ်ပြီး ဟောတော်မူရပါတယ်။

သမနန္တရ-ဆိုတာက သံ=ကောင်းစွာ+အနန္တရ=နေထိုင်ဖယ်ပေးခြင်း ကောင်းစွာရှင်းရှင်း နေထိုင်ဖယ်ပေးတယ်လို့ ဆိုလိုပါတယ်၊ နာမ်တရားများသည် ရုပ်တရားများကဲ့သို့ ရှုပ်ရှုပ်နေထိုင် ဖယ်ပေးတာ မဟုတ်၊ အကြားဆိုတဲ့ အာကာသပရိစ္ဆေဒလဲ မရှိ၊ အစိုင်အခဲလဲ မရှိ၊ သဏ္ဌာန်

ဖြစ်လဲ မရှိ၊ နာမ်တရားဖြစ်စဉ်သည် မြင်လို့ မရ၊ ကိုင်တွယ်လို့ မရ၊ သဘောတရားတွေ တခုစီ တခုစီ ဖြစ်ပျက်နေတယ်၊ ဉာဏ်ထဲမှာသာ ဖဿ, ဝေဒနာ, သညာ စသည်ဖြင့် တွေးကြည့်လို့ ရပါတယ်။

**အနန္တရပစ္စည်း**မှာ စိတ်, စေတသိက် နာမ်တရားသာ ဖြစ်ပါတယ်၊ ပစ္စယုပ္ပန်မှာလဲ စိတ်, စေတသိက်နာမ်တရားပါဘဲ၊ သမနန္တရပစ္စည်းမှာလဲ စိတ်, စေတသိက် နာမ်တရားသာ ဖြစ်တယ်၊ အကျိုး ပစ္စယုပ္ပန်မှာလဲ စိတ်, စေတသိက် နာမ်တရား ပါဘဲ၊ ဒါကြောင့် အနန္တရပစ္စည်းဟာ စကြာမင်းနတ်ရွာစံပြီး နေရာဖယ်ပေးတာနဲ့တူတယ်၊ သမနန္တရပစ္စည်းက စကြာမင်း တောထွက်ပြီး နေရာဖယ်ပေးတာနဲ့ တူတယ်လို့ ရှေးက ဆရာကြီးများက မတူကွဲပြားခဲ့အောင် ဥပမာ ပေးခဲ့ကြတာပါ။

**ဝေနေယျဋ္ဌာသယ**

ဝေနေယျဋ္ဌာသယ ဆိုတာ ဝေနေယျ = ကျွတ်ထိုက်တဲ့ သတ္တဝါ+ အဋ္ဌာသယ=အလိုဆန္ဒ၊ ကျွတ်ထိုက်တဲ့ သတ္တဝါတို့၏ အလိုဆန္ဒလို့ ဒီလို အဓိပ္ပါယ် ရပါတယ်၊ ဝေနေယျဆိုတာ ဝိနယ-က လာတဲ့ပုဒ်၊ အနက်ကတော့ ဆုံးမသင့် ဆုံးမထိုက်တဲ့ပုဂ္ဂိုလ်-သတ္တဝါပါဘဲ၊ နတ်တွေ ဗြဟ္မာတွေကြားထဲမှာ 'အနန္တရပစ္စယေန ပစ္စယော' လို့ ဟောမှ နားလည်တဲ့သူလဲရှိ၊ 'သမနန္တရပစ္စယေန ပစ္စယော' လို့ ဟောမှ နားလည်တဲ့သူလဲရှိဘော့ နေရာဖယ်ပေးပြီး ကျေးဇူးပြုတဲ့နည်းကို အခုကြ အနန္တရ-လို့ နားလည်ကြတယ်၊ တချို့ကျတော့ ဒီနည်းကိုဘဲ သမနန္တရ ဆိုမှ နားလည်ကြပါတယ်။

စိတ္တနိယာမ=စိတ်အစဉ်ဖြစ်ပုံကို အဘိဓမ္မာဆရာများက ဒီ အနန္တရပစ္စည်းကို ကြည့်ပြီး ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်တယ်လို့ ဝံထိတွေ့ချရပါတယ်၊ ဒီ စိတ်ဝီထိတွေ့ ဖြစ်ပုံကတော့ သဗ္ဗညုတဉာဏ်တော်မှာဘဲ အကုန်အစင် သိမြင်နိုင်ပါတယ်၊ ဒီလို ကျယ်ဝန်းနက်နဲလှတဲ့ အနန္တရပစ္စည်းကို မြတ်စွာဘုရားက ဟောတော်မူတဲ့ အခါမှာ ဝေါဟာရပေါ်မှာ များစွာနားမလည်နိုင်တဲ့ ပုဂ္ဂိုလ်များအတွက် သမနန္တရကို တဆင့်ထပ်ပြီး

ဟောရပါတယ်၊ မာတိကာမှာလဲ ဝေါဟာရခွဲငါးကွဲလို့ ထပ်ထပ်ပြီး ဟော ရတဲ့ ဒုက်တွေက ရှိပါတယ်၊ အဘိဓမ္မာမှာ ၂-ခု ထပ်ပြီး ဒေသနာယျဋ္ဌာ-သယအားဖြင့် ဟောရပါတယ်ဆိုတဲ့ အဖြေဟာ ဖြေရိုးဖြေစဉ်တခုပါဘဲ။

ဒီ ပုဂ္ဂိုလ်ဟာ ဒီလို စကားလုံးနဲ့မှ တရားရမယ်ဆိုရင် ဝေနေယျ သတ္တဝါတို့၏ အလိုဆန္ဒကို လိုက်လျောသောအားဖြင့် အနန္တရနဲ့ နား လည်မဲ့ပုဂ္ဂိုလ်, ကျတ်မဲ့ပုဂ္ဂိုလ်ကို အနန္တရ ဟောပါတယ်၊ သမနန္တရနဲ့ ကျတ်မဲ့ပုဂ္ဂိုလ်ကျတော့လဲ သမနန္တရနဲ့ ထပ်ပြီး ဟောရပါတယ်၊ ကျေးငှူး ပြုပုံချင်းက ပါဠိဘော်မှာကြည့်ရင် သမနန္တရနဲ့ အနန္တရက ထပ်တူထပ်မျှ ဘာမှ မထူးပါ၊ သမနန္တရကို ဒါလောက်နဲ့ဆိုရင် သဘောပေါက်လောက် ပြီ ထင်ပါတယ်။

# ၆။ သဟဇာတပစ္စည်း

# သင်ကြားပို့ချချက်များ

သဟဇာတပစ္စည်းမှာ သဟ= အတူတကွ+ ဇာတ= ဖြစ်ပေါ်သည် ဆိုတော့ အတူတကွ ဖြစ်ပေါ်တဲ့ တရားများကို ဆိုလိုပါတယ်၊ တပြိုင်နက် အတူတကွဖြစ်တယ်ဆိုတဲ့ သဘောတရားဟာ သဟဇာတပါဘဲ၊ ဒီလူနဲ့ သဟဇာတဖြစ်ရဲ့လားဆိုတော့ ဗမာစကားမှာ ဒီလူနဲ့ တဲ့ရဲ့လားလို့ မေးတာပါဘဲ၊ တဲ့တာ မတဲ့တာသည် သဟဇာတဖြစ်တယ် မဖြစ်တယ်လို့ ဒီလိုအဓိပ္ပါယ် ယူဆနေကြပါတယ်၊ အမှန်က သဟဇာတပစ္စည်းဆိုတာက အတူတကွ ဖြစ်ပေါ်ခြင်းကိုသာ ဆိုတာဖြစ်ပါတယ်။

အနန္တရနှင့် သမနန္တရပစ္စည်းက နာမ်ကို နာမ်ချင်း ကျေးဇူးပြုပုံကို ပြဆိုခဲ့ပါတယ်၊ သဟဇာတပစ္စည်းကတော့ နာမ်တရားနှင့် ရုပ်တရားများသည် သဟဇာတ အတူတကွဖြစ်တယ်၊ တပြိုင်နက်ဖြစ်တယ်၊ စိတ်, စေတသိက်, ရုပ်တွေဟာ အတူတကွဖြစ်ပြီး ကျေးဇူးပြုတယ်လို့ ဒီလို ပြဆိုတာပါ။

**ဆီမီးဥပမာ**

ရှေးဆရာကြီးများက သဟဇာတပစ္စည်းကို ဆီမီးဥပမာ ပေးပါတယ်၊ ဆီမီးကိုထွန်းတဲ့အခါမှာ တောက်တာနဲ့ တပြိုင်နက် အလင်းရောင် ဖြစ်အောင် ကျေးဇူးပြုပါတယ်၊ အလင်းရောင်နဲ့ ဆီမီး ဘယ်သူက အရင် ဖြစ်တယ် မပြောနိုင်သလို အတူတကွဖြစ်ပြီး ကျေးဇူးပြုတယ်လဲ သဟဇာတကို ဆီမီးနဲ့ ဥပမာပေးကြတယ်။

**မိဘဥပမာ**

တခါ သဟဇာတကို မိဘနဲ့လဲ ဥပမာပေးနိုင်ပါတယ်၊ မိဘဟာ သားသမီးများနဲ့ အတူတကွ နေကြတယ်၊ အတူတကွနေပြီး ကျေးဇူးပြုတဲ့နည်းမှာ-

(က) ပြန်ပြီး ဝကျေးဇူးပြုမှု ကျေးဇူးပြုတဲ့နည်းကတော့လို့၊

(ခ) ကိုယ့်ဘက်ပြန်လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ကျေးဇူးပြုတဲ့နည်းက တမျိုးရှိပါတယ်၊ မိဘက သားသမီးတို့နဲ့အတူနေပြီး လိမ္မာအောင် ချမ်းသာအောင် ပညာတတ်အောင် ကျေးဇူးပြုတာက သားသမီးတွေက သူတို့ကိုပြန်ပြီး ကျေးဇူးပြုလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျေးဇူးပြုတာမဟုတ်ပါ၊ သူတို့ဘက်က ပြန်လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ကိုယ်က ကျေးဇူးပြုတာပါဘဲ။

## ခေါင်းဆောင်ဥပမာ

ခေါင်းဆောင်ကောင်းတယောက်ဟာ သူ့ရဲ့ နောက်လိုက်ငယ်သားအများကြီးနဲ့ စီးပွါးရေး နိုင်ငံရေး အတူတကွလုပ်ကြတယ်၊ ခေါင်းဆောင်သည့်သူအား ကေ့ျးဇူးပြုတဲ့တပည့် နောက်လိုက်ဖြစ်စေ၊ ကျေးဇူးမပြုတဲ့တပည့် နောက်လိုက်ဖြစ်စေ၊ တပည့်တွေ နောက်လိုက်တွေ ကြီးပွါးအောင် သူကတော့ ကျေးဇူးပြုတာဘဲ၊ ဘဟုဇာတကို ဒီလိုဥပမာတွေ ပေးရင်လဲ ရပါတယ်။

## နာမ်ခန္ဓာ ၄-ပါး

သဟုဇာတမှာ ဆီမီးဥပမာက တပြိုင်နက်ဖြစ်တယ်ဆိုတာ ထင်ရှားတယ်၊ ဆီမီးနှင့်အလင်းရောင် တပြိုင်နက်ပေါ်လာတယ်၊ စိတ်, စေတသိက် မှန်သမျှက ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်တယ်ဆိုရင် တပြိုင်နက် ဖြစ်တာပါ "စတ္တာရော ခန္ဓာ အဝ္ဝပိနော "ဆိုတာမှာ စတ္တာရော=၄+အဝ္ဝပိနော ခန္ဓာ=နာမ်ခန္ဓာဆိုတော့ နာမ်တရားကို ခန္ဓာဖွဲ့လိုက်တဲ့အခါမှာ နာမ်ခန္ဓာ ၄-ပါးဘဲ ရှိပါတယ်၊ စိတ်, စေတသိက်ကို ခန္ဓာဖွဲ့တဲ့အခါ နာမ်ခန္ဓာအားဖြင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ ၄-ပါးကို ရပါတယ်။

**အကြောင်းအကျိုး အပြန်အလှန်**

တရားထိုင်တဲ့အခါမှာ ဝေဒနာကိုရှုးတာ့ ကိုယ့်စိတ်မှာ ဆင်းရဲမှု ချမ်းသာမှုဖြစ်တယ်၊ ချမ်းသာရင် ချမ်းသာတာ သိတယ်၊ ဆင်းရဲရင် ဆင်းရဲတာ သိတယ်၊ စိတ်ရဲ့ချမ်းသာမှု စိတ်ရဲ့ ဆင်းရဲမှုကို ရှုတဲ့အခါ ကိုယ့်စိတ်ကလေး ချမ်းသာနေပါကလားလို့ ပြန်ကြည့်တဲ့အခါမှာ သညာမပါဘဲ ကြည့်လို့ရမလား၊ သညာက မှတ်ရပါတယ်၊ သခ်ါရဆိုတာကလဲ စေတနာဆိုတော့ စေတနာက အားထုတ်ရမယ်၊ တိုက်တွန်းရမယ်၊ ဝေဒနာကို မှတ်ဘို့ဆိုတော့ စေတနာက သညာကို မှတ်ခိုင်းနေတာပါ၊ စေတနာက သညာကိုမှတ်ခိုင်းလို့ မှတ်တဲ့အခါမှာ နာရင်လဲ နာတာသိတယ်၊ ချမ်းသာရင်လဲ ချမ်းသာတာ သိတယ်၊ ဒီသိတာက ဝိညာဏ်ဖြစ်တော့ ဝေဒနာကို မှတ်တဲ့အခါမှာ သညာ သခ်ါရ ဝိညာဏ်မပါရင် ဝေဒနာကို မှတ်လို့မရပါ၊ နာမ်တရားဘဝဟာ ဝေဒနာကိုမှတ်ရင် သညာ သခ်ါရ ဝိညာဏ်တို့က ပါရပါတယ်၊ ဝေဒနာပြီးမှ သညာက ဖြစ်တာမဟုတ်၊ သညာပြီးမှ သခ်ါရက ဖြစ်တာမဟုတ်၊ သခ်ါရပြီးမှ ဝိညာဏ်က ဖြစ်တာမဟုတ်ပါ၊ ဝေဒနာမှတ်ရင် ဝေဒနာက အကြောင်းတရား၊ သညာ, သခ်ါရ, ဝိညာဏ်တို့က အကျိုးတရား၊ ဝေဒနာကို အကျိုးဟုတရားထားရင် ကျန်တဲ့သုံးခုက အကြောင်းတရား၊ ၄-ခုလုံး တပြိုင်နက်ဖြစ်တော့ အကြောင်းအကျိုး အပြန်အလှန် ဖြစ်တာပါဘဲ၊ နာမ်ကရုးကို ဟောတဲ့အခါ မြတ်စွာဘုရားက ဒီနာမ် ခန္ဓာ ၄-ပါးနဲ့ဘဲ ဟောပြတာ မျှားပါတယ်။

တရားမှတ်တဲ့အခါမှာ တကယ်ဖြစ်စဉ်က သခ်ါရကို တဝီထိနဲ့ ကြည့်ယူရတယ်၊ သခ်ါရက တွန်းပေးလို့မှတ်တယ်၊ မှတ်တယ်ဆိုတာက မှတ်တဲ့ သညာကိုလဲ တဝီထိနဲ့ သပ်သပ်ကြည့်ရတယ်၊ ဝေဒနာကိုလဲ တဝီထိ သပ်သပ်ကြည့်ရတယ်၊ နာတာ သိတယ်၊ ချမ်းသာတာ သိတယ်ဆိုတဲ့ ဝေဒနာကို သိဘယ်ဆိုတဲ့သဘောက ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ် ပေါင်းမှ သိတယ်ဆိုတဲ့ သဘောတရားကို ရပါတယ်။

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတဟတ္ထယေန ပစ္စယော"ဆိုတာက ဒီနာမ်ခန္ဓာ ၄-ခုဟာ သဟဇာတ အတူတကွ ဖြစ်တယ်၊

အချုပ်နော ခန္ဓာ ဇာညမည်ဆိုတော့ အညမညပစ္စည်းလဲ ရလာပါတယ်၊ အညမညဆိုတဲ့ ပုဒ်ကတော့ အပြန်အလှန် ကျေးဇူးပြုတာလို့ အဓိပ္ပါယ် ရပါတယ်၊ သဟဇာတနဲ့ မတူပုံက သဟဇာတမှာက သူတို့က ကိုယ့်ဘက် ပြန်လာသည်ဖြစ်စေ၊ ပြန်မလာသည်ဖြစ်စေ ကိုယ်က ကောင်းအောင် ကျေးဇူးပြုတာပါ၊ အညမည ကတော့ ကိုယ့်အပေါ် ကောင်းမှ သူက ကောင်းတာ ကိုယ့်အပေါ် မကောင်းရင် သူက မကောင်းဘူးဆိုတဲ့ သဘောတထားပါ။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ နာမ်ခန္ဓာ ၄ ပါးက သဟဇာတ အတူဘက်လဲဖြစ်တယ်၊ အညမညဆိုတာက ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏတို့က အပြန်အလှန်ကျေးဇူးပြုကြတယ်၊ ဝေဒနာကို ပစ္စည်းတရား အကြောင်းတရားယူရင် သညာ, သင်္ခါရ, ဝိညာဏ်တို့က အကျိုး ပစ္စယုပ္ပန် ဖြစ်ပါတယ်၊ သညာ, သင်္ခါရ, ဝိညာဏ်တို့က အကြောင်းတရား ဖြစ်လျှင် ဝေဒနာက အကျိုး ပစ္စယုပ္ပန်ဖြစ်လို့ ပစ္စည်း ပစ္စယုပ္ပန်မှာလဲ လှည့်ပြီး ယူရပါတယ်။

## ပဋိစ္စဝါရနှင့် ပဋ္ဌာဝါရမှာ ဟောပုံ

ပဋ္ဌာန်း ပဋိစ္စဝါရမှာဟော့ ဧကံ ခန္ဓံ ပဋိစ္စ-ခန္ဓာတပါးကိုစဲ၍ တယော ခန္ဓာ-ခန္ဓာသုံးပါး ဖြစ်ပါတယ်၊ တယော ခန္ဓေ ပဋိစ္စ ဧကံ ခန္ဓံ = ခန္ဓာ ၃-ပါးကို စဲ၍ ခန္ဓာတပါး ဖြစ်ပါတယ်၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ = ခန္ဓာ ၂-ပါးကို စဲ၍ ခန္ဓာ ၂-ပါး ဖြစ်တယ်လို့ ဒီလို ဟောပါတယ်၊ ပဋ္ဌာဝါရမှာကတော့ ခန္ဓာနာမည်နှင့် ခန္ဓာ ၃-ပါးက ခန္ဓာတပါးကို ကျေးဇူးပြုတယ်၊ ခန္ဓာ ၃-ပါးက ခန္ဓာတပါးကို ကျေးဇူးပြုတယ်၊ ခန္ဓာ ၂-ပါးက ခန္ဓာ ၂-ပါးကို ကျေးဇူးပြုဘယ်လို့ ဒီလို ဟောပါတယ်။

ဒီလို စာတွေ့သိတဲ့အခါ အဓိပ္ပါယ်က သဘောမပေါက်သေးပါ၊ တရား ထိုင်တဲ့အခါကျဟော့မှ ဝိညာဏ်ကိုဘဲ ရှုတယ် ဆိုပါတော့၊ မိမိသန္တာန်မှာ အသိဓာတ်ကလေး ဖြစ်တယ်၊ ရှုပါရုံလေးမြင်ရင် ငါသိတယ်၊ အသံကြား ရင် ဒီအသံ ငါသိတယ်၊ အနံ့ နံ့ရင်လဲ ဒီအနံ့ ငါသိတယ်ဆိုတော့ သိပါ

ဟယ်ဆိုတာမှာ ဝေဒနာမပါဘဲ သိပါသလား၊ ဝေဒနာဆိုတဲ့ သဘောက အာရုံကို ခံစားတာ အာရုံကို လက်ခံယူလိုက်တာ၊ သညာက အာရုံကို မှတ်ပေးရတယ်၊ သင်္ခါရက ကြည့်ဘို့ တိုက်ထုန်းပေးရတယ်၊ ဝိညာဏ်ကမှ သိတာ၊ ဒါ ငါသိပါတယ်ဆိုတာက ဝိညာဏ်အသိပါဘဲ၊ အသံဆိုရင်လဲ အသံကြားရင် ခံစားမှ, မှတ်မှ, သိအောင်အားထုတ်မှ ဒါမှ သိတာပါ၊ နာမ်တရားတခုဟာ သိတယ်ဆိုရင် အနဲဆုံး ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ ဒီ ၄-ခုက ပါရပါတယ်။

စေတသိက် ၅၂-ကို ခန္ဓာဖွဲ့ရင် သင်္ခါရက္ခန္ဓာက စေတသိက် ၅၀၊ ဝေဒနာက္ခန္ဓာနဲ့ သညာက္ခန္ဓာ ၂-လုံးပေါင်းတော့ စေတသိက် ၅၂-ရပါတယ်၊ စိတ် ၈၉-ကိုတော့ ဝိညာဏက္ခန္ဓာ ဖွဲ့ပါတယ်၊ခန္ဓာအားဖြင့် ပြောရရင် စတ္တာရော အဋ္ဌပိနော ခန္ဓာ-ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာများသည် အညမည-အပြန်အလှန် ကျေးဇူး ပြုတယ်၊ သဟဇာတဖြစ်ရင်လဲ အတူတက္ခ တပြိုင်နက်ထဲ ဖြစ်ပါစေတယ်။

သဟဇာတဆိုတာက လူပုဂ္ဂိုလ်များမှာ အတူသွား အတူလာ အတူအိပ် အတူစား ဆိုတဲ့သဘော၊ သို့သော် ပုဂ္ဂိုလ်ဆိုတာက တကယ်မရှိ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဆိုတဲ့ နာမ်တရားကသာ တကယ်ရှိတာပါ၊ နာမ်တရားတွေ အတူဖြစ် အတူပျက် ကို လူတွေအနေနဲ့ အတူသွား အတူလာ အတူနေ အတူအိပ်လို့ ဒီလို ပြောနေကြတာပါ၊ မြတ်စွာဘုရားက ပဋ္ဌာန်းကို ဟောတဲ့အခါမှာ ပုဂ္ဂိုလ် သတ္တဝါ မပါဘဲနဲ့ နာမ်တရားတွေသည် သဟဇာတ အတူတက္ခ ဖြစ်တယ်၊ အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတော့၊ ဒီလို ကျေးဇူးပြုပုံကို ပဋ္ဌာန်းဝိပဿနာနည်းနဲ့ ရှုကြည့်ရင် တကယ် သဘောပေါက်ပါတယ်။

## မဟာဘုတ် ၄-ပါး

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ-ဆိုတာက မဟာဘုတ် ၄-ပါးဖြစ်တဲ့ ပထဝီ, တေဇော, အာပေါ, ဝါယော ပါ၊ မဟာ=ကြီးသော+ဘူတ=ထင်ရှားတဲ့

ရှမ်၊ မဟာဘူတက မဟာဘုတ် ဖြစ်လာတာပါ၊ ကြီးကျယ်သော ဘူတရှမ်လို့ ဒီလိုအဆိုပါယ်ဖွင့်ပေမဲ့ ဘယ်ရှမ်းကမှ ပိုပြီး ကြီးကျယ်တယ်လို့ မရှိပါ၊ ပထဝီက အမျိုးမျိုးရှိပါတယ်၊ ကြမ်းတဲ့သဘော၊ မာတဲ့သဘောကို ယူတာကတော့ ဆေးဆရာများရဲ့ ပထဝီပါ၊ မြေပြင် တောတောင် ပထဝီကလဲ တမျိုးပါ၊ ပဋ္ဌာန်းမှာ ဟောတဲ့ ပထဝီမှာက ကကွဋလက္ခဏာဆိုတာ တောင်၊ အာပေါ်၊ ဝါယောတို့နှင့် နှိုင်းစာလျှင် ပထဝီသဘော ပိုပြီး ထိတွေ့လို့ရတယ်၊ သိသာထင်ရှားတယ်၊ ပတိဋ္ဌာနလက္ခဏာဆိုတာ ပထဝီက တောင်၊ အာပေါ်၊ ဝါယောဆိုတဲ့ အခြားရှမ်းများ၏ တည်ရာ မှီရာဖြစ်လို့ သိသာ ထင်ရှားတယ်ဆိုတဲ့ ဒီလက္ခဏာတွေ ရှိပါတယ်၊ ပါဠိမှာ မဟန္တ-ကြီးသော+ဘူတ=ထင်ရှားတဲ့ရှမ်၊ ထင်ရှားတဲ့ရှမ်ကြီး ၄-ခုလို့ ဆိုလိုပါတယ်၊ ဒီမဟာဘုတ် ၄-ပါးဆိုတဲ့ ပထဝီ, တောင်၊ အာပေါ်, ဝါယောစတဲ့ ၄-ပါးက ခဲ့လို့မရ၊ သူတို့က သဟဇာတဖြစ်လို့ အတူတကွ တပြိုင်နက် ဖြစ်ပါတယ်။

အဘိဓမ္မာသဘောအရမှာ ပထဝီဖြစ်လျှင် ဒီ့ပြင်စတဲ့ ၃-ပါး တောင်၊ အာပေါ်, ဝါယော ပါရပါတယ်၊ တောင်ဆိုတဲ့ ပူမှု အားမှု သဘောတရားမှာ ပူမှုဖြစ်လျှင် ပထဝီ, အာပေါ်, ဝါယော ပါတယ်၊ ဝါယောဆိုတဲ့ လှုပ်ရှားထောက်ကန့်တဲ့ သဘောတရားမှာ ပထဝီ, တောင်၊ အာပေါ် ပါတယ်၊ အာပေါ်က ဖွဲ့စည်းတဲ့သဘော, ယိုစီးတဲ့သဘော ဒီဖွဲ့စည်းတဲ့ အာပေါ်ဆိုတဲ့ သဘောတရားထဲမှာ ပထဝီ, တောင်၊ ဝါယောက ပါတယ်၊ သဟဇာတဆိုတော့ ဒီစတ်၄-ပါးသည် တခုဖြစ်လျှင် ၄-ခုလုံး ဖြစ်ရပါတယ်၊ သဟဇာတပစ္စည်းက တခုထဲဖြစ်တာ မဟုတ်ပါ၊ ပထဝီက ချမ်းသာလျှင် တောင်၊ အာပေါ်, ဝါယောတို့က တပြိုင်နက် ချမ်းသာတယ်၊ ပထဝီဆင်းရဲလျှင် တောင်၊ အာပေါ်, ဝါယောကလဲ ဆင်းရဲမှာပါ၊ သုဆင်းရဲပြီးမှ တောင်၊ အာပေါ်, ဝါယောက ဆင်းရဲတာမဟုတ်၊ တပြိုင်နက် ကျေးဇူးပြုတာဆိုတော့ သဟဇာတပစ္စည်းက ရနေပါတယ်၊ စတ္တာရော မဟာဘူတာ အညမညံ-ဆိုတော့ ဒီသဟဇာတပစ္စည်းနဲ့ ကျေးဇူးပြုပုံက အညမည အပြန်အလှန် ကျေးဇူးပြုပုံကလဲ ရပါသေးတယ်။

## အညမည ကျေးဇူးပြုနည်း

အညမည ကျေးဇူးပြုနည်းမှာ ပထဝီက ပစ္စည်းဖြစ်လျှင် ပစ္စယုပ္ပန်က တစေ့၊ အာပေါ, ဝါယော အပြန်အလှန် ကျေးဇူးပြုပါတယ်၊ တစေ့, အာပေါ, ဝါယောက ပစ္စည်းဖြစ်လျှင် ပစ္စယုပ္ပန်က ပထဝီ၊ အပြန်အလှန် ကျေးဇူးပြုပါတယ်၊ ပထဝီတခုထဲနဲ့ ရုပ်ကလာပ်တခု ဖြစ်မလာနိုင်ပါ၊ တစေ့တခုထဲနဲ့လဲ ရုပ်ကလာပ်တခု ဖြစ်မလာနိုင်ပါ၊ ဓာတ် ၄-ခုပေါင်း တောင်မှ ရုပ်ကလာပ်တခု ဖြစ်မလာနိုင်ပါ၊ ဓာတ်ရှစ်ခု ပေါင်းမှဘဲ ရုပ်ကလာပ်တခု ဖြစ်လာပါတယ်၊ တခုရော့နေရင် ရုပ်ကလာပ်တခု မဖြစ်နိုင်ပါ၊ ဒီလို မဟာဘုတ်လေးပါးက အညမည ကျေးဇူးပြုတာကို ပဋ္ဌိစ္စဝါဂ်မှာ ဧကံ မဟာဘူတံ ပဋ္ဌိစ္စ ဂဃေယော မဟာဘူတာ=မဟာဘုတ်တပါး အကြောင်းပြုပြီး မဟာဘုတ် သုံးပါးက ဖြစ်တယ်၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ=မဟာဘုတ် ၃-ပါး အကြောင်းပြုပြီး မဟာဘုတ်တပါးက ဖြစ်တယ်၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ=မဟာဘုတ် ၂-ပါးကို အကြောင်းပြုပြီး မဟာဘုတ် ၂-ပါးက ဖြစ်တယ်၊ အဲဒီလို အပြန်အလှန်ရတဲ့ အညမညပစ္စည်းနဲ့ ဟောထားပါတယ်။

## ကမ္မဇမဟာဘုတ်

မဟာဘုတ်မှာ ကမ္မဇမဟာဘုတ်, စိတ္တဇမဟာဘုတ်, အာဟာရဇ မဟာဘုတ်, ဥတုဇမဟာဘုတ်လို့ လေးမျိုးခွဲရပါတယ်၊ ကမ္မဇမဟာဘုတ်ဆိုတာက ကမ္မဇရုပ်မှာပါတဲ့ မဟာဘုတ်ပါ၊ ကမ္မဇရုပ်မှာပါတဲ့ မဟာဘုတ်ဆိုတာက စက္ခုပသာဒရုပ် မျက်စိအကြည်ဓာတ်ပါတဲ့ စက္ခုဒသက ကလာပ်ဆိုတာ ရှိပါတယ်၊ ရုပ်က တခုထဲနေလို့ မရလို့ ဒီလို ကလာပ်အဖွဲ့အစည်းနဲ့ ရှိနေတာမှာ အနည်းဆုံး အဝိနိဗ္ဘောဂရုပ်ဆိုတဲ့ ပထဝီ, တစေ့, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာဆိုတဲ့ ရုပ်ရှစ်ပါးက ခွဲလို့မရဘဲ ပါပါတယ်၊ ဒီအဝိနိဗ္ဘောဂရုပ် ရှစ်ပါးကလဲ ကံကြောင့် သော်၎င်း, စိတ်ကြောင့်သော်၎င်း, ဥတုကြောင့်သော်၎င်း, အာဟာရကြောင့်သော်၎င်း ဖြစ်ပါတယ်။

**ကလာပ်တူ ကလာပ်ပြား**

စက္ခုဒသက ကလာပ်မှာ စက္ခုပသာဒက ကမ္မဇရုပ်ဆိုတော့ ဒီအဝိနိဗ္ဘောဂရုပ် ဂ-ခုထဲမှာ စက္ခုပသာဒရုပ်ကို ထည့်ရပါတယ်၊ နောက် ဇီဝိတရုပ်ကလဲ ကမ္မဇရုပ် ဖြစ်တဲ့အတွက် ထပ်ပြီးထည့်ရဟော့ စက္ခု မျက်စိအကြည် စက္ခုဒသက ကလာပ်မှာ ရုပ် ၁၀-ခု ရှိပါတယ်၊ ဒီစက္ခုဒသကမှာ ပါတဲ့ ကမ္မဇမဟာဘုတ် ၄-ပါးလို့ ဆိုတဲ့ ပထဝီ, တေဇော, အာပေါ, ဝါယောတို့သည် ၃-ပါးက တပါးကို, တပါးက ၃-ပါးကို, ၂-ပါးက ၂-ပါးကို ကျေးဇူးပြုနေလို့သာ စက္ခုဒသက ကလာပ်က ဖြစ်နေတာပါ၊ ဒီလိုဖြစ်နေရတာကလဲ ဇီဝိတရုပ်ကလဲ ကျေးဇူးပြုနေလို့ပါ၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြတာပါဘဲ၊ ဒါပေမဲ့ စက္ခုဒသကမှာ ပါတဲ့ မဟာဘုတ် ၄-ပါးကသာလျှင် အညမည ရပါတယ်၊ အခြားကလာပ်မှာ ပါတဲ့ မဟာဘုတ်က စက္ခုဒသက ကလာပ်ပါတဲ့ မဟာဘုတ်နှင့် အညမည မရပါ။

နားထဲမှာလဲ သောတဒသက ကလာပ်ရှိတော့ သောတဒသက ကလာပ်မှာလဲ မဟာဘုတ် ၄-ပါးက အညမညစစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ သို့သော်လဲ စက္ခုဒသကနဲ့ သောတဒသကမှာ ကလာပ်ကွဲနေသည့်အတွက် စက္ခုဒသကမဟာဘုတ် ၄-ပါးနဲ့ သောတဒသကမဟာဘုတ် ၄-ပါးက အညမညယှဉ်လို့ မရပါ။

**စိတ္တဇမဟာဘုတ်**

စိတ္တဇမဟာဘုတ် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ဆိုတာက ဝိညတ်ဒွေးလို့ ခေါ်တဲ့ ကာယဝိညတ်ဆိုတဲ့ ကိုယ်အမူအရာ, ဝစီဝိညတ်ဆိုတဲ့ နှုတ်အမူအရာပါဘဲ၊ စကားပြောနေတဲ့ အမူအရာထဲမှာလဲ မဟာဘုတ် ၄-ပါးက ပါတယ်၊ စကားပြောနေတဲ့ အမူအရာထဲမှာ မဟာဘုတ် ၄-ပါးက ဘယ်ဟာ ပထဝီ, ဘယ်ဟာ တေဇော, ဘယ်ဟာ ဝါယော, ဘယ်ဟာ အာပေါလို့ ခွဲမရပါ၊ သို့သော် မဟာဘုတ် ၄-ပါး မပါဘဲ အမူအရာက ဘေးကလူသိခအောင် ဖြစ်ပေါ်မလာနိုင်ပါ၊ စိတ္တဇမဟာဘုတ်မှာလဲ မဟာဘုတ်

တပါးက သုံးပါး၊ သုံးပါးက တပါး၊ နှစ်ပါးက နှစ်ပါး အညမည အပြန်အလှန် ကျေးဇူးပြုနေလို့သာလျှင် စကားပြောလို့ ရနေတာပါ။

**အာဟာရဇမဟာဘုတ်**

အာဟာရကြောင့်ဖြစ်တဲ့ ရုပ်မှာ မဟာဘုတ် ၄-ပါးက ပါပါတယ်၊ စားလိုက်တယ်, ရေသောက်လိုက်တယ်ဆိုရင်ဘဲ ခန္ဓာက တမျိုးဖြစ်သွားတယ်၊ အာဟာရ မှီဝဲလိုက်လို့ ဖြတ်ကနဲ အသစ်ဖြစ်လာတဲ့ ရုပ်ထဲမှာလဲ မဟာဘုတ် ၄-ပါးက သဟဇာတ အညမည အပြန်အလှန် ကျေးဇူးပြုနေတာပါ။

**ဥတုဇမဟာဘုတ်**

ဥကုဇမဟာဘုတ်ကတော့ မိုးရွာလို့ မိုးစဲသွားလာရင်ဘဲ ရုပ်က ပြောင်းသွားတယ်၊ ဒါက ဥတုကြောင့်ဖြစ်တဲ့ မဟာဘုတ်ပါ၊ ဒီမဟာဘုတ်မှာလဲ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုလို့ ဥတုဇရုပ်တွေ ဖြစ်နေကြတာပါ။

သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယပစ္စည်းတို့ဟာ အဓိပ္ပါယ်ချင်း အတူတူလိုပါဘဲ၊ သဟဇာတပါဠိတော်မှာ ၆-မျိုးရှိတဲ့အနက် မဟာဘုတ် ၄-ပါး သဟဇာတပစ္စည်း ကျေးဇူးပြုပုံကို အရင်အပတ်က ကမ္မဇမဟာဘုတ်, စိတ္တဇမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်ဆိုပြီး မဟာဘုတ်တွေကို ရှင်းပြခဲ့ပါတယ်၊ သင်တန်းသူကယောက်ကျားက စိတ္တဇမဟာဘုတ်ကို ရှင်းပြပါဦးလို့ ထပ်ပြီး မေးလာတဲ့အတွက် ယခု ထပ်ပြီးပြောမှာပါ၊ ရုပ်ကတော့ လွယ်ပါတယ်၊ ရုပ်ကို အတုံးအခဲတွေလို မြင်ရပေမဲ့ ပဋ္ဌာန်းမှာ ရုပ်ကို အလွန် အသေးစိတ်ထားပါတယ်။

**စိတ္တဇမဟာဘုတ် ရှင်းချက်**

စိတ္တဇမဟာဘုတ်ဆိုတာ စိတ္တဇပထဝီ, စိတ္တဇအာပေါ, စိတ္တဇဝါယော, စိတ္တဇတေဇော လို့ ၄-မျိုးရှိပါတယ်၊ စိတ်ကြောင့် ဖန်ဖြစ်တဲ့ ရုပ်ကို

ကာယဝိညတ်, ဝစီဝိညတ် ၂-ခုရှိပါတယ်၊ ကိုယ်လှုပ်ရှားတာ မှန်သမျှဟာ စိတ်ကြောင့်ဖြစ်တဲ့ ကာယဝိညတ်ရုပ်, နှုတ်က စကားပြောမှု လှုပ်ရှားမှုတွေဟာ စိတ်ကြောင့်ဖြစ်တဲ့ ဝစီဝိညတ်ရုပ် ဖြစ်ပါတယ်၊ "ဝိညတ္တိဒုဿီလျံ" ဆိုတဲ့ ဝိညတ်ရုပ် ၂-ခုဟာ စိတ်ကြောင့် ဖြစ်ရတဲ့ ရုပ်ဆိုတဲ့နေရာမှာ စိတ္တဇဝါယောကိုတော့ ထင်ရှားလျှို့ဝှက်သိမ်းပါတယ်။

**စိတ္တဇပထဝီ**

ဝစီဝိညတ္တိ ဒသက ကလာပ်မှာ ရုပ်က ၁၀-ခု ရှိပါတယ်၊ ပထဝီတေဇော အာပေါ ဝါယောဆိုတဲ့ ဘူတရုပ် ၄-ပါး၊ ဝဏ္ဏ ဂန္ဓ ရသ သြဇ ဆိုတဲ့ ဥပါဒါရုပ် ၄-ပါးဆိုတဲ့ အဋ္ဌကလာပ် ဂ-ပါးမှာ စကားပြောတယ်ဆိုတော့ ဝစီဝိညတ္တိရုပ် ပါရပါတယ်၊ သဒ္ဒရုပ်လဲ ပါရတော့ စကားပြောမယ်ဆိုရင် ရုပ် ၁၀-ခု ဖြစ်ရပါမယ်၊ စိတ္တဇကလာပ်ရုပ် ၁၀-မုထဲက အဋ္ဌကလာပ်မှာ ရှိတဲ့ စိတ္တဇပထဝီ, စိတ္တဇတေဇော, စိတ္တဇဝါယော, စိတ္တဇအာပေါ ဓာတ် ၄-ပါးမှာပါတဲ့ စိတ္တဇဝါယောဆိုတာ ရှိပါတယ်၊ အဘိဓမ္မာကျမ်းဂန်များအလိုအရ အသံဘယ်လို ဖြစ်လာသလဲဆိုတော့ အကြောင်းက ကမ္မဇပထဝီဆိုတဲ့ ခန္ဓာကိုယ် ကမ္မဇရုပ်မှာပါတဲ့ ပထဝီက အခံရှိပြီးပါ၊ ကာယဒသကမှာပါတဲ့ ကမ္မဇရုပ်မှာရှိနေတဲ့ ကမ္မဇပထဝီပါ၊ စကားပြောချင်တဲ့ စိတ်ပေါ်လာရင် စိတ္တဇဝါယောက လှုပ်ရှားလာတယ်၊ စိတ္တဇဝါယောလှုပ်ရှားတာနဲ့ စိတ္တဇပထဝီနဲ့ ကမ္မဇပထဝီထိခိုက်လို့ အသံဖြစ်လာတာပါ။

လူတယောက် စကားပြောတာကြည့်ပြီး အသာလေးပြောနေမဲ့ သံပ်မာနေတဲ့ အသံမှာ "ဒီလူ ပထဝီဓာတ်အားကောင်းဘယ်" လို့ ပြောကြတယ်၊ အသံက မာတယ်, ဖျော့တယ်ဆိုတာက စိတ္တဇပထဝီပါ၊ အသံမာနေသေးရင် "ပထဝီဓာတ်အား ကောင်းနေတာဘဲ၊ အသံက မာနေသေးတာဘဲ၊ မစားနိုင် မသောက်နိုင်ပေမဲ့ ဘာမှ မဖြစ်နိုင်သေးပါဘူး" လို့ ဗမာဆေးဆရာမျာ်းက အသံကြည့်ပြီး လူမမာကို ပြောတတ်ကြပါတယ်၊ ဒါက စိတ္တဇပထဝီ အသံကို ကြည့်ပြီး ပထဝီရဲ့ သဘောကို သိနိုင်ပါတယ်။

**စိတ္တဇအာဝေပါ**

စိတ္တဇအာဝေပါကို ပြောရရင် အဘိဓမ္မာကျမ်းမျှားမှာ ဓာတ် ၄-ပါးဖြစ်တဲ့ ပထဝီနဲ့ အာပေါသည် မိဿကဓာတ်ဖြစ်တယ်လို့ ဆိုပါတယ်၊ ပထဝီရဲ့ မာနိုင်တဲ့သဘောကိုက အာပေါ၏ဖွဲ့စည်းတဲ့သဘောကြောင့်ပါ၊ ပထဝီဓာတ်ဖြစ်လာအောင် မာလာအောင် အာပေါက အဖွဲ့ဇစည်းမျှားလာရင် ပထဝီက အားကောင်းတာဘဲ၊ ပထဝီက အားကောင်းတယ်ဆိုရင် စိတ္တဇအာဝေပါဓာတ်ကလဲ ဖွဲ့စည်းမှုကောင်းလို့ပါ၊ အာပေါဓာတ် ဖွဲ့စည်းမှု ညံ့ရင်လဲ ပထဝီက အားနဲ့သွားပါတယ်။

**စိတ္တဇဝါယော**

စိတ္တဇဝါယောကိုတော့ ဆေးကျမ်းမှာရော လူတွေပါ အသုံးမျှားပြီး အသိ မျှားကြပါတယ်၊ 'ဝါယောပန်းတယ်' ဆိုတာက စိတ္တဇဝါယောပါ၊ ခြေက ကြွချင်ရင် စိတ်က အရင်ဖြစ်တာပါ၊ တရားအားထုတ်ပြီးလေ့လာရင် ကြွရင် ကြွမှန်းသိဘို့က စိတ်က ကြွချင်တဲ့ စိတ်ရှိမှ ခြေက ကြွသို့ရတာပါ၊စိတ်က လှုပ်းတယ်လို့ဖြစ်ပြီးမှ ရုပ်က လှုပ်းတာပါ၊စိတ္တဇဝါယောက သိသာပါတယ်။

**စိတ္တဇတေဇော**

စိတ္တဇတေဇောဆိုတာက ဝါယောအားကောင်း မကောင်.ကြည့်ရပါတယ်၊ တေဇောနဲ့ ဝါယောက မိဿကဓာတ်ဖြစ်တော့ ဝါယောကို တေဇောက အားပေးတာပါ၊ တေဇောက ပူတယ်, အေးတယ်ဆိုတာ အကြမ်းစား ပြောတာပါ၊ အဘိဓမ္မာမှာ သူလက္ခဏာကတော့ ဓာတ်ငွေ့ပါဘဲ၊ တေဇောအားနဲရင် ဝါယောက သိပ်မလှုပ်ရှားပါ၊ လေမိတဲ့သူမှာ ဝါယောက ရှိသော်လဲ တေဇောအားမကောင်းလို့ လှုပ်ရှားမှု လေးနေတယ်၊ သွားတာ လာတာ လှုပ်ရှားတာ လေးနေတယ်၊ ပြောတာဆိုတာ လေးနေတယ်ဆိုရင် ဝါယောကိုချည်းဘဲ စွဲပြောလို့မရပါ၊ တေဇောက အားနဲနေတာပါ၊ အဘိဓမ္မာ ဆေးဆရာမျှားက ဝါယောအားနဲတဲ့

မသွက်လက်တဲ့ လူတယောက်ကို ကေဇောအစာများကျွေးပြီး ဆေးကုသပါတယ်၊ ဘေဇောအားပေးလို့သာလျှင် ဝါဒယောက လူပ်ရှားတာထင်ရှားပါတယ်၊ စိတ္တဇပထဝီ, စိတ္တဇဝါယော, စိတ္တဇတေဇော, စိတ္တဇအာပေါ လက်တွေ့မြင်နိုင်ပုံ အဘိဓမ္မာနည်းအားဖြင့် ထပ်ပြီးရှင်းပြရတာပါ။

ကျွေးဇူးပြုပုံကတော့ 'စတ္တာရော မဟာဘူတာ အညမညံ' အပိုဒ်မှာ မဟာဘုတ် ၄-ပါးက အပြန်အလှန် ကျွေးဇူးပြုနေတယ်ဆိုတဲ့ နေရာမှာ ဝစီဝိညတ် ဒသကရဲ့ အဋ္ဌကလာပ် ဂ-ခုမှာ ပထဝီ, တေဇော, အာပေါ, ဝါယော ဓာတ် ၄-ပါးက ပါနေတော့ 'ကံ မဟာဘူတံ ပဋိစ္စ' အရ ပထဝီက ပစ္စည်းဖြစ်ရင် ဝါယော, တေဇော, အာပေါက ပစ္ဆာယုပ္ပန် အကျိုးတရား၊ ဆိုလိုတာက ပဏဝီကြောင့် တေဇော, အာပေါ, ဝါယော ဖြစ်တယ်၊ အာပေါက ပစ္စည်းဖြစ်လျှင် တေဇော, ဝါယော, ပထဝီက ပစ္ဆာယုပ္ပန်တရား ဖြစ်တယ်၊ ဆိုလိုတာက အာပေါကြောင့် ပထဝီ, တေဇော, ဝါယော ဖြစ်တယ်၊ ဝါယော ပစ္စည်းတရားယူရင် ပထဝီ, တေဇော, အာပေါက ပစ္ဆာယုပ္ပန် ဖြစ်တယ်၊ ဓာတ်တပါးက အကြောင်းတရားဖြစ်ရင် ကျန်တဲ့ဓာတ် ၃-ပါးက အကျိုးတရားဖြစ်တော့ မဟာဘုတ် ၄-ပါးက ခွဲခြားလို့ မရပါ၊ အဋ္ဌကဝါဝပ်ရုပ်မှာလဲ ရုပ်တခုနှင့်တခု ခွဲလို့ မရပါ၊ မဟာဘုတ် ၄-ပါးသည် အချင်းချင်း သဟဇာတဖြစ်လျှင်လဲ အကူတကွဖြစ်ပြီး ကျွေးဇူးပြုရုံသာမက အပြန်အလှန်အားဖြင့် ပဏဝီကို ကျန်တဲ့ ၃-ပါးက ကျွေးဇူးပြုတယ်၊ ကျန်တဲ့ ၃-ပါးက အဖန် ပဏဝီကို ကျွေးဇူးပြုတယ်၊ မဟာဘုတ် ၃-ပါးက တပါးကို၊ ၃-ပါးက ၃-ပါးကို၊ ၂-ပါးက ၂-ပါးကို ကျွေးဇူးပြုတယ်လို့ ပဋ္ဌာန်းပဋိစ္စဝါရမှာ အကျယ်ဟောထားပါတယ်၊ 'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့ အပိုဒ်ရဲ့ ရှင်းလင်းချက်များကတော့ ဒီလောက်နဲ့ဘဲ တော်လောက်ပါပြီ။

## ဥပါဒါရုပ်နှင့် မဟာဘုတ် ၄-ပါး

ရုပ် ၂၈-ခုမှာ မဟာဘုတ် ၄-ပါးက သဟဇာတပစ္စည်းတပ်ဇတ္ထု ဖြစ်ရင်လဲ တပြိုင်နက်ဖြစ်၊ ပျက်ရင်လဲ တပြိုင်နက် ပျက်ပါတယ်၊ အညမည ပစ္စည်းလဲတပ်တော့ အပြန်အလှန်လဲ ကျေးဇူးပြုပါတယ်၊ "မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော"လို့ သီးသန့်ဟောရတာက အသေးဆုံးရုပ်တခုမှာ အဌကလာပ်ရုပ် ၈-ခု ရှိရုပါတယ်၊ ရုပ် ၈-ခုမှာပါတဲ့ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇရုပ်တွေက ဥပါဒါရုပ် ဖြစ်ပါတယ်၊ မဟာဘုတ် ၄-ပါးကိုမှီပြီး ဒီဥပါဒါရုပ်တွေက ဖြစ်ရပါတယ်၊ ရွှင်းရှင်းက ရုပ်ပေါင်း ၂၈-ခုရှိတဲ့အနက် မဟာဘုတ် ၄-ပါးကတော့ ထင်ရှားတဲ့ သိသာတဲ့ ရုပ်တွေပါ၊ ကျန်တဲ့ရုပ်တွေက မဟာဘုတ် ၄ ပါးကို မှီပြီးဖြစ်ရတာပါ၊ ဥပါဒါရုပ်တွေက မဟာဘုတ်ကိုကို အပြန်အလှန် ကျေးဇူးပြုလို့ မရပါ၊ ဥပါဒါရုပ်နဲ့ မဟာဘုတ်ဟာ တပြိုင်နက်ဖြစ်တာ မှန်ဘော်လဲ အပြန်အလှန် ကျေးဇူးမပြုလို့ သဟဇာတာဘဲ ရပါတယ်၊ အညမညမထိုက်တော့ သီးသန့် ဖေါ်ရပါတယ်။

## ပဋိသန္ဓေ ဝိညာဏ်

'သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့ ပါဠိမှာ သြက္ကန္တိက္ခဏဆိုတာက အသက်ဝင်တယ်လို့ ဆိုတာပါဘဲ၊ အမှန်က ပဌမဆုံးပဋိသန္ဓေ ဝိညာဏ်သည် ဝမ်းဗိုက်ထဲကို တဇနကရုဏာက ဝင်လာသလို့ သဘောမျိုး တလောကလုံး လူတွေမှာ ဂရုဟာဂု ဖြစ်နေတော့ ပဋိသန္ဓေခဏကို "သြက္ကန္တိက္ခဏ" ဝမ်းဗိုက်ထဲဝင်တာလို့ သက်ဝင်တဲ့ အဓိပ္ပါယ်မျိုး ဆိုတာပါဘဲ၊ ဒီ့ပြင်နေရာများမှာတော သြက္ကန္တိက္ခဏကို ပဋိသန္ဓေခဏလို့ဘဲ သုံးပါတယ်၊ နောက်ကျတော့ ပဋိသန္ဓေဝိညာဏ်ဖြစ်လာပုံ, ပစ္စည်းတွေနဲ့ အကြောင်းအကျိုးယှဉ်ပုံက သူဘာသာသူ ရှင်းလာမှာပါ။

ဒီဝိညာဏ်ကို ရှေဘဝနဲ့ နောက်ဘဝ ဆက်စပ်တဲ့သဘော အဓိပ္ပါယ်နဲ့ ပဋိသန္ဓေဝိညာဏ်လို့ ခေါ်တာပါ "သြက္ကန္တိက္ခဏ" ပဋိသန္ဓေဝိညာဏ်က

ဝမ်းဗိုက်ထဲဝင်သကဲ့သို့ ပဋိသန္ဓေခဏမှာ နာမ်နဲ့ရုပ်ရှိတာဟာ "ဩကြွက္ကန္တီကွေး နာမရွှေပံ့ အညမညံ့ သဟဇာတပစ္စယေန ပစ္စယော" လို့ ဆိုထဲ့အတိုင်း လူသာမန်ရဲ့ ပဋိသန္ဓေဝိညာဏ်တွင် ဝိညာဏ်သာမက အနဲဆုံး စေတသိက် ၃၃-လုံးပါ ပါတယ်၊ ပဋိသန္ဓေခဏ နာမ်ရုပ်ဆိုတာ နာမ်က ဝိညာဏ်, သညာ, သင်္ခါရ, ဝေဒနာဆိုတဲ့ နာမ်ခန္ဓာ ၄-ပါး၊ ရုပ်ဆိုတာက ကာယ, ဘာဝ, ဝတ္ထုရုပ်၊ ဒီနာမ်ရုပ် ၂-ပါးဟာ တပြိုင်နက် ဖြစ်ပါတယ်။

**ဟဒယဝတ္ထုရုပ်**

ပဋိသန္ဓေခဏမှာ ဖြစ်တဲ့ရုပ်များမှာ-

(၁) ကာယပသာဒ, ဇီဝိတ, အဋ္ဌကလာပ်ဆိုတဲ့ ကာယဒသက ကလာပ်၊

(၂) ကမ္မကလာပ် ၉-စည်းမှာပါတဲ့ မိန်းမဖြစ်ရင် ဣတ္ထိဘာဝဒသက ကလာပ်၊ ယောကျ်ားဖြစ်ရင် ပုမ္ဘာဝဒသက ကလာပ်၊

(၃) ဟဒယဝတ္ထုရုပ်၊ အဋ္ဌကလာပ် ဇီဝိတဆိုတဲ့ ဝတ္ထုဒသက ကလာပ်။

အဲဒီ ကလာပ်စည်း ၃-ခုရှိပါတယ်၊ ရုပ်ပေါင်း ၃၀-ရှိသော်လဲ "ဩကြွက္ကန္တီကွေး နာမရွှေပံ့" ဆိုတာက နာမ်ခန္ဓာ ၄-ပါးနဲ့ ဟဒယဝတ္ထုရုပ်ကိုသာ ဆိုလိုတာပါ၊ အဲဒီဝတ္ထုရုပ်နဲ့ ပဋိသန္ဓေဝိညာဏ် နာမ်ခန္ဓာ ၄-ပါးဟာ ပဋိသန္ဓေခဏမှာ စပြီးဖြစ်ပါတယ်၊ နာမ်နဲ့ ဝတ္ထုရုပ်ဟာ ပဋိသန္ဓေခဏမှာ ဘယ်သူက အရင်ဖြစ်သလဲဆိုတော့ သဟဇာတပစ္စယေန ပစ္စယော တပြိုင်နက် ဖြစ်ပါတယ်၊ ဥပါဒ်ဆိုတာနဲ့ တပြိုင်နက်ဖြစ်တာပါ၊ ဒီ့ပြင်နေရာမှာ ဝတ္ထုရုပ်နဲ့နာမ်ဟာ သဟဇာတ မရနိုင်ပါ၊ အညမညပစ္စည်းကတော့ အင်မတန် ဝေးပါတယ်။

'ဩကြွက္ကန္တီကွေး နာမရွှေပံ့ အညမညံ့' = ဟဒယဝတ္ထုနဲ့ နာမ်ခန္ဓာ ၄ ပါး ဆည် သဟဇာတ = အတူတကွ တပြိုင်နက်ဖြစ်လို့ သဟဇာတထိုက်ထယ်၊ အညမညံ့ = အပြန်အလှန်လဲ ကျေးဇူးပြုကြပါတယ်၊ ပဌမဆုံး

စဖြစ်တဲ့ ပဋိသန္ဓေဝိညာဏ်စိတ်ဟာ ဟဒယဝတ္ထုရုပ်ကို မှီဖြစ်ရပါတယ်၊ ဝတ္ထုရုပ်ကလဲ ဝိညာဏ်ကိုမှီပြီး ဖြစ်ရတယ်၊ အညမညဆိုတဲ့ သဘောက ဝတ္ထုရုပ်က ဒီ ဝိညာဏ်ကို မှီပြီးဖြစ်ရတယ်၊ ဒီ ဝိညာဏ်ကလဲ ဒီဝတ္ထုရုပ်ကို မှီပြီးဖြစ်ရတယ်၊ ဒါကြောင့် အစစ္စာဖြစ်တဲ့ ရုပ်နဲ့နာမ်ဟာ သဟဇာတပစ္စည်းလဲရ၊ အညမညပစ္စည်းလဲ ရပါတယ်။ သဟဇာတပစ္စည်း, အညမညပစ္စည်းမှာ ရုပ်နဲ့နာမ်ကို ပဋိသန္ဓေခဏမှာဘဲ ရလို့ ဒါကို သိုးခြားပြီး 'သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော'လို့ ဟောရပါတယ်။

**အညမညပစ္စည်းလဲရ**

စတ္တာရော ခန္ဓာ အရူပိနော, စတ္တာရော မဟာဘူတာ, သြက္ကန္တိက္ခဏေ နာမရူပံ-မှာ အညမညလဲ ဒီ ၃-ပိုဒ်၊ သဟဇာတလဲ ဒီ ၃-ပိုဒ်ဘဲ ဟောပါတယ်။ စတ္တာရော ခန္ဓာ ဆိုတော့ နာမ်ခန္ဓာအချင်းချင်းဟာ အညမညလဲရ၊ သဟဇာတလဲရ၊ မဟာဘုတ် ၄-ပါးမှာလဲ အညမညလဲရ၊ သဟဇာတလဲရ၊ ပဋိသန္ဓေခဏမှာလဲ နာမ်နဲ့ရုပ်ဟာ သဟဇာတလဲရ၊ အညမညလဲ ရပါတယ်။

**နိဿယပစ္စည်းလဲရ**

'စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော'လို့ ထပ်ပြီး နိဿယမှာ ဟောတဲ့အခါ နာမ်ခန္ဓာ ၄-ပါးဟာ နိဿယရသွားပြန်ပါတယ်၊ နိဿယဆိုတဲ့ စကားက မှီရာလို့ အဓိပ္ပါယ်ရပါတယ်၊ ပဋ္ဌာန်းနိဿယ၊ ဝိသုဒ္ဓိမဂ္ဂနိဿယ-လို့ ဗမာစကားမှာ နိဿယကို သိနေကြပါတယ်၊ နိဿယ-က မှီရာဆိုတဲ့ အဓိပ္ပါယ်မှာ ဝတ္ထုရုပ်ဟာ ပဋိသန္ဓေခဏမှာ ရုပ်က နာမ်ကို မှီတယ်၊ နာမ်ကလဲ ရုပ်ကို မှီဖြစ်တော့ သူတို့နှစ်ဦးသည် တဦးက တဦး မှီပြီးမှ လူတယောက် ဖြစ်လာတာပါ၊ ဒီတော့ နိဿယပစ္စည်းလဲ ရပါတယ်။

မဟာဘုတ် ၄-ပါးကို ပြောပြန်တော့လဲ ပထဝီလွန်ရင် တခြော **အာပေါ ဝါယောက လွန်ရမယ်၊ ပထဝီကို ကျန်တဲ့ ၃-ပါးက မှီဖြစ်ရမယ်၊**

ကျန်တဲ့ ၃-ပါးကလဲ ပထဝီကို မှီဖြစ်ရတယ်၊ ဓာတ် ၂-ပါးကလဲ ၂-ပါးကို မှီဖြစ်ရတယ်ဆိုတော့ အညမညရတဲ့ မဟာဘုတ်ကလဲ နိဿယပစ္စည်းလဲ ရပါတယ်၊ နာမ်ခန္ဓာ ၄-ပါးကလဲ ဒီအတိုင်းပါဘဲ၊ နာမ်ခန္ဓာအချင်းချင်းက စိတ်စေတသိက် အပြန်အလှန် ကျေးဇူးပြုတာ မျှားပါထယ်၊ - ရုပ်နဲ့ ပတ်သက်ရင်သာ နဲနဲရှုပ်တာပါ၊ နောက်တော့မှ ဝိထိနဲ့ ပြန်ရှင်းပြပါမယ်။

၂၄-ပစ္စည်းကုန်တော့ ပစ္စည်းပြိုင်ရယ်လို့ ရှိပါသေးတယ်၊ သဟဇာတ, နိဿယ, အညမညဆိုတဲ့ ဒီသုံးခွက်ဟာ သဟဇာတပစ္စည်းက အတူတကွ ဖြစ်လို့, အညမညပစ္စည်းက အပြန်အလှန် ကျေးဇူးပြုလို့, နိဿယပစ္စည်းက တခုကိုတခု မှီပြီးဖြစ်လို့၊ ဒီလို အညမညသတ္တိ, သဟဇာတသတ္တိ, နိဿယသတ္တိ၊ ဒီလိုသတ္တိတွေ ပြိုင်လာတဲ့အခါမှာ တရားတခုဖြစ်ဘို့ ပစ္စည်းပေါင်း ဘယ်လောက်ပြိုင်ပြီးမှ သတ္တိပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ တရားတခု [illegible]ပေါက်လာတယ်ဆိုတာ သိပါတယ်၊ မြတ်စွာဘုရားက အနတ္တဝင်အောင် ဟောထားတာပါ၊ အတ္တဘာမှမရှိဘဲ ဒီအကြောင်းကရားတွေ ပေါင်းဆုံပြီးမှ အာကျိုးတရားဆိုတဲ့ နာမ်ရုပ်တရားကလေးတွေ ဖြစ်လာတာပါ၊ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်မှတ်နေတာကတော့ တော်တော်ဉာဏ်နုံလို့ပါ၊ ဒီအသိဉာဏ်မျိုး ပေါ်ပေါက်လာအောင် ပဋ္ဌာန်းကို ဟောတာပါဘဲ။

## စိတ္တဇရုပ်

"စိတ္တစေဟသိကာ ဓမ္မာ စိတ္တဲသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" စိတ္တဇစေတသိကဓမ္မာဆိုတာက ပဋိသန္ဓေနောက်ဖြစ်နေတဲ့ စိတ်စေတသိက်တွေကို ပဝတ္တိလို့ ခေါ်ပါတယ်၊ ဒီပဝတ္တိအခါမှာ နာမ်ခန္ဓာ ၄-ပါးက ဖြစ်နေပါတယ်၊ သင်္ကန်းသားဇတ္တ အခုထိုင်နေရင်းလဲ နာမ်ခန္ဓာ ၄-ပါးက ဖြစ်နေတာပါဘဲ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဗိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ ၄-ပါးဟာ စိတ္တဇရုပ်တွေကို ယခုထိုင်နေဆဲမှာလဲ ကျေးဇူးပြုနေပါတယ်။

အခြို့ပဋ္ဌာန်းဆရာများက စိတ္တသမုဋ္ဌာနာနဲ့ ရူပါနံ-ဆိုတဲ့ ဒီနေရာမှာ ကမ္မဇရုပ်ကိုလဲ ကျွေးဇူးပြုတယ်လို့ ယူဆကြပါတယ်၊ ဒီသဘောကတော့ ပဋိသန္ဓေယက်ခိုးတခု ဖြစ်လောက်အောင် နက်နဲပါတယ်၊ များသောအားဖြင့် စိတ္တသမုဋ္ဌာနာနံ ရူပါနံ-ဆိုတဲ့ နေရာမှာ စိတ္တဇရုပ်ကိုဘဲ ယူကြပါတယ်၊ ကမ္မဇရုပ်ကဲ့လဲ သတ္တဝါတို့သန္တာန်မှာ ပဋိသန္ဓေကစပြီး ဥပါဒ်, ဌိ, ဘင် အားဖြင့် ဖြာက်နေပါတယ်၊ ရုပ်သက်အဘိုင်း ကမ္မဇရုပ်ကလဲဖြစ်၊ ဥတုဇရုပ်ကလဲဖြစ်၊ စိတ္တဇရုပ်ကလဲဖြစ်၊ အာဟာရဇရုပ်ကလဲ ဖြစ်နေကြပါတယ်၊ ဒီလို တဖွဲးဖွားဖြစ်နေတဲ့ ရုပ်ဇာတ္တဃဲမှာ ယခု ပဝတ္တိအခါမှာရှိတဲ့စိတ်, စေကသိုက်တွေဟာ ကမ္မဇရုပ်ကို ကျေးဇူးပြုသလား၊ မပြုဘူးလားဆိုတာ ပဋ္ဌာန်း ၂၄-ပစ္စည်းလုံး အကုန်လုံး သဘောပေါက်တဲ့အခါမှာ ဒီပြဿနာက ပြေရှင်းပါပြီ။

စိတ္တသမုဋ္ဌာနာနံ ရူပါနံ-ကို ဆရာတော်များ ကျမ်းဂန်များမှာ ယူဆကြကာကမတော့ ပဝတ္တိအခါ စိတ်စေကသိုက် နာမ်ခန္ဓာ ၄-ပါးက ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ စိတ္တဇရုပ်ကလဲ ရှိတယ်၊ ကမ္မဇရုပ်ကလဲ ရှိတယ်လို့ ယူဆကြပါတယ်၊ စိတ္တဇရုပ်ဆိုတာက စိတ်က ဖြာပေးလိုက်ရင် ပြောကယ်၊ စိတ်က သွားပေးလိုက်ရင် သွားတယ်၊ ပိတ်က စားပေးလိုက်ရင် စားတယ်၊ စိတ်ကြောင့် ဒီပိုက်ဇရုပ်တွေက ဖြစ်နေကာပါ၊ ကာယဝိညတ္တိ နဲ့ဝစီဝိညတ်ကလဲ ဒုသကကလာပ်စတဲ့ စိတ္တဇကလာပ် ၉ စည်း ဖြစ်နေတာ ဘာကြောင့် ဖြစ်သလဲဆိုပေမဲ့ နာမ်ခန္ဓာ ၄-ပါး စိတ်စေကသိုက်ကြောင့် ဖြစ်နေတာပါ၊ ပဝတ္တိအခါ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ စိတ္တဇရုပ်ကဲ့ သဟဇာတ ရှိပါတယ်၊ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့က စိတ်နဲ့ တပြိုင်နက် မဖြစ်လို့ သဟဇာတ မဖြစ်နိုင်ပါ။

စိတ္တဇရုပ်ကကော့ စိတ်နဲ့ တပြိုင်နက် ဖြစ်ပါတယ်၊ ရုပ် ၂၈-ပါးမှာ မျပ်ဟာရူးသည် စိတ္တက္ခဏ ၁၇-ချက် အသက်ရှည်တယ်လို့ ပဋိပိုဒ်းမှာ ဘင်ခဲ့ပါတယ်၊ သို့သော် ရုပ် ၂၈-ခုလုံးမှာ စိတ္တက္ခဏ ၁၇-ချက်ရှိသဖြင့်လို့ ဆုံးတဲ့အခါမှာ ဝိညတ်ဒွေးသည် စိတ်နှင့်အသက်ချင်းအတူတဲ့ဖြစ်ပါတယ်၊ စိတ်ဖြစ်တဲ့အခါ ဖြစ်တယ်၊ စိတ်ပျက်တဲ့အခါ ပျက်တယ်၊ ဥပါဒ်, ဌိ, ဘင်

ဆိုတဲ့ စိတ္တကွဏကက အတူတူပါဘဲ၊ ဝိညတ်ဒွေး, လက္ခဏရုပ် ၄-ရုပ်ကြဉ်တဲ့ ရုပ်လို့ သင်္ကြိုဟ်ဝိထိပိုင်းမှာ သင်ကြရပါတယ်၊ စိတ္တဇရုပ်က စိတ်စေတသိက် ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးကို ပြန်ပြီး ကျေးဇူးပြုသလားဆိုလျှင် ရုပ်က နာမ်ကို ကျေးဇူးပြုလို့ မရပါ၊ ပဝတ္တိအခါမှာ နာမ်နှင့် စိတ္တဇရုပ် ဘယ် သူက အားကောင်းသလဲဆိုတော့ နာမ်ကသာ စိတ္တဇရုပ်ကို ကျေးဇူး ပြုလို့ ရပါတယ်၊ စိတ္တဇရုပ်က နာမ်တရားကို ပြန်ပြီး ကျေးဇူးပြုလို့ မရပါ၊ ဒါကြောင့် အပြန်အလှန် ကျေးဇူးပြုတဲ့ အညမညပစ္စည်း စိတ္တဇ ရုပ်မှာ မပါတော့ဘဲ သဟဇာတက ပစ္စည်းသာ ရင်ကြောင်းကို သီးခြား မြတ်စွာဘုရားက ဟောထားခဲ့တာပါဘဲ။

## ဥပါဒါရုပ်

"မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော" မဟာဘုတ် ၄-ပါးက ဥပါဒါရုပ်ကို သဟဇာတပစ္စည်းဖြင့် အတူတကွ ကျေးဇူးပြုတယ်လို့သာ ဆိုတယ်၊ ဥပါဒါရုပ်က မဟာဘုတ် ၄-ပါးကို အညမည အပြန်အလှန် ကျေးဇူးမပြုနိုင်တော့ 'မဟာဘူတာ ဥပါဒါရူပါနံ' မှာ အညမည် မပါတော့ပါ၊ မဟာဘုတ်ကို မှီဖြစ်တဲ့ရုပ်ကို ဥပါဒါရုပ်လို့ ခေါ်ပါတယ်၊ ဥပါဒါရုပ်ကလဲ ၂၄-ပါး ရှိပါတယ်၊ မဟာဘုတ် ၄-ပါးကို ပစ္စည်းယူတဲ့အခါမှာ ပစ္စယုပ္ပန်အကျိုးတရား ဥပါဒါရုပ်တွေဟာ သဟဇာတပစ္စည်းနဲ့ အတူတကွ ဖြစ်ပါတယ်။

သဟဇာတ ကျေးဇူးပြုတယ်ဆိုသော်လဲ ကမ္မဇရုပ်တွေဖြစ်တဲ့ စက္ခု ဒသက ကလာပ်မှာ ရုပ်က ၁၀-ခုရှိတယ်၊ သောတဒသက ကလာပ်မှာလဲ ရုပ်က ၁၀-ခုရှိတယ်၊ ကလာပ်တခုမှာရှိတဲ့ မဟာဘုတ် ၄-ပါးမှ ဂဏန်တဲ့ ၈-ခုသည် ဥပါဒါရုပ် ဖြစ်တော့ 'မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော'မှာ မဟာဘုတ်က ဥပါဒါရုပ်တို့ကို ကျေးဇူးပြုရဲလား၊ သဟဇာတက အတူတကွ ဖြစ်တယ်ဆိုတော့ ဥပဒေ-တကွ၊ ပသာဒနဲ့ သောတပသာဒ တပြိုင်နက် ဖြစ်လို့ရသလားဆိုတော့ ကြား

တဘက တခြား, မြင်တာကတခြားမို့ တပြိုင်နက် မဖြစ်နိုင်ပါ၊ တပြိုင်နက် ဖြစ်လို့ မရပါ။

**ကလာပ်တူ ကလာပ်ပြား** ဆိုတာ အဘိဓမ္မာ ရှိပါတယ်၊ စက္ခုဒသက မှာပါတဲ့ မဟာဘုတ်က ကလာပ်တူပါတယ်။ မဟာဘုတ် ၄-ပါးက ဥပါဒါရုပ်ကို ကျေးဇူးပြုတယ်ဆိုပေမဲ့ စက္ခုဒသကမှာပါတဲ့ မဟာဘုတ်က သောတဒသကကို သွားပြီး ကျေးဇူးမပြုပါ၊ စက္ခုဒသက-က မဟာဘုတ်က ကလာပ်ပြား ဖြစ်နေတဲ့ သောဘာဒသက-က ဥပါဒါရုပ်ကို သဟဇာတ မဖြစ်တဲ့အတွက် ကျေးဇူးပြုလို့ မရပါ၊ ကလာပ်ဘူမှာ မဖြစ်တဲ့အတွက် ကျေးဇူးပြုလို့ မရပါ၊ ကလာပ်တူမှာဖြစ်တဲ့ မဟာဘုတ်ကသာ သူ့ကိုမှီဖြစ်တဲ့ ဥပါဒါရုပ်ကို ကျေးဇူးပြုတာပါ၊ စက္ခုပသာဒ, ဇီဝိတ, ဝတ္ထု, ဂန္ဓ, ရသ, ဩဇဋ္ဌမကသာ မဟာဘုတ်ကို မှီပြီး ဖြစ်ပါတယ်၊ သူတို့ကတော့ မဟာဘုတ် ၄-ပါးကို ပြန်ပြီး ကျေးဇူးပြုနိုင်တဲ့ သတ္တိ မရှိပါ၊ ဒါက ပဋ္ဌာန်းနဲ့ ရုပ်ကို အသေးစိတ် ပြန်ပြောနေတာပါ။

**ဟဒယဝတ္ထုရုပ်**

> "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတ-
> ပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နာ သဟဇာတပစ္စယေန
> ပစ္စယော"

'ရူပိနော ဓမ္မာ၊ ရုပ်တရားတို့သည်။ အရူပိနံ ဓမ္မာနံ၊ နာမ်တရားတို့အား။ ကိဉ္စိကာလေ၊ တစုံတခါ၌။ သဟဇာတပစ္စယေန ပစ္စယော၊ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။ ကိဉ္စိကာလေ၊ တစုံတခါ၌။ နာ ပစ္စယော၊ ကျေးဇူး မပြု'လို့ ဆိုတာက ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ် ဆိုခြင်းသည် တခါတရံ၌ ကျေးဇူးပြု၍ တခါတရံ ကျေးဇူးမပြုပါ။

ဒီပါဠိကို မြတ်စွာဘုရားက ဘာပြုလို့ဃပ်ပြီး ဟောရသလဲ ဆိုတော့ 'သြက္ကန္တိက္ခဏေ နာမံ့ရုပံ့မှာ ပဋိသန္ဓေ ပခါမှာ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ်လို့ ဟောခဲ့တယ်၊ အဲဒီနေရာမှာ ရုပ်တရားက ဟဒယဝတ္ထုရုပ်ကို ဆိုလိုတာပါ၊ နာမ်တရားက ပဋိသန္ဓေဆိုသော်လဲ ဥ-ဘုံမှာ

ပဋိသန္ဓေအားလုံး မဟုတ်ပါ။ ပဉ္စဝေါကာရ ပဋိသန္ဓေဆိုတာ ပဉ္စ=ငါး+ ဝေါကာရ=ခန္ဓာ၊ ၃၁ ဘုံမှာ ခန္ဓာငါးပါးသာရှိသေးဘုံ, စတုဝေါကာရ= နာမ်ခန္ဓာ ၄-ပါးသာရှိသော အရူပလေးဘုံ, ကေဝေါကာရ=ခန္ဓာ ၁-ပါး သာ ရှိသော အသညသတ်ဘုံလို့ ဘုံဝေ့ရှိတဲ့အနက်က ပဉ္စဝေါကာရ ပဋိသန္ဓေမှာသာ ခန္ဓာငါးပါးရှိလို့ ပဉ္စဝေါကာရ ပဋိသန္ဓေနဲ့ ဟဒယဝတ္ထု ရှိပါဟာ အညမညလဲရ, သဟဇာတလဲ ရုပါတယ်။

'စိတ္တစေတသိကာ ဓမ္မာ'မှာ နာမ်တရားက ရုပ်တရားကို သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုတာ ဟောခဲ့တယ်၊ 'မဟာဘူတာ ဥပါဒါရူပါနံ'မှာ ရုပ် ရုပ်ချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတာ ဟောခဲ့တယ်၊ 'သြက္ကန္တိက္ခဏေ နာမရူပံ' ပဋိသန္ဓေခဏမှာ ဝတ္ထုရုပ်တရားက ပဋိသန္ဓေ နာမ် တရားကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုတာရှိနေတော့ ပဝတ္တိအခါမှာ ဝတ္ထုရုပ်တရားက နာမ်တရားကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတာ ရှိလေမလားလို့ ဒီလိုသံသယရှိမှာစိုးလို့ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နာ သဟဇာတ ပစ္စယေန ပစ္စယော"လို့ ဟောရတာပါဘဲ။

ဒီနေရာမှာ သဘောတရားကို စုဉ်းစားကြည့်ရင် ရှင်းပါတယ်၊ ရုပ် ဖြစ်စဉ်နဲ့ နာမ်တရား ဖြစ်စဉ်က မတူပါ၊ ပဝတ္တိအခါမှာ စိတ္တဇရုပ်တွေ ကလဲ ပဌမဘဝင် ဥပါဒ် ကစပြီး သူဟာသူ ဖြစ်နေပါတယ်၊ ကမ္မဇရုပ် တွေကလဲ ပဋိသန္ဓေ ဥပါဒ်ကစပြီး သူဟာသူ ဖြစ်နေပါတယ်၊ ဥတုဇရုပ် တွေကလဲ ပဋိသန္ဓေ ဌီးခဏကစပြီး ဖြစ်နေပါတယ်၊ အာဟာရဇရုပ်တွေကလဲ ဖြစ်နေပါတယ်၊ ရုပ်ဖြစ်ခြင်း အကြောင်းတရားတွေက သူဟာသူ တမျိုး သားပါတယ်၊ နာမ်တရား ဖြစ်ခြင်းအကြောင်းကလဲ တမျိုးသားတာပါ၊ ပဝတ္တိအခါမှာ ဝတ္ထုရုပ်က နာမ်တရားကို သဟဇာတသတ္တိဖြင့် ကျေးဇူး မပြုနိုင်ပါ။ ပဋိသန္ဓေအခါမှာသာလျှင် ဟဒယဝတ္ထုရုပ်က နာမ်တရားကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်တဲ့အတွက် ရုပ်တရားနှင့် နာမ်တရား တပြိုင်နက် ဖြစ်တဲ့ခဏကိုးလာ သီးခြား ရှင်းပြတာဘဲ ဖြစ်ပါတယ် သဟဇာထပစ္စည်းကတော့ ဒီလောက်ဆို တော်တော်စုံသွားပါပြီ။

# ၇။ အညမညပစ္စည်း
# သင်ကြားပို့ချချက်များ

သဟဇာတပစ္စည်း ပြီးသွားတော့ အညမညပစ္စည်းမှာ ထပ်ပြီး ရှင်းပြစရာ မလိုတော့ပါ။ ပါဠိတော်မှာ 'စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော'ဆိုတော့ သဟဇာတကို ဖြုတ်ထားခဲ့တာ ပါဘဲ၊ နာမ်ခန္ဓာအချင်းချင်း အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာကို သဟဇာတမှာပြောရင် ပြီးသွားပါပြီ၊ 'စတ္တာရော မဟာဘူတာ အညမည-ပစ္စယေန ပစ္စယော'=မဟာဘုတ် ၄-ပါးကလဲ တပြိုင်နက် အပြန်အလှန် ကျေးဇူးပြုတာယ်ဆိုတော့ ဒီမှာလဲ အညမညသာပါပြီး သဟဇာတကို ဖြုတ်လိုက်တာပါဘဲ။ ဩက္ကန္တိက္ခဏောမှာလဲ ဟဒယဝတ္ထုရုပ်နဲ့ နာမ်ခန္ဓာ ၄-ပါး အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတော့ ပါဠိဟောပုံတဲ့ ကွာပါတယ်၊ သဟဇာတနဲ့ အညမညပစ္စည်းမှာ သဟဇာတပါဠိဖွင့်ချက်မှာ သဟဇာတ မထည့်တော့ဘဲ အညမညပစ္စည်းက ၃-ချက်ဘဲ ရှိပါတော့တယ်။

အညမညမှာ ပစ္စည်းတရားထုတ်ယူရင် 'စတ္တာရော ခန္ဓာ အရူပိနော' ဆိုတာက စိတ် ၈၉-နဲ့ စေတသိက် ၅၂၊ 'စတ္တာရော မဟာဘူတာ'က မဟာဘုတ် ၄-ပါး၊ 'ဩက္ကန္တိက္ခဏေ နာမရူပံ'က ပဋိသန္ဓေဝိညာဏ်နှင့် ရုပ်က ဟဒယဝတ္ထုဆိုခဲ့တော့ အညမညပစ္စည်းတရားမှာ စိတ် ၈၉-နဲ့ စေတသိက် ၅၂၊ နာမ်ခန္ဓာ ၄-ပါးသည့် အပြန်အလှန်ကျေးဇူးပြုပါတယ်၊ မဟာဘုတ် ၄-ပါးကဲ့ အပြန်အလှန်ကျေးဇူးပြုပါတယ်၊ ဟဒယဝတ္ထုနဲ့ ပဋိသန္ဓေ နာမကွန်ရာကလဲ အပြန်အလှန်ကျေးဇူးပြုကြလို့ အညမည-ပစ္စည်းနဲ့ ပစ္စယုပ္ပန်တရားဟာ သူတို့ဘဲ ပစ္စည်းတရား သူတို့ဘဲ ပစ္စယုပ္ပန်တရား သူတို့က အကြောင်းတရားလဲဖြစ်အကျိုးတရားလဲဖြစ်နေပါတယ်။

## သဟဇာတနှင့် အညမညထူးခြားချက်

သဟဇာတပစ္စည်းနဲ့ အညမညပစ္စည်းမှာက ဘာထူးသလဲ ဆိုရင် သဟဇာတက မိတ်ဆွေကောင်း၊ ဥပမာ - သူကို ကျေးဇူးပြုသည်ဖြစ်စေ,

မပြူသည်ဖြစ်စေ သူနှင့် အတူတကွဖြစ်ရင် အကျိုးဆောင်ပေးပါတယ်၊ အညမညကတော့ အပြန်အလှန်မှ ရပါတယ်၊ သူက ကျေးဇူးပြုမှ ကိုယ်က ကျေးဇူးပြုတယ်ဆိုတဲ့ သဘောပါဘဲ၊ သဟဇာတနဲ့ အညမည ကစတော့ ရှင်းသွားလောက်ပါပြီ။

# ၈။ နိဿယပစ္စည်း
# သင်ကြားပို့ချချက်များ

## နိဿယပစ္စည်း ၂-မျိုး

နိဿယပစ္စည်းမှာ သဟဇာတနိဿယနဲ့ ဝတ္ထုပုရေဇာတနိဿယလို့ ၂-မျိုးရှိပါတယ်၊ သဟဇာတိနိဿယက ပါဠိတော်မှာ စတ္တာရော ခန္ဓာ အရူပိနော-က မဟာဘူတာ ဥပါဒါရူပါနံ-အထိဟာ သဟဇာတနဲ့ အတူတူ ပါဘဲ၊ သဟဇာတမှာ ပစ္စည်းနဲ့ ပစ္စယုပ္ပန် တပြိုင်နက် အတူတူဖြစ် အတူတူပျက်တဲ့ဘဏားတွေပါ၊ အဘူတကဖြစ်းတဲ့ မှီဆုလဲ ဖြစ်တဲ့အတွက် သဟဇာတလဲ ရ၊ နိဿယပစ္စည်းလဲ ရပါတယ်။

## ၁။ ဝတ္ထုပုရေဇာတနိဿယ

နိဿယပစ္စည်းမှာပါတဲ့ စက္ခာယတနံ ၈ကျော်ဝိညာဏဓာတုယာ-ကစပြီး ယံ ရူပံ နိဿာယ မနောဓာတု စ-အထိ ဒီပါဠိတော်တွေကတော့ ဝတ္ထုပုရေဇာတနိဿယလို့ ခဲ့ခြားပြီး ခေါ်ပါတယ်၊ ဒီ ဝတ္ထုပုရေဇာတနိဿယက တပြိုင်နက် မဖြစ်ပါ၊ နိဿယဆိုတဲ့အတွက် ပစ္စည်းနဲ့ ပစ္စယုပ္ပန် မှီတော့ မှီပါဘယ်၊ သူက ပစ္စည်းတရားက အရင်ပဌမဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တရားက နောက်ကျတယ်၊ ဝတ္ထုပုရေဇာတဆိုတော့ ဝတ္ထုရုပ်ကိုလဲ မှီရတယ်၊ ဝတ္ထုရုပ်က ဧကျပြီးလဲ ဖြစ်နေတယ်၊ ဒါကို ဝတ္ထုပုရေဇာတနိဿယလို့ ခေါ်ပါဘယ်။

ဒီပစ္စည်းသုံးမျိုးကို ကွဲကွဲပြားပြားသိရအောင် သဟဇာတ,အညမည, သဟဇာတနိဿယဆိုတဲ့ ပြီးခဲ့တဲ့သုံးပစ္စည်းက ပါဠိတော်မှာ ပြန်ယှဉ်ကြည့်ရင် သိနိုင်ပါတယ်၊ သဟဇာတရိုးရိုးမှာ ပဌမ 'စတ္တာရော ခန္ဓာ အရူပိနော အညမည် သဟဇာတပစ္စယေန ပစ္စယော'–နာမ်ခန္ဓာ ၄-ပါးက နာမ်ခန္ဓာ ၄-ပါးကို ကျေးဇူးပြုတယ်၊ တပြိုင်နက်ဖြစ်တယ်၊ အချင်းချင်း အပြန်အလှန်လဲ ကျေးဇူးပြုတယ်ဆိုတော့ သဟဇာတလဲရ, အညမည်လဲ

ရပါတယ်၊ ဒုတိယ 'စတ္တာရော မဟာဘူတာ'မှာလဲ သဟဇာတ,အညမညရပါတယ်။ တတိယ 'ဩက္ကန္တိကွဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော'–ပဋိသန္ဓေအခါမှာ နာမ်နှင့်ရုပ်ဟာ အတူတကွတပြိုင်နက်ဖြစ်ပါတယ်၊ အပြန်အလှန်လဲ ကျေးဇူးပြုပါတယ် ဆိုတော့ သဟဇာတလဲ ရ, အညမညလဲ ရပါတယ်၊ ဒီသုံးချက်ကို ကြည့်တော့ သုံးချက်လုံးဟာ နိဿယပစ္စည်းကလဲ ရနေပါတယ်။

၄-အချက် 'စိတ္တစေတသိကာ မေဟ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော'မှာ စိတ်, စေတသိက် နဲ့မ်တရားတွေက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါ စိတ္တဇရုပ်နဲ့ စိတ် စေတသိက်တို့သည် ပစ္စည်း ပစ္စယုပ္ပန် တပြိုင်နက်လဲဖြစ်ပါယ်၊ မှီခိုလဲဖြစ်တော့ သဟဇာတနဲ့ နိဿယ ရပါတယ်၊ စိတ္တဇရုပ်က စိတ် စေတသိက်ဆိုတဲ့ နာမ်ကို ပြန်ပြီး ကျေးဇူးမပြုတဲ့အတွက် အညမညတော့ မရပါ။

၅-အချက်ဖြစ်တဲ့ 'မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော' – ဆိုတော့ မဟာဘုတ်က ဥပါဒါရုပ်ကို ကျေးဇူးပြုတဲ့အဘွက် မဟာဘုတ်က ပစ္စည်းတရား၊ ဥပါဒါရုပ်က ပစ္စယုပ္ပန်တရား တပြိုင်နက် ဖြစ်ပါတယ်၊ မဟာဘုတ်ကလဲဖြစ်, ဥပါဒါရုပ်ကလဲ သူ့ကို မှီပြီး ဖြစ်တော့ သူတို့ကလဲ သဟဇာတနဲ့ နိဿယတော့ရတယ်၊ အညမညတော့ မရပါ။

၆-နံပါတ် "ရူပိနော မေဟ အရူပိနံ မေဟာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နာ သဟဇာတပစ္စယေန ပစ္စယော"လို့ ဆိုတော့ ရိုးရိုးဘာသာပြန်ရင် ရုပ်တရားတို့က နာမ်တရားတို့ကို ကျေးဇူးပြုတဲ့အခါမှာ တရံတခါ သဟဇာတပစ္စည်းရတယ်၊ တရံတခါ သဟဇာတပစ္စည်းမရပါ၊ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ်ဆိုတဲ့ ဒီအပိုဒ်မှာ ရုပ်ဆိုတာ ဘယ်ရုပ်လဲ၊ အဋ္ဌကထာဆရာများက ရုပ်ဆိုတာ ဟဒယဝတ္ထုရုပ်လို့ ဆိုပါတယ်၊ ဘာနဲ့သွားတူသလဲဆိုတော့ ၃-နံပါတ် ဖြစ်တဲ့ ဩက္ကန္တိကွဏေ နာမရူပံ–သဟဇာတပစ္စည်းကို ပြန်ညွှန်းတဲ့ အဓိပ္ပါယ်

ထောက်ပါတယ်၊ ရုပ်တရားက နာမ်တရားကို ကျေးဇူး ပြုခြင်းသည် တရံတခါ ဆိုတဲ့ ပဋိသန္ဓေအခါမှာသာ ဟဒယဝတ္ထုရုပ်က နာမ်တရားကို သဟဇာတ, နိဿယ, အညမည သုံးခုဖြင့် ကျေးဇူးပြုတယ်၊ ရုပ်နဲ့နာမ် တပြိုင်နက်လဲ ဖြစ်တယ်၊ ဒီလို ဖြစ်တာသည် 'ကိဉ္စိကာလေ' ပဋိသန္ဓေအခါမှာသာ မှီလဲမှီတယ်၊ အပြန်အလှန်လဲရတယ်၊ ဒီပဋိသန္ဓေတခါမှာဘဲ ဖြစ်ပါတယ်၊ ဒီ့ပြင် အခါမျိုးမှာ တခါမှ ဝတ္ထုရုပ်နဲ့ နာမ် တပြိုင်နက် မဖြစ်ပါ။

ဒီ ၆-ချက်မှာ ၃-ချက်က သဟဇာတ, နိဿယ, အညမည သုံးခုလုံးရပါတယ်၊ နောက် ၃-ချက်မှာကတော့ သဟဇာတနဲ့ နိဿယဘဲရပါတယ်၊ အညမညတော့ မရပါ။

အညမညပစ္စည်းမှာကျတော့ သဟဇာတပစ္စည်း အချက် ၆-ချက်မှာ စတ္တာရော ခန္ဓာ အရူပီနော အညမညံ၊ စတ္တာရော မဟာဘူတာ အညမညံ၊ ဩက္ကန္တိက္ခဏေ နာမရူပံဆိုတဲ့ ၃-ချက်ဘဲ ပါလာပါတယ်၊ တကယ် ယှဉ်ကြည့်ရင် အပြန်အလှန်ကျေးဇူးပြုတဲ့ အညမညပစ္စည်းဖြစ်ရင် တပြိုင်နက် အတူတကွ ကျေးဇူးပြုတဲ့ သဟဇာတပစ္စည်းက ရပါတယ်၊ မှီဖြစ်တဲ့နိဿယလဲ ရပါတယ်၊ နောက် ၃-ချက်မှာ ကြည့်ရင် သဟဇာတပစ္စည်း, နိဿယပစ္စည်းဖြစ်တိုင်းတော့ အညမညက မရပါ၊ သဟဇာတနဲ့ အညမညကတော့ ရှင်းလောက်ပါပြီ။

## ၂။ သဟဇာတနိဿယ

သဟဇာတနိဿယကျတော့ သဟဇာတ ၆-ချက်မှာ ၅-ချက်က ပြန်ပါလာပါတယ်၊ (၁)နာမ်က နာမ်ကို ကျေးဇူးပြုတယ်၊ (၂)ရုပ် ရုပ်ချင်း ကျေးဇူးပြုတယ်၊ (၃)ပဋိသန္ဓေခဏမှာ နာမ်က ရုပ်ကို ကျေးဇူးပြုတယ်၊ ရုပ်က နာမ်ကို ကျေးဇူးပြုတယ်၊ (၄) စိတ် စေတသိက်က စိတ္တဇရုပ်ကို ကျေးဇူးပြုတယ်၊ (၅) မဟာဘူတ်က ဥပါဒါရုပ်ကို ကျေးဇူး ပြုတယ်၊ ဒီ ငါးချက်ပါလာပါတယ်၊ 'ရူပီနော မမှာ အရူပိနံ မမှာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နု သဟဇာတပစ္စယေန

ပစ္စယော' ဆိုတဲ့ ဒီပါဠိမှာ ပါမလာတော့ပါ၊ မပါတဲ့ အကြောင်းကို ရှိုးရှိုးပဋ္ဌာန်းကို နက်နက်နဲနဲ မစဉ်းစားဘဲ သာမညသာ စဉ်းစားရင် ဘာမှ သိပ်ပြီး မထူးဘူးလို့ ထင်ရပါတယ်၊ သတိထား စဉ်းစားရင် ဝတ္ထုပုရေဏာတနိဿယကို ထောက်တဲ့အခါမှာ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာ ဘယ်အခါဆိုတာ ပေါ်လာပါတယ်။

**ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုပုံ**

'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မေဝနံ နိဿယပစ္စယေန ပစ္စယော' လို့ ဆိုတော့ စက္ခာယတနံက စက္ခုပသာဒ ရုပ်ပါဘဲ၊ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မေဝနံ·ဆိုတော့ စက္ခုဝိညာဏ်နဲ့ သူမှာယှဉ်တဲ့ စေတသိက်ပါဘဲ၊ အဲဒီတော့ ပစ္စယုပ္ပန်တရားက စိတ်နဲ့ စေတသိက်၊ ပစ္စည်းဘရားက စက္ခုပသာဒရုပ်၊ ရုပ်တရားက နာမ်ကို ကျေးဇူးပြုတာကို ပြဘာပါ၊ ရှုပိနော မေဝ အရှုပိနံ မေဝနံ=ရုပ်တရားတွေက နာမ်တရားတို့ကို ကျေးဇူးပြုတာ နိဿယပစ္စည်း မှာလာပြီး တွေ့ရပါတယ်၊ သဟဇာတ ပစ္စည်းတုန်းက 'ကိဉ္စိက္ခဏေ' အဓိပ္ပါယ်ကို ဒီမှာ သေသေချာချာ စဉ်းစားရင် အများကြီး ပေါ်လာပါတယ်၊ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာမှာ ပဋိသန္ဓေကာလမှာသာ သဟဇာတ တပြိုင်နက်ဖြစ်ရတယ်၊ အတူတကွဖြစ်ရတယ်၊ မှီရာလဲဖြစ်ရတယ်၊ ဝတ္ထုပုရေဏာတနိဿယကျတော့ တပြိုင်နက် ဖြစ်တာမဟုတ်တဲ့အတွက် မှီရာဖြစ်ရင် ဝတ္ထုပုရေဏာတနိဿယ ရတာပါဘဲ။

**စက္ခုဝိညာဏ်နဲ့ စက္ခုပသာဒ**

ဥပမာအားဖြင့် ရှင်းရမယ်ဆိုရင် ဝိထိနဲ့ရှင်းမှ ပဋ္ဌာန်းက ရှင်းတာပါ၊ စက္ခုဝိညာဏ်စိတ် ဝီထိကို ချကြည့်ရင် အတိတဘဝင်, ဘဝင်စလန, ဘဝင်္ဂုပဋ္ဌဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောလို့ရှိပါတယ်။ ရုပ်တရားတွေဟာ အတိတဘဝင်ရဲ့ ဥပါဒ်က စပြီးတော့ ဖြစ်ပါတယ်၊ စက္ခုပသာဒကလဲ အတိတဘဝင်ရဲ့ ဥပါဒ်ခဏက

စပြီးတော့ဖြစ်တယ်၊ ရုပ်သက်ဇတ္တကာ ၁၇-ချက်ရှိတော့ ရူပါရုံဟာ အတိတ ဘဝင်ဥပါဒ်ကစပြီး ဘဝင်ကျမှ ချုပ်မှာပါ၊ စက္ခုပသာဒကလဲ အတိတ ဘဝင်ဥပါဒ်ကစပြီး ဘဝင်ကျမှ ချုပ်မှာပါ၊ စက္ခုဝိညာဏ်က အဘဲတ ဘင်ရဲ့ ဥပါဒ်ခဏကစပြီး ဖြစ်တဲ့ စက္ခုပသာဒကို မှီမှာပါ၊ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ' ဆိုတော့ စက္ခုဝိညာဏ်ဖြစ်တာထက် ဇတိတဘဝင်, ဘဝင်္ဂစလန, ဘဝဂုံပဇ္ဇ်ဒ, ပဥ္စဒ္ဒါရာဝဇ္ဇန်းဆိုတဲ့ စိတ္တ ကွဏက ၄-ချက်စောပြီး စက္ခုပသာဒက ဖြစ်ပါတယ်၊ စက္ခုဝိညာဏ်စိတ် ဟာ ဘယ်သူကို မှီပြီး ဖြစ်ရသလဲဆိုရင် အတိတဘဝင်နဲ့ ဥပါဒ်ပြိုင်ပြီးဖြစ် တဲ့ စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်ရတယ်၊ စက္ခုပသာဒက စက္ခုဝိညာဏ် စိတ်ကို ဝတ္ထုပုရေဇာတန်သယနဲ့ ကျေးဇူးပြုပါတယ်။

ဝတ္ထုပုရေဇာတ နိဿယဆိုတော့ ဝတ္ထုဆိုဘာက ရုပ်ပါ၊ ရုပ်ပိုင်းမှာ စက္ခုဒသ္တု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယ ဝတ္ထု-ဆိုတဲ့ ဝတ္ထုရုပ်ပေါင်း ၆-ပါးသင်ခဲ့ပြီးပါပြီ၊ ဒီ စက္ခုပသာဒ ခေါ်တဲ့ ရုပ်ကိုတော့ စက္ခုဝိညာဏ်စိတ်ရဲ့ မှီရာဖြစ်လို့ 'ဝတ္ထု'၊ ပဋ္ဌယုပ္ပန်တရုးထက် ပစ္စည်းတရုးက ရှေ့ကျနေလို့ 'ပုရေဇာတ'၊ စက္ခုဝိညာဏ်က စက္ခု-ပသာဒကို မှီပြီး ဖြစ်ရလို့ 'နိဿယ'၊ ပေါင်းလိုက်တော့ ဝတ္ထုပုရေဇာတ-နိဿယပစ္စည်းဖြစ်ပါတယ်။

အမျှားနားလည်တာက စက္ခုပသာဒရုပ်သည် မြင်တဲ့စိတ်၊ စက္ခု-ဝိညာဏ်ကို ဖြစ်ပေါ်စေသည်လို့ ဒီလိုသဘည်အား ဖြင့် သိပါတယ်၊ ဝိထိနဲ့ ချကြည့်တော့ စက္ခုပသာဒရုပ်က သူအာရုံ ဖြစ်နေတာပါ၊ အတိတ ဘဝင်မှ ပဥ္စဒ္ဒါရာဝဇ္ဇန်းအထိ စိတ္တက္ခဏ ၄-ချက်ကျော်ပြီးမှ စက္ခုဝိညာဏ် စိတ်ကို ကျေးဇူးပြုတာဖြစ်လို့ သူကို ဝတ္ထုပုရေဇာတနိဿယ-ခေါ်ပါတယ်။ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်နာမ်ကို ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဆိုရပါတယ်။

စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်နာမ်ကရုးကို ကျေးဇူးပြုတဲ့အခါမှာ "ရှုပ်နော မမှာ အရှုပ်နံ မှောနံ ကိုဠိကာလေ သဟဇာတပစ္စယေန ပစ္စ-

ယော၊ ကိဉ္စိကာလေ နု သဟဇာတပစ္စယေန ပစ္စယော”လို့ ဒီနေရာမှာ ဟောလို့ မဖြစ်နိုင်ပါ၊ စက္ခုပသာဒရုပ်က ပဋိသန္ဓေအခါမှာ ဖြစ်တာ မဟုတ်ပါ၊ ပဝတ္တိအခါမှာသာ ဖြစ်ဘာပါ၊ စက္ခုပသာဒ ခုပ်ကလဲ ပဝတ္တိအခါမှာသာ ဖြစ်တော့ ဝတ္ထုပုရေဇာတနိဿယမှာတော့ “ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ” ဆိုစရာမလိုပါ၊ ပဝတ္တိအခါမှာ ဝတ္ထု ရုပ်တရားတွေက နာမ်တရားကို နိဿယသတ္တိဖြင့် ကျေးဇူးပြုတာကို သိုးခြား ဟောထားပါတယ်၊ ဒါကြောင့် ‘ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ပဝတ္တိကာလေ နိဿယပစ္စယေန ပစ္စယော’လို့ ဟောစရာမလိုဘဲ၊ ဝတ္ထုရုပ် ၆-ပါး ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာကို ဆက်ပြီး မြတ်စွာဘုရားက ဟောထားတာပါဘဲ၊ သဟဇာတတုန်းက ‘ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ’ ရဲ့အကျယ်သဘောလဲ ဖြစ်သွားပါတယ်၊ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်အား ကျေးဇူးပြုတယ်ဆိုတဲ့အခါမှာ ဝတ္ထုပုရေဇာတ နိဿယသာရပြီး သဟဇာတမရတာလဲ ထင်ရှားသွားပါတယ်။

သဟဇာတနိဿယက ဘယ်လိုနေရာမှာ ရသလဲ ‘စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော’ ကွဲငါးညာဏ်စိတ်ဖြစ်တဲ့အခါ စက္ခုဝိညာဏ်ဒွေးဟာ သူမှာယှဉ်တဲ့ စေတသိက် ၇-လုံး ဖြစ်တဲ့ ဖဿ, ဝေဒနာ, သညာ, စေတနာ, ကေဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရတွေက အတူပါလာတော့ ဝေဒနာပါတော့ ဝေဒနာကွန္ဓာ၊ သညာပါတော့ သညာကွန္ဓာ၊ ကျန်တဲ့ စေတသိက်တွေက သင်္ခါရကွန္ဓာ၊ စက္ခုဝိညာဏ်က ဝိညာဏကွန္ဓာဆိုတော့ နာမ်ခန္ဓာ ၄-ပါးလဲ ပါလာတယ်၊ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်ဆိုဘာက စိတ်ချည်းဘဲ ဇာဒုတည်းဖြစ်တာ မဟုတ်ပါ၊ တံ-သမ္မယုတ္တကာနဉ္စ ဓမ္မာနံ=စက္ခုဝိညာဏ်နဲ့ယှဉ်တဲ့ စေတသိက်ပါကခါတည်း ဖြစ်တယ်၊ စက္ခုဝိညာဏ်စိတ်ဖြစ်ကဲ့အခါ နာမ်ခန္ဓာ ၄-ပါးဖြစ်ပါတယ်၊ နာမ်ခန္ဓာ ၄ ပါးဟာ စက္ခုဝိညာဏ်စိတ်ဖြစ်တဲ့အခိုက် ဥပါဒ်, ဌိ, ဘင် ဆိုရင် ဝိညာ-ဏကွန္ဓာ, ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ တပြိုင်နက်ဖြစ်ပါတယ်။ စိတ်နှင့် စေတသိက် လက္ခဏာတို့သည် အတူဖြစ် အတူ ချုပ်ရပါတယ်၊ တူသောအာရုံ, တူသောမှီရာ ဖြစ်ရပါတယ်။

သဟဇာတကို ဝိထိချတဲ့အခါမှာ တပြိုင်နက်ထဲမှာဘဲ သဟဇာတက ဖြစ်ပါတယ်၊ စက္ခုဝိညာဏ်က နောက်ကိုသွားပြီး သဟဇာတလုပ်လို့ မရ၊ ရှေ့ကိုလာပြီးသဲ့ မရတာကြောင့် သဟဇာတမျိုးက စက္ခုဝိညာဏ်စိတ်နဲ့ အတူတကွ တပြိုင်နက်ဖြစ်တဲ့ စိတ်စေတသိက်သာလျှင် သဟဇာတပစ္စည်း ရပါတယ်၊ 'စတ္တာရော နွှာ အရူပိနော အညမညံ သဟဇာတပစ္စယနေ ပစ္စယော' ဒါကြောင့်သဟဇာတပစ္စည်းက တပြိုင်နက်ထဲမှာဘဲ ရပါတယ်။

## စက္ခုဝိညာဏ်စိတ် ပစ္စည်းပြိုင်

ဝိထိမှာ ရူပါရုံက စက္ခုဝိညာဏ်ကိုကြည့်ရင် 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော' စက္ခုဝိညာဏ်စိတ် ဘာကြောင့် ဖြစ်သလဲဆိုရင် စက္ခုဝိညာဏ်က အာရမ္မဏပစ္စည်းကြောင့် ဖြစ်ရတယ်၊ စက္ခုဝိညာဏ်စိတ် ပစ္စယုပ္ပန်တရားက နောက်မှာဖြစ်၊ ရူပါရုံက အရင်ဖြစ်ပြီး ရှေ့မှာနေသောကြောင့် ပုရေဇာတပစ္စည်းလဲ ရပါတယ်၊ 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'လို့ လာပါလိမ့်မယ်၊ ပုရေဇာတပစ္စည်းကိုတော့ မသင်ရသေးပါ၊ ပစ္စည်းတွေက ပဋ္ဌာန်းပြတဲ့ အခါ ၂၄-ပစ္စည်း အကုန်စုံမှ ပိုပြီးအဓိပ္ပါယ်နားလည်ပါတယ်၊ ယခုတော့ သင်ပြီးတာနဲ့ အနည်းငယ် ရှင်းပြမှာပါ၊ နောက် ၂၄-ပစ္စည်းကုန်သွားတော့မှ ပစ္စည်းအမျိုးပေါင်း ဘယ်လောက်ဖြစ်သလဲကို ပြောင်ပြပါမယ်။

ရူပါရုံကိုထောက်ရင် စက္ခုဝိညာဏ် ဘာကြောင့် ဖြစ်ရသလဲ၊ ရူပါရုံကြောင့် ဖြစ်တဲ့အတွက် အာရမ္မဏပစ္စည်း၊ ရှေ့ကနေလို့ ပုရေဇာတပစ္စည်းလဲရတယ်၊ စက္ခုပသာဒကို ထောက်ကြည့်ရင် စက္ခုပိညာဏ်စိတ်ဟာ စက္ခုပသာဒကိုမှီရဖြစ်လို့ နိဿယပစ္စည်းကြောင့် ဖြစ်တယ်၊ အတူတကွဖြစ်တဲ့ စေတသိက်များဖြစ်ကြတဲ့ ဝေဒနာ, သညာ, သင်္ခါရကို ထောက်ရင် စက္ခုဝိညာဏ်စိတ် ဘာကြောင့် ဖြစ်သလဲဆိုတော့ စက္ခုဝိညာဏ်စိတ်သည် စေတသိက်တွေနှင့် တပြိုင်နက်ဖြစ်လို့ သဟဇာတပစ္စည်း, အပြန်အလှန်ကျေးဇူးပြုလို့ အညမညပစ္စည်းလဲ ဖြစ်ပါတယ်၊

ဒါကြောင့် စကွဲဝိညာဏ်စိတ်တခုထဲဖြစ်တာက သဟဇာတမျိုးနဲ့ သဟဇာတ, အညမည, နိဿယ၊ အာဇမွဏမျိုးနဲ့ အာဇမွဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ပစ္စည်းမျှားက ကျေးဇူးပြုလို့ ဖြစ်ရပါတယ်။

စကွဲဝိညာဏ်စိတ်ဖြစ်တာကို သင်ခဲ့ပြီးတဲ့ အနန္တရမျိုးနဲ့ကြည့်ရင် အနန္တရမျိုးမှာကတော့ တပြိုင်နက်ဖြစ်တဲ့ မျိုးမဟုတ်တဲ့အတွက် စကွဲဝိညာဏ်စိတ်ဟာ အနန္တရမျိုးမှာ ပဉ္စဒ္ဒါရဝဇ္ဇန်းရဲ့ အခြားမဲ့မှာ ဖြစ်ပါတယ်၊ စကွဲဝိညာဏ်စိတ် ဘာကြောင့် ဖြစ်ရသလဲလို့ ပဉ္စဒ္ဒါရဝဇ္ဇန်းကို ထောက်ရင် ပဉ္စဒ္ဒါရဝဇ္ဇန်းက အနန္တရသတ္တိဖြင့် မိမိ၏ အခြားမဲ့မှာ စကွဲဝိညာဏ်စိတ်ကို ဖြစ်စေသောကြောင့် အနန္တရပစ္စည်း ရပါတယ်၊ အနန္တရပစ္စည်းရဘဲ့အတွက် သမနန္တရပစ္စည်းလဲ ရပါဘယ်။

အာဇမွဏမျိုးနဲ့ သဟဇာတမျိုး အကြောင်းအကျိုးဆက်သွယ်ပုံခြင်း မတူတာ ဒီလိုထောက်ကြည့်ရင် သိပါတယ်၊ ပုရေဇာတနိဿယမျိုးနဲ့ သဟဇာတမျိုးမတူတာကလဲ ဒီမှာသိသာတယ်၊ အနန္တရမျိုးနဲ့ အာဇမွဏမျိုး, သဟဇာတမျိုးမတူတာကလဲ အနန္တရဆိုတာမှာ ပဉ္စဒ္ဒါရဝဇ္ဇန်းမရှိမှ ချုပ်ပြီးမှ စကွဲဝိညာဏ်စိတ်က ဖြစ်ရသောကြောင့် ပဉ္စဒ္ဒါရဝဇ္ဇန်းသည် စကွဲဝိညာဏ်စိတ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာပါ၊ ဒီဝိထိကခုထဲမှာဘဲ စကွဲဝိညာဏ်စိတ်ဟာ အနန္တရ, သမနန္တရ, အာဇမွဏ, ပုရေဇာတ, သဟဇာတ, အညမည, နိဿယ ယခုသင်ခဲ့သမျှထဲက ပစ္စည်းခတ္တ ရနေပါတယ်၊ ဒီစကွဲဝိညာဏ်စိတ်ဟာ ၂၄-ပစ္စည်းမှာ ပစ္စည်းမျိုးပေါင်းဘယ်လောက်ထိအောင် ဖြစ်နိုင်သလဲဆိုတာ နောက်ကျမှ တခါပြန်ပြီးရှင်းပြပါမယ်။

**သောတဝိညာဏ်စိတ်**

'သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဆိုတော့ သောတဝိညာဏ်ကို ဝိထိချကြည့်တဲ့အခါ သောတဝိညာဏ်စိတ်က သောတပသာဒကိုမှီပြီးဖြစ်တော့ သောတပသာဒက နိဿယပစ္စည်း ဖြစ်နေပါတယ်၊ ဘာနိဿယလဲဆိုတော့

ပစ္စည်းတရားက ရှေကျနေတဲ့အတွက် ပုရေဒ္ဓာတနိဿယ၊ သောတဝတ္ထုရုပ်ကို မှီခိုပြစ်ရလို့ ဝတ္ထုပုရေဒ္ဓာတ၊ ဒီနေရာမှာ ပုရေဒ္ဓာတက အာရမ္မဏပုရေဒ္ဓာတ, ဝတ္ထုပုရေဒ္ဓာတလို့ နှစ်မျိုးရှိနေပါတယ်၊ သဒ္ဒါရုံက သောတဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါ အာရုံအားဖြင့် ရှေကျလို့ အာရမ္မဏပုရေဒ္ဓာတ၊ သောတပသာဒက သောဘဝိညာဏဓာတ်ကို ကျေးဇူးပြုတာမှာ မှီရာအနေနဲ့ ကျေးဇူးပြုတာဖြစ်တဲ့အတွက် ဝတ္ထုပုရေဒ္ဓာတလို့ ခေါ်ပါတယ်၊ ဒီလို ပုရေဒ္ဓာတကိုခွဲပြီး ခေါ်ဟာကတော့ ဝီထိတွေကြည့်ပြီးခေါ်ထားတာပါဘဲ၊ သောတပသာဒက သောတဝိညာဏ်စိတ်နဲ့ယှဉ်တဲ့စေတသိက်တွေကို ကျေးဇူးပြုတဲ့အခါမှာလဲ ဝတ္ထုပုရေဒ္ဓာတနိဿယပါစေ။

**ဃာနဝိညာဏ်စိတ်**

'ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဆိုတော့ ဒီနေရာမှာ ဃာနဒ္ဒါရဝီထိချုံပါဘဲ၊ နံတယ်ဆိုတဲ့ဃာနဝိညာဏ်စိတ်သည် ဃာနဝတ္ထုရုပ်ကိုမှီပြီးဖြစ်ရတဲ့အတွက် ဝတ္ထုပုရေဒ္ဓာတနိဿယအားဖြင့် ကျေးဇူးပြုပါတယ်။

**ဇိဝှါဝိညာဏ်စိတ်**

'ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဒီမှာလဲ အတူတူပါဘဲ၊ ဇိဝှါဝိညာဏ်စိတ်နဲ့ စေတသိက်သည် ဇိဝှါပသာဒကိုမှီပြီးဖြစ်ရလို့ ဝတ္ထုပုရေဒ္ဓာတနိဿယအားဖြင့် ကျေးဇူးပြုပါတယ်။

**ကာယဝိညာဏ်စိတ်**

'ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ကာယဝိညာဏ်စိတ်နဲ့ ကာယဝိညာဏ်မှာယှဉ်သော စေတသိက်တို့သည် ကာယပသာဒကို မှီပြီးဖြစ်ရသော

ကြောင့် နိဿယပစ္စည်း၊ကာယပသာဒပစ္စည်းက ရှေ့ကျနေသောကြောင့် ဝတ္ထုပုရေဇာတပစ္စည်း၊ နှစ်မျိုးရသွားပါတယ်။

**ရုပ်နှင့် စိတ်**

'ယံ ရူပံ နိဿာယ မဇနာဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မဇနာဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဒီပါဠိမှာ ယံ ရူပံ=အကြင်ရုပ်လို့ ဆိုပါတယ်၊ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်တို့ဟာ ရုပ်ကိုမှီပြီး သူတို့က ဖြစ်ကြရတာယ်၊ ပဋ္ဌာန်ရဝိထိချတဲ့အခါမှာ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး, ဇိဂ္ဂါဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေး ဒီစိတ် ၁၀-ခုဘဲ ကုန်သွားတယ်၊ ဝတ္ထုရုပ်ကလဲ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု ဝတ္ထုရုပ်ငါးပါးကြောင့် ဒွေးပဋ္ဌဝိညာဏ် ၁၀-ဆိုတဲ့ စိတ်ပေါင်း ၁၀-ဘဲ ဖြစ်ပါတယ်၊ စိတ် ဂဖွ-ခုထဲမှာ ပဋ္ဌဒ္ဓါဆုဝင်္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ဒွေး ဒီသုံးခုကို မနောဓာတ်လို့ ခေါ်ပါတယ်၊ ကျန်တဲ့ စိတ်အကုန်လုံး(၇၆-ပါး)ကို မနောဝိညာဏဓာတ်လို့ ခေါ်ပါတယ်၊ ပဋ္ဌဒ္ဓါရ ဝိထိချကြည့်ရင် စက္ခု ဒ်ညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ် ဆိုတဲ့ ဓာတ် ၅-ပါးကို ခွဲဘော့ စိတ် ၁၀-ခုဘဲ ကုန်သွားပါတယ်၊ ပဋ္ဌဒ္ဓါဆုဝင်္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ဒွေး မနောဓာတ်နှင့် ပေါင်းတော့ ပေါင်း ၁၃-ခု ရှိပါတယ်၊ ကျန်တဲ့ ၇၆-ဟာ အကုန် မဇနောဝိညာဏဓာတ်ပါဘဲ၊ ဒီစိတ် ၇၆-ဟာ စက္ခုဝတ္ထုလဲ မှီလို့မရ၊ သောတဝတ္ထုလဲ မှီလို့မရ၊ ဃာနဝတ္ထုလဲ မှီလို့မရ၊ ဇိဝှါဝတ္ထုလဲ မှီလို့မရ၊ ကာယဝတ္ထုလဲ မှီလို့မရ၊ သူတို့မှီစရာက ရုပ်တခုတော့ ရှိရမှာပါ။

**ယံ ရူပံနှင့် ဝတ္ထုရုပ်**

ယံ ရူပံ- ဒီအပိုဒ်မှာ ပဋ္ဌာန်းမှာ ဟောတာက "ဟဒယရူပံ လို့ မဟော၊ ယံ ရူပံ လို့ဟောတာ"အစရှိသဖြင့် အဘိဓမ္မာမှာ ဟဒယဝတ္ထုရုပ် ရှိဆလား၊မရှိဘူးလား ပြဿနာဖြစ်နေကြပါတယ်၊ ရူပံကို အဘိဓမ္မာ

အဋ္ဌကထာဆရာကြီးဘွဲ့က 'ရူပံ' ဆိုတဲ့ရုပ်သည် 'ဟဒယဝတ္ထုရုပ်' လို့ ဆိုပါတယ်၊ ဟဒယဆိုတာကတော့ အမှန် 'စိတ်' ပါဘဲ၊ ဟဒယဝတ္ထုရုပ် ဆိုတာက စိတ်ကမှီပြီးဖြစ်တဲ့ ရုပ်ဘဲ ဖြစ်ပါတယ်၊ နှလုံးသားရဲ့အတွင်းမှာ ရှိတဲ့ သွေးကိုမှီပြီး ရုပ်က ဖြစ်ရပါတယ်၊ ဒီသွေးကတော့ ပဋိသန္ဓေက ပါလာတဲ့ ကမ္မဇသွေးပါ၊ သူက စိတ္တကွဿတိုင်း ဥပါဒ်,ဌိ,ဘင်နဲ့ ဆက်ကာ ဆက်ကာ ဖြစ်နေတာဟာ တသက်လုံး ဖြစ်နေတာပါ၊ ပဋိသန္ဓေ ကမ္မဇရုပ်တွေ ဆက်ကာ.ဆက်ကာဖြစ်တော့ ဝတ္ထုရုပ်က သွေးမှာမှီပြီး ဖြစ်နေတာပါ။

'ဩကန္တိကမ္မတော နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော' ဆိုတော့ ပဋိသန္ဓေခဏမှာ ပဌမဆုံးဖြစ်လာတဲ့ ကမ္မဇမျိုး, ပဌမဆုံးဖြစ်လာတဲ့ ပဋိသန္ဓေစိတ်၊ ဒီပဋိသန္ဓေစိတ်နဲ့ ရုပ်ဟာ အပြန်အလှန် ရုပ်နဲ့ နာမ်မှီရတာယ်၊ အပြန်အလှန်လဲ အညမညံ ကျေးဇူးပြုတယ်၊ သူတို့က ပဋိသန္ဓေ အခါက စုတိတိုင်အောင် အမြဲတမ်း ဖြစ်နေရတာပါ၊ သူတို့မဖြစ်ရင် 'သွေး ဆုတ်သွားပြီး ဝိညာဏ်ချုပ်တော့မယ်' လို့ဒီလိုပြောလာရပါတယ်၊ ဒီသွေးက သိပ်အရေးကြီးပါတယ်။

'ယံ ရူပံ နိဿာယ မနောဓာတုယာ မနောဝိညာဏဓာတု စ ဝတ္တန္တိ' ဒီအဘိဓာန်ရဲ့ ဥပါဒ်, ဌိ, ဘင် စိတ်ဟာ ဘယ်သူကို မှီသလဲဆိုလျှင် ဟဒယဝတ္ထုရုပ်ကိုဘဲ မှီပါတယ်၊ လွန်သွားတဲ့ အတိတဘဝ်, လူပ်သွားတဲ့ ဘဝင်စလုန်, ပြတ်သွားတဲ့ ဘဝင်ုပစ္ဆေဒဆိုတဲ့ ပဋိသန္ဓိစိတ်မဖြစ်ခင် ဖြစ်နေတဲ့ စိတ်တွေဟာလဲ ဘဝင်စိတ်ချည်းပါဘဲ၊ ဝီထိစိတ်မဖြစ်ခင် သတ္တဝါရဲ့ သန္တာန်မှာ ဘဝင်စိတ်က ဖြစ်နေရပါတယ်၊ ဘဝင်စိတ်မဖြစ်ရင် ဓသတယ် လို့ ဆိုခဲ့ပါတာပါ ဝီထိစိတ် မြင်တဲ့စိတ် ဖြစ်ရင်ဖြစ်၊ ကြားတဲ့စိတ် ဖြစ်ရင်ဖြစ်၊ နံတဲ့စိတ် ဖြစ်ရင်ဖြစ်၊ အရသာခံတဲ့စိတ် ဖြစ်ရင်ဖြစ်၊ အထိအတွေ့သိတဲ့စိတ် ဖြစ်ရင်ဖြစ်၊ စိတ်ကူးစမ်းခန့် ကြံတဲ့စိတ် ဖြစ်ရင်ဖြစ်၊ ဝီထိစိတ်မဖြစ်လို့ အိပ်နေတဲ့အခါ မေ့နေတဲ့အခါမှာ ဘဝင်စိတ်က ဖြစ်နေတာပါ။

ဒီဘဝင်စိတ်က ဘယ်သူကို မှီသလဲဆိုရင် 'ယံ ရူပံ နိဿာယ မနော-ဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ' ဆိုတော့ အထိတဘဝင်, ဘဝင်-

စလန, ဘဝဂုံပဒစ္ဆဒ ဆိုဘာက မနောဝိညာဏခေါတ်တွေပါ၊ ဒွေးပဉ္စ-ဝိညာဏ် ၁၀, ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေးဆိုတဲ့ ဒီ ၁၃-ခုမှ ကြွင်းတာဟာ မနောဓိညာဏခေါတ်ချည်းပါ၊ အတိတဘဝင်မှာလဲ ဟဒယဝတ္ထုရုပ်ရှိပါတယ်၊ ဘဝင်စလနမှာလဲ ဟဒယဝတ္ထုရုပ်ရှိပါတယ်၊ ဘဝဂုံပဒစ္ဆဒမှာလဲ ဟဒယဝတ္ထုရုပ် ရှိပါတယ်၊ ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇ ကြိမ်, တဒါရုံ ၂ ကြိမ်ဆိုတဲ့ ဝီထိစဉ်ချထားသလောက်မှာ ဝတ္ထုရုပ် ရှိပါတယ်၊ တဒါရုံ ၂ ကြိမ်နောင် ဘဝင်မှာလဲ ဝတ္ထုရုပ်ရှိပါတယ်၊ ယံ ရူပံ နိဿာယ မနောဓာတု စ-ဟာ အင်မတန်ကျယ်ဝန်းပါတယ်၊ ဝတ္ထုရုပ်က မနောဓာတ်နဲ့ မနောဝိညာဏဓာတ်ကို ဝတ္ထုပုရေဇာတနိဿယနဲ့ ကျေးဇူးပြုပါတယ်၊ ဝတ္ထုဆိုတာက ဝတ္ထုရုပ် ၆-ပါးမှ ဟဒယဝတ္ထုရုပ်၊ **ဝတ္ထုပုရေဇာတနိဿယ** ဆိုဘာက ရှေကလဲကျနေရမယ်၊ မှီဆာလဲဖြစ်ရမယ်၊ ဝတ္ထုပုရေဇာတနိဿယ ဆိုတော့ အတိတဘဝင်စိတ်က ဘယ်သူကို မှီသလဲ၊ ဟဒယဝတ္ထုကို မှီပါတယ်၊ ဘယ်က ဟဒယဝတ္ထုလဲ ပုရေဇာတနိဿယပစ္စည်းဆိုတော့ အတိတဘဝင်ရဲ့ ဥပါဒ်, ဋ္ဌိ, ဘင် ခဏမှာရှိနေတဲ့ ဟဒယဝတ္ထုကို မမှီပါ၊ ပုရေဇာတ သူ့ရှေ့မှာရှိနေတဲ့ ဘဝင်စိတ်ရဲ့ ဟဒယဝတ္ထုရုပ်ကို မှီရဘာပါ။

## စိတ်စိတ်နဲ့ ဟဒယဝတ္ထု

ဘဝင်စလနစိတ်သည် ဘယ်ရုပ်ကို မှီသလဲဆိုရင် အတိတဘဝင်ရဲ့ ဋ္ဌိခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါဘယ်၊ ဘဝင်ုပစ္ဆေဒစိတ်သည် ဘဝင်စလနစိတ်၏ ဋ္ဌိခဏမှာဖြစ်တဲ့ဟဒယဝတ္ထုရုပ်ကို မှီရပါဘယ်၊ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်ုပစ္ဆေဒ၏ ဋ္ဌိခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်၊သမ္ပဋိစ္ဆိုင်းသည် ပဥ္စဒွါရာဝဇ္ဇန်း၏ ဋ္ဌိခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်၊ သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုင်း၏ ဋ္ဌိခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်၊ ဝုဋ္ဌောသည် သန္တီရဏစိတ်၏ ဋ္ဌိခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်၊ ဒါကို “ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီဘယ်”

လို့ ရှေးဆရာကြီးများက ဆိုပါတယ်၊ ဒီလို ရှေးရှေးသောစိတ်နှင့်အတူ ဉပါဒ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီတာသည်ပင် ဝတ္ထုပုရေဇာတနိဿယလို့ ခေါ်ပါတယ်၊ ဝတ္ထုပုရေဇာတနိဿယဆိုတာက ရှေးရှေးသောစိတ်နှင့် အတူဉပါဒ်တဲ့ ရှေးရှေးသောစိတ်မှာ ရှိနေတဲ့ ဟဒယဝတ္ထုကို မနောဓာတ်နဲ့ မနောဝိညာဏဓာတ်တို့က မှီရပါတယ်ဆိုတာပါဘဲ။

'ယဲ့ ရှုပ် နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရှုပ် မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဒီမှာ နိဿယဆိုတာက ဝတ္ထုပုရေဇာတနိဿယပါ၊ သဟဇာတနိဿယနဲ့ ဝတ္ထုပုရေဇာတနိဿယက တော်တော်ရှင်းသွားလောက်ပါပြီ၊ ဒီနေရာမှာ ဝိထိကို မျက်စိထဲမှာ မြင်နေရင် ပဋ္ဌာန်းကျင်းပါတယ်၊ ဝိထိမျက်စိထဲမှာ မမြင်သေးရင်တော့ မရှင်းနိုင်ပါ၊ ပဋ္ဌာန်းမှာဟောကြားတဲ့ အကြောင်းအကျိုးတွေဆိုတာ ဘယ်လောက် သိမ်မွေ့သလဲဆိုရင် ဝိထိစိတ်ကလေးတွေ 'ဉပါဒ်, ဋ္ဌိ, ဘင်၊ ဉပါဒ်, ဋ္ဌိ, ဘင်' နဲ့ စိတ်ကလေးတခုဟာ ပစ္စည်းပေါင်း အကြောင်းကရားပေါင်း ဘယ်လောက်ပေါင်းဆုံမှ ဖြစ်နိုင်သလဲလို့ မြတ်စွာဘုရားက ဒီလောက်အသေးစိတ်ပြီး ဟောသွားတဲ့ တရားတော်ပါ၊ ပဋ္ဌာန်းတရားတော်ဟာ ဘယ်လောက်နက်နဲတယ်၊ သိမ်မွေ့တယ်ဆိုတာ သေသေချာချာ လေ့လာကြည့်မှ ဘယ်လိုနက်နဲတယ်၊ ဘယ်လိုဉာဏ်နဲ့မှ သိနိုင်တယ်ဆိုတာဟာ ထင်ရှားလာပါတယ်။

ဃခုရှင်းပြခဲ့တာက သဟဇာတ, အညမည, နိဿယ, ပုရေဇာတဆိုတဲ့ ပစ္စည်း ၄-ခုပါ၊ ဒီပစ္စည်း ၄-ခုဟာ သဟဇာတပစ္စည်းဖြစ်တိုင်း အညမညက မဖြစ်နိုင်ပါ၊ အညမညပစ္စည်းရရင် သဟဇာတကတော့ ရပါတယ်၊ ပဋ္ဌာန်းပါဠိတော်မှာ သဟဇာတက ၆-ချက်ရှိတော့ အညမညနဲ့ ကျေးဇူးပြုရင် သဟဇာတက ပါလာပါတယ်၊ နိဿယကျတော့ နိဿယဖြစ်တိုင်း သဟဇာတနဲ့ အညမညက မဖြစ်ပါ၊ ဘယ်မှာ မဖြစ်သလဲဆိုရင် ဝတ္ထုပုရေဇာတနိဿယမှာ သဟဇာတ တပြိုင်နက်လဲ မဖြစ်၊ အညမည အပြန်အလှန်လဲ ကျေးဇူးမပြုလို့ နိဿယဖြစ်တိုင်း သဟဇာတ မဖြစ်၊ အညမည

လဲ မဖြစ်ပါ၊ သဟဇာတ ဖြစ်တိုင်း နိဿယက ဖြစ်ပါတယ်၊ အညမည ဖြစ်တိုင်းလဲ နိဿယက ဖြစ်ပါတယ်။

ပုရေဇာတက နိဿယနဲ့ တွဲတဲ့အခါ ရှုပါရုံက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတဲ့ အာရမ္မဏပုရေဇာတမျိုးနဲ့ စက္ခုပသာဒရုပ်က စက္ခု-ဝိညာဏ်ကို ကျေးဇူးပြုတဲ့ ဝတ္ထုပုရေဇာတနိဿယလို့ ဒီလို ၂-မျိုး ကဲ့သွားပါသေးတယ်၊ နိဿယပစ္စည်းကတော့ ဒီလောက်နဲ့ဘဲ တော်ကြပါစို့။

# ၉။ ဥပနိသယပစ္စည်း
# သင်ကြားပို့ချချက်များ

ဥပနိဿယပစ္စည်းက အင်မတန်ကျယ်ဝန်းပါတယ်၊ လောကမှာ လူတွေသုံးနှုန်းနေတဲ့ အကြောင်းအကျိုးတွေ ဘာကြောင့်ဖြစ်တယ်၊ ဘယ်အသျှုက ဘာကြောင့်ဖြစ်တယ်၊ ဘယ်သူက ဘယ်အကြောင်းကြောင့် ဖြစ်ဘယ်ဆိုတာကို ပဋ္ဌာန်းမှာ ပစ္စည်းတင်ပြပါဆိုရင် ဥပနိဿယပစ္စည်းဘဲ ဟပ်ရတာ များပါဘယ်၊ ဒီ့ပြင်ပစ္စည်းတွေက စိတ်စေတသိက်ဆိုတဲ့ နာမ်တရား, ရုပ်တရား, ပရမတ်တရား စစ်စစ်တို့ကိုသာ ဟောတာများပါတယ်၊ ရုပ်တရားဘခုဖြစ်ဘို့ အကြောင်းတရား ဘယ်လောက်ဖြစ်ရသလဲ၊ နာမ်တရားတခုဖြစ်ဘို့ အကြောင်းတရား ဘယ်လောက်ဖြစ်ရသလဲ ဆိုတာ တခုသော ရုပ်ဝီထိအစဉ်, တခုသောနာမ်ဝီထိအစဉ် ကြည့်ပြီး ဟောတဲ့ ပစ္စည်း များပါတယ်။

## ဥပနိဿယနဲ့ နိဿယ

နိဿယကို ဥပတပ်တော့ ဥပနိဿယဆိုတာနဲ့ ပါဠိမှာ ဘာသာပြန်ရခက်နေပါတယ်၊ ဗမာစကား ဒီနေ့ထုမျိုးမှာ နိဿယကိုတော့ မသုံးကြပါ၊ ဥပနိဿယဆိုတော့ "ဆရာသမားရဲ့ ဥပနိဿယရမှာဘဲ၊ မိဘရဲ့ဥပနိဿယရမှာဘဲ" လို့ ဒီလိုပြောကြပါတယ်၊ လူတယောက် ကြီးပွါးဘို့ကာ ဥပနိဿယမရှိဘဲ မကြီးပွါးနိုင်ပါ၊ ဆရာကောင်း သမားကောင်း မှီဝဲရတာလဲ ဥပနိဿယလို့ ခေါ်တာဘဲ၊ မိကောင်း ဘကောင်း မှီဝဲရတာလဲ ဥပနိဿယ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို အမှီမရှိရင် ဘုရားတောင်မှ မပွင့်နိုင်ဘူး ဆိုတာကလဲ ဥပနိဿယ-ကို သုံးတာပါဘဲ။

ဥပနိဿယ ကို အဋ္ဌကထာ ဆရာကြီးများက "အားကြီးသော အကြောင်းတရား"လို့ ဆိုပါတယ်၊ ကျန်တော်တို့လုပ်တဲ့ ကုသိုလ်ကံ,

အကုသိုလ်ကံအကြောင်းတရားတွေမှာ အားကြီးတဲ့အကြောင်းတရားနဲ့, အားနဲတဲ့ အကြောင်းတရားဆိုတဲ့ ဒီနှစ်မျိုးမှာ ဥပနိဿယပစ္စည်းက သာမညအကြောင်းမဟုတ်၊ အားကြီးတဲ့အကြောင်းလို့ ဆိုလိုတာပါ၊ အားကြီးတဲ့အကြောင်းကို ကျွန်တော် တွေးကြည့်မိပါတယ်၊ သဟဇာတ အဓိပတိအကြောင်းတို့က အားနဲလို့လား၊ ရှေးဆရာများက ပါဠိမှာ ဗလဝကရဏ ဆိုတော့ ဗလဝ=အားကြီးသော+ကရဏ=အကြောင်း၊ ဗလဝကရဏ=အားကြီးသောအကြောင်းလို့ ဗမာလို တိုက်ရိုက်အဓိပ္ပါယ်ပြန်ထားတာပါ၊ ဒီလို အားကြီးသောအကြောင်းလို့ အဓိပ္ပါယ်ပြန်ထားတော့ စဉ်းစားကြည့်တဲ့အခါမှာ အဓိပတိပစ္စည်းလဲ အင်မတန် အားကြီးတာပါ၊ ဆန္ဒာဓိပတိ ဆန္ဒဘရားသာ အဓိပတိတပ်ရင် ဒီ့ပြင်တရားတွေက အားလုံး ပစ္စယုပ္ပန်ဖြစ်သွားပါတယ်၊ ဆန္ဒက ပစ္စည်းတရားဖြစ်သွားပြီး ဆန္ဒကြောင့် ပညာတတ်ဘယ်၊ ဆန္ဒကြောင့် ရှင်ဘုရင်ဖြစ်တယ်၊ ဆန္ဒကြောင့် သူဌေးကြီးဖြစ်တယ်၊ ဆန္ဒ ဝီရိယ ဝီမံသ ဆိုတဲ့ အဓိပတိပစ္စည်းတွေက ရှိနေတော့ ဥပနိဿယကို "အားကြီးသော အကြောင်း"လို့ အဓိပ္ပါယ်ပြန်တာကို နဲနဲ စောဒကစရာ ရှိနေပါဘယ်၊ ဒါပေမဲ့ အဋ္ဌကထာ ဋီကာတွေနဲ့တော့ ညီတယ်လို့ ဆိုနိုင်ပါတယ်။

ဥပနိဿယဆိုတာကို ကျွန်တော်စဉ်းစားထားတာက ယခုခေတ်မှာ ပြောနေကြသလို 'အမှီမရှိရင် ဘုရားတောင် မပွင့်နိုင်ဘူး'လို့ ဆိုတဲ့ အတိုင်း အမှီက ရှိရမှာပါ၊ ဥပနိဿယ အမှီကောင်းရင် ဘုရားတောင်မှ ဖြစ်နိုင်ပါတယ်၊ သူဌေးကြီးလဲ ဖြစ်နိုင်ပါတယ်၊ ဥပမာအားဖြင့် လူတယောက်ချမ်းသာဘို့က ကလျာဏမိတ္တ မိတ်ဆွေကောင်းတယောက်မှီဝဲရလျှင် ဒီလူကြီးပွါးနိုင်ပါတယ်၊ ဆရာကောင်း သမားကောင်း မှီဝဲရရင် ဒီလူ ကြီးပွါးနိုင်တယ်လို့ ဗမာစကားမှာ သုံးသလို ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်းမှီဝဲရတာမျိုးလို ကောင်းတဲ့အမှီ အားကြီးတဲ့ အမှီလို့ အဓိပ္ပါယ်ရပါတယ်၊ ဥပနိဿယကို ကျွန်တော်တို့ စကားပြောတဲ့ အခါမှာ "လူတခယောက်မှာ ဥပနိဿယရှိမှ"လို့ ဒီလို ပြောတာဟာ ဥပနိဿယအဓိပ္ပါယ်ကို ရှင်းပြသလိုပါဘဲ။

## ဥပနိဿယ ၃-မျိုး

ဥပနိဿယ·က သုံးမျိုးရှိပါတယ်—

(၁) အာနန္တရဥပနိဿယ ဆိုတဲ့ အာနန္တရူပနိဿယ၊

(၂) အာဝဇ္ဇနဥပနိဿယ ဆိုတဲ့ အာဝဇ္ဇနကူပနိဿယ၊

(၃) ပကတိဥပနိဿယ ဆိုတဲ့ ပကတူပနိဿယ—

လို ၃-မျိုး ရှိပါတယ်။

### အာနန္တရဥပနိဿယ

အာနန္တရပါဠိမှာ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာနန္တရ-စ္စယေန ပစ္စယော'လို့ ရှိပါတယ်၊ ဥပနိဿယ ပါဠိမှာလဲ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော'လို့ ဒီလိုဘဲ ဟောတော့ အာနန္တရ-ဥပနိဿယမှာ အာနန္တရနဲ့ အကုန်လုံးတူသွားပါတယ်။

### အာဝဇ္ဇနကူပနိဿယ

အာဝဇ္ဇနကူဥပနိဿယမှာ အာဝဇ္ဇနရိုးရိုးနဲ့ အာဝဇ္ဇနော်ဓိပတိ ၂-မျိုး ရှိသည့်အနက် 'ယံ ယံ ဓမ္မံ ဂရုံ ကတ္ဝာ ယော ယော ဓမ္မော ဥပ္ပဇ္ဇတိ စိတ္တော စေတသိကော ဓမ္မော၊ တေ တေ ဓမ္မော တေသံ တေသံ ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော'လို့ အာဝဇ္ဇနော်ဓိပတိကို အဓိပတိမှာ သာမညဘဲ ဟောပါတယ်၊ 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝဇ္ဇနကူပစ္စယေန ပစ္စယော'လို့ ဆိုတဲ့ အာဝဇ္ဇနရိုးရိုးက ဥပ-နိဿယ မဟုတ်ပါ၊ အာဝဇ္ဇနတိုင်းဟာ ဥပနိဿယ မဖြစ်ပါ၊ ဥပနိဿယ အားကြီးသော အကြောင်းဖြစ်ရမယ်ဆိုတော့ ရူပါရုံဖြင့်တိုင်း အာဝဇ္ဇနကူ-ပနိဿယ မဟုတ်ပါ၊ ဒီ ရူပါရုံဟာ အင်မတန် အားကောင်းတဲ့ အဓိပတိ တပ်နိုင်တဲ့ အာရုံမျိုးမှ ဥပနိဿယ တပ်မှာဆိုတော့ ဒိုးဒိုးရူပါရုံက ဥပ-နိဿယ မဟုတ်လို့ အာဝဇ္ဇနကူပနိဿယက အဓိပတိပစ္စည်းမှ အာဝဇ္ဇနော်-ဓိပတိနဲ့ အားလုံးတူသွားပါတယ်။

### ပကတိဥပနိဿယ

ပကတူပနိဿယ ကို အဋ္ဌကထာဆရာက ၂-မျိုးပြပါတယ်၊ ပကတိ-ဥပနိဿယမှာ ဥပနိဿယ က အားကြီးသော အကြောင်း ဆိုတော့ အာဂမ္မကာမှာကတော့ ရိုးရိုးအာဂမ္မကအကြောင်းပါဘဲ။ အနန္တရကျတော့ ဥပနိဿယ ဘာကြောင့် ရသလဲဆိုရင် ဝီထိစိတ်ကလေးတွေမှာ ပဋ္ဌဒ္ဓါဏ-ဝင်္ခန်းကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ရတာသည် အနန္တရသတ္တိကြောင့် ဖြစ်ရပါတယ်၊ ဒီအနန္တရက အင်အားကြီးလှပါတယ်၊ သူနောက်မှာ စိတ်တခုဖြစ်လာစေရန် သာမညအားဖြင့် မဖြင်နိုင်ပါ။ ဥပမာအားဖြင့် သားသမီးဖြစ်စေနိုင်ရန် မိဘက အားကောင်းမှ သားသမီးတို့ကို ဖြစ်စေနိုင်တာပါ၊ ပဋ္ဌဒ္ဓါဏဝင်္ခန်းဆိုတဲ့ အနန္တရပစ္စည်းက အခြားပစ္စည်းများနဲ့ မတူပုံမှာ သတ္တဝါတဦးသည် မသေမချင်းသာမဟုတ်ဘဲ သံသရာမဆုံးမချင်းမှာ စိတ်တွေ ဆက်ကာ ဆက်ကာ ဖြစ်၍နေခြင်းသည် အနန္တရက ကျေးဇူးပြုထားတာပါ၊ သံသရာမှ နိဗ္ဗာန်ရောက်သည့်တိုင် စိတ်ကလေးတွေ ဥပါဒ်, ဌီ, ဘင် ဆက်ဖြစ်အောင် အားကြီးသော ကြီးမားသောကြောင့် အနန္တရက ဥပနိဿယ ရပါတယ်။

ပကတိဥပနိဿယ–ပကတိ=ပင်ကိုယ်ကပင် + ဥပနိဿယ=အကြောင်း က ထက်မြက်တယ်၊ အားကြီးတယ်၊ ပင်ကိုယ်ကပင် ထက်မြက်အားကြီးတဲ့ အကြောင်းကို ပကတိဥပနိဿယ ရတယ်လို့ ဆိုပါတယ်၊ ကလျာဏမိတ္တ မိတ်ဆွေကောင်းတယောက်က လူအားလုံးချမ်းသာအောင် လုပ်နိုင်တော့ အားကြီးနေတာပါ၊ တိုင်းပြည်မှာ ခေါင်းဆောင်ကောင်းတယောက် ပေါ်လာရင်လဲ လူတယောက်ထဲနဲ့ တနိုင်ငံလုံး ချမ်းသာအောင် လုပ်နိုင်ခြင်းသည် သူက ပကတိ=ပင်ကိုယ်အား:က ကောင်းနေတာပါ၊ ပကတိ=ပင်ကိုယ်အားကြီးတဲ့ အကြောင်းတရားမျိုးမှသာ ပကတူပနိဿယ ဖြစ်ပါတယ်။

## ပကတဥပနိဿယ

ပကတ+ဥပနိဿယမှာ ပ=ကြီးကြီး ကျယ်ကျယ် + ကတ=ပြုလုပ်ခဲ့မှု=ရှေးအခါက သာမန်ပြုလုပ်သည်ဆက် ကြီးကြီးကျယ်ကျယ် လုပ်ခဲ့တဲ့ ဒါန သီလ ဘာဝနာဆိုတဲ့ အားကောင်းတဲ့အမှုမျိုးတွေဟာ ပကတူပနိဿယ တွေပါ။ ရှေးက မကောင်းတာ လုပ်ခဲ့ရင်လဲ အစိုင်အခဲနှင့် လေးလေးနက်နက် ကြီးကြီးမားမား အပြစ်တွေ လုပ်ခဲ့တာဟာ ပကတူပနိဿယ ပါ၊ ရှေးက ကြီးကြီးကျယ်ကျယ်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကို ပကတလို့ ပြန်ဆိုကြတဲ့ အဓိပ္ပါယ်ပါဘဲ။

### ၁။ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု

'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော'၊ ရှေးရှေးက ပြုခဲ့တဲ့ ကုသိုလ်တွေက နောက်နောက်မှာပြုလုပ်တဲ့ ကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဆိုပါတယ်၊ ပစ္စယနိဒ္ဒေသကို နားမလည်ရင် ပဋ္ဌာဝါရ ပါဠိမှာ 'သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဈာနံ ဥပ္ပါဒေတိ' စသည်ဖြင့် ဟောထားပါတယ်၊ သဒ္ဓါစေတသိက် သဒ္ဓါတရားဖြင့် ကံ ကံ၏အကျိုး ယုံကြည်စွာဖြင့် ဒါနပြုပါတယ်၊ မိမိပိုင်ပစ္စည်းများကို သာမညအကြောင်းတရားကြောင့် မိတ်ဆွေလဲ မပေးနိုင်၊ သားသမီးလဲ မပေးနိုင်ဘဲ ရွှေတိုက်ဘုရားကြီးမှာ ငွေတသိန်းလျှုမယ်လို့ ဒီလို သဒ္ဓါတရားဖြစ်တာဟာ ဒီဘဝလဲ ချမ်းသာမယ်၊ ဘဝ ဘဝတွေမှာလဲ ချမ်းသာမယ်၊ နောင်နိဗ္ဗာန်ထိအောင် ဒီကုသိုလ်တွေဟာ ရနိုင်တယ်ဆိုတဲ့ ယုံကြည်မှုသဒ္ဓါတရားကို အမှီပြုပြီး ဒါနကုသိုလ်ကို ပြုတာဖြစ်ပါတယ်။

ဒီနေရာမှာ သဒ္ဓါတရားခေါင်းဆောင်တဲ့ ကုသိုလ်က 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ'ဆိုတဲ့ ပစ္စည်းတရား၊ ဒါနပြုတဲ့ကုသိုလ်တရားက 'ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ'ဆိုတဲ့ ပစ္စယုပ္ပန်တရားဖြစ်တော့ ပကတူပနိဿယပစ္စည်းလို့ ခေါ်ရပါတယ်၊ ဒီပကတူပနိဿယက ဝိထီတခုတည်း ချလို့ မရပါ။ အနန္တရ, သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတမျိုးတို့မှာ

ဘယ်မျိုးမှာဘဲကြည့်ကြည့် ဝိထိတခုချကြည့်ရင် အကြောင်း အကျိုး သဘောပေါက်ပေမဲ့ ပကတူပနိဿယမှာ ဝိထိတခုထဲနဲ့ကြည့်လို့ မရပါ။ ကျွန်တော်တို့ လုပ်နေတဲ့အလုပ်နဲ့ကြည့်မှ ရပါဘယ်။

ကျွန်တော်တို့ ဒါနပြုတာကလဲ ယုံကြည်ချက်နဲ့ ဒါနပြုတာပါ၊ သီလ ဆောက်တည်ရင်လဲ ဒီဘဝနဲ့ နောက်ဘဝတွေမှာ ကောင်းစားမယ်၊ ချမ်းသာမယ်ဆိုတာ တကယ် ယုံကြည်ချက်ရှိလို့ သီလစောင့်တာပါ၊ ဝိပဿနာဘာဝနားအားထုတ်တာလဲ ဝိပဿနာအားထုတ်လို့ အရိယာဖြစ်နိုင်တယ်၊ ဝိပဿနာတရားပွါးများလို့ သောတာပန် သကဒါဂါမ်ဖြစ်ရင် နောင်အပါယ်မလားဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ လူပင်ပန်းခံပြီး ကျွန်တော်တို့ အားထုတ်နေကြတာပါ။

ကုသိုလ်လုပ်ငန်းတွေကို သဒ္ဓါတရားက ပကတူပနိဿယနဲ့ ကျေးဇူးပြုနေတာပါ၊ သဒ္ဓါတရား ဖြစ်နေတာသည် ရှေးရှေးက ဖြစ်နေတာပါ၊ မိမိ၏သန္တာန်မှာ ရှေ့တိုဘုရားကြီးကို ဥဒ္ဒတသိန်းလှူမယ်လို့ စိတ်ဆုံးဖြတ်ပြီး ကုသိုလ်ဖြစ်နေတာက ဝိထိပေါင်း သိန်းသန်းကုဋေနဲ့ ဖြစ်နေတာပါ၊ လှူလိုက်တဲ့အခါကျတော့ အသက် ၂၀-လောက်က လှူချင်တာ ၄၀-မှာဘဲ လှူဖြစ်တယ်၊ ၄၀-မှာ သဒ္ဓါတရားဖြစ်ပြီး အသက် ၆၀-မှာဘဲ လှူဖြစ်တယ်၊ ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့သဒ္ဓါတရားက သေးခါနီးမှလှူလဲ ငယ်ငယ်က သဒ္ဓါတရားကိုမှီပြီး ကုသိုလ်ဖြစ်တာပါ၊ ဒီ ပြင်ပစ္စည်းတရားဘက်မှာ ဒီလိုအကြောင်းနဲ့ အကျိုးက မဝေးပါ၊ တဝိထိထဲမှာ ကျေးဇူးပြုတာ များပါတယ်၊ ပကတူပနိဿယမှာ ဘဝပေါင်းသိန်းသန်းက ပြုခဲ့တဲ့ကုသိုလ်က ဒီဘဝမှာ ပြုတဲ့ကုသိုလ်အား ကျေးဇူးပြုနိုင်ပါတယ်၊ သီလ, သုတ, စာဂ, ပညာဆိုတဲ့ တရားတွေလဲ သဒ္ဓါလိုဘဲ ဥပနိဿယ ဖြစ်နိုင်ပါတယ်။

အခု လုပ်နေကြတဲ့ ကုသိုလ်တရားတွေကို ပဋ္ဌာန်းနည်းအရ အကြောင်းအကျိုး ပစ္စည်းတပ်ပါဆိုရင် ပကတူပနိဿယ ပစ္စည်းဘဲ တပ်ရမှာပါ၊ ကုသိုလ်ပြုကြတာက သဒ္ဓါကြောင့်ပြုမယ်၊ သီလကြောင့်ပြုမယ်၊ သုတ

ကြောင့်ပြုမယ်၊ ပညာကြောင့်ပြုမယ် ကုသိုလ်ကောင်းမှုလုပ်တဲ့နေရာမှာ ဒီတရားတွေဟာ ဥပနိဿယအကြောင်းချည်းဘဲ ဖြစ်ပါတယ်။

## ၂။ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု

'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော'လို့ ဆိုတော့ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုတယ်ဆိုတဲ့ အခါမှာ 'ကေသဉ္စိ' မပါဘဲ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုတယ်ဆိုတဲ့ ဒီပါဠိကျမှ 'ကေသဉ္စိ' က ပါလာတယ်၊ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတဲ့အခါ အာရမ္မဏူပနိဿယ-က ရပါတယ်၊ အနန္တရဥပနိဿယပစ္စည်းက ကုသိုလ်စိတ်နောင် အကုသိုလ်ဖြစ်လို့မရပါ၊ အရေပ်ထဲမှာ 'ကုသိုလ်လုပ်ပြီး အကုသိုလ်တွေဖြစ်လိုက်တာ'လို့ ပြောတာက ပကတူပနိဿယကို ပြောတာပါ၊ ကုသိုလ်ဇောဝီထိကို ချကြည့်ယင်ဆိုရင် ကုသိုလ်ဇောစောပြီး ဇောနောင်မှာ တဒါရုံသော်ဌင်း, ဘဝင်သော်ဌင်းကျတော့ အကုသိုလ်ဖြစ်ချင်ရင် နောက်တဝီထိကျမှ အကုသိုလ်ဇောက စောလို့ရပါတယ်၊ ဆက်ပြီးကျမှ အနန္တရ ပစ္စည်းတပ်နိုင်တော့ ဝီထိခြားသွားပြီး ဖြစ်တဲ့စိတ်ကို အနန္တရပစ္စည်းက တပ်လို့မရလို့ ကုသိုလ်ဇောနောင်မှာ အကုသိုလ်ဇောက မဖြစ်နိုင်ပါ၊ 'ကေသဉ္စိ' ဆိုဘာက ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတာမှာ အနန္တရဥပနိဿယနဲ့ ကျေးဇူးပြုတာမဟုတ်ဘဲ အာရမ္မဏူပနိဿယနဲ့ ပကတူပဥပနိဿယ နှစ်မျိုးဘဲ ကျေးဇူးပြုနိုင်တယ်လို့ ဆိုလိုပါတယ်။

ပဥ္စာဝါရမှာက 'ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ' ဆိုပြီး ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယအားဖြင့် ကျေးဇူးပြုပုံကိုသာ ဟောထားပါတယ်၊ ကုသိုလ်ကို သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ တရားတွေကသာ ဖြစ်စေနိုင်တယ်လို့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံတွေကို ပြောခဲ့ပါဘယ်၊ ယခုဒီမှာလဲ သဒ္ဓါတရားအကြောင်းပြုပြီး ဒါန ကုသိုလ်ပြုတဲ့အခါမှာ ကိုယ်ပြုတဲ့ကုသိုလ်ကို အမှီပြုပြီး ဒီလိုကြီးကျယ်တဲ့

ဒါနမျိုးကို ဒီ့ပြင်လူတွေ 'ငါ့ကိုမှီခောင် မလုပ်နိုင်ပါဘူး'လို့ ဒီလိုမာန ဖြစ်လာပါဘယ်၊ ဒီလိုမာန ဖြစ်လာတဲ့အခါမှာ ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

သဒ္ဓါတရားနဲ့ ဒါနပြုလိုက်တဲ့အခါတုန်းက သဒ္ဓါတရားနဲ့ ကုသိုလ်ဇော ဝီထိကျပါတယ်၊ ကုသိုလ်ဇောဝီထိကျပြီး နောက်မှာမှ ငါကဖြင့် ဒါနရှင်ကြီး၊ ငါလို ကုသိုလ်လုပ်နိုင်တာက ငါသာလုပ်နိုင်တာဘဲ' လို့ မိမိဘာသာ မာနဖြစ်တော့ အချိန်အကြာကြီးမှာမှ ကုသိုလ်ဇောဝီထိတွေ အများကြီး ဖြစ်ပြီးမှ အကုသိုလ်ဇောဝီထိကျပါတယ်၊ ဝီထိတွေခြားပြီးမှ ကျေးဇူးပြုတဲ့ ပစ္စည်းဆိုတာဟာ ပဋ္ဌာန်းမှာ ပကတူပနိဿယဘဲ ရတာများပါတယ်။

ပဋ္ဌာန်း ၂၄-ပစ္စည်းစုံတော့မှ ရှင်းပါဦးမယ်၊ ပဋ္ဌာန်းက ဒီလိုအကြမ်းသင်ပြီး နောက်အထပ်ထပ်သင်မှ ရှင်းမှာပါ၊ ကုသိုလ်အကြောင်းပြုပြီး အကုသိုလ်ဖြစ်တာမှာ အနန္တရမျိုးမှာမရ၊ အာရမ္မဏမျိုးမှာကလဲ တဝီထိထဲ အာရမ္မဏမျိုး ဖြစ်တာမဟုတ်ပါ။ နောက်ထပ်ဖြစ်တဲ့ ဝီထိကနေပြီး အာရမ္မဏက ဖြစ်တာပါ၊ သဒ္ဓါတရားကို အမှီပြုပြီး မာနဖြစ်တဲ့အခါမှာ ကုသိုလ်ကအကုသိုလ်ကိုကျေးဇူးပြုပုံကိုပဋ္ဌာဝါရလာတဲ့အတိုင်းရိုးရိုးရှင်းပြတာ ဖြစ်ပါတယ်။

သဒ္ဓါဆိုတဲ့ ယုံကြည်မှုသက်သက်ကလဲ ပညာမပါရင် မှားချင်မှားနိုင်ပါတယ်၊ အယူသည်းသွားတဲ့အခါ ဒါနသာ နိဗ္ဗာန်ရောက်နိုင်တယ်၊ ဒီ့ပြင်တရားတွေဟာ နိဗ္ဗာန်မရောက်နိုင်ဘူး. လို့ ဒါနကို အထူးအလေးပေးပြီး ဒိဋ္ဌိဖြစ်နိုင်ပါတယ်၊ သဒ္ဓါတရား အမှီပြုပြီးလဲ ဒိဋ္ဌိဖြစ်နိုင်ပါတယ်၊ ဒါနကို အမှီပြုပြီး 'ပတ္တာနာ' ဆိုတဲ့ တောင့်တမှုဟာ လောဘပါ၊ ဒါနပြုတာ ဒီဘဝမှာ ချမ်းသာဘို့, နောင်ဘဝမှာ ချမ်းသာဘို့, ပစ္စည်းဥစ္စာ ချမ်းသာဘို့, ရာထူးတိုးတက်ဘို့ဆိုပြီး လောဘတွေ ဖြစ်တဲ့အခါမှာ သဒ္ဓါတရားကုသိုလ်က လောဘအကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

ဒီလို သဒ္ဒါတရားမှီပြီး အကုသိုလ်ဖြစ်သလို သီလမှီပြီး မာန, ဒိဋ္ဌ, လောဘဆိုတဲ့ တရားတွေ ဖြစ်နိုင်ပါတယ်၊ မိမိက သီလရှိတာနဲ့ 'ငါကသာ သီလရှိတာ၊ ဒီ ပြင်လူတွေအားလုံး အလကားလူတွေဘဲ၊ ငါသာ သီလ-ဝန္တ ပုဂ္ဂိုလ်ကြီးဘဲ' ဆိုပြီး မာနဖြစ်လာတယ်၊ အဲဒီလို ဖြစ်တဲ့သူမှာ ကုသိုလ်က အကုသိုလ်မာနကို ပကတူပနိဿယ သတ္တိနဲ့ ကျေးဇူးပြုသွားတာပါ၊ သီလစောင့်တဲ့ ပုဂ္ဂိုလ်က ဒါနတို့ ဝိပဿနာတို့ဆိုတဲ့ ဒီ ပြင်အမှု တွေကို ပိုနေတာဘဲ၊ သီလခိုင်မြဲဘို့က အရေးကြီးတာ ဆိုပြီး သီလတခုထဲကို အယူသန်ပြီး ဒိဋ္ဌဖြစ်တယ်ဆိုရင် သီလသည် ပစ္စည်းတရား၊ ဒိဋ္ဌက ပစ္စယုပ္ပန်တရားဖြစ်တဲ့အတွက် သီလက ဒိဋ္ဌကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြန်ပါတယ်၊ လောဘကလဲ ဒီအတိုင်းပါဘဲ၊ သီလဆောက်တည်တဲ့ အခါမှာ ပစ္စည်းဥစ္စာ ချမ်းသာဘို့, အာရုံတွေ ကောင်းတာဟူသမျှ ခံစားဘို့ တောင့်တပြီး သီလ ဆောက်တည်ရင် သီလက လောဘကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

သုတဆိုတဲ့ ဗဟုဿုတ ကုသိုလ်မှာလဲ 'ငါသာလျှင် ဗဟုဿုတရှိတာ၊ ဒီ ပြင်လူတွေ ငါလို ပိဋကတ်တတ်တာ မဟုတ်ပါးဘူး'လို့ ဒီလို ဗဟုဿုတ ကုသိုလ်က မာနကို ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်၊ ဗဟုဿုတ များပြန်တော့ ဒိဋ္ဌဖြစ်လာနိုင်ပါသေးတယ်၊ ဗဟုဿုတ မှားတာနဲ့ဘဲ ဟိုတွေး ဒီတွေး ဟိုကြဒီကြံပြီး ဒိဋ္ဌဖြစ်လာတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ၊ ဗဟုဿုတဆည်းပူးတာမှာလဲ လောကမှ ထွက်မြောက်ရေး, နိဗ္ဗာန်မက်ဖို့လိုရင်းရေး မဟုတ်ဘဲနဲ့ လောကီစည်းစိမ် ခံစားရေးကိုသာ အဓိကထားပြီး လောဘဖြစ်လာတဲ့ အခါမှာလဲ ကုသိုလ်က အကုသိုလ်လောဘကို ကျေးဇူးပြုတာ ဖြစ်သွားပါတယ်။

ပညာကို အကြောင်းပြုပြီး 'ငါသာလျှင် ပညာတတ်တယ်၊ ငါသာ ပညာရှိကြီး'လို့ မိဉ်ကိုယ်မိမိ ပညာအမှီပြုပြီး မာနဖြစ်တဲ့ အခါမှာရင်း, ပညာလွန်သွားတဲ့အခါ အတွေးအခေါ်မှားပြီး ဒိဋ္ဌဖြစ်တဲ့အခါမှာရင်း ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတာဖြစ်ပြန်ပါတယ်၊ မိမိလေ့လာထားတဲ့ အသိပညာတွေက ဘဝကောင်းစား

ရေး, လောကီစည်းစိမ်ခံစားရေးတွေကို တောင့်တပြီး လောဘတွေဖြစ်လာတဲ့အခါမှာလဲ ဒီပညာကုသိုလ်က လောဘအကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

မိမိပြုပြီးဖြစ်တဲ့ ဒါန သီလတွေကိုပြန်ပြီးသာယာနေရင်လဲ ကိုယ်ပြုခဲ့တဲ့ ဒါန သီလ ကုသိုလ်က သာယာတဲ့လောဘကို ပကတူပနိဿယနဲ့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပါတယ်၊ သဒ္ဒါ, သီလ, သုတ အစရှိတဲ့ ကုသိုလ်တရားများက မာန, ဒိဋ္ဌိ, လောဘ ဖြစ်ပုံများကို ပဥ္စဝဝါရမှာလာတဲ့အတိုင်း ရှင်းပြတာဖြစ်ပါတယ်။

ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတဲ့ အခါမှာ အနန္တရနဲ့ ကျေးဇူးမပြုနိုင်ပါ၊ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော' ဆိုတော့ 'ကေသဉ္စိ' က ပါနေပါတယ်၊ အနန္တရပစ္စည်းမှာတုန်းက—

(၁) ကုသိုလ်က ကုသိုလ်ကို,
(၂) ကုသိုလ်က အဗျာကတာကို–

အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါဘယ်လို့ ဆိုသားတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုကာ အနန္တရမှာ မပါပါ၊ 'ကေသဉ္စိ'ဆိုတော့ အနန္တရသတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါ၊ အနန္တရမှာက ကုသိုလ် နောင် အကုသိုလ်ဇောက မဖြစ်၊ အကုသိုလ်နောင် ကုသိုလ်ဇောကလဲ မဖြစ်ပါ၊ ပဥ္စဝဝါရအတိုင်း ပြောရရင် လောကမှာ ကုသိုလ်အကြောင်းပြုပြီး အကုသိုလ်ဖြစ်တဲ့ ကိစ္စမှန်သမျှ ပဋ္ဌာန်းမှာ အခြားပစ္စည်း တပ်လို့မရ၊ ပကတူပနိဿယ ပစ္စည်းသာ တပ်လို့ရတာ များပါတယ်။

ကုသိုလ်လုပ်ပြီး အကုသိုလ်ဖြစ်တယ်ဆိုတဲ့ကိစ္စမှာ ဘုရားလူကြီးလုပ်တဲ့ လူတယောက်ဟာ ဘုရားကိစ္စ ဘုရားဝေယျာဝစ္စတွေ လုပ်ရလို့ သဒ္ဒါ, သီလ, သုတ, ပညာစတဲ့ အမှန်စင်စစ်အားဖြင့် ကုသိုလ်ဇောတွေ စောနေပါတယ်၊ သို့သော် ဘုရားကိစ္စ ဆောင်ရွက်ရာမှာဘဲ ပြဿနာနဲ့ခတ္တရင် ဒေါသဖြစ်ရလို့ အကုသိုလ် ဖြစ်ပါတယ်၊ ဘုရားကို ကြည်ညိုလို့ သဒ္ဒါတရား

တွေ့ ဖြစ်နေဆဲမှာ ဒေါသကဖြစ်တာမဟုတ်လို့ ကုသိုလ်ဖြစ်တဲ့အချိန်က တခြား၊ အကုသိုလ်ဖြစ်တဲ့အချိန်က တခြားဆိုတော့ ဝီထိက တခြားစီ ဖြစ်လာတဲ့အခါမှာ ပကတူပနိဿယဘဲ ပဋ္ဌာန်းမှာ ပစ္စည်းတင်လို့ ရပါ တယ်၊ 'ဘုရားလူကြီးလုပ်ရတာ အကုသိုလ်ဖြစ်ပါတယ်'လို့ လူတွေက အကြောင်းအကျိုး မတန်မရာ ပြောကြတာတွေဟာ ပဋ္ဌာန်းမှာ ပကတူ-ပနိဿယဘဲ တပ်လို့ရပါတယ်၊ ပကတူပနိဿယပစ္စည်းက ဖြင့် အင်မတန် ကျယ်ဝန်းပါတယ်၊ တခြားပစ္စည်းတပ်လို့ မရရင် ပကတူပနိဿယကတော့ ရတာပါဘဲ။

## ၃။ ကုသိုလ်က အဗျာကတအား ကျေးဇူးပြု

ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုတဲ့အခါမှာ ဒါန, သီလ, သုတ, စာဂ, ပညာဆိုတာတွေက ကုသိုလ်တရား၊ ဝိပါက်စိတ်၊ ကြိယာနဲ့ ရုပ်ဘရားတွေက အဗျာကတတရားများ ဖြစ်ကြပါတယ်၊ သဒ္ဓါ တရားကို အမှီပြုပြီး ဒါနလုပ်တဲ့အခါမှာ ဆွမ်းကျွေးတဲ့အခါမှာ ပစ္စည်း ဝတ္ထုတွေ ရှာဖွေရတယ်၊ ပြေးကာ လွှားကာ ဝယ်ခြမ်း ချက်ပြုတ် ဘုန်းကြီး ပင့်ရ, ဝေယျာဝစ္စလုပ်ရ, နောက်ဆုံး တရားနာသည်အထိ အကုန်လုံးမှာ ကာယိကဒုက္ခ ဖြစ်ပါတယ်၊ သဒ္ဓါတရားကို အမှီပြုပြီး ကိုယ်ဆင်းရဲခြင်းဖြစ်တဲ့ ကာယိက ဒုက္ခဝေဒနာ ဖြစ်တဲ့အတွက် သဒ္ဓါ တရားကုသိုလ်ကို အမှီပြုပြီး ကာယိကဒုက္ခဖြစ်တဲ့အခါမှာ ကုသိုလ်က အဗျာကတတရားကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ကာယိကဒုက္ခသာ ဖြစ်သလားဆိုတော့ သဒ္ဓါတရား ကုသိုလ်ကို အမှီပြုပြီး စိတ်ချမ်းသာမှုလဲ ဖြစ်ပါတယ်၊ တရားနာတဲ့အခါမှာ ညောင်း ညာကိုက်ခဲလာတော့ ကာယိကဒုက္ခ ဖြစ်သလိုဘဲ တရားနာပြီး စိတ်က ချမ်းသာလာတော့ စိတ်က အားမြကြည်လင်ပြီး ကိုယ်ချမ်းသာနေတာ ကတော့ ကာယိကသုခ ဖြစ်ပါတယ်၊ အကျဉ်းချုပ်အားဖြင့် သဒ္ဓါ, သီလ, ဆုတ, စာဂ, ပညာ အကြောင်းပြုပြီး ဒါန, သီလ စသည့် အလုပ်တွေ

လုပ်တဲ့အခါမှာ ကာယိကဒုက္ခ, ကာယိကသုခ ဖြစ်ခြင်းသည် ကုသိုလ်က အဗျာကတာကိုပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်။

ပိဋကတ်သုံးပုံကို ကျက်မှတ်တဲ့အခါ အလုပ်ကတော့ ကုသိုလ်အလုပ်ပါ၊ စာကျက်ရ မှတ်ရဘာ များလာတဲ့အခါ လူပင်ပန်းလာတော့ ကာယိကဒုက္ခ ဖြစ်လာပါတယ်၊ ဒါကလဲ ကုသိုလ်က အဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါဘဲ။

**ပဋိသန္ဓေဘဝအကျိုးပေး**

ပဥ္စဝေါရမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာကို ပြတာက ဒီဘဝက ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ့ လုပ်တဲ့သူဟာ ဘယ်ဘုံရောက်သလဲ၊ ဒီဘဝမှာဘဲ ကာယိကဒုက္ခ, ကာယိကသုခဆိုတဲ့ ဝေဒနာတွေခံစားပြီး ကုသိုလ်က အဗျာကတသရုပ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြီးတဲ့နောက် ဒီဘဝတွင်သာ ကျေးဇူးပြုနိုင်သလားဆိုတော့ ကုသိုလ်က် အကျိုးပေးတာက ကာမာဝစရကုသိုလ်က လူ့ဘုံ နတ်ဘုံ ၁၁ကျိုးပေးပါတယ်၊ လူ့ဘုံကို အကျိုးပေးတာက မဟာဝိပါက် ပဋိသန္ဓေစိတ်၊ နတ်ဘုံက မဟာဝိပါက်ဉာဏသမ္ပယုတ် ပဋိသန္ဓေစိတ်၊ မဟဂ္ဂုတ်ကုသိုလ်က ရူပဘုံတွင် ရူပဝိပါက်, ၎ရူပဘုံတွင် အရူပဝိပါက်စိတ်နဲ့ ပဋိသန္ဓေ အကျိုးပေးကြပါတယ်၊ ဒါန, သီလ-စတဲ့ ကုသိုလ်တွေ့ ဒီဘဝမှာ လုပ်ခဲ့တာတွေ့က နောက်ဘဝ လူ နတ် ဗြဟ္မာ ပဋိသန္ဓေ နာမ်ခန္ဓာကို ဖြစ်စေပါတယ်၊ ပဋိသန္ဓေ နာမ်ခန္ဓာဆိုတာက ဝိပါက်ခန္ဓာ ဝိပါက်စိတ်ဇောတွေဖြစ်လို့ အဗျာကတ ဖြစ်တဲ့အတွက် ဒီဘဝမှာလုပ်တဲ့ ဒါန, သီလ-စတဲ့ ကုသိုလ်တွေ့က နောက်ဘဝ ပဋိသန္ဓေ ဂိပါက်နာမက္ခန္ဓာကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

**ရုပ်အဗျာကတကို ကျေးဇူးမပြု**

ဥပနိဿယဆိုတာ သာမည ကုသိုလ်က် အကုသိုလ်က် မဟုတ်ပါ၊ အားကြိုးတဲ့ အကြောင်းပါ၊ အကျိုးပေးကို ပေးနိုင်တဲ့ ကံမျိုးပါ၊ ပကတူပ

နိဿယကို မူလဋ္ဌီကာမှာ ပါဠိလို ရေးထားတာက ဗမာလိုပြန်ဘို့ တော်တော်ခက်ပါတယ်၊ ပကတူပနိဿယ ပစ္စည်းက ရုပ်အဗျာကတကို ကျေးဇူးမပြုပါ၊ ခန္ဓာအစဉ်မှာ နာမ်ခန္ဓာအစဉ် ရုပ်ခန္ဓာအစဉ်လို ၂-မျိုး ရှိတာမှာ နာမ်ခန္ဓာအစဉ်က ဟိုးရှေးယခင် အချိန်တချိန်က ပမာအားဖြင့် ကမ္ဘာပေါင်း ထောင်သောင်းဆီက 'ပကတ' အားထုတ်မှုရှိရပါတယ်၊ ထင်ထင်ရှားရှား ကြီးကြီးကျယ်ကျယ် အားထုတ်ခဲ့မှု ရှိရတယ်၊ ဥပမာ အားဖြင့် သုခမဓာ ရှင်ရဒသဲ့ ဘုရားဆုပန်တာသည် သာမည ကုသိုလ်မျိုး မဟုတ်ပါ၊ ရဟန္တာ ၅၀၀-နဲ့အတူ ဘုရားကြွလာတဲ့အချိန်မှာ အသက်ကို စွန့်စားပြီး ကျော်နင်းသွားနိုင်ခဲ့အောင် မိမိကိုယ်ကို တံတားခင်းပေးတာက ကြီးကျယ်ဘဲ့ ကုသိုလ်လုပ်ပြီးမှ ဘုရားဆုတောင်းတာပါ၊ အဲဒီ ကုသိုလ်မျိုးဟာ 'ပကတ' ကြီးကြီးကျယ်ကျယ် အားထုတ်ခဲ့တဲ့ ကုသိုလ်မျိုးပါ၊ နာမ်ခန္ဓာအစဉ်မှာ ဝီရိယနဲ့ စေတနာက ပြုလုပ်ခဲ့မှု, အားထုတ်ခဲ့မှုဆိုတဲ့ 'ပကတ'က ရှိတော့ ခံစားမှုလဲ ရှိပါတယ်၊ ရုပ်ခန္ဓာချည်းသက်သက်မှာကတော့ စေတနာမရှိတော့ ခံစားမှုက မရှိနိုင်ပါ၊ ဒီတော့ ပကတူပနိဿယ ပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားမှာ ရုပ်တရားတွေ့ မပါနိုင်ပါ။

ဒီဘဝကုသိုလ်ကံက ပကတူပနိဿယ သတ္တိဖြင့် လူ နတ် ဗြဟ္မာ ပဋိသန္ဓေကို ကျေးဇူးပြုတာက နာမက္ခန္ဓာကိုသာ ကျေးဇူးပြုပါတယ်၊ ကမ္မဇရုပ်ကို ကျေးဇူးမပြုနိုင်တဲ့အကြောင်းကို မူလဋ္ဌီကာမှာ တော်တော်ကျယ်ကျယ်ဘဲ ရှင်းထားပါတယ်၊ ဘဝတခုက ပြုလုပ်ခဲ့တဲ့ ဝီရိယတို့ စေတနာတို့ကြောင့် ခံစားမှု ဝေဒနာဟာ နာမ်ခန္ဓာမှာသာရှိပြီး ရုပ်ခန္ဓာမှာမရှိတဲ့အတွက် ရုပ်ခန္ဓာဟာ ပကတူပနိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန် မဖြစ်နိုင်ပါ၊ ဒီအကြောင်းကြောင့်ဘဲ ဒီဘဝလုပ်တဲ့ ဒါန, သီလတွေ့ ကုသိုလ်တွေ့က နောက်ဘဝမှာဖြစ်တဲ့ လူ နတ် ဗြဟ္မာ ပဋိသန္ဓေ နာမ်ခန္ဓာကိုသာ ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်။

ဒီအကြောင်းတွေ့ကို ဝတ္ထုဇာတ်ကြောင်းတွေမှာ ဘဝ ဘဝသာမက ကမ္ဘာပေါင်း ထောင် သောင်း သိန်း သန်းက လှုပ်ခဲ့တဲ့ ဒါန, သီလ

ကုသိုလ်တွေက ပကဘူပနိဿယသတ္တိဖြင့် နာမ်ခန္ဓာတွေကို အကျိုးပေးပုံ၊ ပကဘူပနိဿယ ဆန်းကြယ်ပုံကို ကမ္မပစ္စည်းကျတော့ ပြောပါဦးမယ်။

၄။ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော'-အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံမှာ ဥပနိဿယ-က အနန္တရူပနိဿယ, အာရမ္မဏူပနိဿယ, ပကဘူပနိဿယ-လို့ ၃-ချက်လုံးမှာ ရပါတယ်၊ အနန္တရူပနိဿယကတော့ အနန္တရအတိုင်း, အာရမ္မဏူပနိဿယကလဲ အာရမ္မဏာဓိပတိပစ္စည်းမှာ ပါတဲ့အတိုင်း အားလုံး အတူတူပါဘဲ။

အဘိဓမ္မာနည်းနဲ့တော့ အနန္တရမှာက ရှင်းနေပါတယ်၊ အနန္တရ ကျေးဇူးပြုပုံက အကုသိုလ်ဇော ၇-ချက်မှာ ပဌမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော၊ တတိယဇောက စတုတ္ထဇော၊ ဒီလိုဆက်ပြီး ကျေးဇူးပြုသွားတော့ ပဋ္ဌာန်းနည်းမှာ အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာက ရှင်းပါတယ်၊ ပကဘူပနိဿယကတော့ သုတ္တန်နည်း နဲနဲဆန်ပါတယ်၊ လောဘအမှိုပြုပြီး သူတပါးအသက် သတ်တာက စားချင်တဲ့လောဘဖြစ်နေတဲ့ ဝိထိက တခြား၊ သူအသက်သတ်တာက တလကြာမှ သတ်ချင်သတ်မယ်၊ တနှစ်ကြာမှ သတ်ချင်သတ်မယ်၊ ဘယ်လောက်ကြာကြာ ဒီလောဘကို အမှိုပြုပြီး သူတပါးအသက် သတ်တာက အကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါ၊ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အကုသိုလ် စေတသိက် အကုန်လုံးကို ပကတူပနိဿယက ရနိုင်ပါတယ်။

ဒေါသအကြောင်းပြုပြီး သူအသက်သတ်တယ်ဆိုပြန်ရင်လဲ တချို့တခါတုန်းက လူဘယောက်ကို ဒေါသဖြစ်ခဲ့ဘူးတယ်၊ နောက်မထိန်းနိုင်တဲ့အတွက် နောင်တချိန်မှာ သူအသက် သေအောင်သတ်တော့ ဒေါသက အကုသိုလ်အား ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါဘဲ၊ ဒီလိုနေထုမျိုးမှာ အနန္တရမျိုး သဃာဝထမျိုးဆိုတဲ့ ဒီ.ပြင် ဟစ္စည်းထွက် တပ်လှိုမရပါ။

လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အကုသိုလ်အကြောင်းပြုပြီး သူတပါး အသက် သတ်တာ သူပစ္စည်းခိုးတာ ဓားပြတိုက်တာ သူပုန်ထတာ ဆိုတာတွေ ပဉ္စဝါရမှာက ပြတာ တော်တော်များပါတယ်၊ ဒီအကုသလ-ကမ္မပထ ၁၀-ပါးလုံးနဲ့ အဖေ-အမေသတ်တဲ့ ပဉ္စာနန္တရိယကံအထိ အကု-သိုလ် လုပ်ငန်းမှန်သမျှ အကုသိုလ်က အကုသိုလ်ကို ဒီပြင်ပစ္စည်းတွေက ကျေးဇူးမပြုနိုင်ပေမဲ့ ပကတူပနိဿယကတော့ ကျေးဇူးပြုနိုင်ပါတယ်။

## ၅။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကောဋ္ဌိ ဥပနိဿယပစ္စယေန ပစ္စယော' ဆိုတော့ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုတဲ့နေရာမှာ 'ကောဋ္ဌိ' ပါလာပါတယ်၊ ဒီတော့ အနုန္တရကတော့ မရဘဲ အာဝရဏူပနိဿယနဲ့ ပကတူပနိဿယကတော့ ရပါတယ်၊ အနုန္တရမှာက အကုသိုလ်ဇော နောင်မှာ ကုသိုလ်ဇော စောလို့ မရ၊ ကုသိုလ်ဇောနောင်မှာ အကုသိုလ်ဇော စောလို့ မရပါ၊ အကုသိုလ်-ဇော ဝီထိချပြီးရင် အကုသိုလ်ဇောနောင်မှာ ဘဒါရုံသော်ရင်း, ဘဝင်-သော်ရင်း ချရပါတယ်၊ နောက် ဝီထိကျတော့မှ ကုသိုလ်က ဖြစ်ရ-တော့ ဝီထိမှာ တဆက်တည်း မရတဲ့အတွက် အနန္တရကဘော့ မရပါ၊ 'ကောဋ္ဌိ'ဆိုတာကလဲ အနန္တရပစ္စည်း မရဘူးလို့ ပြောတာပါဘဲ။

ပဉ္စဝါရမှာ ဘယ်လို ရှင်းထားသလဲဆိုရင် သူတပါးအသက် သတ်တဲ့ အကုသိုလ်, သူတပါးပစ္စည်းခိုးတဲ့ အကုသိုလ်ဆိုတဲ့ အကုသိုလ်ဒုစရိုက် အကုန်လုံးဘဲ လုပ်တယ်ဆိုပါတော့၊ လုပ်ခဲ့တဲ့ ပါဏာတိပါတ, အဒိန္နာ-ဒါန, ကာမေသုမိစ္ဆာစာရဆိုတဲ့ အကုသိုလ်ကံတွေပျောက်အောင် ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ် အလုပ်တွေကို လုပ်တယ်၊ ကိုယ်ပြုခဲ့-ဘူးတဲ့ အကုသိုလ်ကို အကြောင်းပြုပြီး ဒါန, သီလ, ဘာဝနာ ကုသိုလ် ဖြစ်လို့ အကုသိုလ်က ကုသိုလ်ကို ပကတူပနိဿယ သတ်တိနဲ့ ကျေးဇူးပြု ပါတယ်။

အမှန်က ဒီအကုသိုလ်တွေကို ငယ်ငယ်က လုပ်ခဲ့တယ်၊ အကုသိုလ် အမျိုးစုံလုပ်တော့ မိဘကို သတ်တဲ့ အာနန္တရိယကံမှတပါး ဒီ.ပြင်ကံတွေက ဗုဒ္ဓဘာသာမှာ ကုသိုလ်ပြန်လုပ်ရင် အကုသိုလ်တွေ ပြေပျောက်သွားနိုင် တယ်လို့ ယုံကြည်မှု ရှိတယ်၊ ယုံကြည်မှု ရှိတဲ့အတွက် ကြိုးတဲ့အခါမှာ အကုသိုလ်ပျောက်ရန် ကုသိုလ်လုပ်ပါတယ်၊ နှစ်ပေါင်း ဘယ်လောက် ကြာကြာ ပြုခဲ့တဲ့ အကုသိုလ်အကြောင်းပြုပြီး ကုသိုလ်ပြုလုပ်ရင် ပကတ္တူပ. နိဿယသတ္တိနဲ့ ကျေးဇူးပြုနိုင်တာပါဘဲ၊ အကုသိုလ်ကို အမျှားကြီး လုပ်မိလို့ ဗုဒ္ဓဘာသာမှာ တရားရ သံဝေဂ ရသွားသူတွေ အမျှားကြီး ရှိပါတယ်။

ပဥ္စာဝါရမှာတော့ 'စျာနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ'လို့ အကုသိုလ်ကြောင့် ကုသိုလ်ကို အားထုတ်တဲ့ အခါမှာ အနန္တရိယကံမှတပါး ဒီ.ပြင် အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့ အခါမှာ ဒါန, သီလ, ဘာဝနာ, သမထ, ဝိပဿနာ, စျာန်, မဂ်, ဖိုလ် အထိ ကျင့်ကြံအားထုတ်က ရနိုင်တယ်လို့ အကျယ်အားဖြင့် ပဥ္စာဝါရမှာ ဟောထားပါတယ်၊ ရိုးရိုးကုသိုလ်လုပ်တဲ့လူက ဒီလောက် ပြတ်ပြတ် သားသား လုပ်ချင်မှလုပ်မယ်၊ အကုသိုလ်မျှားမျှား လုပ်ခဲ့မိသူကတော့ ဒီဘဝမှာဘဲ အရိယာဖြစ်အောင် အားထုတ်တယ်၊ အရိယာဖြစ်အောင် သူအားထုတ်တာက အရိယာဖြစ်ရင် ဂတိမြဲတယ်၊ သောတာပန်ဟာ အပါယ်မလားဘူးဆိုပြီး သူလုပ်ခဲ့တဲ့ အကုသိုလ်အတွက် အပါယ်ကျမှာ စိုးတဲ့အတွက် ဒီ.ပြင်လူမျှားထက် ပိုပြီး ဒါန, သီလ, ဘာဝနာကုသိုလ် လုပ်တတ်ကြပါတယ်၊ ဒါကြောင့်လဲ ပဥ္စာဝါရမှာ စျာန် အဘိညာဉ် မဂ် ထိအောဝ် အကျိုးပေးနိုင်တယ်လို့ ဟောထားတာပါ၊ အင်္ဂုလိမာလတို့လို ဝတ္ထုကြောင်းမျှား၊ အကုသိုလ်ကို အကြောင်းပြုပြီး အရိယာဖြစ်သွား သူမျှား၊ ရဟန္တာဖြစ်သွားသူမျှား အမျှားကြီး ရှိပါတယ်၊ ဒီလို ဝတ္ထု ကြောင်းတွေနဲ့ သက်သေသာဓကပြပြီး ပဋ္ဌာန်းသင်နေရင် ပဋ္ဌာန်း သင်တန်း ဆုံးနိုင်စရာ မရှိပါ၊ ဒီဝတ္ထုကြောင်းတွေဟာ အကုသိုလ်က ကုသိုလ်ကို ပကတ္တူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာတွေပါဘဲ။

**၆။ အကုသိုလ်က အဗျာကတအား ကျေးဇူးပြု**

အဗျာကတတရားဆိုတာကတော့ ဝိပါက်နဲ့ ကြိယာတွေပါ၊ ပကတူပနိဿယမှာ အဗျာကတပစ္စယုပ္ပန်တရားမှာ ရုပ်မပါပါ၊ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတဲ့အခါမှာ ပါဏာတိပါတ သူတပါးအသက် သတ်သူမှာ ကာယိကဒုက္ခရှိပါတယ်၊ သတ်ရတဲ့အလုပ်ကိုက ကိုယ်ပင်ပန်းခဲ့ပြီး လုပ်ရတဲ့ အလုပ်ဖြစ်တဲ့အတွက် ပါဏာတိပါတ အကြောင်းပြုပြီး ကာယိကဒုက္ခ ဝိပါက်ဝေဒနာဖြစ်ပါတယ်၊ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာပါဘဲ၊ သူများအသက် သတ်ပြီး သေသေချာချာ ချက်ပြုတ်အရသာခံပြီး စားပြန်တော့လဲ ကိုယ်ချမ်းသာဖြစ်တော့ အကုသိုလ်အကြောင်းပြုပြီး ကာယိကသုခ အဗျာကတက ဖြစ်ပြန်ပါတယ်။

ဒီလိုဘဲ အဒိန္နာဒါန သူတပါးပစ္စည်းကို ရအောင် ကြိုးစားရတာလဲ့လုံလထုတ်ရတာသည် သာမညဒုက္ခမဟုတ်ပါ၊ တော်တော် ပင်ပင်ပန်းပန်းမရ-အရ ကြိုးစားရပါတယ်၊ သူတပါးပစ္စည်း ရအောင် ကြိုးစားရတဲ့ အကုသိုလ်က ကာယိကဒုက္ခ အဗျာကတကို ကျေးဇူးပြုပါတယ်၊ ဒီပစ္စည်းတွေ့ အများကြီးရလာတော့ တိုက်နဲ့ ကားနဲ့ အထက်တန်းကျကျ နေရတဲ့အခါမှာ ကာယိကသုခ ဖြစ်ပါတယ်၊ ကာယိကသုခဖြစ်တာသည် ဝိပါက်အဗျာကတပါဘဲ၊ ဒါဟာ ပြုခဲ့တဲ့ ပါဏာတိပါတ, အဒိန္နာဒါန အကုသိုလ်ကို အကြောင်းပြုပြီး ကာယိကဒုက္ခ, ကာယိကသုခဆိုတဲ့ ဝိပါက်အဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါဘဲ။

ဒီဘဝက ပါဏာတိပါတ, အဒိန္နာဒါန ဆိုတဲ့ အကုသိုလ်တွေကလဲ နောက်ဘဝအထိ အကျိုးပေးပါတယ်၊ နောက်ဘဝမှာ အပါယ် ၄-ဘုံ ဖြစ်တဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အကုသလ ဝိပါက်နာမက္ခန္ဓာ ၄-ပါးဟာ ကမ္မဇရုပ်နဲ့ ပြိုင်တူသွားဖြစ်ပါတယ်၊ အကုသိုလ်ကံက ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာဘဲ ဖြစ်ပါတယ်၊ ကမ္မဇရုပ်ကိုတော့ ကျေးဇူးမပြုနိုင်ပါ၊ သို့သော် ဘဝပေါင်းထောင်သောင်းက လုပ်ခဲ့တဲ့ အကုသိုလ်ကံက ဒီဘဝမှာလာပြီး ကမ္မဇ

ရှပ်မှာ ဒုက္ခဝေဒနာပေးတာက အကုသိုလ်က အဗျာကတကို ကျေးဇူး ပြုတယ်လို့ ဆိုနိုင်ပါတယ်။

ယခုဘဝမှာ လောလောဆယ် မြင်တဲ့စိတ်, ကြားတဲ့စိတ်နဲ့ နံတဲ့စိတ် ဆိုတာတွေကလဲ့ ကောင်းတာမြင်ဘာ ကောင်းတာကြားတာ ဆိုသမျှ သည် ပြုခဲ့တဲ့ ကုသိုလ်ကံ၊ မကောင်းတာမြင်တာ မကောင်းတာ ကြားတာ မကောင်းတာနံတာက ပြုခဲ့တဲ့ အကုသိုလ်ကံ၊ ကောင်းတာ မြင်တော့ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကောင်းဘာကြားရင် ကုသလ-ဝိပါက် သောတဝိညာဏ်၊ မကောင်းတာမြင်တော့ အကုသလဝိပါက် စက္ခုဝိညာဏ်၊ မကောင်းတာကြားတော့ အကုသလဝိပါက် သောတ-ဝိညာဏ်၊ ဒီစိတ်တွေဟာ နေ့စဉ်အဖြစ်များနေတဲ့ အဗျာကတ တရားများ ဖြစ်ကြတဲ့အတွက် မကောင်းတာမြင်ရ မကောင်းတာကြားရ မကောင်း တာ နံရတာတွေသည် အကုသိုလ်ကံကြောင့် အကုသိုလ်က အဗျာကတကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတာဖြစ်ပါတယ်။

**၇။ အဗျာကတက အဗျာကတအား ကျေးဇူးပြု**

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ-ကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော'-အဗျာကတ တရားသည် ဝိပါက်ကြိယာရုပ် ဖြစ်ပါတယ်၊ ပစ္စည်းမှာ ရုပ်ပါသော်လဲ ပစ္စယုပ္ပန်မှာ ရုပ်မပါပါ၊ ပဥ္စဝေါရမှာ ပြတာကတော့ ရောဂါဝေဒနာ ခံစားနေရသူ တဦးဟာ ဝေဒနာကြောင့် ကာယိကဒုက္ခ ကိုယ်ဆင်းရဲမှု အဗျာကတက ရှိနေပါတယ်၊ ဒီရောဂါဝေဒနာကြောင့် ကိုယ်ဆင်းရဲမှုကို အကြောင်း ပြုပြီး နောက်ထပ် ကိုယ်ဆင်းရဲမှု ဖြစ်ပါတယ်၊ ပဌမဖြစ်တဲ့ ဆင်းရဲမှု ရောဂါဝေဒနာ အဗျာကတက ပင်ပန်းမှု ဆင်းရဲမှု အကြောင်းခံပြီး နောက်ထပ်ဖြစ်လာတဲ့ ဝေဒနာအဗျာကတအား ပကတူပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုတာပါဘဲ။

ကာယိကဒုက္ခဆိုတဲ့ ပင်ပန်းဆင်းရဲခံပြီး ပစ္စည်းဥစ္စာ ရှာဖွေရပါတယ်၊ ဒီလိုရှာဖွေလို့ ပစ္စည်းဥစ္စာတွေ ရတော့ အေးချမ်းသာယာစွာ နေရတဲ့အခါ

ကာယိကဒုက္ခ အဗျာကတက ကာယိကသုခ အဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါဘဲ။

ကာယိကဒုက္ခဆိုတဲ့ ဝေဒနာအကြောင်းပြုပြီး ရဟန္တာဖြစ်သွားတဲ့ အခါမှာ ကြိုယာသည် အဗျာကတာ ဖြစ်သည့်အတွက် ဒုက္ခဝေဒနာ အဗျာကတက ရဟန္တာသန္တာန်မှာဖြစ်တဲ့ ကြိုယာအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြန်ပါတယ်၊ ကာယိကသုခ ကိုယ်ချမ်းသာမှု အကြောင်းပြုပြီး ကိုယ်ချမ်းသာမှ သမာဓိ၊ သမာဓိမှ ပညာ၊ ပညာမှ ရဟန္တာဖြစ်ခဲတဲ့ ရဟန္တာမှာ ကုသိုလ် အကုသိုလ်မရှိဘဲ ကြိုယာသာ ရှိတဲ့အတွက် ကာယိကသုခ အဗျာကတ တရားက ရဟန္တာသန္တာန်မှာ ဖြစ်တဲ့ ကြိုယာအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

**၈။ အဗျာကတက ကုသိုလ်အား ကျေးဇူးပြု**

'ပုရိမာ ပုရိမာ အဗျာကတာ ခမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော' အဗျာကတက ကုသိုလ်မှာ အနန္တရပစ္စည်း ရပါတယ်၊ ဝီထိမှာ ဇော ၇-ကြိမ်နောင် တဒါရုံ သို့မဟုတ် ဘဝင်ကျတော့ တဒါရုံနဲ့ ဘဝင်က အဗျာကတ ဖြစ်ပါတယ်၊ ဝုဋ္ဌောနောင်မှာ ကုသိုလ်ဇောလဲရ၊ အကုသိုလ်ဇောလဲရ၊ ဝုဋ္ဌောကလဲ အဗျာကတဖြစ်တဲ့ အတွက် ဝုဋ္ဌောနောင်မှာ ကုသိုလ်လဲဖြစ်နိုင်, အကုသိုလ်လဲ ဖြစ်နိုင်ပါတယ်၊ ပဋ္ဌာန်းမှာ ဝီထိ တဆက်တည်းဖြစ်ရင် အနန္တရပစ္စည်း တပ်နိုင်တဲ့အတွက် ဒီနေရာမှာ 'ကေသဉ္စိ' မပါတော့ပါ။

ကိုယ်မှာ ဝေဒနာခံစားရတော့ သေချင်သေမှာဘဲလို့ ကာယိကဒုက္ခ အကြောင်းပြုပြီး တရားအားထုတ်တဲ့အခါ စောင့်ထိန်းတဲ့သီလ, တရားအားထုတ်တဲ့ ဝိပဿနာက ကုသိုလ် ဖြစ်ပါတယ်၊ ဒီ ဒုက္ခဝေဒနာက မပျောက်လို့ ဝိပဿနာတရား အားထုတ်တော့ စျာန်လဲရနိုင်၊ မဂ်လဲရနိုင်ပါတယ်၊ ကာယိကဒုက္ခ အကြောင်းပြုပြီး ဒါန, သီလ, ဘာဝနာ, ဝိပဿနာ ကုသိုလ်တွေရတော့ ဒုက္ခဝေဒနာ အဗျာကဘက ကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

ကာယိကသုခအမှီပြုပြီး ချမ်းချမ်းသာသာရှိတဲ့ သူတဉီးဟာ ဒီဘဝမှာ ချမ်းသာသလို နောက်ဘဝအဆက်ဆက်မှာ ချမ်းသာအောင် မတောင့်တ မကြောင့်ကြရဘဲ နေရအောင် ဒါနလုပ်တယ်၊ သီလ ဆောက်တည်တယ်၊ သမထဝိပဿနာ အားထုတ်တယ်ဆိုရင် ကာယိကသုခ အကြောင်းပြုပြီး လုပ်တဲ့အခါမှာ သုခဝဒနာ အဗျာကတက ကုသိုလ်ကို ဖဿတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

၉။ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုရာမှာလဲ နည်းတူပါဘဲ။

**ဥပနိဿယပစ္စည်း၏ အဆုံး ၃-ပိုဒ် ဟောရကြောင်း**

ဥပနိဿယပစ္စည်းမှာ အဆုံး ၃-ပိုဒ်က အဓိပ္ပါယ်လဲ ကျယ်ဝန်းတဲ့အပြင် လက်တွေ့မှာလဲ အသုံးများပါတယ်။

ဥတုဘောဇနမှီ ဥပနိဿယပစ္စယေန ပစ္စယော။
ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
သေနာသနမှီ ဥပနိဿယပစ္စယေန ပစ္စယော။

ဒီ ၃-ပိုဒ် ဆက်ထည့်ပေးတော့ ဒီ သုံးပိုဒ် အဓိပ္ပါယ်က—

(၁) ကုသိုလ်က ကုသိုလ်ကို (၂) ကုသိုလ်က အကုသိုလ်ကို (၃) ကုသိုလ်က အဗျာကတကို ဆိုတဲ့ ကုသိုလ် အဓိကထားတဲ့ အကြောင်းက ၃-ချက်။

(၁) အကုသိုလ်က အကုသိုလ်ကို (၂) အကုသိုလ်က ကုသိုလ်ကို (၃) အကုသိုလ်က အဗျာကတကို ဆိုတဲ့ အကုသိုလ် အဓိကထားတဲ့ အကြောင်းက ၃-ချက်။

(၁) အဗျာကတက အဗျာကတကို (၂) အဗျာကဖက ကုသိုလ်ကို (၃) အဗျာကတက အကုသိုလ်ကို ဆိုတဲ့ အဗျာကတ အဓိကထားတဲ့ အကြောင်းက ၃-ချက်။

ကျေးဇူးပြုတဲ့အကြောင်း အားလုံးပေါင်း ၉-ချက်ထဲမှာ မပါနိုင်ဘူးလား၊ သို့မဟုတ် အဗျာကတက အဗျာကတကို ဇကျေးဇူးပြုတာမှာ

ထည့်မလား၊ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာမှာ ထည့်မလား၊ ကုသိုလ်ကို ကုသိုလ်က ကျေးဇူးပြုတာမှာ ထည့်မလား၊ စဉ်းစားကြည့်တဲ့အခါ ကိုယ့်ဉာဏ်နဲ့ကိုယ် ပြောကြရင် ပြဿနာတွေ ရှုပ်နိုင်ပါတယ်၊ ဘုရားဟောထားတဲ့ ပဋ္ဌာဝါရ ကြည့်ပြီးပြောတာက အကောင်းဆုံးပါဘဲ။

ပဋ္ဌာဝါရမှာ ဥတုဘောဇနနဲ့ သေနာသနကို အဗျာကတက အဗျာကဘကို ဆိုတာမှာ တချက်၊ အဗျာကတက ကုသိုလ်ဆိုတာမှာ တချက်၊ အဗျာကတက အကုသိုလ်ကို ဆိုတာမှာ တချက်၊ ဒီသုံးချက်မှာ ပါပါတယ်၊ ဒီလိုပါနိုင်ရင် ပစ္စယနိဒ္ဒေသမှာ အဗျာကတက အဗျာကတကို ကျေးဇူးပြုတဲ့ နေရာမှာ ဥတုဘောဇနနဲ့ သေနာသနကို ထည့်ပြောရင် ရနိုင်ပါလျက်နဲ့ သီးခြားဘာပြုလို့ ထုတ်ဟောရသလဲဆိုတော့ ဥတု, ဘောဇဉ်, သေနာသနတို့ဟာ လောကလူတွေက 'ဥပနိဿယ, ဥပနိဿယ' လို့ တဖွဖွပြောနေကြတယ်၊ သူတို့ဟာ လူသတ္တဝါတွေရဲ့ အမှီသဟဲဖြစ်နေကာကလဲ ထင်ရှားတယ်ဆိုတာက တချက်၊ တချက်က ဥတု, ဘောဇန, သေနာသနတို့ဟာ ပညတ်လား၊ အဗျာကတလား၊ ပြဿနာတွေတက်နေမယ်၊ ဒါကြောင့် ပစ္စယနိဒ္ဒေသမှာ သီးခြားဟောရပါတယ်။

## ဥတု

ဥတုဆိုတာဟာ ကုသိုလ်လဲမဟုတ်၊ အကုသိုလ်လဲမဟုတ်၊ အပူအအေးဆိုတဲ့ တေဇောဓာတ်ကို ဥတုခေါ်ပါတယ်၊ တေဇောဓာတ်သည် ရုပ်ဖြစ်ပါတယ်၊ အဗျာကတတရားဘဲ ဖြစ်ပါတယ်။ ဥတုသပ္ပါယမျှတတယ်၊ ဥတုမျှတလို့ကတာလို့ ဒီလို ပြောကြတော့ လူတယောက်ရဲ့ ကိုယ်ခန္ဓာသာမှ စိတ်ချမ်းသာမှုဟာ ဥတုသပ္ပါယဖြစ်တဲ့အခါမှာ ဥတုက ကာယိကသုခကို ကျေးဇူးပြုနိုင်တယ်၊ သို့မဟုတ် ဥတုကဘဲ ကာယိကဒုက္ခကိုလဲ ကျေးဇူးပြုနိုင်ပါတယ်၊ ဥတုက အဗျာကတာ၊ ကာယိကဒုက္ခ, ကာယိကသုခကလဲ အဗျာကတာ၊ ဥတုက ကာယိကဒုက္ခ, ကာယိကသုခကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကဘော အဗျာကတသဆဲ ဝင်သွားတာပါဘဲ။

ဥတုသပွါယ ဖြစ်တဲ့အခါမှာ ဒါန ပြုကြတယ်၊ သီလ ဆောက်တည်ကြတယ်၊ ဥတုသပွါယ မဖြစ်တဲ့အချိန်မှာ ဒါနလဲ မပြုနိုင်၊ သီလလဲ မဆောက်တည်နိုင်၊ ဈာန်တရားလဲ အားမထုတ်နိုင်ပါ၊ ဈာန်တရား အားထုတ်တဲ့အခါမှာ ဥတုသပွါယ ဖြစ်ဘို့ အရေးကြီးပါတယ်၊ ဥတုသပွါယ မဖြစ်ဘဲ စိတ်ထဲမှာ မကြည်မလင် စိတ်အိုက်နေတဲ့အခါ ဈာန်တရားက အားထုတ်လို့ မရပါ၊ ဥတုသပွါယဖြစ်တဲ့အခါ ဈာန်တရားကို ဥတုက ကျေးဇူးပြုနိုင်ပါတယ်၊ ဝိပဿနာဘာရား အားထုတ်ရင် ဥတုသပွါယ မဖြစ်ရင် အားကုတ်လို့ မရပါ၊ စိတ်မကြည်လင် စိတ်မချမ်းသာရင် နှူးညံ့တဲ့ ဝိပဿနာမှာ ဂဏ်က မပေါက်နိုင်ပါ၊ ဥတုအဗျာကတက ဒါန,သီလ,ဈာန်, မဂ်ကုသိုလ်ကို ကျေးဇူးပြုတဲ့ အခါမှာ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ။

ဥတုက အကုသိုလ်ကိုလဲ ကျေးဇူးပြုနိုင်ပါတယ်၊ မကောင်းတာ လုပ်တဲ့အခါမှာလဲ ဥတုသပွါယ ဖြစ်တဲ့အခါမှာ လုပ်တတ်ပါတယ်၊ ဥတုသပွါယ ဖြစ်လို့ သူအသက် သတ်တယ်ဆိုတော့ ဥတုက အကုသိုလ်ကို ကျေးဇူးပြုတာပါ၊ ဥတုမှာလဲ (က) ဥတုက အဗျာကတ (ခ) ဥတုက ကုသိုလ် (ဂ) ဥတုက အကုသိုလ်ကို ကျေးဇူးပြုနိုင်တယ်ဆိုတဲ့ ဒီ အချက်သုံးချက်လုံး ရပါတယ်။

**ဘောဇဉ်=အစား အစာ**

ဘောဇဉ် အစားအစာကို အဗျာကတလို့ သာမညဆိုရင် မသိမှာ စိုးရိမ်လို့ ဘုရားက သီးခြားပြီး ဟောသွားပါတယ်၊ ဘောဇဉ် အစားအစာကို ကောင်းကောင်းစားရရင် စိတ်ချမ်းသာမှု ကာယိကသုခ, မကောင်းတဲ့အစားအစာကို စားရရင်တော့ ကာယိကဒုက္ခဖြစ်စေတဲ့အတွက် အစား အစာ အဗျာကတက ကာယိကသုခ ကာယိကဒုက္ခ အဗျာကတကို ကျေးဇူးပြုပါတယ်။

ဘောဇဉ် ဆိုတာကလဲ ကောင်းတာ မကောင်းတာ အဓိကမဟုတ်၊ ကိုယ်စားချင်တာ ကိုယ်ကြိုက်တာကို မစားရရင် ကိုယ်ချမ်းသာမှု မဖြစ်၊

စိတ်ချမ်းသာမှု မဖြစ်တာပါ၊ မိတ်ဆွေတယောက်ဟာ သူငယ်စဉ်က ရုံးကပြန်လာတဲ့အခါ ထမင်းပဲ့မှာ ထိုင်ပြီး ထမင်းစားမယ်ကြံရင် သူကြိုက်တဲ့ဟင်း မပါတဲ့အခါမှာ မျက်ရည်တောက်တောက် ကျရတယ်လို့ ပြောသံကြားဘူးပါတယ်။

ဒါနပြုတဲ့အခါ, သီလစောင့်တဲ့အခါမှာ အရေးမကြီး မထင်ရှားပေမဲ့ ဈာန်တရား မဂ်တရား အားထုတ်တဲ့အခါမျိုးမှာ အစားအစာ ခြိုးခြံပြီး ရတာနဲ့စားနေတဲ့အခါ စိတ်ရဲ့ချမ်းသာမှု ကျေနပ်မှု မရရင် ဈာန်တရား မဂ်တရား အားထုတ်လို့ မရနိုင်ပါ။

ဝတ္ထုကြောင်းနဲ့ ပြောရရင် သံဃာတော်တွေ ကြိုးကြိုးစားစားနဲ့ တရားအားထုတ်ကြပေမဲ့၊ တရားမရကြတာကို ကြည့်ပြီးတော့ မာတိကာ ဒါယိကာမကြီးက 'ဒီ သံဃာတော်တွေ ကြိုးစားပြီး တရားအားထုတ်ပေမဲ့ တရား မရနိုင်တဲ့အကြောင်းက ဘာပါလိမ့်' လို့ သူက ပရစိတ္တဝိဇာနန အဘိညာဉ်ကိုရနေတော့ ကြည့်လိုက်တာနဲ့ သိသွားပါတယ်၊ သံဃာတော်တွေဟာ ဆွမ်းစတဲ့ အာဟာရမှာ စိတ်ကျေနပ်မှုမရှိတော့ တရားက ခံနေပါတယ်၊ ဒီတော့မှ ဆွမ်းချက်တဲ့အခါ သံဃာတော်များ စိတ်ကျေနပ်မှု ရှိအောင် အချိုကြိုက်တဲ့ သံဃာတော်အတွက် အချို၊ အချဉ်ကြိုက်တဲ့ သံဃာတော်အတွက် အချဉ်၊ အဘိညာဉ်စိတ်နဲ့ သူတို့စိတ်ထဲ ကြည့်ပြီး သံဃာများ စိတ်အကြိုက် ဆွမ်းကပ်တော့မှ တရား ရသွားကြပါတယ်၊ ဘာဇဉ် အစားအစာကလဲ ကိုယ်ရဲ့ ချမ်းသာမှု, ဆင်းရဲမှု ဖြစ်စေနိုင်လို့ အစားအစာ အဗျာကတကာ ကိုယ်ချမ်းသာမှု ဆင်းရဲမှု အဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာ ဖြစ်ပါတယ်။ (ဓမ္မ ဋ္ဌ-ပ-၁၀၅)

အစားအစာ အဗျာကတကာ ကုသိုလ်ကို ကျေးဇူးပြုပုံကတော့ ကိုယ်ကြိုက်တာ စားရတဲ့အခါ မိမိမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်တဲ့အခါ ဒါန, သီလ အားထုတ်နိုင်တယ်၊ ဈာန်နဲ့မဂ်ကိုလဲ အားထုတ်နိုင်ပါတယ်၊ ဒါကြောင့် အစားအစာက ဒါန, သီလ, ဘာဝနာ, ဈာန်, မဂ်ကုသိုလ်ထိ အောင် အထောက်အပံ့ ကျေးဇူးပြုနိုင်လို့ ပကတူပနိဿယ ရပါတယ်။

ဒါကြောင့် သီးခြားပြီး ဘုရားရှင်က ဘောဇဉ်တို့ ဥတုတို့ကို ဟောရပါတယ်။

ကောင်းကောင်း စားပြီး ကောင်းကောင်း အားရှိတော့ ကောင်းကောင်း မဟုတ်တဲ့ အကုသိုလ်အလုပ် သူတပါးအသက်သတ်, သူတပါးဥစ္စာ ခိုးခဲ့ရင် ဒီအခါမှာ ဘောဇဉ် အစားအစာ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ၊ ဒါကြောင့်မို့ ဘောဇဉ်မှာ အဗျာကတက အဗျာကတ၊ အဗျာကတက ကုသိုလ်၊ အဗျာကတက အကုသိုလ်လို့ ဒီလိုသုံးချက်လုံး ရပါတယ်၊ ပစ္စယနိဒ္ဒေသမှာ ဥတုနဲ့ ဘောဇဉ်ပြီးတော့ ပဋ္ဌာန်လောပိ ပါဧနပါတယ်၊ ပဋ္ဌာဝါရမှာက ပဋ္ဌာလမပါဘဲ ဥတု ဘောဇဉ် ကာယိကဒုက္ခ ကာယိကသုခနဲ့ သေနာသနဘဲ ပါပါတယ်။

**သေနာသန**

သေနာသန ဆိုတာက အိမ်၊ ကျောင်း၊ နေထိုင်ခင်းတွေဘဲ ဆိုပါတော့၊ ရုပ်အဗျာကတထဲ ထည့်ပါတယ်၊ သေနာသနမို့မှာ 'ပိ' ပါတဲ့ အဓိပ္ပါယ်က နေစရာ ထိုင်စရာမှ ကျန်တဲ့သဘောတူရာ အားလုံးယူနိုင်ပါတယ်၊ ဥတုဘောဇနမို့မှာ'ပိ'ကလဲ ဥတုဘောဇဉ်နဲ့ သဘောတူတဲ့ ကျန်တဲ့ တရားအားလုံး ယူနိုင်ပါတယ်၊ ပကတူပနိဿယမှာ 'ပိ'နဲ့အကုန်လုံး ထည့်သွင်းနိုင်ပါတယ်။

နေရာထိုင်ခင်း ကောင်းတယ်၊ နေရာကောင်းမှာ ထိုင်ရရင် စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှု ရှိတယ်၊ အိုက်တုန်း ပူတုန်းမှာ ဖုံကြီးနဲ့ထိုင်ရရင် ကာယိကသုခမဖြစ်နိုင်ပါ၊ အေးတော့လဲ အေးတာနဲ့လိုက်ဘက်ဖြစ်အောင်၊ ပူတော့လဲ အပူနဲ့လိုက်ဘက်ဖြစ်အောင် သေနာသန သပ္ပါယဖြစ်ရင် တရားအားထုတ်တဲ့အခါမှာလဲ တရားမှာ စျာန်တွေ မဂ်တွေထိအောင် ရနိုင်ပါတယ်၊ တရားအားထုတ်နေပြီး တရားထိုင်တဲ့နေရာကို မိမိစိတ်က မကျေနပ်စရာ ဖြစ်နေရင် တရားက သိပ်ပြီး သိမ်မွေတော့ အနှောင့်အယှက်ဖြစ်ရတယ်၊ နေရာကောင်းကောင်း၊ ကျောင်းကောင်းကောင်းမှာ ကိုယ်ချစ်စိတ်

ကြည်လင် ချမ်းသာတဲ့အခါ သေနာသန အဗျာကတက ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါဘဲ။

နေရာထိုင်ခင်းတို့ ကျောင်းတို့ အိမ်တို့က သိပ်ပြီးကောင်းတော့ ဆာင်မတန် ကြိုးကျယ်တဲ့နေရာ၊ လုံခြုံတဲ့နေရာဆိုတဲ့ သေနာသနမှာ ပါဏာတိပါတ,အဒိန္နာဒါန အစရှိတဲ့ မကောင်းမှုမျိုးတွေကို လုပ်တဲ့အခါ ဒီသေနာသန အဗျာကတက အကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါဘဲ။

ဥတုဘောဇဉ်နဲ့ သေနာသနတို့ကို ပဋ္ဌာဝါရမှာ ထည့်ဟောတဲ့အတွက် ဥတုဘောဇဉ်တို့ သေနာသနတို့ဟာ ပညတ်မဟုတ်၊ ပရမတ်လို့ ဆုံးဖြတ်နိုင်ပါတယ်၊အဗျာကတဝါရမှာ ထည့်ဟောတော့ ကုသိုလ်လဲမဟုတ်၊ အကုသိုလ်လဲ မဟုတ်၊ အဗျာကတလို့ ဆိုရပါတယ်၊ အဗျာကတ တရားမှာလဲ ရုပ်အဗျာကတသာ ဖြစ်ပါတယ်။

**ပုဂ္ဂလောပိ**

ပဋ္ဌာဝါရက ပရမတ်ချည်း သက်သက်ဟောတဲ့ အတွက် ပုဂ္ဂလောပိက ပဋ္ဌာဝါရမှာ မပါတော့ပါ၊ ပုဂ္ဂလဆိုတာက ပညတ်လို့ ဆုံးဖြတ်ရပါတယ်၊ ပကတူပနိဿယ ပစ္စည်းမှာ ပညတ်လဲ ပါနိုင်ပါတယ်၊ ပုဂ္ဂိုလ်ပညတ်ကို အမှီပြုပြီး ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု ဖြစ်တယ်၊ သူတော်ကောင်း မိတ်ဆွေကောင်း ပေါင်းဖော်ရလို့, ပုဂ္ဂလသပ္ပါယဖြစ်လို့ ကိုယ်ချမ်းသာ ဖြစ်ရရင် ပုဂ္ဂိုလ်ပညတ်က အဗျာကတကို ကျေးဇူးပြုတာဘဲ၊ မကောင်းတဲ့ ပုဂ္ဂိုလ် ပေါင်းမိပြန်တော့လဲ မကောင်းတဲ့အမှုတွေ ပြုလုပ်မိလို့ စိတ်ဆင်းရဲရင်လဲ ပုဂ္ဂိုလ်ပညတ်က အဗျာကတကို ကျေးဇူးပြုပါတယ်။

ကလျာဏမိတ္တ သူတော်ကောင်း ပုဂ္ဂိုလ်နဲ့ ပေါင်းဖော်ရလို့ ယခုလို တရားသင်တန်းတက်တော့ သင်တန်းတက်တာက ဘာဝနာကုသိုလ် ဖြစ်ပါတယ်၊ ဦးသန်းမောင်ဆိုတဲ့ ပုဂ္ဂိုလ် အမှီပြုပြီး သင်တန်းဆိုတဲ့ ဘာဝနာကုသိုလ်ကို ကျေးဇူးပြုတာသည် ပုဂ္ဂိုလ်ပညတ်က ကုသိုလ်ကို ကျေးဇူး

ပြုတာပါဘဲ၊ ကောင်းသောပုဂ္ဂိုလ်နဲ့ ပေါင်းရလို့ ဒါနပြုတယ်၊ သီလ ဆောက်တည်တယ်၊ ဒီပုဂ္ဂိုလ်ကိုမှီဝဲရလို့ မင်္ဂလာများအထိ ရတယ်ဆိုရင်လဲ ပုဂ္ဂိုလ်ပညတ်က ဒါန, သီလ, ဘာဝနာ, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်ထိအောင် ပုဂ္ဂိုလ်ပညတ်က ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်၊ မြတ်စွာဘုရား ကို ကိုးကွယ် ဆည်းကပ်ရတဲ့အတွက် ရဟန္တာ သိန်းသောင်း ဖြစ်သွား တာက ပုဂ္ဂိုလ်ပညတ်က ပကတူပနိဿယနဲ့ ကျေးဇူးပြုတာဖြစ်ပါတယ်။ ကလျာဏမိတ္တဆိုတဲ့ မင်္ဂလာတရားတော်အရ ပညာရှိ မှီဝဲရလို့ ကောင်းမှု ကုသိုလ်တွေရရင် ပုဂ္ဂိုလ်ပညတ်က ကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ၊ လူ မိုက်နှင့် ပေါင်းသင်းနေရလို့ အကုသိုလ်တွေ ဖြစ်ရင်လဲ ဒီပုဂ္ဂိုလ်ပညတ်က အကုသိုလ်ကို ကျေးဇူးပြုတာပါဘဲ။

ဥတုဘောဇနမို့ ဥပနိဿယပစ္စယေန ပစ္စယော။
ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
သေနာသနမို့ ဥပနိဿယပစ္စယေန ပစ္စယော–

လို့ ဟောထားခဲ့တော့ သာမညကြည့်ရင် ဥတုဘောဇဉ်တို့က ဥပနိဿယ ပစ္စည်းဖြစ်တယ်၊ ပုဂ္ဂိုလ်ကလဲ ဥပနိဿယပစ္စည်း ဖြစ်တယ်၊ သေနာသန ကလဲ ဥပနိဿယပစ္စည်းဖြစ်တယ်လို့ ဒီလောက်ဘဲ သိကြမယ်၊ ဒါပေမဲ့ 'ပိ' တွေနဲ့ ဟောထားတဲ့အတွက် ကျန်တဲ့တရား အကုန်လုံး ယူနိုင်ပါတယ်လို့ မြတ်စွာဘုရားက ဥပနိဿယပစ္စည်းကို အကျယ်ဝန်းဆုံး ဟောပြထားတာ ပါဘဲ၊ အစပဌမ ဟောခဲ့တဲ့ ဥပနိဿယ ၉-ချက်နဲ့ စဉ်းစားကြည့်တော့ ဥတုဘောဇနက အဗျာကတကို ကျေးဇူးပြုတာလား၊ ကုသိုလ်ကို ကျေး ဇူးပြုတာလား၊ အကုသိုလ်ကို ကျေးဇူးပြုတာလား၊ အဲဒီ ကိုးက အလုံးလား ပြန်မေးတဲ့အခါကျတော့ ပဥ္စဝဝါရမှာ သွားမကြည့်ရင် အပြေရ တော်တော် ခက်ပါတယ်၊ ဒါကြောင့် ပဥ္စဝဝါရကို ကြည့်ပြီး စုံမ်းအားရှိသမျှ ရှင်းပြနေရခြင်းဖြစ်ပါတယ်၊ ဥပနိဿယ ပစ္စည်းကတော့ ဒီလောက်နဲ့ဘဲ တော်ကြပါစို့။

# ၁၀။ ပုရေဇာတပဋ္ဌာနည်း
# သင်ကြား ပို့ချချက်များ

ပုရေဇာတဆိုတာက ပုရေ=ရှေ့+ဇာတ=ဖြစ်သည်၊ ပုရေဇာတ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားမဖြစ်ခင် ရှေ့ကဖြစ်ပြီးနေပါတယ်၊ အရင်ဖြစ်ပြီးနေပါတယ်၊ ပြီးတော့ နောက်မှဖြစ်တဲ့တရားကို ကျေးဇူးပြုတာကို ပုရေဇာတပစ္စည်းလို့ ဘုရားက သီးခြားထပ်ပြီး ဟောပါတယ်။ ပဋ္ဌာန်းကျမ်းဆိုတာ ရုပ်တရား နာမ်တရားတွေ အကြောင်းအမျိုးမျိုးနဲ့ ဖြစ်ပေါ်လာပုံ အသေးစိတ်ကို ဟောတော်မူတဲ့ကျမ်းဖြစ်တယ်၊ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာပုံမှာ ပုရေဇာတ-ကို မထည့်ရင် အကြောင်းကလိုနေပါတယ်။

ပုရေဇာတကို ငိထိန့ဲချကြည့်ရင် အတိတဘဝင်, ဘဝင်စလန, ဘဝဂုံပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ဘင်ဆိုးတော့ ပုရေဇာတ ဆိုတာက ရုပ်တရားက နာမ်တရားအား ကျေးဇူးပြုတဲ့အခါမှာ ရှုပါရုံက အတိတဘဝင်ရဲ့ ဥပါဒ်ခဏကစပြီး ဖြစ်ရပါတယ်၊ ရှုပါရုံနဲ့ စက္ခုပသာဒဟာ စိတ္တက္ခဏ ၁၇-ချက် အထိအသက်ရှည်ပါတယ်၊ စိတ်ကတော့ ဥပါဒ်, ဌိတ,ဘင်နဲ့ ချုပ်ချုပ် သွားပါတယ်၊ ရှုပါရုံကို မြင်တယ်ဆိုရင် စက္ခုပသာဒကလဲ အတိတဘဝင်ရဲ့ ဥပါဒ်က စဖြစ်ရပါတယ်၊ ပုရေဇာတပစ္စည်းမှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတု-ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော' ဆိုတော့ စက္ခာယတနံဆိုတာက စက္ခုပသာဒ၊ စက္ခုဝိညာဏဓာတုယာ-က စက္ခုဝိညာဏ်၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-က စက္ခုဝိညာဏ်နဲ့ ယှဉ်တဲ့ စေတသိက်ဆိုတော့ စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒက အတိတဘဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းဆိုတဲ့ စိတ္တက္ခဏ ၄-ချက် ရှေ့ကပြီး နေတဲ့အတွက် ရှေ့ကနေပြီး နောက်မှဖြစ်တဲ့

စက္ခုဝိညာဏ်စိတ်ကို ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အရင်ဖြစ်နှင့် နေပြီး နောက်မှဖြစ်လာတဲ့ စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုပါတယ်။

ဝီထိမှာ စိတ်က အလွန်မြန်တဲ့အတွက် မြင်တဲ့စိတ်က စက္ခုပသာဒမှီပြီး ဖြစ်ရတယ်၊ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဥ္စဒ္ဒါရာဝဇ္ဇန်းတို့က ဟဒယဝတ္ထုကို မှီလို့ သူတို့မှီရာက တခြားစီမှီ စက္ခုပသာဒက အတီတ ဘဝင်ကစပြီး ဖြစ်သော်လဲ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဥ္စဒ္ဒါရာဝဇ္ဇန်းတို့ရဲ့ မှီရာမဟုတ်ဘဲ စက္ခုဝိညာဏ်ရဲ့ မှီရာသာ ဖြစ်ပါတယ်။

နိဿယပစ္စည်းမှာ တွေ့ခဲ့ဘူးပါတယ်၊ 'စက္ခာယဟံ စက္ခုဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' စက္ခုပသာဒက ရှေ့ကဖြစ်ပြီး နောက်မှဖြစ်တဲ့ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာက **ပုရေဇာတပစ္စည်း**၊ နိဿယပစ္စည်းထဲမှာ ဘာကြောင့် ထည့်ဟောရသလဲဆိုတော့ မှီရုပါဘဲ၊ စိတ်က ရုပ်ကိုမှီပြီး ဖြစ်တဲ့အခါ စက္ခုဝိညာဏ်သည့် စက္ခုပသာဒ စက္ခုဝတ္ထုကို မှီပြီးဖြစ်လို့ နိဿယမှာ ပါပါတယ်၊ အတ္ထိပစ္စည်းမှာ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော"လို့ ဟောပါတယ်၊ အတ္ထိဆိုတာက ဖြစ်ဆဲ ထင်ရှားရှိဆဲ ဆိုတဲ့ အဓိပ္ပါယ်ပါ၊ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ စက္ခုပသာဒက မချုပ်သေးပါ။ စက္ခုပသာဒက အတီတဘဝင်ရဲ့ ဥပါဒ်ကစပြီး ဒုတိယတဒါရုံကျမှ ချုပ်တော့ အတ္ထိ၊ ထင်ရှားရှိဆဲ-ဖြစ်ဆဲအဘဲဖြင့် ကျေးဇူးပြုတာ ဖြစ်ပါတယ်။

မိဘက သားသမီးကို ကျေးဇူးပြုတာသည် အသက်ထင်ရှား ရှိပြီး ကျေးဇူးပြုတာက တမျိုး၊ မိဘမရှိမှ သားသမီးကို ကျေးဇူးပြုတာက တမျိုး ရှိပါတယ်၊ စက္ခုပသာဒ ထင်ရှားရှိဆဲမှာဘဲ စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတာလား၊ သူချုပ်ပြီးမှ ကျေးဇူးပြုသလား ဆိုတဲ့ အမေးကို အတ္ထိ-ထင်ရှားရှိဆဲဘဲ ကျေးဇူးပြုတာလို့ ဟောပါတယ်၊ ပုရေဇာတမှာ ရှေ့ကနေပြီး နောက်ကို ကျေးဇူးပြုတယ်ဆိုတော့ အတ္ထိပစ္စည်း ထပ်ပြီး ထည့်ဟောရတာက မရှိဘဲနဲ့ ကျေးဇူးပြုတာလား လို့ သံသယရှိမှာစိုးလို့

ထပ်ပြီးဟောတာပါ၊ ဒီလို ထပ်ထပ်ပြီး ဟောရတဲ့ အကြောင်းကတော့ နတ် ဗြဟ္မာတွေရဲ့ ဉာဏ်က ထက်မြက်လွန်းလို့ စောဒက မဝင်နိုင်အောင် ဟောတာပါဘဲ။

အဝိဂတပစ္ဆဒ်း မှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာတံသမ္ပယုတ္တ-ကာနဉ္စ မမွာနံ အဝိဂတပစ္စယေန ပစ္စယော'ဆိုတော့ အဝိဂတ ဆိုတာက မကင်းထွမကင်းကြောင်း'နဲ့ ကျေးဇူးပြုတာပါဘဲ၊ ပုရေဇာတပစ္စည်းကို ဟောလိုက်တဲ့ အခါမှာ စက္ခုပသာဒက အရင်ဖြစ်ပြီး နောက်မှဖြစ်တဲ့ တထွားကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ထင်ရှားရှိဆဲနဲ့ ကျေးဇူးပြုတာကို အတ္ထိပစ္စည်းနဲ့ နားလည်ပါတယ်။

ထင်ရှားရှိပြီး ကင်းကင်းနေပြီး ကျေးဇူးပြုတာက တမျိုး၊ သား သမီးတွေရှိတယ်၊ သူတို့ ချမ်းသာနေတော့ ကိုယ်က ကင်းကင်းနေလို့ ရတယ်ဆိုတဲ့ ကင်းကင်းနေလို့ရတဲ့ အခြေမျိုး မဟုတ်ဘဲ မကင်းထွမကင်း ကြောင်း ကျေးဇူးမပြုဘဲ နေလို့မဖြစ်နိုင်တာက အဝိဂတပစ္စည်းပါဘဲ၊ ဝိထိနဲ့ ပြောမယ်ဆိုရင်လဲ စက္ခုပသာဒဟာ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာက စိတ္တက္ခဏ ၁၇-ချက် မချုပ်ခင်ဖြစ်ပါတယ်၊ တဝီထိပြောင်းသွားပြီး နောက်ထပ် ဟဝီထိကျရင်တော့ ကင်းချင်ကင်းမယ်ဘဲ ဆိုပါတော့ ဒီ နေရာမှာ စက္ခုပသာဒက စိတ္တက္ခဏ ၁၇-ချက်အတွင်းမှာဘဲ ဖြစ်နေတော့ ကင်းလို့မရ ကင်းလို့မဖြစ်ဘဲ ကျေးဇူးပြုရလို့ အဝိဂတပစ္စည်း ရပါတယ်။

စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ နိဿယပစ္စည်း မှာလဲ ပါတော့—

(က) နိဿယမှာ မှီရာအဖြစ်နဲ့ ကျေးဇူးပြုတယ် ဆိုတဲ့ အကြောင်းက တခု၊

(ခ) ပုရေဇာတပစ္စည်း တထွားက ရှေ့ကဖြစ်နှင့်ပြီး ပစ္စယုပ္ပန် တထွားက နောက်မှဖြစ်တဲ့ တထွားကို ကျေးဇူးပြုတဲ့ အကြောင်းက တခု၊

(ဂ) အတ္ထိမှာ ပစ္စည်းတရားက အရင်ဖြစ်ပြီး ချုပ်သွားပြီးမှ ကျေးဇူးပြုတာ မဟုတ်ဘဲ စက္ခုပသာဒသည် မချုပ်ဘဲနဲ့ ထင်ရှားရှိဆဲကျေးဇူးပြုတာက အကြောင်းတခု၊

(ဃ) အဝိဂတ-စက္ခုပသာဒက စက္ခုဝိညာဏ်အား ကျေးဇူးပြုတာသည် အရင်ဖြစ်နေပေမဲ့ ထင်ရှားရှိဆဲ သာမက ဘယ်လိုမှကင်းလွှဲမရ၊ မကင်းနိုင်တဲ့သဘောနဲ့ ကျေးဇူးပြုတဲ့ အကြောင်းက တကြောင်း—

ဆိုတော့ စက္ခုပသာဒ ပစ္စည်းဘရားသည် စက္ခုဝိညာဏ် ပစ္စယုပ္ပန်တရားကို ဘယ်နှစ်ပစ္စည်း ပြုိင်နိုင်သလဲ၊ ဒီနေရာမှာ ပစ္စယနိဒ္ဒေသကို မကြရင် ပစ္စည်းပြုိင်တာကို သဘောပေါက်နိုင်ပါတယ်။

**ကမ္မဇရုပ် လုပ်လို့မရ**

သင်တန်းမှာ မသင်ရသေးပေမဲ့ ဒီ့ပြင် ပစ္စည်းမှာဆိုရင် ဣန္ဒြိယပစ္စည်းလဲ ရှိနေပါသေးတယ်၊ 'စက္ခုန္ဒြိယ် စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော' ဆိုတော့ စက္ခုန္ဒြိယ်ဆိုတာက စက္ခုပသာဒ ပါဘဲ၊ ဣန္ဒြေဆိုတော့ စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာမှာ စက္ခုပသာဒက ဣန္ဒြေဆိုက်ပါတယ်၊ ဣန္ဒြေထိုက်တယ်ဆိုတာက မြင်တဲ့နေရာမှာ သူက အစိုးရတယ်၊ သူမှတပါး တခြားဘယ်သူကမှ မမြင်စေနိုင်လို့ စက္ခုပသာဒက သာလျှင် မြင်တဲ့နေရာကို ပိုင်ပါတယ်၊ ရုပ်က မမြင်နိုင်၊ ရုပ်မှာ မြင်နိုင်တဲ့ သဘောတရား မရှိ၊ စက္ခုဝိညာဏ် နာမ်တရားကသာ မြင်နိုင်တဲ့သဘောတရား ရှိပါတယ်၊ သို့သော် စက္ခုပသာဒ မရှိရင် ဘယ်နည်းနဲ့မျှ စက္ခုဝိညာဏ်စိတ်က ဖြစ်လို့ မရနိုင်ပါ။

လက်တွေ့ ဥပမာပြောရရင် မျက်စိကို ဓာတ်ကြည့်မှန် ထားကြည့်လို့ ရတယ်ဆိုတာက စက္ခုပသာဒရှိနေရင် မျက်စိကို ကြည့်ရတာပါ၊ ပသာဒရုပ် လုံးဝပျက်စီး

သွားရင်တော့ ဆေးကုလို့ မရတော့ပါ၊ ပသာဒရုပ်သာ ရှိနေရင်တော့ ဆရာဝန်က မြင်အောင် ကုနိုင်ပါတယ်၊ စက္ခုပသာဒရုပ်က ကံကြောင့် ဖြစ်တဲ့ကမ္မဇရုပ်ပါ၊ ကံကြောင့်ဖြစ်တဲ့ရုပ်ဆိုတာက လူက လုပ်လို့မရနိုင်ပါ၊ ဗမာစကား ရှင်းရှင်းပြောရမယ်ဆိုရင် လူကလုပ်လို့ မရနိုင်တာဟာ ကမ္မဇရုပ်ပါဘဲ၊ စက္ခုပသာဒမျက်စိဟာ လူတယောက်မှာ ကန့်သွားတယ်ဆိုရင် နောက်ထပ် စက္ခုပသာဒ တခု လူကလုပ်ပေးလို့ မရနိုင်တော့ပါ။

ပုဂံခေတ်တုန်းက ရှင်အဇ္ဇဂေါဏဆိုတဲ့ ဘုန်းကြီးတပါးဟာ အဂ္ဂိရတ် ထိုးတာ ရှင်ဘုရင်နဲ့ အတူတက္ခ ထိုးပါတယ်၊ အဂ္ဂိရတ်ထိုးတော့ နောက်ဆုံး ရွှေဖြစ်မဲ့ခေတ်လုံးကို ချည်းရေစိမ်ပါဆိုတာကို ညကြီးသတ်နဲ့ ဥကလေး သတ် စာလုံးပေါင်း မှားဖတ်မိတာနဲ့ ချဉ်ရေစိမ်တော့ ဓာတ်လုံးက မဖြစ်လာတော့ပါ၊ ဒါနဲ့ ရှင်အဇ္ဇဂေါဏမှာ သူမျက်လုံး နှစ်ဘက်လုံး ထိုး ဖောက်ခံရလို့ စက္ခုပသာဒပျက်သွားပါတယ်၊ အင်မတန် စိတ်ပျက်သွားလို့ ဓာတ်လုံးကို ကုဋ္ဌီထဲ ကိုရင်ကိုပစ်ခိုင်းလိုက်တဲ့အခါမှာ သူနေထူမှန် ထောက် သွားလို့ ကုဋ္ဌီမှာ အထောင် တဝင်းဝင်းနဲ့ ဖြစ်နေပါတယ်၊ ကိုရင်က ဘုန်းကြီးကို အဖြစ် ပြန်လျှောက်တဲ့အခါမှာ ဓာတ်လုံး ပြန်ယူခိုင်းပြီး သူမျက်စိကို အဇ္ဇ ဆိုတော့ ဆိတ်, ဂေါဏ ဆိုတော့ နွား စက္ခုပသာဒ မပျက်သေးတဲ့ ဆိတ်နဲ့နွား မျက်စိကို ပြန်တပ်ပြီး ကုသလို့ ရှင်အဇ္ဇဂေါဏ ဆိုပြီး ပုဂံပြည်မှာ ထင်ရှားရှိခဲ့ပါ၏ဘုရဲ၊ ဒီနေရာမှာ စက္ခုပသာဒဆိုတဲ့ ကမ္မဇရုပ်ကို လူလုပ်ယူလို့ မရတာကို ပြောချင်တာပါဘဲ။

စက္ခုပသာဒက မြင်တဲ့နေရာမှာ သူကပိုင်တယ်၊ အစိုးရတယ်၊ ဒီ့ပြင် တကိုယ်လုံးမှာ ရှိတဲ့ ရုပ်တရားတွေက ဘယ်ရုပ်ကမှ မြင်တာကိုဖြစ်အောင် ကျေးဇူး မပြုနိုင်ပါ၊ မမြင်စေနိုင်ပါ၊ စက္ခုပသာဒသည် ရုပ်တရား ဖြစ်တဲ့ အတွက် သူကလဲ မမြင်ပါ၊ စက္ခုဝိညာဏ်စိတ်ကသာ မြင်လာနိုင်သော် လည်း စက္ခုဝိညာဏ်သည် စက္ခုပသာဒကိုမှီ၍ မြင်တဲ့နေရာကို ရတဲ့အတွက် စက္ခုပသာဒက စက္ခုဝိညာဏ်ကို မြင်နိုင်အောင် ကျေးဇူးပြုတဲ့အတွက် ဂုန်္ဒိယပစ္စည်းကလဲ ပြိုင်နိုင်ပါတယ်။

**ရုပ်နှင့်နာမ် သမ္မယုတ် မဟုတ်**

စက္ခုပသာဒက ရုပ်၊ စက္ခုဝိညာဏ်က နာမ်တရား၊ ရုပ်နဲ့နာမ်ဟာ ကျေးဇူးပြုပုံ ဘယ်တော့မှ သမ္မယုတ္တ ယှဉ်စပ်လို့မရပါ၊ သူတို့က တဦးကို တဦးမှီပြီး ဖြစ်ရလို့ သူတို့သည် မကွေမကွာဘဲ ပေါင်းနေရလို့သမ္မယုတ္တ ဖြစ်လေမလား၊ ဒီလို သံသယဖွဲ့လာတော့ ဘုရားက'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော' ဆိုပြီးတော့ ရုပ်တရားနှင့် နာမ်တရားသည် ဘယ်တော့မှ သမ္မယုတ္တ မဖြစ်နိုင်၊ သမ္မယုတ္တဆိုတဲ့ တရားက ဖြစ်လဲအတူ, ပျက်လဲအတူ, အာရုံတူ, မှီရာတူဆိုတဲ့ ဒီ ၄-ချက်စုံမှ သမ္မယုတ္တ ဖြစ်ပါတယ်။

စက္ခုဝိညာဏ်နှင့် စက္ခုပသာဒမှာ စက္ခုပသာဒက အတိတ ဘဝင်ရဲ့ ဥပါဒ်မှာဖြစ်တယ်၊ စက္ခုဝိညာဏ်က စိတ္တက္ခဏ ၄-ချက်လွန်မှ ဖြစ်တယ် ဆိုတော့ ဖြစ်တာခြင်းကလဲ မတူ၊ တခါ စက္ခုဝိညာဏ်က ဥပါဒ်, ဌိ, ဘင်နဲ့ ချုပ်တယ်၊ စက္ခုပသာဒက အတိတဘဝင်မှစပြီး စိတ္တက္ခဏ ၁၇-ချက်ပြည့်မှ ချုပ်တော့ ချုပ်တာခြင်းလဲ မတူပါ၊ ဒါကြောင့် သမ္မယုတ္တပစ္စည်းမရဘဲ ဝိပ္ပယုတ္တဘဲ ဖြစ်နိုင်ပါတယ်။

**ပစ္စည်းပြိုင်**

ဒါကြောင့် ပစ္စည်းပြိုင်တဲ့အခါမှာ'စက္ခုပသာဒသည် စက္ခုဝိညာဏ်အား နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ ဤ ၆-ပစ္စယ တို့ဖြင့် ကျေးဇူးပြုပေ၏'လို့ မှတ်သားရပါတယ်။

ပစ္စည်းပြိုင်တယ်ဆိုတာက ပစ္စယနိဒ္ဒေသကို ရသွားမယ်ဆိုရင် လွယ်ပါတယ်။ ရုပ်က နာမ်ကိုကျေးဇူးပြုတာသည် စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ ဒီပစ္စည်းအားလုံး ဆက်သွယ်နေပါတယ်လို့ ဆိုနိုင်ပါတယ်။ နောက်မှာလဲ စက္ခာယတနံ အတိုင်း အတူတူပါဘဲ 'သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'လို့ ဟောထားတော့ သောတပသာဒက

သောတဝ်ညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာလဲ နိဿယ, ပုရေဇာတ, အတ္ထို, အဝိဂတ, ဣန္ဒြိယ, ဝိပွယုတ္တဆိုတဲ့ ဒီပစ္စည်း ၆-မျိုးကဘဲ ကျေးဇူးပြုနိုင်ပါတယ်။

သောတပသာဒ ဆိုတော့ သူက ကြားတဲ့နေရာမှာ အစိုးရတဲ့ရုပ်ပါဘဲ၊ ဝီထိမှာ သောတဒွါရဝီထိ ဖြစ်တော့ စက္ခုပသာဒနေရာမှာ သောတပသာဒ၊ စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ် ဒီလိုပြောင်းရပါတယ်၊ ပစ္စည်းကတော့ ဒီ ၆-ပစ္စည်းပါဘဲ၊ ဃာနာယတနံ ဆိုတော့လဲ စက္ခုပသာဒနေရာမှာ ဃာနပသာဒ၊ စက္ခုဝိညာဏ်နေရာမှာ ဃာနဝိညာဏ် ဆိုတော့ ဃာနပသာဒသည် ဃာနဝိညာဏ်ကို နိဿယ, ပုရေဇာတ, အတ္ထို, အဝိဂတ, ဣန္ဒြိယ, ဝိပွယုတ္တဆိုတဲ့ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ ဇိဝှါဒွါရဝီထိမှာလဲ စက္ခုပသာဒနေရာမှာ ဇိဝှါပသာဒ စက္ခုဝိညာဏ်နေရာမှာ ဇိဝှါဝိညာဏ်ဆိုတော့ ဇိဝှါပသာဒသည် ဇိဝှါဝိညာဏ်အား နိဿယ, ပုရေဇာတ, အတ္ထို, အဝိဂတ, ဣန္ဒြိယ, ဝိပွယုတ္တ ဆိုတဲ့ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ အတူတူပါဘဲ၊ကာယပသာဒကလဲ ကာယဝိညာဏ်ကို နိဿယ, ပုရေဇာတ, အတ္ထို, အဝိဂတ, ဣန္ဒြိယ, ဝိပွယုတ္တဆိုတဲ့ ပစ္စည်း ၆-မျိုးနဲ့ ကျေးဇူးပြုပါတယ်။

ဒီပစ္စည်းတွေထဲမှာ တိုက်ရိုက်မပါတာကတော့ ဝိပွယုတ္တပစ္စည်းပါဘဲ၊ ဣန္ဒြိယပစ္စည်းအတွက်ကို 'စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ'ဆိုပြီးတော့ လာပါတယ်၊ နိဿယပစ္စည်းမှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ' လို့လာပါဘယ်၊ ပုရေဇာတ, အတ္ထိနဲ့ အဝိဂတတွေမှာလဲ 'စက္ခာယတနံ'က လာပါတယ်၊ဒီလိုအခြားပစ္စည်းတွေမှာ စက္ခာယတနံလို့ တိုက်ရိုက်ပါနေပြီး ဝိပွယုတ္တမှာ မပါပေမဲ့ 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော'လို့ ဟောထားတော့ ဒီဓနုရာမှာ သာမညနဲ့ သဘော မပေါက်ပါ၊ နက်နက်နဲနဲ စဉ်းစားကြည့်မှ သဘောပေါက်နိုင်ပါတယ်။

ဒီနေရာမှာ ရိုးရိုးပြရမှာက ဝတ္ထုရုပ်ပေါင်း စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုလို့ ၆-ပါး ရှိပါတယ်၊ စိတ်ဖြစ်ပုံကလဲ ဝီထိမှာအစဉ်အတိုင်းချရင် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိလို့ ရှိ

တော့ မဒုနှာဒ္ဓါရဝိထိမှာ ဟဒယဝတ္ထု ရုပ်ကို မှီပြီးခဲ့ရမယ်၊ 'စက္ခာ-ယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ,ကာယာယတနံ' ပါဠိတော်ကို ပုရေဇာတမှာဘဲ ကြည့်ကြည့်၊ အတ္ထိပစ္စည်းမှာဘဲ ကြည့်ကြည့်၊ အဝိဂတ ပစ္စည်းမှာဘဲ ကြည့်ကြည့် ကာယာယတနံမှာ ဆုံးလိုက်ပြီး ကာယာယတနံက ရူပါယတနံကို ဆက်သွားပါတယ်။

**နိဿယပစ္စည်းနဲ့ မနောဝိညာဏဓာတ်**

ဒီသုံးပစ္စည်းမှာ ပြောင်းသွားပေမဲ့ နိဿယပစ္စည်းမှာတော့ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'လို့ ကာယာယတနံပြီးတော့ ဝတ္ထု ရုပ် ၆-ပါးစုံသွားအောင် ယံ ရူပံကို ဆက်သွားပါတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့ ပါဠိတော်တွေမှာ သေသေချာချာတွေးရင် အဓိပ္ပါယ် အများကြီး ပါပါတယ်၊ ပုရေဇာတမှာ ကာယာယတနံပြီးတော့ ရူပါ-ယတနံဆက်ပြီးနောက်အဆုံးမှာမှ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနော-ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော, မနောဝိညာဏဓာတုယာ တံ-သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နှ ပုရေဇာတပစ္စယေန ပစ္စယော'လို့ ဒီကျမှ ဟောပါ တယ်၊ ဟောသော်လဲ နိဿယ, အတ္ထိ, အဝိဂတတို့နဲ့ နဲနဲကွဲပြားနေ တော့ ဘာပြုလို့ ကွဲပြားနေတာလဲ စဉ်းစားရပါမယ်။

ယံ ရူပံ ဝတ္ထုရုပ်မှီပြီး မနောဓာတ် မနောဝိညာဏဓာတ်ဖြစ်ပါတယ်၊ စက္ခုဝိညာဉ်, သောတဝိညာဉ်,ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ် ဆိုတဲ့ မြင်စိတ်, ကြားစိတ်, နံစိတ်, အရသာသိတဲ့စိတ်,ထိတွေ့သိတဲ့စိတ်မှ တပါး မနောနဲ့ သိစိတ်ဆိုတဲ့ မနောဓာတ်နဲ့ မနောဝိညာဏ ဓာတ်တွေ ဟာ ဝတ္ထုရုပ်ငါးပါးကို မှီဖြစ်တာ မဟုတ်ဘဲ ဟဒယဝတ္ထုရုပ်ကို မှီပြီး

ဖြစ်တာပါ၊ ဝတ္ထုရုပ်က မနောဓာတ်နဲ့ မဇနာဝိညာဏဓာတ်ကို ရိုးရိုးဘဲ နိဿယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

## ပုရေဇာတပစ္စည်းနဲ့ မနောဝိညာဏဓာတ်

ပုရေဇာတပစ္စည်းမှာ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'လို့ ဟောထားတော့၊ မနောဓာတ်နဲ့ ပုရေဇာတပစ္စည်းက ရှင်းပါတယ်၊ မနောဓာတ်ဆိုတာက ပဉ္စဒ္ဒါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးကိုခေါ်တာပါ၊ ဟဒယဝတ္ထုရုပ်ကလဲ စက္ခုဝတ္ထုဖြစ်တဲ့ အတိတဘဝင် အချိန်ကစပြီး ဝီထိသက် ၁၇-ချက် အသက်ရှည်ပါတယ်၊ ပဉ္စဒ္ဒါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေး မနောဓာတ်က ဟဒယဝတ္ထုမှီဖြစ်တဲ့အချိန်မှာ မဇနောဓာတ်က သိပ်မသိသေး၊ သိသလိုလို အခြေမှာဘဲ ရှိနေပါသေးတယ်၊ ဒီမနောဓာတ်က ဟဒယဝတ္ထုရုပ်မှီပြီး ဖြစ်ရလို့ ပုရေဇာတပစ္စည်း ကျေးဇူးပြုတာ မနောဓာဘ်မှာ ပြဿနာမရှိဘဲ ရှင်းပါတယ်။

မနောဝိညာဏဓာတ်ကို ကျေးဇူးပြုတာမှာ 'မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နပုရေဇာတပစ္စယေန ပစ္စယော'-ဝတ္ထုရုပ်က မနောဝိညာဏဓာတ်ကို ကျေးဇူးပြုတာ အမြဲမဟုတ်ပါ၊ တခါတရံ ကျေးဇူးပြုပြီး တခါတရံ ကျေးဇူးမပြုပါ၊ ဘယ်အခါမှာလဲ မနောဓာတ်မှာ ပြဿနာမရှိတာက ပဉ္စဒ္ဒါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ဒွေးမှာ ပဋိသန္ဓေစိတ် မပါဘဲ မနောဝိညာဏဓာတ် ၇၆-ခုသောစိတ်မှာ ဝိပါက် ပဋိသန္ဓေစိတ်တွေ ပါနေပါတယ်။

ပဋိသန္ဓေဝီထိချရင် ပဋိသန္ဓေနောက် ဘဝင်က ၁၆-ချက် ဖြစ်ပါတယ်၊ ပဌမပဋိသန္ဓေစိတ်သည် လူ့ဘဝမှာဖြစ်ရင် မဟာဝိပါက်စိတ်ပါဘဲ၊ မဟာဝိပါက်စိတ်ဟာ မနောဝိညာဏဓာတ် ဖြစ်ပါတယ်၊ ပဋိသန္ဓေစိတ်ဟာ မနောဝိညာဏဓာတ်ပါဘဲ၊ ဘဝင်စိတ်ဟာလဲ မနောဝိညာဏဓာတ်ပါဘဲ၊ အမည်အမျိုးမျိုးနဲ့ ခေါ်နေကြတာပါ၊ ဒီဘဝရဲ့ ပဌမဆုံး အာဝါမှာဖြစ်တဲ့

ပဋ္ဌိသန္ဓေစိတ်ကို ပုရေဇာတ ပစ္စည်းတပ်လို့ ရပါ့မလား၊ ပုရေဇာတ ပစ္စည်းဆိုတာက သူ့ရှေ့မှာ အရင် ဖြစ်နေတဲ့စိတ် ရှိနေရမှာပါ၊ ဘဝရဲ့ ပဌမဆုံးအခါမှာ ပဋ္ဌိသန္ဓေစိတ်မှာ သူ့ရှေ့က အရင်ရှိနေတဲ့စိတ်က ဟိုဘက် ဘဝက စုတိစိတ်ဖြစ်တော့ သူ့အရင်စိတ်က မရှိပါ၊ ဘုရားဟောနေတာက ဟိုဘက်ဘဝက စိတ်ကို ဟောတာမဟုတ်ပါ၊ ဒီဘက်ဘဝရဲ့ စိတ်ကိုသာ ဟောတော့ ဒီဘဝ ပဌမစိတ် ပဋ္ဌိသန္ဓေစိတ်ကို ပုရေဇာတ ပစ္စည်းနဲ့ ကျေးဇူးပြုတဲ့စိတ် မရှိတဲ့အတွက် ကိုဠိကာလေ နပုရေဇာတ-ပစ္စယေန ပစ္စယောလို့ ဟောပါတယ်၊ ပုရေဇာတက ပဝတ္တိ အခါမှာတော့ ဝီထိစိတ်တွေ့ အထပ်ထပ် ဖြစ်တဲ့အခါ ရှေ့စိတ်တွေ့က ရှိနေတဲ့အတွက် ပုရေဇာတ ရှေ့အရင်ဖြစ်ပြီး နောက်မှ ဖြစ်တဲ့စိတ်ကို ကျေးဇူးပြုလို့ ရပါတယ်။

ပဌမ ပဋ္ဌိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုရုပ်ဟာ တပြိုင်နက် တဦးကိုတဦး မှီပြီး ဖြစ်ပါတယ်၊ ပဋ္ဌိသန္ဓေစိတ်မှာရှိတဲ့ ဝတ္ထုရုပ်က အရင် ဖြစ်နေတော့ ဒီဝတ္ထုရုပ်က ပဌမဘဝင်ကို ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ပဋ္ဌိသန္ဓေစိတ်ကျတော့ သူ့ရှေ့ကစိတ် မရှိတဲ့အတွက် 'ကိုဠိကာလေ' ပဝတ္တိ အခါမှာ ပုရေဇာတ ပစ္စည်းနဲ့ ကျေးဇူးပြုပြီး 'ကိုဠိကာလေ' ပဋ္ဌိသန္ဓေ အခါ၌ နပုရေဇာတ ပစ္စယေန ပစ္စယော- ပုရေဇာတပစ္စည်းနဲ့ ပဋ္ဌိသန္ဓေ အခါမှာ ကျေးဇူးမပြုပါ၊ ဒီနေရာမှာ ကိုဠိကာလေဟာ သဟဇာတ ပစ္စည်းနဲ့ ပုရေဇာတပစ္စည်းမှာ ပြောင်းပြန်ဖြစ်နေပါတယ်၊ **ဝတ္ထုရုပ်နဲ့ နာမ်ဟာ ပဋ္ဌိသန္ဓေအခါမှာသာ သဟဇာတက ကျေးဇူးပြုတယ်၊** ပဝတ္တိ အခါမှာ ဝတ္ထုရုပ်နဲ့နာမ်ဟာ သဟဇာတမဖြစ်ပါ၊ ပုရေဇာတမှာကတော့ ပဋ္ဌိသန္ဓေအခါမှာ ပုရေဇာတက ကျေးဇူးမပြုဘဲ၊ **ပဝတ္တိအခါမှာသာ ဝတ္ထုရုပ်နဲ့ နာမ်ကိုသာ** ပုရေဇာတက ကျေးဇူးပြုပါတယ်၊ ဒီနေရာမှာ သဟဇာတနဲ့ ပုရေဇာတပစ္စည်းကို ယှဉ်ပြီး ရှင်းပြတာပါဘဲ။

**ရူပါယတနံ စသည်ဟောရကြောင်း**

အမှန်က ဝတ္ထုရုပ်အတိုင်းသာ ပြသွားမယ်ဆိုရင် စက္ခာယတနံ သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ-ပြီးတော့

'ယံ ရူပံ နိဿာယ'ကို ဆက်ပြီးသွားဘို့ကောင်းပါတယ်၊ ဒီလိုမဆက်ဘဲ ရူပါယတနံကို ဆက်ရခြင်းအကြောင်းကတော့ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒဆိုတဲ့ ဝတ္ထုပုရေဇာတဟောပြီး ရူပါယတနံကို ဆက်ရပုံက စက္ခုဝိညာဏ်စိတ်ဖြစ်ရခြင်းဟာ စက္ခုပသာဒအကြောင်းတခုထဲလား၊ အခြားအရေးကြီးသော တရားမရှိတော့ဘူးလား-ဆိုတဲ့ သံသယဖြစ်မှာစိုးလို့ အာရမ္မဏပုရေဇာတကို ဆက်ပြီး ဟောပါတယ်။

'ရူပါယတနံ စက္ခုဝိညာဏခဘာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော' ဒီလိုဟောတော့ အာရမ္မဏ ပစ္စည်းမှာတွေ့ခဲ့ပြီးပါပြီ၊ အမှန်က ဝီထိကို ဘုရားက ဟောနေတာပါ၊ စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာသည် ဝတ္ထုပုရေဇာတပစ္စည်းပါ၊ ရူပါရုံသည် အတီတဘဝင် ဥပါဒ်ခဏက စ၍ အရင်ဖြစ်နှင့်ပြီး စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာက အာရမ္မဏပုရေဇာတပစ္စည်းပါ၊ စက္ခုပသာဒက စက္ခုဝိညာဏ် ကျေးဇူးပြုတာက မှီရာသဘောနဲ့ ကျေးဇူးပြုတာပါ၊ ရူပါရုံကတော့ အာရုံသဘောနဲ့ ကျေးဇူးပြုတာပါဘဲ၊ အာရုံသဘောကလဲ အရေးကြီးပါတယ်၊ ရူပါရုံက စက္ခုဝိညာဏ် ကျေးဇူးပြုတာမှာ နိဿယ မပါတော့ပါ။

## ပစ္စည်းပြိုင်

အာရုံ အာရမ္မဏ ဆိုတာက အဘိုးအိုမှာ တောင်ဝှေးကိုင်ပြီးသွားရသလို စက္ခုဝိညာဏ်စိတ်ကလဲ အာရုံရှိမှ စိတ်က မြင်နိုင်တော့ ရူပါရုံက အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုတော့ အာရမ္မဏရပါတယ်၊ ရှေ့ဖြစ်လို့ ပုရေဇာတလဲ ရပါတယ်။ ရူပါရုံက ပုရေဇာတအမှင်ဖြစ်နှင့်ပြီး စက္ခုဝိညာဏ်ကို အာရုံအဖြစ်နဲ့ ကျေးဇူးပြုတာသည် ထင်ရှားရှိဆဲ ခဏမှာပြုတဲ့အတွက် အတ္တိပစ္စည်း ရပါဘယ်၊ 'ရူပါယတနံ စက္ခုဝိညာဏခဘာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော'လို့ ဒီလိုအဝိဂတပစ္စည်းကျတော့လဲ ပါပါတယ်၊ ရူပါရုံက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့

အခါမှာ ဘယ်နည်းနဲ့မှ မကင်းလို့ ကျေးဇူးပြုရတယ်ဆိုတော့ အဝိဂတက ပါလာပါတယ်။

**ရူပါရုံနှင့် စက္ခုပသာဒ**

ရူပါရုံက စက္ခုဝိညာဏ်ကို ဣန္ဒြိယသတ္တိနဲ့တော့ ကျေးဇူးမပြုနိုင်ပါ၊ ရူပါရုံက စက္ခုဝိညာဏ်ကို စက္ခုပသာဒလောက် ပိုင်ပိုင်နိုင်နိုင် မရှိပါ၊ 'ရှိပေနော ဓမ္မာ အရူပိနံ ဓမ္မာနံ' ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့အခါ ဝိပွယုတ္တပစ္စည်းရနိုင်သလား ဆိုတော့ ရူပါရုံနဲ့ စက္ခုဝိညာဏ်ဟာ သမွယုတ်လား, ဝိပွယုတ်လား သံသယရှိစရာမရှိသည့်အတွက် ဝိပွယုတ္တကို ဟောစရာ မလိုပါ၊ ရူပါရုံသည် စက္ခုဝိညာဏ်စိတ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ လေးပစ္စည်းတို့ဖြင့်သာ ကျေးဇူးပြုနိုင်ပါတယ်၊ စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုပုံနဲ့ ရူပါရုံက စက္ခုဝိညာဏ်ကို ကျေးဇူးပြုပုံမှာ ပစ္စည်းပြိုင်တဲ့အခါ ဣန္ဒြိယ, ဝိပွယုတ္တ ထူးခြားချက်ဟာ နက်နဲလှပါတယ်။

'သောတာယတနံ သောတဝိညာဏဓာတုယာ တံသမွယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'—သဒ္ဒါယတနံမှာ သဒ္ဒါရုံက သောတဝိညာဏ်ကို ကျေးဇူးပြုပုံကလဲ ဒီအတိုင်းပါဘဲ၊ ရူပါရုံ နေရာမှာ သဒ္ဒါရုံ၊ စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်၊ ရူပါရုံနေရာမှာ ဂန္ဓာရုံ၊ စက္ခုဝိညာဏ်နေရာမှာ ဃာနဝိညာဏ်၊ ရူပါရုံနေရာမှာ ရသာရုံ၊ စက္ခုဝိညာဏ်နေရာမှာ ဇိဝှါဝိညာဏ်၊ ရူပါရုံနေရာမှာ ဖောဋ္ဌဗ္ဗာရုံ၊ စက္ခုဝိညာဏ်နေရာမှာ ကာယဝိညာဏ်လို ဒီလိုအစဉ်လိုက်သွားတာပါဘဲ၊ ပုရေဇာတပစ္စည်းကို အရင်အပတ်က နဲနဲကျန်တာကလေး ပြောပြပါမယ်။

**ဝတ္ထုပုရေဇာတပစ္စည်း**

ပုရေဇာတပစ္စည်း ပဌမအပိုဒ်မှာ -

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမွယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

သောတာယတနံ သောတဝိညာဏာဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ ပုဂ္ဂလတပစ္စယေန ပစ္စယော၊

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုဂ္ဂလတပစ္စယေန ပစ္စယော၊

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုဂ္ဂလတပစ္စယေန ပစ္စယော၊

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုဂ္ဂလတပစ္စယေန ပစ္စယော။

အဲဒီအထိ အမှန်က ကြားထဲမှာ အပိုဒ် ပိုဒ်ထား‌ဘို့ကောင်းပါတယ်၊ ဒါက ဝတ္ထုပုဂ္ဂလတပစ္စည်းပါ၊ ဝတ္ထုပုဂ္ဂလတပစ္စည်းမှာ စက္ခာယတနံ့, သောတာယတနံ့, ဃာနာယတနံ့, ဇိဝှါယတနံ့, ကာယာယတနံလို့ ဆိုတဲ့ ဒီငါးမျိုးမှာ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု ဆိုတဲ့ ဝတ္ထုငါးမျိုးဖြစ်ပါတယ်၊ အမှန်က ဝတ္ထုပုဂ္ဂလတက စက္ခု-ဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု လို့ ဝတ္ထုရုပ်က ၆-ပါးရှိပါတယ်၊ ကာယာယတနံ ပြီးရင် ရှိရမှာက အဆုံးမှာ ပါတဲ့ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုဂ္ဂလတပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုဂ္ဂလတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နု ပုဂ္ဂလတ ပစ္စယေန ပစ္စယော'လို့ ရှိရမှာပါ၊ 'ယံ ရူပံ နိဿာယ'က အဓိပ္ပါယ်-အစဉ်အတိုင်းဆိုရင် ကာယာယတနံ နောက်မှာနေမှ စက္ခုဝတ္ထု သောတ ဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထု ဆိုတဲ့ ဝတ္ထုရုပ် ၆-ပါး အစဉ်အတိုင်း ဖြစ်ပါမယ်၊ ဒီဝတ္ထုရုပ် ၆-ပါးက ဝိညာဏဓာတ် ၇-ပါးကို ကျေးဇူးပြုပါတယ်။

ပဋ္ဌာန်းကိုသင်တယ်၊ ပဋ္ဌာန်းကို တက်တယ်ဆိုရင် ဒီနေရာမှာ သတိထားကြည့်ရင် အစဉ်ပျက်သလို ထင်ရပါတယ်၊ အစဉ်အလာအား‌ဖြင့်

သင်္ကိယနာတင်ထုမှာ ဒီအတိုင်း တင်ထားတဲ့အတွက် ဘာကြောင့် ဒီလို ထားရသလဲဆိုတာ နက်နက်နဲနဲ စဉ်းစားရပါတယ်၊ စဉ်းစားပုံကို ဤမှာ ရှင်းခဲ့ပါပြီ။ (နှာ–၁၆၇ ပြန်ကြည့်ပါ)

အဓိပ္ပါယ် အယူအဆမှာက ဝတ္ထုပုဂ္ဂလဒေဝတပစ္စည်းမှာ 'ယံ ရူပံ' က ကာယာယတနံနဲ့ ဆက်ယူရမှာပါ၊ ဝတ္ထုပုဂ္ဂလဒေဝတပစ္စည်းမှာ—

> စက္ခုဝတ္ထုက စက္ခုဝိညာဏစေတက်ကို ကျေးဇူးပြုပါတယ်၊
> သောတဝတ္ထုက သောတဝိညာဏစေတက်ကို ကျေးဇူးပြုပါတယ်၊
> ဃာနဝတ္ထုက ဃာနဝိညာဏစေတက်ကို ကျေးဇူးပြုပါတယ်၊
> ဇိဝှါဝတ္ထုက ဇိဝှါဝိညာဏစေတက်ကို ကျေးဇူးပြုပါတယ်၊
> ကာယဝတ္ထုက ကာယဝိညာဏစေတက်ကို ကျေးဇူးပြုပါတယ်၊
> ဟဒယဝတ္ထုက မနောဓာတ်နဲ့ မနောဝိညာဏစေတက်ကို ကျေးဇူး ပြုပါတယ်။

ဝတ္ထုရုပ် ၆-ပါး စေတ် ၇ ပါးကို သင်္ဂြိဟ်မှာ ပေါင်းပြီး 'ဆဝတ္ထုနှိ သတ္တန္နံ ဝိညာဏစေတူနံ' ဝတ္ထုရုပ် ၆-ပါးတို့သည် ဝိညာဏစေတ် ၇-ပါးတို့အား ဝတ္ထုပုဂ္ဂလဒေဝတသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ပစ္စည်းပိုင်းမှာ ပြထား ပါတယ်၊ ပစ္စယနိဒ္ဒေသ သင်ရင် သင်္ဂြိဟ်ပစ္စည်းပိုင်း သင်ပြီးသားဖြစ် သွားပါတယ်၊ ဒါကတော့ ဝတ္ထုပုဂ္ဂလဒေဝတ ပါဠိအနေအထားကို ရှင်းပြ တာပါ။

အာရုပ္မဏပုဂ္ဂလဒေဝတက 'ရူပါယတနံ စက္ခုဝိညာဏစေတုယာ'က စပါ တယ်၊ အာရုပ္မဏပုဂ္ဂလဒေဝတက အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတာပါ၊ စတ္ထု-ပုဂ္ဂလဒေဝတက မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတာဖြစ်ပါတယ်၊ 'ရူပါယတနံ စက္ခုဝိညာဏစေတုယာ' ဆိုတော့ စက္ခုဝိညာဏ် မြင်စိတ်ကလေးတခု ဖြစ်ဘို့ ပစ္စည်းပေါင်းများစွာ မြတ်စွာဘုရားက ဟောပါတယ်။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော–

ဒါက အာဝရမ္မဏပုရေဇာတပါ။

ရူပါရုံက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတယ်၊
သဒ္ဒါရုံက သောတဝိညာဏ်ကို ကျေးဇူးပြုတယ်၊
ဂန္ဓာရုံက ဃာနဝိညာဏ်ကို ကျေးဇူးပြုတယ်၊
ရသာရုံက ဇိဝှါဝိညာဏ်ကို ကျေးဇူးပြုတယ်၊
ဖောဋ္ဌဗ္ဗာရုံက ကာယဝိညာဏ်ကို ကျေးဇူးပြုတယ်။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးက မနောဓာတ်ကို ကျေးဇူးပြုတယ် ဆိုတော့ ဒီမှာလဲ တကယ်အာရုံက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုပြီး အာရုံက ၆-ပါး ရှိပါတယ်။

အာဝရမ္မဏပစ္စည်းမှာ ပြန်ကြည့်ရင် "သဗ္ဗေ ဓမ္မာ မနောဓိညာဏဓာတုယာ" ဆိုပြီး ဓမ္မာရုံနဲ့ မနောဓိညာဏဓာတ်ကို ဟောပါတယ်၊ မနော-

ဝိညာဏဓာတ်က မြွာရုံကို အာရုံပြုတော့ အာရမ္မဏပုရေဇာတမှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးသာပါပြီး မြွာရုံမပါလို့ ဒီပါဠိအတိုင်းဆိုရင် အာရမ္မဏပုရေဇာတပစ္စည်းမှာ မြွာရုံမပါဘူးလား ဆိုတာ သံသယရှိစရာ ဖြစ်နေပါတယ်။

တကယ် သဘောတရားမှာကြည့်ရင် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးက ရုပ်ပိုင်းမှာ ဂေါစရရုပ်ဆိုတော့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံမှာ ပထဝီ တေဇော ဝါယောဆိုတော့ အာရုံငါးပါးမှာ ရုပ် ၇-ခု ကုန်သွားပါတယ်၊ နိပ္ပန္နရုပ် ၁၈-ခုသည် အာရမ္မဏပုရေဇာတပစ္စည်းထိုက်တယ်လို့ ပဋ္ဌာဝါရမှာ ဘုရားက ဟောထားပါတယ်၊ 'စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ' စက္ခုပသာဒရုပ်က မြွာရုံပါဘဲ၊ မြွာရုံရဲ့ တရားကိုယ်ကြည့်ရင် ပသာဒရုပ် ငါးခုဟာ မြွာရုံပါဘဲ၊ စက္ခုပသာဒရုပ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာရှုတော့ ပစ္စုပ္ပန် စက္ခုပသာဒရုပ် မြွာရုံက ဝိပဿနာရှုတဲ့ကုသိုလ် မနောဝိညာဏဓာတ်အား အာရမ္မဏပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ပါတယ်။

ဒီမှာမပါပေမဲ့ မြွာရုံက မနောဝိညာဏဓာတ်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုသလား၊ မပြုသလားဆိုတော့ ပဋ္ဌာဝါရမှာ ကျေးဇူးပြုပါတယ်လို့ ဟောထားပါတယ်၊ ပစ္စယနိဒ္ဒေသမှာ ဆိုရင်တော့ အငြင်းပွါးစရာရှိပါတယ်၊ ပစ္စယနိဒ္ဒေသမှာ—

ရူပါရုံက စက္ခုဝိညာဏဓာတ်ကို ကျေးဇူးပြုတယ်၊
သဒ္ဒါရုံက သောတဝိညာဏဓာတ်ကို ကျေးဇူးပြုတယ်၊
ဂန္ဓာရုံက ဃာနဝိညာဏဓာတ်ကို ကျေးဇူးပြုတယ်၊
ရသာရုံက ဇိဝှါဝိညာဏဓာတ်ကို ကျေးဇူးပြုတယ်၊
ဖောဋ္ဌဗ္ဗာရုံက ကာယဝိညာဏဓာတ်ကို ကျေးဇူးပြုတယ်၊
အာရုံငါးပါးက မနောဓာတ်ကို ကျေးဇူးပြုတယ်—

ဆိုတော့ ဓာတ် ၇-ပါး ရှိတဲ့အတွက် တပါးကျန်နေပါတယ်၊ အာရမ္မဏပုရေဇာတမှာ မြွာရုံက မနောဝိညာဏဓာတ်အား ကျေးဇူးပြုသလား

ဆိုတော့ ပစ္စယနိဒ္ဒေသအတိုင်းပြောရင် မပြို့ဘူးဆိုတဲ့ အဓိပ္ပါယ်ထောက်နေတယ်၊ အမှန်ကတော့ ပြို့ပါတယ်၊ ပဥ္စဝဂါရမှာ မြတ်စွာဘုရားက ဟောထားပါတယ်။

ဒါကြောင့် ပညာသင်တဲ့အခါ 'ကျမ်းတတ်ထက် ကျမ်းညံ့ခက်တယ်'လို့ ရှေးရှေးက ဆရာတော်ကြီးများက အမိန့်ရှိခဲ့ကြပါတယ်၊ ကျမ်းတတ်တယ်ဆိုတာက ကျမ်းတခုထဲ သေချာအောင်သင်ရင် တတ်သွားတာပါဘဲ၊ ကျမ်းတခုထဲ တတ်အောင်သင်ပြီး ကျမ်းတခုထဲ အဓိပ္ပါယ်စုံပြီး ပြောနေရင် မှားတတ်ပါတယ်၊ ကျမ်းက စုံအောင် တတ်ရမယ်၊ ညှိတတ်ရမယ်၊ ပစ္စယနိဒ္ဒေသက ပဥ္စဝဂါရနဲ့စာရင် အများကြီးကျဉ်းနေတော့ ပစ္စယနိဒ္ဒေသမှာ မဟောပေမဲ့ ပဥ္စဝဂါရမှာ ဟောထားလို့ ဓမ္မာရုံက မနောဝိညာဏဓာတ်ကို အာရမ္မဏ ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုနိုင်တယ်လို့ ဆုံးဖြတ်ရပါတယ်၊ ဒီနေရာမှာ ပညာရှင်တွေ့ ကြုံစရာက ဓမ္မာရုံဟာ အာရမ္မဏ ပုရေဇာတပစ္စည်း ထိုက်ရဲ့သားနဲ့ ရူပါယတနံ သဒ္ဒါယတနံဆိုတဲ့ မနော-ဓာတ်နောင်မှာ 'သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ' လို့ အာရမ္မဏ ပစ္စည်းတုန်းကလို မလာတော့ဘဲနဲ့ 'ယံ ရူပံ' ဆိုတဲ့ ဟဒယဝတ္ထုရူပ်ကို အဆုံးမှာလာပြတဲ့ ပြဿနာပါဘဲ၊ အဲဒါကြောင့် ပုရေဇာတပစ္စည်း နေပုံကို ထပ်ပြီးရှင်းပြနေရတာပါ၊ ပုရေဇာတပစ္စည်းကို ဒီထက်ပိုပြီးလဲ မရှင်းတတ်တော့ပါဘူး၊ တော်ကြပါစို့။

# ၁၁။ ပစ္ဆာဇာတပစ္စည်း
# သင်ကြားပို့ချချက်များ

ပုရေဇာတပစ္စည်းနဲ့ ပစ္ဆာဇာတပစ္စည်းက နဲနဲဆန်းပါတယ်၊ ပစ္ဆာ=နောက်+ဇာတ=ဖြစ်သည်၊ ပစ္ဆာဇာတဆိုတော့ နောက်မှဖြစ်ပြီးတော့ ရှေ့မှာဖြစ်တဲ့ တရားကို ကျေးဇူးပြုတာကို ပစ္ဆာဇာတပစ္စည်း ထိုက်တယ်လို့ ဆိုပါတယ်၊ ပုရေဇာတတုန်းက ပစ္စည်းတရားက ရှေ့ကအရင်ဖြစ်၊ ပစ္စယုပ္ပန်တရားက နောက်မှဖြစ်လို့ ပုရေဇာတနဲ့ ပစ္ဆာဇာတပစ္စည်းဟာ ပြောင်းပြန်ဖြစ်နေပါတယ်၊ ပစ္ဆာဇာတက ပစ္စည်းတရားက နောက်မှဖြစ်တယ်၊ အကြောင်းတရားက နောက်မှဖြစ်ပြီး အကျိုးတရားက အရင်ဖြစ်နေတော့ ဒီပစ္ဆာဇာတပစ္စည်းဟာ အင်မတန် ဆန်းကြယ်ပါတယ်၊ဒါကြောင့် လောကမှာ ဥပမာပေးဘို့လဲ တော်တော်ခက်ပါတယ်။

ရှေးက အဋ္ဌကထာဆရာကြီးများက လင်းတဥပမာကို ပေးတတ်ကြပါတယ်၊ လင်းတမျှားဟာ ငယ်ငယ်က သူတို့ဘာသာ အစာမရှာနိုင်ခင် အစာမစားရဘဲနဲ့ သူတို့မှာ နောက်ကျရင် စားရမှာဘဲဆိုတဲ့ "အာသာ" က ရှိနေပါတယ်၊ သူတို့ဘာသာရှာပြီး စားနိုင်တဲ့အခါကျမှ အာဟာရ စားရမှာပါ၊ ဒီ'အာသာ'နဲ့ဘဲ သူတို့မှာ နေရတော့ လင်းတမှာ သူ့ရဲ့ ပဋိသန္ဓေကစပြီးဖြစ်တဲ့ သူ့ရဲ့ရုပ်ခန္ဓာကို နောက်မှဖြစ်တဲ့ နာမ်ထရုံးက ကျေးဇူးပြုပါတယ်။

လယ်တီဆရာတော်ကတော့ ဒီလင်းတဥပမာကို သိပ်ကြိုက်ပုံမရပါ၊ သူဥပမာကတော့ အခုထင်ရှားရှိနေတဲ့ သစ်ပင်ကလေးက မျိုးစေ့ကစပြီး စိုက်ထားတာဖြစ်ပါတယ်၊ ရေမလောင်းရင် သေတော့မှာ၊ မသေဘဲနဲ့ ပိန်ပိန်လိမ်လိမ်နဲ့ဘဲ အခက်အလက်ကတော့ တက်ပါတယ်၊ မသေပေမဲ့ နောက်ကျမှ ရေလောင်းလိုက်တော့ လောလောဆယ် သစ်ပင်သာမက ဟိုရှေးက အစေ့ကစပြီးထွက်လာတဲ့ အပင်ကိုလဲ ရှင်သန်ကြီးထွား စိုပြေ

စိမ်းလန်းလှိုလာအောင် ကျေးဇူးပြုသလို ရောနောက်မှ လောင်းပေမဲ့ ပဌမဖြစ်ပေါ်နေတဲ့ အစကဖြစ်နေတဲ့ မျိုးစေ့ကစပြီး ထုတ်လာတဲ့ သစ်ပင်ပင်စည်အခွက်တို့ကို အကုန်လုံး ကျေးဇူးပြုပါတယ်၊ ဒီဥပမာမှာ နောက်မှ လောင်းတဲ့ရောက အရင်ဖြစ်နှင့်နေတဲ့ ရွပ်တဏှာကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

**ဣမဿ ကာယဿ ဂ္ဂဏ်းချက်**

အမှန်က ပစ္ဆာဇာတက နာမ်က ရွပ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ပုရေဇာတပစ္စည်းက ရွပ်က နာမ်ကို ကျေးဇူးပြုတာပါ၊ ပါဠိတော်မှာ 'ပစ္ဆာဇာတာ စိတ္တစေသိကာ ဓမ္မာ' နောက်မှဖြစ်တဲ့ စိတ်စေတသိက်နာမ်တရားတွေက 'ပုရေဇာတဿ ဣမဿကာယဿ' ရှေးရှေးဖြစ်တဲ့ဣန္ဒြာကိုယ်ကို ကျေးဇူးပြုတယ်လို့ ဆိုတာပါဘဲ၊ 'ဣမဿ ကာယဿ'ဣန္ဒြာကိုယ်လို့ အဓိပ္ပါယ်ပြန်ရင်ပြီးပေမဲ့ အဘိဓမ္မာစစ်စစ် အသေးစိတ်ပြောရရင် ဣမဿ ကာယဿ-ဣန္ဒြကေဇကာယ ဒ္ဝိဇကာယ တိဇကာယ စတုဇကာယ အားလို့ ဒီလိုပြန်ရပါဘယ်၊ ကေဇကာယ ဆိုတာက ကေဇာတ-က လာတာပါ၊ ကေ=တခုသောအကြောင်းကြောင့်+ဇာတ=ဖြစ်သည်ဆိုတော့ ကေဇကာယ=အကြောင်းတခုကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်လို့ ဆိုပါတယ်၊ ဒ္ဝိဇကာယဆိုတော့ ဒ္ဝိ=၂+ဇာတ=ဖြစ်သည်၊ အကြောင်း ၂-ခုကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်၊ တိဇကာယဆိုတော့ တိ=၃+ဇာတ=ဖြစ်သည်၊ အကြောင်း ၃-ခုကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်၊ စတုဇကာယဆိုတော့ စတု=၄+ဇာတ=ဖြစ်သည်၊ အကြောင်း ၄-ခုကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်၊ ဒီစတု-ဇကာယကို ပါဠိလို ပြောတဲ့အခါမှာ စတုသမုဋ္ဌာနိကကာယ=ကံ, စိတ်, ဥတု, အာဟာရအကြောင်း ၄-ခုကြောင့်ဖြစ်သော ခန္ဓာကိုယ်ကို စတုဇ-ကာယ ခေါ်မည့်အစား စတုသမုဋ္ဌာနိကကာယလို့ ခေါ်ရပါတယ်၊ စတုဇ-ကာယက အတိုခေါ်ထားတာပါ။

ဣကေဇကာယ ဒ္ဝိဇကာယ တိဇကာယ စတုဇကာယ ဖြစ်တာက ဘယ်လိုခန္ဓာလဲ၊ ဥပမာမှာ နီးစပ်တဲ့ ဥပမာတွေရှိပေမဲ့ လယ်တီဆရာတော်

မကျေနပ်သလို တိုက်ရိုက်စောဒကတင်စရာတွေ့ ဥပမာတွေ့မှာ ရှိနေပါတယ်၊ ပဋ္ဌာန်းမှာတော့ ဝိထိနဲ့ရှင်းမှာဘဲ သဘောပေါက်နားလည်မှာ ဖြစ်ပါတယ်။

## ပဋိသန္ဓေခဏနှင့် နာမ်ရုပ်ခန္ဓာ

မရဏာသန္န ဝီထိဆိုတဲ့ ဘဝပြောင်းတဲ့ဝီထိမှာ ပဋိသန္ဓေပြီးတော့ ဘဝင် ၁၆-ချက် ဖြစ်ပါတယ်၊ ဘဝမှာ ပဋိသန္ဓေစိတ်က ပဌမဆုံး စ-ပါတယ်၊ ပဌမဆုံးစိတ်က ပဋိသန္ဓေစိတ်၊ ဒီပဋိသန္ဓေစိတ်မှာက ဥပါဒ်, ဌိ, ဘင်၊ ပဌမဘင်မှာ ဥပါဒ်, ဌိ, ဘင်၊ ဒုတိယဘင်မှာ ဥပါဒ်, ဌိ, ဘင်၊ တတိယဘင်မှာ ဥပါဒ်, ဌိ, ဘင်နဲ့ဖြစ်နေတော့ ပဋိသန္ဓေစိတ်အခိုက်မှာ ဘာရုပ်ဖြစ်သလဲဆိုရင် ပဋိသန္ဓေအခါ ဥပါဒ်ခဏမှာ ကမ္မဇရုပ် ၃၀-ရှိပါတယ်၊ ကမ္မဇရုပ် ၃၀-ဆိုတာက—

(၁) ဘာဝဒသက=ယောကျ်ားဆိုရင် ပုမ္ဘာဝဒသက = ပုရိသိန္ဒြေနဲ့ တကွ ရုပ် ၁၀-ခု၊ မိန်းမဆိုရင် ဣတ္ထိန္ဒြေနဲ့တကွ ရုပ် ၁၀-ခု၊

(၂) ဝတ္ထုဒသက-က ဟဒယဝတ္ထုနဲ့တကွ ရုပ် ၁၀-ခု၊

(၃) ကာယဒသက-က ကာယပသာဒနဲ့တကွ ရုပ် ၁၀-ခုဖြစ်ပါတယ်။

ပဋိသန္ဓေတည်သည့်အချိန် ပဋိသန္ဓေစိတ်နဲ့ ဝတ္ထုရုပ်ကို 'သြက္ကန္တိက္ခဏေ နာမ ရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုပြီး သဟဇာတမှာ ဆိုခဲ့ပြီးတဲ့ ဟဒယဝတ္ထုနဲ့ နာမ်ဆိုတဲ့ ပဋိသန္ဓေဝိညာဏ်က ဥပါဒ်ခဏမှာဘဲ သဟဇာတပစ္စည်းနဲ့ နာမ်နဲ့ရုပ် တပြိုင်နက် အတူတူဖြစ်ပါတယ်၊ အညမညမှာလဲ 'သြက္ကန္တိက္ခဏေ နာမရူပံ' ပဋိသန္ဓေအခိုက်မှာ နာမ်နဲ့ရုပ် အညမည အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာ တွေ့ခဲ့ပါပြီ။

နောက်မှာဖြစ်တဲ့ နာမ်တရားတွေက ချွေမှာဖြစ်တဲ့ ရုပ်တရားကို ကျေးဇူးပြုထယ်ဆိုတော့ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာရှိတဲ့ ရုပ်ဟာ ဘာဝဒသက, ဝတ္ထုဒသက, ကာယဒသက-ဆိုတဲ့ ရုပ်ပေါင်း ၃၀-စ-ဖြစ်ပါထယ်၊ ပဋိသန္ဓေစိတ်ရဲ့ ကိုယ်ဖြစ်တဲ့ရုပ်ဟာ ကံ့စိတ်,ဥတု,အာဟာရဆိုတဲ့ အစကြောင်း ၄-ပါးနဲ့ ယူမယ်ဆိုရင် ဘယ်အကြောင်းနဲ့ ဖြစ်လာတဲ့ ရုပ်လဲ

ဆိုတော့ ကမ္မဇကလာပ် ၉-စည်းထဲမှာပါတဲ့ ကံကြောင့် ဖြစ်လာတဲ့ ကမ္မဇရုပ်ဆဲ ဖြစ်ပါတယ်။

**ကေဇကာယ ဒွိဇကာယ**

ကမ္မဇရုပ်ဟာ ပဋိသန္ဓေစိတ် ဥပါဒ်အခါမှာ စ-ပြီး ဖြစ်ပါတယ်၊ ဥပါဒ်ခဏမှာ **ကေဇကာယ** နဲ့ စ-ပြီး ဖြစ်တယ်၊ ပဋိသန္ဓေနောက် ဘဝင်ဆိုတော့ နောက်စိတ်ဘဝင်က ပဋိသန္ဓေစိတ်နဲ့ အတူဥပါဒ်တဲ့ ကေဇကာယကို ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒီနေရာမှာ ရုပ်တရားက အာရုံဖြစ်၊ နာမ်တရားက နောက်မှ ဖြစ်လို့ ပစ္ဆာဇာဘက ကျေးဇူးပြုတာ ဖြစ်ပါတယ်။

နောက်ကဖြစ်တဲ့နာမ်တရား၊ နောက်စိတ်ဆိုတာက ပဌမဘဝင်မှာရှိတဲ့ စိတ် ဧစတသိက်တရားကို ဆိုလိုပါတယ်၊ ဒီပဋိသန္ဓေနောက် ဘဝင်ဆိုတဲ့ ပဌမဘဝင်မှာရှိတဲ့ စိတ် ဧစတသိက်တို့က ပစ္ဆာဇာတပစ္စည်းနဲ့ ကေဇကာယ ပဋိသန္ဓေခဏမှာဖြစ်တဲ့ ခန္ဓာကိုယ်ကို ကျေးဇူးမပြုရင် ဒီခန္ဓာကိုယ်ဟာ မတည်မြဲဘဲ ပျက်သွားမှာပါဘဲ၊ နာမ်တရားများက နောက်မှ ဖြစ်ပြီး ရုပ်သောက်ကြာတာ မဟုတ်ပါ၊ နာမ်တရားက ဥပါဒ်, ဌိ, ဘင် ဖြစ်ပြီး ပျက်သွားပါတယ်၊ ရုပ်တရားကတော့ စိတ္တက္ခဏ ၁၇-ချက် ဖြစ်ပြီးမှ ချုပ်တာဖြစ်တဲ့အတွက် ပဋိသန္ဓေစိတ်ရဲ့ ဌိခဏ, ဘင်ခဏ၊ ပဌမဘဝင်ရဲ့ ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏမှာလဲ ဖြစ်တယ်၊ ဒီကမ္မဇရုပ်ဟာ ဥပါဒ်ခဏမှာ စ-ဖြစ်တဲ့ရုပ်က ၁၇-ချက်ဖြစ်ပြီးရင် ချုပ်တယ်၊ ဌိခဏမှာ စ-ဖြစ်တဲ့ ကမ္မဇရုပ်ကလဲ ၁၇-ချက်ဖြစ်ပြီး ချုပ်တယ်၊ ဘင်ခဏမှာ စ-ဖြစ်တဲ့ရုပ်ကလဲ ၁၇-ချက်ဖြစ်ပြီး ချုပ်တယ်၊ ဒါပေမဲ့ ရုပ်က တကယ်အားရှိတာက ဌိခဏမှာဘဲ အားရှိပါတယ်၊ 'ဣမဿ ကာယဿ'-ရုပ်၏ ဌိ-သို့ရောက်သော ရုပ်အားဆိုတော့ ပဋိသန္ဓေစိတ်ရဲ့ ဌိခဏမှာ အားရှိတဲ့အတွက် ဥတုဇရုပ်က ဌိခဏမှ စ-ဖြစ်ပါတယ်၊ ပဋိသန္ဓေ ဥပါဒ်ခဏမှာ စ ဖြစ်တာက ဧကဇကာယ၊ ပဋိသန္ဓေစိတ်ရဲ့ ဌိခဏမှာ ဥတုဇရုပ်က စ-ဖြစ်တော့ အဲဒီအချိန်မှာ **ဒွိဇကာယ** ဖြစ်သွားပါတယ်။

ဒို့ဇကာယခဏမှာ အအေး အပူ တဇောဓာတ်ဟာ ဌီခဏမှာ စပြီး ကျေးဇူးပြုတော့ ကံကြောင့် ဥတုကြောင့်ဖြစ်တဲ့ ကာယ ၂-မျိုးဟာ ၁၇-ချက်ပြည့်အောင် ခဏတိုင်း ဖြစ်ပါတယ်၊ စိတ္တဇရုပ်ကတော့ ပဌမဘဝင်ရဲ့ ဥပါဒ်က စ-ဖြစ်ပါတယ်။

ပဋိသန္ဓေစိတ်က ဦးစွာ ပဌမ ဖြစ်ရတဲ့အတွက် ရုပ်ကို မဖြစ်စေနိုင်ပါ၊ ပဋိသန္ဓေစိတ်မှာက ပဌမဆုံးဖြစ်ရတဲ့စိတ်ဆိုတော့ သူမှာ အာမ်ရာ တည်ထောင်စ လင်မယားမှာ အစစကို ပျိုးထောင်နေရတော့ ဘာမှ အားမရှိသလို ပဋိသန္ဓေစိတ်ကလဲ ဝတ္ထုရုပ်နဲ့ သူနဲ့ဟာ အပြန်အလှန်ကျေးဇူးပြုပြီး တည်မြဲအောင် မနဲလုပ်နေရပါတယ်၊ ဒီမှာ ပစ္စာဇာတပစ္စည်းနဲ့ ခိုင်မြဲအောင် ရုပ်တရားနဲ့ နာမ်တရား ခိုင်မြဲအောင် ပစ္စာဇာတပစ္စည်းက ဥပတ္ထမ္ဘကအကြောင်းနဲ့ ထောက်ပံ့ဆားရပါတယ်၊ ဘဝမှာ အသက်ရှင်လာအောင် နောက်က နာမ်တရားက ထောက်ပံ့ထားရတာသည် ယိုင်နေတဲ့အိမ်တအိမ်ကို မပျက်မစီး တည်တံ့အောင် ကျားကန်ထားရသလို ပစ္စာဇာတပစ္စည်းက ကျေးဇူးပြုထားရပါတယ်။

ရုပ်ကို မဖြစ်စေနိုင်တဲ့ စိတ်ထဲမှာ ပဋိသန္ဓေစိတ်လို့ သင်္ကြိုဟ်မှာ သေသေချာချာ မပါပါ၊ အရှုပဝိပါက် ၄၊ ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့ ရဟန္တာစုတိစိတ်ကတော့ ရုပ်ကိုဖြစ်စေနိုင်တဲ့စိတ် မဟုတ်ဆိုတာပါပါတယ်၊ ပဋိသန္ဓေစိတ်ဟာ ရုပ်ကိုမဖြစ်စေနိုင်ဆိုတာက သူများကိုဖြစ်စေဘို့ မဆိုထားနဲ့၊ သူကိုယ်တိုင် တည်မြဲအောင် မနဲ ကျားကန်ထားရတဲ့ အချိန်ပါ။

**တိဇကာယ စတုဇကာယ**

ပဋိသန္ဓေဝီထိမှာ ပဌမဘဝင်ကျမှ စိတ္တဇရုပ်တွေ ပါလာပါတယ်၊ ဒုတိယဘဝင်က ပဌမဘဝင်ကို ကျေးဇူးပြုတာက ပဌမဘဝင်မှာရှိတဲ့ ကာယကို ကျေးဇူးပြုတဲ့အခါ **တိဇကာယ** ဖြစ်လာပါတယ်၊ ပဌမဘဝင်မှာ ခန္ဓာကိုယ်ဟာ ကမ္မဇ, ဥတုဇ, စိတ္တဇ အဲဒီ အကြောင်း ၃-ပါးကြောင့် ဖြစ်လာပါတယ်၊ စတုဇကာယ ဘယ်တော့ဖြစ်လာသလဲ၊ အာဟာရဇရုပ်ဆိုတာက ၂-မျိုးရှိပါတယ်၊ ဝတ္ထု, ဂန္ဓ, ရသ, ဩဇာနှင့် မဟာဘုတ် ၄-ခု

ဆိုတဲ့ ကမ္မဇရုပ်မှာရှိတဲ့ အဋ္ဌကလာပ်တို့မှာပါတဲ့ အဋ္ဌတ္တာသြဇာက ပဋိသန္ဓေစိတ် ဥပါဒ်က စ-ပြီး ပါလာပါတယ်၊ အဲဒီ သြဇာ ဆိုတဲ့ အာဟာရက ရုပ်ကိုမဖြစ်နိုင်သေးပါ၊ အဋ္ဌတ္တာသြဇာက ဗဟိဒ္ဓသြဇာရဲ့ အထောက်အပံ့ကိုရမှ ရုပ်ကိုဖြစ်စေတော့ အာဟာရဇရုပ်က အမိက တံတွေးမျိုချတဲ့အခါမျိုး, ရေသောက်တဲ့အခါမျိုး, အမိက အာဟာရ မျိုချတဲ့အခါမျိုးမှာ ကလေးခန္ဓာကိုယ်ထဲ ရောက်သွားပါတယ်၊ အဲဒီ အချိန်မှာ စတုသမုဋ္ဌာနိကကာယခေါ်တဲ့ **စတုဇကာယ** ဖြစ်ပေါ်လာပါတယ်။

## ပဋိသန္ဓေမှ စုတိ

ပစ္ဆာဇာတသတ္တိနဲ့ နောက်နောက်သော စိတ်များက ပဋိသန္ဓေစိတ်က စပြီး သေသည်အထိ စုတိစိတ်တိုင်အောင် အဆက်မပြတ်ဖြစ်တဲ့ရုပ်များကို ကျေးဇူးပြုပါတယ်၊ ကမ္မဇရုပ်ကလဲ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ကစပြီး စုတိစိတ်မရောက်မီ ၁၇ ချက်အလိုအထိ အဆက်မပြတ်ဖြစ်နေပါတယ်၊ ကမ္မဇရုပ်,စိတ္တဇရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်ဆိုတဲ့ ရုပ်တရားဘွဲ့ဟာ နဒီသောတော ဝိယ=မြစ်ရေအယဉ်ကဲ့သို့ဇင်း,ဒီပဇာလာ ဝိယ=မီးအလျှံကဲ့သို့ဇင်း ဆိုတော့ မြစ်ထဲမှာ ရေစီးဆင်းတဲ့အခါ ရှေ့ရေ နောက်ရေ ခဲ့လို့မရသလို, မီးကလဲ မီးတခုကိုကိုင်ပြီး လှဲ့တဲ့အခါ ဝိုင်းဝိုင်းလည်တဲ့ မီးဝိုင်းကြီး မြင်ရပေမဲ့ မီးကတခုထဲ ဖြစ်သလို ရုပ်တွေက ထပ်ဆပ်ပြီး အစဉ်မပြတ်ဖြစ်နေတဲ့ အခါ ခန္ဓာကိုယ်ကြီးက အတုံးအခဲကြီးလို ဖြစ်နေပါတယ်၊ ဒီလို ဖြစ်နေတဲ့ စတုဇကာယကို နောက်နောက်မှာရှိတဲ့ စိတ် ဧတသိက်တွေက ရှေ့ရှေ့မှာရှိတဲ့ ရုပ်တရားတို့ကို ကျေးဇူးပြုတာဖြစ်ပါတယ်။

ပုရေဇာတက ရုပ်က ရှေ့နေပြီး နောက်မှာဖြစ်တဲ့ နာမ်တရားကို ကျေးဇူးပြုတယ်၊ ပစ္ဆာဇာတက နာမ်တရားက နောက်ကနေပြီး ရှေ့မှာရှိတဲ့ ရုပ်တရားကို ကျေးဇူးပြုတယ်ဆိုတော့ ရုပ်ရဲ့ သန္ဓတိ နာမ်ရဲ့ သန္ဓတိ အစဉ်ဟာ ရုပ်က နာမ်ကို ကြိုးနဲ့ချည်တားသလို နာမ်ကလဲ ရုပ်ကို ကြိုးနဲ့ ပြန်ချည်ထားသလို ခန္ဓာကိုယ်မှာ သန္ဓတိအစဉ်ကြီးက ကြီးမားလာပြီး

မသေဘဲနဲ့ အကောင်အဘည်ကြီး ဖြစ်နေပါတယ်၊ ဒီလို ခန္ဓာကိုယ်မှာ သန္ဓတိအစဉ်ကြီး မသေဘဲနဲ့ အကောင်အထည်သဏ္ဌာန်ကြီး ဖြစ်နေတယ် ဆိုတာက ပုရေဇာတနဲ့ ပစ္ဆာဇာတ အကြောင်းအကျိုးဟာ အင်မတန် အရေးကြီးကြောင်း ထင်ရှားနေပါတယ်။

## ၂၄-ပစ္စည်းမှာ မျိုးခွဲတဲ့အခါ

ပုရေဇာတနဲ့ ပစ္ဆာဇာတပစ္စည်းတို့ကို ပစ္စည်းမျိုးခွဲတဲ့ အခါကျတော့ သူတို့က သီးခြားလာပါတယ်၊ သဟဇာတမျိုးက ပဋ္ဌာန်း ၂၄-ပစ္စည်းမှာ အများဆုံးပါလို့ အမျိုးအစား ၁၅-မျိုးလောက်ရှိပါတယ်၊ သဟဇာတက အတူတူဖြစ်, အတူတူပျက်ရမယ်၊ ရုပ်ထူးနဲ့ နာမ်တထူးဟာ ပဋိသန္ဓေ စိတ်ရဲ့ ဥပါဒ်ခဏမှာ တပြိုင်နက်ဖြစ်တော့ သဟဇာတဖြစ်ပါတယ်။ စိတ္တဇ ရုပ်ကလဲ စိတ်ဖြစ်တာနဲ့ စိတ္တဇရုပ်က ဖြစ်တာပါ၊ စိတ္တဇရုပ်နဲ့ နာမ်တထူးဟာ အတူဖြစ်, အတူပျက်ပါတယ်၊ ဝီထိချတဲ့အခါ ရုပ်သက် ၁၇-ချက်ထဲမှာ ဝိညတ်ရုပ်ကို ဖယ်ထားပါတယ်၊ ဝိညတ်ရုပ်က နာမ်တထူးနဲ့ အတူဖြစ်, အတူပျက်မို့ ဝိညတ်ရုပ် မပါပါ၊ စိတ္တဇရုပ်က သဟဇာတမျိုးထဲမှာ ပါတယ်။

ပုရေဇာတမှာ ရှုပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ-စတဲ့ အာရုံငါးပါးက အတိတ ဘဝင်ကစဖြစ်တော့ စက္ခုဝိညာဏ် သောတဝိညာဏ်ဆိုတာက စိတ္တက္ခဏ ၄-ချက်လောက်မှ သူကဖြစ်တယ်ဆိုတော့ ပစ္စည်းတထူးက အရင်ဖြစ်, ပစ္စယုပ္ပန်တထူးက နောက်မှဖြစ်လို့ သဟဇာတမျိုးထဲမှာ ပုရေဇာတမျိုး မပါနိုင်ပါ၊ ပစ္ဆာဇာတကလဲ နာမ်တထူးက နောက်မှဖြစ်, သူ့အကျိုးတထူးက အရင်ပဋမရှိနေတော့ နာမ်ကရုပ်ကို ကျေးဇူးပြုတာမှာ နာမ်နဲ့ရုပ်က ဘယ်နည်းနဲ့မှ တပြိုင်နက်မဖြစ်တော့ သဟဇာတမျိုးထဲမှာ မပါတော့ပါ။

ပဋ္ဌာန်း ၂၄-ပစ္စည်းမှာ အာရမ္မဏမျိုးကလဲ (၈)ပစ္စည်းလောက်ရှိပါတယ်၊ အာရမ္မဏမျိုးက အာရုံအာဝဇ်ဖြင့် ကျေးဇူးပြုတာဖြစ်တော့ အာရမ္မဏပုရေဇာတက အာရမ္မဏမျိုးမှာရပါတယ်၊ ဝတ္ထုပုရေဇာတဆိုရင် အာရမ္မ

ကမျိုးမှာ များသောအားဖြင့် မရပါ၊ ပစ္ဆာဇာတက အာရုံ အာရမ္မဏ်က လုပ်လို့ မရခဏာ့ အာရမ္မဏမျိုးမှာလဲ မပါပါ။

အနန္တရမျိုးကလဲ ၂၄-ပစ္စည်းမှာ(၇)မျိုး ရှိပါတယ်၊ အနန္တရဆိုတာက စိတ်တခု အခြားမရှိမှ ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုတာပါ၊ ပြီးတော့ သူက နာမ်က နာမ်ကိုသာ ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ပုရေဇာတက ရုပ်က နာမ်ကို ကျေးဇူးပြုတာ၊ ပစ္ဆာဇာတက နာမ်က ရုပ်တရားကို ကျေးဇူးပြုတာဖြစ်တော့ ရုပ်နဲ့နာမ်ဟာ အနန္တရမျိုးမှာ ဘယ်တော့မှ မရနိုင် မပါနိုင်ပါ၊ ဒါကြောင့် သူတို့က ကျယ်ဝန်းတာမဟုတ်ပေမဲ့ ပုရေဇာတမျိုးနဲ့ ပစ္ဆာဇာတမျိုးဆိုပြီး သီးခြား ဒီပစ္စည်း၂-ခုကို ခွဲထုတ်ရပါတယ်။

## ပဋ္ဌဒ္ဓါရဝိထိ

ပစ္ဆာဇာဘမှာ ဝိထိကို ပဋိသန္ဓေစိတ်နဲ့တော့ ချပြီးပြခဲ့ပြီ၊ ပဋ္ဌဒ္ဓါရဝိထိနဲ့ ချကြည့်မယ် ဆိုရင်လဲ အတိတဘာဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, ပဋ္ဌဒ္ဓါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုဝ်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံလို့ ချပါတယ်၊ ပဝတ္တိအခါရောက်လာတော့ အတိတဘာဝင်ရဲ့ ဥပါဒ်ဌီ,ဘင်၊ ဘဝင်စလနရဲ့ ဥပါဒ်,ဌီ,ဘင်၊ ဘဝင်္ဂုပစ္ဆေဒရဲ့ ဥပါဒ်,ဌီ,ဘင်-လို့ ဒီလိုဘဲ သွားပါတယ်၊ ပဝတ္တိအခါမှာ ဝိထိစိတ်တွေဖြစ်တော့ ရှုပါရုံကို စက္ခုဝိညာဏ်ကမြင်တဲ့အခါမှာ စတုဇကာယဆိုတဲ့ ကိုယ်ကလဲရှိ, ရုပ်တွေကလဲ ရှိနေပါတယ်၊ ပဋိသန္ဓေအချိန် အာမိက အာဟာရမျိုးတဲ့ အချိန်က စပြီး စတုဇကာယက ဖြစ်နေပါဘယ်၊ စတုဇကာယ ရုပ်တရားကလဲ အတိတဘဝင်ရဲ့ ဌီခဏမှာရှိနေတယ်၊ ဘဝင်စလန နာမ်တရားက အတိတဘဝင်ရဲ့ ဌီခဏမှာရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်၊ ရုပ်က ဌီခဏမှာသာ အားရှိပါတယ်၊ ဘဝင်္ဂုပစ္ဆေဒ နာမ်တရားက ဘဝင်စလန ဌီခဏမှာရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ် စေတသိက် နာမ်တရားများက ဘဝင်္ဂုပစ္ဆေဒရဲ့ ဌီခဏမှာရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်၊ စက္ခုဝိညာဏ်

စိတ် စေတသိက် နာမ်တရားကလဲ ပဋ္ဌဒ္ဓါထုဝင်္ခန်းရဲ့ ဌီခဏမှာ ရှိတဲ့ စတုဇကာယကို ကျေးဇူးပြုပါတယ်၊ ဒီလိုဘဲ ဝီထိတွေဖြစ်နေသမျှ ကာလပတ်လုံး နောက်နောက်သော စိတ်များက ရှေးရှေးသောစိတ်နဲ့ အတူညပါဒ်တဲ့ ရုပ်၏ ဌီသို့ထောက်သော စတုဇကာယကို ကျေးဇူးပြုပါတယ်၊ မနောဒ္ဓါရဝီထိ, မဂ္ဂဝီထိ, ဈာနဝီထိတို့မှာလဲ ဒီအတိုင်းပါဘဲ။

ဒါကြောင့် ဒါနဘဲလုပ်လုပ်, သီလဘဲ ဆောက်တည် ဆောက်တည်, ဝိပဿနာဘဲ အာဒုတ်အာဒုတ်၊ ဘာဘဲလုပ်လုပ် စတုဇကာယနဲ့သာ လုပ်နေကြတာပါ၊ စတုဇကာယ တည်တဲ့ခိုင်မြဲနေအောင်က ပစ္စာဇာတပစ္စည်း နာမ်တရားက နောက်ကနေပြီး ထောက်ပံ့ထားတာပါ၊ တော်တော်ဆန်းကြယ်တဲ့ ပစ္စည်းဖြစ်ပါတယ်။

## အတ္ထိပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းရပုံ

နောက်ကနေပြီး ရှေ့ကရှိတဲ့ရုပ်ကို ကျေးဇူးပြုတဲ့အခါ အတ္ထိပစ္စည်းက ပစ္စယုပ္ပန်ရှိနေတဲ့ အခါမှာသာ ကျေးဇူးပြုတဲ့အဘက် အတ္ထိပစ္စည်းရနိုင်ပါမလားလို့ သံသယရှိနိုင်ပါတယ်၊ ဝီထိမှာကြည့်ရင် ရုပ်တရားက အသက် ၁၇-ချက် ရှည်နေသည့်အတွက် နာမ်တရားက ညပါဒ်, ဌီ, ဘင် ဖြစ်နေဆဲမှာ ကျေးဇူးပြုပါတယ်၊ ဒါကြောင့် အတ္ထိပစ္စည်းလဲ ရနိုင်ပါတယ်။

နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုတဲ့အခါမှာ 'အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တာပစ္စယေန ပစ္စယော' နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုတာသည် ဝိပ္ပယုတ္တာပစ္စည်း ဖြစ်တဲ့အတွက် ပစ္စာဇာတပစ္စည်းမှာ ဝိပ္ပယုတ္တလဲ ရပါတယ်၊ ပစ္စည်းတွေ့စုံတဲ့အခါမှာ ထပ်ပြီးရှင်းပြပါဦးမယ်၊ ပစ္စာဇာတပစ္စည်းက ဒီလောက်ဆိုရင် တော်လောက်ပါပြီ။

## ၁၂။ အာဇသေဝနပစ္စည်း
## သင်ကြားပို့ချချက်များ

အာဇသေဝနပစ္စည်းက ပါဠိမှာ အာ+သေဝနပါဘဲ၊ မဂ်လသုတ်မှာ အသေဝနာစ ဗာလာနံဆိုတာက 'အ'က တားမြစ်တဲ့ပုဒ်၊ သေဝနာက မှီဝဲတယ်၊ဆည်းကပ်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ အသေဝနာစ ဗာလာနံ လူမိုက်ကို မဆက်ဆင်းသင်းရလို့ ဆိုပါတယ်။ ဒီ အာသေဝနမှာက သေဝနဆိုတဲ့ ပါဠိ ချင်းတူပေမဲ့ သုံးသည်၊ ပွါးများသည်ဆိုတဲ့ အဓိပ္ပါယ်ပါ။ အာ-ဆိုတာက အထပ်ထပ် အခါခါ အကြိမ်ကြိမ်ဆိုတဲ့ အနက်မျိုးရပါတယ်၊ ဒါကြောင့် မှီ အကြိမ်ကြိမ်ပွါးများထားတယ်၊ ဝါသနာထုံတယ်ဆိုတော့ အကြိမ်ကြိမ် အဖန်ဖန် ထုံထားတဲ့ လုပ်ငန်းတခုကို အာသေဝနလို့ခေါ်ပါတယ်၊ အခု လို (၇)ရက်တကြိမ် နှစ်ကြိမ် သင်တန်းတက်ပြီးတော့ မှန်မှန်အမြဲတမ်း လေ့လာပွါးများနေတာဟာ ထုံတာပါဘဲ။

အာသေဝနပစ္စည်းရရင် အားရှိပါတယ်၊ အာသေဝန ပစ္စည်းမရရင် အားမရှိဘူးလို့ ဒီလိုအဋ္ဌကထာ ဋီကာဆရာတွေက ကျမ်းဂန်တွေထဲမှာ ရေးကြတာ၊ ပဋ္ဌာန်းမသင်ဘဲနဲ့ ဒီကျမ်းဂန်တွေကို သဘောမပေါက်နိုင်ပါ၊ အာသေဝနဆိုတာက အထပ်ထပ် အကြိမ်ကြိမ်ထုံထား ပွါးများထားကဲ့ အင်မတန်အားကြိုးတဲ့ ပစ္စည်းပါ၊ ဒီလိုအားကြိုးတဲ့ ပစ္စည်းဖြစ်လို့လဲ အာသေဝနဟာ အနန္တရပစ္စည်းမျိုးထဲမှာ ပါနေပါတယ်၊ အာသေဝန ပါဠိဇာတ်ကိုကြည့်ရင် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော' လို့ ကုသိုလ်က ကုသိုလ်ကိုသာ ကျေးဇူးပြုတာ ဟောပါတယ်၊ အနန္တရမှာက ကုသိုလ်က အဗျာကတကိုလဲ ကျေးဇူးပြုတယ်၊ ဥပနိဿယမှာက ကုသိုလ်က အကုသိုလ်ကိုပါ ကျေးဇူးပြုတယ်၊ အာသေဝနမှာ အဗျာကတနဲ့ အကု

သိုလ်မရဘဲ ကုသိုလ်က ကုသိုလ်ကို မကျးဇူးပြုတာဘဲရတယ်လို့ ဟောပါ တယ်၊ ကုသိုလ်က ကုသိုလ်ချင်းကိုသာ အာသေဝန ပစ္စည်းရပါတယ်။

**လောကုတ္တရာကုသိုလ်စိတ်.၄ အာသေဝနမတပ်**

ကုသိုလ်စိတ်မှာ အားလုံး ၂၁-ခုရှိတော့ လောကုတ္တရ ကုသိုလ်က-၄၊ လောကီကုသိုလ်က ၁၇-ရှိပါတယ်၊ အာသေဝနပစ္စည်းမှာ ဆန်းကြယ်တာ က ကြီးကျယ်တယ်ဆိုတဲ့ လောကုတ္တရာခေါ ၄-ခုက အာသေဝနပစ္စည်း မတပ်ပါ၊ လောကီကုသိုလ်များသာ အာသေဝနတပ်ပါတယ်၊ နာမ်တရား တွေမှာ ဝိပါက်စိတ်များက အားမရှိလို့ အာသေဝနပစ္စည်းမရပါ၊ ဝိပါက် က မှန်ထဲက အရိပ်လို ဘာမှကြိုးစားရတာ မဟုတ်ဘဲ မှန်ရှေက လူရပ် လိုက်တဲ့အခါ သူဟာသူ မှန်မှာ အရိပ်ထင်တာဖြစ်တော့ ဝိပါက်စိတ်က လဲ ဒီလိုပါဘဲ၊ နောက်က အခြေကြောင်းတရားလုပ်ခဲ့လို့ အရိပ်တွေပေါ် တယ်၊ ကောင်းတာလဲမြင်, မကောင်းဘာလဲမြင်၊ ကောင်းတာလဲကြား, မကောင်းတာလဲ ကြားရတယ်ဆိုတာဟာ ဝိပါက်စိတ်တွေပါဘဲ။

ပဋိသန္ဓေစိတ်ကလဲ သူ့ရှေးဖြစ်တယ်၊ ဆင်းရဲသားဖြစ်တယ်၊ မင်း ဖြစ်တယ်၊ သူဘာသာသူ ဖြစ်လာတာ၊ မှန်ထဲမှာ အခိုပ်ပေါ်လာသလို သူတို့မှာ ပယောဂမရှိတဲ့အတွက် ဝိပါက်စိတ်မှန်သမျှ ဘယ်ဝိပါက်စိတ်မှ အာသေဝနပစ္စည်း မဖြစ်ပါ၊ ကုသိုလ်မှာလဲ အားလုံး အာသေဝနပစ္စည်း တပ်သလား ဆိုတော့ လောကုတ္တရာကုသိုလ်မှာ အာသေဝနပစ္စည်း မတပ်ပါ၊ အလွန်ကြီးကျယ်မြင့်မြတ်တဲ့ လောကုတ္တရာကုသိုလ်မှာ ဘာ ကြောင့် အာသေဝနပစ္စည်း မတပ်ရသလဲ၊ ရှေးဆရာကြီးများသုံးတာက အာသေဝနမှာ ၂-မျိုးရှိပါတယ်။

(၁) အာသေဝနပစ္စည်း မတပ်တာက တမျိုး၊

(၂) အာသေဝနပစ္စည်း မရတာက တမျိုးလို့ ရှိပါတယ်။

အာသေဝနပစ္စည်း မတပ်တာက ပစ္စည်းတရားမဖြစ်လို့ အာသေဝန ပစ္စည်းထဲမှာ မပါပါ၊ အာဒသေဝနပစ္စည်း မရဘူးဆိုတာက ပစ္စယုပ္ပန်တရား

ထဲမှာ မပါပါ၊ အာသေဝနပစ္စည်းကြောင့် ဖြစ်တဲ့တရား မဟုတ်ဘူးလို့ ဆိုလိုပါတယ်၊ အာသေဝနပစ္စည်း မတပ်တာနဲ့ မရတာကို နားလည်အောင် ရှင်းရမယ်ဆိုရင် ဝီထိနဲ့ရှင်းမှ နားလည်မှာပါ။

## မဂ္ဂဝီထိနဲ့ အာသေဝန

မဂ္ဂဝီထိကို ချကြည့်ရင် အတိတ်ဘဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်ဇောတကြိမ်, ဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်လို့ ချရပါတယ်။အမှန်က ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အားလုံးက လောကီကုသိုလ်စိတ်ပါ၊ ဝိပဿနာအားထုတ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဟာ ပုထုဇဉ်မှာဖြစ်တဲ့ စိတ်ပါ၊ လောကုတ္တရာကုသိုလ်ဖြစ်တဲ့ သောတာပတ္တိမဂ်စိတ်ဟာ အာသေဝနပစ္စည်း မဖြစ်တဲ့အထဲမှာ ပါပါတယ်၊ အာသေဝနပစ္စည်းကလဲ အနန္တရမျိုးမှာ ပါပါတယ်။

မဂ္ဂဝီထိမှာ လောကုတ္တရာကုသိုလ် မဂ်စိတ်နောင် ဖိုလ်ဆိုတော့ ဖိုလ်က ဝိပါက်စိတ် ဖြစ်ပါတယ်၊ ဝိပါက်စိတ်ကလဲ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ'ဆိုတော့ ကုသိုလ်က ကုသိုလ် အားသာလျှင် အာသေဝနပစ္စည်းက ဖြစ်ပါတယ်၊ လောကုတ္တရာမဂ်စိတ်က ဖိုလ်စိတ်ကို ကုသိုလ်နဲ့ အဖျားကတဖြစ်တော့ အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ၊ လောကုတ္တရာကုသိုလ်က အာသေဝနပစ္စည်း မရတာတော့ မဟုတ်ပါ၊ 'လောကုတ္တရော အာသေဝနပစ္စယော နာမ နတ္ထိ'လို့ ဆိုတာက လောကုတ္တရာ ကုသိုလ်မျိုးဟာ အာသေဝနပစ္စည်း မတပ်ဘူးလို့သာ ပြောကြတာပါ၊ မရဘူးလို့ ဓပြောတာ မဟုတ်ပါ။

## ဇာတ်ချင်းမတူ

မဂ်က ဖိုလ်ကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုတာ ဘာကြောင့်လဲ ဆိုရင် ဖိုလ်က ဝိပါက်ဖြစ်နေလို့ ဇာတ်ချင်း မတူပါ၊ အဘိဓမ္မာမှာ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာဆိုတဲ့ ဇာတ်တွေ့ရှိပါတယ်၊ ကုသိုလ်နဲ့ အကုသိုလ်က ဇာတ်ချင်း မတူပါ၊ ဝိပါက်နဲ့လဲ ဇာတ်မတူ၊ ကြိယာနဲ့လဲ

ဇာတ်မတူ၊ ဇာတ်မတူတဲ့ တထားချင်းကလဲ အာဓသဝနပစ္စည်း မထိုက်ပါ၊ မင်္ဂ ကုသိုလ်၊ ဖိုလ်က ဝိပါက်၊ သူတို့ဟာ လောကုတ္တရာ စိတ်ချင်းတူပေမဲ့ ဇာတ်မတူလို့ အာသေဝနက ကျေးဇူးပြုလို့ မရပါ။

**ဘဝချင်း မတူ**

ဂေါတြဘူက မင်္ဂကို အာသေဝနနဲ့ ကျေးဇူးပြုနိုင်သလား၊ ဒီမှာက ဘူမိဘေဒလို့ခေါ်တဲ့ ဘုံချင်း ကွဲနေကြပါတယ်၊ ဂေါတြဘူက ပုထုဇဉ်၊ မင်္ဂက အရိယာ၊ ဘဝချင်း တခြားစီမို့ ဘုံချင်း ကွဲနေကြလို့ ဂေါတြဘူ ကုသိုလ်က မင်္ဂကုသိုလ်ကို ကျေးဇူးပြုတာမှာ အာသေဝနပစ္စည်း တပ်, မတပ် သံသယရှိစရာ ဖြစ်ရပါတယ်၊ ပစ္စယနိဒ္ဒေသမှာ လောကိကုသိုလ်, လောကုတ္တရာကုသိုလ်လို့ ခွဲခြားပြီး မပြောတော့၊ ကုသိုလ်က ကုသိုလ်မှာ ဂေါတြဘူကုသိုလ်က မင်္ဂကုသိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်၊ အာသေဝန ပစ္စည်း တပ်တယ်လို့ဘဲ ဆိုနိုင်ပါကယ်၊ ဘာကြောင့်လဲဆိုတော့ ပဋ္ဌာဝါရမှာ 'ဂေါတြဘူ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော'လို့ ဒီလိုအမည် ပေးထုတ်ပြီး ယောကြားထားခဲ့လို့ ဖြစ်ပါတယ်။

ဂေါတြဘူနဲ့ မင်္ဂဟာ ဘဝချင်း ခြားနေပါတယ်၊ ပစ္စယနိဒ္ဒေသမှာ ကုသိုလ်က ကုသိုလ်ကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုတယ်ဆိုတော့ ဇာတ်မတူတဲ့တထားကို ကျေးဇူးမပြုသလို ဘုံချင်းမတူတဲ့တထားကို ကျေးဇူးမပြုဘဲ နေမလားလို့ သံသယဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အာသေဝနပစ္စည်းနဲ့ အင်မတန် အကြိုးအကျယ် ထုံထားတဲ့ ဂေါတြဘူ လောကီကုသိုလ်က အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အစွက် မင်္ဂစိတ်ဆိုတာ ဖြစ်ရတာပါ၊ ဒါကြောင့်လဲ ဒီလောကုတ္တရာမင်္ဂက အာသေဝနပစ္စည်း ရပါတယ်၊ လောကုတ္တရာမင်္ဂကုသိုလ်ဟာ အာသေဝနပစ္စည်းတော့ မတပ်ပါ၊ အာသေဝနပစ္စည်း ရတာနဲ့ တပ်တာဟာ ဟခြားစီပါဘဲ။

**အာရုံချင်း မတူ**

ဂေါတြဘူနဲ့ မင်္ဂမှာလဲ ဂေါတြဘူက နိဗ္ဗာန်အာရုံပြုတယ်၊ မင်္ဂကလဲ နိဗ္ဗာန်အာရုံပြုတယ်၊ အနုလုံကတော့ အားလုံးရှိတဲ့ သခ်ါရတထားတွေဟာ

အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုပြီး တေဘူမက သန်္ခါရကို အာရုံပြုပါတယ်၊ ဂေါတြဘူက မဂ်ရဲ့ ဖျေပြီးမို့ နိဗ္ဗာန်ကိုသာ ပဌမဆုံးအာရုံပြုတော့ အနုလုံနဲ့ ဂေါတြဘူမှာ အာရုံကဲ့နေတယ်၊ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ' ဆိုတော့ အနုလုံကလဲ ကုသိုလ်၊ ဂေါတြဘူကလဲ ကုသိုလ်မို့ လောကီကုသိုလ်ချင်းကတော့ အတူတူပါဘဲ၊ သို့သော် အနုလုံက တေဘူမကသန်္ခါရ အာရုံပြုတယ်၊ ဂေါတြဘူက နိဗ္ဗာန် အာရုံပြုလို့ အာရုံကဲ့ရင် အာသေဝနပစ္စည်း တပ်ပါ့မလား သံသယဖြစ်နိုင်ပါတယ်။

ပဋ္ဌာန်းကျမ်းမှာ မဟောဘဲထားရင် မဖြစ်ထိုက်တာဘဲ မျှားပါတယ်၊ ဒါပေမဲ့ ဒီလို သံသယရှိစရာကောင်းတဲ့ နေရာမျိုးမှာ ပဋ္ဌာဝါရမှာကြည့်ရင် 'အနုလောမံ ဂေါတြဘုဿ အာသေဝနပစ္စယေန ပစ္စယော' လို့ အမည် ဖော်ထုတ်ပြီး ဟောထားတာ တွေ့နိုင်ပါတယ်။

**ဇောနဲ့ အာသေဝန**

ပဋ္ဌဒ္ဒါရဝိထိနဲ့ကြည့်ရင်တော့ ဝီထိက အာဘောဘင်္ဂ, ဘဝင်္စလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, ဇော, ဇော, ဇော, ဇော, ဇော-ဆိုပြီး ဒါနလုပ်တဲ့အခါမှာ ဥပါဒ်, ဌီ, ဘင်နဲ့ ကုသိုလ်ဇောတွေ ဖြစ်ပါတယ်၊ ဒီနေရာမှာ အာသေဝန ပစ္စည်း မတပ်ဘာနဲ့ မရတာကို ပြချင်လို့ပါ။

ဝုဋ္ဌောက ကြိယာ၊ ဇောက ကုသိုလ်ဖြစ်တဲ့အတွက် ကြိယာက ကုသိုလ်ကို ဇာတ်ချင်းမတူလို့ အာသေဝနပစ္စည်း မတပ်ပါ၊ ဝုဋ္ဌောက ပဌမဇောရဲ့ ရှေ့ကနေပြီး ကြိယာဖြစ်နေလို့, အာသေဝနနဲ့ ကျေးဇူးမပြုနိုင်သို့ **ပဌမဇောက အာသေဝနပစ္စည်း မရပါ**၊ ပဌမဇောကုသိုလ်က ဒုတိယဇောကုသိုလ်ကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုလို့ **ပဌမဇောက အာသေဝနပစ္စည်းတော့** တပ်ပါတယ်၊ တပ်တာနဲ့ ရတာ-က တမျိုးစီပါ၊ ဒါကြောင့် ပစ္စယုပ္ပန်တရားကို ကောက်တဲ့အခါမှာ 'ပဌမဇောကြဉ်သော့ လောကီကုသိုလ်ဇော'လို့ ဒီလိုရေးကြပါတယ်။

ပဌမဇောက ဒုတိယဇောကို အာဒသဝနပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒုတိယဇောကလဲ တတိယဇောကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒုတိယဇောကတော့ အာသေဝနပစ္စည်းလဲ တပ်တယ်၊ အာသေဝန-ပစ္စည်းလဲ ရတယ်၊ ပဌမဇောက အာသေဝနပစ္စည်းတော့ တပ်တယ်၊ အာသေဝနပစ္စည်းတော့ မရပါ။

## သတ္တမဇော အဆုံးဇော အာသေဝနပစ္စည်း မတပ်

အာသေဝနပစ္စည်းတရားဟာ လောကီကုသိုလ် ၁၇-ခုမှာ ရတယ် ဆိုတော့ လောကီကုသိုလ်က အကုန်လုံးဘဲ အာသေဝနပစ္စည်း ထိုက်သလား၊ ကုသိုလ်ဝီထိမှာ ဇော ၇-ကြိမ်ကျတော့ သတ္တမဇောဆိုတဲ့ အဆုံးဇောနောင်မှာ အဇာတိမဟန္တာရုံ ဝီထိဆိုရင် တဒါရုံလို့ ဝီထိကကျတော့ တဒါရုံကလဲ ဝိပါက်စိတ်ဖြစ်တယ်၊ ဇောနောင် ဘဝင်ဆိုရင် ဘဝင်ကလဲ ဝိပါက်စိတ်ဖြစ်တယ်၊ ဇောနောင် စုတိစိတ်ကျရင်လဲ ဝိပါက်စိတ်ဘဲ ဖြစ်တယ်၊ ဒီလို သတ္တမဇောနဲ့ အဆုံးဇောက သူနောက်မှာဖြစ်တဲ့ စိတ်တွေက ဇာတ်မဘူဝဲ့ ဝိပါက်စိတ်တွေဖြစ်တော့ လောကီကုသိုလ်အဆုံးဇောက အာသေဝနပစ္စည်းတရားထဲမှာ မပါနိုင်ပါ၊ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ' ဆိုတဲ့ ပစ္စည်းတရားထဲမှာ ဘုရားက သာမညအားဖြင့် ကုသိုလ်တရားဟာ ကုသိုလ်တရားကို အာသေဝနနဲ့ ကျေးဇူးပြုတယ်ဆိုပေမဲ့ ဇာတ်တူမှ ကျေးဇူးပြုပါတယ်၊ လောကုတ္တရာကုသိုလ် ၄-နဲ့ အဆုံးဇောက ကုသိုလ်ပေမဲ့ အာသေဝနပစ္စည်းတရားမှာ မပါပါ။

## ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု

ပစ္စယုပ္ပန်ကဏ္ဍကို စစ်ကြည့်ရင် 'ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ' ဆိုတဲ့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့ ပစ္စယုပ္ပန်တရားကျတော့ ကုသိုလ်အကုန်လုံးဘဲ အာသေဝနရသလား၊ မဂ္ဂဝီထိမှာ မဂ်ကုသိုလ်က ဂေါတြဘူဇနောင် မဂ်, ဝေါဒါန်နောင် မဂ်ဖြစ်တယ်၊ ဈာန်ကုသိုလ်မှာဆိုရင် ဂေါတြဘူဇနောင် ဈာန်, ဝေါဒါန်နောင် ဈာန်လို့ ဒီလို ဝီထိမှာကျတော့ ဘုံလဲမတူ၊ အာရုံလဲမတူ၊ သို့သော် ကုသိုလ် ကုသိုလ်ချင်းတော့ ဖြစ်ပါတယ်၊

ဂေါတြဘူးနောင် မင်္ဂလောကုတ္ထရာ ကုသိုလ်သည် အာဇာသဝန ပစ္စည်း တရားရဲ့ ပစ္စယုပ္ပန်ဖြစ်တယ်၊ အာဇာသဝနပစ္စည်းတော့ မတပ်ပါ၊ အာဇာသဝနပစ္စည်းတော့ ရပါတယ်၊ အနုလုံနဲ့ ဂေါတြဘူမှာ အနုလုံက တေဘူမကသခါရကို အာရုံပြုတယ်၊ ဂေါတြဘူက နိဗ္ဗာန်အာရုံပြုလို့ အာရုံကတော့ ကွဲနေတယ်၊ သို့သော်လဲ 'အနုလောမံ ဂေါတြဘုဿ' ဆိုတော့ အာဇာသဝန ပစ္စည်းက ကျေးဇူးပြုပါတယ်၊ ကုသိုလ်စိတ် ၂၁-ခုလုံးဟာ အာသေဝန ပစ္စယုပ္ပန်တရားမှာ ပါပါတယ်။ လောကုတ္တရာကုသိုလ်ဟာ အာသေဝန ပစ္စည်း မတပ်ဘူး ဆိုတာက ပစ္စည်းထဲမှာ မပါတာကို ဆိုပါတယ်၊ လောကုတ္တရာကုသိုလ်ဟာ အာဇာသဝနပစ္စည်းရတယ်ဆိုတာက ပစ္စယုပ္ပန်မှာ ပါတယ် လို့ ဆိုတာ ဖြစ်ပါတယ်။

**ပဌမဈာန**

ပစ္စယုပ္ပန်တရားထဲမှာ ကုသိုလ်စိတ် ၂၁-ခုလုံးဟာ အာသေဝနပစ္စည်း ရပါတယ်၊ **ဈာန** ၇ ကြိမ်မျိုးတဲ့အခါ ပဌမဈာနဖွဲ့က ဝီထိစိတ်ကြည့်ရင် ဝုဋ္ဌော၊ ဝုဋ္ဌောနောင် ဇောခုပါတယ်၊ ဝုဋ္ဌော၏ မနောဒွါရာဝဇ္ဇန်းဖြစ်လို့ ကြိယာဖြစ်ခဲ့တော့ ပဌမဈောက ကုသိုလ်ဖြစ်တဲ့အတွက် ဇောတစ်ချင်းကမတူပါ၊ **ပဌမဈော**နောင်မှာလဲ ကုသိုလ်**ဇော**ဘဲဖြစ်လို့ ပဌမဈောက အာသေဝန ပစ္စည်းတော့ တပ်ပါတယ်၊ ပစ္စယုပ္ပန်တရားကို ကောက်တဲ့အခါ ကုသိုလ် ၂၁-ခုလုံး ရသော်လဲ ပဌမဈောက အာသေဝနပစ္စည်း မရပါ။

**ပဌမဈော အလယ်ဈော ၅-ချက်နဲ့ သတ္တမဈော**

အာသေဝနပစ္စည်း မရဆိုတာကို ကံအကျိုးပေးပုံနဲ့ ထပ်ပြီးရှင်းရပါတယ်၊ ကုသိုလ်**ဇော** ၇ ကြိမ်စောတဲ့အခါ ပဌမဈောက အာသေဝနပစ္စည်း မရတဲ့ အကြောင်းမှာ ဝုဋ္ဌောက ပဌမဈောနဲ့ ဇာတ်မတူလို့ အာဇာသဝန ပစ္စည်းရဲ့ ပစ္စယုပ္ပန် မဖြစ်တဲ့အတွက် အာသေဝနက ကျေးဇူးပြုလို့ မရပါ၊ ကံခန်းမှာကျတော့ ပဌမဈောက ပစ္စုပ္ပန်ဘဝမှာ ဒိဋ္ဌမ္မဝေဒနီယကံနဲ့ အကျိုးပေးပါတယ်၊ ဥပပဇ္ဇဝေဒနီယကံက ဒုတိယဘဝမှာ အကျိုးပေး

ပါတယ်၊ အပရာပရိယ ဝေဒနီယက်က တတိယဘဝမှစပြီး နိဗ္ဗာန်အထိ အကျိုးပေးပါတယ်၊ ပဌမဇော စေတနာက ဒီဘဝမှာအကျိုးပေးရင်ပေး၊ မပေးရင် အဟောသိကံ ဖြစ်သွားပါတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးရင်ပေး၊ အကျိုးမပေးရင် အဟောသိကံ ဖြစ်သွားပါတယ်။ ပဌမဇောက ဘာဖြစ်လို့ ဒုတိယဘဝ တတိယဘဝမှာ အကျိုးမပေးနိုင်တာလဲ ဆိုတော့ အာသေဝနပစ္စည်း မရသောကြောင့်ပင် ဖြစ်ပါတယ်။

ပရမတ္ထတရားတွေက အာသေဝနပစ္စည်းရမှ အားရှိပါတယ်၊ အာသေဝနပစ္စည်း မရတဲ့ တရားက အားမရှိတော့ အကျိုးမပေးနိုင်ပါ၊ အလယ်ဇော ၅-ချက်ဖြစ်တဲ့ ဒုတိယဇော တတိယဇော စတုတ္ထဇော ဟဋ္ဌမဇော ဆဋ္ဌမဇော ထိုအောင် ဒီဇော ၅-ချက်ကတော့ အာသေဝနပစ္စည်းလဲဖြစ်, ပစ္စယုပ္ပန်လဲဖြစ်သော့ အင်မတန် အားကောင်းပါတယ်။ ခဲကိုပစ်တင်လိုက်တဲ့အခါ ခဲဟာ အရှိန်ရှိသလောက် ဟက်နေတဲ့ အခိုက်မှာ အားကောင်းတယ်၊ ပြန်ကျတော့ အားနဲသွားပါပြီ၊ ဇောကလဲ အရှိန်ပါဘဲ၊ အရှိန်ဘပြင်းအထန်ဆုံး ကတော့ အလယ်ဇော ၅-ချက်မှာ စတုတ္ထဇော ပါဘဲ၊ ပဌမ ဆဋ္ဌမဇောမှာ အရှိန်နဲသွားပြီး သတ္တမဇောကျတော့ အရှိန်က ကုန်သွားပြီ၊ အားကုန်သွားပါပြီ။

သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးပါတယ်၊ ဒီဘဝမှာ လူတဲ့ဒါနကုသိုလ်က် စေတနာဟာ ဇော ၇-ကြိမ် စောလိုက်တော့ ပဌမဇောက ဒီဘဝမှာ အကျိုးပေးပါတယ်၊ အများအားဖြင့် ကုသိုလ်လုပ်ကြတာဟာ နောင်ဘဝကိုရည်မှန်းပြီး နောက်ဘဝအကျိုးပေးအတွက် လုပ်ကြပါတယ်၊ ဒါပေမဲ့ ကုသိုလ်က လုပ်တယ်ဆိုရင်ဘဲ ဒီဘဝမှာ အကျိုးပေးတာပါ၊ ကုသိုလ်လုပ်ရင် ခေါ်ချင်ပြောချင်သူများတယ်၊ မိတ်ဆွေသင်္ဂဟများတယ်၊ စီးပွါးရှာလို့ဖြစ်တယ်၊ စီးပွါးကလဲ လှူလေရှိလေ၊ လှူလေရှိလေ၊ ဒီလိုဖြစ်ကာဟာ ပဌမဇောက အကျိုးပေးတာပါ။

ဒီသပြီးတဲ့နောက် ဒုတိယဘဝမှာလဲ အကျိုးပေးတာဘဲ၊ ဒုတိယဘဝမှာ ပဋိသန္ဓေနေသွားလို့ ဒါနကုသိုလ်လုပ်ခဲ့တဲ့အတွက် လူဘဝပြန်ဖြစ်တယ်ဆိုရင် သတ္တမဇောက အကျိုးပေးတာပါ၊ သတ္တမဇောကို ဆဋ္ဌမ

ဇောက ကျေးဇူးပြုလို့ အာသေဝနုပစ္ဆေဒသုတ်း ရပါတယ်၊ နောက်ဆုံးဇော ဖြစ်နေတော့ အားသေးပါတယ်၊ ဒါကြောင့် ဒုတိယဘဝမှာသာ အကျိုးပေးပြီး သူဌေးဖြစ်ချင်ဖြစ်မယ်၊ ရာထူးရာခံကြီးကြီးဖြစ်မယ်၊ နတ်ပြည်မှာ နတ်ဖြစ်မယ်ဆိုတဲ့ ဒုတိယဘဝရဲ့ ပဋိသန္ဓေအကျိုးကို သတ္တမဇောက ပေးပါတယ်၊ သူကတော့ တဘဝဘဲ အကျိုးပေးတဲ့ ဥပပဇ္ဇဝေဒနီယကံပါဘဲ။

အလယ်ဇော ၅-ချက်က အပရာပရိယဝေဒနီယကံဆိုတာက ဘဝပေါင်း ထောင်သောင်းအထိ အကျိုးပေးနိုင်ပါတယ်၊ ဒီအလယ်ဇော ၅-ချက်က အာသေဝနုပစ္ဆေဒသုတ်းလဲဖြစ်၊ အာသေဝနုပစ္ဆေဒသုတ်းလဲရတော့ အားသိပ်ကောင်းတဲ့အတွက် ဘဝပေါင်း အသင်္ချေ အနန္တ ဘယ်လောက်ကြာနေခဲ့တဲ့ ကုသိုလ်ဖြစ်ဖြစ်၊ ဥပတ္ထမ္ဘကာ=ပစ္စုပ္ပန်အကြောင်းတရားနဲ့ ပေါင်းဆုံဘဲ့အခါမှာ သူက ပြုံးကနဲထပြီး ဆင်းရဲသားဘဝက မင်းဖြစ်တယ်၊ ဆင်းရဲတဲ့ဘဝက သူဌေးတက်ဖြစ်တယ်။ဒီဘဝကအကြောင်းလဲ ဥပတ္ထမ္ဘကကုသိုလ်နဲ့ သူဌေးဖြစ်ချင်သူက သူဌေးဖြစ်မဲ့ လုပ်ငန်းလုပ်နေတယ်၊ ဘဝဘဝက အာပရာပရိယဝေဒနီယကံကလဲ ရှိနေတယ်ဆိုရင် ချက်ခြင်းဆိုသလို သူဌေးဖြစ်မယ်၊ မင်းဖြစ်မယ်၊ ဒီလိုအကျိုးပေးတာက ဒီပုဂ္ဂိုလ်သတ္တဝါတွေမှာ ဘဝဘဝ အာသင်္ချေ အနန္တ၊ ဘယ်ဘဝက ဘယ်လို ကုသိုလ်ကောင်းမှုလုပ်ခဲ့တယ်ဆိုတာ မသိနိုင်ပါ။ အပရာပရိယဝေဒနီယကံဆိုတာက လူတွေမှာ ရှိနေပါတယ်၊ ကုသိုလ်ကံသာ မဟုတ်ပါ၊ အကုသိုလ်ကံတွေကလဲ အပြိုင်အဆိုင် ကိုယ်စီရှိနေမှာပါဘဲ။

နာမ်တရားတွေမှာ ကုသိုလ်ဟာ အာသာဝေနုပစ္ဆေဒသုတ်းရရင် သိပ်အားကောင်းပါတယ်၊ ဒီဌဓမ္မဝေဒနီယကံကတော့ ပဌမဇောက ဒီဘဝမှာ အကျိုးပေးတာပါ၊ အလယ်ဇော ၅-ချက်ကတော့ အပရာပရိယဝေဒနီယကံနဲ့ အကျိုးပေးလို့ ဘုရားအလောင်းများဆိုရင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း သူပါရမီဖြည့်လာတာ ဘုရားဖြစ်တဲ့ဘဝမှာ စုပြုံပြီး အကျိုးပေးပါတယ်၊ ဓ၁-ကမ္ဘာထက်တုန်းက ကမ္ဘာပေါင်း ဘယ်လောက်တုန်းက ကုသိုလ်ဓကောင်းမှုက လာပြီး အကျိုးပေးပုံတွေ ကျမ်းဂန်တွေထဲမှာ တွေ့ရပါတယ်၊ ကံဆိုတာက ဓာတ်မတန် ဆန်းကြယ်လှပါတယ်။

အာသေဝန ပစ္စည်းမှာ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော'လို့ ဆိုထားတော့ အနန္တရပစ္စည်း ဥပနိဿယ ပစ္စည်းတို့နဲ့ ယှဉ်ကြည့်ရပါတယ်၊ အာသေဝနပစ္စည်းဟာ အနန္တရမျိုးထဲမှာပါလို့ အနန္တရပစ္စည်းမှာပြန်ကြည့်ရင် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'လို့ ကုသိုလ်က ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာကတချက်၊ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'လို့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာက တချက်ဆိုတော့—

(၁) ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်၊

(၂) ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်—

လို့ အနန္တရမှာ ရပါတယ်၊ အာသေဝနပစ္စည်းမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ မပါပါ၊ အနန္တရနဲ့ အာသေဝန ဘယ်လိုထူးခြားသလဲဆိုရင် ဝီထိမှာ ဝုဋ္ဌောက ပဌမဇောကို အာသေဝနမှာ ကျေးဇူးမပြုသော်လဲ အနန္တရပစ္စည်းမှာတော့ ကျေးဇူးပြုပါတယ်၊ သတ္တမဇောနဲ့ တဒါလံမှာလဲ အနန္တရမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုပါတယ်။ မဂ်ဇောက ဖိုလ်ဇောကိုလဲ အနန္တရမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုပေမဲ့ ဒီနှစ်ခုလုံးမှာ အာသေဝနက မရတော့ အာသေဝနပစ္စည်း ပါဠိတော်မှာ ဒီအပိုဒ်တွေ့ မပါပါ။

ဥပနိဿယမှာ—

(၁) ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်၊

(၂) ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်၊

(၃) ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်—

လို့ ဒီလို သုံးချက် ရထားပါတယ်၊ ဥပနိဿယ-က အနန္တရထက် ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာ ပိုသွားပါတယ်၊ ဒီအနန္တရမျိုး

ထဲမှာက အာသေဝနပစ္စည်းရမယ်ဆိုရင် အနန္တရ, သမနန္တရ,ဥပနိဿယ, နတ္ထိ, ဝိဂဟ–ဆိုတဲ့ ပစ္စည်းငါးမျိုးရပါတယ်၊အာသေဝနကတော့ အနန္တရက ရတိုင်းလဲ အာသေဝနမဖြစ်၊ သမနန္တရကရတိုင်းလဲ အာသေဝနမဖြစ်၊ နတ္ထိက ရတိုင်းလဲ အာသေဝနမဖြစ်၊ ဝိဂတက ရတိုင်းလဲ အာသေဝနကမဖြစ်ပါ၊ ဥပနိဿယကတော့ အင်မတန် ကျယ်ဝန်းတဲ့ပစ္စည်းမို့ အနန္တရူပနိဿယရရင် အနန္တရလဲရ အခြားပစ္စည်းများလဲ ရပါတယ်။

အာသေဝနကတော့ အနန္တရမျိုးမှာဝင်ပေမဲ့ ရတဲ့အခါ ရတယ်၊ သူက ကုသိုလ်ကို ကုသိုလ်က ကျေးဇူးပြုမှု, အကုသိုလ်ကို အကုသိုလ်က ကျေးဇူးပြုမှု,ကြိယာကို ကြိယာက ကျေးဇူးပြုမှု အာသေဝနပစ္စည်းက ရပါတယ်၊ ဒါကြောင့် အနန္တရမျိုးမှာ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ, အာသေဝန၊ ၆-ပစ္စည်း ပြိုင်တဲ့အခါမှာ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ အာသေဝနကို ထည့်ပါ၊ အကုသိုလ် အကုသိုလ်ချင်း ကျေးဇူးပြုတဲ့အခါမှာ အာသေဝနကို ထည့်ပါ၊ ကြိယာကို ကြိယာက ကျေးဇူးပြုတဲ့အခါမှာ အာသေဝနကို ထည့်ရပါတယ်၊ ပစ္စည်းစုံတဲ့အခါ ၂၄-ပစ္စည်းလုံး ပစ္စယနိဒ္ဒေသ မှတ်မိရင် ပစ္စည်းပြိုင်က လွယ်သွားပါတယ်။

**အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု**

'ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ' အရ ပဌမဇောကြဉ်တဲ့ အကုသိုလ်စိတ် ၁၂-ခုလို ဆိုပြန်တော့ ပဌမဇောဈ်မှာ ဝုဋ္ဌောဆိုတဲ့ မနောဒွါရာဝဇ္ဇန်းက ဇာတ်မတူတဲ့ ကြိယာ ဖြစ်နေပါတယ်၊ ကြိယာက အကုသိုလ်ကို အာသေဝနနဲ့ ကျေးဇူးမပြုပေမဲ့ ပဌမဇောက အာသေဝနပစ္စည်းထဲမှာ ပါပါတယ်၊ ပစ္စယုပ္ပန်မှာသာ မပါတာပါ။

**အကျိုးပေးပုံကျတော့** အကုသိုလ်လုပ်ရင် ပဌမဇောက ဒိဋ္ဌမမွဝေဒနိယကံနဲ့ အကျိုးပေးတာပါ၊ လူတွေ့ တော်ကတော်များများက အကုသိုလ်လုပ်ရင် နောက်ဘဝမှာမှ အကျိုးပေးမယ်လို့ ထင်နေကြပါတယ်၊ အကုသိုလ်လုပ်ရင် ဒိဋ္ဌအကျိုးပေးတာက နာမည်ပျက်တယ်၊ စီးပွါးရေးထိခိုက်တယ်၊ မင်းဒဏ်စိုးဒဏ်ခံရတယ်၊ ဒါတွေဟာ ပဌမဇောက အကျိုး

ပေးတာတော့ပါ၊ အကုသိုလ်လုပ်တာ လူမသိအောင် လုပ်ရင်လဲ အကျိုး မပေးဘူးလို့ တမျိုးထင်နေကြပါသေးတယ်၊ နာမည်လဲမပျက်,စီးပွါးရေးလဲ မထိခိုက်, မင်းဒဏ်လဲ မခံရစေကာမူ အနဲဆုံး စိတ်ကတော့ ဆင်းရဲရတာ ဘဲ၊ ကာယိကဒုက္ခ, စေတသိက ဒုက္ခ ရောဂါဘယရပြီး အိမ်တွင်းရေး တော့ ပွေ့ရွှပ်စာတွေဟာ ပဌမဇောက အကျိုးပေးတာချည်းပါဘဲ၊ အကုသိုလ်ဘဲ လုပ်လုပ်၊ ကုသိုလ်ဘဲ လုပ်လုပ်၊ ပဌမဇောကတော့ ဒိဋ္ဌဓမ္မ-ဝေဒနီယကံနဲ့ ပဝတ္တိကာလမှာ အကျိုးပေးပါတယ်၊ ဇော ၇-ကြိမ်မှာ သတ္တမဇောက နောက်ဆုံးဇောဖြစ်တဲ့အတွက် အားနဲပါတယ်၊ အရှိန် သေးတဲ့ အဆုံးဇော ဖြစ်တဲ့အတွက် ဒုတိယဘဝမှာ ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ အလယ်ဇော ၅-ချက် ကုသိုလ် အကုသိုလ်က အပဆုပရိယ-ဝေဒနီယကံတွေနဲ့ အကျိုးပေးတာမှာ'ဆာယာဝ အနုပါယိနီ လူ၏ နောက်မှာ အရိပ်ကဲ့သို့ ကုသိုလ် အကုသိုလ်ကံတွေဟာ အမြဲပါနေပါတယ်။

လူတယောက်ဟာ တိုးတက်နေတယ်၊ အကျိုးပေးနေတယ်ဆိုတာက ကုသိုလ်ကောင်းမှုလုပ်လို့ အကျိုးပေးနေတာပါ၊ ကုသိုလ်ကံအကျိုးပေး နေတဲ့အခိုက် အကုသိုလ်ကံကြွင်းတွေကလဲ စောင့်နေပါတယ်၊ အဘိဓမ္မာ စစ်စစ်မှာဆိုတော့ ဒီလို စောင့်နေတယ်လို့ပြောရင် မဟုတ်ပါ၊ ဒီလို စောင့်နေတယ်လို့ပြောရင် သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်၊ သို့သော် ဒီလိုဘဲ ကံတွေက စောင့်နေတယ်၊ အရိပ်ပမာ လိုက်နေတယ်ဆိုတာက အများ နားလည်အောင် သုတ္တန်နည်းနဲ့ ပြောတာ ဖြစ်ပါတယ်။

အာသေဝနမှာ 'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိ-မာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော'လို့ ဒီလို အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာကိုဘဲ ဟောပါတယ်။

အနန္တရပစ္စည်းမှာတော့-

(၁) အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာပါတယ်၊

(၂) အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာပါတယ်ဆိုတော့ ၂-မျိုးပါပါတယ်။

ဥပနိဿယပစ္စည်းမှာ-

(၁) အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်၊

(၂) အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်၊

(၃) အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ ဒီလို ၃-မျိုးပါပါတယ်။

ဒါကြောင့် အာသေဝနတမျိုး, အနန္တရက ၂-မျိုး, ဥပနိဿယက ၃-မျိုး ရတယ်ဆိုတာ ဒီပစ္စည်းတွေမှာ ယှဉ်ပြီး လေ့လာထားရင် မှတ်ထားရင် ပဋ္ဌာန်းဟာ လွယ်ပြီး သွားပါတယ်။

**ကြိယာဗျာကတက ကြိယာဗျာကတအား ကျေးဇူးပြု**

'ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော'လို့ အာသေဝနမှာ ကြိယာဗျာကတကို ဟောပါတယ်၊ အနန္တရပစ္စည်းတုန်းက 'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'လို့ အနန္တရမှာ အဗျာကတလိုဘဲ ဟောပါတယ်။

ဥပနိဿယပစ္စည်းမှာလဲ 'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော'လို့ အဗျာကတလိုဘဲ ဟောပါတယ်၊ အာသေဝနမှာကျတော့ ကြိယာဗျာကတာဓမ္မာ ဆိုပြီးဟောတော့ အဗျာကတက-

(၁) ကြိယာဗျာကတနဲ့

(၂) ဝိပါက်အဗျာကတလို့ ၂-မျိုး ရှိပါတယ်။

**ဝိပါက် အဗျာကတ အာသေဝန-မရ**

ဝိပါက် အဗျာကတက အာသေဝနပစ္စည်းလဲမဖြစ်၊ ပစ္စယုပ္ပန်လဲ မဖြစ်နိုင်ပါ၊ ဝိပါက်က အကျိုးတရားဖြစ်ပြီး ကုသိုလ် အကုသိုလ်နဲ့ ကြိယာတွေ

က အကြောင်းတရားတွေ ဖြစ်ကြပါတယ်၊ ဝိပါက်စိတ်က အကျိုးတရား ဖြစ်တဲ့အတွက် သူက လုံလ ပယောဂ ဗျာပါရ ဘာမှမရှိပါ၊ ဥပမာ အားဖြင့် သူဌေးနဲ့ သူဌေးသားမှာ သူဌေးသားက ဝိပါက်ပါဘဲ၊ သူက ဘာမှ ရှာဖွေတာမရှိဘဲ၊ မိဘမှာရှိတဲ့ ပစ္စည်းကို အဆင်သင့် စားရုံ သောက်ရုံ ဖြုန်းရုံပါဘဲ၊ မိဘက ဘယ်လောက်ချမ်းသာအောင် ရှာရ ဖွေရ စုဆောင်းရတယ်ဆိုတာတွေက အကြောင်းတရားတွေပါ၊ ဝိပါက်ဆိုတာကလဲ ဒီအတိုင်းပါဘဲ၊ အကြောင်းကြောင့် ဖြစ်ပေါ်နေတဲ့ အကျိုးတရား ဆိုတော့ ဝိပါက်မှာ ဘာမှ လုံလ ပယောဂ ဗျာပါရမရှိတဲ့ တရားဖြစ်နေပါတယ်၊ အာသေဝနဆိုတာကတော့ အဖန်ဖန် အထပ်ထပ် ကိုယ်က ထုံရတယ်၊ သူထုံနေရတာက ပဌမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော စသည်ဖြင့် ကိုယ်နဲ့သဘောတူတဲ့ ဇောတွေ ဖြစ်ရတယ်၊ ဒီလိုဇောတွေက တခုက တခု တွန်းပြီး အရှိန်အဟုန်နဲ့ ဖြစ်ရတာဆိုတော့ ဝိပါက်စိတ်တွေဟာ အာသေဝနပစ္စည်း မဖြစ်နိုင်ပါ။

**အာဝဇ္ဇန်းဒွေး အာသေဝန-မရ**

'ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ' ဆိုတော့ ကြိယာစိတ်မှာ အဟိတ်ကြိယာ ၃၊ ကာမာဝစရကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊ အားလုံး ကြိယာစိတ် ၂၀-ရှိပါတယ်။ ကြိယာဗျာကတာက ကြိယာဗျာကတကို ဟောတဲ့အခါမှာ ကြိယာစိတ် ၂၀-မှာ အားလုံး အာသေဝနပစ္စည်း တပ်နိုင်သလား၊ ပစ္စယုပ္ပန် ဖြစ်နိုင်သလားဆိုတော့ ဒီကြိယာစိတ် ၂၀-ထဲမှာ အာဝဇ္ဇန်းဒွေးဆိုတဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်းနဲ့ မနောဒ္ဒါရာဝဇ္ဇန်း အဟိတ် ကြိယာစိတ်တွေ ပါနေပါတယ်။

**ပဉ္စဒ္ဒါရာဝဇ္ဇန်း**

ပဉ္စဒ္ဒါရာဝဇ္ဇန်းက ကြိယာစိတ်ပါ၊ ဝီထိမှာပြန်ကြည့်မယ်ဆိုရင် မြင်တဲ့စိတ်၊ ကြားတဲ့စိတ် ဆိုတဲ့ စိတ်တခုဖြစ်လာရအောင် ပဉ္စဒ္ဒါရာဝဇ္ဇန်းက ခလုတ်ဖွင့်တဲ့ အစဆုံးစိတ်၊ ဘဝင်စိတ်တွေ ဖြစ်ပြီးခါစ ပဉ္စဒ္ဒါရာဝဇ္ဇန်းက

ဖြစ်ရတော့ အင်မတန် အားသေးပါတယ်၊ သူက ကောင်းမှုလဲမလုပ်၊ မကောင်းမှုလဲမလုပ်၊ သူမှာ လုပ်စရာကလေးတခုက သူနောက်က ဝိထိစိတ် ဖြစ်လာအောင် တံခါးဖွင့်ကဲ့ စိတ်ပါ၊ ဒရဝမ်ဟာ အိမ်ထဲ လူတွေ ဝင်နိုင်အောင် တံခါး ဆီးဖွင့်ပေးရသလိုပါဘဲ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်းက တကြိမ်ထဲ ဖြစ်ပြီး အားကလဲသေးလို့ အာသေဝနပစ္စည်း မဖြစ်ပါ။ အဋ္ဌကထာ ဆရာများကတော့ အာဝဇ္ဇန်းစိတ်ဟာ ၂-ကြိမ် ၃-ကြိမ်အထိ ဖြစ်လဲ သဘာဝအားဖြင့် အားသေးတဲ့ ကြိယာစိတ်ဖြစ်တော့ အားမရှိတာနဲ့ဘဲ အာသေဝနပစ္စည်း မဖြစ်နိုင်လို့ ဆိုပါတယ်။

**မနောဒ္ဓါရာဝဇ္ဇန်း**

**မနောဒ္ဓါရာဝဇ္ဇန်း**ကလဲ ဒီအတိုင်းပါဘဲ၊ သူကလဲ အင်မတန်အားသေးပါတယ်၊ သူအလုပ်ကလဲ ဝိထိစိတ်များဖြစ်ရအောင် အပေါက်ဖွင့်ပေးရုံ ဖြစ်တဲ့အတွက် အာသေဝနပစ္စည်း မထိုက်နိုင်ပါ။

ကြိယာစိတ်

ကြိယာစိတ် ၂၀-မှာ အာဝဇ္ဇန်းဒွေးနုတ်တော့ ကျန်တဲ့ ၁၈-ခုက ပစ္စည်းထဲမှာ အဆုံးဇောကလဲ အာသေဝနပစ္စည်း မထိုက်ပါ၊ အကုသိုလ်ဇော, ကုသိုလ်ဇောတွေလိုဘဲ ကြိယာဇောကလဲ ၃-ကြိမ်ဘဲ စောတာပါဘဲ၊ ပုထုဇဉ်မှာ ဘုရားရှိခိုးတယ်၊ ဒါနလုပ်တယ်၊ သီလဆောက်တည်တယ်ဆိုရင် ကုသိုလ်ဖြစ်ပါတယ်၊ ဘုရားရဟန္တာများမှာက ဒါနလုပ်တဲ့အခါ ကြိယာစိတ် ဖြစ်ပါတယ်၊ အလုပ်ချင်းတူသော်လဲ အမည်ချင်း ကွဲနေပါတယ်။

ပုထုဇဉ်ကုသိုလ်လုပ်တော့ ကုသိုလ်ဇော ၃-ကြိမ်စောပြီး ပဌမဇောက ဒိဋ္ဌဓမ္မဝေဒနီယကံ, သတ္တမဇောက ဥပပဇ္ဇဝေဒနီယကံတွေနဲ့ အကျိုးပေးတယ်၊ အလယ်ဇောတွေက အပရာပရိယဝေဒနီယကံနဲ့ ဘဝအဆက်ဆက်မှာ အကျိုးပေးခွင့် ရှိတယ်၊ ဘုရား ရဟန္တာများ ကျတော့ သူတို့မှာက နောက်ဆုံးဘဝ ဖြစ်နေပါဟယ်၊ ဒါနပြုလဲ ပြုကာမျှ, သီလဆိုရင်လဲ ရဟန္တာ သီလမှာ အစင်ကြယ်ဆုံး ဖြစ်သော်လဲ ပြုကာမျှပါဘဲ၊ ဘဂ

အဆက်ဆက် အကျိုးမပေးတော့ပါ၊ သူတို့မှာက အကျိုးပေးစရာ ဘဝလဲ မရှိတော့ပါ။ ဇောမှာ ၇-ကြိမ် စောတာကတော့ အတူတူဘဲဖြစ်လို့ နောက်ဆုံး ကြိယာအဆုံးဇောနောင်မှာ ဇာတ်မတူတဲ့ ဝိပါက်စိတ် ဖြစ်နေလို့ ကြိယာအဆုံးဇောကလဲ ပစ္စည်းထဲမှာ မပါပါ၊ ပစ္စယုပ္ပန် ကျတော့လဲ ပဌမဇောမှာ သူရဲ့ရှေ့က ဇာတ်မတူတဲ့ ဝိပါက်စိတ် ဖြစ်နေလို့ ကြိယာ ပဌမဇောကလဲ ပစ္စယုပ္ပန်ထဲမှာ မပါပါ၊ အာသေဝန ပစ္စည်းကတော့ ဒီလောက်ဆိုရင် တော်လောက်ပါပြီ။

# ၁၃။ ကမ္ဘပဒ္ဓဉ်း
# သင်ကြားဝိ့ချချက်များ

'ကုသလာကုသလံ ကမ်ံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ်ပစ္စယေန ပစ္စယော' ဆိုတဲ့ ပါဠိတော်မှာ ကမ်ပစ္စည်းက 'ကုသလာကုသလံ ကမ်ံ' ဆိုတာက ပစ္စည်းတရား၊ 'ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ' ဆိုတာက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ သူ့အနက် အဓိပ္ပါယ်ကတော့ 'ကုသိုလ် အကုသိုလ်ကံသည် ဝိပါက်ခန္ဓာနဲ့ ကဋတ္တာရူပ်ကို ကမ်ပစ္စည်းနဲ့ ကျေးဇူးပြုတယ်' လို့ ရပါတယ်၊ ကမ်ပစ္စည်းဆိုတာက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေသိနေတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံတွေပါဘဲ၊ ကမ်ပစ္စည်းမှာတော့ စေတနာနဲ့ ကံကို ရှင်းရမှာ ဖြစ်ပါတယ်။

## စေတနာနဲ့ ကံ

ကမ်ပစ္စည်းရဲ့ ပဌမပိုဒ်မှာ 'ကုသလာကုသလံ ကမ်ံ' နဲ့ လာပါတယ်၊ ဒုတိယအပိုဒ်မှာတော့ 'စေတနာသမ်ယုတ္တကာနံ ဓမ်မာနံ' ပစ္စည်းက ၂-မျိုးလာတော့ ကံနဲ့ စေတနာဟာ တခြားစီလား၊ အတူတူဘဲလား၊ 'စေတနာဟံ ဘိက္ခဝေ ကမ်ံ ဝဒါမိ' ရဟန်းတို့ စေတနာကို ကံဘဲလို့ ငါဘုရား ဟောတော်မူတယ်ဆိုတဲ့ ပါဠိတော်မှာ ကြည့်တဲ့အခါ စေတနာနဲ့ ကံဟာ အတူတူပါဘဲလို့ အချို့က ထင်ကြပါတယ်၊ တကယ်တော့ သဘောတရားက နဲနဲကွဲပါတယ်၊ စေတနာနဲ့ ကံမှာ စေတနာဖြစ်တိုင်း ကံက မဖြောက်ပါ။ စေတနာကတော့ ဖြစ်တယ်၊ သို့သော်လဲ ကံက ဖြောက်ချင်တဲ့အခါမှ ဖြောက်တာပါ၊ ကံ မဖြောက်တဲ့အခါမှာလဲ ကြီးကျယ်တဲ့ ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘူးပါ။

## တတိယ သင်္ဂါယနာတင်ပဲ့ရဲ့ နောက်ခံသမိုင်း

ဒီအကြောင်းနဲ့ ပတ်သက်လို့ တတိယ သင်္ဂါယနာတင်ပဲ့ရဲ့ သမိုင်းကြောင်းမှာ ကြီးကျယ်တဲ့ပြဿနာ ဖြစ်ခဲ့ဘူးပါတယ်၊ တတိယသင်္ဂါယနာ

တင်တဲ့အခါမျိန်မှာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ လှူဒါန်းတဲ့သူတွေက များတော့ လူမျိုးပေါင်းစုံက ရဟန်းပြုလုပ် လာကြပါတယ်။ ဘုရားပရိနိဗ္ဗာန် စံတော်မူသွားတာကလဲ မကြာသေးပါ၊ အနှစ် ၃၀၀-လောက်ဘဲ ရှိပါသေးတယ်၊ သို့သော် ဂိုဏ်းတွေက အမျိုးမျိုး ကွဲနေတော့ သံဃာတော်တွေ ညပုသ်မပြုနိုင်ဘဲ ဖြစ်နေကြပါတယ်၊ ဒီအခါမှာ မင်းကြီးက မင်းမှုထမ်းတွေကို ခိုင်းရိုးခိုင်းစဉ်အတိုင်း သံဃာတော်တွေကို ညပုသ်ပြုအောင် စေခိုင်းပါတယ်၊ ဟိုအချိန်တုန်းက အစိုးရတဲ့မင်းဟာ ခိုင်းတာမလုပ်ရင် သူတို့ခေတ် ညပဒေက မင်းအာဏာတော်လွန်ရင် သတ်ဘို့ဘဲ ရှိပါတယ်၊ အစိုးရအမိန့်နဲ့ သံဃာတော်မတူ အကုန်အစည်းအဝေးခေါ်ပြီး 'အရှင်ဘုရားတို့ ရှိသမျှသံဃာတွေ သက်န်းဝတ်နဲ့ ရှိနေသမျှ သံဃာအားလုံး ညပုသ်ပြုကြပါ' လို့ တိုက်တွန်းပါတယ်။

ရဟန်းကောင်း ရဟန်းမြတ်တွေမှာက ပါရာဇိကကျနေတဲ့ ရဟန်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ညပုသ်အတူတူမပြုရဆိုတဲ့ သိက္ခာပုဒ်က ရှိနေတော့ မင်းက ခိုင်းတယ်ဆိုပေမဲ့ သူတို့က ညပုသ်မပြုကြပါ၊ ဒီလို မင်းခိုင်းတာကို အာဏာဖီဆန်သလို ဖြစ်တော့ မင်းမှုထမ်းမှာ သူတာဝန်က သန်လျက်နဲ့ ခေါင်းဖြတ်ဘို့ဘဲ ရှိပါတော့တယ်။ ထိပ်ဆုံး မဏ္ဍိကြီးကစပြီး သန်လျက်နဲ့ခေါင်းကို ဖြတ်တာကို ရဟန်းကောင်း အရှင်မြတ်တွေက အကုန်လုံးငက်စင်းပြီး ခံကြပါတယ်၊ ရဟန်းကောင်း အရှင်မြတ်တွေကတော့ ရဲပါပေတယ် 'ရဲဒသ် မသေ၊ သေသော် ငရဲမလား' ဆိုတာက ဒီလို ပုဂ္ဂိုလ်မျိုးတွေပါ၊ ဘာဖြစ်လို့ ရဲသလဲဆိုရင် သူတို့မှာ သီလ သမာဓိတွေက ပြည့်စုံနေပါတယ်၊ ရဟန္တာအရှင်မြတ်တို့ကတော့ ကြောက်တဲ့စိတ်မျိုးလဲ မရှိနိုင်ပါ၊ ရဟန္တာ မဖြစ်သေးတဲ့သူတွေကလဲ မကြောက်ကြပါ၊ ရဟန္တာသာ မဖြစ်သေးတာ၊ သူဘို့မှာ သီလ သမာဓိနဲ့ ပြည့်စုံနေလို့ ဒီထက်ကောင်းတဲ့ဘဝ ထောက်မှာဆိုတော့ သူတို့ကလဲ မကြောက်ကြပါ။ ဗုဒ္ဓဘာသာလူမျိုးတွေဟာ ရှေးအခါက အလွန်သတ္တိကောင်းတယ်လို့ ကျော်ကြားခဲ့ပါဘယ်။ ဘာဖြစ်လို့ သတ္တိကောင်းခဲ့ကြသလဲ၊ ကောင်းတာလုပ်

နေတဲ့သူတွေဟာ သေသွားခဲ့ရင် ဒီထက်ချမ်းသာတဲ့ ဘဝရောက်မယ်၊ အခုရှိတဲ့ဘဝထက် တိုးတက်သွားမယ်လို့ ခံယူချက်ကြောင့်ဘဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ သံဃာတော်တွေကို ဂုတ်ဖြတ်ပြီး သတ်လိုက်တာ နောက်ဆုံး အိမ်ရှေမင်း ရဟန်းတော်ရဲ့အလှည့်ကို ရောက်လာပါတယ်။ အိမ်ရှေမင်း ရဟန်းတော်ကျတော့ သူတို့မှာ 'မင်း မင်းချင်း လက်နက်နဲ့ မပြုလုပ် ရဘူး' ဆိုတဲ့ ထုံးတမ်းစဉ်လာကို အရာရှိက နားလည်ထားတော့ ဘာ လုပ်ရမှန်း မသိတော့တာနဲ့ ရှင်ဘုရင်ကို ပြန်မေးပါတယ်၊ ဒီ အကြောင်း ကြားသိတဲ့အခါ ရှင်ဘုရင်မှာလဲ အထိတ်တလန့်နဲ့ သံဃာတော်တွေ သတ်မိတာ ဒုက္ခပါဘဲဆိုပြီး သူမခိုင်းဘဲနဲ့ သံဃာတော်တွေကို သတ်မိ ရက်သား ဖြစ်နေတာကို ကျန်နေသေးတဲ့ သံဃာတော်တွေကို လျှောက် ထားပါတယ်။

ဒီအခါမှာ သူက မခိုင်းပါဘဲနဲ့ မင်းမှုထမ်းက သူဘာသာသူ မှားပြီး သံဃာတော်တွေကို သတ်တာဟာ ရှင်ဘုရင်က သူမှာ အပြစ်ရှိ-မရှိ မေးတဲ့ အခါကျတော့ မင်းက သတ်ခိုင်းတာ မဟုတ်လို့ မင်းမှာ အပြစ် မရှိဘူးလို့ ပြောသူက ပြောကြပါတယ်။ တခွိုက မင်းမှုထမ်းကို မင်းက တာဝန်ပေးလို့ သူမှာ ဟာဝန်အရ သူက လုပ်ရတာ၊ မင်းမှာသာ အပြစ်ရှိတယ်လို့ ဒီလိုလဲ ပြောသူက ပြောတော့ ပြဿနာက မပြေနိုင်ပါ။ ဒီအခါမှာ မင်းကြီးဟာ လွန်စွာ စိတ်မချမ်းမသာဖြစ်ပြီး စိတ်မချမ်းသာ မှုကို ပြေပျောက်အောင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာကို ရဟန်း ကောင်း အရှင်မြတ်တို့က ညွှန်ကြားတဲ့အတွက် မင်းကြီးက ပင့်ခိုင်းပါ တယ်။

ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟာ မင်းနန်းတော်ထဲမှာဘဲ သီ တင်းသုံးပြီးတော့ ဗုဒ္ဓဘာသာတရားကို မင်းကြီးအား ၇-ရက် တိုင်တိုင် သင်ကြားပေးပါတယ်၊ ပြီးတော့ အဆုံးအဖြတ်ပေးတာက 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ' ဆိုတဲ့ ဘုရားဟောတဲ့ပါဠိကို ရှင်မဟာမောဂ္ဂလိ-ပုတ္တတိဿက ကိုးကား ပြသွားပါတယ်။ မင်းကြီးမှာ သတ်စေလိုတဲ့ စေ တနာမပါတဲ့အတွက် စေတနာမပါလို့ရှိရင် ကံမမြောက်တော့ ရဟန်း

တွေ့ကို သတ်မိသည့်တိုင်အောင် ကံက မမြောက်ပါ၊ စေတနာ မရှိဘဲနဲ့ ကံမဖြစ်နိုင်လို့ ဆုံးဖြတ်ပေးပါတယ်၊ ရဟန္တာဖြစ်တဲ့ စက္ခုပါလမထေရ်ဟာ မျက်စိကွယ်နေတော့ သူ စင်္ကြံလျှောက်တဲ့နေရာမှာ သတ္တဝါလေးတွေကို နင်းမိလို့သေတာမှာ သူလမ်းလျှောက်လို့ သေတာဘဲလို့ စက္ခုပါလမထေရ်ကို အခြားသူများက စွပ်စွဲပါတယ်၊ ဒီအခါမှာ ဘုရားရှင်က ကြားတော်မူပြီး 'ခီဏာသဝါနံ မရဏစေတနာ နာမ နတ္ထိ' လို့ ဘုရားရှင်က အဲဒီအခါမှာ ဟောတော်မူခဲ့ပါတယ်။ (ဓမ္မပဒ-ဋ္ဌ ၁ ၁၃။)

### စေတနာက အရင်ဖြစ်

စေတနာနဲ့ ကံနဲ့ အတူတူပါဘဲလို့ ဆိုပေမဲ့ နဲနဲတော့ကွဲပါတယ်၊ ဘယ်လောက် ကွဲသလဲဆိုရင် စေတနာက အကြောင်းတရား၊ ကံက အကျိုးတရားလောက် ကွဲပါတယ်။ ကံ အကျိုးတရားဆိုတာကလဲ စေတနာနဲ့သာယှဉ်ပြီး ပြောရတာပါ၊ တကယ်ဟ ကံကလဲ အကြောင်းတရားပါဘဲ၊ စေတနာ ဖြစ်ပြီးမှ ကံကို လုပ်တာပါ၊ မနောကံအားဖြင့် စေတနာက ဖြစ်လိုက်တယ်၊ စေတနာ ဖြစ်ပြီးမှ အကုသိုလ်လုပ်တော့ အကုသိုလ်ကမ္မပထ ဆိုတဲ့ ကံက မြောက်သွားပါတယ်၊ ကုသိုလ် လုပ်တဲ့အခါမှာလဲ လှူချင်လိုက်တာ လှူချင်လိုက်တာဆိုတဲ့ စေတနာက ရှိတယ်၊ တကယ် မလှူဘဲနဲ့တော့ ကုသိုလ်ဒါန ဘယ်မြောက်နိုင်မှာလဲ၊ စေတနာနဲ့ ကံမှာ စေတနာက အရင်ဖြစ်ရတယ်၊ ကံက နောက်မှ ဖြစ်ရပါတယ်၊ စေတနာ ရှိမှသာလျှင် ကံမြောက်နိုင်ပါတယ်။

ယခုခေတ် တရားရုံးတွေမှာလဲ အမှုတ်တမဲ့ဖြစ်ရတဲ့ သေမှုသေခင်းများကို တရားစီရင်ရာမှာ တကယ်စေတနာနဲ့ သတ်မယ်ရည်ရွယ်ပြီး သတ်တော့မှ အပြစ်ရှိတယ်လို့ အပြစ်ပေးကြပါတယ်။

### (က) နာနာက္ခဏိကကမ္မ

ကမ္မပစ္စည်းမှာ ပဋ္ဌမပြတဲ့ပစ္စည်း 'ကုသလာကုသလဲ ကမ္မံ'က နာနာက္ခဏိကကမ္မလို့ ခေါ်ပါတယ်၊ ကုသိုလ်ကောင်းမှုပြုတာက တချို့၊ ကံ

ပြုလုပ်တာက ဘဝပေါင်းတရာ, တထောင်, တသောင်းကလုပ်ခဲ့တာ၊ အကျိုးပေးလာဒီတဲ့ တချိန်၊ ဒီဘဝမှာ ကံကိုလုပ်တယ်၊ အကျိုးပေးတာက နောက်ဘဝပေါင်း တထောင်, တသောင်းမှာ အကျိုးပေးပါတယ်၊ အဲဒီလို အကျိုးပေးနိုင်တဲ့ ပစ္စည်းမျိုးကို နာနာက္ခဏိကကမ္မ 'နာနာ=တခြား၊ စိ+ခဏ=အချိန်'၊ တခြားစီအားဖြင့် ကံပြုတာကတချိန်, အကျိုးပေးတာက တချိန်ဆိုတော့ ဒီပစ္စည်းမျိုးဟာ ပဋ္ဌာန်းမှာ ဥပနိဿယနဲ့ ကမ္မ ဒီ-၂မျိုးဘဲပြိုင်လို့ ရပါတယ်။

ပဋ္ဌာန်းမှာ များသောအားဖြင့် စိတ်စေတသိက် ရုပ်တွေက တပြိုင်နက် ဖြစ်တော့ ဝီထိတခုထဲမှာ အခြားမဲ့ဖြစ်တာက အနန္တရ၊ တပြိုင်နက် ဖြစ်တာက သဟဇာတ၊ အာရမ္မဏကတော့ အာရုံ အာရမ္မဏိက အမျိုးတွေ ရှိပေမဲ့ သိပ်မကဲပါ၊ ဒီကမ္မပစ္စည်းကတော့ အကျိုးပေးတဲ့အချိန်ကတချိန်၊ ကံပြုလုပ်တဲ့အချိန်က တချိန် ဘဝပေါင်း တသိန်း တသန်းမှ သူ့ားပြီး အကျိုးပေးချင်တာလဲ ပေးတာပါ၊ အဲဒီလောက်ထိအောင် သတ္တိရှိတဲ့ ပစ္စည်းက ပဋ္ဌာန်းမှာ ဒီပစ္စည်းတခုဘဲ ရှိပါတယ်။

## (ခ) သဟဇာတကမ္မ

'စေတနာ သမ္မယုတ္တကာနံ'ဆိုတဲ့ သဟဇာတကမ္မကတော့ သဟဇာတမျိုးထဲမှာ ပါပါတယ်၊ သဟဇာတဆိုတော့ အကြောင်းနဲ့ အကျိုးက တပြိုင်နက် ဖြစ်လာပါတယ်၊ စေတနာဖြစ်တာနဲ့ အကျိုးပေးချိန်နဲ့ တပြိုင်နက်ဆိုတော့ စေတနာဖြစ်ရင် စေတနာကိုလိုက်ပြီး စိတ်ကလဲ တခါထဲဖြစ်, ရုပ်ကလဲ တခါထဲဖြစ်, တပြိုင်နက်ဖြစ်လို့ သဟဇာတကမ္မ ခေါ်ပါတယ်၊ 'စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဆိုတော့ စေတနာဖြစ်တာနဲ့ နာမ်နဲ့ရုပ်အားလုံး တပြိုင်နက် ဖြစ်ကြရပါတယ်။

'ကုသလာကုသလံ ကမ္မံ'ဆိုတဲ့ နာနာက္ခဏိကကမ္မ ဆိုတာက ကုသိုလ်ကိုယူရင် အတိတ်ကုသိုလ်, အကုသိုလ်ကိုယူရင်လဲ အတိတ်အကုသိုလ်ယူရပါတယ်၊ ကုသိုလ်ကလဲ အတိတ်ဘဝက ဘဝပေါင်း သိန်းသန်းက လုပ်ထား၊တာ၊ ဒီဘဝမှာလာပြီး အကျိုးပေးတယ်၊ အကုသိုလ်ကလဲ

အတိတ်ဘဝ ဘဝပေါင်းသိန်းသန်းက လုပ်တာက ဒီဘဝမှာလာပြီးအကျိုးပေးနိုင်တယ်၊ ဒီကုသိုလ် အကုသိုလ် ကံမျိုးကို ကုသလာကုသလဲ ကမ္မဲဆိုတာပါဘဲ။

**ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ**

ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ'မှာ 'ကဋတ္တာ' ရှပ်ဆိုတာက ကမ္မဇ ရှပ်ပါဘဲ၊ ကမ္မဇရှပ်ဆိုတာက ဒီဘဝမှာ သူ့ကို ဘာမှ လုပ်ရတဲ့ ရှပ်မဟုတ်ပါ၊ ဟိုဘဝက ကုသိုလ် အကုသိုလ်ကံကြောင့် ဒီဘဝမှာ ပေါ်လာတဲ့ရှပ်၊ ကဋတ္တာဆိုတဲ့ ပါဠိအရ ပြုပြီးသောကံကြောင့် ဖြစ်ပေါ်လာသောရှပ်လို့ ဆိုလိုပါတယ်။

နာနာက္ခဏိက ကမ္မပစ္စည်းတရားက အတိတ်ကုသိုလ်ကံနဲ့ အတိတ်အကုသိုလ်ကံဘဲ ဖြစ်ပါတယ်၊ ပစ္စယုပ္ပန်တရားက 'ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ'မှာ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာနဲ့ ကမ္မဇရှပ်တရားဘဲ ဖြစ်ပါတယ်၊ ကမ္မပစ္စည်း ပစ္စယုပ္ပန်ခဲ့ရင် အကျဉ်းအားဖြင့် ဒါပါဘဲ၊ ကမ္မပစ္စည်းကို ပြန်ရှင်းရင် အကုသိုလ်ကံ = အကုသိုလ်စိတ် ၁၂-ခု မှာရှိတဲ့ အကုသိုလ်စေတနာ ၁၂ ခု ရှိပါတယ်၊ စေတနာစေတသိက်က စိတ် ၇၉၊ စိတ်အားလုံးမှာ ယှဉ်ပါတယ်၊ အဘိဓမ္မာမှာ စိတ်ဖြစ်ရင် စေတနာပါမှ ဖြစ်တာပါ၊ စေတနာမပါဘဲ ဘယ်စိတ်မှ ဖြစ်တယ်လို့ မရှိပါ။ စေတနာအကျိုးပေးတာက ပဋိသန္ဓေအကျိုးပေးတာလဲရှိ, ပဝတ္တိအကျိုးပေးတာလဲ ရှိပါတယ်၊ သို့ပေမဲ့ အကုသိုလ်စေတနာ ၁၂-လုံးမှာ ပဋိသန္ဓေအကျိုးမပေးတဲ့ စေတနာရှိပါသေးတယ်၊ မောဟမူ ဝိစိကိစ္ဆာသဟဂုတ်စိတ်နဲ့ ဥဒ္ဓစ္စသဟဂုတ်စိတ် ၂-မျိုးမှာ ဥဒ္ဓစ္စသဟဂုတ်စိတ်မှာရှိတဲ့ စေတနာက ပဋိသန္ဓေအကျိုးမပေးနိုင်ဘဲ ပဝတ္တိအကျိုးကိုသာ ပေးပါတယ်၊ အကုသိုလ်စေတနာ ၁၁-ခုသာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါတယ်။

အရင်အပတ်က ကျန်နေသေးတဲ့ ကမ္မပစ္စည်းကိုဘဲ ဆက်ပြီးပြောပါမယ်။ ကမ္မပစ္စည်းဟာ ၂၄-ပစ္စည်းမှာ ထူးဆန်းတဲ့ပစ္စည်းပါဘဲ၊ ကမ္မပစ္စည်းနှစ်မျိုးမှာ နာနာက္ခဏိက ကမ္မက ထူးဆန်းနေတာပါ၊ နာနာက္ခဏိကမ္မ

ဆိုထာ အတိတ်ကုသိုလ် အကုသိုလ်ကနေပြီး လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးကို ဖန်ဆင်းတဲ့သဘောမျိုးလို လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ, တိရစ္ဆာန်ခန္ဓာတွေ ဖြစ်ပေါ်လာစေသော စေတနာကို ကမ္မပစ္စယသတ္တိ နာနာက္ခဏိက ကမ္မလို့ဘဲ ဟောပါတယ်။

ကုသလာကုသလံ ကမ္မံမှာ ကုသိုလ် အကုသိုလ်ကံက ပစ္စည်းတရား၊ 'ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ' က ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ဒီတော့ ဘုံပိုင်းမှာ ဘယ်ကုသိုလ်ကံက ဘယ်ဝိပါက် ဘယ်ကမ္မဇရုပ်ကို ဖြစ်စေတာလဲ၊ ဘယ်အကုသိုလ်က ဘယ်ဝိပါက် ဘယ်ကမ္မဇရုပ်ကို ဖြစ်စေတာလဲဆိုတာ ထပ်ပြီး ခွဲဘို့လိုပါတယ်။

## အကုသိုလ်ကံ ပဋိသန္ဓေ

အကုသိုလ်ကံ ၁၂-ခုထဲက ဥဒ္ဓစ္စသဟဂုတ် စေတနာက ပဋိသန္ဓေ အကျိုးကို မပေးတော့ ပဋိသန္ဓေ အကျိုးပေးတာက အကုသိုလ်မှာ ၁၁-ခုဘဲ ရှိပါတယ်၊ ဝိပါက်စိတ်ကလဲ ၃၆-ခုရှိတော့ 'ဝိပါကာနံ ခန္ဓာနံ' မှာ အကုသလဝိပါက်စိတ် ၇-ခုက ဝိညာဏက္ခန္ဓာ, စေတသိက်က ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ၊ ဒီ ၄-ပါးဘဲ ရှိပါတယ်။ သရုပ်ခွဲရင် အကုသလဝိပါက် ၇-ခုမှာ စေတသိက် ၇-လုံးဘဲ ရပါတယ်၊ အကုသလ ဝိပါက်က ပဝတ္တိအခါမှာ မကောင်းတာမြင်၊ မကောင်းတာကြား၊ မကောင်းတာစား၊ မကောင်းတာနံ၊ မကောင်းတာထိတွေ့ဆိုတဲ့ အကုသလဝိပါက် ၇-လုံးက ဖြစ်ပါတယ်၊ ပဋိသန္ဓေအခါမှာ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏအဟိတ်စိတ်ဟာ အပါယ် ၄-ဘုံ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အားလုံးမှာ ဒီပဋိသန္ဓေစိတ် တခုတည်း ဖြစ်ပါတယ်။

## ကမ္မဇရုပ်

ကဋတ္တာ စ ရူပါနံ ဆိုတဲ့ ကမ္မဇရုပ်ကျတော့ ပဋိသန္ဓေကမ္မဇရုပ်နဲ့ ပဝတ္တိကမ္မဇရုပ် ၂-ခုလုံး ယူရပါတယ်၊ ကမ္မဇရုပ်က 'ခဏေ ခဏေ သမုဋ္ဌာ-

ပေတိ' ဆိုတဲ့အတိုင်း ပဋိသန္ဓေ အခါမှစ၍ မသေမချင်း ခဏတိုင်း ခဏတိုင်း ဖြစ်ရပါတယ်၊ ဒါပေမဲ့ ပဝတ္တိအခါမှာတော့ စိတ္တဇရုပ်, အာဟာရဇရုပ်,ဥတုဇရုပ်တွေက ခဏတိုင်း ခဏတိုင်း ဖြစ်နေကြပါတယ်၊ အတိတ် အကုသိုလ်ကံဟာ ဘယ်ကမ္မဇရုပ်ကို ဖြစ်စေသလဲဆိုရင် ပဋိသန္ဓေကမ္မဇရုပ်ဆိုတာမှာ အကုသိုလ်ကံကြောင့် ဖြစ်တာက တမျိုး၊ ကုသိုလ်ကံကြောင့်ဖြစ်တာက တမျိုးပါ၊ အခု[1]က ခန္ဓာချင်း အတူတူပါဘဲလို့ ပြောကြမယ်၊ ဥပမာမှာ တိရစ္ဆာန်ခန္ဓာနဲ့ လူ့ခန္ဓာမှာ တိရစ္ဆာန်မှာလဲ ကမ္မဇရုပ် ရှိပါတယ်၊ လူမှာလဲ ကမ္မဇရုပ်က ရှိတာပါဘဲ၊ ကမ္မဇရုပ်ချင်းတူသော်လဲ တိရစ္ဆာန်မှာက အတိတ်က အကုသိုလ်ကံကြောင့် ဖြစ်နေတဲ့ ကမ္မဇရုပ်, လူတွေကတော့ ကုသိုလ်ကံကြောင့် ဖြစ်နေတဲ့ ကမ္မဇရုပ်ဆိုတော့ ကမ္မဇရုပ်ချင်းက မတူပါ။

ပပတ္တိအခါမှာ အကုသိုလ်ကံကြောင့် ဘုံဘဝမှာ ဖြစ်လာရတဲ့ သတ္တဝါမှာ အကုသိုလ်ကမ္မဇရုပ်ဘဲ ဖြစ်ပါတယ်၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်များဖြစ်နိုင်သော်လဲ တိရစ္ဆာန်များမှာ ကုသိုလ်ပြုရန် အခွင့် အင်မတန်နဲပါတယ်၊ တိရစ္ဆာန်ဘဝမှာ ဘုရားကို ကြည်ညိုတာတို့, လိမ္မာတဲ့သတ္တဝါများက သားသမီးအပေါ်မှာထားတဲ့ ဓမတ္တာတို့ဆိုတဲ့ ကုသိုလ်စိတ်မျိုးဟာ ဖြစ်ဘို့အင်မတန် နဲပါတယ်၊ လူ့ဘဝမှ ငရဲကျတာကို မပြောထားနဲ့ တိရစ္ဆာန်ဘဝကို ရောက်သွားရင်တောင်မှ အထက်ပြန်တက်ဘို့လမ်းဆိုရင် မျှော်လင့်ချက် မရှိသလောက်ပါဘဲ၊ တိရစ္ဆာန်ဘဝမှာ ကုသိုလ်ဖြစ်ဘို့ အခါနဲ့ အခွင့်အခါ အင်မတန် နဲလှပါတယ်။

### ကာမာဝစရကုသိုလ်က

'ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ'မှာ ကုသိုလ်ကံကို ပစ္စည်းတရားယူရင် မဟာကုသိုလ်စိတ် ဂ-ခုမှာရှိတဲ့ စေတနာသည် ကာမာဝစရကုသိုလ်ကံ ဖြစ်ပါတယ်၊ ပစ္စယုပ္ပန်တရားဖြင့်တဲ့ ဝိပါက်ခန္ဓာက အဟိတ်ကုသလဝိပါက် ဂ၊ မဟာဝိပါက် ဂ-ဆိုတဲ့စိတ် ၁၆-ခုနဲ့ နာမက္ခန္ဓာ ၄-ပါးဘဲ ဖြစ်ပါတယ်၊ အဟိတ်စိတ်မှာပါတဲ့ ကုသလဝိပါက်

ဂ-ခုက ကောင်းတာမြင်တယ်၊ ကောင်းဘာကြားတယ်၊ ကောင်းတာနံတယ်၊ကောင်းတာစားတယ်၊ ကောင်းတာထိတွေ့တယ်ဆိုတာဟာ အတိတ် ကာမာဝစရ ကုသိုလ်ကံကြောင့်ဖြစ်တဲ့ အကျိုးတရား ပဝတ္တိအခါမှာ ခံစားရတာဓတ္တုပါ၊ ဒါက အတိတ်ကုသိုလ်က ကမ္မပစ္စယသတ္တိနဲ့ အကျိုးပေးတာ ဖြစ်ပါတယ်၊ မဟာဝိပါက်စိတ် ဂ-ခုကတော့ တဒါရုံကိစ္စတပ်လို့ ကောင်းတာမြင်ကယ်၊ ကောင်းတာကြားတယ်ဆိုတာတွေဟာ တဒါရုံမှာ ပါသွားပါတယ်။

ဝိပါကာနံ ခန္ဓာနံ ဆရ ပဋိသန္ဓေအခိုက်မှာတော့ ကာမသုဂတိပဋိသန္ဓေ ၉-ခုဘဲ ရပါတယ်၊ ပဝတ္တိအခါမှာ ၁၆-ခု ရပါတယ်၊ အဟိတ်ကုသလ ဝိပါက်စိတ် ဂ-ခုက ပဝတ္တိမှာ ဖြစ်ပါတယ်။ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်က တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ တိဟိတ်ဩမက ကာမာဝစရကုသိုလ်က ဒွိဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ ဒွိဟိတ် ဥက္ကဋ္ဌ ကာမာဝစရကုသိုလ်က ဒွိဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ ဒွိဟိတ်ဩမက ကာမာဝစရကုသိုလ်ကတော့ ဇမ္ဗူးကတည်းက အင်္ဂါခွဲတ်ယွင်းတဲ့ ကုသလဝိပါက် ဥပက္ခာသန္တီရဏစိတ်နဲ့ အဟိတ် ပဋိသန္ဓေအကျိုးကိုပေးပါတယ်၊ လူ့ဘဝ ဖြစ်လာတယ် ဆိုတာကတော့ ဘယ်လောက်ညံ့တဲ့ လူဘဲဖြစ်ဖြစ် အတိတ်က ကာမာဝစရကုသိုလ်က ကမ္မပစ္စယသတ္တိနဲ့အကျိုးပေးတာဘဲ ဖြစ်ပါတယ်။

ကာမာဝစရကုသိုလ်ကို ပစ္စည်းတရားယူရင် ဝိပါကာနံ ခန္ဓာန် အရ အဟိတ်ကုသလ ဝိပါက် ဂ-ခု၊ မဟာဝိပါက် ဂ-ခု နာမက္ခန္ဓာ၊ ကမ္မဇရုပ်က ပဋိသန္ဓေကမ္မဇရုပ်နဲ့ ပဝတ္တိက ကမ္မဇရုပ်ပါဘဲ၊ အဘိဓမ္မာပါဠိတော်မှာ ကဋတ္တာရူပါနံ ဆိုတာဟာ ကမ္မဇရုပ်ပါဘဲ၊ ဒီကဋတ္တာရူပကွန္ဓာနဲ့ နာမ်ခန္ဓာ ၄-ပါးဟာ ခန္ဓာငါးပါး ဖြစ်တာချင်းတူသော်လဲ အပါယ်ဘုံခန္ဓာနဲ့ လူနတ်ခန္ဓာမှာ မတူပါ၊ အပါယ်ဘုံခန္ဓာက အကုသိုလ်ကြောင့်ဖြစ်တဲ့ခန္ဓာငါးပါး ဖြစ်တယ်၊ လူ့ဘုံခန္ဓာက ကာမာဝစရကုသိုလ်ကြောင့် ဖြစ်တဲ့ခန္ဓာငါးပါး ဖြစ်ပါတယ်။

**ရှုပါဝစရကုသိုလ်ကံ**

'ကုသလာကုသလံ ကမ္မံ' အရ ကုသိုလ်တွေမှာ ကာမာဝစရကုသိုလ်, ရှုပါဝစရကုသိုလ်, အရှုပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်လို့ ၄-မျိုး ရှိပါတယ်၊ ရှုပါဝစရကုသိုလ်ကံကို ပစ္စည်းတရားယူရင် ပစ္စယုပ္ပန်က ရှုပါဝစရ ဝိပါက်စိတ် ၅-ခုနဲ့ ဧစတသိက် နာမက္ခန္ဓာဘဲ ဖြစ်ပါတယ်၊ ရုပ်မှာ ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်ဘဲ ဖြစ်ပါတယ်၊ သို့သော်လဲ ရှုပါဝစရ ၁၆-ဘုံမှာ အာသညသတ်ဘုံ ပါနေပါတယ်၊ ပဋ္ဌမစျာန် ရှုပါဝစရကုသိုလ်က အာသညသတ်ဘုံကို ရောက်စေပါတယ်၊ အာသညသတ် ဘုံမှာတော့ ကမ္မဇရုပ်ကို အာသညသတ်ကမ္မဇရုပ်လို့ ပဋ္ဌာန်းမှာ သီးခြားခေါ်ပါတယ်၊ အာသညသတ်ဘုံသည် ရုပ်ချည်းသက်သက်ရှိတဲ့ဘုံ ဖြစ်သော်လဲ သတ္တဝါထဲမှာ ထည့်ထားပါတယ်၊ အာသညသတ်ပြဟ္မာများဟာ အိမ်ကြီးလို ကျောက်တောင်ကြီးလို ရုပ်မျိုးမဟုတ်ဘဲ ကမ္မဇရုပ်တော့ရှိပါတယ်၊ နာမ်တရား မရှိဘဲနဲ့ အာသညသတ်ပြဟ္မာများမှာ ရှုပါဝစရကုသိုလ်ကံ၏ အစွမ်းကြောင့် ဖြစ်တဲ့ အာသညသတ်ကမ္မဇရုပ်လို့ သီးခြားရှိပါတယ်။ ပဋိသန္ဓေမှာဖြစ်တဲ့ ကမ္မဇရုပ်, ပဝတ္တိမှာဖြစ်တဲ့ ကမ္မဇရုပ်လို့ ဆိုပြီး ခွဲခြားဘို့ မလိုတဲ့အတွက် သီးခြားခေါ်ထားရပါတယ်။ ရှုပါဝစရ ပဋ္ဌမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ စတုတ္ထစျာန် ၆-ဘုံမှာ ရှိတဲ့ ပြဟ္မာများကတော့ ရုပ်နဲ့နာမ် ၂-မျိုးရှိတဲ့အတွက် ပဋိသန္ဓေကမ္မဇရုပ်ကတမျိုး, ပဝတ္တိကမ္မဇရုပ်ကတမျိုး၊ ဒီလို ၂-မျိုးခွဲလို့ ရပါတယ်။

**အရှုပါဝစရကုသိုလ်ကံ**

အရှုပါဝစရကုသိုလ်ကံကို ပစ္စည်းတရားယူတော့ 'ဝိပါကာနံ ခန္ဓာနံ' ဆိုတဲ့ ပစ္စယုပ္ပန်တရားမှာ အရှုပဝိပါက်စိတ် ၄-ခုနဲ့ ဒီ ၄-ခုမှာယှဉ်တဲ့ ဧစတသိက် နာမက္ခန္ဓာဘဲ ရှိပါတယ်၊ အရှုပဘုံမှာ နာမ်သာရှိတဲ့အတွက် အရှုပါဝစရကုသိုလ်ကံက ကမ္မဇရုပ်ကို မဖြစ်စေတဲ့အတွက် 'ကဋတ္တာ စ ရှုပါနံ'ကို ပစ္စယုပ္ပန်တရားမှာ မထည့်ရတော့ပါ။

## လောကုတ္တရာကုသိုလ်ကံ

လောကုတ္တရာကုသိုလ်ကံမှာ နာနာကွဏိက ကမ္မပစ္စည်း တပ်သေး သလား ဆိုတော့ ကမ္မပစ္စည်းက အတိတ်က ကုသိုလ် အကုသိုလ်ကံတွေ ကြောင့် လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ, တိရစ္ဆာန်ခန္ဓာတွေ ဖြစ်ပေါ် အောင် လုပ်တဲ့ကံတရားဖြစ်ပါတယ်။ လောကုတ္တရာကုသိုလ်ကံက ခန္ဓာ မဖြစ်တော့အောင်, နိဗ္ဗာန်ရောက်အောင် ကျေးဇူးပြုတာဖြစ်တော့ သံသာ ဝင်စရာ ကောင်းလှပါတယ်။ သို့သော် 'ကုသလာကုသလံ ကမ္မံ'မှာ ဒိဋ္ဌဓမ္မ အကျိုးပေးဘာက မဂ်ပြီးတော့ ဖိုလ်ဟာ တခါတည်းဖြစ်ပါတယ်၊ ဝိထိနဲ့ ချပြီးကြည့်ရင် မဂ်ကုသိုလ်သည် အတိတ်ပင် ဖြစ်ပါတယ်၊ ဘဝခြားပြီး ဖြစ်တဲ့ အတိတ်မဟုတ်ပေမဲ့ ပုထုဇဉ်ဘဝနဲ့ အရိယာဘဝ အပြောင်း အလဲ မဂ်စေတနာဟာ ထူးဆန်းလှတဲ့ ကမ္မပစ္စည်းတခု ဖြစ်ပါတယ်၊ ဘဝ ပြောင်းနည်းတမျိုးပါ၊ 'ကုသလာကုသလံ ကမ္မံ' မှာ လောကီကုသိုလ်နဲ့ အကုသိုလ်ကတော့ ရှင်းပါတယ်။

## ကမ္မပစ္စည်းနဲ့ အာနန္တရိယပစ္စည်း

အရင်က ပြောခဲ့သလိုပါဘဲ၊ ဒီဘဝမှာ ဒါနပြုလုပ်တဲ့ အချိန်မှာ ဖြစ် လာတဲ့ စေတနာ, သီလဆောက်တည်တဲ့အခါမှာ ဖြစ်လာတဲ့ စေတနာ၊ ဒီကုသိုလ်ကံကလေး ဖြစ်ဘာဟာ ဘာပေါင်း ထောင်သောင်း ကြာလာမှ အကျိုးပေးချင် ပေးတယ်၊ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ နာနာကွဏိက ကမ္မပစ္စည်းတရားဟာ ဘဝပေါင်း သိန်းသန်းခြားပြီးမှလဲ အပရာပရိယဝေဒနီယကံနဲ့ အကျိုးပေးပါဘယ်၊ ဘယ်လိုနည်းနဲ့ အကျိုး ပေးတာလဲ၊ ကမ္မပစ္စည်းကို အနန္တရပစ္စည်းနဲ့ စဉ်းစားကြည့်ရင် ဘဝတခု မှာ ပဋိသန္ဓေအစ စုတိအဆုံး, ပဋိသန္ဓေအစ စုတိအဆုံး ဒီလိုအတိတ် ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝဆိုတဲ့ ဘဝတွေမှာ ရုပ်ဖြစ်စဉ်နဲ့ နာမ် ဖြစ်စဉ်ဟာ ထောနေပေမဲ့ ခန္ဓာငါးပါးရှိတဲ့ သတ္တဝါမျိုးမှာ ရုပ်အစဉ် 'ရူပသန္ဆတိ'နဲ့ နာမ်အစဉ် 'နာမသန္ဆတိ' တို့ဟာ သူသဘာဝနဲ့သူ အကြောင်းကြောင့် သူဖြစ်လာကြတာပါ၊ အဘိတ်ဘဝ တနေထုက ဒါန

ကုသိုလ်စေတနာတချက်ဟာ အတိတ်ဘဝ နာမသန္ဓတိ ဥပါဒ်, ဌီ, ဘင် ဖြစ်ပျက်ဆိုတဲ့ နာမ်စဉ်ထဲမှာ ပါနေပါတယ်။

တနေထုက လုပ်ခဲ့တဲ့ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံဟာ ဘဝတခုမှာ လာပြီး ရုပ်နာမ် ၂-ပါးလုံး အကျိုးပေးပေးပေမဲ့ ပဋိသန္ဓေက စဖြစ်တဲ့ ကမ္မဇရုပ်ဟာ တဘဝပြီးရင် ချုပ်သွားပါတယ်၊ ကမ္မဇရုပ်က အနန္တရ-ပစ္စယသတ္တိ မရှိပါ၊ ဒီပစ္စုပ္ပန်ဘဝကဖြစ်တဲ့ ကမ္မဇရုပ်က မသေခင် စုတိစိတ် ထက် ၁၇-ချက်စောပြီး မဖြစ်တော့ပါ၊စုတိစိတ်နဲ့တပြိုင်နက် စိတ္တဇရုပ်ကလဲ ချုပ်ပါတယ်၊ ဥတုဇရုပ်ဘဲ ကျန်ပါတယ်၊ ဥတုဇရုပ်ကလဲ သန်ခြိုင်းမှာ ဆွေးမြည့်ပျက်စီးသွားတာပါဘဲ၊ ဒါကြောင့် အသုဘရှု ဘိတ်ရင် 'ဥတုဇ ရုပ်အလောင်း သင်္ဂြိဟ်လိုပါ၍' ဆိုတော့ ဥတုဇရုပ်ကိုဘဲ မီးသင်္ဂြိဟ်လို့ ရပါတယ်၊ ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့ကို မီးသင်္ဂြိဟ်စရာ မလိုပါ၊ စုတိစိတ်ချုပ်ရင် ကမ္မဇရုပ်, အာဟာရဇရုပ်နဲ့ စိတ္တဇရုပ်က ချုပ်ပါတယ်။

ကမ္မဇရုပ်က စုတိစိတ်မချုပ်မီကဘဲ မဖြစ်တော့လို့ စုတိစိတ်ကျခါနီးမှာ ကမ္မဇရုပ်ဟာ တဖြေးဖြေးနဲ့ 'မျက်စိက မမြင်တော့ဘူး၊ နားကလဲ မကြားတော့ဘူး၊ သွေးတွေဆုတ်ကုန်ပြီ' ဆိုတာဟာ ကမ္မဇရုပ်တွေ တဖြေးဖြေး ချုပ်တာကို ပြောတာပါ၊ ဒီပစ္စုပ္ပန်ဘဝမှာဖြစ်တဲ့ ကမ္မဇရုပ် ရုပ်အစဉ်က အနာဂတ်မှာဖြစ်တဲ့ ကမ္မဇရုပ်နဲ့ ပဋ္ဌာန်းပစ္စည်းမှာ အနန္တရ အကြောင်း အကျိုးဆက်လို့ မရပါ။

**စေတနာက ခန္ဓာကိုယ်ကို ဖြစ်စေခြင်း**

အနာဂတ်ဘဝမှာ ဖြစ်တဲ့ ကမ္မဇရုပ်ဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲ ဆိုတော့ အတိတ်ဘဝက ဖြစ်စေ , ပစ္စုပ္ပန်ဘဝက ဖြစ်စေ, ဟိုကမ္ဘာပေါင်း တသိန်းတသောင်း ဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် ဖြစ်စေ ဘဝက ပြုခဲ့တဲ့ စေဘနာတခုခုကြောင့် ဒီဘဝမှာ လာပြီး ကမ္မဇရုပ် ဖြစ်ပါတယ်၊ ခန္ဓာကိုယ်ကို ဖြစ်စေတာက နာမ်တရားဆိုတဲ့ စေတနာ နာမ်ဓာတ်ကသာ လျှင် ရုပ်နဲ့နာမ် ၂-ခုလုံးကို ဖြစ်စေပါတယ်၊ ဘဝတခုက ရုပ်တရားက

ဘဝတခုက ရုပ်ဘဏ္ဍာကို မဖြစ်စေနိုင်၊ ဘဝတခုက ရုပ်ဘဏ္ဍာက ဘဝတခုက နာမ်တရားကိုလဲ မဖြစ်စေနိုင်ပါ။

သတ္တဝါ၏ ဖြစ်စဉ်မှာ ရသော နာမ်နဲ့ရုပ်မှာ ရုပ်က ကမ္မဇရုပ်၊ နာမ်က ပဋိသန္ဓေဝိညာဏ်၊ အတိတ်ဘဝကပြုခဲ့တဲ့ကုသိုလ်ကံစေတနာတခုခုကြောင့် ဒီဘဝမှာ လာပြီး ကမ္မဇရုပ် ဖြစ်ပါတယ်။ အတိတ်ဘဝက ကမ္မဇရုပ်နဲ့ ပစ္စုပ္ပန်ဘဝက ကမ္မဇရုပ်မှာ ကနန္တရ အကြောင်းအကျိုးဆက်၍ မရပါ။ ရှေ့ပသန္တတိကတော့ ပြက်သွားပါတယ်၊ ဒီလို ရှေ့ပသန္တတိ ပြက်သွားတော့ အနန္တရပစ္စည်းမှာ ပဉ္စဉ်းတရားကလဲ စိတ်နဲ့ဓေတသိက် နာမ်တရား၊ ပစ္စုပ္ပန်တရားကလဲ နာမ်တရားပါဘဲ၊ အနန္တရပစ္စည်းရဲ့ အဓိပ္ပါယ်ဆိုတာက ဝိညာဏ်ဆိုတဲ့ နာမ်တရားသာ မပြတ်ဖြစ်နေပါတယ်၊ စုတိပြီးရင် ပဋိသန္ဓေ, စုတိပြီးရင် ပဋိသန္ဓေ နာရဲ့ခဏစဉ်အဆက်သာ မပြတ်ဘဲနဲ့နေပါတယ်၊ ရှေ့ပသန္တတိကတော့ ပြောင်းသွားပါတယ်၊ ရုပ်အစဉ်ပြောင်းပုံက ခဏရုပ်က လူရုပ်, လူရုပ်က နတ်ရုပ် ဆိုတော့ ရုပ်ကတော့ ပြောင်းနေပါတယ်၊ ဘဘဝနဲ့ တဘဝမှာ ရုပ်ချင်းက အနန္တရ အကြောင်းမကျိုး မရပါ။

နာမ်ရဲ့ အစဉ်မှာတော့ အဆက်မပြတ်ဘဲနဲ့ ကမ္ဘာပေါင်း ထောင်သောင်း များစွာ အနန္တရပစ္စည်းက အဆက်မပြတ် ဖြစ်စေနိုင်ပါတယ်။

### နာနာကွဏိကကမ္မ အကျိုးပေးပုံ

ပြဟ္မာကြီးဟွန်းတော့ သူတို့သက်တမ်းက ကမ္ဘာနဲ့ချီပြီး အသက်ရှည်တော့ သူတို့က ဘဝအဆက်ဆက်ကို သိနေကြပါတယ်၊ ဒီဘဝက လူဘဝ ဝိညာဏ်ဟာ နတ်ဘဝထဲ ရောက်သွားတယ်၊ မန္တလေးကလူက ရန်ကုန်လာဝင်စားကယ်၊ ရန်ကုန်က လူက မန္တလေး သွားပင်စားတယ်။ ဒီ ဝိညာဏ်ရဲ့ အဆက်မပြတ် ဖြစ်နေတာ ဒီဝိညာဏ် ဘယ်ကိုသွားသလဲ သူတို့က မြင်တော့ သွားတဲ့အဓိပ္ပါယ်ဘဲ ရောက်သွားပါဘယ်၊ တကယ်တော့ သွားတာမဟုတ်ဘဲ၊ စိတ်ဇစဉ်အတိုင်း သူ့ရဲ့ အနန္တရပစ္စည်းကြောင့် တဆက်တည်းဖြစ်နေတာပါ၊ လောပိတခေတ်ကြီးနဲ့ ဒီကဖွင့်ရင် လင်းစေချင်တဲ့ ဇာပွင့်က လင်းတာပါ၊ အဲသလိုဘဲ အတိတ်ဘဝက ကုသိုလ်

ကံတွေရှိနေတော့ ဒီဘဝမှာ အကျိုးစပေးပါတယ်၊ အကုသိုလ်ကံများ ရှိနေရင်လဲ ဒီဘဝမှာ အကျိုးပေးပါတယ်၊ ဥပမာ–ဥပဋ္ဌမ္ဘကဆိုတာ မီးခလုတ်ဖွင့်ပေးတာပါဘဲ၊ အတိတ်ဘဝက ကုသိုလ်ကံတွေလုပ်ခဲ့တာ အ များကြီးရှိနေတာမှာ အတိတ်ကုသိုလ်ကံက အကျိုးမပေးသေးဘဲ ဖုံးအုပ် နေတဲ့အခါ အတိတ်ကံပေါ်လာအောင် ဥပဋ္ဌမ္ဘက ကုသိုလ်ကံဆိုတာက ကုသိုလ်ကောင်းမှုတွေ ထပ်ပြီးလုပ်ပေးတော့ နာနာကွဇိကကမ္မနဲ့အကျိုး ပေးလို့ ရပါတယ်။

နာမ်စဉ်က အဘိဓမ္မာသင်ထားလို့သာ ဥပါဒ်, ဋ္ဌိတ်နဲ့ ဖြစ်ပျက်နေ တယ်ဆိုတာ သိရပါတယ်၊ တကယ်တော့နာမသန္ဓတိ နာမ်စဉ်ကတော့ ဆက်နေသလိုပါဘဲ၊ သူ့ဓာတ်သဘောက ရှိနေပါတယ်၊ ဓာတ်ကြိုးထဲမှာ ဓာတ်ဖွင့်ထားတော့ ဘယ်တော့ဖွင့်ဖွင့် လင်းလာသလို နာမ်စဉ် သန္ဓတိ အစဉ်ကြီးက ရှိနေတော့ ဘယ်ဘဝက လုပ်ထားတဲ့ ကုသိုလ်ကံဖြစ်ဖြစ်, အကုသိုလ်ကံဖြစ်ဖြစ် အကျိုးပေးနိုင်တာပါဘဲ၊ ဒီက ဥပဋ္ဌမ္ဘကကုသိုလ် ကံကို ဖွင့်မလား၊ အကုသိုလ်ကံကို ဖွင့်မလားဆိုတာ ဥပဋ္ဌမ္ဘက ကံကလဲ အရေးကြီးပါတယ်၊ ဒါက နာနာကွဇိကကမ္မပစ္စယသတ္တိနဲ့ အကျိုးပေးပုံ ပါဘဲ။

**စေတနာ**

'စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ-ပစ္စယန ပစ္စယော'လို့ ဒုတိယအပိုဒ်မှာ ဟောထားပါတယ်၊ စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံဆိုတာက သဟဇာတကမ္မပစ္စည်းပါ၊သဟဇာတကမ္မ ဆိုတာက ကမ္မပစ္စည်းကိုခွဲပြီး ဟောထားတာပါ။ အထက်အပိုဒ်က'ကုသ-လာကုသလံ ကမ္မံ'ကို ဟောတယ်၊ အောက်အပိုဒ်မှာ 'စေတနာ'ကို ဟောပါတယ်၊ စေတနာ အသုံးနဲ့ ကမ္မအသုံးဟာ ပဋ္ဌာန်းပါဠိတော်ကို ထောက်ရင် ကမ္မဆိုတာ ကံမြောက်ပြီးမှ ကုသိုလ်ဆိုရင်လဲ လုပ်ပြီးမှ အကု သိုလ်ဆိုရင်လဲ လုပ်ပြီးမှ ကာယကံ, ဝစီကံ, မနောကံ မြောက်ပြီးတဲ့ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံကို ကမ္မံလို့ ဟောတာပါ။

**စက္ခုဝိညာဏ် မြင်စေဒိတ်**

သဟဇာတကမ္မမှာ ကမ်္ဘလို့ မဟောပါ၊ 'စေတနာ' ဆိုတာက စက္ခု ဝိညာဏ်မြင်တဲ့စိတ်ဖြစ်ဘို့က စေတသိက်မှာ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရဆိုတဲ့ စေတသိက် ၇-လုံးဟာ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ပါရပါတယ်၊ မြင်လိုက်တယ်ဆိုရင် စေတသိက်က ၇-လုံးရပါတယ်။

(၁) စိတ်အလုပ်က ရှုပါရုံကို သူက ယူတဲ့သဘောဘဲရှိပါတယ်။

(၂) ဒီစိတ်က အာရုံသိအောင် ဖဿကအာရုံနဲ့ တိုက်ဆိုင် ပေးရပါတယ်၊ ကြည့်လိုက်ပါလို့ စိတ်ကို ဖဿက တွန်းပေးမှဖြစ်မှာပါ။

(၃) ဝေဒနာ အာရုံကို လက်ခံထားပါတယ်။

(၄) သညာက အဖြူဘဲ အမဲဘဲ မှတ်ပါတယ်။

(၅) စေတနာက ကြည့်အောင် တိုက်တွန်းပါတယ်။

(၆) ဧကဂ္ဂတာက အာရုံမှာ ဧခဋ္ဌဓမ္မ ရပ်တည်ပေးမှ မြင်မှာပါ။

(၇) ဥပါဒ် ဌီ ဘင် အားဖြင့် စိတ်သက်ကလေးတခု တည်တဲ့အောင် လုပ်ပေးတာက ဇီဝိတရဲ့အလုပ်ပါ။

(၈) မနသိကာရကတော့ အာရုံကို နှလုံးသွင်းရပါတယ်။ ဒီအက်ါ ၈-ပါးနဲ့ညီမှ စိတ်က မြင်ပါတယ်။

အဘိဓမ္မာနည်းနဲ့ဆိုတော့ မြင်တဲ့စိတ်ကလေး မြင်ရပုံက ဝီထိမှာ အာဘီတဘာဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဝါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌဗ္ဗ, ဇော ၇-ကြိမ်, တဒါရုံအထိ ဝီထိကျသွားပါတယ်။ အဲဒီလို ကျတဲ့ မြင်တဲ့ ဒိဋ္ဌကလေးဖြစ်ခိုက်မှာ စေတသိက်က ၇-လုံး ပါပါတယ်၊ ဒီ ၇-ခုမှာ ကမ္မပစ္စည်းထိုက်တာက စေတနာတခုဘဲ ထိုက်ပါတယ်၊ 'ဇောတနာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော' လို့ ဟောတော့ စေတနာဆိုတဲ့တရားက

သဟဇာတကမ္မ ဖြစ်တဲ့ အတူက် စိတ်နဲ့ စေတသိက်က ဂ-ခုရှိပါတယ်။ ရုပ်မှာတော့ အဋ္ဌကလာပ်ဆိုပြီး ရုပ် ဂ-ခုပေါင်းမှ ကလာပ်တခုဖွဲ့လို့ ရတာပါ၊ ရုပ်တခုဗီ တခုစီဆိုရင်တော့ သဘာဝဘဲ ရှိမှာပါ၊ ရုပ်အဋ္ဌကလာပ် ရှိသလို စိတ်မှာလဲ ဖဿ ဝေဒနာ သညာ အစရှိတဲ့ စေတသိက် ၇-ခုက ရှိရပါတယ်၊ စေတသိက် ၇-ခုနဲ့ စိတ်ဆိုတဲ့ ဓာတ်သဘော ဂ-ခုပေါင်း ဆုံမှ မြင်တယ်ဆိုတဲ့ စိတ်က ဖြစ်ပါတယ်၊ မြင်တဲ့စိတ်ဖြစ်တဲ့အခါမှာ စေတသိက် ၇-လုံးက အတူဖြစ်တယ်၊ မြင်တဲ့စိတ် ဟျက်တဲ့အခါမှာ စေတသိက် ၇-လုံးက အတူပျက်ပါတယ်၊ အတူဖြစ်တယ်, အတူပျက်တယ် ဆိုတော့ သဟဇာတပစ္စည်း ဖြစ်နေပါတယ်။

'စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံ' စေတနာသည် သူနှင့်ယှဉ်သော ကရားတို့အား ဝင်းဆိုတော့ စေတနာကို ပစ္စည်းတရုံးယူရင် စေတနာမှ ကြွင်းတဲ့ စက္ခုဝိညာဏ်စိတ်နဲ့ ကျန်တဲ့စေတသိက် ၆-လုံးဟာ 'သမ္မယုတ္တ-ကာနံ ဓမ္မာနံ'မှာ ဒါဘဲယူရပါ၊ ယ်၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ– ရုပ်က စိတ္တဇရုပ်ဆိုတော့ စက္ခုပိညာဏ် စိတ်စေဟသိက်ကြောင့်ဖြစ်တဲ့ရုပ်ကို ယူရ မလားဆိုတဲ့အခါမှာ ရုပ်ကိုဖြစ်စေတတ်တဲ့အထဲမှာ ခဲမယ်ဆိုရင် တံသမု-ဋ္ဌာနာနဉ္စ ရူပါနံမှာ ဒွေးပဉ္စဝိညာဏ် ၁၀-ဆိုတဲ့ မြင်တဲ့စိတ် ကြားတဲ့ စိတ်တို့က ရုပ်ကို မဖြစ်စေနိုင်ပါ၊ ဒီလိုပြောတော့ ရုပ်ပိုင်းကလဲ ဆက်လာ ရမှာမို့ အဘိဓမ္မာစိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း, ဝီထိမုတ်ပိုင်း, ရုပ်ပိုင်း, ပစ္စည်းပိုင်းလို့ ၇-ပိုင်းလောက်ကိုမြင်နေမှ ပဋ္ဌာန်း မှာ ပြောရတာ နားလည်လွယ်ပါတယ်။

**ရုပ်တရားရှင်းချက်**

'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' စေတနာနဲ့ သူနဲ့ယှဉ်တဲ့ တရားတို့ကြောင့် ဖြစ်တဲ့ရုပ်လို့ ဆိုလိုပါတယ်၊ ဒါပေမဲ့ စက္ခုဝိညာဏ်စိတ် မြင်စိတ်နေရာမှာ စေတနာကို ပစ္စည်းတရုံးယူရင် နာမ်တရားဖြစ်တဲ့ စက္ခုဝိညာဏ်နဲ့ကြွင်း တဲ့စေတသိက် ၆-လုံးက 'တံသမ္မယုတ္တကာနံ ဓမ္မာနံ'က ရသွားပါတယ်၊ ရုပ်တရားမှာ ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့ အဋ္ဌပဝိပါက် ၄-ပါးဟာ ရုပ်တရား

ကို မဖြစ်စေတော့ စက္ခုဝိညာဏ် စိတ်မှာရှိတဲ့ စေတနာကို ပစ္စည်းတရား ယူရင် စေတနာက သဟဇာတကမ္မပစ္စည်း၊ ကျန်တဲ့ စိတ် စေတသိက် ကသာ ပစ္စုပ္ပန်ဖြစ်ပါတယ်၊ ရုပ်တရားက ပစ္စယုပ္ပန်ထဲမပါပါ။ ဒီနေရာမှ မြင်တဲ့စိတ်ကို နမူနာထားပြီး ပြောတာဖြစ်ပါတယ်။

မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်ဆိုတဲ့ စိတ်ရှိရှိသမျှမှာ စေတနာ ကရှိတော့ စိတ် ၁၉-မှာ စေတနာကလဲ ၁၉-ဘဲရှိပါတယ်၊ ဖဿ, ဝေဒနာ အစရှိတဲ့ စေတသိက် ၇ လုံးကလဲစိတ်အကုန်လုံးမှာယှဉ်ပါတယ်၊ စေတနာက ၁၉ ရှိသလို ဖဿကလဲ ၁၉၊ ဝေဒနာကလဲ ၁၉၊ ဒီလိုဘဲ ၁၉-စီရှိကြပါတယ်၊ စက္ခုဝိညာဏ် မြင်တဲ့စိတ် ဖြစ်တဲ့အခါမှာ စေတနာ ပစ္စည်းတရားယူရင် ပစ္စယုပ္ပန်ဘရားကို သူနဲ့တပြိုင်နက်ဖြစ်တဲ့ နာမ်တရားကိုသာ ယူရပါတယ်၊ ရုပ်တရားမှာက 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဆိုတော့ စိတ်ကြောင့် ဖြစ်ရဲ့ ရုပ်ဆိုတာမှာ စိတ်ဘခုဟာ ရုပ်ကို ဖြစ်စေတာဟ်သလား ဆိုတဲ့အခါမှာ ရုပ်ကို ဖြစ်စေတာ်ပါတယ်ဆိုရင်တော့ ထည့်ပြီး ယူရပါတယ်။

### ဟောကုသိုလ်စိတ်မှာ ယှဉ်တဲ့ စေတနာ

ဥပမာအားဖြင့် မဟာကုသိုလ်စိတ်က ဉာဏသမ္ပယုတ်စိတ်တခုနဲ့ ဒါနကုသိုလ်ကို ဝမ်းမြောက် ဝမ်းသာ ဘယ်သူကမှ မတိုက်တွန်းဘဲနဲ့ ဉာဏ်ယှဉ်ပြီး သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နဲ့ လုပ်လိုက်ပါတယ်၊ ဒါနကုသိုလ်လုပ်တဲ့အခါမှာ 'စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ' မှာ မဟာကုသိုလ်စိတ်နဲ့ ညီမျှယှဉ်တဲ့ စေတသိက် ၃၀-က စေတနာ စေတသိက်ကို နုတ်ထားတော့ စေတသိက် ၃၇-ဘဲ ကျန်ပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' က မဟာကုသိုလ်စိတ်မှာ ရုပ်ကို ဖြစ်စေနိုင်ပါတယ်၊ ကုသိုလ်စိတ်တွေရုပ်ဆိုတာက ကြည်လင်ပေါ်ပါးလွင်မြန်ပြီး မမောနိုင် မပန်းနိုင် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းနေပါတယ်၊ မဟာကုသိုလ်စိတ်မှာဖြစ်တဲ့ ဇစေတနာကို ပစ္စည်းတရားပယူရင် ကျန်တဲ့မဟာကုသိုလ်စိတ်နဲ့ စေတသိက်၃၇-ခု၊ ကုသိုလ်စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားတွေ ဖြစ်ကြပါတယ်။

**မဟာဝိပါက်စိတ်မှာ ယှဉ်တဲ့စေတနာ**

မဟာဝိပါက် စိတ်မှာတော့ ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံဆိုတဲ့ ၄-ကိစ္စတပ်ပါတယ်၊ မဟာဝိပါက်စိတ်မှာ စေတသိက်က ၃၃-ခု ရှိတော့ စေတနာကို ပစ္စည်းတရားယူရင် ကျန်တဲ့စေတသိက်က ၃၂-ဘဲ ရှိပါတယ်၊ ပဋိသန္ဓေအခါမှာ ဥပမာအားဖြင့် တိဟိတ်ပဋိသန္ဓေနဲ့ မဟာဝိပါက်စိတ်ဖြစ်တော့ စေတနာကို ပစ္စည်းတရားယူရင် မဟာဝိပါက်စိတ်နဲ့ ကျန်တဲ့ စေတသိက် ၃၂-ကို သဟဇာတကမ္မသတ္တိနဲ့ ဖောက်ပြန်ပြုပါတယ်။ ပဋိသန္ဓေအခိုက် မဟာဝိပါက်စိတ်မှာ အတူတကွဖြစ်တာမှာ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ'က စိတ္တဇရုပ်ကိုမယူဘဲ ပဋိသန္ဓေကမ္မဇရုပ်ကို ယူရပါတယ်၊ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်မျှားမှာတော့ စေတနာက စိတ္တဇရုပ်ကို ဖြစ်စေပါတယ်၊ အကုသိုလ်စိတ်နဲ့ ကုသိုလ်စိတ်မှာရှိတဲ့ စေတနာက ကမ္မဇရုပ်ကို မဖြစ်စေပါ၊ ဝိပါက်စိတ်မှာ ပဋိသန္ဓေကိစ္စတပ်လို့ ပဋိသန္ဓေအခိုက်အတန့်မှာ စိတ် စေတသိက်ထဲမှာ စေတနာ ပါပါတယ်၊ စေတနာက ပစ္စည်းတရားဆိုတော့ ကျန်တဲ့စိတ် စေတသိက်တွေက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ စိတ္တဇရုပ်ကိုတော့ ပဋိသန္ဓေ အခိုက်အတန့်မှာ မဖြစ်စေနိုင်သေးပါ၊ ဒီနေရာမှာ ပဋိသန္ဓေကမ္မဇရုပ်ကိုဘဲ ယူရပါတယ်၊ ပဌမဘင်, ဒုကိယဘင်, တတိယဘင်ဆိုတဲ့ စိတ္တဇရုပ်ကို ဖြစ်စေနိုင်တဲ့ အခါကျတော့မှ စိတ္တဇရုပ်ကိုလဲ ထည့်ကောက်ရပါတယ်။

'စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ရဲ့ သဟဇာတကမ္မပစ္စည်းမှာ ပစ္စည်းက စေတနာတလုံးထဲ၊ ပစ္စယုပ္ပန်တရားက စိတ် ၈၉၊ စေတသိက် ၅၁၊ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ် ဖြစ်ပါတယ်၊ လူကိုကြည့်လိုက်မယ်ဆိုရင် လူမှာရှိနေတဲ့ စေတနာကလေး တလုံးက သဟဇာတပစ္စည်း၊ စေတနာနဲ့ဝေဒနာကဖြစ်တဲ့ စိတ် ၈၉, စေတနာကြည့်တဲ့ စေတသိက် ၅၁, လူမှာဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေဟာ ပစ္စယုပ္ပန် တရားပါဘဲ၊ ဒီလိုဆိုတော့ လွယ်သွားပါတယ်။ ဒီလောက်ဆိုရင် ကမ္မပစ္စည်းကတော့ တော်လောက်ပါပြီ။

# ၁၄။ ဝိပါကပစ္စည်း
# သင်ကြားပို့ချချက်များ

'ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော' မှာ 'ဝိပါကာ စတ္တာရော ခန္ဓာ' ကို ရှင်းပြဘို့ရှိပါတယ်။ သင်္ဂြိဟ်မှာ ဝိပါက်စိတ် ၃၆-နဲ့ သူကိုယှဉ်တဲ့ စေတသိက်က ၃၀-ရှိပါတယ်၊ ဝိပါက်စိတ် ၃၆-က ဝိညာဏက္ခန္ဓာ၊စေတသိက် ၃၀-က ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဆိုတော့ နာမ်ခန္ဓာ ၄-ပါး ဖြစ်ပါတယ်။ 'ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော' ဝိပါက်နာမ်ခန္ဓာ ၄-ပါးဟာ 'အညမညံ ဝိပါကပစ္စယေန ပစ္စယော' ဆိုတော့ 'စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော' လို့ ဆိုတဲ့ အညမညပစ္စည်းရဲ့သဘောမျိုး ပစ္စယနိဒ္ဒေသမှာ ဟောထားပါတယ်။ ဝိပါက်နာမ်ခန္ဓာ ၄-ပါးဟာ အညမညံ အပြန်အလှန် ကျေးဇူးပြုလို့ ဝိညာဏက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာက ပစ္စယုပ္ပန်တရား၊ ဝေဒနာက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝိညာဏက္ခန္ဓာ,သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာက ပစ္စယုပ္ပန်တရား၊ သညာက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝိညာဏက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝေဒနာက္ခန္ဓာက ပစ္စယုပ္ပန်တရား၊ သင်္ခါရက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာက ပစ္စယုပ္ပန်တရား ဖြစ်သွားပါတယ်။

ပစ္စယနိဒ္ဒေသကို ပြောမယ်ဆိုရင် ဝိပါက်စိတ် ၃၆-နဲ့ စေတသိက် ၃၀-တို့ဟာ အပြန်အလှန် ကျေးဇူးပြုတယ်၊ အတူအကူဖြစ်တယ်လို့ ပြောလို့ရပါတယ်၊ ဒီမှာ ကျန်နေတာကို ပဥ္စဝါရကျတော့ ပဋိသန္ဓေဝိပါက်စိတ်တို့သည် ပဋိသန္ဓေကမ္မဇရုပ်ကို ဖြစ်စေတယ်၊ ပဝတ္တိအခါမှာ စိတ္တဇရုပ်ကို ဖြစ်စေတယ်လို့ ဟောထားပါတယ်၊ သို့ပေမဲ့ ဒီမှာက 'ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော'လို့ ဆိုထားတော့ ဝိပါကပစ္စည်းမှာ နာမ်ခန္ဓာ ၄-ပါးဟာ အချင်းချင်း ကျေးဇူးပြုတယ်ဆို

ရင် ပစ္စယနိဒ္ဒေသဖြစ်အောင်ဖြင့် ပစ္စည်းကလဲ နာမ်၊ ပစ္စယုပ္ပန်ကလဲ နာမ်၊ နာမ်ကိုနာမ်ချင်း ကျေးဇူးပြုတဲ့ ပစ္စည်းထဲမှာဘဲ ပါနေပါတယ်။

**သာဝဿဒေသနာ**

ပဋ္ဌာဝါရကိုဘဲကြည့်ကြည့်၊ သဘောတရားကိုဘဲကြည့်ကြည့် ဝိပါက်စိတ်ဟာ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကို ဖြစ်စေပါတယ်၊ ကမ္မပစ္စည်းကြည့်ရင် 'စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဆိုတော့ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်တို့ဟာ ဝိပါကပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားထဲမှာ ပါသင့်ပါတယ်၊ အဋ္ဌကထာဆရာများကလဲ ပါသင့်ပါတယ်လို့ ဆိုပါတယ်၊ ပဋ္ဌာဝါရမှာကလဲ မြတ်စွာဘုရားက ဝိပါကပစ္စည်း ပစ္စယုပ္ပန်တရားထဲမှာ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကိုထည့်ပြီး ဟောပါတယ်၊ ဒီလို ဟောတဲ့အခါကျတော့ ဒါမျိုးကို သာဝဿဒေသနာလို့ ခေါ်ပါတယ်၊ ပဋ္ဌာန်းကို အကုန်မကြည့်နိုင်တဲ့ သူများအဘို့ကတော့ ပစ္စယနိဒ္ဒေသကိုဘဲကြည့်ပြီး ဝိပါက ပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားမှာ ဝိပါက်စိတ်တွေဟာ စိတ္တဇရုပ်, ကမ္မဇရုပ်တို့ကို ကျေးဇူးပြုနိုင်သလားလို့ ဒီလို မဇဝေခွဲနိုင်တဲ့အခါမှာ ပဋ္ဌာဝါရကိုကြည့်ရင် ပဋ္ဌာဝါရမှာတော့ ထည့်ပြီး ဟောပါတယ်၊ ဒါက သာဝဿဒေသနာ အကြောင်းရှိနေတယ်၊ အကြောင်းမဲ့ဒေသနာမျိုးမဟုတ်၊ ကြောင်းကျန်နေတဲ့တရားမျိုးပါ၊ ပစ္စယနိဒ္ဒေသကတော့ အကျဉ်းဟောတာမို့ အကုန်လုံး မပြည့်စုံနိုင်လို့ ဝါရကြီးတွေမှာတော့ အကျယ်ဟောထားတာ ရှိနေပါတယ်၊ ဒီလို အကျယ်ဟောထားတဲ့ ဒီအခါကျတော့ စိတ္တဇရုပ်, ကမ္မဇရုပ်တွေ့ ဝိပါက ပစ္စည်း ပစ္စယုပ္ပန်မှာ ပါသွားပါတယ်လို့ အဋ္ဌကထာဆရာများက ရှင်းထားပါတယ်။ ဝိပါကပစ္စည်းကတော့ ဒီလောက်ပါဘဲ။

# ၁၅။ အာဟာရုပန္ဒုည်း
# သင်ကြားပို့ချချက်များ

အာဟာရဆိုတဲ့ပါဠိက ယခုအချိန်မှာ ဗမာစကား ဖြစ်နေပါတယ်၊ အစားအစာကို အာဟာရလို့ဘဲ ခေါ်နေကြပါတယ်၊ လူတွေဟာ အာဟာရရှိမှ အသက်ရှင်တယ်၊ အာဟာရမရှိရင် အသက်မရှင်နိုင်လို့ ပြောနေကြတော့ ဗမာစကားမှာ အစားအစာဟာ အာဟာရဘဲလို့ နားလည်နေကြပါတယ်၊ အာဟာရရဲ့ ပါဠိအဓိပ္ပါယ်မှာ အာ=အလွန်+ဟာရ=ဆောင်တယ်၊ လွန်စွာ ဆောင်တတ်သောကြောင့် အာဟာရ၊ အစားအစာဟာ အသက်ရှည်အောင် လွန်စွာ ဆောင်တတ်သောကြောင့် အာဟာရဆိုတော့ ဝေါဟာရအားဖြင့် အစားအစာကို အာဟာရလို့ဘဲ အများက နားလည်နေကြပါတယ်။

## အာဟာရ ၂-မျိုး

အဘိဓမ္မာမှာ ရုပ်အာဟာရ, နာမ်အာဟာရဆိုပြီ ၂-မျိုး ခွဲထားပါတယ်၊ ရုပ်အာဟာရက ရုပ်တရားကို အသက်ရှည်အောင် ထောက်ပံ့တဲ့ အစားအစာ၊ နာမ်အာဟာရက နာမ်တရားကို အသက်ရှည်အောင် ထောက်ပံ့နေတဲ့ နာမ်တရားဆိုတဲ့အခါမှာ ရုပ်တရားကို ထောက်ပံ့တဲ့ အစားအစာကိုတော့ နားလည်နေပါဘယ်၊ နာမ်အာဟာရ ဆိုတာကတော့ နာမ်တရားကို အသက်ရှင်အောင် ဘယ်တရားသည် ဘယ်ပစ္စည်းနဲ့ ကျေးဇူးပြုနေတယ်ဆိုတဲ့ သဠာယတနဟူသို့, ပဋ္ဌာန်းတို့ကို သင်မှ နားလည်နိုင်ပါတယ်။

## ကဗဠီကာရအာဟာရ

ပါဠိတော်မှာ 'ကဗဠီကာရော အာဟာရော ဣမဿာ ကာယဿာ'လို့ ဆိုထားတော့ အဘိဓမ္မာမှာ စားသောက်နေတဲ့ အစားအစာကို 'ကဗဠီကာရ အာဟာရ' လို့ မခေါ်ပါ၊ ရုပ် ၂၈-ခုမှာပါတဲ့ ဩဇရုပ်ဆိုတာ ရှိပါ

တယ်၊ အဲဒီရုပ်ထဲမှာပါတဲ့ ဩဇရုပ်က ကဗဠီကာရအာဟာရ ဖြစ်ပါတယ်၊ ဩဇရုပ်ကလဲ ကမ္မဇဩဇ, စိတ္တဇဩဇ, ဥတုဇဩဇ, အာဟာရဇဩဇ-လို့ ၄-မျိုး ကဲ့သွားပါတယ်၊ ဩဇ ၄ မျိုးကို စတုသမုဋ္ဌာနိကဩဇ စတုဇဩဇလို့လဲ ခေါ်ပါတယ်၊ ရုပ်မှာလဲ စတုသမုဋ္ဌာနိက ရုပ်ဆိုတာကရှိတော့ ဒီရုပ်ကလဲ ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်ပါတယ်၊ စတုဇ ဩဇကလဲ ကံကြောင့်ဖြစ်တယ်၊ စိတ်ကြောင့်ဖြစ်တယ်၊ ဥတုကြောင့် ဖြစ်တယ် အာဟာရကြောင့်လဲ ဖြစ်ပါတယ်။

**ကမ္မဇဩဇ**

ကမ္မဇဩဇကို နားလည်နိုင်အောင်က သင်္ဂြိဟ် ရုပ်ပိုင်းမှာ ပါပါတယ်၊ ရုပ်ပိုင်းက ကလာပ်ပိုင်းမှာ ကမ္မဇကလာပ် ၉-စည်း ရှိပါတယ်၊ ဒီကလာပ် ၉-စည်းကတော့ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာန-ဒသကကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသကကလာပ်၊ ယောကျိုး ဆိုရင် ပုမ္ဘာဝဒသက ကလာပ်၊ မိန်းမဆိုရင် ဣတ္ထိဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝကကလာပ်တို့ ဖြစ်ကြပါတယ်၊ စက္ခုနဲ့တကွ ရုပ် ၁၀-ခုကို စက္ခုဒသကကလာပ်လို့ ခေါ်တာပါဘဲ၊ ရုပ်ဆိုတာက တခုစီ တခုစီ မနေနိုင်ပါ။ အနဲဆုံး ရုပ်က ၈-ခု ရှိရပါတယ်၊ ရေ မြေ တောင် သမုဒ္ဒရာဆိုဘာဖတ္ထုမှာလဲ ရုပ် ၈-ခု အဋ္ဌကလာပ်ရှိပါတယ်၊ ပထဝီ, တေဇော, အာပေါ, ဝါယော ဓာတ် ၄-ပါးကရှိတော့ ဒီဓာတ် ၄-ပါးကလဲ ဘယ်ရုပ်မှာမဆို ရှိပါတယ်၊ ဒီဓာတ် ၄-ပါးနဲ့ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ-ဆိုတဲ့ ရုပ် ၄-ခုတို့ ပေါင်းတော့ အဋ္ဌကလာပ်ဖြစ်ပါတယ်။ ရှေးဆရာများကတော့ ဩဇရုပ်ကို ဩဇဋ္ဌမကရုပ်လို့ ခေါ်ပါသေးတယ်၊ ဆိုလိုတာက ဩဇလျှင် ၈-ခုမြောက်သောရုပ်၊ အဋ္ဌကလာပ်မှာ ဩဇက ၈-ခုမြောက် ဖြစ်လို့ ဒီဩဇာကို ခေါ်တာပါ၊ ကမ္မဇကလာပ်ထဲမှာ ဩဇာက ပါနေပါတယ်၊ ကမ္မဇကလာပ်မှာ ရုပ် ၁၀-ခု ရှိတယ်ဆိုတာက ဒီအဋ္ဌကလာပ် ၈-ခုနဲ့ စက္ခုပသာဒရုပ်, ဇီဝိတရုပ် ပေါင်းတော့ စက္ခုဒသကကလာပ် ရုပ် ၁၀ ခု ဖြစ်ပါတယ်၊ မျက်စိက မြင်တယ်ဆိုတဲ့ စက္ခုပသာဒကလေးမှာ ရုပ်က ၁၀-ခု ရှိပါတယ်။

## စိတ္တဇဩဇာ

စိတ္တဇဩဇာကျတော့ စိတ္တဇကလာပ်က ၆-စည်း ရှိပါတယ်၊ စိတ္တဇကလာပ် ၆-စည်းမှာပါတဲ့ ပဌမကလာပ်ဖြစ်တဲ့ သုဒ္ဓဋ္ဌကလာပ်မှာ အဋ္ဌကလာပ်ကပါတော့ ဒီကလာပ်ထဲမှာ ဩဇာရုပ်က ပါပါတယ်။ လူတွေနားလည်တာက ပထဝီကို သိတယ်ဆိုရင် အကြမ်းပထဝီကိုသာ သိတာပါ၊ ပထဝီကလဲ စိတ္တဇပထဝီ, ကမ္မဇပထဝီ, ဥတုဇပထဝီ, အာဟာရဇပထဝီလို့ ရှိတော့ စိတ်ကြောင့်ဖြစ်တဲ့ ပထဝီဟာ ဘယ်လိုသဘောရှိသလဲဆိုရင် ကြမ်းတယ်၊ ခက်မာတဲ့သဘောအထိ မဟုတ်ပါ၊ စိတ်ကြောင့် ဖြစ်လာတဲ့ ရုပ်မှာ နဲနဲမာလာတဲ့ သဘောတရားကလေးပါဘဲ၊ စိတ္တဇတေဇောကလဲ စိတ်ကြောင့်ဖြစ်တဲ့ရုပ်မှာ နဲနဲ ရင့်ကျက်လာတဲ့ သဘောတရားကလေးပါ၊ စိတ္တဇအာပေါကလဲ ဖွဲ့စည်းတဲ့သဘောထိအောင် မဟုတ်ဘဲနဲ့ ပထဝီ, တေဇော, ဝါယော ပေါင်းစပ်အောင် လုပ်ပေးတဲ့ သဘောလောက်ပါဘဲ၊ စိတ္တဇဝါယောကတော့ ထင်ရှားပါတယ်၊ စကားများများပြောလာတဲ့ အခါ လူမှာ စိတ္တဇဝါယောက ထင်ရှားပါတယ်၊ စကားပြောတဲ့အသံမှာ လုံးကနဲ ခဲကနဲ အသံထွက်တာက အာပေါပါ၊ စကားမပြောတဲ့အသံမျိုးလာတာက ပထဝီပါ၊ အသံထွက်လာအောင်က ဝါယောက လုပ်ပေးရတာပါ၊ တေဇောကတော့ အသံကောင်းအောင် လုပ်ပေးတာပါ၊ စိတ္တဇဝါယောဆိုရင် ပထဝီ, တေဇော, အာပေါ အားလုံးပါသွားပါတယ်။

ဒီ စိတ္တဇရုပ် အသက်ရှင်အောင် လုပ်ပေးတာကလဲ ဩဇာပါဘဲ၊ ပဌမဆုံးပဋိသန္ဓေစိတ် ဥပါဒ်, ဌိ, ဘင် အားဖြင့် ခွဲပြုပ်ပြီးတဲ့အခါမှာ ပဌမဘဝင်ဖြစ်ပါတယ်၊ ပဌမဘဝင်ဟာ ပဌမပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ဖြစ်ဘဲ့ ဒုတိယစိတ်ပါ၊ ဒီ ပဌမဘွင်ဆိုတဲ့ ဒုတိယစိတ်မှာ စိတ္တဇရုပ်တွေ ရှိပါတယ်၊ အဲဒီ စိတ္တဇရုပ်ဟာ ဗဟိဒ္ဓဩဇာအာဟာရ ဘာမှမရှိသေးပေမဲ့ ဒီ ပဌမဘဝင်မှာရှိတဲ့ ရုပ်တွေ ကာယတွေ (ကလလရေကြည်ကစပြီး ကာယလို့ခေါ်ရပါတယ်)မှာရှိတဲ့ စိတ္တဇဩဇာက စိတ္တဇရုပ်ကို အသက်ရှင်စေပါတယ်။

### ဥတုဇဩဇာ

ဥတုဇကလာပ်က လေးစည်းရှိပါတယ်၊ ဥတုဇကလာပ်မှာလဲ ဆင်္ခကလာပ်ရှပ် ဂ-ခုပါတော့ ပဋိသန္ဓေရဲ့ ဌီခဏကစပြီးဖြစ်တဲ့ ဥတုဇကာယဆိုတဲ့ ခန္ဓာကိုယ်ကို ဥတုဇရှပ်ထဲမှာပါတဲ့ ဩဇက အသက်ရှင်နေသရွေ့ ကာလပတ်လုံး ကျွေးဇူးပြုတာပါဘဲ။

### အာဟာရဇဩဇာ

အာဟာရဇကလာပ်က ၂-စည်းရှိပါတယ်၊ ဒီကလာပ်ထဲမှာလဲ အင်္ဂကလာပ်ရှပ် ဂ-ခုပါတော့ ဒီရှပ် ဂ-ခုထဲ ဩဇက ရှိနေပါတယ်၊ အာဟာရမှာ အဇ္ဈတ္တအာဟာရနဲ့ ဗဟိဒ္ဓ အာဟာရလို့ ၂-မျိုးကွဲသွားပါတယ်၊ အပြင်က အစားအစာကို မှီဝဲသုံးဆောင်လို့ရတာကို ဗဟိဒ္ဓဩဇ၊ ခန္ဓာကိုယ်ထဲမှာ နဂိုက အဋ္ဌကလာပ်ရှပ်မှာ ရှိနေတဲ့ဩဇကို အဇ္ဈတ္တဩဇလို့ ခေါ်ပါတယ်၊ အပြင်ဩဇနဲ့ အတွင်းဩဇပါဘဲ၊ ဗဟိဒ္ဓဩဇရှပ်ဆိုတာက အပြင်က အစားအစာမှာပါတဲ့ ရှပ်ကို တိုးပွါးစေတဲ့ အဆီအနှစ်ကို ဆိုတာပါဘဲ၊ အဲဒီ အဆီအနှစ်ဩဇက အာဟာရဇ အဋ္ဌကလာပ်အတွင်းမှာ ရှိနေတဲ့ ဩဇနဲ့ပေါင်းပါမှ အာဟာရဇ ကလာပ်ကို ဖြစ်စေနိုင်တာပါ၊ ထကယ်ကတော့ အတွင်းကရှိနေတဲ့ ဩဇကသာ ရှပ်ကို တိုးပွါးစေအောင် ဖြစ်စေပါတယ်။

အပြင်က အစားအစာဟာ ဘယ်အချိန်က စသလဲဆိုရင် အမိက အစားအစာ စားတဲ့အချိန်နဲ့ ကလလရေကြည်ကစပြီး တည်တဲ့သန္ဓေကို ထောက်နိုင်တဲ့အချိန်က စပြီး ဗဟိဒ္ဓဩဇက အဇ္ဈတ္တဩဇကို အားပေးပါတယ်၊ အဇ္ဈတ္တဩဇကမှ ရှပ်ကို ဖြစ်စေပါတယ်၊ ဗဟိဒ္ဓဩဇက အဇ္ဈတ္တမှာရှိတဲ့ ဩဇကို အထောက်အပံ့ ပေးတာပါ၊ ဒါကြောင့် ကဗဠီကာရအာဟာရလို့ခေါ်တဲ့ စတုဇဩဇဆိုတာက စိတ္တဇရှပ်ထဲမှာပါတဲ့ ဩဇ၊ ကမ္မဇရှပ်ထဲမှာပါတဲ့ဩဇ၊ ဥတုဇရှပ်ထဲမှာပါတဲ့ဩဇ၊ အာဟာရဇရှပ်ထဲမှာပါတဲ့ဩဇ၊ ဒီ ဩဇရှပ်တို့ဟာ ဣမဿ ကာယဿ=ဤကမ္မဇကာယ, စိတ္တဇ

ကာယ, ဥတုဇကာယ, အာဟာရဇကာယဆိုတဲ့ ဤ ကိုယ်ကြီးအား အထောက်အပံ့ပေး၍ ကျေးဇူးပြုပါထယ်။

အဘိဓမ္မာမှာ ဒီကိုယ်ကြီးကို ကမ္မဇကာယ,စိတ္တဇကာယ,ဥတုဇကာယ, အာဟာရဇကာယလို့ ခွဲထားလိုက်တဲ့အတွက် အဘိဓမ္မာသင်ရင်းဝိပဿနာ ရှုဘို့ လွယ်သွားပါတယ်။ လူအများထင်နေကြတာက ဒီ ခန္ဓာကိုယ်ဟာ မေ့းကတည်းက ဒီ ကိုယ်ကြီးတခုတဲလို့ ထင်နေကြတာပါ။ အမှန်က စိတ္တဇကာယကလဲ သူဟာသူ ဖြစ်ပျက်ပြီး သွားနေတာ၊ ကမ္မဇကာယကလဲ သူဟာသူ ဖြစ်ပျက်ပြီး သွားနေတာ၊ ဥတုဇကာယကလဲ သူဟာသူ ဖြစ်ပျက်ပြီး သွားနေတာ၊ အာဟာရဇကာယကလဲ သူဟာသူ ဖြစ်ပျက်ပြီး သွားနေတာပါ၊ ဒီလိုဘဲ ဖြစ်ပျက်နဲ့ သွားနေကြပြီး ဒီ ကာယတွေ မသေအောင် အသက်ရှင်နေအောင် စတုဇဩဇဆိုတဲ့ အာဟာရက ထောက်ပံ့နေတာပါ။

အပြင်မှာရှိတဲ့ အာဟာရကို စား့နေလို့သာ ဒီရုပ်ကြီးဟာ အသက်ရှင်နေတယ်လို့ ဒီလိုအကြမ်းပြေး လူတွေက ထင်နေကြတာပါ၊ ဗဟိဒ္ဓ ဩဇကာ ရှိနေပေမဲ့ ကမ္မဇရုပ်ထဲက ကမ္မဇဩဇဟာ မကောင်းဘူးဆိုရင် လက်မခံတော့ရင် ဆေးတွေ ဘယ်လိုဘဲ ဖောက်သွင်းသွင်း အာဟာရတွေ ဘယ်လိုဘဲ ထည့်ပေးသော်လဲ သောတာပါဘဲ၊ ကမ္မဇဩဇ, စိတ္တဇဩဇ, ဥတုဇဩဇ, အာဟာရဇဩဇ ဆိုတဲ့ အတွင်းက ဩဇနဲ့ အပြင်က ဩဇချင်း ပေါင်းပြီးမှ ဗဟိဒ္ဓဩဇပေးတာကို ခံယူနိုင်မှ အတွင်းက ဩဇက ရုပ်ကြီးကို ဖြစ်စေနိုင်တာပါ။

လူတွေ စားနေတဲ့ အစားအစာကြောင့် ရုပ်ကြီးဟာ အသက်ရှင်နေတယ်ဆိုတာကတော့ အဘိဓမ္မာဆိုပေမဲ့လဲ အင်မတန် ကြမ်းနေပါတယ်၊ မမှန်ဘူးတော့လဲ မပြောနိုင်ပါ၊ သို့သော်လဲ အဘိဓမ္မာမှာ ဩဇကလဲ ကမ္မဇဩဇ, စိတ္တဇဩဇ, ဥတုဇဩဇ, အာဟာရဇဩဇ-လို့ ရှိတယ်၊ ဤမဿကာယဆိုတာမှာလဲ ကမ္မဇကာယ, စိတ္တဇကာယ, ဥတုဇကာယ, အာဟာရဇကာယ-လို့ ရှိတယ်၊ ဒီရုပ်ကြီးဟာ အမြဲက စားမျိုလို့ရတဲ့ ဗဟိဒ္ဓဩဇနဲ့ အတွင်းမှာရှိတဲ့ စိတ္တဇကလာပ်, ဥတုဇကလာပ်, ကမ္မဇကလာပ်, အာဟာ-

ရင်ကလာပ်တို့မှာရှိတဲ့ စတုဇဿြင်က အားကောင်းမှ ကြာကြာရှည်ရှည် ရုပ်က အသက်ရှည်နေနိုင်ပါတယ်၊ ဒီလို ရုပ်အသက်ရှည်နေနိုင်ဘို့က အာဟာရပစ္စည်းက အရေးကြီးပါတယ်။

**နာမ်အာဟာရ**

ရုပ်မှာ စတုသမုဋ္ဌာနိကဿြင်ကြောင့် အသက်ရှင်နေတယ်ဆိုတော့ ခန္ဓာကိုယ်မှာ ရုပ်ချည်းဘဲ ရှိတာမဟုတ်ပါ၊ နာမ်တရားကလဲ ရှိနေတော့ ဒီနာမ်တရားကလဲ ဘာကြောင့် အသက်ရှင်နေရသလဲ၊ နာမ်တရားအသက်ရှင်နေတာဟာ အမျှားထင်နေကြတာကတော့ အားအစာ စားနေကြလို့ ဒီနာမ်တရားတွေဖြစ်တဲ့ စိတ်စေတသိက် အသီဉာဏ်နဲ့ ဝိညာဏ်တွေဟာ အသက်ရှင်နေကြတယ်လို့ ထင်နေကြပါဘယ်။ သို့သော် ပဋ္ဌာန်းအာဟာရပစ္စည်းမှာ နာမ်တရားအသက်ရှင်နေရခြင်းဟာ သီးခြားသပ်သပ် အစာအာဟာရရှိနေလို့ပါ ဆိုတာကို မြတ်စွာဘုရားက ရုပ်အာဟာရနဲ့ နာမ်အာဟာရကို ခွဲခြားပြီး 'အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော'လို့ ဟောထားပါတယ်။ 'အရူပိ'ဆိုတာက နာမ်တရားပါ၊ အရူပိနော အာဟာရာ= နာမ်အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ ဓမ္မာနံ=ထိုနာမ်တရားနှင့် ယှဉ်သော တရားတို့အား၎င်း၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ=ထို နာမ်တရားကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်တို့အား၎င်း၊ အာဟာရပစ္စယေန ပစ္စယော=အာဟာရပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

ဿြင်ဆိုတဲ့ကဗဠီကာရအာဟာရရုပ်က စတုသမုဋ္ဌာနိက ရုပ်တရားဆိုတဲ့ ခန္ဓာကိုယ် ၄-မျိုးကို ရုပ်တရားက ရုပ်တရားအချင်းချင်း အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အရူပိနော အာဟာရာဆိုတဲ့ နာမ်အာဟာရကတော့ နာမ်အာဟာရနဲ့ယှဉ်သော နာမ်တရား, နာမ်တရားတွေကြောင့် ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေကို ကျေးဇူးပြုပါတယ်၊ နာမ်အာဟာရက ရုပ်တရားနဲ့ နာမ်တရား ၂-မျိုးလုံး အသက်ရှင်အောင် ကျေးဇူးပြုပါတယ်။

နာမ်တရားရဲ့ အသက်ရှင်ရခြင်းအကြောင်းက အရူပိနော အာဟာရ မှာ ဖဿ, စေတနာ, ဝိညာဉ် ဆိုတဲ့ နာမ်အာဟာရက သုံးမျိုးရှိပါ!တယ်၊ နာမ်အာဟာရပစ္စည်းမှာ နာမ်တရားတွေ အများကြီး ရှိတဲ့အထဲက စေတသိက် ၅၂-ခုမှာပါတဲ့ ဖဿနဲ့ စေတနာ စေတသိက်တို့က နာမ် တရားကို အသက်ရှင်အောင် လုပ်ပေးပါတယ်။

## ပဋိသန္ဓေဝိညာဏ်အာဟာရ

နာမ်တရားက စိတ်တွေ အများကြီးရှိတော့ ဝိညာဏ်ဆိုတာက ပဌမဆုံးအစ သတ္တဝါရဲ့အစ ပဋိသန္ဓေမှာ ဝိညာဏ်ကစပြီး တည်ရပါတယ်၊ ပဋ္ဌာန်စသမုပ္ပါဒ်တရားတော်မှာ လာတဲ့အတိုင်း 'ဝိညာဏပစ္စယာ နာမရူပံ' ဆိုတော့ ဝိညာဏ်ခကြောင့် နာမ်နဲ့ရုပ်က အသက်ရှင်လာရတယ်၊ ဝိညာဏ် မရှိရင် နာမ်ရုပ်က မခပ်!လာနိုင်ပါ။ ပဋိသန္ဓေဝိညာဏ်သည် နာမ်တရား တွေ အသက်ရှင်ဘို့ နံပါတ် ၁-အာဟာရပါဘဲ၊ နာမ်ရဲ့ အသက်ရှည်ဘို့ အစေးအစာ အာဟာရ ဆိုတာက အထောက်အပံ့ဘဲ ဖြစ်ပါဘယ်၊ ပဋိသန္ဓေဝိညာဏ်မရှိရင် ယခုလို တဘဝလုံး နာမ်တွေ ရုပ်တွေ မဖြစ်နိုင်ပါ၊ ဒီဘဝတခုမှာ ပဌမဆုံးတည်တဲ့စိတ် ပဋိသန္ဓေဝိညာဏ်ဟာ နောင်ကျတော့ ဘဝင်လို့ ခေါ်သွားပါတယ်၊ အိပ်နေတဲ့အခါမှာ ဘဝင်ဆိုတဲ့ ဝိညာဉ် မရှိရင်တော့ သေသွားမှာပါ၊ ဒီဝိညာဉ်ကလေးရှိနေတော့ အာရုံနဲ့ တွေ့တဲ့အခါ နာမ်တရားတွေက အသက်ရှင်လာတာပါဘဲ၊ နာမ်တရား အသက်ရှင်ဘို့ အရေးကြီးဆုံး အာဟာရက ဒီဝိညာဉ်ပါဘဲ။

**အရူပိနော အာဟာရ**–ပဋိသန္ဓေဝိညာဉ်ဆိုတဲ့ အာဟာရသည်၊ သမ္ပယုတ္တကာနံ ဓမ္မာနံ–ဝိညာဉ်နဲ့ ယှဉ်တဲ့ သမ္ပယုတ္တဓမ္မတို့အား၎င်း၊ တံသမုဋ္ဌာနာနံ–ထို ပဋိသန္ဓေအခါမှာ ပဋိသန္ဓေဝိညာဏ်နဲ့ယှဉ်တဲ့ ကမ္မဇရုပ် အား၎င်း, ပဋိသန္ဓေနောင်ပဌမဘဝင်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့အား၎င်း ကျေးဇူးပြုတယ်ဆိုတော့ နာမ်မှာလဲ အရေးကြီးဆုံးက အာဟာရပါဘဲ၊ နာမ်ကလဲ အစေးအစာရှိနေရပါတယ်။

**ဖဿအာဟာရ**

ဝိညာဉ်တခုထဲနဲ့ အသက်ရှင်နိုင်သလားဆိုတော့ ဖဿ အာဟာရ ဆိုတာ ရှိပါသေးတယ်၊ ဖဿကတော့ လောကမှာ ပြောလို့လွယ်ပါတယ်၊ ခုနကပြောခဲ့တဲ့ ပဋိသန္ဓေဝိညာဉ်ကတော့ ရှိပြီး ဖြစ်သွားပြီ၊ ပဋ်သန္ဓေ ဝိညာဉ်က ရှိနေပေမဲ့ ပဋိသန္ဓေ နောက် ပဝတ္တိအခါမှာ အသက်ရှင်ဘို့က ဖဿမရှိဘဲ အသက်မရှင်နိုင်ပါ၊ ဖဿဆိုတာက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့အာရုံ ၆-ပါးနဲ့ တွေ့ထိမှုပါဘဲ။ ဒီဝိညာဉ်ကလဲ ရူပါရုံနဲ့တွေ့နေရမှ ဖဿဖြစ်နေရမှ ရူပါရုံနဲ့ ဖဿမရှိရင် မြင်တဲ့စိတ်က မဖြစ်နိုင်ပါ၊ မြင်တဲ့စိတ် နာမ်ဘရားရဲ့ ဖြစ်ပေါ်မှုမှာ ဖဿဟာ အာဟာရပါဘဲ၊ ကြားတဲ့စိတ်ဟာ သဒ္ဒါရုံ အသံနဲ့ ဖဿဖြစ်မှ ကြားနေရမှာပါ၊ နံတဲ့စိတ်ဟာ ဂန္ဓာရုံအနံ့နဲ့ ဖဿဖြစ်မှ ဃာနဝိညာဉ်ဖြစ်နေမှာပါ ထိသိစိတ်ဟာ ဖောဋ္ဌဗ္ဗာရုံနဲ့ ဖဿဖြစ်မှ တွေ့ထိရမှ ကာယဝိညာဉ် ဖြစ်နေမှာပါ၊ တွေးသိစိတ်ဟာလဲ ဓမ္မာရုံနဲ့ တွေ့ထိနေရမှ ဖဿဖြစ်မှ မနောဝိညာဉ် ဖြစ်နေမှာပါ၊ ဒီဝိညာဉ်ဟာ အာရုံ ၆-ပါးနဲ့ ဖဿ မဖြစ်ရင် နာမ်တရား တွေဟေ မရှင်နိုင်ပါ။

ဒါကြောင့် လူကို ထောင်ချလိုက်တဲ့အခါမှာ ဘယ်သူနဲ့မှ စကားမပြောရဘဲ တယောက်ထဲ ပိတ်ထားရင် ဒီလူဟာ ရူးရင်လဲ ရူးသွားမယ်၊ တမျိုးဖြစ်ရင်လဲ ဖြစ်သွားမယ်၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံတွေနဲ့ ဖဿ မရှိအောင် လုပ်လိုက်တော့ စိတ်ကူးနဲ့ ဓမ္မာရုံဖဿကတော့ ရှိချင်ရှိမှာပါဘဲ၊ ဒါပေမဲ့ လူက ဒီလောက်နဲ့ မကျေနပ်နိုင်ပါ၊ ဝိညာဉ်ဆိုတဲ့ နာမ်တရားက ဖဿအာဟာရ အများကြီး လိုပါတယ်၊ ရူပါရုံလဲ မြင်ချင်တယ်၊ သဒ္ဒါရုံလဲ ကြားချင်တယ်၊ ဂန္ဓာရုံလဲ နံချင်တယ်၊ ဒီအာရုံတွေနဲ့ မတွေ့ဆုံရအောင် တိုက်လှောင်ထားလိုက်မယ်ဆိုရင် ဒီလူမှာ ဝိပဿနာတရားသာ လက်ကိုင်မထားရင် တမျိုးစိတ်တွေ ဖောက်ပြန်သွားမှာပါ၊ ဒါက နာမ်တရားရဲ့အသက် ဖဿအာဟာရ မရတာပါဘဲ၊ အာရုံ ၆-ပါးနဲ့ မတွေ့ဆုံရတော့ နာမ်တရားတွေ ဖောက်လဲ့ ဖောက်ပြန်ဖြစ်လာတာပါဘဲ၊ ဒါကြောင့်မို့ အဲဒီလူဟာ ဆပြင်ဘက်ထွက်လာရင်

ကြောင်နေထတ်ပါတယ်၊ စကားမပြောဘဲဖြစ်ရင်လဲ ဖြစ်သွားတတ်ပါတယ်၊ ဒါကို ပဋ္ဌာန်းနည်းနဲ့ဆိုရင် ဖဿအာဟာရ မရအောင် ဖဿအာဟာရမကျွေးဘဲထားလို့ ဖြစ်သွားတာပါဘဲ။

ဗဟိဒ္ဓဩဇာဆိုတဲ့ အစားအစာ ရုပ်အာဟာရ ထမင်းကျွေးနေပေမဲ့ လမ်းရှောက်မယ်၊ စာဖတ်မယ်၊ သွားမယ်၊ လာမယ်ဆိုတဲ့ အာရုံ ၆-ပါးနဲ့ တွေ့ထိမှု ဆိုတဲ့ နာမ်အာဟာရ ဖဿမရတဲ့အတွက် သူ့စိတ်ဟာ ဘယ်နည်းနဲ့မှ မကျန်းမာနိုင်ပါ၊ စိတ်ဓာရောဂါ ဖြစ်လာနိုင်ပါတယ်၊ ဖဿအာဟာရဟာလဲ နာမ်တရားတွေ အသက်ရှင်ဘို့ အင်မတန်အရေးကြီးတယ်ဆိုတာ လက်တွေ့မှာ ထင်ရှားလှပါတယ်။

**စေတနာအာဟာရ**

စေတနာဆိုတာ "ကံ" ဆိုတဲ့ အလုပ်ပါဘဲ၊ နာမ်တရား အသက်ရှင်ဘို့က စေတနာရဲ့ လှုံ့ဆော်မှုနဲ့ ကောင်းတာဘဲလုပ်သည်ဖြစ်စေ, မကောင်းတာဘဲ လုပ်သည်ဖြစ်စေ လူမှာက ဘာမှမလုပ်ဘဲ နေလို့မရပါ။ လူ့သဘာဝက ကောင်းတာဘဲလုပ်လုပ်၊ မကောင်းတာဘဲလုပ်လုပ် လုပ်နေရမှာပါ၊ ငြိမ်ငြိမ်ကလေးထိုင်နေပါဆိုရင် 'စေတနာ' ဆိုတဲ့ နာမ် အာဟာရမကျွေးဘဲထားတာ ဖြစ်သွားမှာပါ၊ တရားနာမယ်၊ စကားပြောကြမယ်၊ ဘုရားရှိခိုးမယ်၊ ရေဒီယိုနားထောင်မယ် ဆိုတာက စေတနာက စိတ်ကို လှုံ့ဆော်မှုဆိုတဲ့ အလုပ်တခုခု လုပ်နေရတာ ဖြစ်ပါတယ်။ ကမ္မဆိုတဲ့ အမှုအလုပ် ဘာမှမလုပ်ဘဲထားရင် နာမ်တရားက အသက်မရှည်နိုင်ပါ။ တကယ်လို့ အသက်ရှည်ပြန်ရင်လဲ နာမ်တရားက အကောင်းစား မဖြစ်နိုင်ဘဲ ဖောက်လဲ့ဖောက်ပြန်သာ ဖြစ်သွားမှာပါ။

ဆေးဆရာများမှာလဲ ပဋ္ဌာန်းက အရေးကြီးပါတယ်။ လူတယောက်ရဲ့ နာမ်တရား ရှင်သန်ဘို့နဲ့, ရုပ်တရားရှင်သန်ဘို့ဆိုတာမှာ ရုပ်တရား ရှင်သန်ဘို့က အစာအာဟာရ တဲ့တာကျွေးရင် ပြီးပါတယ်။ လူတယောက်ရဲ့ ကျန်းမာရေးမှာ ရုပ်တရားတခုထဲ ရှင်သန်နေလို့ကလဲ မပြီးသေးပါ၊ နာမ်တရား ရှင်သန်မှုကလဲ လိုပါသေးတယ်။ ဒီနာမ်တရား ရှင်သန်မှုက

တော့ ဖဿ စေတနာ ဝိညာဉ်ဆိုတဲ့ ဒီ ၃-ခုဟာ နာမ်တရား ရှင်သန်မှု အရေးကြီးတဲ့ အာဟာရဖြစ်တယ်လို့ မြတ်စွာဘုရားက အရှုပိနော-နာမ် ဖြစ်ကုန်သော၊ အာဟာရ-ဖဿ စေတနာ ဝိညာဉ်ဆိုတဲ့ နာမ်အာဟာရ ၃-ပါးတို့သည်၊ နာမ်ရဲ့အစား အစာ ၃-မျိုးတို့သည်၊ သမ္မယုတ္တကာနံ-ထိုဖဿ, စေတနာ, ဝိညာဉ်နဲ့ ယှဉ်သော နာမ်တရားတို့အား၎င်း၊ တံသမုဋ္ဌာနာနံ-ထို စိတ် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တို့အား၎င်း၊ အာဟာရ ပစ္စယေန-နာမ်အာဟာရ သတ္တိနဲ့၊ ပစ္စယော-ကျေးဇူး ပြုပါတယ်လို့ ဟောတော်မူပါတယ်။

### ဖဿ စေတနာ ဝိညာဏ်

ဖဿကလဲ သင်္ဂြိဟ်က စိတ်တခုယုတ် ၉၀-မှာ ယှဉ်ထယ်ဆိုတော့ ဖဿက ၈၉-ခွဲပါတယ်၊ ဘယ်စိတ်ဘဲဖြစ်ဖြစ် ဖဿမရှိရင် စိတ်မဖြစ်နိုင်၊ ဖဿရှိမှ စိတ်ဖြစ်တာပါ၊ ဖဿရှိမှလဲ ခံစားမှုရှိတာပါ။ 'ဖဿပစ္စယာ ဝေဒနာ' ဆိုတော့ ဖဿရှိလို့ဘဲ ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာ ရှိပါတယ်။ ဖဿမရှိရင် ဆင်းရဲတာလဲမရှိ၊ ချမ်းသာတာလဲ မရှိနိုင်ပါ။ သို့သော် လူဟာ ဆင်းရဲရင်လဲ ဆင်းရဲနေရမှ၊ ချမ်းသာရင်လဲ ချမ်းသာနေရမှ၊ ဝေဒနာမရှိရင် နေလို့မရပါ။ ဘယ်သူဘဲဖြစ်ဖြစ် ဝေဒနာဆိုတဲ့ ခံစားမှု တခုခုအတွက် ကြိုးစားနေကြပါတယ်၊ တရားရှာတယ်ဆိုတာလဲ တရားမှာ ချမ်းသာဆိုတဲ့ သုခဝေဒနာအတွက် ကြိုးစားနေကြတာပါ။ ဘယ်နည်းနဲ့ ချမ်းသာမလဲဆိုတဲ့ ချမ်းသာသုခရရေး ချမ်းသာဆိုတဲ့ ဝေဒနာဖြစ်ရေး အတွက် ကြိုးစားနေကြတာပါ၊ လောကီရေးမှာ ကြိုးစားနေကြတာကလဲ ဒီချမ်းသာမှုဆိုတဲ့ ဝေဒနာအတွက် လုပ်နေကြတာပါဘဲ။

ရှုပါရုံနဲ့ စက္ခုဝိညာဏ်စိတ်မှာ ဖဿရှိမှ မြင်တဲ့စိတ်က ဖြစ်တာပါ၊ ဖဿမရှိရင် စိတ်က မဖြစ်လို့ စိတ် ၈၉-မှာ ဖဿက ၈၉-ဘဲ ရှိပါတယ်။

စေတနာကလဲ သဗ္ဗစိတ္တသာဓာရဏ စေတသိက်မို့ စိတ်အားလုံးမှာ ယှဉ်လို့ စိတ် ၈၉-မှာ စေတနာကလဲ ၈၉-ဘဲ ဖြစ်ပါတယ်။ စိတ်ဖြစ်တယ် ဆိုတာက စေတနာက လှုံ့ဆော်ပေးလို့သာ စိတ်ကဖြစ်ရတာ

ပါ။ ရူပါရုံနဲ့ စက္ခုဝိညာဏ်စိတ်မှာ စေတနာက 'ကြည့်ပါ ကြည့်ပါ'လို့ တိုက်ဘွန်းပေးလို့သာ စက္ခုပသာဒနဲ့ ရူပါရုံက ကိုက်ညီသွားပြီး မြင်တဲ့ စိတ်ဖြစ်လို့ မြင်လာရတာပါ။ စေတနာမပါရင် ဘာစိတ်မှ မဖြစ်လို့ စေတနာကလဲ စိတ် ၁၉-ခုလုံးမှာ ရပါတယ်။

ဝိညာဏ်ကလဲ ပဋိသန္ဓေတည်စက စပြီးဖြစ်ပါတယ်။ ဒီပဋိသန္ဓေ ဝိညာဏ်ကြောင့် စိတ်တွေ အကုန်လုံး ဖြစ်ပါတယ်။ နာမ်ရုပ်တွေကလဲ ဒီဝိညာဏ်ကြောင့်ဘဲ ဖြစ်လို့ ပဋ္ဌာန်းအရကောက် ဆရာကြီးများက ဖဿ ၁၉, စေတနာ ၁၉, ဝိညာဏ် ၁၉-ရှိပါတယ်လို့ အာဟာရပစ္စည်းမှာ ကောက်ပြကြပါတယ်။ နာမ်အာဟာရ ပစ္စည်းဟာ နာမ်တရားရဲ့အသက် ရှင်ရေးမှာ အင်မတန် ကျေးဇူးများပါတယ်။ ဒါကြောင့်လဲ မြတ်စွာဘုရားက ရူပ်အာဟာရနဲ့ နာမ်အာဟာရ ၂-မျိုးခွဲခြားပြီး ဟောကြားတော်မူထားပါတယ်။ တော်လောက်ပါပြီ၊ ဒီလောက်နဲ့ဘဲ အာဟာရ ပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၁၆။ ကုန်ဒြိယပစ္စည်း

## သင်ကြား ပို့ချချက်များ

ကုန်ဒြိယ ဆိုတာက အစိုးရတယ်ဆိုတဲ့ အဓိပ္ပါယ်ပါ၊ ကုန်ဒြိယပစ္စည်း ဆိုတော့ အစိုးရတဲ့ ပစ္စည်းပါဘဲ၊ နာမ်တရား, ရုပ်တရားတွေမှာလဲ အစိုးရတဲ့ နာမ်တရား, ရုပ်တရား၊ အစိုးမရတဲ့ နာမ်တရား, ရုပ်တရားလို ၂-မျိုး ရှိပါတယ်။ နာမ်တရား ရုပ်တရားမှာ စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-ခုနဲ့ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား ၄-ပါး ရှိပါတယ်၊ ဥပမာအားဖြင့် လူတွေအများကြီးထဲမှာ အစိုးရဖွဲ့တော့ လူနဲ့နဲ့ လူ ၁၀-ယောက် ၁၅ ယောက်နဲ့ဘဲ အစိုးရအဖွဲ့ ဖွဲ့သလို နာမ်တရား, ရုပ်တရားတွေ အများကြီး ရှိတဲ့အထဲမှာ အစိုးရဖြစ်နိုင်တဲ့ ရုပ်နာမ်တရား ကုန်ကြေတော့ ၂၂-ပါးဘဲ ရှိပါတယ်။ ရုပ်ကုန်ကြေနဲ့ နာမ်ကုန်ကြေဆိုပြီး ဒီလို ရုပ်နာမ် ၂-ပါးရှိတဲ့ ခန္ဓာကိုယ်ကို နည်းမျိုးစုံနဲ့ မြတ်စွာဘုရားက ဟောထားတာပါဘဲ၊ ဝိဘင်းကျမ်းမှာတော့ ကုန်ကြေ ၂၂-ပါးကို အကျယ်ဟောထားပါတယ်၊ ရုပ်နာမ် ၂-ခုဖြစ်တဲ့ ခန္ဓာကိုယ်လောကမှာလဲ သူ့ကိုအုပ်ချုပ်နေတဲ့ ရုပ်နာမ်အစိုးရက ရှိနေတော့ လုံးဝ လွတ်လပ်ရေးက မရနိုင်ပါ၊ ရုပ်တရားရှိနေတော့ ရုပ်အစိုးရက ပါလာပါတယ်၊ နာမ်တရားရှိနေတော့ နာမ်အစိုးရက ပါလာပါတယ်။

### ရုပ်ကုန်ကြေ

ရုပ်ကုန်ကြေမှာ 'စက္ခုဒြိယံ' ဆိုတာက စက္ခုပသာဒဘဲ ဖြစ်ပါတယ်။ 'စက္ခုဒြိယံ စက္ခုဝိညာဏစေတသိကာနဉ္စ ဓမ္မာနံ ကုန်ကြေယ-ပစ္စယေန ပစ္စယော' ဆိုတော့ စက္ခုဒြိယံ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို အစိုးရပါတယ်၊ ဒီလိုပါဘဲ သောတိန္ဒြိယံ သောတပသာဒရုပ်က သောတဝိညာဏ်ကို အစိုးရပါတယ်။ ဃာနိန္ဒြိယံ ဃာနပသာဒရုပ်က

ဃာနဝိညာဏ်ကို အစိုးရပါတယ်၊ ဇိဝှါဒွါရဝိညာဏ်ကို အစိုးရပါတယ်၊ ကာယဒွါရဝိညာဏ်ကို အစိုးရပါတယ်၊ ဒီပဿာဒရုပ် ၅-ခုကို ပုရေဇာတမှာ စက္ခာယတနံ။ပ။ ကာယာယတနံလို့ ခေါ်ပါတယ်၊ စက္ခာယတနဆိုတာကလဲ စက္ခုပသာဒရုပ်ပါဘဲ၊ ကွန်ဒိုယပစ္စည်းကျတော့ စက္ခုပသာဒရုပ်ကိုဘဲ စက္ခုန္ဒြေလို့ ခေါ်ပြန်ပါတယ်။ပ။ ကာယပသာဒရုပ်ကိုဘဲ ကာယိန္ဒြေလို့ ခေါ်ပြန်ပါတယ်။

## ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ အပြောင်းအလဲ

ရုပ်ဣန္ဒြေမှာ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေလို့ ရှိပါသေးတယ်၊ ဣတ္ထိန္ဒြေဆိုတာက ရုပ်အစိုးရထဲမှာ ဣတ္ထိဘာဝရုပ်က မိန်းမအသွင်အပြင်အမူအရာကို အစိုးရပါတယ်၊ ဣတ္ထိဘာဝရုပ် ပဋိသန္ဓေက ပါလာရင် အသွင်အပြင် မိန်းမအမူအရာ မိန်းမအနေအထိုင်ဟာ သူဟာသူ ဖြစ်လာပါတယ်။ မိန်းမကယောကျ်းရုပ် ပြောင်းသွားတယ်ဆိုတာကလဲ ဘာဝရုပ်က ပြောင်းသွားတာပါ၊ ပဋိသန္ဓေမှာ ဣတ္ထိဘာဝရုပ်နဲ့ မိန်းမအဖြစ် မွေးလာပြီး ကြီးလာတဲ့ ပဝတ္တိအခါမှာ ကံကြောင့် ဣတ္ထိဘာဝရုပ်မှ ပုရိသဘာဝရုပ်ကို ပြောင်းသွားလို့ မိန်းမက ယောကျ်း ဖြစ်သွားပါတယ်၊ ဒီလိုဘဲ ယောကျ်းက မိန်းမ ဖြစ်သွားပြန်တယ် ဆိုတာမှာလဲ ပဝတ္တိအခါကျမှ ပုရိသဘာဝရုပ်က ဣတ္ထိဘာဝရုပ်ကို ပြောင်းသွားလို့ ယောကျ်းဘဝကနေပြီး အသွင်အပြင်ကလဲ မိန်းမ, ဟန်အမူအရာကလဲ မိန်းမအဖြစ် ပြောင်းသွားကြပါတယ်။ ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ်တို့က ဥန္ဒြေထိုက်ပါတယ်၊ ရုပ်အစိုးရမှာက စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ပုရိသိန္ဒြေ, ဣတ္ထိန္ဒြေ, ဇီဝိတိန္ဒြေ၊ ရုပ်ဣန္ဒြေ ဂ-ခု ရှိပါတယ်။

## ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ဣန္ဒြိယပစ္စည်း မတပ်

ပဋ္ဌာန်းပါဠိတော် ဣန္ဒြိယပစ္စည်းမှာ ပါတာက ရုပ်ဣန္ဒြေ ၉-ခုဘဲ ပါတော့ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေဟာ ရုပ်ဣန္ဒြေ ဂ-ပါးထဲမှာပါပြီး ဣန္ဒြိယပစ္စည်း ဘာဖြစ်လို့ မတပ်သလဲဆိုတာက မေးစရာဖြစ်လာပါတယ်။

ဒီအမေးကို ဖြေနိုင်ဘို့မှာ အဘိဓမ္မာရဲ့သဘာဝကို ရှင်းဘို့လိုပါတယ်၊ စက္ခုပသာဒရုပ်ရှိမှ စက္ခုဝိညာဏ်စိတ် ဖြစ်ပါတယ်၊ စက္ခုပသာဒ အားနဲ့သွားရင် မျက်စိမှုန်လာတယ်၊ စက္ခုပသာဒ အားကောင်းရင် မျက်စိက ကြည်လင်တယ်၊ မျက်စိကိုခွဲပြီး ကုသတဲ့အတတ်ပညာဟာ ယခုခေတ်မှာ ထွန်းကားလာတယ်ဆိုပေမဲ့ စက္ခုပသာဒဆိုတဲ့ ကမ္မဇမှန် ကံကပေးတဲ့ မှုန်က လုံးဝပျက်သွားတယ်ဆိုရင် ဆေးကုလို့ မရနိုင်တော့ပါ၊ အသက်ကြီးလို့ မျက်စိမှုန်လာတယ်ဆိုတာက ကမ္မဇ မှုန်က အားနဲလာလို့ မျက်စိက မှုန်လာတာပါ၊ စက္ခုပသာဒက လုံးဝချုပ်သွားရင် ဆေးကုလို့ မရနိုင်တော့ပါ၊ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို အစိုးရတယ်ဆိုတာက တကယ်ပိုင်ပိုင်နိုင်နိုင် အစိုးရတာပါ၊ စက္ခုပသာဒ မရှိရင် စက္ခုဝိညာဏ် ဘယ်လိုမှဖြစ်လို့မရတဲ့အပြင် စက္ခုပသာဒ လုံးဝချုပ်သွားရင်လဲ ဘယ်လိုမှ ပြုပြင်လို့ မရတော့ပါ။

ဣတ္ထိဘာဝရုပ်က ဘာကိုအစိုးရသလဲဆိုတော့ အသွင်အပြင် အမူအရာကိုသာ အစိုးရပါတယ်၊ စက္ခုပသာဒက စက္ခုဝိညာဏ်ကို အစိုးရတာက တကယ်ပင်ရင်း စက္ခုပသာဒမရှိရင် စက္ခုဝိညာဏ်က ဖြစ်ကို မဖြစ်နိုင်လို့ တကယ်သူကြောင့်ဖြစ်တဲ့ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာပါ၊ ဣတ္ထိဘာဝရုပ်ဆိုတာကတော့ ကံကြောင့်ဖြစ်တယ်၊ အစိုးရနိုင်တာကလဲ အမှုအရာ အသွင်အပြင်လောက်ဘဲ အစိုးရနိုင်တယ်၊ ဘာဝရုပ်က ပဝတ္ထိအခါကျတော့ ယောကျ်ားဘဝကလဲ မိန်းမဘဝ, မိန်းမဘဝကလဲ ယောကျ်ားဘဝ၊ ဒီလိုဘဲ ပြောင်းသွားနိုင်ပါတယ်၊ စက္ခုပသာဒကတော့ ပြောင်းလဲလို့ မရတဲ့အပြင် အစားထိုးလို့လဲ မရ၊ ထပ်ပြင်လို့လဲ မရနိုင်တော့ အမှန်တကယ် ပိုင်ပိုင်နိုင်နိုင် အစိုးရပါတယ်။

ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ်တွေ ပြောင်းလဲသွားတယ် ဆိုတာကလဲ ဘုရားလက်ထက်တော် အခါကတဲက လိင်ပြန်တယ်ဆိုတာက ရှိခဲ့ပါတယ်၊ ဝိနည်းပါဠိတော်မှာ ယောကျ်ားတွေ ရဟန်းဝတ်ကြလို့ ဦးပဉ္စင်းတွေ ရှိကြတဲ့အထဲမှာ ဦးပဉ္စင်းတပါး မိန်းမဖြစ်သွားတော့ ပြဿနာကဖြစ်လာပါတယ်၊ မြတ်စွာဘုရားထံပါး သွားပြီး အရှင်တိဿဟာ မိန်းမဖြစ်သွား

ပါတယ်၊ လူဝတ်လဲရမလား၊ ဒီရဟန်းကို ဘယ်လိုလုပ်ရမလဲလို့ လျှောက်ထားတော့ ယောကျ်ားက မိန်းမ ဖြစ်သွားရင် "ဝါ ၁၀-ဝါ ရတဲ့ ရဟန်း ဘဝဟာ ၁၀-ဝါရတဲ့ ရဟန်းမိန်းမအဖြစ် ခံယူစေ" ဆိုပြီး ဘိက္ခုနီ ကျောင်းကို လိုက်ပြီး ပို့လိုက်ပါတယ်။ ယနေ့မှ ဘိက္ခုနီမ ဖြစ်ပေမဲ့ ရဟန်း ၁၀-ဝါ ရခဲ့တဲ့အတွက် ဘိက္ခုနီမ ၁၀-ဝါရသူနဲ့ တန်းတူထားပြီး သူထက် ငယ်သူတွေရဲ့ ရှိခိုးခံရပါတယ်၊ ဒီလိုဘဲ ယောကျ်ားဘဝက မိန်းမဘဝ ပြောင်းတာ, မိန်းမဘဝက ယောကျ်ားဘဝပြောင်းသွားတာ ဘုရားလက်ထက်တော်ကလဲ ရှိခဲ့လို့ သိက္ခာပုဒ်ကို ပညတ်ထားခဲ့ပါတယ်။ ဒီလိုစက္ခုပသာဒရုပ် အပါအဝင်ဖြစ်တဲ့ ပသာဒရုပ် ၅-ခုနဲ့ ဘာဝရုပ်တို့ဟာ သဘောချင်းက နဲနဲကွဲနေလို့ ကွန်ဒိုယပစ္စည်းမှာ ပုရိသိန္ဒြေနဲ့ ကုတ္ထိန္ဒြေကို မထည့်တာ ဖြစ်ပါတယ်။

## ရုပ် ဇီဝိတိန္ဒြေ

ရုပ်ကွန်ဒြေကို ပေါင်းလိုက်ရင် စက္ခုပသာဒရုပ် သောတပသာဒရုပ် ဃာနပသာဒရုပ် ဇိဝှါပသာဒရုပ် ကာယပသာဒရုပ်ဆိုတဲ့ ပသာဒရုပ် ၅-ခုနဲ့ ဇီဝိတရုပ်၊ ဒီ ၆-ခုဘဲ ရုပ် ၂၈-ခုထဲမှာ ကွန်ဒိုယပစ္စည်း တပ်ပါတယ်၊ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကွန်ဒိုယ-ပစ္စယေန ပစ္စယော"လို့ ဆိုတဲ့ စက္ခုန္ဒြိယံ, သောတိန္ဒြိယံ, ဃာနိန္ဒြိယံ, ဇိဝှိန္ဒြိယံ, ကာယိန္ဒြိယံ ဆိုတဲ့ ပသာဒရုပ် ၅-ခုမှာတော့ ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့ သူတို့နဲ့ယှဉ်တဲ့ စေတသိက်ဆိုတော့ ပသာဒရုပ် ငါးခုက ရုပ်တရား၊ ပစ္စယုပ္ပန်က နာမ်တရား ဖြစ်နေပါတယ်၊ ပသာဒရုပ်က နာမ်တရားကို ကျေးဇူးပြုတဲ့အခါမှာ ရုပ်က နာမ်ကို ကျေးဇူးပြုဘဲ့ပစ္စည်း ဖြစ်နေတယ်၊ ရုပ်ဇီဝိတိန္ဒြေမှာ 'ကဋ္ဌတ္တာရူပါနံ' ဆိုတော့ ရုပ်ဇီဝိတိန္ဒြေက ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ရုပ်က ရုပ်ကို ကွန်ဒိုယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

ရုပ်ဇီဝိဘိန္ဒြေဆိုတာက ကမ္မဇကလာပ် ၉-စည်းထဲမှာပါတဲ့ ဇီဝိတရုပ်က စိတ်ကြောင့်လဲမဖြစ်၊ ဥတုကြောင့်လဲမဖြစ်၊ အာဟာရကြောင့်လဲမဖြစ်၊ ကံကြောင့်သာဖြစ်တဲ့ ရုပ်ဖြစ်ပါတယ်။ အဲဒီဇီဝိတရုပ်ကလဲ စက္ခုဒသက

ကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသက ကလာပ်, ကာယဒသကကလာပ်ဆိုတဲ့ ကလာပ်တိုင်းမှာ ပါပါတယ်၊ အဲဒီလို ဇီဝိတရုပ်က ကလာပ်တိုင်းမှာ ပါလို့ သူက ဣန္ဒြိယပစ္စည်းနဲ့ ကဋတ္တာရုပ်ဆိုတဲ့ ကမ္မဇရုပ်ကို ကျေးဇူးပြုလို့ ဒီကမ္မဇရုပ်ကလဲ အသက်ရှင်နေတာပါ။

**ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြု**

**ရုပ်တရားက နာမ်တရားကို ကျေးဇူးပြု**

၂၄-ပစ္စည်းမှာ သူနေထုနဲ့သူ ကျေးဇူးပြုပုံတွေကို သဘောပေါက်ဘို့ အရေးကြီးပါတယ်၊ အာဟာရပစ္စည်းတုန်းက ဣန္ဒြိယကိုယ်ဆိုတဲ့ စတုဇ-ကာယ ၄-မျိုးလုံးကို သြဇာက ကျေးဇူးပြုထားလို့ အသက်ရှင်တယ်၊ သြဇာရုပ်ဟာ စတုဇကာယကို အာဟာရ အထောက်အပံ့ သဘောနဲ့ ကျေးဇူးပြုလို့ အရေးကြီးပါတယ်။

'ကဋတ္တာရူပါနံ' ဆရ ကမ္မဇရုပ် အသက်ရှင်ဘို့ကတော့ ဇီဝိတရုပ်က ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အတွက် ဇီဝိတရုပ်က အရေးကြီးပါတယ်၊ အကယ်၍ ဇီဝိတရုပ်သာမရှိရင် ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးမပြုရင် ရုပ်တရား တွေက သေသွားမှာပါ၊ ဣန္ဒြိယပစ္စည်းကိုကြည့်ရင် ပဿာဒရုပ်ငါးပါးမှာ ရုပ်ဘရားက နာမ်တရားကို ကျေးဇူးပြုပုံနဲ့ ရုပ်ဇီဝိတိန္ဒြေမှာ ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြုပုံကို မြတ်စွာဘုရားက ခဲ့ပြီးဟောထားပါတယ်။

**အသည်းသတ်ဖြတ်မှာ**

ဒီလိုခဲ့ဟောထားတာက အသည်းသတ်ဘုံဆိုတာ ရှိလို့ပါ၊ အသည်းသတ်ဘုံက နာမ်မရှိတဲ့ ရုပ်သက်သက်သာရှိတဲ့ဘုံ ဖြစ်ပါတယ်၊ ရုပ်သက်သက်သာရှိပေမဲ့ ဒီအသည်းသတ်ဘုံက ဖြတ်မှာတွေကို သတ္တဝါထဲမှာဘဲ ထည့်ထားပါတယ်၊ ဒီ့ပြင်ဘုံများမှားတော့ ရုပ်ရော နာမ်ပါရှိနေမှ သတ္တဝါလို့ခေါ်ပါတယ်၊ ရုပ်သက်သက် အသည်းသတ်ဖြတ်မှာကို ဘာဖြစ်လို့ သတ္တဝါလို့ သတ်မှတ်နိုင်သလဲဆိုရင် ဒီဖြတ်မှာတွေမှာ ကမ္မဇရုပ် ရှိပါတယ်။ ဒီကမ္မဇရုပ်ထဲမှာပါတဲ့ ဇီဝိတရုပ်ကလဲ ရှိပါတယ်။အဲဒီကမ္မဇရုပ် အသက်ရှင်နေအောင်

ဇီဝိတရုပ်က ကွန်ဒိုယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ဒီကမ္မဇရုပ်တွေမှာတော့ နာမ်တရား မရှိပါ။

"ကဗဠီကာရော အာဟာရော ကွမသာ ကာယဿ အာဟာရပစ္စယေန ပစ္စယော"မှာ သြဇာက ရုပ်တရားများကို အာဟာရသတ္တိနဲ့ ကျေးဇူး ပြုတယ်လို့ ဆိုခဲ့ပါတယ်၊ သူတို့မှာ အာဟာရအနေနဲ့ ဘာစားနေသလဲ ဆိုရင် ဒီဇြဟ္မာကြီးတွေမှာ ကမ္မဇရုပ်ရှိတော့ အဲဒီကမ္မဇရုပ်ထဲမှာက သြဇာရှိနေပါတယ်၊ သူတို့ရဲ့ကမ္မဇရုပ်ကို အသက်ရှင်နေအောင် သြဇာက စောင့်ရှောက်ထားပါတယ်၊ အစိုးရတဲ့ ဇီဝိတရုပ်ကလဲ ကွန်ဒိုယသတ္တိနဲ့ ကျေးဇူးပြုထားပါတယ်၊ ဒါကြောင့် ဒီဇြဟ္မာကြီးတွေကို သတ္တဝါတဲ့မှာ ထည့်ထားပါတယ်၊ ဒါကြောင့် 'ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ကွန်ဒြိယ-ပစ္စယေန ပစ္စယော'လို့ ဟောထားတာက နာမ်နဲ့ရုပ်ရှိတဲ့ သတ္တဝါတွေနဲ့ ရုပ်သက်သက်ရှိတဲ့ သတ္တဝါတွေပါ အကုန်လုံးပါသွားပါတယ်၊ ယခုပြော လာခဲ့တာတွေက ရုပ်ကွန်ဒြိ ၆-မျိုးက နာမ်တရားနှင့် ရုပ်တရားတွေကို ကျေးဇူးပြုပုံပါဘဲ။

**အရှုပိနော ကွန်ဒြိယာ-နာမ်ကွန်ဒြေတရားတွေက ၎င်းနာမ်ကွန်ဒြေတရားနဲ့** ယှဉ်တဲ့ သမ္ပယုတ္တဓမ္မ, ထိုနာမ်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တို့ကို ကွန်ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ရုပ် ၂၈-ခုမှာ ပသာဒရုပ် ၎ါးခုနှင့် ဇီဝိတရုပ်သာ အစိုးရဖြစ်နိုင်ပါတယ်၊ ခန္ဓာကိုယ်မှာကြည့်ရင်လဲ သူတို့သာ အစိုးရတယ်ဆိုတာ ထင်ရှားပါတယ်။

**ပါဠိတော်ဟောပုံ**

ကွန်ဒြိယပစ္စည်းမှာ ရုပ်ကွန်ဒြိယ, နာမ်ကွန်ဒြိယလို့ ၂-မျိုးရှိပါတယ်။ ကွန်ဒြေ ၂၂-ပါးကို သင်ပြီးမှ ရုပ်ကွန်ဒြိယနဲ့ နာမ်ကွန်ဒြိယက ခွဲလို့ရမှာပါ၊ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ကွတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ ဆိုတဲ့ ဒီ ဂ-ခုက ရုပ်ကွန်ဒြေပါ၊ ဇီဝိတိန္ဒြေမှာ ရုပ်ဇီဝိတိန္ဒြေနဲ့ နာမ်ဇီဝိတိန္ဒြေ ၂-မျိုးရှိတဲ့အနက်က ရုပ်ဇီဝိတိန္ဒြေကို "ရူပဇီဝိတိန္ဒြိယံ

ကဋ္ဌတ္တာရူပါနံ ဂ္ဂန္ထြိယပစ္စယေန ပစ္စယော”လို့ဟောသွားပါတယ်၊ နာမ်ဇီဝိတကိုတော့ ‘အရူပိနော ဂ္ဂန္ထြိယာ’မှာ ထည့်ပြီးဟောသွားပါတယ်။

မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ,သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေတို့ကတော့ နာမ်ဂ္ဂန္ထြေချည်းပါဘဲ၊ ရုပ်ဂ္ဂန္ထြေကို ‘စက္ခုန္ထြိယံ စက္ခုဝိညာဏဓာတုယာ တံသမင်္ဂိယုတ္တကာနဉ္စ ဓမ္မာနံ ဂ္ဂန္ထြိယပစ္စယေန ပစ္စယော’လို့ စက္ခုန္ထြေ, သောတိန္ထြေ, ဃာနိန္ထြေ, ဇိဝှိန္ထြေ, ကာယိန္ထြေ တို့ကို ရုပ်ဂ္ဂန္ထြိယပစ္စည်းမှာ ဟောထားပါကယ်။ ဂ္ဂတ္ထိန္ထြေနဲ့ ပုရိသိန္ထြေကိုတော့ ဂ္ဂန္ထြိယပစ္စည်းထဲမှာ မဟောပါ၊ ဂ္ဂန္ထြေတော့ ထိုက်ပါတယ်။

## ဂ္ဂန္ထြိယပစ္စည်းနဲ့ ဂ္ဂတ္ထိဘာဝ,ပုရိသဘာဝရုပ်

ဂ္ဂတ္ထိဘာဝရုပ်နဲ့ ပုရိသဘာဝရုပ်တို့က ပဋိသန္ဓေတည်စ ကလလရေကြည်ကစပြီး ပါလာပေမဲ့၊ မိန်းမ အမူအရာ အသွင်အပြင် မိန်းမရုပ်သဏ္ဌာန်ကိုသာ ဂ္ဂတ္ထိဘာဝရုပ်က အစိုးရပါတယ်၊ ပုရိသဘာဝရုပ်ကလဲ ပဋိသန္ဓေတည်စကဘဲ ပါလာပေမဲ့ အသွင်အပြင် အမူအရာ ယောကျ်ားသဏ္ဌာန်ကိုသာ အစိုးရပါတယ်၊ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးများရဲ့ အဆိုကတော့ ဂ္ဂန္ထြိယာပစ္စည်းထဲ မထည့်တာက ပဋိသန္ဓေတည်စ ကလလရေကြည်အခိုက်မှာ ဂ္ဂတ္ထိဘာဝရုပ်ဟာ မျက်စိနဲ့မမြင်နိုင်ကောင်းတဲ့ရုပ် ၃၀-ထဲမှာဘဲ ပါပါတယ်၊ ဒါပေမဲ့ ကလလရေကြည်အခိုက်အတန့်မှာ မိန်းမအသွင်အပြင် အမူအရာ, ယောကျ်ား အသွင်အပြင် အမူအရာဆိုတာ မထင်ရှား၊ မသိနိုင်ပါတဲ့၊ ဒီအခိုက်အတန့်မှာ ဘာဝရုပ်က ရှိနေတော့ ပစ္စည်းတရားကတော့ ရှိပါတယ်၊ ဂ္ဂန္ထြိယပစ္စည်းတပ်စရာ ပစ္စယုပ္ပန်ကတော့ မရှိသေးပါ၊ သူ့အစိုးရတဲ့ မိန်းမအမူအရာ အသွင်အပြင်က ကလလရေကြည် အခိုက်အတန့်မှာ မရှိသေးတော့ အကျိုးတရားက မရှိသေးပါ၊ ဂ္ဂန္ထြိယပစ္စည်းမှာ ပစ္စည်းတရားရှိတဲ့အခိုက်မှာ အကျိုးပစ္စယုပ္ပန်က ပေါ်ကိုပေါ်ရပါလိမ့်မယ်၊ စက္ခုပသာဒရှိရင် စက္ခုဝိညာဏ်စိတ်က ဖြစ်ကိုဖြစ်ရမယ်၊ အစိုးရတယ်ဆိုတာက တိုင်းသူပြည်သားရှိမှ အစိုးရတယ်လို့ ဆိုနိုင်သလို ဂ္ဂတ္ထိဘာဝနဲ့

ပုဂိုလ်သဘာဝမှာ အစိုးရလို့ပြောစရာ ပဋိသန္ဓေအခိုက်မှာ အကျိုးတရားက မပေါ်လာသေးပါ၊ ဘယ်အခါမှ အစိုးရသလဲဆိုရင် ပုံပန်းအသွင်အပြင် အမူအရာပေါ်လာမှ အစိုးရလို့ ဆိုနိုင်ပါတယ်၊ ဒီအသွင်အပြင် ပေါ်လာအောင် ဖော်နိုင်တာကလဲ ကွတ်ဆိုဘာဝရုပ်ကသာ ဖော်နိုင်တာပါ၊ ဒီပြင်ရုပ်က မဖော်နိုင်တော့ ပဝတ္တိအခါမှာတော့ အစိုးရဖြစ်နိုင်ပါတယ်၊ ပဋိသန္ဓေအခါမှာ အစိုးမရပါ၊ ဇာတိယ်အစိုးရတယ်, ကွန်ဒိုယပစ္စည်း ထိုက်တယ်ဆိုတာက အခါခပ်သိမ်း ပဋိသန္ဓေအခါကစပြီး အစိုးရဖြစ်ရမှာပါ၊ ဒါကြောင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယတို့လို မဟုတ်လို့ ကွန်ဒိုယပစ္စည်းမှာ မထည့်နိုင်ပါတဲ့။

**အရေးကြီးတဲ့ ရုပ်တရား ဂ-ပါး**

ကွန်ဒိုယပစ္စည်းဆိုတာက လူမှာအရေးအကြီးဆုံးဖြစ်တဲ့ လူရဲ့ရုပ်ပိုင်းဆိုင်ရာသဏ္ဌာန်ကို ဖော်ပြတာပါဘဲ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်၊ ယောကျ်ားဆိုရင် ပုရိသိန္ဒြေ၊ မိန်းမဆိုရင် ဣတ္ထိန္ဒြေ၊ နောက်ပြီး ဇီဝိတိန္ဒြေ၊ ဒီ ဂ-ခုဟာ လူမှာအရေးအကြီးဆုံးဖြစ်တဲ့ ရုပ်တရားတွေပါဘဲ၊ ကွန်ဒိုယပစ္စည်းမှာ ရုပ်တရား ဂ-ခုလုံးကို မဟောပေမဲ့၊ ၆ ခုကိုတော့ ဟောပါတယ်၊ (ပုရိသိန္ဒြေနဲ့ ဣတ္ထိန္ဒြေမပါပါ)။ မြတ်စွာဘုရားက ဣန္ဒြေ ၂၂ ပါးကို ဟောတဲ့အခါမှာ လူရဲ့ရုပ်ပိုင်းသဏ္ဌာန်မှာ အရေးအကြီးဆုံးနဲ့ စိတ်ပိုင်းဆိုင်ရာ အရေးအကြီးဆုံး တရားတွေအပြင် လောကုတ္တရာရေးလုပ်ငန်းစဉ်များပါ ထည့်ပြီးဟောထားပါတယ်၊ လူ သို့မဟုတ် သတ္တဝါလို့ ခေါ်နိုင်ရအောင် ဒီရုပ်ဣန္ဒြေ ဂ-ပါးကဘဲ လူရဲ့ခန္ဓာကိုယ်ကို အကောင်အထည် ဖော်ပါတယ်၊ ခန္ဓာကိုယ်ရုပ်ကို ကြည့်ရင် ပသာဒရုပ် ၅၊ ဘာဝရုပ် ၂-နဲ့ ဇီဝိတရုပ်ဆိုတဲ့ ဒီကမ္မဇရုပ် ဂ-ခုဟာ လူတွေ့ရဲ့အစွမ်းသတ္တိနဲ့ လုပ်လို့ဖြစ်တဲ့ ရုပ်မျိုးမဟုတ်ပါ။

**လူကလုပ်တဲ့ပဋိသန္ဓေဆိုပြီး** သဏ်ဌာန်စာထဲမှာ ပါတာဟာ သဘာဝတရားနဲ့ ဆန့်ကျင်တော့ အဘိဓမ္မာနဲ့ ဘယ်လိုပူဆာမလဲလို့ သင်တန်းသားတွေဆုံမိလို့ ပြောနေကြပါတယ်၊ "ဒီဟာ သဘာဝနဲ့ မဆန့်ကျင်ပါဘူး၊

မျိုးစေ့မပါဘဲ လုပ်တယ်လို့ သတင်းစာမှာ မပါပါဘူး၊ ယောကျ်ား မျိုးစေ့, အမိမျိုးစေ့ကို ယူပြီးမှ အမိရဲ့ အင်ဇင်မျိုးကို တဖြည်းဖြည်း ပေါ်လာနိုင်တဲ့ ဓာတ်အင်ဇင်ကိုတော့ လုပ်ယူတာပါ။ မျိုးစေ့ကိုတော့ ဖန်တီးလို့ မရပါဘူး" လို့ အဖြေပေးလိုက်ပါတယ်။ ကမ္မဇရုပ်ဆိုတဲ့ မျိုးစေ့ပါရင် မိန်းမရုပ် ယောကျ်ားရုပ် ဆိုတာဟာ ဖြစ်လာတာပါဘဲ။

## ဟဒယဝတ္ထုရုပ်

သင်္ဂြိဟ်မှာ ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဇီဝိတရုပ်၊ ဟဒယဝတ္ထုရုပ် ဆိုပြီး ကမ္မဇရုပ်က ၉-ခုရှိပါတယ်၊ ကွန်ဒိုယထိုက်တဲ့တရားမှာကြည့်ရင် ဝတ္ထုရုပ် မပါပါ၊ ဒီ ပြင်ပစ္စည်းများမှာတော့ 'ယံ ရူပံ နိဿာယ' ဆိုပြီး မနောဓာတ်နဲ့ မနောဝိညာဏဓာတ်က ဟဒယဝတ္ထုရုပ်ကိုမှီပြီး ဖြစ်တယ်လို့ဟောထားပါတယ်၊ ဒါကြောင့်မို့ ဟဒယဝတ္ထုရုပ်ရှိတယ်၊ မရှိဘူးနဲ့ အာဘိဓမ္မာအငြင်းအခုံ ဖြစ်ကြပါတယ်၊ ကွန်ဒိုယပစ္စည်းမှာ သတ္တဝါရဲ့ ရုပ်လုံးဖော်တာမှာ ကွန်ဒြေ ဂ-ပါးနဲ့ဖော်ထားပါတယ်။ ဝတ္ထုဒွေါလို့ဆိုပြီး ဟဒယဝတ္ထုရုပ်က ကွန်ဒိုယပစ္စည်းထဲမှာ မပါပါ၊ ဝတ္ထုရုပ်က မနောဓာတ် မနောဝိညာဏဓာတ်ရဲ့ မှီရာသာဖြစ်တယ်၊ ကွန်ဒြေထိုက်တယ်လို့ မဟောဘူး၊ မနောဝိညာဏ်ဆိုတာက ပဋိသန္ဓေက စလာတော့ အင်မတန် ကျယ်ဝန်းလှပါတယ်။ ဒီ မနောဝိညာဏ်ဆိုတဲ့ စိတ်ကို ရုပ်တရားက အစိုးမရနိုင်တော့ ဟဒယဝတ္ထုရုပ်ဟာ ကမ္မဇရုပ် ဖြစ်မေမဲ့ ကွန်ဒြေ ၂၂-ပါး ထဲမှာ ထည့်လို့မဖြစ်နိုင်ပါ၊ ကွတ္ထိဒြေနဲ့ ပုရိသိန္ဒြေကတော့ ကွန်ဒြေ ၂၂-ပါးမှာ ပါနိုင်ပါတယ်။

## မနိဒြေနဲ့ ဝေဒနာ

မနိဒြေဆိုတာကတော့ စိတ်ဆာကုန်လုံး ယူရပါတယ်၊ ဒါဝကြောင့် ပဋိသန္ဓေအခါမှာ ရုပ်နှင့်နာမ်ဟာ နာမ်က အစိုးရနေတော့ ဝတ္ထုရုပ်က ကွန်ဒြေ မထိုက်နိုင်တော့ပါ၊ စိတ် ဂဓ-နဲ့ စိတ် ၁၂၁-ပါး စိတ်အားလုံးဟာ ကွန်ဒြေ ထိုက်ပါတယ်၊ သုခိန္ဒြေက သုခဝေဒနာ၊ ဒုက္ခိန္ဒြေက ဒုက္ခဝေဒနာ၊ သောမနဿိန္ဒြေက သောမနဿဝေဒနာ၊ ဒေါမနဿိန္ဒြေက ဒေါမနဿ

ဝေဒနာ၊ ဥပေက္ခိဖြင့်က ဥပေက္ခာဝေဒနာ၊ ဒီကုန်ရင် ဝါးပါးဟာ ဝေဒနာ ချည်းပါဘဲ။

သတ္တဝါတယောက်မှာ ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတ ၂-မျိုးရှိတာမှာ ဒီ ၂-မျိုး လုံးကလဲ ကွန်ဒိုယပစ္စည်း ထိုက်ပါတယ်၊ သတ္တဝါမှာ မနုဿရှိရင် အသိစိတ်ဓာတ်ရှိတဲ့ သတ္တဝါဖြစ်လာပါတယ်၊ ဒီလို သတ္တဝါတယောက် ဖြစ်လာခဲ့ရင် ဝေဒနာ ခံစားမှုဆိုတာကလဲ ရှိလာပါတယ်၊ ဝေဒနာက သုခ=ချမ်သာတာလဲရှိ၊ ဒုက္ခ=ဆင်းရဲတာလဲရှိ၊ သောမနဿ=ဝမ်းမြောက်ဝမ်းသာ ဖြစ်တာလဲရှိ၊ ဒေါမနဿ=စိတ်မချမ်းသာမှုလဲရှိ၊ ဥပေက္ခာ=စိတ်ချမ်းသာတာလဲမဟုတ်, စိတ်ဆင်းရဲတာလဲမဟုတ်၊ ကြားထဲမှာညှိမျှနေတဲ့ ဥပေက္ခာဆိုတဲ့ ဒီဝေဒနာဝါးမျိုးက ခံစားနေရမှာပါဘဲ။

ဇက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေဆိုတဲ့ ဒီဣန္ဒြေ ၉ မျိုးနဲ့ သတ္တဝါတယောက်လို ဖြစ်လာခဲ့ရင် ဒီဝေဒနာဝါးမျိုးက ခံစားလာရမှာ အမှန်ဖြစ်ပါတယ်၊ ဒါကလဲ သဘာဝအတိုင်း ဖြစ်လာတာပါ။ ဒီအထဲမှာ သုခတို့ သောမနဿတို့ဟာ ကောင်းတဲ့ဝေဒနာလို့ ဆိုပေမဲ့ မြဲတဲ့ချမ်းသာမျိုး မဟုတ်ဖူးတာ တကယ်တော့ ကောင်းတာလို့ မခေါ်နိုင်ပါ၊ ချမ်းသာတယ်၊ ဝမ်းမြောက်တယ်ဆိုပေမဲ့ ဒီချမ်းသာမှုဟာ မြဲတဲ့ချမ်းသာမှု မဟုတ်ပါ၊ မြဲတဲ့ဝမ်းမြောက်မှုလဲ မဟုတ်ပါ၊ ဒီချမ်းသာမှုတွေက လောကီချမ်းသာမှုတွေဖြစ်တော့ ဒီသတ္တဝါဟာ ဒီချမ်းသာမှုတွေကို တကယ်ချမ်းမှလို့သာ ထင်နေရင် ဘယ်နည်းနဲ့ ဒီဝေဒနာတွေမှ လွတ်ကင်းနိုင်မည် မဟုတ်ပါ၊ လွတ်မြောက်အောင် လုပ်ချင်တဲ့အခါ လွတ်မြောက်ဖဲ့လမ်း ရှိသလား ဆိုရင်—

**လွတ်မြောက်ရေးလမ်းစဉ်**

**သဒ္ဓိန္ဒြေ**

သဒ္ဓိန္ဒြေဆိုတာက သဒ္ဓါစေတသိက်ပါ၊ သဒ္ဓါက ယုံကြည်မှု၊ 'ဘုရား, တရား, သံဃာ ရတနာသုံးပါးကို စွဲမြဲယုံကြည်မှုပါ၊ ဘုရားအစစ်အမှန်,

တထူးအစစ်အမှန်, သံဃာအစစ်အမှန် ကိုးကွယ်အားထားထု အစစ်အမှန်' လို့ ကြည်ညိုမှု သဒ္ဓါစေတသိက်ပါ၊ ဒီဝေဒနာတွေမှ လွတ်မြောက်နိုင်တဲ့ လမ်းစဉ်ရှိတဲ့အနက် ဒီသဒ္ဓါရှိဘို့က နံပါတ် ၁-အရေးကြီးပါတယ်၊ သဒ္ဓါဆို တာက ယုံကြည်တဲ့အပိုင်းကို အစိုးရပါတယ်။

## ဝီရိယိန္ဒြေ

ဝီရိယိန္ဒြေဆိုတာက ဝီရိယစေတသိက်ဖြစ်ပါတယ်၊ ဝီရိယကတော့ ကြိုး စားမှုပါဘဲ၊ သဒ္ဓိန္ဒြေပြီးမှ ဟောတော့ ဝီရိယကလဲ သဒ္ဓါယုံကြည်မှုရှိတဲ့ အတိုင်း ကောင်းတဲ့ ကြိုးစားမှုဖြစ်ပါတယ်၊ ဒီဝီရိယက သူနဲ့ယှဉ်ဘော် ယှဉ်ဘက်ဖြစ်တဲ့ စိတ်, စေတသိက်ကို အစိုးရတာပါဘဲ။ ဒါကြောင့်မို့ သဒ္ဓိန္ဒြေနဲ့ ဝီရိယိန္ဒြေဟာ သဟဇာတပစ္စည်းထဲမှာ ပါ ပါတယ်။

## ကုန္ဒြိယပစ္စည်း ၃-မျိုးနှင့် ခွဲဝေပုံ

ကုန္ဒြိယပစ္စည်းကလဲ သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ လို့ ၃-မျိုးခွဲပါတယ်၊ဧကဋ္ဌေန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ,ဇိဝှိန္ဒြေ, ကာယိန္ဒြေ ဆိုတဲ့ ကုန္ဒြေငါးပါးကတော့ ပုဓရေဇာတိန္ဒြိယ ဆိုတဲ့ ပုရေဇာတပစ္စည်း လဲထိုက်, ကုန္ဒြိယပစ္စည်းလဲထိုက်ပါတယ်၊ ရူပဇီဝိတိန္ဒြေကတော့ အနန္တရမျိုး စတဲ့ ပစ္စည်းမျိုးတွေမှာ မပါနိုင်တော့ သူကို ရူပဇီဝိတိန္ဒြိယမျိုးဆိုပြီး သီးခြား ခွဲရပါတယ်။

နာမ်ဇီဝိတိန္ဒြေကို သဟဇာတထဲမှာ ထည့်ရပါတယ်၊ ဇီဝိတစေတသိက် က သဗ္ဗစိတ္တသာဓာရဏစေတသိက် ဖြစ်တဲ့အတွက် စိတ်အားလုံး ဘယ် စိတ်မှာမဆို အကုန်လုံးမှာ ယှဉ်ပါတယ်၊ ဇီဝိတစေတသိက်ရှိမှလဲ စိတ်က ဖြစ်လို့ရပါတယ်၊ နာမ်တထူးရဲ့အသက်က ဇီဝိတစေတသိက်ပါဘဲ၊ရုပ်တထူး အသက်ကတော့ ရုပ်ဇီဝိတဖြစ်လို့ ပဿာဒရုပ်နဲ့ ဘာဝရုပ်တွေမှာ ဒီဇီဝိတ ရုပ်က အသက်ရှင်စေတာပါ၊ အာဟာရပစ္စည်းမှာလဲ ရုပ်အာဟာရနဲ့ နာမ်အာဟာရ ရှိပါတယ်။

နာမ်ဧဝံတက စိတ်တိုင်းစိတ်တိုင်းမှာ သူက တပြိုင်နက်ဖြစ်တော့ သဟဇာတမျိုးထဲမှာ ပါတယ်၊ ဝေဒနာဇာတ်ခြေ ငါးမျိုးခွဲပေမဲ့ စေတသိက်ပိုင်းမှာ စေတသိက်ဆိုရင် ဝေဒနာ ၁-ခုထဲ ပါပါတယ်၊ ဝေဒနာကလဲ သုဇ္ဇစိတ္တသာဓာရဏ စိတ်အားလုံးမှာပါတဲ့ စေတသိက်ဖြစ်တော့ ဝေဒနာဆိုတဲ့ အာရုံခံစားမှု ဝေဒနာ စေတသိက်မရှိဘဲ ဘယ်စိတ်မှ မဖြစ်ပါ၊ ဝေဒနာ စေတသိက်က သဟဇာတ=သူနဲ့ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ နာမ်တရားတွေ, စိတ္တဇရုပ်, ကမ္မဇရုပ်တွေမှာ ကွန်ဒိုယပစ္စည်းတပ်နိုင်ပါတယ်။

## သတိခေါ်ခြင်း

သတိခေါ်ခြင်းဆိုတာကတော့ 'သတိ'ကောင်းတဲ့စေတသိက်ပါ၊ ကောင်းတဲ့ လုပ်ငန်း ထွက်ရုပ်လမ်း လုပ်မယ်ဆိုရင် (၁) သဒ္ဓါရှိဘို့လိုပါတယ်၊ (၂) ဝီရိယဆိုတဲ့ ကြိုးစားမှုရှိဘို့ လိုပါတယ်၊ (၃) သတိကောင်းဘို့လိုပါတယ်၊ သတိမရှိဘဲ မေ့မေ့လျော့လျော့နေတဲ့သူဆိုရင် ဒီလိုသင်တန်းမျိုး တက်ဘို့လဲ မဖြစ်နိုင်ပါ၊ ဒီ့ပြင် ကုသိုလ်ကောင်းမှု လုပ်မယ်ဆိုရင်လဲ တကယ် ကြိုးကြိုးကျယ်ကျယ် ကုသိုလ်မျိုးကို သူတို့ မလုပ်ဖြစ်ပါ၊ တို့အသက်ကြီးလာပြီး ဘယ်အချိန်ရောက်လာရင် ဘာလုပ်ရမယ်၊ တိုင်းပြည်အတွက် ဘာတွေလုပ်ရမယ်၊ ဆွေမျိုးအတွက် ဘာဆောလုပ်ရမယ်၊ လူငယ်တွေအတွက် ဘာတွေလုပ်ရမယ်ဆိုတာက သတိကောင်းနေတဲ့ လူကယောက်မှ ဖြစ်နိုင်တာပါ၊ လူဖြစ်လာရင် လူရဲ့ မလွဲမသွေ လုပ်ရမဲ့လုပ်ငန်းတွေ စိတ်ထဲမှာ ဖမြဲပေါ်နေမှ သတိရှိနေမှ လုပ်ဖြစ်မှာပါ။ သတိမရှိရင် မေ့မေ့လျော့လျော့နေရင် လုပ်ရမဲ့အလုပ်တွေ မလုပ်ဖြစ်နိုင်တော့ပါ၊ သဒ္ဓါနဲ့ ဝီရိယရှိပေမဲ့ သတိကောင်းဘို့ကလဲ အရေးကြီးပါတယ်။

## သမာဓိခြင်း

သမာဓိစေတသိက်ကလဲ စိတ်အားလုံးမှာယှဉ်တဲ့ ကဂ္ဂတာစေတသိက်ကို ခေါ်တာပါဘဲ၊ ဒါပေမဲ့ ဝိစိက်စ္ဆာစိတ်မှာရှိတဲ့ သမာဓိကတော့ ကွန်ဖြူမထိုက်ပါဘူးတဲ့၊ သမာဓိအဆင့်အထိ ရောက်လာရင်တော့ တည်တံ့မှုနဲ့

တည်ငြိမ်မှုပါဘဲ၊ ကြီးကျယ်တဲ့လုပ်ငန်းတွေ လုပ်တဲ့အခါမှာ သဒ္ဓါ, သတိ, ဝီရိယ ဆိုတဲ့ အစိုးရ ၃-ခုထဲနဲ့ လုပ်လို့မရသေးပါ၊ ကိုယ်လုပ်နေတဲ့အလုပ်မှာ စိတ်ဝင်စားပြီးလုပ်တာဟာ သမာဓိကောင်းတဲ့ တည်ကြည်မှုသမာဓိပါဘဲ၊ အလုပ်မှာ စိတ်ဝင်ဝားလုပ်တာနဲ့ စိတ်မဝင်စားဘဲနဲ့ လုပ်တာရှိတော့ စိတ်ဝင်စားပြီး တည်တည်တံ့တံ့ တဖြောင့်ထဲလုပ်နိုင်တာဟာ သမာဓိရှိမှ ဖြစ်နိုင်တာပါ၊ သင်တန်းမှာ ဒီနေ့တော့တက်တယ်၊ နောက်နေ့တော့ မတက်ဘူးဆိုရင် ဒီလုပ်ငန်းက မအောင်မြင်နိုင်ပါ။ ဒီလတော့လုပ်မယ်၊ နောက်လတော့ မလုပ်ဘူးဆိုတာကလဲ သမာဓိမရှိဘူးလို့ ဆိုနိုင်ပါတယ်၊ ဒီကဂ္ဂတာ သမာဓိက စိတ်တိုင်းမှာပါနေလို့ သူကလဲ အရေးကြီးပါတယ်။

## ပညိန္ဒြေ

ပညိန္ဒြေဆိုတာ ပညာစေတသိက်ပါဘဲ၊ ဒီပညာက လောကီပညာဘဲရှိပါသေးတယ်၊ လောကီပညာလဲ အမှန်တရားကို ဆုံးဖြတ်နိုင်ပါတယ်၊ လုပ်ငန်းတခုမှာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိဆိုတဲ့ အစိုးရ ၄-မျိုးသာရှိပြီး ပညာအစိုးရ မရှိရင် အလုပ်တော့လုပ်တယ်၊ အမှားအမှန် မဆုံးဖြတ်နိုင်ဘဲသေးပါ၊ မှားတယ် မှန်တယ်လို့ဆုံးဖြတ်ပေးမဲ့ ပညာအစိုးရမျိုးရှိဘို့လိုပါတယ်၊ လောကီပညာဟာ ထုတ်ရပ်လမ်းလုပ်တဲ့အခါမှာလဲ ဣန္ဒြေထိုက်ပါတယ်၊ ဒီသဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဆိုတဲ့ ငါးမျိုးစုံတဲ့ အစိုးရအဖွဲ့မျိုးမှ လူတယောက်ရဲ့, တိုင်းပြည်တခုရဲ့ ထုတ်ရပ်လမ်းမှာ အောင်မြင်မှု ပေးနိုင်ပါတယ်။

သို့သော်လဲ ဒီအစိုးရအဖွဲ့မှာ သဒ္ဓါက လွန်တဲ့အခါလဲ ရှိပါစေသးတယ်၊ ဣန္ဒြေယဆိုတာက သဒ္ဓါကို အုပ်ချုပ်ပေးတော့ သဒ္ဓါလွန်ရင် ဣန္ဒြေမထိုက်ပါ၊ အစိုးရအဖွဲ့ထဲ မပါဝင်နိုင်ပါ၊ ဝီရိယကြိုးစားတာ လွန်မယ်ဆိုရင်လဲ ဣန္ဒြေမထိုက်ပါ၊ ဝီရိယလွန်တဲ့အခါ ဆန္ဒစေသေတာ့ လုပ်ငန်းတွေက ပျက်နိုင်ပါတယ်၊ သတိကတော့ လွန်တယ်မရှိပါ။ ငါးမျိုးစုံတဲ့ အစိုးရအဖွဲ့မှာ သတိက အစိုးရအဖွဲ့ကို ထိန်းပေးတာပါဘဲ။ သဒ္ဓါလွန်သလား၊ ဝီရိယလွန်သလား၊ သတိက ညီမျှအောင် လုပ်ပေးပါတယ်၊ ဒါကြောင့်

ဘုရားပရိနိဗ္ဗာန်စံခါနီးမှာ 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယ-ဓမ္မာ သခါရာ အပ္ပမာဒေန သမ္ပာဒေထ'လို့ အပ္ပမာဒ=မမေ့မဖလျော့မပေါ့မဆဘဲ သတိတရားနဲ့ သတိဓမ္မ သတိစေတသိက်ကို အရေးတကြီးမှာကြားခဲ့ရတယ် မဟုတ်လား။

သမာဓိကလဲ လွန်ကဲမှုရှိပါတယ်၊ သမာဓိလွန်ရင် တရားထိုင်တဲ့အခါမှာ ပေါက်သွားတယ်ဆိုတာက လမ်းမှန်မဟုတ်ဘဲ အမှန်အမှားကို ဆုံးဖြတ်တဲ့ ပညာနဲ့ယှဉ်တဲ့ သမာဓိမျိုး မဟုတ်ရင် ပေါက်သွားတာပါဘဲ၊ ပညာက **ဆွေးနွေးမေးမြန်း** ဆရာသမား တတ်သိနားလည်တဲ့သူနဲ့ **ဆွေးနွေး**၊ သင်တန်းတက်၊ ဒီလိုလုပ်မယ်ဆိုရင်တော့ **ဒီသမာဓိဟာ** ဘယ်လိုသမာဓိလဲဆိုတာ ပညာက ခွဲနိုင်ပါတယ်။

ပညာက ဒီလို ကွန်ဒြေငါးမျိုးမှာ **အစိုးရ**ပါတယ်ဆိုပေမဲ့လဲ ပညာကလဲ လွန်တဲ့အခါ လွန်နိုင်ပါတယ်၊ သဒ္ဓါကို ပညာက ဖျက်ဆတ်ပါတယ်၊ အလှူ။ လုပ်မယ်ဆိုတော့ ပညာက **ဒီ** ဘုန်းကြီး ဘယ်လို ဘုန်းကြီးလဲ ဘာလုပ်တဲ့ဘုန်းကြီးလဲလို့ ဒီလိုဖြစ်လာတော့ ပညာက တကယ့်ဘုန်းကြီးမှ လှူချင်တာ၊ ဒါနက တကယ့် ပုဂ္ဂိုလ်ထူးလှူမှ ကုသိုလ်ဖြစ်ဟာ'လို့ ဒါန နေထုမှာ ပညာဝင်လာပြီး သိပ်စိစစ်နေတော့ **နောင်** မလှူဖြစ်ဘဲ သေတော့ ကုက္ကုစ္စဖြစ်ပါတယ်၊ ကုသိုလ်ဆိုတာက **ဘယ်**သူဘဲလှူလှူ, ဘာဘဲလုပ်လုပ်၊ **ကောင်း**တာလုပ်ရင် ကုသိုလ်ရပါတယ်၊ ပညာကလဲ လွန်တတ်တဲ့တကူးဆိုတော့ ဒီ ကွန်ဒြေငါးပါးကို သတိက **ထိန်း**ရပါတယ်။

**ဝေဒနာခံစားမှုတို့မှာ** လွတ်မြောက်**အောင်** ထွက်ရပ်လမ်း လုပ်တဲ့**အခါ**မှာ သဒ္ဓါ, ဝီရိယ, **သတိ**, သမာဓိ, ပညာ-ဆိုတဲ့ ငါးမျိုးစုံတဲ့ **အစိုးရက** **အရေး**ကြီးပါတယ်၊ ဒီငါးမျိုးစုံတဲ့ **အစိုးရအပ္ပံနဲ့** တကယ်တည်ထောင်ပြီး ဝိပဿနာလမ်းစဉ်ကို လုပ်မယ်ဆိုရင် ဘာကွန်ဒြေတွေ **ဖြစ်**ပေါ်မလဲ။

## အနညာတညဿာမီတိန္ဒြေ

**အနညာတညဿာမီတိန္ဒြေ**ဆိုတာက **အနညာတ**=မသိဘူးသေးသည့် **တရား**၊ သံသရာတလျှောက် ဘယ်**အခါ**ကမှ မသိသေးတဲ့ **တရား**+

ဥ ဆာမိ=သိရတော့အုံ့-လို့ ဒီလို အဓိပ္ပါယ်ရပါတယ်၊ သစ္စာလေးပါးကို သိတဲ့ တရား၊ တကယ့်အမှန်ဖြစ်တဲ့ လောကုတ္တရာအရိယသစ္စာကို သိတဲ့ ပညာပါဘဲ၊ ဥဝ-ဘုံမှာ ဘဝပေါင်း အသင်္ချေအနန္တ သံသရာတလျှောက်လုံးမှာ လည်နေတဲ့အခါ ဒီသစ္စာတရားကို ဘယ်တုန်းအခါကမှ မသိခဲ့ဘူးသေးလို့ ဓမ္မစက္ကြာတရားတော်မှာ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ'လို့ ဟောပါတယ်၊ 'ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု' ရှေးအခါ ဘယ်တုန်းကမှ မကြားဘူးသေးတဲ့တရားတို့မှာ 'စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ' သိလာပါပြီလို့ ဒီလို ဟောတော်မူတာပါ၊ ဘယ်တုန်းကမှ မသိသေးတဲ့ တရားကို သိတာက သစ္စာလေးပါးကို သိတဲ့ ပညာပါဘဲ၊ အနည်ဉာတညဿာမီတိန္ဒြေဟာ လောကုတ္တရာ ပဌမမဂ် သောတာပတ္တိမဂ် မှာယှဉ်တဲ့ ပညာစေတသိက်ပါဘဲ။

## အညိန္ဒြေ

အညိန္ဒြေဆိုတဲ့ ပုဒ်က ပါဠိမှာ အညာ=အာ-ရွှရှိသော ဉာ-မှာ=သိပြီးသား၊တရား ထမ်ပြီးသိသည်၊အညိန္ဒြေ=သိပြီးဖြစ်တဲ့တရားကို ထပ်ပြီးသိတဲ့ပညာလို့ ဆိုလိုပါတယ်၊ သောတာပန်က နိဗ္ဗာန်ကို ပထမဆုံး မြင်ပါတယ်၊ သကဒါဂါမ်နဲ့ အနာဂါမ်ဖြစ်လာတော့လဲ နိဗ္ဗာန်ကို ထပ်ပြီးမြင်ပါတယ်၊ သစ္စာလေးပါးကို ထပ်ပြီး သိပါတယ်ဆိုတော့ လောကုတ္တရာစိတ်ကို ဂ-ခု ခွဲဟောတာမှာ ပထမဆုံးက သောတာပတ္တိမဂ်, ဒုနာဂ် သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်ဆိုတဲ့ အလယ်လောကုတ္တရာစိတ် ၆-ခုမှာ ရှိတဲ့ ပညာဟာ အညိန္ဒြေပါဘဲ။

## အညာတာဝိန္ဒြေ

အညာတာဝိန္ဒြေဆိုတာကတော့ အလယ် လောကုတ္တရာပညာ ၆-ခုက သိပြီးတဲ့ နောက်ဆုံး အလုံးစုံ အပြီးသတ် သိတဲ့ ပညာ-အရဟတ္တဖိုလ် ရဟန္တာစိတ်နဲ့ ယှဉ်တဲ့ ပညာပါဘဲ။

ဒါကြောင့်မို့ ဝိညာဏဝါဒီ သမားများက အရဟာတ္တဖိုလ် စိတ်ဆိုတဲ့ ကိလေသာ အားလုံးမှ ကင်းလွတ်နေတဲ့ ဝိညာဏ်တော်ဟာ ဘယ်တော့မှ မပျက်စီးတော့ဘဲ ကိလေသာက သန့်ရှင်းကြည်လင်နေတဲ့စိတ်မို့ နိဗ္ဗာန်ကို တခါထဲ ရောက်သွားတယ်၊ အနန္တ ဝိညာဏ်တော်ဟာ နိဗ္ဗာန်ဘဲလို့ ဆိုကြပါတယ်။

## ရဟန္တာနှင့် အရဟာတ္တဖိုလ်စိတ်

ရဟန္တာပုဂ္ဂိုလ်မှာ အရဟာတ္တဖိုလ်စိတ်ကလဲ အမြဲဖြစ်နေတာ မဟုတ်ပါ၊ ဖိုလ်ဝင်စားခဏတဲ့ အခါမှာသာ အရဟာတ္တဖိုလ်စိတ်ကဖြစ်ပြီး၊ သူက နိဗ္ဗာန်ကို အာရုံပြုတော့ အရဟာတ္တဖိုလ်က တခြား, နိဗ္ဗာန်က တခြားပါ၊ ဒါပေမဲ့ တချို့ ပါဠိတော်တွေမှာ အရဟာတ္တဖိုလ်ကို နိဗ္ဗာန်လို့ ခေါ်ပါသေးတယ်၊ ဥပမာ–မဂ်လာတရားတော်မှာ အရိယသစ္စာနဒဿန် ဆိုတာမှာ သစ္စာ ၄-ပါး တရားကို သိရတာဟာ မဂ်လာပါဘဲ၊ ၎င်းမဂ်လာတရားက သစ္စာလေးပါးဆိုတဲ့ ဘယ်ဘဝတုန်းကမှ မသိရသေးတဲ့ အသိတခုမျိုးကို သိတာပါ၊ တကယ့် အမှန်တရားကို သိရတာဟာ အင်မတန်ထူးမြတ်တဲ့ မဂ်လာဘဲလို့ ဟောပြပြီးတော့ 'နိဗ္ဗာနသစ္ဆိကိရိယာ စ' လို့ ဟောပြန်ပါတယ်၊ အရိယသစ္စာန ဒဿန်-မဂ်လာနဲ့ သကဒါဂါမ်, အနာဂါမ် သာမက သောတာပန်ကလဲ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တော့ နိဗ္ဗာနသစ္ဆိကိရိယာ– နိဗ္ဗာန်ကို မျက်မှောက်ပြုရတာသည် မဂ်လာတပါးလို့ ဆိုတာဟာ စာထပ်မဆန့်ဘူးလားလို့ ဒီလို မေးစရာ ဖြစ်လာပါတယ်။

ဒီ နိဗ္ဗာနသစ္ဆိကိရိယာ မဂ်လာမှာက နိဗ္ဗာန်ဆိုတာ အရဟာတ္တဖိုလ်ကို ခေါ်တာပါ၊ အရဟာတ္တဖိုလ်ရလို့ ရဟန္တာအဖြစ် ရောက်ရခြင်းသည် သံသရာမှ လွတ်မြောက်ပြီး နောက်ဆုံးဘဝသို့ ရောက်ရခြင်း၊ကိလေသာအားလုံး ကုန်သွားတဲ့ဘဝ,ငြိမ်းချမ်းသွားတဲ့ဘဝသို့ ရောက်ရခြင်းသည် ဒီထက် ကြီးကျယ်တဲ့ မဂ်လာမရှိနိုင်ပါ၊ ဒီကိလေသာအားလုံးမှ ကင်းရှင်းသန့်စင်နေတဲ့ အရဟာတ္တဖိုလ်စိတ်ကို နိဗ္ဗာန်လို့ ဟောတာပါလို့ အဋ္ဌကထာဆရာများက ပြောကြပါတယ်။

အရဟတ္တဖိုလ်စိတ်ဆိုတာလောကုတ္တရာစိတ်ထဲမှာကိုလေသာအားလုံးမှ သန့်ရှင်းကြည်လင်နေတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ စိတ်ဖြစ်ပါတယ်၊ အဘိဓမ္မာမှာ ဒီစိတ်က နိဗ္ဗာန်ကို အာရုံပြုနေတာပါ၊ အာရုံနဲ့ အာရမ္မဏိက တာမြားစီပါ၊ သုတ္တန်နည်းမှာကတော့ အာရုံနဲ့ အာရမ္မဏိကကို တခုတည်းယူပြီး အရဟတ္တဖိုလ်ကို ရဟန္တာက ငင်စားနေတဲ့အခါမှာ နိဗ္ဗာန် အာရုံပြုနေတော့ နိဗ္ဗာန်နဲ့နေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ သူကိုလဲ နိဗ္ဗာန်ရောက်နေတယ်၊ နိဗ္ဗာန်ရဓနတယ်လို့ ပြောနိုင်ပါကယ်။

## ဣန္ဒြေ ၂၂-ပါးနဲ့ လုပ်ငန်းစဉ်

အညာတာဝိန္ဒြေကတော့ အရဟတ္တဖိုလ်စိတ်နဲ့ယှဉ်တဲ့ ပညာပါ၊ အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေဆိုတဲ့ သုံးပါးကတော့ လောကုတ္တရာဣန္ဒြေ ၃-ပါးပါ၊ (၁) စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄) ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊ (၆) ဣတ္ထိန္ဒြေ၊ (၇) ပုရိသိန္ဒြေ၊ (၈) ဇီဝိတိန္ဒြေ၊ (၉) မနိန္ဒြေ၊ (၁၀) သုခိန္ဒြေ၊ (၁၁) ဒုက္ခိန္ဒြေ၊ (၁၂) သောမနဿိန္ဒြေ၊ (၁၃) ဒေါမနဿိန္ဒြေ၊ (၁၄) ဥပေက္ခိန္ဒြေ၊ (၁၅) သဒ္ဓိန္ဒြေ၊ (၁၆) ဝီရိယိန္ဒြေ၊ (၁၇) သတိန္ဒြေ (၁၈) သမာဓိန္ဒြေ၊ (၁၉) ပညိန္ဒြေတို့က လောကီဣန္ဒြေတွေပါ၊ လောကုတ္တရာဣန္ဒြေ ၃-ပါးဆိုတဲ့ ပညာကို ရချင်ရင် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးမျိုးက လောကုတ္တရာ ပညာရအောင် လုပ်တဲ့လုပ်ငန်းစဉ်ကို ဟောတာပါ။

(၁) စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄) ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊ (၆) ဣတ္ထိန္ဒြေ၊ (၇) ပုရိသိန္ဒြေ၊ (၈) ဇီဝိတိန္ဒြေ၊ (၉) မနိန္ဒြေ-ဆိုတဲ့ ဣန္ဒြေ ၉-ပါးကတော့ ရူပ်နဲ့နာမ် ၂-ပါးရှိတဲ့ သတ္တဝါတယောက်ရဲ့ ဖြစ်ပုံဘဲ ဖြစ်ပါတယ်၊ ရူပ်နဲ့နာမ်ရှိတဲ့ သတ္တဝါဟာ ဝေဒနာငါးမျိုးကို ဘယ်တော့မှ မလွတ်ဘဲ ခံစားရမယ်၊ ဒီဝေဒနာတွေက အုပ်ချုပ်တာကို ခံရမယ်၊ ဒီဝေဒနာ အစိုးရလက်အောက်က ထွက်မြောက်ချင်ရင် လုံးဝလွတ်လပ်ရေး ရချင်ရင် သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ,

သမာဓိန္ဒြေ, ပညိန္ဒြေ-ဆိုတဲ့ ကွန်ဒြေငါးပါးကို ညီမျှအောင် ကြိုးစားပါက ဘယ်တုန်းကမှ မသိရသေးတဲ့ သစ္စာတရားကို သိရမယ်ဆိုတာက အနုညာ-တညဿာမီတိန္ဒြေ ပါဘဲ။

ဒီပညာကို ရပြီးတဲ့ ပုဂ္ဂိုလ်ကတော့ သူအတွက်မှာ အမျှားဆုံး ၇-ဘဝတဲ့ ရှိပါတော့တယ်၊ သောတာပန်မှာလဲ သူကြိုးစားပြီး ကျင့်တဲ့ ကွန်ဒြေ အရင့်, အနုလိုက်ပြီး အမျိုးအစား ကဲ့သွားပါတယ်၊ ဒီ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဆိုတဲ့ ကွန်ဒြေကို ကျင့်ကြံတာမှာ မူတည်ပြီး တော့ အသတ်စားပုဂ္ဂိုလ်မှာဆိုရင် ၂-ဘဝ ၃-ဘဝတဲ့ ကြာမယ်၊ တကယ် အရင့်ကျက်ဆုံး ပုဂ္ဂိုလ်ကျတော့ ဒီဘဝနဲ့ဘဲ ရဟန္တာဖြစ်ပါတယ်။ ဘုရား လက်ထက်တုန်းက သောတာပန် ၃-မျိုး ကွန်ဒြေ ၃-မျိုးထားတာက ဘုရား ဟောတဲ့ တရား တပုဒ်ထဲနဲ့ ချက်ခြင်း သောတာပန် ဖြစ်တဲ့အခါ သဒ္ဓါ, သတိ, ပညာ-စတဲ့ ကွန်ဒြေတွေက မရင့်ကျက်သေးတော့ (၇) ဘဝထိအောင် နေရတယ်လို့ ဆိုရပါတယ်။ ယခုခေတ်အခါမှာ တရားကို နှစ်ပေါင်းများစွာ အားထုတ် ရဘယ်၊ ရှိသမျှပစ္စည်းတွေ စွန့်လွှတ် ရတယ်၊ သက်နှံးဝတ်ပြုး ဂိပဿနာတရားကို နည်းမှန်လမ်းမှန် ကျင့်ကြံတဲ့ ပုဂ္ဂိုလ်များမှာ ဇာခါထဲ ရဟန္တာ ဖြစ်နိုင်ပါတယ် ရဟန္တာ ဖြစ်နိုင်တယ်ဆိုတာကာ သူ နှစ်ပေါင်း များစွာကြိုးစားပြီး ကျင့်ကြံတဲ့ ကွန်ဒြေက ရင့်ကျက်လို့ဘဲ ဖြစ်တာပါ။

ကွန်ဒြေ ၂၂-ပါးနဲ့ သတ္တလောကဖြစ်ပုံ, သတ္တလောက က ထွက်မြောက် ပုံများကို ဂိဘင်းကျမ်းမှာ စုံစုံလင်လင် ဟောပြထားပါတယ်။

## ရုပ်ကွန်ဒြေယ နာမ်ကွန်ဒြေယ

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဇီဝိတိန္ဒြေ တို့က ရုပ်ကွန်ဒြေယပစ္စည်း ဖြစ်ပါတယ်။ ကွတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေတို့က ကွန်ဒြေယ ပစ္စည်းမှာ မပါပါ၊ နာမ်ကွန်ဒြေများမှာ ဇီဝိတိန္ဒြေက နာမ်ဇီဝိတစေတသိက် ဖြစ်ပါတယ်။ မနိန္ဒြေက စိတ် ၀၉-လုံးမှာ ယှဉ်ပါတယ် သုခိန္ဒြေ, ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေဆိုတာ တရားကိုယ်ကောက်ရင် ဝေဒနာစေတသိက် တခုထဲရပါတယ်။ သဒ္ဓိန္ဒြေ က သဒ္ဓါ စေတသိက်၊

ဝိရိယိန္ဒြေက ဝီရိယစေတသိက်၊ သတိန္ဒြေက သတိစေတသိက်၊ သမာဓိ-န္ဒြေက ဧကဂ္ဂတာ စေတသိက်၊ ပညိန္ဒြေက လောကီပညာ စေတသိက်၊ လောကုတ္တရာပညာမှာ စေတသိက်ကျတော့ပညာပါဘဲ၊ ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေဆိုတဲ့ နာမ်တို့ကို တရားကိုယ်ကောက်ရင် ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဆိုတဲ့ တရားကိုယ် ဂ-ခုဘဲ ရှိပါတယ်။

နာမ်ကွန်ဒြေ တရားကိုယ် ဂ-ပါး ဆိုတာက အရူပိနော=နာမ်ဖြစ်ကုန်သော။ ကွန်ဒြိယာ=ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော နာမ်ကွန်ဒြေ တရားကိုယ် ဂ-ပါးတို့သည်။ သမ္မယုတ္တ-ကာနံ ဓမ္မာနံ=သူနှင့် ယှဉ်ဘော်ယှဉ်ဘက် သမ္မယုတ် တရားတို့အား၎င်း။ တံ သမင်္ဂဒနာနံ=သူနဲ့ကကွ ယှဉ်ဘော်ယှဉ်ဘက် တရားတို့ကြောင့် ဖြစ်ကုန်သော။ ဓမ္မာနဉ္စ=စိတ္တဇရုပ် ကမ္မဇရုပ်တို့အား၎င်း။ ကွန်ဒြိယပစ္စယေန ပစ္စယော=ကွန်ဒြိယသတ္တိနဲ့ ဧကျးဇူးပြုပါတယ်။

**၉ ဝိတစေတသိက်**

ဇီဝိတစေတသိက်ဟာ စိတ် ဂဇ-လုံးမှာ ယှဉ်ထော့ နာမ်ကွန်ဒြေပစ္စည်း ဧတွက သဟဇာတမျိုးထဲမှာပါလို့ သဟဇာတိန္ဒြိယပစ္စည်း ဖြစ်ပါတယ်။ သဟဇာတ မျိုးထဲမှာ ပါတယ်ဆိုတာက သဟဇာတမှာလဲ သူတို့ကပါတယ်၊ ကွန်ဒြိယမှာလဲ သူတို့ကပါတယ်၊ ဒါကြောင့် သဟဇာတပစ္စည်းလဲထိုက်တယ်၊ကွန်ဒြိယပစ္စည်းလဲထိုက်လို့ သဟဇာတိန္ဒြိယပစ္စည်း လို့ ဆိုပါတယ်၊ စက္ခုဒသန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့ကတော့ ပုရေဇာတိန္ဒြိယ အမျိုးထဲမှာပါတယ်၊ ပုရေဇာတပစ္စည်းလဲထိုက်တယ်၊ ကွန်ဒြိယပစ္စည်းလဲ ထိုက်ပါတယ်။

ဇီဝိတစေတသိက်က သဟဇာတပစ္စည်းထဲမှာပါလို့ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတော့ စတ္တာရော

ခန္ဓာ=ခန္ဓာ ၄-ပါး ဖြစ်ပါတယ်၊ ခန္ဓာ ၄-ပါးက ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ်တို့ ဖြစ်တော့ သင်္ခါရက္ခန္ဓာမှာ ဇီဝိတစေတသိက်က ပါပါတယ်၊ ဇီဝိတစေတသိက်ပါရင် အတူတကွဖြစ်တဲ့စိတ် ၁၉-ခုက တပြိုင်နက်ထဲ ဖြစ်တော့ ပါရပါမယ်၊ စိတ္တဇရုပ်ကလဲ ပါရပါတယ်။

ပဋိသန္ဓေ သလလင်္ဂရေကြည်တုန်းက ပဋိသန္ဓေဝိညာဏ်ဟာ ဝိပါက်စိတ် တခုခု ဖြစ်တဲ့ဝိညာဏ်ပါ၊ ဒီဝိညာဏ်မှာလဲ ဇီဝိတစေတသိက်ကပါပြီး သူက ကမ္မဇရုပ်ကို ကျေးဇူးပြုပါတယ်။ ဒါကြောင့် အရှုပိနော ကွန်ဒိုယဲမှာ ဇီဝိတ စေတသိက်က သူမှ ကြွင်းသော စိတ် စေတသိက်, ကမ္မဇရုပ် ကို့ကို ကွန်ဒိုယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

## စိတ်စသည်

စိတ်က မနိန္ဒြေဖြစ်သော စိတ် ၁၉-ခုကို ကွန်ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန် တရားက စေတသိက် ၅၂၊ ရုပ်က စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်တို့ ဖြစ်ပါတယ်။ ဝေဒနာ စေတသိက်ကလဲ စိပ်အားလုံးမှာယှဉ်တဲ့ စေတသိက်ပါ၊ ဝေဒနာ ကို ကွန်ဒြိယပစ္စည်းတရားယူရင် ပစ္စယုပ္ပန်က စိတ် ၁၉၊ ဝေဒနာကြွဉ်တဲ့ စေတသိက် ၅၁ ခု၊ စိတ္တဇရုပ် ကမ္မဇရုပ်ကို ယူရပါတယ်၊ ဒီလိုလှည့်ပြီး ယူနိုင်ဒေသင် သင်္ဂြိဟ်မှာ စိတ်ယှဉ် စေတသိက်ယှဉ်ကို ကဲ့ဒေသင် သင်ပြ ကြရပါတယ်။

ပဋ္ဌာန်းမှာ သဟဇာတပစ္စည်းက စိတ် စေတသိက်နဲ့ စိတ္တဇရုပ်တို့ဟာ အတူဖြစ် အတူပျက် ဖြစ်ကြပါတယ်။ ကမ္မဇရုပ်ကလဲ ပဋိသန္ဓေအချိန်မှာ ဝိပါက်စိတ်တွေနဲ့လဲ အတူဖြစ်ရပါတယ်၊ အရှုပိနော ကွန်ဒြိယာမှာ ပဋ္ဌာန်း၌ အဓိပ္ပါယ်ကိုသိပ်ပြီး အသေးစိတ်သင်တဲ့အခါ သဒ္ဒါကို ကွန်ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန်က ဘယ်တရားတွေလဲ၊ သတိကို ကွန်ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန်က ဘယ်တရားတွေလဲ-စသည်ဖြင့် ကွန်ဒြိယပစ္စည်းတရားကို တလုံးစီ ပစ္စည်းမှာ ခဲတတ်ရင် ပစ္စယုပ္ပန် နဲနဲစီ ကဲ့သွားပါတယ်၊ စိတ်ယှဉ် စေတသိက်ယှဉ် ကွဲရင် နာမ်ကွန်ဒြေပစ္စည်းက ရှင်းပါတယ်။

## ကွန်ဒြကို တိက်နှင့် ဝေဘန်ပုံ

ကွန်ဒြိယပစ္စည်းက ကုသိုလ်မှာသာ အစိုးရတာရှိသလား၊ အကုသိုလ် အစိုးရတာ မရှိဘူးလား လို့ ဆိုဝေ့ အကုသိုလ်မှာလဲ အစိုးရတာ မှီနိုင်ပါတယ်၊ ကွန်ဒြိယပစ္စည်းမှာ နာမ်ကွန်ဒြ ၇-ပါး၊ ရုပ်ကွန်ဒြ ၇ ပါး ရှိပါတယ်။ ရုပ်ကွန်ဒြက အဗျာကတသာတရား ဖြစ်တော့ ရုပ်ကွန်ဒြက ပစ္စည်းတပ်ရင် အဗျာကတ တရားချည်းဘဲ ဖြစ်ပါတယ်။ နာမ်ကွန်ဒြမှာ နာမ်ဇီဝိတ စေတသိက်ဟာ စိတ်အားလုံးမှာ သူက ယှဉ်တော့ ကုသိုလ်ဇီဝိတိန္ဒြ, အကုသိုလ် ဇီဝိတိန္ဒြ, အဗျာကတဇီဝိတိန္ဒြ အားလုံး ရှိနိုင်ပါတယ်။ မနိန္ဒြကလဲ စိတ် ၈၉-လုံးမှာယှဉ်တော့ ကုသိုလ်မနိန္ဒြ, အကုသိုလ်မနိန္ဒြ, အဗျာကတမနိန္ဒြလို့ ရှိနိုင်ပါတယ်။ သုခိန္ဒြက သုခသဟဂုတ် ကာယ်-ဝိညာဏ်စိတ်မှာရှိတဲ့ ဝေဒနာဆိုတဲ့ အဟိတ်စိတ် ဖြစ်ပါတယ်။ အဟိတ်စိတ်မှာ ယှဉ်တဲ့ ဝေဒနာက အဗျာကတ တရားဘဲ ဖြစ်ပါတယ်။ ဒုက္ခိန္ဒြက ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်မှာယှဉ်တဲ့ ဝေဒနာဆိုတော့ အဟိတ် ဝေဒနာက အဗျာကတာဘဲ ဖြစ်ပါတယ်။ သောမနဿိန္ဒြကတော့ ကုသိုလ်မှာလဲရှိ၊ အကုသိုလ်မှာလဲရှိ၊ ဝိပါက်ကြိယာမှာလဲရှိတော့ သောမနဿိန္ဒြဟာ ကုသိုလ်, အကုသိုလ်, အဗျာကတ အားလုံးမှာ ဖြစ်နိုင်ပါတယ်။

ဒေါမနဿိန္ဒြကတော့ ဒေါမနဿဝေဒနာက အကုသိုလ်မှာဘဲ ရှိလို့ သူကတော့ အကုသိုလ်သက်သက်ဘဲ ဖြစ်ပါတယ်၊ ဥပေက္ခိန္ဒြမှာ ဥပေက္ခာက ကုသိုလ်, ဝိပါက်, ကြိယာမှာရှိတော့ ဥပေက္ခိန္ဒြမှာကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုး ဖြစ်နိုင်ပါတယ်။ သဒ္ဓိန္ဒြ-သဒ္ဓါစေတသိက်ဟာ ကုသိုလ်မှာသာယှဉ်ပြီး အကုသိုလ်မှာ မယှဉ်တော့ ကုသိုလ်နဲ့အဗျာကတ မှာဘဲ ဖြစ်ရပါတယ်၊ ဝီရိယိန္ဒြမှာ ဝီရိယက ကုသိုလ်, အကုသိုလ်, အဗျာ-ကတ အားလုံးမှာယှဉ်တော့ ဝီရိယိန္ဒြမှာ ၃-မျိုးရပါတယ်။

သဟိန္ဒြဆိုတဲ့ သတိကတော့ ၎ကောင်းတဲ့ဘက်မှာသာ သတိရှိပါတယ်၊ မိစ္ဆာသတိ မကောင်းတဲ့နေရာမှာ သတိကတော့ လောက ဝေါဟာရ ကတော့ ရှိပါတယ်၊ အဘိဓမ္မာမှာတော့ သတိဟာ အကုသိုလ်မှာ မရှိပါ၊ ကုသိုလ်မှာဘဲ ရှိပါကယ်၊ လူကြီးသူမမျှားက "ပေါ့ပေါ့ဆဆမနေနဲ့ သတိနဲ့

နေပါ"ဆိုတာက သတိနဲ့နေရင် ကုသိုလ်ဘက်ဘဲ များပါတယ်၊ သတိကို အောက်မေ့တယ်လို့ တမျိုးမြန်မာပြန်ကြပါသေးတယ်၊ အဘိဓမ္မာမှာတော့ သတိကို "အပ္ပမာဒေန သမ္မာဒေထ" သတိတရားနဲ့နေရင် အကုသိုလ်မဖြစ်အောင် သတိနဲ့နေတာပါ၊ သတိက အကုသိုလ်မှာ မရှိပါ၊ ကုသိုလ်နဲ့ အဗျာကတဘဲ ရှိပါတယ်။ သမာဓိဇန်ဒြေက ကေဂ္ဂတာစေတသိက် ဆိုတော့ စိတ်အာရုံလုံးမှာ ယှဉ်ပါတယ်၊ ဒီတော့ အကုသိုလ် သမာဓိကလဲ ရှိတဲ့အတွက် သမာဓိဇန်ဒြေက အကုသိုလ်, ကုသိုလ်, အဗျာကတ အာရုံလုံးမှာ ရှိနိုင်ပါတယ်။ ပညိန္ဒြေကတော့ ပညာက ကုသိုလ်နဲ့ အဗျာကတ မှာဘဲ ယှဉ်လို့ ကုသိုလ်နဲ့ အဗျာကတမှာဘဲ ရှိပါတယ်၊ ပညာက အကုသိုလ်မှာ မရှိပါ၊ နာမ်ကွန်ဒြေ ဂ-ပါးထဲက အကုသိုလ်ကွန်ဒြေ ရေတွက်ရင် အကုသိုလ် အစုံးရက ဖြစ်နိုင်တာက ဇီဝိတိန္ဒြေနဲ့ မနိန္ဒြေ, ဝေဒနာဆိုတဲ့သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေနဲ့ ဝိရိယိန္ဒြေ, သမာဓိန္ဒြေတို့ဘဲ ဖြစ်ပါတယ်။

အဓိပတိပစ္စည်း အစုံးရတာကတော့ ပြိုင်ဘက်မရှိဘဲ အစုံးမှာ တခုထဲ ရှိပါတယ်၊ ဆန္ဒကို အဓိပတိတပ်ရင် ဒီ့ပြင် တရားတွေ့က ပစ္စယုပ္ပန် ဖြစ်သွားပါတယ်။ ဆန္ဒနဲ့ပစ္စည်းပြိုင်တူ ဖြစ်လို့မရပါ၊ အဓိပတိက စကြာမင်းဟာ တကမ္ဘာလုံးကို သူတဦးတည်း အစုံးရသလို ဒီလို ဥပမာပေးကြပါတယ်။

## ခန္ဓာကိုယ်ကမ္ဘာကြီး

ကွန်ဒြိယပစ္စည်းကျတော့ သူကပြိုင်ပြီး အစုံးရတာပါ၊ စက္ခုန္ဒြေက စက္ခု-ပသာဒ မြင်တဲ့နေရာမှသာ အစုံးရတာ၊ ကြားတဲ့နေရာမှာ အစုံးရတာ မဟုတ်ပါ။ သောတိန္ဒြေကလဲ ကြားတဲ့နေရာမှာသာ အစုံးရတာ၊ မြင်တဲ့နေရာမှာ အစုံးရတာ မဟုတ်ပါ။ ဃာနိန္ဒြေကလဲ နံတဲ့နေရာမှာသာ အစုံးရတာ၊ မြင်တာ ကြားတာမှာ အစုံးရတာမဟုတ်ပါ၊ သူသဘော အရသာ အစုံးရပြီး၊သူနေရာနဲ့သူ အသီးအသီး ပြိုင်ပြိုင်ပြီး အစုံးရလို့ ခန္ဓာကိုယ်မှာ မျက်စိက အစုံးရတခု၊နားကအစုံးရတခု၊နှာခေါင်းက အစုံးရတခု၊လျှာက

အစိုးရတခု၊ ကိုယ်က အစိုးရတခု၊ စိတ်က အစိုးရကခု၊ လောက ဆိုတာကလဲ ဓာတုလောက ဓန္ဓာလောက အာယတနလောကလို့ မြတ်စွာဘုရားက ဟောကြားထားတော့ ဒီလောကဆိုတဲ့ ခန္ဓာကိုယ်ကြီးဟာ ကမ္ဘာကြီးတခုပါဘဲ။

ရူပအစိုးရန့်နာမအစိုးရ

မြတ်စွာဘုရားက ဒီခန္ဓာကိုယ်ကမ္ဘာကြီးကိုပြုင်တူအုပ်စိုးနေတဲ့ အစိုးရဟော်ကတော့ ရူပ်အစိုးရနဲ့ နာမ်အစိုးရ ရှိတယ်လို့ ဟောပါတယ်၊ ရူပ်အစိုးရဂ-ခုရှိတာဉ်က ဂ-ခုလုံးပြုင်တူ သူ့နယ်နဲ့သူ အစိုးရတာပါဘဲ၊ ယခုခေတ် ပြည်ထောင်စုအစိုးရဖွဲ့သလို ခန္ဓာကိုယ်မှာ မျက်စိကလဲ သူ့အစိုးရနဲ့သူ၊ နားကလဲ သူ့အစိုးရနဲ့သူ၊ နှာခေါင်းကလဲ သူ့အစိုးရနဲ့သူ၊ ဒီပြည်ထောင်စုလေးတွေပေါင်းပြီးမှ ဇီဝိတိန္ဒြေနဲ့ မနိန္ဒြေက ပြည်မအစိုးရလို့ ခန္ဓာကိုယ်တကိုယ်လုံးမှာ ရှိပါတယ်။

ဒီလိုခန္ဓာကိုယ် ကမ္ဘာကြီးမှာ အစိုးရဖွဲ့ပြီးတဲ့အခါမှာ သုခိန္ဒြေအစိုးရ၊ ဒုက္ခိန္ဒြေအစိုးရ၊ သောမနဿိန္ဒြေအစိုးရ၊ ဒေါမနဿိန္ဒြေအစိုးရ၊ ဥပေက္ခိန္ဒြေအစိုးရဆိုတဲ့ အစိုးရမျိုးတွေကများတော့ ဖြစ်ချင်တဲ့ အစိုးရမျိုးဖြစ်လာမှာပါ၊ သုခိန္ဒြေဆိုတော့ ချမ်းသာတဲ့အစိုးရတက်ချင်တက်လာပါမယ်၊ ဒုက္ခိန္ဒြေဆင်းရဲသားအစိုးရ ဝင်ချင်တက်လာမယ်၊သောမနဿိန္ဒြေ ပျော်ပျော်ရွှင်ရွှင်အစိုးရ တက်ချင်တက်လာမယ်၊ ဒေါမနဿိန္ဒြေ အမြဲတမ်းပူပန်နေတဲ့ အစိုးရ ဝင်ချင်တက်လာမယ်၊ ဥပေက္ခိန္ဒြေ ချမ်းသာတာလဲမဟုတ်၊ ဆင်းရဲတာလဲမဟုတ်တဲ့ အစိုးရမျိုး တက်ချင်တက်လာမှာပါ။

ဝေဒနာ ငါးမျိုးက ဣန္ဒြေငါးပါးနဲ့ ရူပ်ဣန္ဒြေက ဂ-ပါး၊ ဇီဝိတိန္ဒြေနဲ့ မနိန္ဒြေဆိုတဲ့ သတ္တလောကမှာ လှုပ်လှုပ်ပြောင်ရင် ဆင်းရဲချင်လဲ ဆင်းရဲမှာဘဲ၊ချမ်းသာချင်လဲ ချမ်းသာမှာဘဲ၊ သဒ္ဓါစတဲ့ဣန္ဒြေငါးပါးကို စဉ်းစားကြည့်ရင် ကောင်းတဲ့အစိုးရလဲ ဖြစ်နိုင်ပါတယ်။ ဒီငါးခုထဲမှာ မကောင်းတဲ့အစိုးရ ဖြစ်နိုင်တာက ၂-ခု ပါလာတော့ မကောင်းတဲ့အစိုးရလဲ ဖြစ်နိုင်ပါတယ်၊ ဒီငါးခုမှာ ဝီရိယက ဘာလုပ်ရ လုပ်ရ ကြိုးစားပြီး လုပ်မှာဘဲ၊ ကုသိုလ်ကိုလဲ လုပ်မှာဘဲ၊ အကုသိုလ်ကိုလဲ လုပ်မှာပါ၊ သမာဓိကလဲ အကု

သိုင် ဖြစ်နိုင်ပါသေးတယ်၊ မကောင်းတာလုပ်တဲ့ လုပ်ငန်းဆိုတာက ပိုကာဆဲတာမျိုး၊ ငါးမျှားတာမျိုးဟာက အကုသိုလ်သမာဓိတွေပါဘဲ၊ ဒီလို ဝီရိယတို့ သမာဓိတို့ခေါင်းဆောင်တဲ့ အကုသိုလ်အစိုးရဖြစ်လာတဲ့ အခါမှာ သဒ္ဓါ, သတိ, ပညာတို့ကတော့မပါနိုင်ပါ၊ သဒ္ဓါ, သတိနဲ့ပညာတို့ကတော့ ကုသိုလ်အစိုးရ သက်သက်တွေပါ၊ ဝီရိယနဲ့ သမာဓိဟာ ကောင်းတဲ့အစိုးရအဖွဲ့မှာလဲ ပါတာဘဲ၊ မကောင်းတဲ့ အစိုးရမှာလဲ ပါတာပါဘဲ။

## ဗောဓိပက္ခိယတရားနဲ့ ကွန်ဒြေ

ဒါဖြင့်ကြောင့်မို့ ဗောဓိပက္ခိယတရား ၃၇-ပါးမှာ ကွန်ဒြေ ၂၂-ပါးကို ဘုရားက မဟောဘဲ သစ္စာဓလေးပါးတရားရဘို့, မဂ်တရား ဖိုလ်တရားရဘို့နဲ့ ကောင်းတဲ့လုပ်ငန်းတွေအတွက် သဒ္ဓိဓြေ, ဝီရိယိဒ္ဓိ, သတိဓြေ, သမာဓိဓြေ, ပညိဒ္ဓိ ဆိုတဲ့ ကွန်ဒြေငါးပါးကိုဘဲ ဟောပါတယ်။ဖိုလ်ရှုံးတဲ့အခါမှာလဲ, သဒ္ဓါဖိုလ်, ဝီရိယဖိုလ်, သတိဖိုလ်, သမာဓိဖိုလ်, ပညာဖိုလ် ဆိုတဲ့ ဒီတရားငါးပါးပါဘဲ၊ ဒီတရားငါးပါးဟာ ကောင်းတဲ့ လုပ်ငန်းဟူသမျှမှာ အင်မတန်အရေးကြီးပါတယ်၊ ဒါဖြင့်လဲ ကွန်ဒြေ ထိုက်တဲ့အထဲမှာ သူတို့ကိုထည့်ပြီး ထားတာပါဘဲ။

## အကုသိုလ်အစိုးရများ

ကွန်ဒြေငါးပါးမှာ သဒ္ဓါက လွန်ကဲသွားရင် တရားဘက်နီးစပ်သွားပါတယ်၊ သဒ္ဓါလွန်တော့ အကုသိုလ်အစိုးရဘက် ရောက်သွားပါတယ်၊ဝီရိယလွန်သွားတော့လဲ သိပ်ပင်ပန်းလာရင် မောဟဘက်ယိုင်သွားပြီးအကုသိုလ်အစိုးရဘက် ရောက်သွားပြန်ပါတယ်၊ သမာဓိက လွန်သွားတယ်ဆိုရင်လဲ အေးငြိမ်းချမ်းသာတဲ့ဘက်ကို အားများသွားတော့ ဝီရိယနဲ့သွားပြီး သူကလဲ ငိုင်နေတဲ့ အကုသိုလ်ဘက် ရောက်သွားနိုင်ပါတယ်။ ပညာလွန်ပြန်တော့လဲ အယူဝါဒ ဖောက်ပြန်ပြီး မှားသွားနိုင်ပါတယ်၊ ဒီသဒ္ဓါ, ဝီရိယ, သမာဓိနဲ့ပညာတွေ လွန်ကဲလာတဲ့အခါမျိုးမှာ သတိကထိန်းပေးရပါတယ်။ ကွန်ဒြေငါးပါးမှာ သတိက ထိန်းပေးနိုင်ရင် ကောင်းတဲ့ဘက် ပြန်ရောက်နိုင်

ပါတယ်။ အကုသိုလ်တရားတွေမှာ ဣန္ဒြိယပစ္စည်း မထိုက်ဘူးလားဆိုတဲ့ အမေးရဲ့ အကျဉ်းချုပ် အပြေကတော့ ဇီဝိတ, စိတ်, ဝေဒနာ, ဝိရိယ, သမာဓိတို့ဟာ အကုသိုလ်ဣန္ဒြိယပစ္စည်း ထိုက်ပါတယ်။

ဒေါမနဿနဲ့ က ခန္ဓာကိုယ်ကို အုပ်စိုးတဲ့အခါမှာ မကောင်းတာတွေ့ တွေ့ပြီး စိတ်ဆင်းရဲနေရပါတယ်၊ ဒီအခါမှာ အကုသိုလ်ဒေါမနဿ ဝေဒနာက ဣန္ဒြိယပစ္စည်းထိုက်သူးပါတယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝမ်းမြောက် ဝမ်းသာ အကုသိုလ်လုပ်ငန်းတခုကို ဖြစ်မြောက်အောင်လုပ်နေတဲ့အခါမှာ အကုသိုလ်သောမနဿဝေဒနာက အစိုးရ ဖြစ်နိုင်ပါတယ်။ ဒီ့ပြင် တရားတွေက နောက်ကလိုက်နေရတော့ အကုသိုလ် သောမနဿ ဝေဒနာက အုပ်စိုးနေတာပါဘဲ ဒုက္ခဒွန်ကြေက အကုသိုလ်တော့ မဟုတ်ပါ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်မှာဖြစ်တဲ့ ဝေဒနာပါဘဲ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ ဝေဒနာခံစားရတဲ့အခါမှာ နာကျင်ကိုက်ခဲပြီး အော်ဟစ်နေတော့ဒုက္ခိန္ဒြေက အုပ်စိုးနေတာပါဘဲ၊ ဥပေက္ခာပြုနေပြန်တော့လဲ အကုသိုလ်ဥပေက္ခာ အစိုးရ အုပ်ချုပ်ခံနေရတာပါဘဲ၊ ခန္ဓာကိုယ် ကမ္ဘာကြီးမှာလဲ ကောင်းတဲ့ အစိုးရသာမဟုတ်၊ မကောင်းတဲ့အစိုးရတွေ့ရှိတာပါဘဲ၊ ဣန္ဒြိယပစ္စည်းကတော့ ဒီလောက်ဆိုရင် တော်တော့ကို စုံသွားပြီလို့ ထင်ပါတယ်။ ဒီလောက်နဲ့ဘဲ ဣန္ဒြိယပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၁၇။ ချာနပန္ဓဉ်း
# သင်ကြား ပို့ချကျမ်းများ

## ချာန်ဖြစ်လာပုံ

ချာန-ကို ဗမာလို့ပြန်ရင် 'ချာဉ်' ဆိုပြီး ဥတခြမ်းပဲနဲ့ ပါဠိပျက်သတ်ရိုး ထုံးစံရှိပါတယ်၊ ပါဠိမှာ ယာနကို 'ယာဉ်' လို့ပြောင်းတယ်ဆိုတော့ 'န' ကို ဥတခြမ်းပဲနဲ့ သတ်တာပါဘဲ၊ မော်တော်ယာဉ် လေယာဉ် လှည်းယာဉ် ဆိုတဲ့ ဒီ 'ယာဉ်' တွေဟာ ဗမာစကား မဟုတ်ဘဲ ယာနပါဠိပုဒ်မှာပါတဲ့ 'န' က ဥတခြမ်းပဲနဲ့ 'ယာဉ်' လို့ ပြောင်းပြီး ဗမာစကားဖြစ်လာတာဘဲ၊ ဒီလိုဘဲ သတိသမ္ပဇာနက သတိသမ္ပဇဉ် ဖြစ်တယ်။ ဝိညာဏက ဝိညာဉ်ဖြစ်တယ်ဆိုတာတွေဟာ ပါဠိကလာတဲ့စကားလုံးတွေမို့ နက ဥတခြမ်းနဲ့ ဇာတ်လိုက်တာချည်း ပါဘဲ။ ဒါပေမဲ့ ထူးခြားတာက ဗုဒ္ဓဘာသာတိုင်းပြည်မှာ ချာန-ကို 'ချာဉ်' လို့ ဗမာမပြန်ဘဲ "ချာန်" လို့ ဘာသာပြန်ကြပါတယ်။

## ချာနအဓိပ္ပါယ်

ချာနဆိုတဲ့ ပါဠိစကားကို ဗမာက 'စူးစူးစိုက်စိုက်ရှုကြည့်တာ' လို့ဆိုပါတယ်။ သမထတရား အားထုတ်တဲ့ပုဂ္ဂိုလ်, သမာဓိတရား အားထုတ်တဲ့ပုဂ္ဂိုလ်များက အာရုံတခုမှာ တည်တံ့အောင် ကြည့်နေတာဟာ ချာနဘဲ ဖြစ်ပါတယ်။

ချာနကို နောက်တမျိုး အဓိပ္ပါယ် ပြန်ကြပါသေးတယ်၊ ချာန်တရားကို အားထုတ်တာဟာ ကိလေသာတွေကို ဘေးဖယ်ပစ်လိုက်တာပါ၊ တနည်းက ကိလေသာတွေကို မီးရှို့ ပစ်လိုက်တာပါလို့ ဒီလို ယူဆကြပါတယ်။ ချာန ချာန်တရားကို အားထုတ်လို့ သမာဓိရှိနေဆဲမှာ ကိလေသာက မရှိပါ

ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ထားပါတယ်၊ သမာဓိယျက်ရင်တော့ကိလေသာက ပြန်ထောက်လာတာပါဘဲ။

**ဈာန်ဆိုတာ မတည်မြဲ**

ဒါကြောင့် သိဟိုဠ်ခေတ်တုန်းက ဈာန်ရတဲ့ပုဂ္ဂိုလ်တွေ တော်တော်များများတော့ ကိုရင်တွေတောင် ဆွမ်းခံကြွရင် ဈာန်နဲ့ ကောင်းကင်ကကြွကြပါတယ်၊ ကိုရင်လေးတပါးက ဈာန်နဲ့ဘဲ ဆွမ်းခံကြွတာများတော့ သူ့ဆရာက "ကိုရင်တော်တော်အပျံဆန်း၊အကန်းမနဲ့ညားလိမ့်မယ်" လို့ ဆိုလိုက်ပါတယ်။ ဒီလိုဆိုပေမဲ့လဲ ကိုရင်က သူကြွနေကျအတိုင်း ဈာန်နဲ့သာဆွမ်းခံကြတော့ တနေ့မှာ သူဆွမ်းခံကြွမဲ့ရွာ မရောက်ခင် အလယ်က ယက်ကန်းသည်မများ ရွာကိုဖြတ်ပြီး ပျံသွားတဲ့အခါ ယက်ကန်းသည်မ တဦးရဲ့သီချင်းသံကိုကြားပြီး ဆာယာမိသွားပါတယ်၊ကောင်းကင်ပျံနေတဲ့သမာဓိဟာ သီချင်းသံကိုကြားတော့ ဈာန်ကလျှောပြီး တခါထဲ အောက်ကိုကျပါတော့တယ်၊ သူကိုဝိုင်းပြီး မေးကြ စမ်းကြတော့ သီချင်းသံကို ကြားတာနဲ့ သာယာမိလို့ ဈာန်က ဇလျှောပါတယ်ဆိုတော့ သီချင်းဆိုတဲ့ ယက်ကန်းသည်မကလေးနဲ့ ပေးစားလိုက်ပါတယ်၊ ယက်ကန်းသည်မကလေးနဲ့အိမ်ထောင်ကျနေလို့ တနေ့ လုပ်ငန်းခွင်မှာ လူကလဲ မောပန်းနေတယ်၊ ထမင်းကလဲဆာနေပါတယ်၊ယက်ကန်းသည်မကလေး ထမင်းလာပို့တာဟာ နောက်ကျနေတယ်ဆိုပြီး ဒေါသအလျှောက် ယက်ဖောက်ရစ်တဲ့နဲ့ ပစ်လိုက်တာမှာ ယက်ကန်းသည်မလေး မျက်စိကိုမှန်ပြီး မျက်စိကျက်သွားပါတယ်။ ဒါက ဈာန်ဆိုတာ ကောင်းကင်ပျံနိုင်ပေမဲ့ အားကိုးထိုက်တဲ့တရားမဟုတ်ဘူးဆိုတာ သက်သေတခုပါဘဲ။

ဈာန်ဟာ ပူးစူးစိုက်စိုက် ရှုကြည့်တတ်တဲ့ တရားဆိုတော့ ကုသိုလ်လုပ်ငန်း, အကုသိုလ်လုပ်ငန်း ၂-မျိုးလုံးမှာ ပါနိုင်ပါတယ်၊ ဈာန်ကကိလေသာကို လောင်ကျမ်းစေတယ်၊ ကိလေသာကို မီးမြိုက်တယ်ဆိုတဲ့အဓိပ္ပါယ်နဲ့ ယူရင်တော့ ကုသိုလ် အလုပ်မှာဘဲ ရပါတယ်။

**ဈာန်အင်္ဂါငါးပါး**

ဒီတော့ ကုသိုလ် အကုသိုလ် ၂-ဘက်လုံးရအောင် ကြည့်မယ်ဆိုရင် ဈာန်ကို စူးစူးစိုက်စိုက် ရှုကြည့်မှုဆိုတဲ့ သဘောတရားအရ ဈာန်အင်္ဂါက ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-လို့ ငါးပါးရှိပါတယ်။ သင်္ဂြိဟ်မှာလဲ ဒီငါးပါးဘဲ ပြပါတယ်။

စူးစိုက်မှု ဈာန်ဆိုတော့ ဝိတက်က ကုသိုလ် အကုသိုလ် ၂-မျိုးလုံးမှာ ရှိတယ်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဒီဓမ္မတသိုက်တွေ့ အားလုံးကလဲ စူးစိုက်မှုဈာန်နဲ့လုပ်တဲ့ ကုသိုလ် အကုသိုလ် ၂-မျိုးလုံးမှာ ပါပါတယ်၊ ဈာန်တရားဘဲလုပ်လုပ် ကုသိုလ်လုပ်ငန်း တခုခုကို လုပ်မယ်ဆိုရင် လုပ်ငန်းတွင်းကျယ်စေတဲ့ ကောင်းတဲ့လုပ်ငန်းမှာ ပါသင့်တဲ့ သဒ္ဓါကတော့ မပါပါ၊ ဈာန်အင်္ဂါထဲမှာ ပီရိယ စေတသိုက်, သတိ စေတသိုက်, ပညာ စေတသိုက်တွေ့လဲ မပါပါ၊ စူးစိုက်ကြည့်ရှုမှုမှာ သမာဓိဆိုတဲ့ ဧကဂ္ဂတာ စေတသိုက် သမာဓိနှေ့ကတော့ ပါပါတယ်။ ဒီဓမ္မတော့ ဈာန်ဒီးယုတ်တဲ့ အခါမှာ ဘာဖြစ်လို့ သဒ္ဓါ, သတိ, ဝီရိယ, ပညာတို့က မပါရသလဲ၊ ဈာန်တရားဟာ လွယ်တဲ့အလုပ်လား၊ သမာဓိအလုပ်ဟာ ပညာနဲ့ မဆိုင်လို့လား၊ စဉ်းစားဘို့ပါဘဲ၊ ဒီလိုလဲ စဉ်းစားဖြစ်ခဲ့ပါတယ်။

**ဝိတက်**

တရားအားထုတ်တဲ့အခါ သဒ္ဓါ, သတိ, ဝီရိယ, ပညာတို့က မပါဘူးလားဆိုတော့ ဈာန်ရဘို့ ဈာန်အင်္ဂါထဲမှာတော့ မပါပါ၊ မပါရင်း အကြောင်းကို ကုသိုလ်ဘက်က ပြန်ရှင်းပြပါမယ်။ ပဌမဆုံး တရားထိုင်တော့မယ်ဆိုရင် ထွက်လေ ဝင်လေကို မှတ်ပါဆိုလို့ ထွက်လေ ဝင်လေကို မှတ်တဲ့အခါ တရားထိုင်စ မရှိတဲ့ပုဂ္ဂိုလ်မှာ စိတ်က ဘယ်လိုပြေးနေသလဲ၊ အိမ်ကိုပြေးသွားတယ်၊ အလုပ်ခွင်ကို ပြေးသွားတယ်၊ စျေးကို ပြေးသွားတယ်၊ ဒီလိုပြေးတဲ့စိတ်ကို 'မင်းမသွားနဲ့ ဒါကိုမှတ်' ဆိုပြီး ပြေးတဲ့စိတ်ကို ထွက်သက် ဝင်သက်ပေါ် ဆဲတင်ပေးနေတယ်၊ ဒီလို သမထရဲ့အာရုံဖြစ်တဲ့ အာနာပါနကို ဆဲဆဲတင်ပေးနေတာက ဘယ်သူ့အလုပ်လဲဆိုတော့ ဝိတက်ရဲ့

လုပ်ငန်းပါ၊ ဝိတက်ဇောသိက်ရဲ့ အဘိဓမ္မာ လက္ခဏာကတော့ အာရုံသို့ တင်ပေးမှုဘဲ ဖြစ်ပါတယ်၊ ဒီအချိန်မှာ သမထတရားထိုင်တဲ့ ပုဂ္ဂိုလ်မှာ ဝိတက်ဟာ ခေါင်းဆောင်ပါဘဲ။

ဝိတက်များတယ်ဆိုတာက အိပ်လို့မငေ့ျာနိုင်အောင်ဘဲ အကြံအစည် စိတ်ကူးတွေက များနေတယ်၊ စိတ်ကူးတယ်ဆိုတဲ့ ဗမာစကားဟာ ဝိတက်ရဲ့ အဓိပ္ပါယ်မှန်ပါတယ်၊ စိတ်ကလေး သားဆီသွား၊ သမီးဆီသွား၊ ဇာလုပ် ဆီသွား၊ စိတ်ကလေးက အာရုံတခုက အာရုံတခုကို ကူးမနေတာ၊ လူဆို တာကလဲ တသက်လုံး စိတ်ကူးနေတယ်ဆိုတော့ တနေထိုင်ထဲ မနေဘဲ စိတ်က ထွက်ပြေးနေပါတယ်။

ဝိသုဒ္ဓိမဂ်မှာ ဥပမာပြတာက နို့ညှစ်မယ်ဆိုတော့ နွားကလေးကို မိခင် နွားမကြီးနို့ကို စို့ခိုင်းလိုက်တယ်၊ နို့သက်လာတဲ့အခါမှာ ဖမ်းပြီး ကြိုးနဲ့ တိုင်မှာချည်ပြီး ထားလိုက်တော့ နွားကလေးဟာ ကြိုးရှည်သလောက် တိုင်ကိုပတ်ပတ်ပြီး ပြေးနေတယ်၊ ပြေးတာကြာတော့ မောလာပဲ့အခါ မှာ တိုင်နားမှာဘဲ ဘယ်မှမသွားတော့ဘဲ ဒိုပ်ပြီးနေသလို စိတ်ကလေး ကလဲ ထွက်ထွက်ပြေးနေတာက အာရုံကို ပြန်ပြန်သွင်းယူတော့ ငြိမ်လာ ပါတယ်၊ မပြေးတော့ဘဲ ကိုယ်လားချင်တဲ့စိတ်က ထားတဲ့နေရာမှာဘဲ နေပြီဆိုတော့ ဒါက ပဌမစျာန်ရသွားပါပြီ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ စျာန်အင်္ဂါငါးပါနဲ့ ယှဉ်တဲ့ ပဌမစျာန်ရပြီး ဒုတိယစျာန် ရောက်ဝေးဝဲ့ ဝိတက်ကို ပယ်တယ်ဆိုတာမှာ ဘယ်သူကမှ ပယ်တာမဟုတ်ဘဲ အာရုံက ထားချင်ဝဲ့နေမှာမှာ နေသွားပြီမို့ ပြေးသွားပြေးသွားနေတဲ့ စိတ်ကို ဆွဲတင်ပေးရတဲ့ ဝိတက်လုပ်ငန်းက မရှိတော့တာပါဘဲ။

### ဝိစာရ

ရွှေတဆင့်တက်ပြီးလုပ်တဲ့ လုပ်ငန်းကတော့ ဝိစာရရဲ့ လုပ်ငန်းပါဘဲ၊ ဝိစာရကတော့ အာရုံကို သုံးသပ်နေတာပါ၊ ဝိတက်လုပ်ငန်းပြီးကော့ အာရုံ ပေါ်မှာ စိတ်က ရပ်နေတယ်၊ ဒီလိုရပ်နေတဲ့ အခါကျတော့ ဒုတိယစျာန် မှာ ဝိတက်က မလိုတော့ဘဲ ဝိစာရက ငြိမ်နေတဲ့ အာရုံကိုဘဲ ထပ်တလဲလဲ

သုံးသပ်နေပါတယ်၊ဒီလို သုံးသပ်နေတာကြာတော့ စိတ်က သိပ်ပြီးငြိမ်လာပါတယ်၊ ဒီအချိန် ဝိစာရက အာရုံပေါ်မှာ သုံးသပ်စရာ မလိုတော့ဘဲ သူဘာသာသူငြိမ်နေတော့ ပီတိဖြစ်လာပါတယ်။

**ပီတိ**

ပီတိက ဒီအာရုံနဲ့ နေရကာဟာ အလွန် ကျေနပ် နှစ်သိမ့်နေတယ်၊ ဒီအာရုံကို ဧရှ ငဋ္ဌ စိန်တွေထက် နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ဒီအာရုံမှာ သိပ်ပြီး ကျေနပ်နေတော့ ဝိစာရလဲ သုံးသပ်ဘို့ မလိုတော့ပါ၊ ဝိစာရ သုံးသပ်ကယ်ဆိုတာကလဲ သိပ်ပြီးမကြိုက်သေးလို့ ဝိစာရက ဆုယ်ပေးရတာမျိုး၊ ပီတိဖြစ်လာပေါ့ အာရုံကို နှစ်သက်တာမှာ တွန်းချလို့မဆင်းတော့ဘဲ စိတ်က အာရုံကိုကပ်နေတော့ ဝိစာရက သုံးသပ်စရာမလိုတော့ပါ၊ တတိယစျာန် ပီတိဆိုတဲ့ ဒီအာရုံနဲ့နေရရင် ဘယ်လောက်ကြာကြာ ထိုင်ရထိုင်ရ ၄-နာရီ ၅ နာရီ ထိုင်နေရလဲ ထိုင်နိုင်ပါတော့တယ်၊ လောကမှာ ဘိန်းဖွဲတယ်ဆိုတာက ဒီလောက်မစွဲနိုင်ပါ၊ ဒီအာရုံကလေး သတော့ ကျနေတာဟာ ဝိတက်လဲမလို၊ ဝိစာရလဲမလို၊ ပီတိဖြစ်နေတာပါ၊ သို့ပေမဲ့ ဒီပီတိက ခွါရမှာပါ၊ တခုခုက ဒီပီတိအဆင့် ရောက်လာရင်ဘဲ တရားပေါက်သလိုလို ဘာဘဲဖြစ်သလိုလို ပြောဘတ်ကြပါတယ်၊ ဒီအခြေမှာ သမထသက်သက် ပီတိ, သုခ, ကေဂ္ဂတာဆိုတဲ့ တတိယစျာန်သမာဓိဘဲ ရှိပါသေးတယ်။

**သုခ**

တတိယစျာန် သမာဓိက စိတ်ငြိမ်နေတာ ချမ်းသာနေတာပါ၊ ပီတိဆိုတာက သိပ်ကြိုက်တယ်၊ ကျေနပ်တယ်၊ နှစ်သက်တယ်၊ ပီတိပါနေတဲ့ ချမ်းသာက ကြိုက်ပြီး ချမ်းသာနေတာပါ၊ ကြိုက်ပြီး ချမ်းသာတယ်ဆိုတာကတော့မျိုး၊ ကြိုက်ခြင်းတောင် မကြိုက်ရဘဲနဲ့ သူဘာသာသူ အလိုလို ချမ်းသာနေတယ်ဆိုတာက တမျိုး၊ ဒီလို ချမ်းသာနှစ်မျိုးရှိတာမှာ မကြိုက်ဘဲနဲ့ ချမ်းသာနေတာက စိမ့်ရေ စမ်းရေဟာ အလိုလိုစိမ့်ပြီး ဆွဲက်နေသလို သူဘာသာသူ စိမ့်ပြီးချမ်းသာနေပါတယ်၊ အဲဒါက သုခသက်

သက် စတုတ္ထစျာန်ချမ်းသာပါဘဲ၊ လောကီမှာတော့ ဒီချမ်းသာလောက် ချမ်းသာတာမရှိပါ၊ ပီတိကိုခွါလိုက်လို့ ချမ်းသာသက်သက် သွားတွေ့တာ ပါဘဲ။

အလိုလို စိမ့်ပြီးချမ်းသာတဲ့ စတုတ္ထစျာန်ချမ်းသာ ရဘူးတဲ့ ပုဂ္ဂိုလ် ဟာ နိဗ္ဗာန်ကိုဘဲ ထောက်သလိုလို ဒီအရသာမျိုးကို မပြောဘဲမနေနိုင်၊ ဒီချမ်းသာက အလွန်ချမ်းသာတဲ့ ချမ်းသာမို့ သူများပါ ခံစားစေချင်လို့ ချစ်တဲ့ခင်တဲ့ မိတ်ဆွေမှန်သမျှ တရားထိုင်ဘို့ကို အတင်းဘဲ တိုက်တွန်း တော့တာပါ၊ ထမင်းဘဲ ကျွေးရမလား၊ ပစ္စည်းဥစ္စာ အကုန်ခံပြီး လုပ်ရ မလား၊ သူများတကာပါ ဒီချမ်းသာကို ရစေချင်လို့ ဆွဲတရားဟောခြင်း, မပါပါအောင် အရစခါခြင်း လုပ်တတ်ကြပါတယ်၊ လောကီမှာ စျာန်-သုခကတော့ ချမ်းသာတကာထက် အလွန်ချမ်းသာတဲ့ စတုတ္ထစျာန် ချမ်းသာပါဘဲ။

**ဓကဂ္ဂတာ**

အဲဒီသုခချမ်းသာကိုချည်း ကြည့်နေရင်လဲ ကျေနပ်နေရင်လဲ ရွှေကို တက်လို့ မရတော့ပါ၊ သမာဓိလုပ်ငန်းက သုခမှာ ကပ်နေရင်လဲ ရွှေမတက် နိုင်ပါ၊ ဒီလိုရထားတဲ့ စည်းစိမ်ကိုချည်း ကျေနပ်နေလို့မဖြစ်ပါ၊ ဒီစည်းစိမ် ကိုခွါမှ နောက်စည်းစိမ်ကို ရမှာပါ၊ အိမ်တအိမ်ကို တွယ်ဟာနေရာက နောက် ဒီထက်ကောင်းတဲ့အိမ် ဆောက်ဦးမယ်ဆိုပြီး ဆောက်တော့မှ နောက်အိမ်ကောင်းကောင်းနဲ့ နေရမှာ ဖြစ်သလို၊ အဲဒီ ချမ်းသာကိုခွါ တော့မှ ဧကဂ္ဂတာဆိုတဲ့ ပဋ္ဌမစျာန်သမာဓိဖြစ်ပါတယ်၊ ဒီသမာဓိကမှ သုခနဲ့ မထောနှောဘဲ အလွန်တည်ငြိမ်တဲ့ သမာဓိဖြစ်လာပါတယ်။

တကယ်တော့ သမာဓိကို ပဌမစျာန်တုန်းကလဲ ရသလောက် ရခဲ့တာပါ ဘဲ၊ ပြေးနေတဲ့စိတ်ကို ငြိမ်အောင်လုပ်ခဲ့လို့ သမာဓိက ရသလောက် ရခဲ့ပါ တယ်၊ ဒုတိယစျာန်ကျတော့လဲ ဝိစာရက သုံးသပ်လို့ ဒုက်ယစျာန်သမာဓိ ဟာ သူငြိမ်သလောက် ငြိမ်သက်သွားပါတယ်၊ ပီတိကျတော့လဲ သမာဓိ ပါပါတယ်၊ သို့ပေမဲ့ ပီတိက ထောယှက်နေတော့ သိပ်တည်ကြည်တဲ့

သမာဓိမဟုတ်ဖေသးပါ၊ သုခမှာလဲ သမာဓိ ပါလာတာပါဘဲ၊ သူကလဲ သုခနဲ့ တွဲနေဟော့ ချမ်းသာခံစားလိုတဲ့ သဘောတရားမျိုးက ရှိနေသေးတော့ ဧင်ကြယ်တဲ့သမာဓိမျိုး မဟုတ်သေးပါ၊ ပဋ္ဌမဈာန်သမာဓိက လောကီ ချမ်းသာအားလုံး စွန့်ပစ်လိုက်လို့ အလွန်စင်ကြယ်တဲ့သမာဓိ ဖြစ်လာပါတယ်။

## ဝသီဘော်

ကောင်းကင်ပျံတယ်၊ မြေလျှိုးထယ်ဆိုတာက ပဋ္ဌမဈာန်သမာဓိကို ဇောက်ပြီးမှအထပ်ထပ် အပြန်ပြန် ဝင်စားနိုင်မှ ဖြစ်တာပါ၊ အာဘိညာဉ် ရတယ်ဆိုတာက ပဋ္ဌမဈာန်ကို ရောက်ရုံနဲ့ တန်ခိုးမပြနိုင်ပါ၊ ဈာန်ကစား တယ်ဆိုတာမှာ ပဌမဈာန်က အဆုံးဈာန်, အဆုံးဈာန်က အောက်ဈာန် ထိအောင် သမာဓိကို အနုလောမ, ပဋိလောမ=အနုလုံ့ ပဋိလုံ့ ပြထပ်လုပ် အပြန်ပြန် ဝင်စားတာကို 'ဝသီဘော်'လို့ ခေါ်ပါတယ်။ ဒီလို သမာဓိ ကို ကျေးဇူးတဲ့အခါ ဈာန်ဝင်စားတိုင်း ယောက်ယိုတဲ့ဈာန်ကို စိတ်မြန် သဖြောက် မြန်မြန်ရောက်လာတဲ့အခါမှာ ခန္ဓာကိုယ် ပေါ့ပါးလာပြီး ကောင်းကင်ပျံ မြေလျှိုး ကိုယ်ဖြစ်ချင်တာ အားလုံး ဖြစ်တာပါ၊ ဒီ ပဋ္ဌမ ဈာန်သမာဓိက တန်ခိုးရှိပါတယ်။ ဝိတက်ဆိုတဲ့ ပဌမဈာန်မှာလဲ သဒ္ဓါ, ပီရိယ, ပညာ, သတိတို့ ယှဉ်တာပါဘဲ။ ဒါပေမဲ့ သူတို့က ခေါင်းဆောင် တော့လဲ မဖြစ်နိုင်ပါ။ ဈာန်အင်္ဂါငါးပါးဟာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-လို့ ဆိုပေမဲ့ သဒ္ဓါ, ဝီရိယ, ပညာ, သတိတို့က ဈာန်အားထုတ် တဲ့အခါ အရေးကြီးတဲ့စေတသိက်တွေ မဟုတ်ပါဘူးလို့လဲ ဓမ္မပြာလို့မဖြစ်ပါ၊ မြတ်စွာဘုရားက သဗ္ဗညုတညာဏ်တော်နဲ့ သူ့နေရာနဲ့သူ ခေါင်းဆောင် တင်ပြီး ဟောပြသွားတာ ဖြစ်ပါတယ်။

ဈာန်တရားအားထုတ်ရင် သဒ္ဓါမရှိဘဲလဲ အားထုတ်လို့မရပါ၊ ဝီရိယ မရှိဘဲလဲ တရားထိုင်လို့မရပါ၊ 'တရားလိုင်တာ မကောင်းတဲ့အလုပ်မဟုတ် ဘူး၊ တရားအားထုတ်မှ စိတ်ချမ်းသာမယ်'ဆိုတဲ့ သတိတရားမရှိဘဲနဲ့လဲ တရားအားထုတ်လို့ မဖြစ်နိုင်ပါ၊ ပညာကလဲ ပါရတာပါဘဲ၊ သဉ္ဇိုဟ်မှာ

စေတသိက်ယှဉ်ပုံက ပဌမစျာန်မှာ သဒ္ဓါ, သတိ, ဝီရိယ, ပညာတွေ အားလုံးယှဉ်ပါတယ်၊ ဒီလိုယှဉ်ပေမဲ့ လုပ်ငန်းအားဖြင့် ပြေးနေတဲ့စိတ်ကို အာရုံတင်ပေးဘို့က အရေးကြီးလို့ ဝိတက် ခေါင်းဆောင် တင်ရတာပါ၊ ဒုကိယစျာန်ကျတော့ အာရုံပေါ်မှာထောက်နေတဲ့စိက်ကို ဘေးထွက်မပြေး အောင် တပ်တလဲလဲ သုံးသပ်ခိုင်းပြီး ဝိစာရကို ခေါင်းဆောင်တင်ရ တာပါ၊ ဝိစာရက ထပ်တလဲလဲ သုံးသပ်တဲ့အလုပ်မျိုး မရှိထောတဲ့အခါ ပီတိက ဒီအာရုံကို ကြိုက်နေပြီး ခွါကို မခွါနိုင်လို့ ပီတိက ဒေါလိုလို ခေါင်းဆောင်ဖြစ်လာတာပါဘဲ၊ ပီတိကို ခွါနိုင်သွားတဲ့အခါကျမှကော သုခက ခေါင်းဆောင်ပြီး တက်လာပါကယ်၊ သုခကို ပယ်နိုင်တဲ့အခါကျ တော့လဲ ကေဂ္ဂတာက အလိုလိုဘဲ ခေါင်းဆောင်ဖြစ်လာပါတယ်၊ စျာန် တကူးအားတုတ်ကဲ့အခါမှာ လုပ်ငန်းစဉ်အားလျော်စွာ ပီတက်, ပီစာရ, ပီတိ, သုခ ကေဂ္ဂတာဆိုတဲ့ ချန်အင်္ဂါတွေကို ခေါင်းဆောင်တင်ရ တာပါ။

## ဝိတက်က ထိန မိဒ္ဓနီဝရဏကို ပယ်

စျာန်အားထုတ်တော့မယ်ဆိုရင် နီဝရဏငါးပါးကို ပယ်ရပါတယ်၊ ကုသိုလ်စျာန် သမထသမ်းစဉ်မှာက စျာန်အင်္ဂါငါးပါးမှာ ရန်သူငါးမျိုး ရှိပါတယ်၊ နီဝရဏ ဆိုတဲ့တာသွားက ကုသိုလ်တရားမဖြစ်နိုင်အောင် တားဆီး ထားတဲ့တရား၊ ပိတ်ဆို့ထားတဲ့တရားပါ၊ ဝိတက်က ဘာနီဝရဏကို နိုင်သလဲ၊ သူနဲ့ကိပ်တိုက် ခာန်ကျင်ဘက်ဖြစ်ပဲ့ ဘယ်နီဝရဏကို နိုင်သလဲ ဆိုတော့ ထိနနဲ့ မိဒ္ဓဆိုတဲ့ စေတသိက် ၂ မျိုးကို နိုင်ပါတယ် ထိန ဆိုတာက ထိုင်းမှိုင်းတာဆိုတော့ ပျင်းတာပါတဲ့၊ ပျင်းရိတဲ့ ထိန ဝင်လာရင် အာရုံ ပေါ်မှာ မနေနိုင်၊ စိတ်က ပြေးနေတာပါ၊ ဝိတက်က ပြေးတဲ့စိတ် မပြေးအောင် အာရုံတွဲခုထဲလောက်အောင် လုပ်ရတဲ့ အလုပ်ဆိုတော့ ထိုင်းမှိုင်းတဲ့ ကိုးကို နိုင်ပါတယ်၊ မိဒ္ဓ ဆိုကာက အိပ်ချင်တာပါ၊ အိပ်ငိုက် လာရင်တော့ စျာန်ကိုမရနိုင်၊ စျာန်တရားအားထုတ်ရင် ရုပ်ရောစိတ်ပါ ကြည်လင်ရွင်လန်းနေမှ တရားက ရမှာဆိုတော့ ဝိတက်က ထိနနဲ့ မိဒ္ဓကို

ပယ်နိုင်ရပါတယ်၊ တရား ထိုင်တဲ့အခါမှာ ပျင်းလဲမပျင်း၊ အိပ်ချင်စိတ်လဲ မမှိ၊ ကြည်လင်နေမှ တရားထိုင်လို့ရပါ၀ယ်။

## ဝိစာရက ဒီစိုကိစ္ဆာနိ၀ရဏကိုပယ်

ဝိစာရကတော့ ဝိစိကိစ္ဆာနိ၀ရဏကို ပယ်နိုင်ပါတယ်၊ ဝိစိကိစ္ဆာ ဆိုတာက တရားထိုင်နေတဲ့အခါမှာ 'ဒီလို တရားထိုင်နေတာ အကျိုးရှိပါ့ မလား၊ တရားမှ ရပါ့မလား၊ စီးပွါးရေးမတွ ဘယ်လိုမျှား ရှိပါ့မလဲ' ဆိုတဲ့ ဟိုလိုလို ဒီလိုလို သို့လော သို့လော ဝိစိကိစ္ဆာဖြစ်လာခင် ကြာကြာ ဟရားမထိုင်နိုင်ပါ၊ တရားထိုင်က စိတ်ဘည်ငြိမ်ပြီး အာရုံထဲရောက်ပြီး နေရမှာဆိုတော့ 'ဒီကုသိုလ်ဆလုပ်ကဖြင့် တကယ် ကောင်းကင်ပျံမယ်၊ မြေလျှိုးမယ်၊ ဗျာန်ချမ်းသာတော့ ခံစားရမှာပါဘဲ'ဆိုတဲ့ တကယ့် ပုံကြည်ချက်က ဖြင်းထန်မှ ဝိစိကိစ္ဆာက ပေါ်မှာပါ၊ ဂိစ္စာရကတော့ ပညာဃတောပါဘဲ၊ ပညာနဲ့လဲ ဆင်တူပိုးမှား ဖြစ်ပါတယ်၊ အကြံ ကောင်းတယ်၊ ဉာဏ်ကောင်းတယ်လို့ ပြောနေကြတာဟာ အကြံ ကောင်းတာက ဝိတက်ပါ၊ ဉာဏ်ကောင်းတာက ပညာပါ၊ ဝိတက်နဲ့ပညာ ယှဉ်ပြီး ဖြစ်တာမျှားပါကယ်၊ ဝိစာရကတော့ ဝိတက်ထက်ပိုပြီး ပညာ ဆန်ပါတယ်၊ ဝိစာရက တရားတခုကို မှန်တယ် မှားတယ် ဆင်ခြင်တယ် သုံးသပ်တယ် ဆိုတော့ သူက ဝိစိကိစ္ဆာကို နှိုင်ပါတယ်။

## ပီတိက ဗျာပါဒနီဝရဏကို ပယ်

ပီတိဖြစ်လာခင်လဲ ဗျာပါဒနီဝရဏက ကုန်လွှားပါတယ်၊ ဗျာပါဒ ဆိုတာက စိတ်ပျက်အားလျော့နေတာမျှားပေါ့၊ မင်းကျွန်ပ်နေတာ၊ ခန္ဓာကိုယ်မှာ သိုးသိုးသန့်သန့် ဖြစ်နေတာပါ၊ ပီတိဖြစ်နေတော့ ဒါတွေက ဘာမှမရှိတော့ဘဲ အာရုံက အင်မတန် ဝင်ကြယ်နေတော့ ဒီအာရုံကိုဘဲ ကြိုက်ပြီး မခွါနိုင်ဘဲ ဖြစ်လာတဲ့အခါ ဗျာပါဒ နိ၀ရဏ-က မရှိတော့ပါ။

**သုခ က ဥဒ္ဒစ္စ ကုက္ကုစ္စနိဝရဏကို ပယ်**

သုခ ကတော့ ဥဒ္ဒစ္စ ကုက္ကုစ္စနိဝရဏ တို့နဲ့ ဆန့်ကျင်ဘက်ပါ၊ ဥဒ္ဒစ္စက စိတ်ပြန့်လွင့်တာပါ၊ ကုက္ကုစ္စ ကတော့ 'ဒီ ကိစ္စဖြင့် မလုပ်ရသေးပါလား၊ လုပ်ခဲ့မိရင် ဘယ်လောက်ကောင်းလိုက်မလဲ'စသည်ဖြင့် နောင်တပူပန်တာပါဘဲ၊ သုခဝေဒနာဆိုတဲ့ ချမ်းသာကို ရောက်လာတဲ့အခါမှာတော့ စိတ်က မပြန့်လွင့်တော့ဘဲ ချမ်းသာထဲမှာဘဲ စိတ်က နစ်နေပါတယ်၊ 'ငါလုပ်မိတယ်၊ မလုပ်ရသေးဘူး'ဆိုတဲ့ နောင်တ တဖန် ပူပန်ခြင်းကလဲ ဖြစ်စရာမရှိတော့ စိတ်က အလွန်အမင်း ချမ်းသာနေတာပါ၊ ဒီ ချမ်းသာထဲမှာ စိတ်အကုန်လုံးရောက်နေတာက ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စ နိဝရဏတရားတွေ ပယ်ပြီး ဖြစ်သွားတာပါဘဲ။

**ကေဂ္ဂတာ-က ကာမစ္ဆန္ဒနိဝရဏကိုပယ်**

ကေဂ္ဂတာသာမာဓိကတော့ ကာမစ္ဆန္ဒနိဝရဏကို ပယ်နိုင်ပါတယ်၊ **ကာမစ္ဆန္ဒနိဝရဏ** ဆိုတာက ကာမဂုဏ်တရားတွေဖြစ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဆိုဘဲ့ အာရုံငါးပါးနဲ့ လူ့စည်းစိမ် တောင့်တမှုအားလုံးဘဲ ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာချင်တာ၊ ရာထူးကြီးကြီး လိုချင်တာ၊ သူငြေးကြီး ဖြစ်ချင်တာ၊ ရဘို့ရလမ်းနဲ့ တောင့်တနေတာ ဟူသမျှဟာ ကာမစ္ဆန္ဒနိဝရဏတရားတွေပါဘဲ၊ ဒီ နိဝရဏငါးပါးကို ပယ်ရတာလဲ လွယ်ဘာမဟုတ်ပါ၊ ဒီတရားတွေ မပယ်ဘဲနဲ့လဲ ပဋ္ဌမစျာန်ကို မရောက်နိုင်ပါ။

ရှေးဘခါက တရားအားထုတ်တဲ့ ရှင်ဘုရင်တွေ, သူငြေးကြီးတွေဟာ ကာမစ္ဆန္ဒနိဝရဏကို စျာန်အားမထုတ်ခင် အားလုံးစွန့်လိုက်ကြတာပါ၊ ရှင်ဘုရင်ကလဲ ထီးနန်းစည်းစိမ်နဲ့ သားသမီးဇနီးစွန့်ပြီး တောထွက်တယ်၊ သူငြေးကြီးတွေကလဲ ကုဋေကုဋ္ဌာ ကြွယ်ဝသမျှကို စွန့်ပစ်ပြီး တောထွက်တယ်၊ရဟန်းပြီး စျာန်တရား အားထုတ်ကြတာပါ၊ သာသနာပခေတ်က ဝိပဿနာတရား အားထုတ်တာမရှိသေးတော့ စျာန်တရားဘဲ အားထုတ်

ကြရပါတယ်။ ကာမစ္ဆန္ဒနီဝရဏကို ပယ်ပြီး စျာန်တရားအားထုတ်တိုင်းလဲ မရကြပါ၊ ကာမစ္ဆန္ဒနီဝရဏကို သမာဓိကမှ ပယ်နိုင်ပါတယ်။

ဒါကြောင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကျောင်းသွားပြီး အခိုက် အတန့်အားဖြင့် ဒီနေ့ ဒီရက်အဘို့ ကာမစ္ဆန္ဒနီဝရဏတွေကို စွန့်လွှတ်ပြီး တရားထိုင်တဲ့အခါ အရေးကြီးတာက ဝိတက်ပါဘဲ၊ အာရုံပေါ်မှာ အရှိန်ရလာရင် ဝိစာရ ရောက်နိုင်ပါတယ်၊ ဝိစာရနဲ့အာရုံပေါ်မှာ တည်ငြိမ်ပြီး စိတ်ကလေးပြေးတာ ငြိမ်းသွားတဲ့အခါမှာ တတိယစျာန် ပီတိဆိုတဲ့ အာရုံပေါ်မှာ နှစ်သက်နေကာက ခံနေတတ်ပါတယ်။ ပီတိ ခွါပြီး သုခ ရောက်လာတော့ ချမ်းသာအစစ်ပေါ်လာတာပါ၊ ဒါကို နိဗ္ဗာန် ချမ်းသာမဟုတ်၊ လောကီသုခ, စျာန်သုခဘဲဆိုတာသိပြီး သုခကိုပယ်နိုင်မှ ကေဂုတာသမာဓိရမှာ ဖြစ်ပါတယ်။

ပဌမစျာန်အထိရောက်ရင် နီဝရဏတွေအားလုံးပယ်ပြီး ဖြစ်ရပါတယ်၊ နီဝရဏတရားက သောတာပန်လဲရှိ, သကဒါဂါမ်, အနာဂါမ် အရိယာထိအောင် ရှိနိုင်ပေမဲ့ စျာန်အားထုတ်တဲ့သူများကျတော့ ဝိက္ခမ္ဘနပဟာန်အားဖြင့် ခေတ္တပယ်ထားရပါတယ်။ ဝိက္ခမ္ဘနပဟာန်ဆိုတာက ပျက်လွယ်ပါတယ်၊ ဒါကြောင့် သီဟိုဠ်ခေတ်အခါက စျာန်ရတဲ့ပုဂ္ဂိုလ်ဇတ္တ ဆွမ်းခံကြကြတာ စျာန်နဲ့သွားကြတာဖြစ်တော့ ဇနပြောက်တောင် မထိုးနိုင်ဘူးဆိုတဲ့ အခါတုန်းက ကိုရင်ကလေးက စျာန်နဲ့ ဆွမ်းခံကြသွားတာမှာ သီချင်းသံကြားတာနဲ့ နှစ်သက်သာယာတဲ့စိတ်ဖြစ်မိလို့ စျာန်က ပျောရပါတယ်ဆိုတာ စျာန်ဟာ ပျက်လွယ်တဲ့ သဘောကပါဘဲ။

ဝိပဿနာတရားမှာကတော့ အရိယာတို့က သမုဇ္ဆေဒပဟာန်နဲ့ ပယ်ကြတာပါ။ ဒီလိုရနေတဲ့ စျာန်တရားက ပြောင်းပြီး ဝိပဿနာကို ကူးရင်လဲ သောတာပန် သကဒါဂါမ်, အနာဂါမ် ဖြစ်သွားနိုင်ပါတယ်၊ ရဟန္တာလဲ ဖြစ်သွားနိုင်ပါတယ် ဝိပဿနာတရားမှာ အနာဂါမ်ထောက်မှ ကာမစ္ဆန္ဒနီဝရဏကို သမုဇ္ဆေဒပဟာန်နဲ့ ပယ်နိုင်ပါတယ်၊ ဒါက စျာနပစ္စည်းမှာ ကောင်းတဲ့စျာန်ကထုံးကို ပြောပြနေတာ ဖြစ်ပါတယ်။

ကုသိုလ်နဲ့ စျာန်တရား

ကုသိုလ်ပြုတဲ့ အခါမှာလဲ ဒီ စျာန်အင်္ဂါတွေက ပါတာပါ၏ဘဲ၊ ဥပမာ အားဖြင့် မဟာကုသိုလ်စိတ် ဂ-ခုမှ် တခုဆော မဟာကုသိုလ်စိတ်နဲ့ ဒါန လုပ်မါတယ်၊ ကုသိုလ် လုပ်တော့မယ်ဆိုရင် ဒီကုသိုလ်ကိုလုပ်ဘို့ စောစော ကဘဲ ကြံစည်စိတ်ကူး ရ၊ါတယ်၊ ဒီလို ဘာတွေ လှူကြမယ်၊ ဘာတွေ လုပ်ကြမယ်လို့ စိတ်ကူးကာက ဝိတက်ပါ၊ လာပါတယ်၊ ကောင်းကင်ပျံတယ် ဆိုမှ စျာန် မဟုတ်ပါ၊ ဘုရားတည်ဘို့ ကျောင်းဆောက်ဘို့ စိတ်ကူးနေ တယ်၊ ကြံစည်နေတယ်၊ အာရုံက စူးစိုက်ပြီး တခုပြီးတခု ကြံစည်နေတာ ဟာ စျာန်ပါဘဲ၊ ဒီလို ကုသိုလ်လုပ်ငန်းမှာ ဝိတက်က ကြံစည်တယ်၊ အပြန်ပြန်အလှန်လှန် ဝိစာရက သုံးသပ်တယ်၊ တော်တော်လေး ကုသိုလ် လုပ်ငန်းမှာ စိတ်ကူးတည့်လာတဲ့အခါမှာ စိတ်က ကြည်လင်လာပြီး ပီတိ ပါလာပါတယ်၊ ကိုယ်ကြံစည်ထားတဲ့ အကြံကို ကြည်နူးနှစ်သိမ့်နတယ်၊ ကောင်းတာလုပ်ရမှာမို့ကျေနပ်နေတယ်ဆိုတော့ စိတ်က အေးချမ်းပြီး ငြိမ်း သာယနကာမှာ သုခ ပါလာပါတယ်၊ ဒီအာရုံကိုဘဲ စိတ်ကူးနေတဲ့အခါမှာ တည်ကြည်တဲ့ သမာဓိကလဲ ပါပါတယ်၊ ဒါကြောင့် ကုသိုလ်အလုပ်ဆိုတဲ့ ဒါန, သီလ, ဘာဝနာ အားလုံးမှာ စျာန်အင်္ဂါငါးပါးက ပါလာပါတယ်။

ဒါကြောင့် ဓမ္မသင်္ဂဏီမှာ စိတ်ယှဉ် ဧစတသိက်ယှဉ်ကို ဟောတဲ့အခါ မဟာကုသိုလ်စိတ်မှာ ဧစတသိက် ၃၈-ပါး ယှဉ်ပုံ၊ စျာန်အင်္ဂါ ထိုက်တဲ့ တရား, ဣန္ဒြေထိုက်တဲ့ တရား, ဗိုလ်ထိုက်တဲ့ တရား, မဂ္ဂင်ထိုက်တဲ့ တရား ဆိုပြီး သူအုပ်စုနဲ့သူ, မဟာကုသိုလ်စိတ် ဂ-ပါးမှာ ယှဉ်ပြီး ပြပါတယ်၊ ဒါကြောင့် ရိုးရိုး ကုသိုလ်တရားမှာလဲ စျာန်အင်္ဂါတရား ငါးပါးက ပါနေ ပါတယ်၊ ဒါပေမဲ့ ဒါနပြုတဲ့အခါ စျာန်အင်္ဂါတွေက ခေါင်းဆောင် မဖြစ် နိုင်တော့ မထင်ရှားပါ။

အကုသိုလ်နဲ့ စျာန်တရား

အကုသိုလ်အလုပ် လုပ်မယ် ဆိုရင်လဲ သူမျှားဥစ္စာ ခိုးမယ်၊ ဝားပြ တိုက်မယ်၊ သူပုန် ထမယ်ဆိုတဲ့ မကောင်းတဲ့အလုပ်တွေ ပါသမျှမှာလဲ

ဝိတက်က ပဌမစိတ်ကူး ရတာပါဘဲ၊ သူပုန် ဘယ်လိုထမယ်၊ ဘယ်နေထုမှာ ဘာတွေလုပ်ကြမယ်ဆိုတာ-တွေက ဝိတက်ပါရပါတယ်၊ ဒီဝိတက်က စျာန ပစ္စည်းထိုက်မနေတာပါ၊ ဝိတက်က ဘယ်လို ကျေးဇူးပြုသလဲဆိုရင် လော ဘမူ နာမ်ခန္ဓာနဲ့ စိတ္တဇရုပ်ကို လှုပ်လှုပ်ရွရွဖြစ်အောင် ကျေးဇူးပြုတာပါ၊ ဝိတက် ပါလာပြီးတော့ ဒီ လုပ်ကြံတဲ့ အကြံအစည်ဟာ ဘယ်လို ထမြောက်မလဲဆိုတာ ကြံစည်တာကို ပြန်လည်သုံးသပ်တာ အပြန်ပြန် အလှန်လှန် သုံးသပ်တာက ဝိစာရပါဘဲ၊ အကြံလဲ ပြုပြီးပြီ၊ သုံးသပ်လို့လဲ ပြီးပြီဆိုတော့ ဓားပြတိုက်ရင် ဘာတွေရမှာဘဲ, ဟိုအကြံအစည်တွေတော့ အောင်မြင်ကောမှာဘဲ ဆိုပြီး ပီတိကလဲ ပါလာပါတယ်၊ ဒီ အကြံအစည် ကိုဘဲ တစိမ့်စိမ့်နဲ့ နှစ်သိမ့်နေရင် သုခဝေဒနာက ပါလာပါတယ်။ ဒီအကြံ အစည်ကလေးပေါ်မှာ စိတ်က တည်ငြိမ်ပြီး တည်ကြည်နေရင် ကေဂ္ဂတာ ကလဲပါတော့ အကုသိုလ် လုပ်ကြစို့ဆိုရင်လဲ ဒီစျာန်အင်္ဂါငါးပါး ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာဆိုတဲ့ အင်္ဂါငါးပါးဟာ စျာနပစ္စည်းတရား၊ စျာန် အင်္ဂါနဲ့ ပယ်ဖျဲ့စိတ်၊ စေတသိက် နာမ်တရားတွေနဲ့ စိတ်စေတသိက်ကြောင့် ဖြစ်ပေါ်တဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်တွေက ပစ္စယုပ္ပန် တရုတ်တွေပါဘဲ၊ ဒါက ကုသိုလ်ဘက်က ဓာတ်တဲ့ စျာန်ပါဘဲ။

**မ**ကောင်းတဲ့စျာန်ကို ပဋ္ဌာန်းမှာပြတာက ဝိတက်ဆိုရင် ကုသိုလ်မှာလဲ ယှဉ်၊ အကုသိုလ်မှာလဲယှဉ် အဗျာကတမှာလဲ ယှဉ်ပါတယ်၊ မကောင်းတဲ့ စျာန်ဘက်မှာ ဝိတက်ကလဲ အကြံအစည်လုပ်ပြီး ဝိတက်က စျာနပစ္စည်းနဲ့ အကုသိုလ်တရားတွေကို ကျေးဇူးပြုပါတယ်၊ ဝိစာရကလဲ ကုသိုလ်မှာလဲ

## စျာနပစ္စည်း ပစ္စယုပ္ပန်တရား

ကောင်းတဲ့ဘက်က စျာနပစ္စည်းကတော့ ရူပါဝစရနဲ့ အရူပါဝစရစျာန် စိတ်မှာ ယှဉ်တဲ့ စျာန်အင်္ဂါတွေပါဘဲ၊ စျာန်ခန်းမှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာဆိုတဲ့ အင်္ဂါငါးပါးဟာ စျာနပစ္စည်းတရား၊ စျာန် အင်္ဂါနဲ့ ယှဉ်ဖဲ့စိတ်၊ စေတသိက် နာမ်တရားတွေနဲ့ စိတ်စေတသိက်ကြောင့် ဖြစ်ပေါ်တဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်တွေက ပစ္စယုပ္ပန် တရုတ်တွေပါဘဲ၊ ဒါက ကုသိုလ်ဘက်က ဓာတ်တဲ့ စျာန်ပါဘဲ။

**မ**ကောင်းတဲ့စျာန်ကို ပဋ္ဌာန်းမှာပြတာက ဝိတက်ဆိုရင် ကုသိုလ်မှာလဲ ယှဉ်၊ အကုသိုလ်မှာလဲယှဉ် အဗျာကတမှာလဲ ယှဉ်ပါတယ်၊ မကောင်းတဲ့ စျာန်ဘက်မှာ ဝိတက်ကလဲ အကြံအစည်လုပ်ပြီး ဝိတက်က စျာနပစ္စည်းနဲ့ အကုသိုလ်တရားတွေကို ကျေးဇူးပြုပါတယ်၊ ဝိစာရကလဲ ကုသိုလ်မှာလဲ

ယှဉ်၊ အကုသိုလ်မှာလဲ ယှဉ်၊ အဗျာကတမှာလဲ ယှဉ်ပါတယ်၊ ဝိစာရကလဲ အာရုံကို သုံးသပ်ပြီး မကောင်းတဲ့ အကုသိုလ်တရားကို သုံးသပ်ရင်း ဝိစာရက အကုသိုလ်တရားတွေကို စျာနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ ပီတိကလဲ ဒီအတိုင်းပါဘဲ၊ သုခကလဲ ကုသိုလ်မှာလဲ ယှဉ်၊ အကုသိုလ်မှာလဲ ယှဉ်၊ အဗျာကတမှာလဲ ယှဉ်ပါတယ်၊ မကောင်းတဲ့ အကုသိုလ်မှာ ပီတိဖြစ်ပြီး မကောင်းဘဲ့ အကုသိုလ်ဟာရုံးတွေကို စျာနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ သုခဆိုတဲ့ ဝေဒနာနဲ့ ကေဂ္ဂတာကတော့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ဝေဒပါဘဲ။

## စျာန်ရဘို့ ဝေဒနာရှုဘွယ် မလို

ယခုခေတ်မှာ တရားအားထုတ်တဲ့အခါ တရုံးထိုင်ရင် ရလိုက်တဲ့ ညောင်းတယ်, ကိုက်တယ်-ဆိုတဲ့ ဒုက္ခဝေဒနာတွေ ခံစားရပြီး ဒီဝေဒနာတွေ ကုန်အောင်ရှုရမယ်ဆိုကော့ ဒီဝေဒနာရှုတာမှာ စာဆိုနဲ့ ညီရဲလားလို့ ဒီလို မေးစရာ ဖြစ်သာပါတယ်။

ပဋ္ဌာန်းမှာကော့ ဝေဒနာ ဆိုတာက ကောင်းတဲ့စိတ်မှာလဲ ယှဉ်၊ မကောင်းတဲ့စိတ်မှာလဲ ယှဉ်ပါတယ်၊ ဝေဒနာကလဲ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ၃ မျိုးရှိပါတယ်၊ ကုသိုလ်စျာန်မှာ ယှဉ်တဲ့ ဝေဒနာကတော့ စျာန်ခန်းမှာပါတဲ့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာ ဆိုတဲ့ စျာန်အင်္ဂါငါးပါးမှာပါတဲ့ ဝေဒနာ ဖြစ်ပါတယ်။ ဒီ စျာန်အင်္ဂါငါးပါးမှာ ဒုက္ခဝေဒနာရှုဘို့ မပါလာပါ၊ ပဌမစျာန်မှာ အာရုံပေါ်ရောက်အောင် ဝိတက်က စိတ်ကိုတင်ပေးတဲ့အခါ ထုံကံသက် ဝင်သက် အာရုံပေါ်မှာ ထားခိုင်းပြီး စိတ်ကမပြေးရင် ပဌမစျာန် ဖြစ်တာပါဘဲ၊ ဝိတက်တင်ပေးတဲ့ အာရုံကိုဘဲ ဝိစာရနဲ့ သုံးသပ်နေရင် ဒုတိယစျာန် ရောက်ပြီး တတိယစျာန်မှာ သုံးသပ်စရာ မလိုတော့ပါ၊ ထိုင်ပြီး အာရုံရှုနေရတာက နှစ်သက်တဲ့ ပီတိဖြစ်နေတော့ ဝိတက် ဝိစာရ မလိုတော့ဘဲ တတိယစျာန် ရောက်နေတာပါ၊ ပီတိခွါလိုက်တော့ သုခဝေဒနာဘဲ ဖြစ်ရမှာပါ၊ ဒီစျာန်ရဲ့ အဆင့်အတိုင်းကြည့်ရင် သုခဝေဒနာဘဲ ဖြစ်နိုင်ပါတယ်၊

ဒုက္ခဝေဒနာ မဖြစ်နိုင်ပါ။ သုခကိုလဲ မတွယ်တာဘဲ ခွါလိုက်နိုင်တော့ ဥပေက္ခာ ဖြစ်သွားတဲ့ဒုခါ တည်ကြည်တဲ့ သမာဓိနဲ့ ပဥ္စမစျာန် ရောက်ပါတယ်၊ စျာန်ရဘို့မှာ ဒုက္ခဝေဒနာရှုဘို့ မလိုပါ။

### ဝပဿနာမှာ ဝေဒနာရှု

သမထလမ်း မဟုတ်ဘဲ ဝိပဿနာလမ်းမှာတော့ ဝေဒနာနုပဿနာ ဆိုရင် ဝေဒနာအကုန်လုံး ရှုလို့ ရပါတယ်၊ ချမ်းသာတဲ့စိတ် ဖြစ်လာရင် ချမ်းသာတဲ့ သုခဝေဒနာဟာ ဖြစ်ပြီး ပျက်သွားတာဘဲ၊ သူလဲ မြဲနေတာ မဟုတ်ပါလားလို့ အနိစ္စကို ရှုရပါတယ်၊ ညောင်းဟယ်, ကိုက်တယ်ဆိုတဲ့ ဒုက္ခဝေဒနာ ခံစားလာရပြန်တော့လဲ ဒီဒုက္ခဟာ ကြာကြာနေတာ မဟုတ်ပါဘူး၊ ဖြစ်ပြီး ပျက်သွားမှာဘဲဆိုပြီ၊ အပျက်ကိုစောင့်ပြီး ဒုက္ခဝေဒနာ ရှုရပါတယ်၊ ဥပေက္ခာဝေဒနာမှာတော့ ချမ်းသာတာလဲမဟုတ်၊ ဆင်းရဲတာလဲမဟုတ်၊ ဒီဝေဒနာကလဲ ဖြစ်ပြီး ပျက်တာပါဘဲလို့ ဒီလို အနိစ္စကို ရှုလို့ရပါတယ်၊ ဝိပဿနာမှာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဖတ္တ ရှုလို့ရပါတယ်၊ သမထစျာန်လမ်းမှာတော့ ဒုက္ခဝေဒနာ ရှုဘို့မလိုပါ။

### စျာန် ၃-မျိုး

စျာန်မှာ ကုသိုလ် အကုသိုလ် အဗျာကတလို့ စျာန်သုံးမျိုး ရှိတဲ့ အထဲမှာ လောကမှာ တင်ရှားတာက စျာန်ရတယ်ဆိုတာမှာ ကုသိုလ် စျာန် ကောင်းတဲ့စျာန်ကိုဘဲ သိကြပါတယ်၊ အကုသိုလ်ဘက်ကလဲ ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာတို့က အကုသိုလ်စိတ်မှာ ယှဉ်လို့ အကုသိုလ်တရားမှာလဲ စျာနသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

### ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့, စျာနပစ္စည်း

ဝေဒနာနဲ့ ဧကဂ္ဂတာက စိတ်အားလုံးမှာ ယှဉ်တော့ စိတ် ၈၉-လုံးမှာ စျာနပစ္စည်းရှိသလားဆိုတော့ ဒွေးပဉ္စဝိညာဏ် ၁၀-ဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်နဲ့ ကာယ

ဝိညာဏ်စိတ်တို့ကို ကြဉ်တဲ့အတွက် ကျန်တဲ့စိတ် ၇၉-သာ စျာနပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားထဲမှာ ပါပါတယ်။

မြင်တဲ့စိတ်ဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်မှာ စျာနပစ္စည်းက ကျေးဇူး မပြုတာ ဘာကြောင့်လဲဆိုရင် ဒွေးပဉ္စဝိညာဏ်မှာ ဝိတက်မယှဉ်လို့ သင်္ဂိုဟ်မှာ ဆိုပါတယ်၊ သဘောတရားကို စဉ်းစားကြည့်ရင် ရှုပါရုံမြင်တဲ့အခါမှာ စက္ခုဝိညာဏ်က ရှုပါရုံကို ထင်ရှားတိုက်ရိုက်ရှိနေတဲ့ အာရုံကို မြင်ဟော့ ဝိတက်က တင်ပေးစရာ စိတ်ကူးစဉ်အကြောင်းက ဘာမှ မရှိပါ၊ မြင်တဲ့စိတ်က ရှုပါရုံ ထင်ရှားရှိနေတဲ့အခါမှာ တိုက်ရိုက် အာရုံးပါ ကျရောက်လာတော့ မြင်တဲ့စိတ် ဖြစ်ပါတယ်၊ ဒါကြောင့် မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်, အရသာသိစိတ် ဆိုတဲ့ ဒွေးပဉ္စဝိညာဏ် ၁၀-ထဲက စိတ် ဂ-ခုမှာ ဝိတက်ရဲ့အလုပ် မပါတော့ပါ၊ မယှဉ်ဘူးဆိုတာက ဝိတက်ရဲ့ လုပ်ငန်း မရှိတဲ့အတွက်ပါ။

ဒွေးပဉ္စဝိညာဏ် ၁၀-ထဲက ကာယဝိညာဏ်ဒွေးမှာ သုခသဟဂုတ် ကာယဝိညာဏ်စိတ်နဲ့ ကောင်းတာထိတွေ့ရင် သုခဝေဒနာ ဖြစ်ပါတယ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်နဲ့ မကောင်းတာ ထိတွေ့ရင်လဲ ဒုက္ခဝေဒနာဖြစ်ပါတယ်၊ သို့ပေမဲ့ အဲဒီဝေဒနာတွေမှာ စျာနပစ္စည်းမတပ်ပါ၊ အာရုံက ထင်ရှားမှိတော့ တိုက်ရိုက်ထိတယ်ဆိုတော့ ကာယဝိညာဏ်ဒွေးမှာ ရှိတဲ့ ဒုက္ခဝေဒနာမှာ စျာနပစ္စည်း မတပ်ပါ။

အကုသိုလ်မှာရှိတဲ့ သုခဝေဒနာ,ဥပေက္ခာဝေဒနာ,ဒေါမနဿဝေဒနာတို့ မှာတော့ စျာနပစ္စည်း တပ်ပါတယ်၊ လောဘမူစိတ်မှာရှိတဲ့ သောမနဿ ဝေဒနာကို စျာနပစ္စည်းယူရင် ဝေဒနာနဲ့ယှဉ်တဲ့ လောဘမူ သောမနဿ-သဟဂုတ်စိတ် ၄-ခု ဝေဒနာမှ ကြွင်းတဲ့စေတသိက်, ဝေဒနာနဲ့ယှဉ်တဲ့ စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့ကို ဝေဒနာက ကျေးဇူးပြုပါတယ်၊ စိတ် ၇၉-ခုလုံးမှာ စျာနပစ္စည်းရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်တယ်ဆိုပေမဲ့ တကယ်အသေးစိတ် သင်တဲ့အခါ လောဘမူ သောမနဿဝေဒနာက သူနဲ့

ယှဉ်တဲ့ စိတ်, ဧစတသိက်, စိတ္တဇရုပ်ကိုသာ စျာနပစ္စည်းနဲ့ ကျေးဇူးပြု ပါတယ်၊ ဒေါသမူမှာလဲ ဒေါမနဿဝေဒနာမှာ ယှဉ်တဲ့စိတ်, ဧစတသိက်, စိတ္တဇရုပ်ကိုသာ ကျေးဇူးပြုတာပါ၊ ဒီလိုပါဘဲ မဟာကုသိုလ်စိတ် မဟာ-ဝိပါက်စိတ် မဟာကြိယာစိတ်တို့ဟာ ဝေဒနာက ကျေးဇူးပြုတယ်ဆိုတာက သက်ဆိုင်ရာဝေဒနာနဲ့ယှဉ်တဲ့ စိတ်, ဧစတသိက်, စိတ္တဇရုပ်ကိုသာ ကျေးဇူး ပြုတာပါ၊ ဒါက အဓေသးစိတ်ကိုပြောတာ ဖြစ်ပါတယ်၊ စျာနပစ္စည်း ကိုတော့ ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့။

# ၁၈။ မဂ္ဂပန္ဓဉ်း
# သင်ကြားဝိုဲ့ချချက်များ

## မဂ္ဂင် ၁၂-ပါး

'မဂ္ဂင်္ဂါနိ မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌနာနဉ္စ ရူပါနံ မဂ္ဂ-ပစ္စယေနဉ္စ ပစ္စယော' ဆိုတဲ့ မဂ္ဂင်္ဂါနိုင်ကို လူအများက မဂ္ဂင်ရှစ်ပါးလို့သာ နားလည်နေကြပါတယ်၊ ဗုဒ္ဓဘာသာတိုင်းပြည်မှာ မဂ္ဂင်မသိတဲ့လူကလဲ မရှိသလောက်ပါဘဲ၊ မဂ္ဂင်ရှစ်ပါးနဲ့ သစ္စာ ၄-ပါး တရားက ဟောတဲ့သူလဲ များပါတယ်၊ ရေးကြတဲ့သူလဲများလို့ မဂ္ဂင်မှာ ရှစ်ပါးဘဲလို့သာ အသိ များကြပါတယ်၊ ပဋ္ဌာန်းမဂ္ဂင်္ဂါနိမှာ မဂ္ဂင် ၁၂-ပါး ဖြစ်နေပါတယ်၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတာတွေက ကောင်းတဲ့ မဂ္ဂင်ပါ၊ သမ္မာဒိဋ္ဌိဆန့်ကျင်ဘက်က မိစ္ဆာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆန့်ကျင်ဘက်က မိစ္ဆာသင်္ကပ္ပ၊ သမ္မာဝါယာမ ဆန့်ကျင်ဘက်က မိစ္ဆာဝါယာမ၊ သမ္မာသတိ ကိုတော့ တချို့သုတ္တန်ကျမ်းဇာတ်မှာ မိစ္ဆာသတိလို့ ဟောတာရှိပါတယ်၊ အဘိဓမ္မာမှာတော့ မိစ္ဆာသတိလို့ မရှိပါ၊ သမ္မာသမာဓိရဲ့ ဆန့်ကျင်ဘက်က မိစ္ဆာသမာဓိလို့ ရှိတော့ ပဋ္ဌာန်းကျမ်းမှာ လာတာက မဂ္ဂင် ၁၂-ပါးဘဲ ဖြစ်ပါတယ်။

## ကုသိုလ်မဂ္ဂင်

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကတော့ ကောင်းတဲ့ မဂ္ဂင်ပါဘဲ၊ သမ္မာဒိဋ္ဌိက ပညာစေတသိက်၊ သမ္မာသင်္ကပ္ပက ဝိတက်စေတသိက်၊ သမ္မာဝါယာမက ဝီရိယစေတသိက်၊ သမ္မာသတိက သတိစေတသိက်၊ သမ္မာသမာဓိက ဧကဂ္ဂတာစေတသိက်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ-

အာဇီဝ ဆိုတာကတော့ ဝိရတိစေတသိက်မျှားဆိုတော့ သူတို့က သီးခြားဖြစ်နေပါတယ်။

အကုသိုလ်မဂ္ဂင်

အကုသိုလ်မဂ္ဂင်မှာ မိစ္ဆာဒိဋ္ဌိဆိုတာ အကုသိုလ်စေတသိက်ထဲက ဒိဋ္ဌိစေတသိက်ဘဲ ဖြစ်ပါတယ်၊ မိစ္ဆာသင်္ကပ္ပက ဝိတက်စေတသိက်ဖြစ်တော့ ဝိတက်သည် ကုသိုလ်စိတ်မှာ ယှဉ်လျှင် သမ္မာသင်္ကပ္ပ၊ အကုသိုလ်စိတ်မှာ ယှဉ်လျှင် မိစ္ဆာသင်္ကပ္ပ-လို့ ဒီလိုဝိတက်မှာ ၂-မျိုးကဲပါတယ်၊ သမ္မာဝါယာမမှာလဲ ဝီရိယဟာ ကုသိုလ်စိတ်မှာယှဉ်လျှင် သမ္မာဝါယာမ၊ အကုသိုလ်စိတ်မှာယှဉ်လျှင် မိစ္ဆာဝါယာမ ဖြစ်သွားပါတယ်၊ သတိကတော့ ကောင်းတဲ့ ကုသိုလ်စိတ်မှာ ယှဉ်ပါတယ်၊ မကောင်းတဲ့ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ သတိလို့ မရှိပါ၊ တချို့က သတိကို 'အောက်မေ့တယ်'လို့ သာမည ပြန်ပြီးတော့ မကောင်းတဲ့ တရားတွေကိုအောက်မေ့တာဟာ မိစ္ဆာသတိဘဲလို့ ဒီလိုသုတ္တန်မှာ မိစ္ဆာသတိပါပြီး အဘိဓမ္မာမှာ မိစ္ဆာသတိ မပါဘူးလားလို့ ဓမးကြားပါတယ်၊ အဘိဓမ္မာမှာ သတိစေတသိက်ကို အဓိပ္ပါယ်ဖွင့်တဲ့အခါမှာ သတိဟာ တံခါးမှူးနဲ့တူတယ်၊ မကောင်းတဲ့ အကုသိုလ်တရား မဝင်ရအောင် ဆောင်ရွက်တဲ့ တရားပါ၊ သတိရှိနေရင်ဖြင့် အကုသိုလ်က မဝင်နိုင်၊ လူတယောက်မှာ ခါးပိုက်နှိုက်ခံရတယ်ဆိုရင် သတိမေ့လို့ ခံရတာပါဘဲ၊ ဘာဘဲခံရခံရ သတိမရှိလို့ ခံရတာဘဲ ဖြစ်ပါတယ်၊ ဘုကိုဟာ မကောင်းတဲ့တရားမှာ မယှဉ်နိုင်၊ အဘိဓမ္မာမှာ မိစ္ဆာသတိ မရှိလို့ သတိဆိုရင် ကောင်းတဲ့တရားချည်းပါဘဲ၊ စေတသိက် ၅၂-လုံးမှာလဲ သတိဟာ ကုသိုလ် ကောင်းတဲ့ ဘက်မှာဘဲ ပါပါတယ်။

သမ္မာသမာဓိဆိုတော့ သမာဓိဟာ ကုသိုလ်လုပ်ငန်းမှာသာ သမာဓိရှိတာ မဟုတ်ပါ၊ အကုသိုလ်လုပ်ငန်းမှာလဲ မိစ္ဆာသမာဓိက ရှိပါတယ်၊ သမာဓိဆိုတာ တခုတည်းသော အာရုံမှာသာ တည်တယ်ဆိုတော့ မကောင်းတဲ့ အကုသိုလ်လုပ်ငန်းမှာလဲ သမာဓိက ရနိုင်ပါတယ်၊ ငါးမျှား

သူ့ကို ပိုကာဆဲသူတို့မှာလဲ သမာဓိဖြစ်နိုင်ပါတယ်၊ သမာဓိက ကေဂ္ဂတာဖေတသိက်ဆိုတော့ စိတ်အားလုံးမှာ ယှဉ်တဲ့ ဖေတသိက်ဖြစ်လို့ သမ္မာ-သမာဓိလဲရှိ၊ မိစ္ဆာသမာဓိလဲရှိပါဘယ်၊ မိစ္ဆာသက်ပွက ဝီတက်စေတသ်က်၊ မ်စ္ဆာဝါယာမက ဝီရိယ ဖေတသိက်၊ မိစ္ဆာသမာမိက ကေဂ္ဂတာ စေတသ်က် ဆိုတော့ ဝီတက်, ဝီရိယ, ကေဂ္ဂတာက အတူတူဖြစ်လို့ ပေါင်းလိုက်ရင် ဖေတသိက်အရေအတွက်အားဖြင့် မဂ္ဂင်တရားကိုယ်က ကိုးပါးဘဲရှိပါတယ်၊ မဂ္ဂပစ္စည်းအပြားမှာကတော့ မဂ္ဂင် ၁၂-ပါး ရှိပါတယ်။

## မဂ္ဂ=လမ်း

မဂ္ဂဆိုတဲ့ အဓိပ္ပါယ်ကတော့ 'လမ်း' ပါဘဲ၊ လူခရီးသွားတဲ့လမ်းကို မဂ္ဂလို့ ပါဠိက ခေါ်ပါကယ်၊ ဒီကုသိုလ်တရားဖြစ်တဲ့ မဂ္ဂင်တရားတွေဟာ ကောင်းရာသုဂတိသို့ ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂ ဖြစ်ပါတယ်၊ ကုသိုလ် မဂ္ဂင် ၈-ပါးက နတ်ရွာလမ်းကိုသော်၎င်း, ဗြဟ္မာပြည် လမ်းကိုသော်၎င်း, နိဗ္ဗာန်လမ်းကိုသော်၎င်း ရောက်ကြောင်း ဖြစ်ပါတယ်၊ မကောင်းတဲ့ မဂ္ဂင်တွေကလဲ မကောင်းတဲ့ အပါယ်ဘုံရောက်ကြောင်းဖြစ်တဲ့ လမ်းပါဘဲ။

## မဂ္ဂင် ၂-မျိုး

မဂ္ဂင် ၈-ပါး အားထုတ်တဲ့အခါမှာ ပဉ္စင်္ဂိကမဂ်နဲ့ အင်္ဂင်္ဂိကမဂ်လို့ ၂-မျိုး ရှိပါသေးတယ်၊ အင်္ဂင်္ဂိကမဂ်ကို သိသူများသော်လဲ ပဉ္စင်္ဂိကမဂ်ကို သိသူနဲပါတာယ်၊ ပဉ္စင်္ဂိကမဂ်ဆိုတော့ အင်္ဂါငါးပါးရှိသောမဂ် ဆိုတဲ့အတိုင်း သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတ်, သမ္မာ-သမာဓိတို့ ဖြစ်ကြပါတယ်၊ ဒီငါးပါးမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ-အာဇီဝ ထပ်ထည့်ရင် ရှစ်ပါးဖြစ်ဖတော့ အင်္ဂင်္ဂိက မဂ်ဖြစ်ပါတယ်။

## သမ္မာဝါစာ

ဒီ ၂-ခုဟာ ဘယ်လိုထူးသလဲဆိုမင် သမ္မာပါစာက ဝစီဒုစရိုက် ၄-ပါး ကို ရှောင်ကြဉ်မှု ဖြစ်ပါတာယ်၊ တခုကြ ပါဠိကြည့်ပြီး သမ္မာ=ကောင်း သော+ပါစာ=စကာား၊ မှန်ကန်သောစကား ပြောဆိုခြင်းလို့ အဓိပ္ပါယ်

ယူဆကြပါတယ်၊ မှန်ကန်တဲ့စကားကို ပြောဆိုမှု သမ္မာဝါစာ မဟုတ်ပါ၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုဟာ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေရင် သမ္မာဝါစာ ဖြစ်နေတာပါ၊ သီလဆောက်တည်ပြီး ငြိမ်ငြိမ်ကလေး ပုတီးစိပ်နေရုံလဲ သမ္မာဝါစာ ဖြစ်နေတာပါဘဲ၊ အဘိဓမ္မာမှာ ဝစီဒုစရိုက် ၄-ပါးကို ရှောင်နေရင် သမ္မာဝါစာ ဖြစ်နေတာပါဘဲ။

**သမ္မာကမ္မန္တ**

သမ္မာကမ္မန္တကို အဓိပ္ပါယ်ပြန်တဲ့အခါမှာလဲ မှန်ကန်သော အလုပ်၊ ကောင်းသောအလုပ်ကို လုပ်တယ်လို့ ပြန်ကြပါတယ်၊ သမ္မာကမ္မန္တ ဖြစ်နေတာက မှန်ကန်တဲ့အလုပ်၊ ကုသိုလ်တွေ့ လုပ်နေမှ မဟုတ်ပါ၊ အဘိ-ဓမ္မာမှာ ကာယဒုစရိုက် ၃-ပါး မလုပ်ဘဲနေရင် သမ္မာကမ္မန္တ ဖြစ်နေတာပါ၊ ပါဏာတိပါတာ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ – ဆိုဘဲ့ ဒီ သုံးပါးကို လုံခြုံရုံ့ ပုတီးစိပ်နေလဲ သမ္မာကမ္မန္တ၊ လမ်းလျှောက်နေလဲ သမ္မာကမ္မန္တ ဖြစ်နေတာပါဘဲ၊ အဘိဓမ္မာမှာ ကာယဒုစရိုက် ၃-ပါးကို မလုပ်ဘဲနေတာဟာ သမ္မာကမ္မန္တလို့ ဆိုလိုပါကယ်။

**သမ္မာအာဇီဝ**

သမ္မာအာဇီဝမှာ မှန်ကန်သော အသက်မွေးမှု, ကောင်းသော အသက်မွေးမှုလို့ ဒဲလို့ ဆိုကြပါကယ်၊ အဘိဓမ္မာမှာတော့ အသက်မွေးမှုကို ငဲ့ပြီး ကာယဒုစရိုက် ၃ ပါး, ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုကို ဆိုလိုတာပါဘဲ၊ ယခု လူစားတွေ့ လုပ်နေကြတော့ သူတို့လုပ်ငန်းက ကာယဒုစရိုက်ဝစီဒုစရိုက်နဲ့ အသက်မွေးမှု မဟုတ်ပါ၊ ဒါကြောင့် သူတို့ ရှောင်ကြဉ်မှုက ရိုးရိုး သမ္မာဝါစာ၊ ရိုးရိုး သမ္မာကမ္မန္တပါဘဲ၊ ဒါပေမဲ့ အသက်မွေး ဝမ်းကျောင်းကိုက သူများအသက် သတ်ရတဲ့ မုဆိုးတို့ တံငါတို့မှာ 'ဒီ တနေ့တော့ ငါ ဒီအလုပ်တွေ့ မလုပ်တော့ဘူး' လို့ စိတ်က ပိုင်းဖြတ်ပြီး မလုပ်ဘဲနေတာ ရှောင်ကြဉ်လိုက်တာဟာ အသက်မွေးမှုကို ငဲ့ပြီး ရှောင်ကြဉ်လိုက်တာဟာ သမ္မာအာဇီဝပါ၊ ဒီလို အသက်မွေးမှုအတွက် လုပ်ရိုး

လုပ်စဉ် လုပ်နေကျ မကောင်းတဲ့ အကုသိုလ်လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်တာဟာ အဘိဓမ္မာနဲ့ လိုက်ညီတဲ့ သမ္မာအာဇီဝပါဘဲ။

**သီလမဂ္ဂင် ၃-ပါး**

စေတသိက် ၃-မျိုးကို ကြည့်ရှုင် သီလစောင့်ထိန်းထားတဲ့ အခါမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်တွေက ပြည့်စုံနေတာပါ၊ ငါးပါးသီလမှာဘဲ ပါဏာတိပါတာ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒဆိုတဲ့ ဒီသိက္ခာပုဒ် ၄-ပါးနဲ့ဘဲ စေတသိက် ၃-မျိုးလုံးက ပြည့်စုံပါတယ်; ဒါကြောင့်လဲ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ တို့ကို သီလမဂ္ဂင်ဆိုပြီး မဂ္ဂင်တရားမှာ သီးခြား ခွဲထားပါတယ်။

တရားအားထုတ်တော့မယ်ဆိုပြီး သီလဆောက်တည်လိုက်တယ်ဆိုရင် သမ္မာဝါစာ, သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝကို အားထုတ်စရာ လိုဒေသးသလားဆိုတော့ သူတို့က ပုဗ္ဗဘာဂမဂ္ဂင် တရားအားမထုတ်မီ ရှေးအဘို့က ပြည့်စုံထားရမဲ့ မဂ္ဂင်တွေ ဖြစ်ပါတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီ မဂ္ဂင်သုံးပါးနဲ့ ပြည့်စုံနေရမယ်၊ တကယ် တရားစပြီး အားထုတ်တော့ မဂ္ဂင်ငါးပါးနဲ့ အားထုထ်ရပါတယ်၊ ဒီမှာ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ စမလား၊ သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ စမလား၊ မဂ္ဂင်ငါးပါးမှာ ဘယ်မဂ္ဂင်နဲ့ စပြီး အားထုတ်ရမလဲ။

**မဇ္ဈိမပဋိပဒါလမ်း**

မြတ်စွာဘုရား ဥိးစွာဟောကြားတဲ့ ဓမ္မစကြာမှာ အနှစ်သာရက မဂ္ဂင်ရှစ်ပါးပါဘဲ၊ 'ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ' မဇ္ဈိမပဋိပဒါလမ်းဆိုတာက ဘာလဲ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဆိုတဲ့ မဂ္ဂင်ရှစ်ပါးဟာ မဇ္ဈိမပဋိပဒါလမ်းပါဘဲဆိုတော့ ဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်လိုကြောင့် မဇ္ဈိမပဋိပဒါလမ်း ဖြစ်သလဲဆိုတာ စဉ်းစားထိုက်ပါတယ်၊ လူတွေအများ နားလည်နေကြတာက လက်ဝဲဘက်လဲ မယိမ်း၊ လက်ျာ

ဘက်လဲ မယိမ်း၊ အသယ်တည့်တည့် သွားနေတဲ့လမ်းဟာ မစ္ဆိမပဋိပဒါလို့ ဘဲ နားလည် နေကြပါတယ်၊ ဓမ္မစကြာတရားတော်အရ မဂ္ဂင်၍စ်ပါးက သမ္မာဒိဋ္ဌိက စပါတယ်။

**အစွန်းနှစ်ပါး**

ဓမ္မစကြာဖြစ်ပေါ်လာပုံ တရားဟောရခြင်း အတ္ထုပ္ပတ္တိကတော့ 'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နဿဝိတဗ္ဗာ' လို့ဆိုတော့ အန္တာကို တချို့က အယုတ်တရား ၂-မျိုးလို့ ပြန်ကြတယ် အန္တဆိုတာက 'အစွန်း' လို့လဲ ပြန်ကြပါသေးတယ်၊ ဒီတော့ 'အစွန်း ၂-ဘက်ကို ရောက်နေတဲ့ တရားတွေကို ရဟန်းတော်များရှောင်ကြဉ်ရမယ်'လို့ ဒီလို တရားတော်မှာ စထားပါတယ်၊ ဒီအစွန်း ၂-ဘက်ကို မရောက်အောင်က မဂ္ဂင်၍စ်ပါးကို ကျင့်သုံးရမယ်။

**သမ္မာဒိဋ္ဌိ အမှန်သိဘို့အရေးကြီး**

အစွန်း ၂-ဘက်ဆိုတာက လောကီအာရုံကာမဂုဏ်တရားများနဲ့ စည်းစိမ်ချမ်းသာခံစားနေရင်းက မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါတယ်၊ တကယ့်တရားအစစ် တရားမှန်ကို ရနိုင်တယ်ဆိုတဲ့ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကတဘက်။ သားမယား စည်းစိမ်နဲ့နေပြီး တရားအားထုတ်လို့တော့မရ၊ အပင်ပန်းအဆင်းရဲဒုက္ခခံပြီး ဒုက္ကရစရိယာကျင့်မှဘဲ တရားရနိုင်မယ်ဆိုတဲ့ ဂိုဏ်းသားတွေကတဘက်။ ဒီဂိုဏ်း ၂-ဘက်လုံးက အစွန်း ၂-ဘက်လွှတ်အောင် တရားအားထုတ်တော့မယ် ဆိုရင်တော့ မြတ်စွာဘုရားက သမ္မာဒိဋ္ဌိက အရေးကြီးပါတယ်လို့ ဟောပါတယ်။

သမ္မာဒိဋ္ဌိကို ခေါင်းတင်ရတာက ကာမဂုဏ်စည်းစိမ်ခံစားပြီး အပျော်အပါးတွေနဲ့နေရင်း တရားရနိုင်တယ်ဆိုတဲ့ ဒီအယူဝါဒကတမျိုး၊ မစား မသောက် အင်တိုက်အားခိုက်ခံပြီး ဒုက္ခအမျိုးမျိုးထောက်ပြီးမှ တရားရတယ်ဆိုတဲ့ အယူဝါဒကတမျိုး။ အဲဒီအယူဝါဒတွေကို မှားတယ်၊ ဒီလမ်းတွေဟာ နိဗ္ဗာန်ကိုရနိုင်တဲ့ လမ်းမဟုတ်ဘူးလို့ ဒီလိုခွဲခြမ်းသိတဲ့ပညာက ပဌမဆုံး

အရေးကြီးပါတယ်၊ ဒီလိုသိဘို့အရေးကြီးလို့ ဓမ္မစကြာမှာ မဂ္ဂင်ရှစ်ပါးကို သမ္မာဒိဋ္ဌိက စပြီးဟောထားပါတယ်။

မင်္ဂလမပဋိပဒါ ဖြစ်တယ်ဆိုတာက စည်းစိမ်ချမ်းသာ ခံစားပြီးမှ တရားအားထုတ်လို့ တရားရမယ်ဆိုတဲ့ဂိုဏ်းနဲ့ ဆင်းရဲပင်ပန်းခံပြီးမှ တရားအားထုတ်လို့ တရားရမယ်ဆိုတဲ့ ဂိုဏ်းရှိတာမှာ ဒီဂိုဏ်း ၂-ဂိုဏ်းကြားထဲက သွားတာမဟုတ်ပါ၊ စည်းစိမ်ခံစားရင် တရားအားထုတ်လို့လဲ တရားမရနိုင်၊ ဒီလမ်းကလဲ မှားတယ်၊ ပင်ပန်းဆင်းရဲခံရင် တရားအားထုတ်လို့လဲ တရားမရနိုင်၊ ဒီလမ်းလဲ မှားတယ်လို့ဆိုတဲ့လမ်း ၂-ခုလုံးဟာ မှားတယ်လို့ သိတဲ့ပညာမျိုး၊ အဲဒီပညာမျိုးက သမ္မာဒိဋ္ဌိပညာပါဘဲ၊ ဒါကြောင့် ဓမ္မစကြာမှာ လမ်းမှန်သိဘို့က အရေးကြီးပါတယ်လို့ ဟောကြားတာဖြစ်ပါတယ်။

လမ်းမှန်မသိဘဲနဲ့ တရားအားထုတ်လို့တော့ ဘယ်နည်းနဲ့မှ တရားမရနိုင်ပါ၊ ဒီလမ်း မှန်သလား, မှားသလားသိပြီးမှ တရားအားထုတ်ရမှာပါ၊ ပဋ္ဌဝဂ္ဂိဂါးဦးထဲက ကောဏ္ဍညဟာ ဘုရားလောင်းကို မေ့ဖုံးပြီးတဲ့နောက် လက္ခဏာဘတ်ပြီး ဘုရားဖြစ်မှာ အမှန်ဘဲဆိုပြီး စည်းစိမ်ချမ်းသာတွေ စွန့်ပစ် တောထဲတောင်ထဲမှာ ဒုက္ခအမျိုးမျိုးခံပြီး ကျင့်ကြံနေသော်လဲ ဘယ်လိုဘဲဒုက္ခခံပြီး ကျင့်ပေမဲ့ လမ်းမှန်မသိတော့ တရားက မရနိုင်ပါ၊ ဓမ္မစကြာအနေနဲ့ ပြောရရင် တရားအားထုတ်ဘို့နဲ့ လမ်းမှန်နဲ့ လမ်းမှားသိတဲ့ သမ္မာဒိဋ္ဌိဖြစ်ဘို့က ပဌမအရေးကြီးပါတယ်။ သမ္မာဒိဋ္ဌိဖြစ်ပြီးမှ တရားအားထုတ်ပါလို့ ဓမ္မစကြာမှာ ဆိုလိုရင်းက ဒါပါဘဲ။

ဘုရားရှင်ကိုယ်တော်တိုင်လဲ ဘုရားလောင်းဘဝတုန်းက လမ်းမှန်မသိဘဲ အားထုတ်တော့ လေးသခြေနဲ့ကမ္ဘာတသိန်းပတ်လုံး ပါရမီတော်တွေ ဖြည့်ဆည်းပူးပြီး မျက်စိလှူ၊ သွေးလှူ၊ ကိုယ်လက်အင်္ဂါတွေပါ အလှူပေးပြီး ကောင်းတာပေါ့အားလုံး လုပ်ခဲ့တာ၊ သမ္ဗညုတဉာဏ်တော်ကိုရမယ်၊ နိဗ္ဗာန်ကိုရမယ်ဆိုပြီး ဘုရားဖြစ်မဲ့လမ်းတွေ ရှိသမျှအားလုံး လုပ်ခဲ့တယ်၊ သို့ပေမဲ့ လမ်းမှန်ကို တကယ်မသိခဲ့လို့ နောက်ဆုံးဘုရားဖြစ်မဲ့ဘဝမှာတောင် အမှန်တရား မသိသေးခင်မှာ ဒုက္ခဆင်းရဲ အမျိုးမျိုးခံပြီး

ကျင့်ခဲ့ပါသေးတယ်၊ ဒီလိုကျင့်တာဟာ 'ဆင်းရဲခံလို့သာ တရားရမယ်' ဆိုရင် ငါလိုဆင်းရဲခံပြီး ကျင့်နိုင်တဲ့သူ မရှိဘူးလို့ သက်သေပြချင်တာနဲ့ ကျင့်ခဲ့တာပါ၊ ဒီလို ဒုက္ကရစရိယာကျင့်ခြင်းကြောင့်လဲ ဘုရားက တရားရခဲ့ဟာ မဟုတ်ပါ၊ တရားရတာကတော့ သမ္မာဒိဋ္ဌိဖြစ်လာတော့မှ 'ဒါတွေဟာ လမ်းမှားတွေဘဲ၊ ဒီဟာကမှ လမ်းမှန်ဘဲ' လို့ သယမ္ဘူဉာဏ်တော်နဲ့ ထိုးထွင်းသိလာပြီးမှ တရားကို ရတာပါ၊ ဒါကြောင့်လဲ မင်္ဂလိမပဋိပဒါ လမ်းကို ယိတဲ့ သမ္မာဒိဋ္ဌိ အရေးကြီးတယ်လို့ ဓမ္မစကြာမှာ ဟောတော်မူခဲ့တာပါ။

အဲဒီဒုစရိတ်တုန်းက ဒုက္ခခံပြီး အာတ်တော်အပြတ်ပြတ်နဲ့ သူဌေးတွေက စည်းစိမ်ဥစ္စာတွေစွန့်၊ ဘုရင်တွေကလဲ ထီးနန်းတွေစွန့်ပြီး ကျင့်ခဲ့နေတဲ့သူတွေက အများကြီး ရှိကြပါတယ်၊ အဲဒီလို ကျင့်ကြံကြပေမဲ့ လမ်းမှားနေတော့ တရားမရနိုင်ကြပါ၊ ပဉ္စဝဂ္ဂီငါးဦးဟာလဲ ဒီလိုဘဲ လမ်းမှားနေလို့ 'အစ္စန်း ၂-ဘက်ဟာ လမ်းမှားဘဲ၊ သမ္မာဒိဋ္ဌိနဲ့သိဘို့ အရေးကြီးတယ်'လို့ ဓမ္မစကြာ ဟောရတာပါ။

လမ်းမှန်ကို သိတာဟာ သမ္မာဒိဋ္ဌိပါဘဲ၊ အသိမှန်ရင် သမ္မာသင်္ကပ္ပ ဆိုတဲ့ အတွေးအခေါ် မှန်လာပါမယ်၊ အတွေးအခေါ် မှန်လာမှ သမ္မာဝါယာမ သူကြိုးစား အားထုတ်တဲ့ လုပ်ငန်းတွေဟာ မှန်တဲ့ လုပ်ငန်းတွေဖြစ်လာမယ်၊ အားထုတ်တဲ့ လမ်းစဉ်တွေဟာ အမှန်အကန် ဖြစ်လာပါမယ်၊ အတွေးအခေါ် လဲမှန်, လုပ်ငန်းစဉ်ကလဲမှန်လာတော့ သမ္မာသတိ ဆိုတဲ့ သတိတရားတွေကလဲ မှန်လာတယ်၊ သတိတရားဖြစ်လာရင် သမ္မာသမာဓိ တည်ကြည်မှုကလဲ မှန်ကန်တဲ့သမာဓိ ဖြစ်လာမယ်၊ ဒီလို မှန်ကန်တဲ့ သမာဓိဖြစ်ပေါ်လာမှ ရတဲ့ စျာန်အဘိညာဉ်ဟာ မဂ်ဖိုလ်ရနိုင်တဲ့ စျာန်အဘိညာဉ် ဖြစ်မယ်ဆိုပြီး ဓမ္မစကြာရဲ့ ခေတ်အခြေအနေတုန်းက တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို မဂ္ဂင်ရှစ်ပါးကိုရား ဟောကြားတော်မူခဲ့တာပါ။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဆိုတာကတော့ သီလစင်ကြယ်တယ်ဆိုရင် ပြီးပြည့်စုံပြီးသားဖြစ်နေတော့ သူတို့သုံးခုဟာ တကယ် ဝိပ-

ဆနာ တရားအားထုတ်တဲ့အခါမှာ ထပ်ပြီးဆောက်တည်ဘို့ မလိုတော့ပါ၊ ဒါကြောင့်မို့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-တို့က တရားအား ထုတ်တဲ့အခါ မပါတော့ပါ၊ ဆဘော်တရားအားဖြင့် လုပ်ငန်းစဉ်ကြည့် မယ်ဆိုရင်လဲ သူတို့ ၃-ခု ပြည့်စုံပြီးမှ တရားက အားထုတ်ရမှာဖြစ်လို့ တရားအားထုတ်တယ်ဆိုတာဟာ ပဉ္စင်္ဂိကမဂ်နဲ့တရားအားထုတ်ရပါတယ်၊ အဋ္ဌင်္ဂိကမဂ်ဆိုတာကတော့ တရားအားမထုတ်ခင်ကတဲ့က ပြည့်စုံထားရမဲ့ သမ္မာဝါစာ, သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝတို့ကို ပေါင်းပြီးတော့ ထည့်ထားလို့ အဋ္ဌင်္ဂိကမဂ်ဆိုတာ ဖြစ်လာတာပါဘဲလို့ အယူအဆရှိတဲ့ ဂိုဏ်းသားတွေကလဲ ရှိခဲ့ကြပါတယ်။

## ဘယ်မဂ္ဂင်နဲ့စမလဲ

ယခုခေတ်အနေအားဖြင့် ဘုရားဟောထားချက်တွေ ရှိနေလို့ ဒါက လမ်းမှန်ဘဲ၊ ဒါက လမ်းမှားဘဲလို့ဆိုတဲ့ မဂ္ဂင်လမ်းအမှန်ကိုလဲ သိနေပြီ၊ ဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ပိဋကတ်တော်တွေကလဲရှိ၊ စာတတ် ပေတတ်ပုဂ္ဂိုလ်၊ အကျင့်သီလ အာစာရနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကလဲရှိ၊ သစ္စာ ၄-ပါးနဲ့တကွ နိဗ္ဗာန်ထောက်ကြောင်းတရားတွေကလဲ အားလုံးရှိပြီးသိပြီး ဖြစ်နေကြပါတယ်၊ ဒီတော့ လက်တွေ့တရားထိုင်တော့မည့် ပုဂ္ဂိုလ်မှာဆိုရင် သီလနဲ့ပြည့်စုံပြီးသား ဖြစ်နေပါပြီ၊ သီလရှိပြီးသား ပုဂ္ဂိုလ်မှာက သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင် ၃-ပါးက ရှိပြီးသား ပြည့်စုံပြီးသားပါဘဲ တခါ သမ္မာဒိဋ္ဌိဆိုတဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိကလဲ ရှိပြီးသားဆိုတော့ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ဘို့ကို ဘယ်မဂ္ဂင်နဲ့ စမလဲ။

## သတိပဋ္ဌာန် ၄-ပါး

ယခုခေတ်မှာ တရားရိပ်သာတွေ အများကြီး ရှိနေကြတဲ့ အနက် ဘယ်ရိပ်သာမှာဘဲဖြစ်ဖြစ် သတိပဋ္ဌာန် ၄-ပါးမှ တခုခုနဲ့ ကျင့်ကြံ အားထုတ်နေကြတာဘဲဖြစ်ပါတယ်၊ ကာယာနုပဿနာဆိုတော့ သတိပဋ္ဌာန်နည်းအားဖြင့် ထွက်သက် ဝင်သက်လေကို မှတ်ခိုင်းတာပါဘဲ၊ ဥ၂-ကောဋ္ဌာသကို ရှုခိုင်းတာလဲ ရှိပါတယ်၊ သုခဝေဒနာ ဒုက္ခဝေဒနာဆိုတဲ့ ဝေဒနာ

ပေါ်မှာ ပေါ်တဲ့အတိုင်း မှတ်ကြရှုကြဘို့ဆိုဘာကတော့ ဝေဒနာနုပဿနာ ဖြစ်ပါတယ်။ စိတ်သန္တာန်မှာ ဖြစ်လာတာဟာ ကောင်းတဲ့စိတ် ဖြစ်လာတာလဲ ကြည့်ပါ၊ ဖြစ်ပြီးပျက်သွားတာဘဲ၊ လောဘစိတ် ဒေါသစိတ်တွေ ဖြစ်လာတာလဲ ဒီစိတ်ကို စိုက်ကြည့်နေရင် ကြာကြာမနေဘဲ ဖြစ်ပြီးပျက်သွားတာဘဲ ဆိုတာကတော့ စိတ်ကိုရှုနေရလို့ စိတ္တာနုပဿနာ ဖြစ်ပါတယ်၊ တခု့ရှိရိပ်သာမှာတော့ ဖြစ်ပျက်ကြည့်ခိုင်းတာက ရုပ်တရားဘဲ ဖြစ်ဖြစ်, နာမ်တရားဘဲဖြစ်ဖြစ် ပေါ်လာတဲ့ ရုပ်နာမ်တရားဟာ ဖြစ်ပြီးပျက်သွားတာဘဲလို့ ဒီလိုဖြစ်ပျက်ကို ရှုခိုင်းတာက ဓမ္မာနုပဿနာ ဆိုပေမဲ့ ဘယ်ရိပ်သာဘဲဖြစ်ဖြစ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကဲ့နေကြပေမဲ့ သတိပဋ္ဌာန် ၄-ပါးကို အားထုတ်ခိုင်းတာပါဘဲ။

## တရားအားထုတ်သူနဲ့ မဂ္ဂင်

ယခုခေတ် အခြေအနေနဲ့ ပြောရရင် တရားအားထုတ်လိုသူ ပုဂ္ဂိုလ်တို့ဟာ မဂ္ဂင်ရှစ်ပါးမှာ **သမ္မာသတိမဂ္ဂင်နဲ့ စရှုရမှာပါ**၊ ဒီလိုအမှတ်နဲ့ တရားရှုခိုင်းထားတာက နဲနဲလေး သမာဓိရအောင် လုပ်ခိုင်းထားတာပါ၊ သတိပဋ္ဌာန် ၄-ပါးမှာ ကာယာနုပဿနာဘဲရှုရှု၊ ဝေဒနာနုပဿနာဘဲရှုရှု၊ စိတ္တာနုပဿနာဘဲရှုရှု တရားတခုကိုရှုလို့ စိတ် တော်တော်ငြိမ်လာရင် သမ္မာသတိ မဂ္ဂင်ကြောင့် သမ္မာသမာဓိဖြစ်လာတာပါဘဲ၊ သမ္မာသမာဓိကို့ ရလာတော့ ဝိပဿနာလုပ်ငန်းလုပ်မဲ့ ပုဂ္ဂိုလ်တွေက စျာန်အဘိညာဉ်ရတဲ့ အထိ မသွားဘဲနဲ့ ဒီနေရာမှာ လမ်းခဲ့ပြီး သမ္မာသက်ပွမဂ္ဂင်ကို သွားရပါတယ်။

**သမ္မာဝါယာမမဂ္ဂင်**ဆိုတဲ့ ဝီရိယကတော့ သတိပဋ္ဌာန်တရား အားထုတ်တော့မယ်ဆိုပြီး ၃-နာရီကြာအောင် ထိုင်မယ်၊ အဓိဋ္ဌာန်နဲ့ တရားထိုင်တဲ့ အခါမျိုးမှာ ဝီရိယရှိမှ သတိပဋ္ဌာန်ဖြစ်မှာပါ၊ **သမ္မာဝါယာမမဂ္ဂင်** မပါဘဲ တရား အားထုတ်လို့ မရနိုင်ပါ၊ သမ္မာသတိကလဲ သမ္မာဝါယာမနဲ့ အကူတူပါလာပြီး သူတို့နဲ့တဲ့ ဝိပဿနာလုပ်ငန်းကို စပေးရပါတယ်၊ သမ္မာသတိဖြစ်လာပြီးတော့လဲ သမ္မာသမာဓိက ဖြစ်လာပါတော့တယ်။ ဒီနေရာမှာ

တရားရှုတဲ့ အခါမှာ ဝိပဿနာဉာဏ် ဖြစ်လာတယ်၊ ဝိပဿနာဉာဏ်နဲ့ ရှုရတယ်လို့တော့ ပြောကြပါတယ်၊ သို့ပေမဲ့ သမ္မာသက်ပွဆိုတဲ့ ဝိတက်ကလေမင်္ဂဆိုတဲ့ ပညာမျိုးမဖြစ်ခင်မှာ အတွေးအခေါ်တွေရှိရပါတယ်၊ ဖြစ်ပျက်ဘဲရှုနေနေ စိတ္တာနုပဿနာဘဲ ရှုနေနေ ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်ပျက်ကို ကြံစည်နေတာ ရုပ်ကရားတွေ ဘယ်လိုဖြစ်လာတယ်၊ ဘယ်လို ပျက်သွားတယ်ဆိုတာကို လမ်းလျှောက်ရင်းတွေးမယ်၊ ထမင်းစားနေရင်းတွေးမယ်ဆိုတာဟာ သမ္မာသက်ပွ မဂ္ဂင်ပါဘဲ။

ဒီလို ပညာဉာဏ် ကြီးမားလာအောင် တွေးခေါ်ဆင်ခြင်တဲ့ သမ္မာသက်ပွဟာ သမ္မာဒိဋ္ဌိရဲ့ အဓိကောင်းဆုံး မိတ်ဆွေပါဘဲ၊ မှန်ကန်တဲ့ သစ္စာ ၄-ပါး တရားသိဘို့ ဉာဏ်ပေါ်ပေါက်ဘို့ သမ္မာသက်ပွက အမြဲတမ်းကြံစည်တွေးခေါ်ပြီးနေရပါတယ်၊ ဒီလိုကရားပေါ်မှာ အကြံအစည် အတွေးအခေါ်တွေ ရင့်ကျက်လာတဲ့အခါ ဝိပဿနာ သမ္မာဒိဋ္ဌိ မဟုတ်တော့ပါ၊ သစ္စာ ၄-ပါးကိုသိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လာပါတယ်။ သစ္စာ ၄-ပါးမှာ ဒုက္ခနဲ့ကို အမှန်အတိုင်း သိတယ်ဆိုတာက ရုပ်နဲ့နာမ်ဘဲရှိတယ်၊ မိန်းမယောကျ်ားသတ္တဝါဆိုတာက လောကဝေါဟာရတွေဘဲ၊ တကယ်က ရုပ်နဲ့နာမ်တို့သာ သူဘာသာသူ အကြောင်းအကျိုးကြောင့် ဖြစ်ပျက်ပြောင်းလဲပြီး နေတာဘဲလို့ သက္ကာယဒိဋ္ဌိ ပြုတ်သွားတဲ့ မဂ္ဂသစ္စာထိုက်တဲ့ မဂ်ပညာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။ ဒီသမ္မာဒိဋ္ဌိမျိုးကို ဓမ္မစကြာက 'စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ'လို့ ဆိုကာမှာ 'မျက်စိပွင့်သွားပြီ၊ ဉာဏ်ပွင့်သွားပြီ၊ ပညာပေါ်လာပြီ၊ ဝိဇ္ဇာမပေါက်သွားပြီ၊ အားလုံးလင်းသွားပြီ'လို့ ဆိုတော့ ရှင်းရှင်းပြောမယ်ဆိုရင် အတွေ့အစမရှိတော့ဘဲနဲ့ တဖြေးလာကလုံးဟာ ရုပ်နဲ့နာမ် ဖြစ်ပျက်သာ ရှိတော့တယ်လို့ မြင်သွားပါတယ်။ ဒီလိုမြင်တာဟာ မဂ္ဂ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာတာနဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်သွားတာပါဘဲ။

**သီဘို့အရေးကြီးတယ်**

မဂ္ဂင်ရှစ်ပါးမှာ ခုခေတ်တရားအားထုတ်တဲ့ အစဉ်နဲ့ကြည့်မှင် သမ္မာဒိဋ္ဌိက စရမလား၊ သမ္မာသင်္ကပ္ပက စရမလား၊ လက်တွေ့လုပ်ငန်းစဉ်မှာ သတိပဋ္ဌာန်က စရပါဘယ်။ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိနဲ့ စရမယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးအဖို့ကတော့ လမ်းမှန်နဲ့ လမ်းမှား ခွဲခြားသိဘို့က ပဌမဦးစွာ အရေးကြီးပါတယ်၊ အဲဒီ သမ္မာဒိဋ္ဌိက ဝိပဿနာ သမ္မာဒိဋ္ဌိတော့ မဟုတ်ပါ၊ ပိဋကတ်သုံးပုံ သင်ကြားခြင်း, ဝိပဿနာပညာရပ်တွေ့ လိုက်စားလေ့လာခြင်း စတဲ့ သမ္မာဒိဋ္ဌိဆိုတော့ ကမ္မဿကတသမ္မာဒိဋ္ဌိ အဆင့်သာသာပါဘဲ။ ဒီနေရာမှာ ကံလမ်း, စျာန်လမ်း, မဂ်လမ်း ခွဲခြားပြီး သိဘို့လိုပါတယ်။ သိဘို့က ပိုပြီး အရေးကြီးပါတယ်။ အဲဒီ အသိမျိုးရလာတော့မှ ကိုယ့်ဟာကိုယ် တရားအားထုတ်တဲ့အခါမှာ ဒီပုဂ္ဂိုလ်မျိုးက သမ္မာဒိဋ္ဌိမဂ္ဂင်ကစတဲ့ ပုဂ္ဂိုလ်ပါ။

ဒါမှမဟုတ်လို့ တရားဝင်တဲ့သူမျှားမှာ ဘာမှ သိဘို့မလို၊ သတိပဋ္ဌာန်ကိုသာ အားထုတ်၊ ခိုင်းသလိုသာ လုပ်မယ်ဆိုရင် သူဟာသူ တဖြည်းဖြည်း သိလာလိမ့်မယ်လို့ ပြောတဲ့သူမျှားကလဲ ပြောကြပါတယ်၊ ဒီလိုလဲ ဂုဏ်းကကွဲနေပါတယ်။

**ဆရာရှိဘို့လို**

သို့ပေမဲ့ တရားအားထုတ်ရင်း ဘာမှမသိသေးတဲ့ပုဂ္ဂိုလ်က ထိုးသွင်းပြီး အလိုလို သိမလာနိုင်ပါ၊ ဒီအဆင့်ရောက်ရင် ဘယ်လို ဆက်အားထုတ်၊ အခုဖြစ်လာတဲ့တရားက ဘယ်လို စသည်ဖြင့် နည်းကျလမ်းမှန် ပြောပြသွန်သင်နိုင်တဲ့ ဆရာကတော့ ရှိရမှာပါ၊ ဆရာမရှိဘဲနဲ့ ကိုယ့်ဘာသာကိုယ် ထိုင်ပြီး ကျင့်လို့တော့ ကရုးကို မသိနိုင်ပါ၊ ဒါတွေကတော့ ပဋ္ဌာန်းမဂ္ဂပစ္စည်းနဲ့ တရားအားထုတ်နည်းနဲ့ ယှဉ်ပြီး ပြောပြနေတာဘဲ ဖြစ်ပါတယ်။

**ပဋ္ဌဂိကမဂ်နဲ့ အဋ္ဌဂိကမဂ်**

ဒီတော့ ပဋ္ဌဂိကမဂ်နဲ့ အဋ္ဌဂိကမဂ်မှာ လက်တွေ့တရားအားထုတ်မယ်ဆိုရင် သိဘို့ အရေးကြီးတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျှားကလဲ သမ္မာဒိဋ္ဌိ, သမ္မာ

သက်ပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးမှာ သမ္မာဒိဋ္ဌိကစပြီး ဒီ ငါးမျိုးကို လုပ်ရပါတယ်။ သိဘို့ မလိုပါ၊ တရား အားထုတ်ရင်း တဖြေးဖြေး သိလာလိမ့်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များကလဲ ဒီ ငါးမျိုးကိုဘဲ လုပ်ရမှာပါဘဲ၊ မဂ္ဂင်၌စ်ပါးမှာ လက်တွေ့ဝိပဿနာတရား အားထုတ်ရင် ဒီငါးပါးကတော့ ပါရမှာပါဘဲ၊သမ္မာဒိဋ္ဌိလား၊ သမ္မာသက်ပ္ပ လား၊ သမ္မာသတိလားလို့ ခွဲခြားလဲမသိ၊ အမည်နာမတောင် မသိပေ မဲ့လဲ တကယ်တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာတော့ ဒီ ငါးမျိုးက ဖြစ်နေရ မှာပါ၊ ဒါကြောင့် သစ္စာ ၄-ပါး အမှန်တရားကို သိဘို့မှာ အင္ဂဏိကမဂ် မလိုပါ၊ ပဉ္စင်္ဂိကမဂ်က ပိုအရေးကြီးပါတယ်လို့ အချို့ကပြောကြပါတယ်။

အင္ဂဏိကမဂ်ကို အရေးထားပြောကြတဲ့ပုဂ္ဂိုလ်တွေကလဲ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-တို့ မရှိဘဲ မဂ္ဂင်ငါးပါးနဲ့သာ တရားအားထုတ်လို့ ဖြစ်သလားလို့ ဆိုပြန်တော့၊ ဒီ တရားသုံးပါးက သီလဝိသုဒ္ဓိ ဖြစ်နေပါတယ်၊ သီလဝိသုဒ္ဓိမရှိတဲ့ပုဂ္ဂိုလ်က တရားထိုင်လို့ တရားရမှာလား၊ သီလဝိသုဒ္ဓိနဲ့ သီလက စင်ကြယ်နေပြီးကော့ တရားထိုင်မှ တရားကပေါက်မှာပါ၊ ဒီ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါး ပြည့်စုံပြီးမှ မဂ္ဂင်ငါးပါးကို အားထုတ်ရမှာ, ကျင့်ကြံရမှာဖြစ်လို့ သစ္စာ ၄-ပါးကို သိဘို့မှာ မဂ္ဂင်၌စ်ပါးလုံး လိုပါတယ်၊ အမှန်ကတော့ မဂ္ဂင်၌စ်ပါးလုံး လိုပါတယ်ဆိုတဲ့ အယူအဆကသာ အဓိပ္ပါယ် အင်မတန်လေးနက်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာလောကမှာ မဂ္ဂင်ကို ၌စ်ပါးလို့ဘဲ ဆုံးဖြတ်ထားကြပါတယ်၊ မဂ္ဂင်ငါးပါးဆိုတာကတော့ ဝါဒတခုပါဘဲ။

**မဟာကုသိုလ်စိတ်နဲ့ လောကုတ္တရာကုသိုလ်စိတ်**

မဂ္ဂပစ္စည်းမှာ မဂ္ဂင်၌စ်ပါးကို လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်လို့ နှစ်မျိုးခွဲကြည့်ရင် ပိုပြီးရှင်းပါတယ်။ ဒါနဲ့ သီလလုပ်တဲ့အခါ မဟာကုသိုလ်စိတ်တွေဖြစ်တော့ မဂ္ဂင်၌စ်ပါးလုံး ပါပါတယ်၊ မဟာကုသိုလ်စိတ် ၈-ခုမှာ သမ္မာဒိဋ္ဌိ, သမ္မာသက်ပ္ပ, သမ္မာဝါယာမ, သမ္မာသတိနဲ့ သမ္မာသမာဓိ မဂ္ဂင်တွေ ရှိပါကယ်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့မဂ္ဂင်

၃-ပါးလဲ ပါရပါတယ်၊ လောကုတ္တရာကုသိုလ်နဲ့ ဘာထူးသလဲဆိုရင် မဟာကုသိုလ်နဲ့ သီလ ဆောက်တည်တဲ့အခါမှာ သမ္မာဝါစာ ဝစီဒုစရိုက်မှု ရှောင်ကြဉ်ရင် သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝက မဖြစ်ပါ၊ ကာယဒုစရိုက်ကို ရှောင်ကြဉ်တဲ့ အခါမှာလဲ သမ္မာဝါစာ သမ္မာအာဇီဝက မဖြစ်ပါ၊ ဝိရတီ ၃-ပါးက လောကီ မဟာကုသိုလ်စိတ်မှာ ဖြစ်တဲ့အခါမှာ တပြိုင်နက် မဖြစ်နိုင်ပါ။ ဒါကြောင့်'မဟာကုသိုလ်စိတ်မှာ ဝိရတီ ရံခါယှဉ်တယ်၊ အသီးသီးယှဉ်တယ်'လို့ ဒီလိုဘဲ သင်ကြရပါတယ်။ ဝိရတီ ၃-ပါးဟာ တပြိုင်နက် ပြိုင်ပြီးမဖြစ်ဘဲ မဟာကုသိုလ်စိတ်မှာ တပါးစီ တပါးစီသာ ဖြစ်ပေမဲ့ မဂ္ဂင်ရှစ်ပါးလုံးကတော့ လောကုတ္တရာစိတ်မှာ တပြိုင်နက် ဖြစ်ပါတယ်။ လောကုတ္တရာ စိတ်မှာက တခုစီ ဆောက်တည်ရန် မလိုဘဲ အကြွင်းမဲ့ မဂ်နဲ့ တပြိုင်နက် ပယ်တားတော့ ဟာပြိုင်နက် ဖြစ်ပါတယ်။

## မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်းတရားယူလျှင်

မဟာကုသိုလ်မှာ ယှဉ်နေတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်းယူရင် မဟာကုသိုလ်စိတ် ၈-ခု, မဂ္ဂင်ရှစ်ပါးမှကြွင်းတဲ့ စေတသိက်, စိတ္တဇရုပ်တို့ကို ပစ္စယုပ္ပန်တရား ယူရမှာပါ။

ရူပကုသိုလ်စိတ်မှာတော့ မဂ္ဂင်ငါးပါးသာ ယှဉ်ပါတယ်၊ ရူပကုသိုလ်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါတွေကို ရှေတန်းတင်ထားပေမဲ့ ဈာန်တရားအားထုတ်တဲ့ ရူပါဝစရကုသိုလ်မှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိငါးပါးလုံး ပါပါတယ်။ သူတို့က ခေါင်းဆောင်မဟုတ်ပေမဲ့ ပါတော့ပါရပါတယ်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကတော့ မဟာကုသိုလ်မှာ ရံဖန်ရံခါ တဦးစီပါရပေမဲ့ သမထလုပ်ငန်းမှာတော့ မပါနိုင်ပါ။ သမထလုပ်တဲ့အခါမှာ မဂ္ဂင်ငါးပါးက မဂ္ဂပစ္စည်း မဂ္ဂင်ငါးပါးနဲ့ ယှဉ်တဲ့ ရူပကုသိုလ်စိတ်, မဂ္ဂင်ငါးပါးမှကြွင်းတဲ့ စေတသိက်, စိတ္တဇရုပ်ဝို့ဟာ ပစ္စယုပ္ပန်ဖြစ်ပါတယ်။

မဂ္ဂင်္ဂါနိ-မဂ္ဂင်္ဂစ်ပါးတရားတို့က၊မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ-မဂ္ဂင်္ဂစ်ပါး နဲ့ယှဉ်တဲ့စိတ်, စေတသိက်၊ တံ်ဃမုဉ္ဇာနာနဉ္ဆ ရူပါနံ-ထိုစိတ်, စေတသိက် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်လို့ ဒီလိုဘဲ ပစ္စယနိဒ္ဒေသမှာ အကျဉ်း ပေါင်းပြီး ဟောပါတယ်။

မဟာကုသိုလ်စိတ်မှာယှဉ်တဲ့ မဂ္ဂင်္ဂစ်ပါးက မဟာကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်၊ ရူပကုသိုလ်စိတ်မှာယှဉ်တဲ့ မဂ္ဂင်ငါးပါးက ရူပကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်၊ အရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးကယှဉ်တဲ့စိတ်အတွက် မဂ္ဂင်ငါးပါးက အရူပကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်။

**ဓမ္မသင်္ဂဏီမှ မဂ္ဂင်**

ဓမ္မသင်္ဂဏီမှာတော့ မဟာကုသိုလ်စိတ်မှာ ဝိရတီချန်ထားပြီး မဂ္ဂင်ငါးပါးဘဲ ပြပါတယ်၊ စိတ်ယှဉ် စေတသိက်ယှဉ်မှာ ဓမ္မသင်္ဂဏီက ရှင်းပါတယ်။ ရုံခါယှဉ်တယ်၊ အသီးသီးယှဉ်တယ်ဆိုတာတော့ ထည့်မထားဘဲ မဟာကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးဘဲပါတယ်၊ ရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးဘဲ ပါတယ်၊ အရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးဘဲ ပါပါတယ်၊ သင်္ဂြိဟ်နည်းမှာကတော့ မဟာကုသိုလ်မှာ မဂ္ဂင်ရှစ်ပါး ရုံခါယှဉ်တယ်၊ ရူပကုသိုလ်မှာ မဂ္ဂင်ငါးပါးသာ ယှဉ်တယ်၊ အရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးသာယှဉ်တယ်လို့ ပြပါတယ်။ လောကုတ္တရာ ကုသိုလ်မှာတော့ မဂ္ဂင်ရှစ်ပါးလုံး အမြဲယှဉ်တယ်လို့ မွေသင်္ကာမှာ ဆိုပါတယ်။

မြတ်စွာဘုရားက ပဓာနသုံးခုကို လောကုတ္တရာမှာသာ တိုက်ရိုက်ဟောတာကကော့ သမုဿေဒပဟာန်ဖြင့် ဝိပဿနာမဂ်ကဓနပြီး သမ္မာဒိဋ္ဌိ လောကုတ္တရာမဂ္ဂင်ဖြစ်လိုက်ရင် သီလက အကြွင်းမဲ့ လုံခြုံသွားတော့ သမ္မာဝါစာ ဝစီဒုစရိုက် စောင့်ထိန်းပြီးသားဖြစ်၊ သမ္မာကမ္မန္တ ကာယဒုစရိုက်ကိုလဲ စောင့်ထိန်းပြီးသားဖြစ်၊ သမ္မာအာဇီဝ မကောင်းတဲ့အသက်မွေးမှုကိုလဲ စောင့်ထိန်းပြီးသားဖြစ်တော့ အလိုလိုကို လုံခြုံနေပါတယ်၊ ပုထုဇဉ်မှာကတော့ သီလ စောင့်ထိန်းရပါတယ်။

**အကုသိုလ်မဂ္ဂင်တရားကိုယ်**

မဂ္ဂင်မှာ ကုသိုလ်မဂ္ဂင် ကောင်းတဲ့ တရားအကြောင်းဘဲ အဟောမျှားအနေပြောမျှားကြပါတယ်။ ပဋ္ဌာန်းကတော့ ဖြစ်သင့် ဖြစ်ထိုက်တဲ့ဝေးရုံးဆိုရင် အကြွင်းအကျန်မရှိ ဟောရတာဖြစ်တော့ မဂ္ဂင်မှာ အကုသိုလ်မဂ္ဂင်ရှိတဲ့အကြောင်း ပါလာပါတယ်၊ အကုသိုလ်မဂ္ဂင်မှာ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ-လို ရှိသော့ မိစ္ဆာဒိဋ္ဌိက အကုသိုလ်စေတသိက်မှာ ဒိဋ္ဌိစေတသိက်၊ မိစ္ဆာသင်္ကပ္ပ-က ဝိတက်စေတသိက်၊ မိစ္ဆာဝါယာမက ဝီရိယဒုစရိတသိက်၊ မိစ္ဆာသမာဓိက ဧကဂ္ဂတာစေတသိက်ပါဘဲ။

ပဋ္ဌာန်းမှာ စိတ်ယှဉ် စေတသိက်ယှဉ် စေတသိက်ပိုင်းမှဲ့ကွဲရင် သဟဇာတမျိုးမှာ လွယ်ပါတယ်၊ စိတ်ယှဉ် စေတသိက်ယှဉ်မှာမကွဲရင် ပဋ္ဌာန်းနှက်နဲတာကို သဟဇာတမျိုးမှာ သတောမပေါက်နိုင်ပါ။

**မိစ္ဆာဒိဋ္ဌိ ပစ္စည်းဟရား**

မိစ္ဆာဒိဋ္ဌိဟာ မဂ္ဂင်ထိုက်ပါတယ်၊ မိစ္ဆာဒိဋ္ဌိဟာ အပါယ်ဘုံကို ရောက်ကြောင်းဖြစ်လို့ မဂ္ဂဆိုတဲ့ အပါယ်သွားရာ လမ်းကြောင်းပါဘဲ၊ ဒိဋ္ဌိကို မဂ္ဂပစ္စည်းယူရင် ဒိဋ္ဌိနဲ့ ယှဉ်တဲ့စိတ်, စေတသိက်, စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားတွေပါဘဲ၊ မဂ္ဂပစ္စည်း ပစ္စယုပ္ပန်တရားမှာ အကုန်လုံးပေါင်းရင် ပဋ္ဌာန်းအရကောက်မှာ အဟိတ်စိတ် ၁၈-ခုမှတပါး စိတ် ၇၁-ခုဟာ မဂ္ဂပစ္စည်းတရားရဲ့ ပစ္စယုပ္ပန် ဖြစ်သွားပါတယ်။ မဂ္ဂပစ္စည်းက ဟိတ်ရှိမှ ထိုက်တော့ အဟိတ်စိတ် ၁၈-ခုက မဂ္ဂပစ္စည်း ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

**မိစ္ဆာသင်္ကပ္ပ ပစ္စည်းတရား**

မိစ္ဆာသင်္ကပ္ပ-ကာ ဝိတက် စေတသိက်ပါ၊ ဝိတက်ကတော့ ကောင်းတဲ့ဘက်လဲပါ၊ မကောင်းတဲ့ဘက်လဲပါတဲ့ ၂-ဘက်ရ စေတသိက်ဖြစ်လို့ ကောင်းတာကြံတဲ့ စိတ်ကတော့ သမ္မာသင်္ကပ္ပ၊ မကောင်းတာကြံတဲ့ စိတ်ကတော့ မိစ္ဆာသင်္ကပ္ပပါဘဲ၊ မိစ္ဆာသင်္ကပ္ပကလဲ မကောင်းတဲ့ အပါယ်ဘုံရောက်ကြောင်းဖြစ်တဲ့ လမ်းဖြစ်လို့ အကုသိုလ်မဂ္ဂင် ထိုက်ပါတယ်။

ဝိတက်ကို မဂ္ဂပစ္စည်းယူရင် ဝိတက်နဲ့ယှဉ်တဲ့ အကုသိုလ်စိတ်, စေတသိက်, ၎င်းစိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေက ပစ္စယုပ္ပန် ဖြစ်သွားပါတယ်။

မဂ္ဂင်္ဂါနိ-မဂ္ဂင်္ဂတို့သည်၊ မဂ္ဂသမ္မယုတ္တကာနံ-မဂ္ဂင်္ဂနှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-မဂ္ဂင်နဲ့ယှဉ်တဲ့စိတ် စေတသိက်တို့အားဌင်း၊ တံသမုဋ္ဌာနာနံ-ထိုစိတ်စေဘသိက်ကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ-စိတ္တဇရုပ်ကမ္မဇရုပ်တို့အားဌင်း ကျေးဇူးပြုတယ်လို့ ပေါင်းပြီးဟောပါတယ်။

**မိစ္ဆာဝါယာမ ပစ္စည်းတရား**

မိစ္ဆာဝါယာမဆိုတော့ဝီရိယမှာ ကောင်းတဲ့ဝီရိယ၊ မကောင်းတဲ့ဝီရိယ၊ မမှန်ကန်တာ မကောင်းတာကို ကြိုးစားတဲ့ ဝီရိယက အကုသိုလ် မဂ္ဂပစ္စည်းထိုက်ပါတယ်၊ ဒီဝီရိယကလဲ မကောင်းတဲ့ အပါယ် ရောက်စေနိုင်သွားစေနိုင်လို့ မဂ္ဂင်ထိုက်ပါတယ်၊ ဝီရိယနဲ့ယှဉ်တဲ့ အကုသိုလ်စိတ်, စေတသိက်, ၎င်း စိတ် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။

**မိစ္ဆာသမာဓိ ပစ္စည်းတရား**

မိစ္ဆာသမာဓိဆိုတာက ဧကဂ္ဂတာ စေတသိက်ဖြစ်လို့ စိတ်အားလုံးမှာ ယှဉ်ပါတယ်၊ မဂ္ဂပစ္စည်းမှာ အဟိတ်စိတ် ၁၈-ခု မပါတော့ ကျန်တဲ့စိတ် ၇၁-ခုမှာ ဧကဂ္ဂတာက ယှဉ်ပေမဲ့ မကောင်းတဲ့သမာဓိကျစေတော့ ကောင်းတဲ့ စိတ်တွေက မယှဉ်ပါ။ သမာဓိလုပ်ငန်းမှာ သမာဓိရရင်ပြီးတယ်၊ ကောင်းတယ်လို့ ထင်ကြပေမဲ့ တရားထိုင်တာဟာ နည်းမှန် လမ်းမှန်မှ သမ္မာသမာဓိဖြစ်ပါတယ်။ မဟုတ်တဲ့တရား ထိုင်မိရင်တော့ မိစ္ဆာသမာဓိဖြစ်လို့ တရားထိုင်တိုင်းကလဲ ကောင်းတဲ့ သမာဓိချည်းဘဲလို့ ဒီလိုတွက်လို့မရပါ၊ သမာဓိကို မဂ္ဂပစ္စည်းယူရင် သမာဓိနဲ့ယှဉ်တဲ့ အကုသိုလ်စိတ်, အကုသိုလ်စိတ်နဲ့ယှဉ်တဲ့ စေတသိက်, ၎င်းစိတ် စေတသိက်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားများ ဖြစ်သွားပါတယ်။

မိစ္ဆာမဂ္ဂင်စေတသိက် ၄-လုံးမှာ ၃-လုံးဖြစ်တဲ့ ဝိတက်, ဝိရိယ, ကေဂ္ဂတာ က ကုသိုလ်မဂ္ဂင်မှာ ပါပြီးဖြစ်တဲ့အတွက် အကုသိုလ် စေတသိက်မှာ ဒိဋ္ဌိ-စေတသိက်တခုသာ ပိုလာပါတယ်၊ ကျန်တဲ့ရှစ်ပါးကတော့ အတူတူဘဲ ဖြစ်လို့ စေတသိက် အရေအတွက်ပေါင်းပြီး မဂ္ဂင်တရားကိုယ်ကောက်ရင် မဂ္ဂင်တရားကိုယ် ၉-ပါးလို့ဘဲ ကောက်ကြပါတယ်။ မဂ္ဂပစ္စည်းကိုတော့ တော်ကြပါစို့။ များတောင် များသွားပြီလို့ ထင်ပါတယ်။

# ၁၉။ သမ္မယုတ္တာပဒ္ဓဉ်း သင်ကြား ပို့ချချက်များ

သမ္မယုတ္တာကို မြန်မာတပြည်လုံးမှာ ယှဉ်ဘော် ယှဉ်ဘက်လို့ အဓိပ္ပါယ် ပြန်ကြပါတယ်၊ အဘိဓမ္မာ သင်တာနဲ့ လေးလေးနက်နက် စဉ်းစားမယ် ဆိုရင် သမ္မယုတ္တာက တရားတခုနဲ့တခု ခွဲလို့မရအောင် ထောစပ်ပြီး နေ တာပါ၊ မြတ်စွာဘုရားက ဟောထားလို့ အမျှားသိကြတယ် ဆိုတာက စာနဲ့သာ ခွဲခြားပြီး နေကြတာပါ၊ 'စတ္တာရော ခန္ဓာ'ဆိုတဲ့ နာမ်တရား ၄-ပါးဟာ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာ ဖြစ် ပါတယ်။ သင်္ဂြိဟ်မှာ စိတ် ၈၉၊ စေတသိက် ၅၂-ခုကို ခန္ဓာဖွဲ့တော့လဲ နာမကွန္ဓာ ၄-ပါးဘဲ ရပါတယ်၊ ဒီနာမကွန္ဓာ ၄-ပါးမှာရှိတဲ့ ဝေဒနာ သက်သက်ကို ကွဲအောင် တရားရှုရင်လဲ မလွယ်ပါ၊ သမ္မယုတ္တာဆိုတာကလဲ သူတို့က ခွဲလို့မရပါ၊ ဉာဏ်နဲ့သာ ရှုရပါတယ်။

**တရားရှုတဲ့အခါ**

ဥပမာအားဖြင့် ဝေဒနာကို ရှုတယ်ဆိုပါစို့၊ တရားထိုင်တဲ့အခါမှာ ညောင်းလာတယ်ဆိုရင် ညောင်းတာက ဒုက္ခဝေဒနာပါ၊ ဝေဒနာသိလိုက် တဲ့အခါ နာမ်ခန္ဓာ ၄-ပါး ဘယ်လိုပါလာသလဲ ဆိုတာကို ရှုကြည့်ရန် မလွယ်ပါ။ တခုခုကို ပဓာနထားပြောရင်တော့ နဲနဲပေါ်ပါတယ်၊ တရား ထိုင်လို့ ညောင်းလာတဲ့အခါမှ ညောင်းတယ်လို့သိတာက ဝိညာဏကွန္ဓာ၊ ညောင်းလာတာက ဝေဒနာကွန္ဓာ၊ ညောင်းတာကို ဝေဒနာလို့ လိုက် လိုက်ပြီး မှတ်နေတာက သညာကွန္ဓာ၊ ဒီလိုဘဲ'မှတ်လိုက် မှတ်လိုက်'ဆိုပြီး ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းနေတဲ့ ကြိုးစားမှု အားထုတ်မှုက သင်္ခါရကွန္ဓာ ဖြစ်နေကြပါတယ်။ ဒီနာမကွန္ဓာ ၄-ပါးကို တရားထိုင်တဲ့ အခါမှာ တခုစီ ကွဲအောင် ရှုနိုင်တယ်ဆိုတဲ့ ဝိပဿနာသမားလဲ မရှိနိုင်ပါ။

**သမ္မယုတ္တလက္ခဏာ ၄-ပါး**

သမ္မယုတ္တ ဆိုထာကလဲ တပြိုင်နက် တပေါင်းတည်း ဖြစ်နေပါတယ်။ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တပစ္စယေန ပစ္စယော" ဆိုတော့ သမ္မယုတ္တမှာ လက္ခဏာ ၄-ပါး ရှိပါတယ်၊ အဖြစ်တူရမယ်ဆိုတော့ ဖြစ်တယ်ဆိုရင်ဘဲ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးဟာ ဥပါဒ် ၌ ဘင် အခိုက်အတန့်မှာ တပြိုင်နက်ထဲ ဖြစ်ရမှာပါ၊ အဖြစ်တူတော့ အာပျက်လဲ တူရမှာပါ။

ခုနက ပြောခဲ့တာကလဲ တခုခုကို ပဓာနထားပြီး နာမက္ခန္ဓာ ၄-ပါးကို ကဲ့အောင် ပြောရတာပါ၊ တကယ်တော့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ တို့ဟာ တပြိုင်နက်ဖြစ်မှ ဝေဒနာကို သိတယ် ဆိုတဲ့ အဓိပ္ပါယ်ကို ထောက်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဖြစ်တူရမယ်၊ အပျက်တူရမယ်လို့ ဆိုပါတယ်။

ဝေဒနာကို ရှုတဲ့အခါမှာလဲ ဝေဒနာကို အာရုံအနေ ထားရမှာပါ၊ ညောင်းတယ်ဆိုတဲ့ ဝေဒနာကို အာရုံယူရင် သညာကလဲ ဒါကိုဘဲ အာရုံပြုရမှာပါ၊ သင်္ခါရ, ဝိညာဏ် အားလုံးကလဲ ဒါကိုဘဲ အာရုံပြုရမှာပါ၊ စိတ်ကိုရှုတဲ့အခါ စိတ်ကိုအာရုံပြုပြန်ရင်လဲ ကျန်တဲ့ခန္ဓာသုံးပါးက စိတ်ကို အာရုံပြုရမှာပါ၊ အာရုံတူတယ်ဆိုရင် မှီရာလဲ တူရမှာပါ၊ မှီတာကလဲ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ အားလုံးဟာ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်၊ သမ္မယုတ္တလက္ခဏာ ဆိုတာက—

(၁) အဖြစ်တူပါတယ်၊
(၂) အပျက်တူပါတယ်၊
(၃) မှီရာတူပါတယ်၊
(၄) အာရုံတူပါတယ်။

ဒီ ၄-ချက်နဲ့ညီမှ သမ္မယုတ္တက ဖြစ်ပါတယ်။

**ပဋိသန္ဓေစိတ်ရဲ့ ဝတ္ထုရုပ် ပစ္စည်းမရ**

"ဩကန္တိကဇော နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော" လို့ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်က နာမ်တရား၊ ဝတ္ထုရုပ်က ရုပ်တရား၊ ရုပ်တရားနဲ့ နာမ်တရား အတူဖြစ်ကြပါတယ်။ ပဋိသန္ဓေအခါမှာ အစဉ်းစွာ ဖြစ်တဲ့ ပဋိသန္ဓေစိတ်က ဝတ္ထုရုပ်ကို မှီပါတယ်၊ ဝတ္ထုရုပ်ကလဲ ပဋိသန္ဓေစိတ်ကို မှီရတော့ သူတို့နှစ်ဦးဟာ အတူဖြစ်ဘော်ဖြစ်ဘက် တဦးကိုတဦး မှီရပါတယ်၊ ဒီလို တဦးကို တဦး မှီပြီး အတူ ဖြစ်ဘော်ဖြစ်ဘက် ဖြစ်လို့ သမ္ပယုတ္တပစ္စည်း ထိုက်သလား ဆိုတော့ ပဋိသန္ဓေစိတ် ချုပ်ပြီးနောက် ဝတ္ထုရုပ်က ရုပ်သက် ၁၇-ချက်ပြည့်မှ မျုပ်တယ်ဆိုတော့ အပျက်မှာ မတူတော့ပါ၊ အဖြစ်တူသော်လည်း အပျက်မှာ မတူတဲ့အတွက် သမ္ပယုတ္တပစ္စည်း မရပါ၊ အတူတက္ခဖြစ်ကြလို့ သဟဇာတပစ္စည်းက ရပါတယ်၊ အပြန်အလှန်လဲ ကျေးဇူးပြုကြလို့ အညမညပစ္စည်းလဲ ရပါတယ်။

'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော' လို့ ထပ်ပြီးဟောတာက ပဋ္ဌာန်းဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်, ပဋ္ဌာန်းလေ့လာတဲ့ ပုဂ္ဂိုလ်တွေက အညမညပစ္စည်းလဲရ, သဟဇာတပစ္စည်းလဲ ရရင် သမ္ပယုတ္တပစ္စည်းလဲ ရမှာဘဲလို့ သံသယရှိစရာဖြစ်လို့ သမ္ပယုတ္တပစ္စည်းကို မြတ်စွာဘုရားက ထပ်ပြီးဟောတာပါ။

'စတ္တာရော ခန္ဓာ အရူပိနော' က သဟဇာတပစ္စည်းနဲ့ အညမညပစ္စည်းမှာ ပါခဲ့ပါပြီ၊ နောက်လာမဲ့ အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းမှာလဲ စတ္တာရော ခန္ဓာ အရူပိနော'က ထပ်ပြီးဟောပါသေးတယ်၊ ဒါကြောင့် ဒီ သမ္ပယုတ္တပစ္စည်းကို နဲနဲရှင်းသွားရအောင် အခြားပစ္စည်းများနဲ့ တွဲပြီး ရှင်းပြပါဦးမယ်။

**သမ္ပယုတ္တနဲ့ ဟေတု**

'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော' လို့ ဟေတုပစ္စည်းမှာ ဟောထားပါတယ်။ ဟေတုပစ္စည်းက ဟိတ် ၆-ပါးမှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ,

အမောဟဆိုတဲ့ စေတသိက် နာမ်တရားတွေပါ၊ ဟိတ် ၆-ပါးက ဟိတ် ၆-ပါးနဲ့ယှဉ်တဲ့စိတ် စေဘသိက် နာမ်တရားမျှားကို နာမ် နာမ်ချင်း ကျေးဇူး ပြုရင် ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ–နာမ်နာမ်ချင်းဖြစ်လို့ သမ္မယုတ္တ ပစ္စည်း ရပါတယ်၊ ဒီပါဠိထဲမှာလဲ သမ္မယုတ္တဆိုတဲ့စကားက ပါနေပါတယ်၊ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ' လို့ သမ္မယုတ္တပစ္စည်းမှာထပ်ပြီး ဟောရတာက နာမ် နာမ်ချင်းသာ သမ္မယုတ္တရတယ်ဆိုတဲ့ ဥပဒေသ တခု ထပ်ပြီးထုတ်တာပါဘဲ၊ ဒီ ဥပဒေသကို ကြည့်ပြီး ဟိတ် ၆-ပါးက စိတ် စေတသိက်ဆိုတဲ့ နာမ်တရားကို နာမ် နာမ်ချင်း ကျေးဇူးပြုတာမှာ သမ္မယုတ္တသာ ခုနိုင်တယ်လို့ ဆုံးဖြတ်ဘို့ပါဘဲ။

## နာမ်က ရုပ်ကို သမ္မယုတ္တပစ္စည်း မတပ်

'တံ သမဋ္ဌာနာနဉ္စ ရူပါနံ'မှာ ဟိတ်က ၆-ပါးဖြစ်တဲ့ နာမ်တရားတွေက သူနဲ့ အတူဘက္ခုဖြစ်သော စိတ္တဇရုပ်ကို ကျေးဇူးပြုတော့ ရုပ်ဖြစ်နေတဲ့ အတွက် သမ္မယုတ္တ ရ, မရ စဉ်းစားတဲ့အခါမှာ စိတ္တဇရုပ်ဟာ စိတ်နဲ့ အတူတကွဖြစ်တယ်၊ စိတ္တဇရုပ်ဟာ စိတ်သက် ၁၇-ချက်တော့ အသက်ရှည်၊ စိတ် ဖြစ်ရင်ဖြစ်၊ စိတ်ပျက်ရင် ပျက်ပါတယ်၊ စိတ္တဇရုပ်က ဒေါသဖြစ်တဲ့အခါ ဒေါသရုပ်ပေါ်လာတယ်၊ လောဘဖြစ်ရင် လောဘရုပ် ပေါ်တယ်၊ မာနဖြစ်တော့လဲ မာနရုပ် ပေါ်ပါတယ်၊ ဟိတ် ၆-ပါးကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာ ဟိတ် ၆-ပါးနဲ့ သဟဇာတ အတူတကွဖြစ်တော့ လောဘကြောင့်ဖြစ်တဲ့ လောဘရုပ်တွေဟာ သမ္မယုတ္တ ဖြစ်မလား၊ စဉ်းစားရင် စတ္တာရော ခန္ဓာ အရူပိနော အညမညံ-နာမ်လဲ ဖြစ်ရပါမယ်၊ နာမ်က နာမ်ကိုသာ ကျေးဇူးပြုတယ်ဆိုတော့ စိတ္တဇရုပ်က ရုပ်ဖြစ်နေလို့ ဟိတ် ၆-ပါးက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါ သမ္မယုတ္တ မရနိုင်လို့ သိရပါတယ်။

'အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော' ဥပဒေအရ နာမ်ကရုပ်ကို ကျေးဇူးပြုတဲ့အခါ ဝိပ္ပယုတ္တဘဲဖြစ်ရပါမယ်လို့ သိရပါတယ်၊ ဒါက ဟေတုပစ္စည်းမှာ သမ္မယုတ္တ ရပုံ, မရပုံပါဘဲ။

**သမ္မယုတ္တနှင့် အာရမ္မဏ**

အာရမ္မဏ ပစ္စည်းမှာကြည့်ရင် 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော' ဆိုတဲ့အခါ ရူပါရုံ ရုပ်က အာရမ္မဏ ပစ္စည်းတရား၊ စက္ခုဝိညာဏ်စိတ် စေတသိက် နာမ်တရားက အာရမ္မဏ ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ရူပါရုံက စက္ခု-ဝိညာဏ်စိတ်နဲ့ စေတသိက်တွေကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ သမ္မယုတ္တရမလား၊ ရူပါရုံက ရုပ်တရား စက္ခုဝိညာဏ်က နာမ်တရား ဖြစ်နေတော့ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ' ဆိုတဲ့ ဥပဒေအရ ရူပါရုံက စက္ခုဝိညာဏ်ကျေးဇူးပြုတဲ့အခါမှာ သမ္မယုတ္တမရပါ။

ဒီလိုဆိုတော့ ရုပ်က နာမ်ကို ကျေးဇူးပြုရင် ဝိပ္ပယုတ္တပစ္စည်း ရသလားဆိုတော့ ဒီနေရာမှာ ဝိပ္ပယုတ္တပစ္စည်းလဲ မရပါ၊ 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော' ရုပ်က နာမ်တရားကို ကျေးဇူးပြုရင် ဝိပ္ပယုတ်ဆိုတဲ့ ဥပဒေအတိုင်း ပြောရရင် ရူပါရုံရုပ်တရားက စက္ခုဝိညာဏ် နာမ်တရားကို ကျေးဇူးပြုတဲ့အခါ သမ္မယုတ် ဝိပ္ပယုတ် သံသယရှိစရာ မလိုတဲ့အတွက် အာရမ္မဏမျိုးမှာ ဝိပ္ပယုတ္တလဲ မရပါ။

ဟေတုပစ္စည်းမှာ ဟိတ် ၆-ပါးနဲ့ စီတ္တဇရုပ် ကမ္မဇရုပ်တို့က အတူတကွဖြစ်တယ်ဆိုတော့ သဟဇာတမျိုး ဖြစ်ပါတယ်။ အာရမ္မဏပစ္စည်းက အာရမ္မဏမျိုးဆိုတော့ ရူပါရုံက အတိက္ကဘဝင်ရဲ့ ဥပါဒ် ခဏကစပြီးဖြစ်သော်လဲ စက္ခုဝိညာဏ်က စိတ္တက္ခဏ ၄-ချက် နောက်ကျပြီးမှဖြစ်တော့ သဟဇာတဆိုတဲ့ အတူတကွ ဖြစ်တဲ့မျိုး မဟုတ်ပါ၊ ရူပါရုံ ဖြစ်ပြီးမှ စက္ခု-ဝိညာဏ်စိတ်ဖြစ်တာက အဝေးကြီး ကွာသွားမှဖြစ်တာကြောင့် ရူပါရုံနဲ့ စက္ခုဝိညာဏ်စိတ်ဟာ သမ္မယုတ္တဖြစ်မလားဆိုတဲ့ သံသယဖြစ်စရာ မလိုတော့ပါ၊ ရူပါရုံနဲ့ စက္ခုဝိညာဏ်ဟာ ဟခြားစီ ဝေးကွာပြီးမှဖြစ်ကြလို့ ဝိပ္ပယုတ္တ သံသယရှိစရာ မလိုသောကြောင့် ဝိပ္ပယုတ္တလို့လဲ ဟောဘို့ မလိုတော့ပါ။

### သမ္မယုတ္တနဲ့ အဓိပတိ

အဓိပတိပစ္စည်းက သဟဇာတမျိုးလဲ ရှိပါတယ်။ သဟဇာတမျိုးမှာ နာမ်က နာမ်ကို ကျေးဇူးပြုရင် သမ္မယုတ္တရပါတယ်၊ 'ဆန္ဒာဓိပတိ ဆန္ဒ-သမ္မယုတ္တကာနံ ဓမ္မာနံ'မှာ ဆန္ဒပစ္စည်းယူရင် ဆန္ဒကလဲ နာမ်တရား၊ ဆန္ဒနဲ့ ယှဉ်တဲ့စိတ်, စေတသိက်တို့ကလဲ နာမ်တရားဆိုဖတာ့ နာမ်ကို နာမ်ချင်း ကျေးဇူးပြုရင် သမ္မယုတ္တရပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ'မှာ ဆန္ဒနဲ့ယှဉ်တဲ့စိတ် စေတသိက်တို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ဝိပ္ပယုတ္တရပါတယ်၊ ပစ္စည်းပြိုင်မှာ ဝိပ္ပယုတ္တပြိုင်တဲ့အခါ သမ္မယုတ္တပြုတ်ရပါတယ်၊ ပစ္စည်းပြိုင်နည်းက သဘောပေါက်သွားရင် လွယ်ပါတယ်။

### သမ္မယုတ္တနဲ့ အနန္တရ

အနန္တရပစ္စည်းမှာ 'စက္ခုဝိညာဏဓာတု တံသမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော' လို့ ဟောတော့ စက္ခုဝိညာဏဝီထိမှာ ပဉ္စဒ္ဝါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌဗ္ဗ, ဇော-လို့ ချပါတယ်၊ ပဉ္စဒ္ဝါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ဒွေးဟာ မနောဓာတ် သုံးမျိုးပါဘဲ၊ ဒီနေရာမှာ စက္ခုဝိညာဏ်က ပစ္စည်းတရား၊ သမ္ပဋိစ္ဆိုင်းက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ 'စက္ခုဝိညာဏဓာတု တံသမ္မယုတ္တကာ စ ဓမ္မာ' ဆိုတာက စက္ခုဝိညာဏ်စိတ်, ၎င်းနှင့်ယှဉ်တဲ့ စေတသိက် ဆိုတဲ့ နာမ်တရားများဟာ ပစ္စည်းတရား ဖြစ်ပြီး 'မနောဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ'က မနောဓာတ်ဆိုတဲ့ သမ္ပဋိစ္ဆိုင်းက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ စက္ခု-ဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာမှာ စက္ခု-ဝိညာဏ် စိတ်က ဥပါဒ် ဌီ ဘင်နဲ့ ပျက်ပြီးကော့ သူက မရှိကော့ဘဲနဲ့ သူ့ရဲ့အခြားမဲ့မှာ သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုပါတယ်၊ ဒီ အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုပုံမှာ သမ္မယုတ်လား, ဝိပ္ပယုတ်လားလို့ သံသယရှိစရာ မလိုပါ၊ ဖြစ်ပြီး ပျက်ပြီးသွားမှ သူတို့က တခြားစီဖြစ်တဲ့တရားဖြစ်တော့ သမ္မယုတ်ယှဉ်ဘော် ယှဉ်ဘက်လေလား, မယှဉ်လေသလားလို့ ပြောစရာ မလိုတော့ပါ။ အနန္တရနဲ့ သမနန္တရပစ္စည်းကတော့ အတူတူပါဘဲ။

**သမ္မယုတ္ထနဲ့ သဟဇာတ**

သဟဇာတပစ္စည်းမှာ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော'ဆိုတော့ 'စတ္တာရော ခန္ဓာ အရူပိနော'မှာ သမ္မယုတ္တာ ဥပဒေအရ နာမ်ကို နာမ်ချင်းကျေးဇူးပြုမှု သမ္မယုတ္တဖြစ်တယ်ဆိုတဲ့အခါမှာ'စတ္တာရော ခန္ဓာ အရူပိနော အညမညံ'မှာ နာမ်ကို နာမ်ချင်းကျေးဇူးပြုတဲ့အတွက် သမ္မယုတ္တ-ရပါတယ်။

'စတ္တာရော မဟာဘူတာ'ဆိုတဲ့ မဟာဘုတ် ၄-ပါးမှာကတော့ သူတို့က အချင်းချင်း အပြန်အလှန်ကျေးဇူးပြုပါတယ်၊ သဟဇာတမှာက မဟာဘုတ် ၄-ပါးမှာ ပထဝီက ကျန်တဲ့ဓာတ်သုံးမျိုးကို ကျေးဇူးပြုတဲ့ အခါမှာ ဓာတ် ၄-ပါးကလဲ ခဲ့လို့ရတာမဟုတ်ပါ၊ ဓာတ်တပါးရှိရင် ဓာတ် ၃-ပါးက ရှိနေရတာပါ၊ ပထဝီရုပ်က ကျန်တဲ့ ဓာတ် ၃-ပါး ရုပ်ကို ကျေးဇူးပြုတဲ့ အခါမှာ သဟဇာတကလဲရ, အညမညကလဲ ရပါတယ်။ ဒီနေရာမှာ ရုပ်ရုပ်ချင်း ကျေးဇူးပြုတဲ့အတွက် သမ္မယောဂလက္ခဏာမရှိတော့ သမ္မယုတ္တ မရပါ၊ သမ္မယုတ္တလား, ဝိပ္ပယုတ္တလား စဉ်းစားစရာမရှိတော့ ဝိပ္ပယုတ္တလဲ **မရပါ။**

'သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့ ပဋိသန္ဓေအခါမှာ နာမ်နဲ့ရုပ်က တပြိုင်နက်ထဲဖြစ်တယ်၊ အတူတကွလဲ ဖြစ်တယ်ဆိုတော့ သဟဇာတလဲရ၊ အပြန်အလှန်မှီခို ဖြစ်ရသောကြောင့် အညမညလဲ ရပါတယ်၊ ဒီနေရာမျိုးမှာ သဟဇာတလဲဖြစ်, အညမညလဲ ဖြစ်တော့ သမ္မယုတ်မျှား ဖြစ်လေမလားလို့ စဉ်းစားစရာရှိလာလို့ မြတ်စွာဘုရားက 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တပစ္စယေန ပစ္စယော'ဆိုတဲ့ ဥပဒေကို ထပ်ပြီး ဟောရပါတယ်။ နာမ်က ရုပ်, ရုပ်က နာမ်ကို ကျေးဇူးပြုတာမှာ သမ္မယုတ္တ မရပါ။

'စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော'စိတ္တစေတသိကာ ဓမ္မာက ပစ္စည်းတရား၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ စိတ် စေတသိက်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တို့က ပစ္စယုပ္ပန်တရား ဖြစ်ပါ

တယ်။ စိတ်နဲ့ စိတ္တဇရုပ်ဟာ စိတ်နဲ့အတူဖြစ် အတူပျက် ဖြစ်သောကြောင့် သမ္မယုတ္တများ ဖြစ်လေမလားလို့ သံသယရှိလာတဲ့အခါမှာ 'စတ္တာရော ခန္ဓာ အရူပိနော' ဥပဒေကြည့်လိုက်ရင် သမ္မယုတ်က နာမ်ကို နာမ်ချင်း သာ ကျေးဇူးပြုတဲ့အတွက် ဒီနေရာမှာ သမ္မယုတ် မရတာကို သိနိုင်ပါ တယ်၊ နာမ်က ရုပ်ကို ကျေးဇူးပြုလို့ ဝိပ္ပယုတ်ကတော့ ရပါတယ်။

'မဟာဘူတာ ဥပါဒါရူပါနံ' မှာဘော့ မဟာဘုတ် ရုပ်တရားက ပစ္စည်းတရား၊ မဟာဘုတ်ကိုမှီပြီးဖြစ်တဲ့ ဥပါဒါရုပ်က ပစ္စယုပ္ပန်တရား၊ သူတို့က အတူတကွ သဟဇာတဖြစ်တဲ့အခါမှာ ရုပ်ကို ရုပ်ချင်း ကျေးဇူး ပြုတဲ့အတွက် သမ္မယုတ္တ မရပါ။

### သမ္မယုတ္တနဲ့ နိဿယ

ပုရေဇာတနိဿယမှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော' ဆိုတော့ စက္ခာယတန် စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ စဉ်းစား စရာ ရှိပါတယ်၊ စက္ခာယတန် ဆိုတာက စက္ခုပသာဒရုပ်တရား၊ 'စက္ခု ဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ' ဆိုတာက စက္ခုဝိညာဏ် စိတ်, ၎င်းနှင့်ယှဉ်တဲ့စေတသိက်တို့က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်။ စက္ခု-ဝိညာဏ်မြင်တဲ့စိတ်က စက္ခုပသာဒက ထုက်တွက်ပြီး လာသလို ဖြစ်နေ ပါတယ်၊ မျက်စိက မြင်ကာလို့ ထင်နေကြတာဟာ အမှန်က မြင်စိတ် ဆိုတာက စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်နေတာပါ၊ စက္ခုဝိညာဏ် စိတ်က စက္ခုပသာဒရုပ်ကို မှီပြီးဖြစ်ရလို့ စက္ခုပသာဒရုပ်မှ မြင်တဲ့စိတ်က ထုက်လာသလို ဖြစ်နေတော့ စက္ခုပသာဒက စက္ခုဝိညာဏ် စိတ် စေတ-သိက်ကို ကျေးဇူးပြုတဲ့အခါမှာ သံသယရှိမှာစိုးလို့ ဝိပ္ပယုတ္တသီးခြား ဟောထားတဲ့အတွက် သမ္မယုတ် မရပါ။

### သမ္မယုတ္တနဲ့ ပစ္ဆာဇာတ

ပစ္ဆာဇာတပစ္စည်းမှာ 'ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ' ဆိုတော့ ပစ္စည်းတရားက နောက်နောက်၌ဖြစ်သော စိတ် စေတသိက် နာမ်တရား၊

'ပုရေဇာတဿ ဣမဿ ကာယဿ'ဆိုတဲ့ စတုဇရုပ်ကာယက ရုပ်တရား၊ နာမ်က ရုပ်ကို ကျေးဇူးပြုတော့ 'အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တာ. ပစ္စယေန ပစ္စယော' ဥပဒေအရ ဒီနေထုမှာ ပစ္စာဇာတဝိပ္ပယုတ်ရနိုင်ပါတယ်။

ဝိပ္ပယုတ္တပစ္စည်းကို ခဲ့တဲ့အခါကျတော့ သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတ ဝိပ္ပယုတ်လို့ သုံးမျိုးရှိပါတယ်၊ သဟဇာတဝိပ္ပယုတ်မှာ အတူတကွဖြစ်ပေမဲ့ သမ္ပယုတ် မရဘူးဆိုတာ သိစေလိုတဲ့အတွက် သဟဇာတဝိပ္ပယုတ်ကို ဟောပါတယ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်မှာ စိတ်စေတသိက်က နောက်မှဖြစ်တဲ့ ပစ္စည်းတရား၊ ဘကျိုးတရားက အရင်ဖြစ်တယ်၊ အကြောင်းတရားက နောက်မှဖြစ်တယ်ဆိုတော့ ဒီနာမ်နဲ့ရုပ်ဟာ သမ္ပယုတ် ဝိပ္ပယုတ်မှာ ပြဿနာရှိလို့ ပစ္ဆာဇာတဝိပ္ပယုတ်ကို သီးခြားဟောပါတယ်၊ပုရေဇာတဝိပ္ပယုတ်က မျှမှာဖြစ်တဲ့ စက္ခုပသာဒက ပစ္စည်းတရား၊ ပစ္စယုပ္ပန် နာမ်တရားက နောက်မှဖြစ်တော့ သမ္ပယုတ် ဝိပ္ပယုတ် ပြဿနာရှိလို့ ဝိပ္ပယုတ္တထဲမှာ ထပ်ပြီး ပုရေဇာတ်ဝိပ္ပယုတ်ကို ဟောပါတယ်၊ ဒါကြောင့် သမ္ပယုတ္တ မရပါ။

## သမ္ပယုတ္တနဲ့ အာသေဝန

အာသေဝနကာ အနန္တရမျိုးမှာပါလို့ သမ္ပယုတ် ဝိပ္ပယုတ် ပြဿနာ မရှိပါ။

## သမ္ပယုတ္တနဲ့. ကမ္မ

ကမ္မပစ္စည်းမှာ 'စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော'လို့ ဆိုထားတော့ ဒီကမ္မပစ္စည်းက သဟဇာတမျိုးပါ၊ 'စေကနာ သမ္ပယုတ္တကာနံ ဓမ္မာနံ' မှာ စေတနာက ပစ္စည်းတရား၊ 'တံသမ္ပယုတ္တကာနံ ဓမ္မာနံ' မှာ စေတနာနဲ့ ၎င်းနဲ့ ယှဉ်တဲ့စိတ်စေတသိက် နာမ်တရားဆိုတော့ နာမ်ကို နာမ်ချင်း ကျေးဇူးပြုတာမှာ သမ္ပယုတ္တ ရပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' မှာ စေတနာနဲ့ ယှဉ်တဲ့စိတ်

စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတော့ နာမ်က ရုပ်ကို ကျေးဇူးပြုလို့ ဝိပ္ပယုတ္တ ရပါတယ်။

**သမ္မယုတ္တနဲ့ ဝိပါက**

ဝိပါကပစ္စည်းမှာ 'ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ' ဆိုတော့ ဝိပါက်နာမ်ခန္ဓာ ၄-ပါးက **အချင်းချင်း** အပြန်ပြန်ကျေးဇူးပြုလို့ သမ္မယုတ္တပစ္စည်း ရပါတယ်၊ ဝိပါက်နာမ်ခန္ဓာ ၄-ပါးက **စိတ္တဇရုပ်**, ကမ္မဇရုပ်တွေကို ကျေးဇူးပြုတော့ ဝိပ္ပယုတ္တ ရပါတယ်။

**သမ္မယုတ္တနဲ့ အာဟာရ**

**ဆာဟာရပစ္စည်း**မှာ 'ကဗဠီကာရော အာဟာရော' မှာ ဩဇာဆိုတဲ့ အာဟာရရုပ်က ပစ္စည်းတရား၊ 'ဣမဿ ကာယဿ စတုဇကာယ' က ပစ္စယုပ္ပန်တရား၊ ရုပ် ရုပ်ချင်း ကျေးဇူးပြုတာမှာ သမ္မယုတ္တ မရပါ။ 'အရူပိနော အာဟာရာ သမ္မယုတ္တကာနံ ဓမ္မာနံ' မှာ နာမ်အာဟာရသုံးပါး**က** သူတို့နှင့် ယှဉ်တဲ့ စိတ် စေတသိက်တို့ကို နာမ်ကို နာမ်ချင်း ကျေးဇူးပြုလို့ သမ္မယုတ္တ ရပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပိနံ' မှာ နာမ်အာဟာရသုံးပါးနှင့် သူတို့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်ကို ကျေးဇူးပြုတော့ ဝိပ္ပယုတ္တ ရပါတယ်။

**သမ္မယုတ္တနဲ့ ဣန္ဒြိယ**

ဣန္ဒြိယပစ္စည်းမှာ စက္ခုန္ဒြိယဆိုတဲ့ ပုရေဇာတိန္ဒြိယကျတော့ ပုရေဇာတ ဝိပ္ပယုတ် ရပါတယ်၊ ရုပ်ဣန္ဒြိယဆိုတဲ့ 'ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပိနံ' မှာ ရုပ် ရုပ်ချင်း ကျေးဇူးပြုတော့ သမ္မယုတ် ဝိပ္ပယုတ် မရှိပါ၊ 'အရူပိနော ဣန္ဒြိယာ သမ္မယုတ္တကာနံ ဓမ္မာနံ' မှာ နာမ်ဣန္ဒြိယက သူတို့နှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်တဲ့ စိတ်, စေတသိက်တွေကို နာမ် နာမ်ချင်း ကျေးဇူးပြုလို့ သမ္မယုက္တ ရပါ၊ ဘယ်၊ နာမ်ဣန္ဒြိယတွေကြောင့်ဖြစ်လာတဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်တွေမှာတော့ ဝိပ္ပယုတ္တ ရပါတယ်၊ သဟဇာတမျိုးမှာပေါ့ ဒီအတိုင်းပါဘဲ။

### သမ္ပယုတ္တနဲ့ စျာန

စျာနပစ္စည်းမှာလဲ စျာန်အင်္ဂါတွေက စျာန်အင်္ဂါနဲ့ ယှဉ်တဲ့ စိတ်, စေတသိက်တွေကို နာမ်က နာမ်ချင်း ကျေးဇူးပြုလို့ သမ္ပယုတ္တ ရပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' မှာ စျာန်အင်္ဂါတွေက သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေကို ကျေးဇူးပြုတဲ့အခါမှာ ရုပ်ကို ကျေးဇူးပြုလို့ သမ္ပယုတ္တ မရပါ၊ ဝိပ္ပယုတ္တတော့ ရပါတယ်။

### သမ္ပယုတ္တနဲ့ မဂ္ဂ

'မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော' မှာ မဂ္ဂင်တရားတွေက မဂ္ဂင်တရားနဲ့ယှဉ်တဲ့ စိတ်, စေတသိက်တွေကို နာမ်က နာမ်ချင်း ကျေးဇူးပြုတဲ့အတွက် သမ္ပယုတ္တ ရပါတယ်၊ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' မှာ မဂ္ဂင်တရားတွေက သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အတွက် ဝိပ္ပယုတ္တ ရပါတယ်၊ အဲဒီတော့ သမ္ပယုတ်နဲ့ ဝိပ္ပယုတ် ဆိုတာက နောက်က ဟောခဲ့တဲ့ပစ္စည်းတွေကို ပြန်ပြီး ရှင်းတာပါဘဲ။

### ပစ္စည်းပြိုင်သဘော

သဟဇာတမျိုးကို ပြန်ပြီး ရေတွက်ရင် အခုန ရှင်းပြီးခဲ့တဲ့ အထဲက ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတတို့ အားလုံးဟာ သဟဇာတမျိုးထဲမှာ ဖြစ်ပါစေယ်။ သာဓောတရားမှာ သဟဇာတမျိုးဟာ ပစ္စည်းပြိုင်ရင် အမျိုးချင်းတူတာ ပြိုင်ရပါတယ်၊ ဒီ ၁၅-မျိုးထဲက ရသင့်တဲ့ပစ္စည်း ၅-ခု ရချင်ရမယ်၊ ၆-ခု ရချင်ရမယ်၊ ၉-ခု, ၁၀-ခုထိလဲ ရချင်ရနိုင်ပါတယ်။ ဒါကို ပစ္စည်းပြိုင်တယ်လို့ ခေါ်ပါတယ်။

အတူတကွဖြစ်တဲ့ပစ္စည်း သဟဇာတမျိုးကို အကြီးစား, အလတ်စား, အငယ်စား ခွဲပါတယ်။ အတူတကွ ပစ္စည်းပြိုင်ကြရင် သဟဇာတက မရတာတော့ မရှိပါ၊ ဟေတုတို့ အဓိပတိတို့ကတော့ ရချင်မှ ရပါတယ်၊

သဟဇာတ-ရတယ်ဆိုရင် နိဿယကလဲ ရပါတယ်၊ သဟဇာတနဲ့ နိဿယ ရလာတဲ့အခါကျတော့ အတ္ထိနဲ့ အဝိဂတကလဲ ရပါတယ်၊ သဟဇာတ ပစ္စည်းမျိုးကို ပြိုင်ရင် ဒီ ၄-မျိုး သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ကတော့ ပါ ပါတယ်။ ဥပမာအားဖြင့် လူတွေ့ အဖွဲ့ ဖွဲ့တဲ့အခါမှာ ဘယ် အဖွဲ့ကိုဘဲ ဖွဲ့ဖွဲ့ ကော်မီတီ၊ ဆပ်ကော်မီတီ ဘယ်လိုဘဲ ခွဲခွဲ သူတို့ ၄-ဦး လုံး ပါ ပါတယ်၊ ဒါကြောင့်မို့ သူတို့ကို အကြီးစားအမျိုး လို့ အမည်ပေး ကြပါတယ်။

## ပညာနဲ့ ပစ္စည်းပြိုင်

ဥပမာ ပြောရရင် ဟေတုပစ္စည်းက လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟိတ်တွေ့ ရှိတဲ့အနက်က အမောဟကို ယူပါတယ်၊ အမောဟပညာကို ပစ္စည်းတရားယူရင် ပညာနဲ့ယှဉ်တဲ့ စိတ်, စေတသိက်က ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ပညာနဲ့ယှဉ်တဲ့ စိတ်, စေတသိက်က အတူတကွဖြစ်လို့ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ-ကတော့ ရပါတယ်။

ဟေတုပစ္စည်းမှာဆိုရင် ပညာက ဟေတု မည်ပါတယ်၊ ပညာကို ပစ္စည်းပြိုင်တဲ့အခါ ဟေတုထပ်ထည့်တာက ပညာက ဟိတ်ဖြစ်နေလို့ပါဘဲ။ အဓိပတိမှာ ဝီမံသက အဓိပတိ ဖြစ်နေပါတယ်၊ အဓိပတိပစ္စည်းမှာ ဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ ဆိုတဲ့ ပစ္စည်းတရားတွေဖြစ်နေတော့ ဝီမံသဆိုတာက ပညာပါဘဲ၊ တိဟိတ်ဇောမှာရှိတဲ့ဝီမံသပညာက သူနဲ့ယှဉ်တဲ့ စိတ်, စေတသိက်တို့ကို ကျေးဇူးပြုတဲ့အခါမှာ အဓိပတိပစ္စည်း ရပါတယ်။

နာမ်ကိုနာမ်ချင်း အပြန်အလှန် ကျေးဇူးပြုတဲ့အခါ အညမည ရပါတယ်၊ ပညာက သူနဲ့ယှဉ်တဲ့ စိတ်, စေတသိက် ကျေးဇူးပြုတော့ သမ္မယုတ္တလဲ ရပါတယ်၊ ဣန္ဒြိယပစ္စည်းမှာတော့ 'အရူပိနော ဣန္ဒြိယာ'မှာ နာမ် ဣန္ဒြေ ၈-ပါးက ပညာဆိုတဲ့ ပညိန္ဒြေပါတော့ ပညာ ပစ္စည်းတရားယူရင် ဣန္ဒြိယပစ္စည်းလဲ ရပါတယ်။

**ဗျာနယစွဉ်း**တထုံးမှာ စျာန်အင်္ဂါ ငါးပါးက ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ကေဂ္ဂတာဆိုတဲ့ စျာန်အင်္ဂါငါးပါးမှာ ပညာမပါတဲ့အတွက် ပညာမဟုတ်းယုဂင် စျာနပစ္စည်းမှာ **မရပါ**။ မဂ္ဂမှာ မဂ္ဂင် ၅စ်ပါးက သမ္မာဒိဋ္ဌိဟာ ပညာဖြစ်နေလို့ ပညာနဲ့ပစ္စည်းပြိုင်ရင် မဂ္ဂပစ္စည်း**ရ**ပါတယ်၊ ပညာက ပညာနဲ့ယှဉ်**ထဲ့စိတ်**, စေတသိက်**တို့ကို** နာမ်ကိုနာမ်**ချင်း** ပစ္စည်းပြိုင်တဲ့အတွက် **အ**ညမည, **သ**မ္မဒယုတ္တလဲ **ရ**ပါ**တယ်**၊ **ရူ**ပ်မဟုတ်လို့တော့ ဝိပ္ပယုတ္တက မရပါ၊ ဒါကြောင့် ပညာကို နာမ် **နာမ်ချင်း** ပစ္စည်း ပြိုင်ကြည့်တဲ့အခါမှာ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ-ဆိုတဲ့ ၄-ခုကတော့ **ရ**ပြီးသား ဖြစ်ပါတယ်၊ နောက်ထပ်ပြီး ဟေတု, အဓိပတိ, **အ**ညမည, သမ္မယုတ္တ, ဂ္ဂတ္ထိုယ, မဂ္ဂဆိုတဲ့ ပစ္စည်းတွေလဲ ရပါတယ်။ ယခုရှင်းပြနေတာက ပညာ**စေတ**သိက်ကို ပစ္စည်းတထုံးယူရင် ပစ္စည်း**ပေါင်း** ဘယ်လောက် ပြိုင်လို့ရသလဲ၊ ပြိုင်နိုင်သလဲ ဆိုတာကို နှမူနာ**အ**နေနဲ့ ရှင်းပြတာဘဲ **ဖြ**စ်ပါတယ်။ သမ္မယုတ္တကတော့ ဒီလောက်ရှင်း**ရ**င် တော်လောက်ပါပြီ။

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း သင်ကြား ပို့ချချက်များ

ပဋ္ဌာန်း ၂၄-ပစ္စည်း ဆုံးခါနီးမှာ 'သမ္မယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယော' လို့ ပစ္စည်း တစုံ တစုံ ဟောပါတယ်၊ ဒီလို တစုံ တစုံ ဟောရခြင်း အကြောင်းကို စဉ်းစားရင် ဉာဏ်စဉ်အလိုက် နက်နဲသွားပါတယ်။

သမ္မယုတ္တပစ္စည်းက ယှဉ်ဘော်ယှဉ်ဘက်အဖြစ်နဲ့ ကျေးဇူးပြုတာပါ၊ အတူတကွ ကျေးဇူးပြုတဲ့ သဟဇာတပစ္စည်းထက် အများကြီး ကျဉ်းပါ ကယ်၊ သဟဇာတက အတူတကွဖြစ်တဲ့ နာမ်က ရုပ်ကို ကျေးဇူး ပြုနိုင်တယ်၊ သမ္မယုတ္တက အတူတူဖြစ်, အတူတူပျက် ပေါင်းစပ်ပြီး ခဲမရအောင် တသားထဲ ဖြစ်နေတဲ့ နာမ် နာမ်ချင်းကိုသာ ကျေးဇူးပြုနိုင်ပါတယ်။

အညမညက အပြန်အလှန်လဲ ကျေးဇူးပြုတယ်၊ အတူတကွလဲ ဖြစ်တယ်၊ သမ္မယုတ္တနဲ့ကျကော့ အညမညက နဲနဲကျယ်ပါတယ်၊ အညမည-က နာမ်က ရုပ်ကို, ရုပ်က နာမ်ကို ကျေးဇူးပြုလို့ ပဋ္ဌိသန္ဓေအခါမှာ အညမညကတော့ ရပါတယ်။ ပဋ္ဌိသန္ဓေအခါမှာ ရုပ်က နာမ်ကို ကျေးဇူးပြုတယ်၊ နာမ်က ရုပ်ကို ကျေးဇူးပြုတယ်ဆိုတော့ ရုပ်နဲ့နာမ် ဖြစ်တဲ့အတွက် နာမ်နဲ့နာမ်ချင်း မှာသာ ကျေးဇူးပြုတဲ့ သမ္မယုတ္တ မဖြစ်ပါ။

သဟဇာတကလဲ အတူတကွ ဖြစ်ပါတယ်၊ အညမညကလဲ အတူတကွ ဖြစ်ပါတယ်၊ သမ္မယုတ္တကလဲ အတူတကွ ဖြစ်ပါတယ်၊ သို့ပေမဲ့ ဒီသုံးမျိုးမှာ သမ္မယုတ္တက အကျဉ်းဆုံး ဖြစ်သွားတယ်၊ သဟဇာတရတိုင်းလဲ အညမညမရ၊ အညမညရတိုင်းလဲ သမ္မယုတ္တကမရ၊ သဟဇာတနဲ့ အညမညရတိုင်းလဲ သမ္မယုတ္တက မရပါ။

သမ္မယုတ္တရဲ့ ဆန့်ကျင်ဘက်ကတော့ ဝိပ္ပယုတ္တပစ္စည်းပါဘဲ၊ ဝိပ္ပယုတ္တပစ္စည်းမှာ ပစ္စယနိဒ္ဒေသမှာ ပြတာက ပါဠိတော်အတိုင်းဆိုရင် 'ရူပီနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော' ရုပ်တရားက နာမ်တရား ကျေးဇူးပြုရင် ဝိပ္ပယုတ္တပစ္စည်းပါ၊ ဒါက ပြီးခဲ့တဲ့ နောက်ပစ္စည်းတွေကို မြန်ပြီး ဥပဒေ ရေးတာပါဘဲ၊ ပြီးခဲ့တဲ့ ပစ္စည်းတွေ ကျေးဇူးပြုတာက ရုပ်က နာမ်ကို ကျေးဇူးပြုပုံတွေ၊ နာမ်က ရုပ်ကို ကျေးဇူး ပြုပုံတွေ၊ ရုပ်နာမ်က ရုပ်နာမ်ကို ကျေးဇူးပြုပုံတွေ၊ နာမ်က ရုပ်နာမ်ကို ကျေးဇူးပြုပုံတွေ၊ နာမ်က နာမ်ကို ကျေးဇူးပြုပုံတွေ၊ ပစ္စည်းတွေမှာ အမျိုးမျိုး ပါခဲ့ပါတယ်၊ ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တပစ္စည်းထိုက်တယ်၊ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တပစ္စည်းထိုက်တယ်လို ဒီလိုဥပဒေ ၂-ကြောင်း ရေးဆွဲထားရတာက ဘယ်ရုပ်က ဘယ်နာမ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တထိုက်သလဲ၊ ဘယ်နာမ်က ဘယ်ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တ ထိုက်သလဲဆိုတာကို ရှင်းချင်လို့ပါဘဲ။

ဒီအဖြေက ၂၄-ပစ္စည်းမှာ ပြီးခဲ့တဲ့ ပစ္စည်းတွေမှာ စာကြေလာတဲ့ စာသင်သားဆိုရင် ဖြေတတ်ကြပါတယ်၊ သဟဇာတပစ္စည်းနဲ့ သမ္မယုတ္တ, ဝိပ္ပယုတ္တ ခဲ့ကြည့်ကြပါစို့၊ သဟဇာတပစ္စည်းမှာ ပြန်ကြည့်ရင် နာမ်ကို ကျေးဇူးပြုတဲ့ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့ ပဌမဆုံး အပိုဒ်ဟာ သမ္မယုတ္တမှာလဲ ဒါဘဲပါတော့ သဟဇာတပစ္စည်းကို မြတ်စွာဘုရားက ထပ်ပြီး သမ္မယုတ္တ, ဝိပ္ပယုတ္တဥပဒေနှင့် ခဲ့ပြတာပါဘဲ၊ သူတို့က နာမ် နာမ်ချင်းလဲ ဖြစ်အယ်၊ အတူဖြစ်, အတူပျက်၊ ဒါကြောင့် သမ္မယုတ္တလဲ ဖြစ်တယ်လို့ ဆိုလိုတာပါ။

ဒီအဖြေက ၂၄-ပစ္စည်းမှာ ပြီးခဲ့တဲ့ ပစ္စည်းတွေမှာ စာကြေလာတဲ့ စာသင်သားဆိုရင် ဖြေတတ်ကြပါတယ်၊ သဟဇာတပစ္စည်းနဲ့ သမ္မယုတ္တ, ဝိပ္ပယုတ္တ ခဲ့ကြည့်ကြပါစို့၊ သဟဇာတပစ္စည်းမှာ ပြန်ကြည့်ရင် နာမ်ကို ကျေးဇူးပြုတဲ့ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့ ပဌမဆုံး အပိုဒ်ဟာ သမ္မယုတ္တမှာလဲ ဒါဘဲပါတော့ သဟဇာတပစ္စည်းကို မြတ်စွာဘုရားက ထပ်ပြီး သမ္မယုတ္တ, ဝိပ္ပယုတ္တဥပဒေနှင့် ခဲ့ပြတာပါဘဲ၊ သူတို့က နာမ် နာမ်ချင်းလဲ ဖြစ်အယ်၊ အတူဖြစ်, အတူပျက်၊ ဒါကြောင့် သမ္မယုတ္တလဲ ဖြစ်တယ်လို့ ဆိုလိုတာပါ။

'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဒုတိယ အပိုဒ်ကျတော့ မဟာဘုတ် ၄-ပါးဟာ အချင်းချင်း သဟဇာတဖြစ်ပါတယ်ဆိုပေမဲ့ ရုပ်ကို ရုပ်ချင်း ကျေးဇူးပြုတာမှာ ဝိပ္ပယုတ္တ ဥပဒေနဲ့ မဆိုင်ဘော့ပါ၊ ရုပ်က နာမ်ကို ကျေးဇူးပြုမှု, နာမ်က ရုပ်ကို ကျေးဇူး

ပြုမှ ဝိပ္ပယုတ္တပစ္စည်းက ရတော့ ဒီနေရာမှာ ဝိပ္ပယုတ္တ ဥပဒေအရ ရုပ်ကို ရုပ်ချင်း ကျေးဇူးပြုလို့ ဝိပ္ပယုတ္တ မရပါ။

'သြကန္တိကွဏော နာမရုပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော' တတိယပို့ဒ်မှာ ပဋိသန္ဓေအခါမှာ ရုပ်က နာမ်ကို သဟဇာတနဲ့ ကျေးဇူးပြုတယ်၊ နာမ်က ရုပ်ကို သဟဇာတနဲ့ ကျေးဇူးပြုတယ်ဆိုတော့ ဒီနာမ်နဲ့ ရုပ်ဟာ သဟဇာတသာမက အညမညလဲ ရပါတယ်၊ ဝိပ္ပယုတ္တပစ္စည်းက 'ရူပိနော မမှာ အရူပိနံ ဓမ္မာနံ'မှာ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမ်ကို,ပဋိသန္ဓေနာမ်က ဟဒယဝတ္ထုရုပ်ကို ဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ ဒါကြောင့် 'သြကန္တိကွဏော နာမရုပံ' ဆိုတဲ့ သဟဇာတနဲ့ အညမည ပစ္စည်းကို'ရူပိနော မမှာ အရူပိနံ ဓမ္မာနံ, အရူပိနော မမှာ ရူပိနံ ဓမ္မာနံ' လို့ ထပ်ရှင်းတာဘဲ ဖြစ်ပါတယ်။

တကယ်လို့သာ ဒီလို နောက်မှာဆက်ပြီးမဟောရင် သဟဇာတပစ္စည်းမှာ ပဋိသန္ဓေခဏမှာ နာမ်နဲ့ရုပ်ဟာ အတူတကွ တပြိုင်နက်ဖြစ်လို့ သဟဇာတလဲ ဖြစ်တယ်၊ အညမည အပြန်အလှန်လဲ ကျေးဇူးပြုတယ်ဆိုတော့ သမ္မယုတ်လား ဝိပ္ပယုတ်လား ဆိုတာက စဉ်းစားစရာ ဖြစ်လာမှာစိုးလို့ 'ရူပိနော မမှာ အရူပိနံ ဓမ္မာနံ, အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ'လို့ ဝိပ္ပယုတ္တပစ္စည်းက ဒါကိုပြန်ရှင်းတာပါဘဲ။ ပဌမ ဥပဒေတွေက မပြည့်စုံလို့ လို့တဲ့နေရာမှာ အသုံးချနိုင်တဲ့ ဥပဒေများထပ်ပြီး ရေးရသလိုပါဘဲ။

'စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော'ဆိုတဲ့ စတုတ္ထစာပို့ဒ်မှာ စိတ် စေတသိက်က နာမ်တရား၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံက ရုပ်တရားဖြစ်ပါတယ်။ နာမ်တရားက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ 'အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော'ဥပဒေအရ ဝိပ္ပယုတ္တရပါတယ်၊ သဟဇာတပစ္စည်းကိုပြန်ကြည့်ရင် 'သြကန္တိကွဏော နာမရုပံ, စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ' ဒီ ၂-ပို့ဒ်ကို ဝိပ္ပယုတ္တပစ္စည်းမှာ သဟဇာတ ဝိပ္ပယုတ်လို့ ခေါ်ပါတယ်။

## (က) သဟဇာတဝိပ္ပယုတ်

ဝိပ္ပယုတ္တပစ္စည်းက သဟဇာတဝိပ္ပယုတ်,ပုရေဇာတဝိပ္ပယုတ်,ပစ္ဆာဇာတဝိပ္ပယုတ်၊ ဒီလို ဝိပ္ပယုတ္တပစ္စည်း ၃-မျိုး ရှိပါတယ်၊ သဟဇာတမှာ ပါတဲ့ ဒီ ၂-ပိုဒ်ကို ရည်ရွယ်ပြီး 'ရှိပေနှာ ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော'လို့ ထပ်ပြီး ဥပဒေတခု ရေးကပါဘဲ။

## (ခ) ပုရေဇာတဝိပ္ပယုတ်

ပုရေဇာဟပဒှည်းမှာ ပြန်ကြည့်ရင် 'စက္ခာယတနံ စက္ခုဝိညာဏဓာတု ဟာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'ဆိုတော့ စက္ခာယတနံက စက္ခုပသာဒရုပ်ပါ၊ စက္ခုဝိညာဏ်နဲ့ စေတသိက်တွေက နာမ်တရားတွေပါ. ရုပ်ကဆားက နာမ်တရားကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒ=စက္ခုဒသ္ဆုရုပ်ကိုမှီပြီး စက္ခုဝိညာဏ်မြင်စိတ်က ဖြစ်တယ်၊ မျက်စိမြင်တယ်, မြင်တယ်လို့ အများက ပြောနေကြတာက မျက်စိက စက္ခုပသာဒရုပ်ပါ၊ ဒီစက္ခုပသာဒရုပ်ကို မှီပြီးဖြစ်တဲ့ ဝိညာဏ်စိတ်ကမှ မြင်တာပါ၊ ဝိညာဏ်စိတ်ကလေးဟာ စက္ခုပသာဒက ထွက် ထွက်ပြီး မြင်နေရတာလို့ ထင်နေကြတာပါ၊ စက္ခုပသာဒရုပ်နဲ့ စက္ခုဝိညာဏ်ဟာ ရုပ်နဲ့ နာမ် ဘယ်လိုဘဲ သူတို့ချင်းမှီပြီး တသက်လုံးပေါင်းနေရပေမဲ့ ဘယ်သောအခါမှ သမ္မယုတ္တ မဖြစ်၊ ဝိပ္ပယုတ္တဘဲ ဖြစ်ရပါတယ်။

ပုရေဇာတဝိပ္ပယုတ္တပစ္စည်းမှာ 'စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ' ဆိုတဲ့ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ ဆိုတဲ့ ပသာဒရုပ် ငါးခုဟာ မြင်စိတ်, ကြားစိတ်, နံစိတ်, လျက်သိစိတ်, ထိတွေ့သိစိတ် ဆိုတဲ့ ဒီစိတ်ဝိညာဏ်တွေဟာ ပသာဒရုပ် ငါးခုကို မှီပြီး ဖြစ်တော့ ဒီမှီပြီး ဖြစ်တဲ့ ဝိညာဏ်နဲ့ ရုပ်တွေဟာ သမ္မယုတ်လား, ဝိပ္ပယုတ်လားလို့ တရားနာတဲ့ ပရိသတ်တွေ သံသယရှိမှာစိုးလို့ မြတ်စွာဘုရားက 'ရှိပေနှာ ဓမ္မာ အရူပိနံ ဓမ္မာနံ' လို့ ဝိပ္ပယုတ္တပစ္စည်းမှာ ထပ်ပြီး ဥပဒေတခု ထုတ်ရတာပါဘဲ။

ပဿဒ္ဓိရုပ်ငါးခုဖြစ်တဲ့ ပဋ္ဌာန်းရုပ်ငါးခုက သူ့အပေါ်မှာမှီပြီး ဖြစ်တဲ့ ဝိညာဏ်ကို ကျေးဇူးပြုလို့ ဒါကို ဝတ္ထုပုရေဇာတဝိပဿနာတရားလို့ ခေါ်ပါတယ်၊ ပုရေဇာတနောက်ဆက်တဲ့မှာ ရှုပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုဆက်ပြီး အာရမ္မဏပုရေဇာတကို ဟောတဲ့အခါမှာ ရှုပါရုံရုပ်က ပစ္စည်းတထုံး၊ စက္ခုဝိညာဏခဏကုဟာ နာမ်က ပစ္စယုပ္ပန်ဟုဆိုး၊ ရုပ်က နာမ်ကို ကျေးဇူးပြုတော့ 'ရှုပီနော ဓမ္မာ အရူပိနံ ဓမ္မာနံ' ဆိုတဲ့ ဝိပဿနာတရားပွါးများခြင်း ဥပဓေနဉ်ကြည့်ရင် ရုပ်ကနာမ်ကို ကျေးဇူးပြုတဲ့အတွက် ဝိပဿနာတရားထဲ ထည့်ယူရခေတာ့မလိုလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ အာရမ္မဏပုရေဇာတမှာ မြတ်စွာဘုရားက ဝိပဿနာတရားကို မဟောပါ။ ဘာဖြစ်လို့ မဟောသလဲ ဆိုတဲ့အခါမှာ မြင်တဲ့စိတ်က ရှုပါရုံကိုမှီပြီး ဖြစ်သည်မဟုတ်၊ စက္ခုပသာဒမှီပြီး စက္ခုဝိညာဏ်ကဖြစ်ဘာ၊ ဒီတော့ စက္ခုပသာဒရုပ်နဲ့ မြင်တဲ့စိတ်မှာ သူတို့ချင်း သမ္မယုတ်, ဝိပ္ပယုတ်လို့ ပြောစရာမှာ စဉ်းစားစရာပြဿနာ ရှိနေပါတယ်။

ဟိုကရှုပါရုံနဲ့ ဒီကမြင်တဲ့စိတ်မှာကတော့ သမ္မယုတ်လား, ဝိပ္ပယုတ်လား စဉ်းစားစရာမရှိပါ၊ ဝိပ္ပယုတ္တအစစ်ဖြစ်ပါတယ်၊ 'ရှုပီနော ဓမ္မာ အရူပိနံ ဓမ္မာနံ' ဆိုတဲ့ ဝိပ္ပယုတ္တပစ္စည်းပေါက ပြဿနာရှိတဲ့နေရာမှာသာ အသုံးပြုရပါတယ်။ အာရမ္မဏပုရေဇာတမှာ မဟောတာက အာရုံငါးပါးက ဝိညာဏ်တွေကို ကျေးဇူးပြုတဲ့အခါမှာ သမ္မယုတ်, ဝိပ္ပယုတ် ပြဿနာမရှိလို့ပါဘဲ။

စက္ခုဝတ္ထုကတော့ စက္ခုဝိညာဏ်နဲ့ ခွဲလို့မရပါ၊ မြင်တဲ့စိတ်ဟာ စက္ခုပသာဒရုပ်မှ ဘွားကနဲ့ ဘွားကနဲ့ ပေါ်လာတာပါ၊ အခုလဲ လူတွေ့ကမျက်စိကမြင်တယ်၊ နားကကြားတယ်၊ နာဓေါင်းက နံတယ်လို့ ဒီလိုဘဲ ရုပ်ခတွေက မြင်တယ်၊ ကြားတယ်၊ နံတယ်လို့ပြောနေကြတော့ ဒီလိုအပြောမှာတောင် ပြဿနာရှိလို့ ဝိပ္ပယုတ္တပစ္စည်းမှာထပ်ပြီး ဥပဓေသုတ်ရပါတယ်၊ ဒါကြောင့် အာရမ္မဏပုရေဇာတနဲ့ ဝတ္ထုပုရေဇာတ ၂-မျိုးရှိတဲ့ အထဲမှာ အာရမ္မဏပုရေဇာတကို ပစ္စည်းပြုင်တဲ့အခါမှာ ဝိပ္ပယုတ္တပစ္စည်း ထည့်မပြုင်ရပါ၊ ဝတ္ထုပုရေဇာတမှာသာ ဝိပ္ပယုတ္တပစ္စည်းက ပြုင်ရပါတယ်၊ ဒီပြဿနာက နဲနဲနုက်နဲလို့ သေသေချာချာပြန်ပြီး ရှင်းပြဟာပါ။

## (၈) ပစ္ဆာဇာတဝိပွယုတ်

ဝိပွယုတ္တာပစ္စည်းမှာ ပစ္ဆာဇာတဝိပွယုတ် ကျန်နေပါသေးတယ်၊ ပစ္ဆာဇာတ ပစ္စည်းနှာ 'ပစ္ဆာဇာတာ စိတ္တာစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော' ဆိုတော့ 'ပစ္ဆာဇာတာ စိတ္တာစေတသိကာ ဓမ္မာ' က နောက်နောက်၌ ဖြစ်သောစိတ် ဧးတသိုက် ဆိုတဲ့ နာမ်တရားတွေပါ၊ 'ပုရေဇာတဿ ဣမဿ ကာယဿ' က ရှေးရှေး၌ ဖြစ်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ဆိုဘဲ့ ဤ ခန္ဓာကိုယ် ရုပ်ကြီးကို ဆိုလိုတာပါ၊ ဤခန္ဓာကိုယ်ရုပ်ကြီးကို နောက်နောက်၌ ဖြစ်တဲ့ စိတ် ဧစေတသိုက်တွေက ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ သမ္ပယုတ်လား, ဝိပွယုတ်လား ဆိုတဲ့ ပြဿနာရှိလာပါတယ်။

ဒီအခါမှာ 'အရှေပိနော ဓမ္မာ ရှေပိနံ ဓမ္မာနံ ဝိပွယုတ္တာပစ္စယေန ပစ္စယော' ဥပဒေအရ နောက်နောက်က နာမ်တရားက ရှေ့ရှေ့က ရုပ်တရားကို ကျေးဇူးပြုတဲ့အခါ ဝိပွယုတ် ပါဘဲလို့ ဆုံးဖြတ်ရပါတယ်၊ ပစ္စယနိဒ္ဒေသမှာ သာမညဟောပေမဲ့ ပဥ္စဝါရမှာ ပစ္ဆာဇာတဝိပွယုတ်ကို ဖော်ပြပြီး ဟောထားပါတယ်။

### ဝိပွယုတ္တာပစ္စည်းဟောရကြောင်း

သဟဇာတပစ္စည်းမှာ သမ္ပယုတ်, ဝိပွယုတ် သံသယဖြစ်စရာ အပိုဒ်တွေ ပါနေတယ်၊ ဝတ္ထုပုရေဇာတမှာလဲ သမ္ပယုတ်, ဝိပွယုတ် သံသယရှိစရာ ပါနေတယ်၊ ပစ္ဆာဇာတမှာလဲ သမ္ပယုတ်, ဝိပွယုတ် သံသယရှိစရာပါနေတယ်၊ အဲဒီအခါမှာ ဘယ်တရားနဲ့ ဘယ်တရားဟာ ဝိပွယုတ္တဘဲလို့ ဆုံးဖြတ်နိုင်ရန်အတွက် ဝိပွယုတ္တာပစ္စည်းမှာ ရုပ်ကနာမ်, နာမ်ကရုပ်သည် ဘယ်တော့မှ သမ္ပယုတ္တမဖြစ်၊ ဝိပွယုတ္တသာ ဖြစ်တယ်၊ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ဒီတရားတွေဟာ ဘယ်လိုဘဲ သဟဇာတ ပေါင်းနေပေါင်းနေ၊ ဘယ်လိုဘဲ အညမည အပြန်အလှန် ကျေးဇူးပြုနေပြုနေ နာမ်နဲ့ရုပ်ဟာ ဘယ်တော့မှ သမ္ပယုတ္တမဖြစ်လို့ ခိုင်ခိုင်မာမာ ဥပဒေပြန်ပြီး ထုတ်ပြန်တာပါဘဲ။

ပဋိသန္ဓေအခါမှာ နာမ်နဲ့ရုပ်ဟာ အစဉ်းစွာ ဖြစ်ရတဲ့အတွက် သူတို့ချင်း အတူတူမို့ပြီး ထူထောင်လာတဲ့ ဘဝရဲ့ အစကလေးမှာ 'ကိုင်းကျွန်းမို့ ကျွန်းကိုင်းမို့' အတူတကွ ဖြစ်ကြလို့ သဟဇာတ အပြန်အလှန် ကျေးဇူး ပြုကြလို့ အညမည ဖြစ်နေပေမဲ့ သမွယုတ္တ မဖြစ်ပါ။ ဒီဥပဒေအရ ရုပ်က နာမ်ကို ဘယ်တော့မှ သမွယုတ္တမဖြစ်၊ နာမ်က ရုပ်ကို ဘယ်တော့မှ သမွယုတ္တ မဖြစ်လို့ ဒီလို သမွယုတ် ဝိပွယုတ် သံသယဖြစ်စရာ ပစ္စည်းတွေအတွက် ထပ်ပြီး ဟောတာဟာ ဝိပွယုတ္တပစ္စည်းပါဘဲ၊ ဒါက ဝိပွယုတ္တ ပစ္စည်းရဲ့ ရိုးရိုး ပဋ္ဌာန်း အဓိပ္ပါယ်ပါဘဲ။

**သမွယုတ္တ ဝိပွယုတ္တ ဝိပဿနာ**

ဒီ့ထက်ပိုပြီး ဝိပဿနာတရား ဟောနေတဲ့ဆရာတော်ကြီးများကတော့ ဝိပွယုတ္တပစ္စည်းကို ဟောခြင်းဟာ 'နာမ်နဲ့ရုပ် အတူတကွဘဲ ဖြစ်နေဖြစ်နေ, အပြန်အလှန်ဘဲ ကျေးဇူးပြုနေပြုနေ နာမ်က တခြား၊ ရုပ်က တခြား၊ သဘောတရားမှာကတော့ တခြားစီဘဲ၊ ဘယ်တော့မှ ပေါင်းစပ်လို့လဲ မရ၊ သမွယုတ္တ မဖြစ်ဘူး'လို့ ဒီသိုသိလာတာက နာမရူပပရိစ္ဆေဒဉာဏ် ပါဘဲလို့ ဆိုပါတယ်၊ နာမ်ရဲ့သဘောကိုလဲ သေသေချာချာသိ, ရုပ်ရဲ့သဘောကိုလဲ သေသေချာချာသိရင် နာမ်နဲ့ရုပ်ဟာ ကွဲသွားပါတယ်၊ **ဝိပွယုတ္တပစ္စည်းကို သတော်ပေါက်ရင် နာမရူပပရိစ္ဆေဒဉာဏ်**ကို ရနိုင်ပါတယ်လို့ ဆိုပါတယ်။

တချို့ ရုပ်နဲ့ နာမ်တွေဟာ အတူတကွ ဖြစ်တယ်၊ စိတ္တဇရုပ်တွေဟာ ဆိုရင် စိတ်ဖြစ်ရင်ဖြစ်၊စိတ်ပျက်ရင်ပျက်ပါတယ်၊ လောဘစိတ် ဖြစ်တဲ့အခါ လောဘရုပ်က ပေါ်လာပါတယ်။ လောဘစိတ်နဲ့ လောဘရုပ်ဟာ တပြိုင်နက်ထဲ ဖြစ်ပါတယ်၊ လောဘချုပ်သွားရင် လောဘရုပ်ကလဲ ချုပ်သွားပါတယ်၊ ဒေါသဖြစ်လာတဲ့ အခါမှာလဲ ဒေါသရုပ်က ပေါ်လာပါတယ်။ ဒေါသရုပ်က စိတ္တဇရုပ်ပါ၊ ဒေါသစိတ်ကြောင့် ဖြစ်လာတာ၊ နဂိုက ဒေါသရုပ် ရှိနေတာမဟုတ်ပါ၊ ဒေါသဖြစ်လို့ ဒေါသရုပ်ပေါက်လာပါတယ်၊ ဒီဒေါသနဲ့ စိတ္တဇရုပ်ဟာ အတူကွလို့ ထင်ရပါတယ်၊ သူတို့က တပြိုင်နက် ဖြစ်တယ်၊ သဟဇာတလဲ ဖြစ်နေတယ်၊ အဲဒီလို အခါမျိုးမှာ ဒေါသရုပ်နဲ့ ဒေါသဆိုတဲ့နာမ်, လောဘရုပ်နဲ့ လောဘဆိုတဲ့ နာမ်ဟာ သမွယုတ်များ

ဖြစ်မလားလို့ ဒီလို သံသယရှိနိုင်ပါတယ်၊ အဲဒီလို ရှိနိုင်တဲ့နေရာမှာ ဝိပ္ပယုတ္တ ပစ္စည်းနဲ့ ထပ်ပြီး နာမ်နဲ့ရုပ်ကို ခွဲပစ်လိုက်တဲ့အတွက် ရုပ်နဲ့နာမ် ကွဲပြားအောင် သိသွားရင် နာမရူပပရိစ္ဆေဒဉာဏ်ကို ရနိုင်ပါတယ်။

သမ္မယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော ဆိုတဲ့ ပစ္စည်း ၂-ခုနဲ့ နာမ်နဲ့ရုပ်ကို ခွဲပစ်လိုက်ပုံက သမ္မယုတ္တက နာမ်ကို နာမ်ချင်းမှ ကျေးဇူးပြုတယ်၊ ဘယ်တော့မှ နာမ်နဲ့ရုပ် သမ္မယုတ် မဖြစ်ပါ၊ ဝိပ္ပယုတ္တကလဲ ရုပ်ကနာမ်, နာမ်ကရုပ်ကိုသာ ဝိပ္ပယုတ္တနဲ့ ကျေးဇူးပြုတယ်၊ ဘယ်တော့မှ နာမ်နဲ့နာမ်ချင်း ဝိပ္ပယုတ္တ မဖြစ်ပါ၊ ဘယ်လိုမှ ခွဲမရတဲ့ အင်မတန် သိမ်မွေ့နက်နဲတဲ့ ရုပ်နာမ်တရားတွေကို သမ္မယုတ် ဝိပ္ပယုတ် ဥပဒေနဲ့ ခွဲပေးလိုက်တာပါဘဲ။

ဒီ သမ္မယုတ် ဝိပ္ပယုတ် သဘောကို သေသေချာချာ စဉ်းစားကြည့်မှ တရားသဘောထိအောင် ပေါက်ပြီး ပဋ္ဌာန်း တရားတော်ကြီးဟာ ဘယ်လောက်ထိအောင် နက်နဲတာဘဲ ဆိုတာ သိပါတယ်၊ ဂိုဟသနာတရား အားထုတ်ပြီး တရားရပြီး တရားပေါက်သွားကြတဲ့ ပုဂ္ဂိုလ်များမှာ ဒီလို ပဋ္ဌာန်းတရားနဲ့ ဆင်ခြင်နိုင်ပြီး တရားပေါက်ကြတာ မဟုတ်ပါ၊ ဒီပဋ္ဌာန်း တရားက ဝိပဿနာတော့ ဝိပဿနာပါဘဲ၊ ဒါပေမဲ့ အင်မတန် နက်နဲတဲ့ ဝိပဿနာပါ၊ ဒီ နာမ် ရုပ်တရားတွေကို နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သမ္မယုတ် ဝိပ္ပယုတ်နဲ့ ခွဲပြီးတော့ သိတဲ့ အသိမျိုးပါ၊ သိတာက နာဖ်, မသိတာက ရုပ်၊ ဒါကနာမ်, ဒါကရုပ်လို့ မှတ်ပြီး ဒါလောက်နဲ့ကွဲတဲ့ နာမရူပပရိစ္ဆေဒဉာဏ်မျိုး မဟုတ်ပါ။

ပဝတ္တိအခါမှာ စိတ်နဲ့စိတ္တဇရုပ်တွေ၊ ပဋိသန္ဓေအခါမှာ ဝိညာဏ်နဲ့ဟဒယဝတ္ထုရုပ်၊ ပဝတ္တိအခါမှာ ပတ္ထုရုပ်နဲ့မှီတဲ့ဝိညာဏ်တွေ ဒီလိုခွဲမရနိုင်တဲ့ အလွန်သိမ်မွေ့တဲ့ နေရာတွေမှာ သမ္မယုတ်, ဝိပ္ပယုတ်ခွဲပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ဆင်ခြင်နိုင်တဲ့ ဝိပဿနာက သာဓုဇနတဉာဏ်ရှင် ဘုရားသခင်မျိုးဆင်ခြင်ကြတဲ့ ဝိပဿနာပါ၊ ဖိုးဖိုးပုဂ္ဂိုလ်တွေမှာတော့ ပဋ္ဌာန်းနဲ့ ဝိပဿနာဆင်ခြင်လို့ ပစ္စည်းတိုင်း မရနိုင်ပါ၊ အာရမ္မဏပစ္စည်းလို အခြို့ပစ္စည်းမျိုးကတော့ ရသလောက် ရနိုင်ပါတယ်၊ ဝိပ္ပယုတ္တပစ္စည်းကတော့ ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ။ နိဂုံးချုပ်ကြပါစို့။

# ၂ ။ အတ္ထိပစ္စည်း
# သင်ကြားပို့ချချက်များ

## အတ္ထိပစ္စည်း ၅-မျိုး

ပဋ္ဌာန်းမှာ အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းလို့ တစုံရှိပါတယ်၊ အတ္ထိအဓိပ္ပါယ်ကတော့ ရိုးရိုးနဲ့လွယ်လွယ်ပါဘဲ၊ ဂတ္ထိဆိုတာ ထင်ရှားရှိနေဆဲမှာ ကျွေးဋ္ဌေးပြုတာပါ၊ ၂၄-ပစ္စည်းမှာ သဟဇာတပစ္စည်းမျိုးက ၁၅-မျိုးရှိပါတယ်၊ ဒီ ၁၅-မျိုးလုံးကို အတ္ထိပစ္စည်းက ထင်ရှားရှိနေဆဲမှာသာ ကျွေးဋ္ဌေးပြုတယ်လို့ ခြုံပြီးဟောလိုက်ဘာပါဘဲ။ အတ္ထိပစ္စည်းကို မြတ်စွာဘုရား ဟောကြားခဲ့တာကို ပြန်ပြီးကြည့်ရင်-

၁။ သဟဇာတတ္ထိ

(၁) စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊

(၂) စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊

(၄) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊

(၅) မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော-

လို့ ဆိုထားပါတယ်။

(၁) ပဌမအပိုဒ်မှာ နာမ် နာမ်ချင်း သဟဇာတ အတူတကွဖြစ်ပြီး ကျေးဋ္ဌေးပြုတယ်၊ အညမည နာမ် နာမ်ချင်း အပြန်အလှန် ကျေးဋ္ဌေးပြုတယ်လို့လဲ ဟောခဲ့ပါတယ်။ ဒီလိုကျေးဋ္ဌေးပြုတယ် ဆိုတာကလဲ ထင်ရှား

ရှိပြီး ကျေးဇူးပြုတဲ့နည်း၊ ထင်ရှားမရှိဘဲ ကျေးဇူးပြုတဲ့နည်းလို ၂-မျိုး ရှိပါတယ်၊ သဟဇာတ အတူတကွ ဖြစ်ပြီးမှ ကျေးဇူးပြုတယ် ဆိုတာက ထင်ရှားရှိတဲ့အခါမှာသာ ကျေးဇူးပြုတာပါ၊ ကာလနဲ့ပြောရင် အတိတ် ပစ္စုပ္ပန် အနာဂတ်မှာ ပစ္စုပ္ပန်ဆိုတဲ့ ဖြစ်ဆဲခဏမှာသာ ကျေးဇူးပြုနိုင် ပါတယ်၊ ဖြစ်ဆဲခဏမဟုတဲ့ရင် သဟဇာတမျိုးက ကျေးဇူးမပြုနိုင်ပါ။

## အဘိဓမ္မာပြဿနာတမျိုး

အတ္ထိပစ္စည်းနဲ့ ပတ်သက်လို့ ဒီနေရာမှာ ပြဿနာတခု ပြောချင်ပါ တယ်၊ တချို့ အဘိဓမ္မာလေ့လာတဲ့ ပုဂ္ဂိုလ်တွေက 'ရုပ်တရား နာမ်တရား တွေဟာ တကယ် အရှိတရားတွေ မဟုတ်ဘူး၊ အခု အမျှားသုံးနေကြတဲ့ စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-ဆိုတဲ့ နာမ်တရား, ရုပ်တရားတွေ ဟာ တကယ်ရှိတာမဟုတ်၊ တကယ့်အရှိတရားကမှ ရုပ်တရား, နာမ်တရား တွေ ထု,ထပြီး ဖြစ်နေတာ၊ တကယ်ရှိတဲ့တရားက သီးခြား ဇီဇသတ္တို အနေနဲ့ ငုပ်လျှိုးနေတဲ့ တရား ရှိသေးတယ်'လို့ အဘိဓမ္မာ လေ့လာတဲ့ ပုဂ္ဂိုလ်အချို့မှာ ဒီပြဿနာပေါ်ပါတယ်၊ ဒီလိုယူတဲ့ အဘိဓမ္မာဂိုဏ်းက ကဲ့သ့ားပါတယ်၊ ဒါက ဗုဒ္ဓဘာသာဝါဒမဟုတ်ပါ၊ အဘိဓမ္မာဂိုဏ်းကဲ့ ပုဂ္ဂိုလ်တွေရဲ့ အယူအဆ ဝါဒတမျိုးပါဘဲ။

## တကယ်ရှိတဲ့နာမ်

အတ္ထိပစ္စည်းကို သဘောပေါက်လာရင် အဘိဓမ္မာမှာ ပရမတ္ထလို့ပြော နေတဲ့ ရုပ်နဲ့ နာမ်ဟာ ပစ္စုပ္ပန်ထင်ရှားရှိပါတယ်၊ ဖြစ်ဆဲခဏမှာ ဝေဒနာ က တကယ်ရှိပါတယ်၊ ဝေဒနာဖြစ်လာရင် ဝေဒနာကွန်ရာ-က ကျန်တဲ့ သညာကွန်ရာ, သင်္ခါရကွန်ရာ, ဝိညာဏကွန်ရာ ဆိုတဲ့ ကျန်တဲ့ ၃-ပါးကို ကျေးဇူး ပြုတာပါ၊ ကျန်တဲ့ ၃-ပါးကလဲ ဝေဒနာကွန်ရာကို ကျေးဇူး ပြုတာပါ၊ သေသေချာချာ ဝိပဿနာရှုကြည့်ပါ။

ဝေဒနာကို ရှုတဲ့အခါ စိတ်ကူးနဲ့ ရှုနေရတာ မဟုတ်ပါ၊ ဝေဒနာ ဆိုဘာက ခံစားမှုတရားသဘော တကယ်ဖြစ်လာတာပါ၊ တကယ် ဖြစ်

လာတဲ့ ဝေဒနာကို ပြန်ရှုရင် ရှုလို့ရပါတယ်၊ စိတ်ဆိုတဲ့ လောဘစိတ်ကိုဘဲ ရှုရှု၊ ဒေါသစိတ်ကိုဘဲ ရှုရှု၊ လောဘစိတ်, ဒေါသစိတ် ဆိုတာတွေကလဲ တကယ်ဖြစ်လာပါတယ်၊ မေတ္တာစိတ်ဆိုရင်လဲ တကယ်ဖြစ်လာတာပါဘဲ၊ မေတ္တာစိတ်ကိုပြန်ကြည့်ရင်လဲ ဖြစ်လာတာ မြင်နိုင်ပါတယ်၊ ပြန်ပြီးကြည့်ရင် 'ဟိပသိက' မယုံရင် ထိုင်ကြည့်ပါ၊ ရှုကြည့်ပါ၊ လောဘစိတ် ဖြစ်လာတာ မြင်ရပါတယ်၊ ဒေါသစိတ်ဖြစ်လာတာလဲ မြင်ရပါတယ်၊ မေတ္တာစိတ်ဖြစ်လာတာလဲ မြင်နိုင်ပါတယ်၊ တကယ်ဖြစ်လာတဲ့ စိတ်ဟာ ဝိပဿနာဉာဏ်ရင် မြင်လာပါတယ်။

အတ္ထိပစ္စယောလို့ ဘုရားက ဟောလိုက်တော့ ဒီရုပ်နာမ်တရားတွေဟာ တကယ်ရှိတဲ့ တရားမဟုတ်၊ အရှိ တရားက တခြား ရှိနေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဇတ္တုအတွက် အဖြေရနိုင်ပါတယ်၊ ပရမတ္ထ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကတခြား၊ အတွင်းမှာ အနုသယသဘောနဲ့ ငုပ်နေတဲ့ ရုပ်နာမ်တွေက တခြား၊ ရုပ်နာမ်တွေဟာ ဗီဇသတ္တိတွေကမှ တဆင့် တဖွားဖွားဖြစ်ပေါ်နေပါတယ် ဆိုတဲ့ အယူဝါဒကို အတ္ထိပစ္စယောနဲ့ ဘုရားရှင်က ရှင်းရှင်းလင်းလင်း ဟောကြားထားပေမဲ့ ယခုထက်ထိ ဒီအယူကို ယူတဲ့သူတွေ ရှိနေပါသေးတယ်၊ ဒါကြောင့် နာမ် နာမ်ချင်းမှာလဲ နာမ်တရားတွေဟာ တကယ် အရှိတရားတွေပါဘဲ။

**တကယ်ရှိတဲ့ရုပ်**

(၂) စတ္တာရော မဟာဘူတာ-ဆိုတဲ့ ဒုတိယအပိုဒ်မှာ ပထဝီ,တေဇော, အာပေါ, ဝါယောဓာတ် ၄-ပါးဆိုတဲ့ မဟာဘုတ်တရားတွေဟာ တကယ် အရှိတရားတွေပါ၊ ယခုခေတ်မှာ ခေတ်စားနေတဲ့ ဓာတ်ကြီး ၄-ပါး၊ ဘူတိကဝါဒသမားတို့က သြကာသလောက, သတ္တလောက, သခ်ါရလောက သုံးပါးဟာ ပထဝီ, တေဇော, အာပေါ, ဝါယော-ဆိုတဲ့ ရေ မြေ လေ မီး ဓာတ်ကြီး ၄-ပါးကြောင့် ဖြစ်ပေါ်လာတာလို့ ဒီလိုယူဆကြပါတယ်၊ သူတို့ဉာဏ်နဲ့ကြည့်တော့လဲ သူတို့က ဒီဓာတ်ကြီး ၄-ပါးဘဲ မြင်ပါတယ်၊ ဓာတ်ကြီး ၄-ပါးမှာလဲ ပထဝီနဲ့ အာပေါ၊ တေဇောနဲ့

ဝါယော ပေါင်းလိုက်ရင် ဓာတ်နှစ်ပါးဘဲ ဖြစ်သွားပါတယ်၊ ဆအေးနဲ့ အပူ ဆိုဘဲ့ ဥတုကလဲ တေဇောခဲ့တာဘဲ့။

သူတို့ကတလောကလုံး ဩကာသလောက လူနေတဲ့ကမ္ဘာကြီး ဖြစ်ပေါ်လာတာဟဲ့ ဓာတ်ကြီး ၄-ပါးကြောင့် ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်၊ ဒါက မှန်ပါတယ်၊ ဘုရားရှင်ကလဲ ဥတုဇရုပ်ဆိုတာ ဥတုကြောင့် ဖြစ်တယ်လို့ ဟောပါတယ်၊ အပူလွန်ကဲရင်လဲ ကမ္ဘာက ပျက်တယ်၊ အအေးလွန်ကဲရင်လဲ ကမ္ဘာက ပျက်တယ်၊ ဒီလို ကမ္ဘာက ပျက်သွားပေမဲ့ ဓာတ် ၄-ပါးက ဩကာသလောကမှာ ရှိနေပါတယ်၊ ကောင်းကင်မှာလဲ ရှိနေတာပါဘဲ၊ သူတို့ယူဆပုံက ဓာတ် ၄-ပါးကြောင့် ဩကာသလောကကြီး ဖြစ်ပါတယ်၊ ဥတုကြောင့် သစ်ပင်,တော,ဧတာင် ဖြစ်လာတယ်၊ ဥတုကြောင့်ဘဲ သတ္တဝါဧသးတွေ ဖြစ်တယ်၊ ဥတုကြောင့် ရေညို ပိုးလန်းကောင်ကဧလးဧတွေ ဖြစ်လာတယ်၊ ကြီးကျယ်လာပြီး နောက်ဆုံး လူဧတွေပါ ဖြစ်လာတယ်ဆိုတဲ့ ဘူတိကဝါဒဘဲ ဖြစ်ပါတယ်။

**မဟာဘုတ် ၄-မျိုး**

ပဋ္ဌာန်းမှာ မြတ်စွာဘုရားဧဟာတာက 'စတ္တာဧရော မဟာဘူတာ'က ဩကာသဓလောက မဟာဘုတ် ဓာတ် ၄-ပါးလောက်ကိုသာ ဟောတာ မဟုတ်ပါ၊ မဟာဘုတ်ဆိုတာက ကမ္မဇမဟာဘုတ် စိတ္တဇမဟာဘုတ်, ဥတုဇမဟာဘုတ်,အာဟာရဇမဟာဘုတ်လို့ ၄-မျိုး ရှိပါတယ်၊အခုပြောတဲ့ ဩကာသလောကမှာမှိတဲ့ မဟာဘုတ်က ဥတုဇမဟာဘုတ်ပါ၊ ဥတုကြောင့် မြေ, ရေ, လေ, မီး ဓာတ်ကြီး ၄-ပါး ဩကာသလောကကြီး ဖြစ်လာတာပါ၊ သူတို့ကတော့ ကမ္မဇမဟာဘုတ်ကို မလေ့လာနိုင်ကြပါ။

**ကမ္မဇမဟာဘုတ်**

သတ္တဝါတွေရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကမ္မဇပထဝီ, ကမ္မဇဓာတုဧဇာ, ကမ္မဇဝါယော, ကမ္မဇအာဧပေါ-လို့ ရှိဘဲ့အနက်က ကမ္မဇတေဇောဆိုတာက အပူဓာတ်ပါ၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အငွေ့ပါ၊ ဒီအငွေ့က ကံကြောင့် ဖြစ်တဲ့

တေဇောအင္ဇေပါ၊ ဒါက ဘေးကပြုပြင်လို့ ဘယ်နည်းနဲ့မှ မရလို့ သတ္တဝါတွေ့ သေကြရတာပါ၊ အပြင်ဘက်က တေဇောနဲ့လဲ မတူပါ၊ အပြင်ဘက်က တေဇောနဲ့ ဘယ်လိုဘဲ အားပေး အားပေး ကမ္မဇတေဇောကို အသက်ဆက်လို့ မရပါ။ ကမ္မဇတေဇောကို ဆက်လက်လို့ ရနိုင်ရင် သတ္တဝါမှာ သေနိုင်စရာအကြောင်းမရှိပါ၊ တေဇောပျက်လို့ သေတာလဲ ရှိတယ်၊ ဝါယောပျက်လို့ သေတာလဲ ရှိပါတယ်၊ ဘာဝါယောလဲဆိုတော့ ကမ္မဇဝါယောပါ၊ ခန္ဓာကိုယ်ကို စဖွဲ့စည်းတဲ့ ပဋိသန္ဓေ စတည်စဉ်ကစပြီး ပါလာတဲ့ ကမ္မဇပထဝီ,ကမ္မဇတေဇော, ကမ္မဇအာပေါ,ကမ္မဇဝါယောဆိုတဲ့ ကမ္မဇမဟာဘုတ် ၄-ပါးထဲက ပထဝီဘဲပျက်ပျက်၊ တေဇောဘဲပျက်ပျက်၊ ဝါယောဘဲပျက်ပျက်၊ အာပေါဘဲပျက်ပျက်၊တဒုပျက်တယ်ဆိုရင် သေတာပါဘဲ၊ ဗမာဆေးဆရာတွေကတော့ ဒီဆရာက ပထဝီလွန်တဲ့ဆရာဘဲ၊ အာပေါလွန်တဲ့ဆရာဘဲလို့ ပြောနေကြတာက ဒီဓာတ် ၄-ပါးကို ပြောနေကြတာပါဘဲ။

ကမ္မဇမဟာဘုတ် ၄-ပါးမှာ တပါးပျက်ရင် ဘာဖြစ်လို့ သေရသလဲဆိုတော့ မဟာဘုတ် ၄-ပါးက သူတို့ခွဲခြင်း အကူတကွဖြစ်တဲ့ သဟဇာတပစ္စည်း၊ အပြန်အလှန် ကျေးဇူးပြုနေတဲ့ အညမညပစ္စည်း၊ မဟာဘုတ် ၄-ပါးမှာ ပထဝီက ကျန်တဲ့သုံးပါးကို မှီရတယ်၊ တေဇောကလဲ ကျန်တဲ့ ၃-ပါးကို မှီရတယ်၊ အဲဒီလို မှီမနေရတော့ တခုသောရင် တခုသေတယ်၊ တခုပျက်ရင် တခုပျက်ပါတယ်၊ အညမည အပြန်အလှန် တခုက ကျေးဇူးမပြုရင် ကျန်တဲ့သုံးခုကလဲ ကျေးဇူးမပြုဘဲ ပျက်ရတယ်၊ ဒီကမ္မဇမဟာဘုတ်ရုပ်တွေက သေသေချာချာကြည့်ရင် ရှိပါတယ်၊ ဂိုဟ်ဿနာရှုတဲ့အခါမှာ ကမ္မဇမဟာဘုတ်ထိအောင် ရှုဘို့တော့ သိပ်မလွယ်လှပါ၊ တော်တော်ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေမှဘဲ မြင်နိုင်မှာပါ။

## စိတ္တဇမဟာဘုတ်

အမျှားမြင်နိုင်တာကတော့ စိတ္တဇမဟာဘုတ်ပါဘဲ၊ စိတ်ဆိုးရင် ရုပ်ကတမျိုးဖြစ်လာပါတယ်၊ ဒါကလဲ ထင်ရှားပါတယ်။ စိတ်ဆိုးရင် ရုပ်က

ကြမ်းလာဘော့ ပထဝီပါ၊ ဒေါသဖြစ်ရင် လူပ်ရှားလာတာက ဘိယော ပါဘဲ၊ တဒေ္ဓာကလဲ မျက်စိ မျက်နှာတွေ နီလာတယ်စိတ္တဇမဟာဘုတ်ကို ကြည့်မယ်ဆိုရင် ခန္ဓာကိုယ်မှာ ဝါယောလူပ်ရှားလာပုံ, တေဇောလူပ်မှားလာပုံတွေကို မြင်နိုင်ပါတယ်၊ စိတ္တဇမဟာဘုတ်ကို ဝိပဿနာရှုဘို့ လွယ်ပါတယ်။

### အာဟာရဇမဟာဘုတ်

အာဟာရဇမဟာဘုတ်ကိုလဲ ဝိပဿနာရှုရင် ရပါတယ်၊ သင်တန်းကာ ပြန်သွားလို့ အိမ်မှာ ညနေစာ စားမယ်လို့ စားပွဲမှာထိုင်လိုက်တဲ့အခါမှာ ကိုယ်ကလဲ ဆာနေတယ်၊ ကိုယ်ကြိုက်တတ်တဲ့ စားချင်တဲ့ ဟင်းကလေး များတွေ့ရင် ရုပ်က ပျော်ပြီး ပြုံးပြီး အင်မတန်ကျေနပ်တဲ့ အာဟာရဇ ရုပ်ဖြစ်လာပါတယ်၊ ဒါကလေး စားလိုက်ရင်တော့ စိတ်က ကျေနပ်နေတဲ့ အခါ ရုပ်က ရွှင်လန်းပြီး တမျိုးဖြစ်လာတာပါ၊ အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇမဟာဘုတ် ပဌဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဒီ ဓာတ်တွေက လူတွေကို တမျိုးတမည် ချွက်ခြင်းကို ကျန်းမာစေပါတယ်၊ ဒါကြောင့် ဆေးကိုက်တဲ့အခါမှာ ဆေးကလဲ အာဟာရမို့ အင်မတန် အင်အားနဲပြီး ပျော့နေတဲ့လူတစ်ယောက် သူ့ထောက်နဲ့တည့်တဲ့ ဆေးကို တိုက်လိုက်ရင် ချက်ခြင်း လူက လန်းလာပါတယ်၊ အာဟာရဇမဟာဘုတ် ဓာတ် ၄-ပါးကိုလဲ ရှုရင် လွယ်ပါတယ်။

### ဥတုဇမဟာဘုတ်

ဥတုဇမဟာဘုတ်မှာ ခန္ဓာကိုယ်ဟာ သိပ်ပြီး နေပူလာတဲ့အခါမှာ အပူကြောင့် ရုပ်က နီလာတယ် မဲလာတယ်၊ လေတိုက်ထဲသွားရင်လဲ ရုပ်က ကြမ်းပြီးလာပါတယ်၊ အပူ အအေးကြောင့်ဖြစ်တဲ့ ရုပ်ကဒဏ် ပိုပြီး ထင်ရှားလို့ ဥတုဇမဟာဘုတ်ကို ရှုရင်လဲ မြင်လွယ်ပါတယ်။

အတ္ထိပစ္စည်းမှာ မဟာဘုတ် ၄-ပါးဟာ အတူတကွဖြစ်လို့ သဟဇာတ ပစ္စည်း၊ အပြန်အလှန်ကျေးဇူးပြုလို့ အညမညပစ္စည်းဖြစ်ပါတယ်၊ ဥတုဇ မဟာဘုတ်ကတော့ ရေ ဓမြေ တော တောင် အသေးစိတ်ထိအောင်

သိနေကြပါပြီ၊ ဘို့သော် စိတ္တဇမဟာဘုတ်, ကမ္မဇမဟာဘုတ်, အာဟာရဇ မဟာဘုတ်တို့ဟာလဲ စိတ်ကူးမဟုတ်ပါ၊ တကယ်ရှိကြည့်ရင် တကယ် ဖြစ်ပေါ်လာတာကို မြင်နိုင်ပါတယ်၊ အတ္ထိပစ္စည်းဆိုတာက ဒီမဟာဘုတ် ၄-ပါးဟာ တကယ်ထင်ရှားရှိပြီး ကျေးဇူးပြုလို့ ဝိပဿနာနဲ့ ရှုကြည့်တဲ့ အခါမှာလဲ ကိုယ်တိုင်ဆင်ခြင်နိုင်လို့ ပစ္စုပ္ပန်အနေဖြင့် အတ္ထိပစ္စည်းထိုက် ပါတယ်။

သဟဇာတပစ္စည်း ငါးပိုဒ်လုံးဟာ ပစ္စုပ္ပန်အနေဖြင့် ထင်ရှားရှိပြီး ကျေးဇူးပြုတာပါလို့ မြတ်စွာဘုရားက အတ္ထိပစ္စည်းနဲ့ ထပ်ဆင့်ပြီး ဟော ခဲ့တာပါဘဲ။ ဒီ ငါးပိုဒ်လုံးကို သဟဇာဟတ္ထိပစ္စည်းလို့ ခေါ်ပါတယ်၊ သဟ-ဇာတတ္ထိပါဠိကိုခဲ့ရင် သဟဇာတ=အတူတကွ+အတ္ထိ= ထင်ရှားရှိသည်၊ တကယ်ထင်ရှားရှိပြီး အတူတကွ ကျေးဇူးပြုတာပါလို့ ဆိုလိုရင်း ဖြစ်ပါတယ်။

၂။ (က) ဝတ္ထုပုရေဇာတတ္ထိ

(၁) စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ ဝတ်ဆမယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၂) သောတာယတနံ သောတဝိညာဏဓာတုယာ တံသမယုတ္တ-ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၃) ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမယုတ္တ-ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၄) ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၅) ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမယုတ္တ-ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဒီ ငါးချက်ဖြစ်တဲ့ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ ဆိုတဲ့ ပုရေဇာတပစ္စည်းကို ဝတ္ထုပုရေဇာတ လို့ ခေါ်ပါတယ်။ ဝတ္ထုပုရေဇာတဆိုတာက စက္ခုဝတ္ထုက အတိတ်ဘဝ်ရှိ

ဥပါဒ်ကစပြီး တပြိုင်နက် ရူပါရုံနဲ့အတူ ဖြစ်ပါတယ်၊ အတိတ်ဘဝ်ရဲ့ ဥပါဒ်ကစပြီး ရူပါရုံနဲ့ တပြိုင်နက်ဖြစ်တဲ့ စက္ခုပသာဒက စိတ္တက္ခဏ ၄-ချက်စောဖြစ်ပေမဲ့ စက္ခုဝိညာဏ်စိတ်က နောက်မှဖြစ်ပြီး ရူပါရုံနဲ့ ပြိုင်ဖြစ်တဲ့ စက္ခုဝဋ္ဋုရုပ်ကို မှီပြီး ဖြဉ်ရပါကယ်၊ ဒီလို မှီပြီးဖြစ်တော့ စက္ခုဝတ္ထုက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာဟာ မရှိဘဲနဲ့ ကျေးဇူးပြုတာလား၊ ရှိရက်နဲ့ ကျေးဇူးပြုတာလားလို့ သံသယရှိစရာပါဘဲ။

စက္ခုပသာဒဖြစ်တာက စိတ္တက္ခဏ ၄-ချက်လောက် စောပြီးဖြစ်တော့ စက္ခုဝိညာဏ်က နောက်ကျနေပြီးမှ ဖြစ်ရတဲ့အတွက် မရှိဘဲနဲ့ ကျေးဇူးပြုတာလားဆိုတော့ အတ္ထိပစ္စယော-စက္ခုပသာဒက စက္ခုဝိညာဏ်ကို ပုရေဇာတပစ္စည်းနဲ့ ထင်ရှားမှီဆဲမှာ ကျေးဇူးပြုတာပါ၊ ခုပြုပြီးနောက်မှ ကျေးဇူးပြုတာ မဟုတ်ပါ၊ စက္ခုဝတ္ထုဟာ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ တိုင်းမှာ ရှိနေတာပါ။ စက္ခုဝတ္ထု မပျက်ခင် မချုပ်ခင် စက္ခုဝိညာဏ်ကို ကျေးဇူးပြုတာဟာ အတ္ထိပစ္စည်း ထင်ရှားရှိဆဲဘဲ ကျေးဇူးပြုတာပါဘဲ၊ မြတ်စွာဘုရားက ပုဒ္ဂလဘဝပစ္စည်းမှာလဲ စက္ခုဝတ္ထုရုပ်ဟာ တကယ်ထင်ရှားရှိတာပါ၊ ပရမတ္ထအားဖြင့် ထင်ရှားနှိုဆဲ ဝတ္ထုရုပ်ဒသတို့က ဝိညာဏ်တွေကို ကျေးဇူးပြုခဲ့ပါတယ်ဆိုတာကို အတ္ထိပစ္စည်းမှာ ထပ်ပြီး ရှင်းတာပါ၊ တကယ်လို့သာ ဒီလို ထပ်မဟောရင် ဒီစက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု-ဆိုတဲ့ ဝတ္ထုရုပ်တွေဟာ တကယ်ရှိတဲ့ ပရမတ္ထတရားတွေ မဟုတ်ပါဘူးလို့ဆိုဟဲ့ အယူဝါဒ ဝင်လာပြီး မြတ်စွာဘုရားရဲ့ သာသနာဟာ ဒီအယူဝါဒတွေကြောင့် ကွယ်သွားနိုင်ပါတယ်။

## အနက်နဲဆုံး ဝိပဿနာ

အဘိဓမ္မာပဋ္ဌာန်းဆိုတာက အနက်နဲဆုံး ဝိပဿနာပါ၊ မြတ်စွာဘုရားရှင်မျှားရဲ့ ဝိပဿနာပါဘဲ၊ အရှင်သာရိပုတ္တရာပင်လျှင် ပရမတ္ထတရားတို့ရဲ့ ဥပါဒ်, ဌီ, ဘင် တရားကို ၁၃-လုံးလောက်ဘဲ သိပါတယ်ဘဲ့၊ ပရမတ္ထတရား အားလုံးကို မသိနိုင်ပါဘူးတဲ့၊ ၅၊၆ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တို့မှာ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ ထိုးအောင် မရှုနိုင်ပါ၊ ရှုနိုင်တာကတော့ ရှုပ်

နာမ်ရဲ့ ဖြစ်စဉ် သန္ဓတိကိုသာ ဝိပဿနာ ဖူနိုင်ပါတယ်၊ စက္ခုဝတ္ထုဖြစ်လာတဲ့ ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏ၊ စက္ခုဝိညာဏ်စိတ်ကလေး ဖြစ်လာတဲ့ ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏ ဆိုတာက မြတ်စွာဘုရားမှတပါး ဘယ်သူမှလဲ မမြင်နိုင်ပါ။

ဒီလိုမမြင်နိုင်တာနဲ့ ကိုယ်တိုင်ပေါက်ရောက်နိုင်တဲ့ အဆင့်လဲ မဟုတ်တာနဲ့ဘဲ "တို့မမြင်လို့ မရှိနိုင်ဘူး" ဆိုတဲ့ အယူဝါဒတွေ့ ဖြစ်လာမှာစိုးလို့ အတ္ထိပစ္စည်းနဲ့ ထပ်ပြီး တကယ်ရှိပါတယ်-လို့ ဟောမှတာပါဘဲ။ ဒီစက္ခာယတနံက ကာယာယတနံ အထိကို ဝတ္ထုပုဗ္ဗင်္ဂမတ္ထိလို့ ခေါ်ပါတယ်၊ ဝတ္ထုရုပ်တွေက ဓကျးငှးပြုတဲ့ ဝတ္ထုပုဗ္ဗင်္ဂမပစ္စည်းမှာ အတ္ထိပစ္စည်းထပ်ထည့်တဲ့ အခါမှာ ဝတ္ထုပုဗ္ဗင်္ဂမတ္ထိ ဖြစ်သွားပါတယ်။

၂။ (ခ) အာရမ္မဏပုဗ္ဗင်္ဂမတ္ထိ

ရှုပါယတနံ စက္ခုဂိညာဏဓာတုယာ-ကစပြီး အဆုံး ရှုပါယတနံ။ပ။ မနောဓာတုယာ-အထိကတော့ အာရမ္မဏပုဗ္ဗင်္ဂမတ္ထိ ခေါ်ပါတယ်၊ အာရမ္မဏပုဗ္ဗင်္ဂမတ္ထိလဲ ဒီအတိုင်းပါဘဲ၊ စက္ခုပသာဒနဲ့ ရှုပါရုံဟာ စက္ခုဒွါရဝီထိမှာ အတိတ်ဘဝင်မှာ ပြိုင်ပြီး ဖြစ်ပါတယ်။ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို ဝတ္ထုပုဗ္ဗင်္ဂမနဲ့ ကျးငှးပြုတယ်၊ ရှုပါရုံက စက္ခုဂိညာဏ်ကို အာရမ္မဏပုဗ္ဗင်္ဂမနဲ့ ကျးငှးပြုပါတယ်၊ ဝတ္ထုဆိုတာက မှီရာလဲဖြစ်တယ်၊ ရှေ့လဲ ကျတယ်ဆိုတော့ စက္ခုပသာဒက ဝတ္ထုပုဗ္ဗင်္ဂမတ ဖြစ်ပါတယ်။ ရှုပါရုံက ရှေ့ကျတယ်၊ စက္ခုဝိညာဏ်က သူ့ကိုလဲ အာရုံပြုလို့ အာရမ္မဏပုဗ္ဗင်္ဂမနဲ့ ကျးငှးပြုပါတယ်၊ ရှုပါရုံနဲ့ စက္ခုဝိညာဏ်ဟာ စိတ်ဖြစ်စဉ်ကိုကြည့်ရင် ရှုပါရုံက စိတ္တက္ခဏ ၄-ချက် စောပြီး ဖြစ်ပါတယ်။ အာရမ္မဏနဲ့ ဓကျးငှးပြုတယ်ဆိုတာက စိတ်ကူးလား, အတိတ်လား, အနာဂတ်လား ဆိုတော့ ပစ္စုပ္ပန် ထင်ရှားရှိတဲ့ ရှုပါရုံက ပစ္စုပ္ပန် ထင်ရှားရှိတဲ့ စက္ခုဝိညာဏ်ကို ကျးငှးပြုတာပါ။ အတ္ထိပစ္စည်းဆိုတာက ပစ္စည်းတဆုံးကလဲ ထင်ရှားမှီဆဲ, ပစ္စုပ္ပန်တဆုံးကလဲ ထင်ရှားရှိနေဆဲမှသာ ကျးငှးပြုတာပါ။

### အတ္ထိပစ္စည်းဝါးမျိုး ပဋ္ဌာဝါရမှာ ဟောခြင်း

'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော' လို့ ရူပါယတနံ-ကစပြီး အဆုံးအထိကို အာရမ္မဏာနုရောဓတ္ထိလို့ ခေါ်ပါတယ်၊ ဝတ္ထုပုရေဇာတတ္ထိပစ္စည်းနဲ့ အာရမ္မဏပုရေဇာတတ္ထိကို ပေါင်းပြီး ပုရေဇာတတ္ထိလို့ တခုထဲ ယူရပါတယ်၊ အတ္ထိပစ္စည်းကို ပဋ္ဌာန်းပဋ္ဌာဝါရမှာ ဝါးမျိုး ဟောပါတယ်၊ ပစ္စယနိဒ္ဒေသမှာတော့ အတ္ထိ ၂-မျိုးဘဲ ရှိပါတယ်၊ (၁) သဟဇာတတ္ထိနဲ့ (၂) ပုရေဇာတတ္ထိပါဘဲ၊ (၃) ပစ္ဆာဇာတတ္ထိကိုတော့ ပဋ္ဌာဝါရမှာ ပါပါတယ်၊ (၄) အာဟာရပစ္စည်းမှာ ရုပ်အာဟာရက အာဟာရတ္ထိ၊ (၅) ဣန္ဒြိယပစ္စည်းမှာ ရူပဇီဝိတိန္ဒြိယတ္ထိလို့ အတ္ထိပစ္စည်းဝါးမျိုးက ပဋ္ဌာဝါရမှာ လာတာပါ။

### ၃။ ပစ္ဆာဇာတတ္ထိ

ပစ္ဆာဇာတပစ္စည်းမှာ အတ္ထိပစ္စည်း ဟောရတာက ထင်ရှားမရှိဘဲနဲ့ ကျွေးငူးပြုနေတာလားလို့ သံသယရှိလို့ ဟောရတာပါ၊ တကယ်က ပစ္ဆာဇာတပစ္စည်းမှာ လောကအနေနဲ့တော့ မလွယ်တဲ့တရားပါ၊ အကြောင်းတရားက နောက်မှဖြစ်ရတယ်၊ အကျိုးတရားက ရှေ့အရင်ဖြစ်နေတယ် ဆိုတော့ လူတွေအများ နားလည်ကြတာကတော့ အကြောင်းကြောင့် အကျိုးရှိကယ်၊ အကြောင်းရှိမှဘဲ အကျိုးရှိတယ်လို့ ဆိုကြပါတယ်၊ အကျိုးတရားက အရင်ဖြစ်၊ 'အကြောင်းတရားက နောက်မှဖြစ်တယ်'ဆိုတာကတော့ သေသေချာချာ လေ့လာရင် ရှိတဲ့နေရာမှာ ရှိပါလိမ့်မယ်။ သို့ပေမဲ့ အကြောင်းအကျိုး လေ့လာဘဲ့ပညာရှင်ကျောကတော့ 'အကြောင်းရှိမှ အကျိုးရှိကယ်'လို့ သိတာများကြပါတယ်။

ပဋ္ဌာန်းကို ကြည့်ရင်လဲ များသော အားဖြင့် အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ဆိုတာမှာ အကြောင်းက အရင်၊ အကျိုးကနောက်မှဖြစ်တယ်၊ အကြောင်းအကျိုး အတူတကွဖြစ်တယ်၊ တပြိုင်နက်ဖြစ်တယ် ဆိုတာတွေကသာ များပါတယ်။

ပစ္စာဇာတ ပစ္စည်းမှာတော့ အကြောင်းတရားဆိုတဲ့ နာမ်တရားက နောက်ဖြစ်တယ်၊ အကျိုးတရားက အရင်ဖြစ်တယ်လို့ ဆိုပါတယ်၊ ထုတ်ပြလိုက်တာကတော့ ပဋိသန္ဓေအခါမှာ ရှိနေတဲ့ ဇကဇကာယဟာ စ-စခြင်း ဥပါဒ်ခဏမှာ ကမ္မဇရုပ်ဘဲရှိတော့ ဒီကမ္မဇရုပ်ဟာ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ နာမ်တရားကို မှီနေရတယ်၊ သူက အထောက်အပံ့ရပုံမှာ ပဋိသန္ဓေပြီးရင် ဘဝင်ဆိုတဲ့ သူနောက်မှာဖြစ်တဲ့ ဘဝင်စိတ်တွေက သူ့ကိုကျေးဇူးပြုပါတယ်၊ နောက်ကနေပြီး ကျောကန်ပေးတဲ့သဘောပါ၊ ဘာကြောင့်လဲဆိုရင် ပဋိသန္ဓေ ကမ္မဇရုပ်က ရုပ်သက် ၁၇-ချက် အာသက်ရှည်တော့ ဒီကမ္မဇရုပ်ရဲ့ ရုပ်သက် ၁၇-ချက် အာသက်မကုန်ခင် ထင်ရှားရှိနေဆဲမှာဘဲ နာမ်တရားက ဥပါဒ် ဋ္ဌိ ဘင်နဲ့ ၁၇-ကြိမ်ဖြစ်ပါတယ်၊ အဲဒီ ၁၇-ကြိမ်ဖြစ်တဲ့ စိတ် စေတသိက် နာမ်တရားတွေက ပဋိသန္ဓေကမ္မဇရုပ်ရဲ့ စည်းဝိုင်းထဲမှာ ရောက်နေပါတယ်၊ ဒီစည်းဝိုင်းထဲမှာ ဖြစ်နေတဲ့ နာမ်တရားတွေက ကမ္မဇရုပ်ကို တည်တံ့ခိုင်မြဲအောင် ထောက်ပံ့နေတာပါ၊ အင်မတန်နက်နဲပါတယ်၊ ဒါက သဗ္ဗညုတဉာဏ်နဲ့ ကြည့်ပြီး ဟောတာပါ။

ဒီနာမ်တရားကလေးတွေက ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စာဇာတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အဲဒီလို ကျေးဇူးပြုတယ်ဆိုတာ ပစ္စာဇာတက တာကယ် ရှိရဲ့လား၊ အကြောင်းတရားက နောက်ကနေပြီး ကျေးဇူးပြုတယ်ဆိုရင် ဒီလို ကျေးဇူးပြုတာဟာ ရုတ်တရက်ဆိုရင် မရှိခင်က ကျေးဇူးပြုသလို ဖြစ်နေပါတယ်၊ အမှန်ကတော့ မဟုတ်ပါ၊ ပဌမဘဝင်ဆိုတဲ့ နောက် နောက်သော စိတ်တွေက ဥပါဒ်, ဋ္ဌိ, ဘင်နဲ့ ၁၇-ချက်ဖြစ်ပြီး ထင်ရှားရှိဆဲ ပဋိသန္ဓေကမ္မဇရုပ်ကို ခိုင်မြဲအောင် ကျေးဇူးပြုတာပါ၊ သူတို့ကလဲ မဖြစ်ခင်က ကျေးဇူးပြုတာ မဟုတ်ပါ၊ ဥပါဒ်, ဋ္ဌိ, ဘင် ထင်ရှားရှိဆဲ ခဏမှာဘဲ ကျေးဇူးပြုတာပါ။

**လင်းတဥပမာ**

ဥပမာကလဲ ပစ္စာဇာတပစ္စည်းမှာ လင်းတနဲ့ ဥပမာပေးကြပါတယ်၊ လင်းတငယ်ကလေးမျှားဟာ သူတို့အစာမစားရတော့ စားရလိမ့်မယ်ဆို

တဲ့ အာသာနဲ့ဘဲ နေရပါတယ်၊ ဒီအာသာနဲ့ဘဲ ရုပ်နာမ်က ဖြစ်နေရတာ ဆိုတော့ တကယ်စားရတာ မဟုတ်ပေမဲ့ ဒီအာသာဆိုတဲ့ ကျေနပ်နေတဲ့ စိတ် စေဟသိက် ကလေးကတော့ ဖြစ်နေပါတယ်၊ ဒီကျေနပ်မှု နာမ်တရား ကဘဲ လင်းတရဲ့ ရုပ်တရားကို ကျေးဇူးပြုတယ်လို့ ဥပမာပေးကြပါတယ်၊ ပစ္စာဇာတပစ္စည်းမှာရှိပြီး ကျေးဇူးပြုတာလား, မရှိဘဲနဲ့ ကျေးဇူးပြုတာလား ဆိုတာကို ပဥ္စဝဝါရမှာ အကျယ်ထပ်ပြီး ဟောကြားပါတယ်။

## ၄။ ရုပ်အာဟာရတို

ပဥ္စဝဝါရမှာ အကျယ်ဟောတဲ့ အာဟာရတို့ဆိုတာက အာဟာရ ပစ္စည်းမှာ 'ကဗဠီကာရော အာဟာရော ဣမသ္မာ ကာယသ္မာ အာဟာရ-ပစ္စယေန ပစ္စယော'ဆိုတဲ့ ရုပ်အာဟာရမှာသာ ပြဿနာရှိပါတယ်၊ နာမ် အာဟာရ ပစ္စည်းမှာတော့ ပြဿနာမရှိပါ၊ သဟဇာတတို့မှာ နာမ် အာဟာရက ဖဿ, စေတနာနဲ့ ဝိညာဏ်ဆိုတာက သူဘို့နဲ့အတူတကွဖြစ်တဲ့ တရားတွေကို ကျေးဇူးပြုကြလို့ သဟဇာတအတို့ပစ္စည်းမှာ ပါသွားပါပြီ။

### ကဗဠီကာရအာဟာရဆိုတဲ့ သြဇာ

ကဗဠီကာရ အာဟာရဆိုတာကတော့ သြဇာရုပ်ပါ၊ နေ့တိုင်းစားနေ ကြတဲ့ အစာအာဟာရမှာပါတဲ့ အဆီအစေးဆိုတဲ့ သြဇာပါ၊ လူတွေမှာလဲ ကျန်းမာအောင် သြဇာရှိတဲ့အစာကို စားရပါတယ်၊ သို့သော်လဲ ဒီလိုစား လိုက်တဲ့ ဗဟိဒ္ဓအာဟာရမှာပါတဲ့ ဗဟိဒ္ဓသြဇာက ခန္ဓာကိုယ်ကို တိုက်ရိုက် ကျေးဇူးပြုနိုင်တာမဟုတ်ပါ၊ ဘယ်လောက်ကောင်းတဲ့ အာဟာရဘဲဖြစ်ဖြစ် ခန္ဓာကိုယ်ကို ကိုက်ရိုက်ကျေးဇူးမပြုနိုင်ပါ၊ ခင်လွယ်လွယ်ပြောရမယ်ဆိုရင် တကယ်လို့သာ စားတဲ့အာဟာရက ခန္ဓာကိုယ်ကို ကျေးဇူးပြုနိုင်ရင် ချမ်းသာတဲ့သူတွေမှာ သေနိုင်စရာမရှိပါ၊ ချမ်းသာသူကတော့ အကောင်း ဆုံးဘဲစားနေမှာမို့ အဓကောင်းဆုံးဆိုတဲ့ သြဇာတွေကို စားနေ ကျွေး နေရင်တော့ ဘယ်တော့မှ မသေနိုင်စရာမရှိဖြစ်မှာပါ၊ ဒီဗဟိဒ္ဓသြဇာဆိုတဲ့ လူတွေ့ စိုက်ပျိုးလို့ရတာတွေ့ ဈေးကွက်မှတဲ့ သဘင်းအရှိတဲ့ အစေး ကဗဠီကရတဲ့ သြဇာက ကမ္မဇရုပ်ကို တိုက်ရိုက်ကျေးဇူးမပြုနိုင်ပါ၊

## အဋ္ဌတ္တိကဩဇာ

တကယ်အဓိရုးကြီးတာက အဋ္ဌတ္တိကဩဇာဘဲ ဖြစ်ပါတယ်။ လူတွေမှာ ပဋိသန္ဓေခဏမှစပြီး ပါလာတဲ့ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တွေထဲမှာ ပါလာတဲ့ အဋ္ဌကလာပ်တွေ ရှိပါတယ်၊ ဒီ ကလာပ်တွေထဲမှာ ဥပမာအားဖြင့် စိတ္တဇရုပ်ဆိုရင်လဲ ဝိညာဏ်တွေ ဖြစ်တိုင်း ဖြစ်တိုင်းမှာ ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဆိုတဲ့ ဒီ အဋ္ဌကလာပ်ရုပ်ထဲမှာ ဩဇာက ပါလာပါဝင်ယ်၊ ဒီ စိတ်ကြောင့်ဖြစ်တဲ့ အဋ္ဌကလာပ်ထဲမှာပါတဲ့ ဩဇာ-ကမ္မ လူကို အသက်ရှည်စေနိုင်ပါတယ်။

လူဘယောက်ကို ဆေးကုရင် စိတ္တဇကလာပ်ထဲမှာပါတဲ့ ဩဇာဟာ ဘယ်လောက် အဓိရုးကြီးသလဲဆိုရင် ဒီလူဟာ စိတ်ဆင်းရဲနေရင် စိတ်ညစ်နေရင် ဆေးကုလို့ မရနိုင်ပါ။ 'စားပေမဲ့ အာဟာရ မဖြစ်ဘူး' လို့ ဒီလိုဘဲ ဆေးဆရာများက ပြောတတ်ကြပါတယ်။ ဒီတွဇရုပ်ထဲမှာပါတဲ့ ဩဇာနဲ့ ဗဟိဒ္ဓဇက ကျွေးတဲ့ ဩဇာပေါင်းပြီးမှ အဋ္ဌတ္တ ဩဇာက ဓန္ဓာကိုပဲ ကို အာဟာရနဲ့ ထောက်ပံ့နိုင်ပါတယ်၊ ဒီလို ထောက်ပံ့မှလဲ အာဟာရဖြစ်ပါတယ်။

## အတ္ထိပစ္စည်းနဲ့ အယူဝါဒရုးရာ

အတ္ထိပစ္စည်းဟာ သာမညပဋ္ဌာန်းသင်တဲ့ သူများကတော့ သိပ်ပြီး ဆစိပွါယ်ရှိတယ် မထင်ကြပါ၊ သေသေချာချာ စဉ်းစားကြည့်ရင် ၂၄-ပစ္စည်းလုံးကို ခြုံပြီး ဟောထားတာပါ။ အတ္ထိက ငါးမျိုး ရှိပါတယ်။ အတ္ထိပစ္စည်းဆိုတာက ထင်ရှားရှိနေဆဲမှာ ကျွေးဇူးပြုတာပါ၊ ပရမတ္ထ ရုပ်နာမ်တရားတွေဟာ သူကိုယ်တိုင် ဥပါဒ်, ဌိ, ဘင်အားဖြင့် ထင်ရှား ဖြစ်ပေါ်ပြီးမှ ကျေးဇူးပြုပါတယ်။

ရွေးအခါက ဝါဒတွေ အမျိုးမျိုး ရှိကြပါတယ်၊ အဘိဓမ္မာလေ့လာတဲ့ ပဂ္ဂိုလ်ခတွေက ဘုရားမပွင့်မီကထဲက လေ့လာနေကြတာပါ၊ ဒဿိဓမ္မာ ပါရဂူကြီးတော့ပဲ ဗိမိကိုယ် မိမိ ဘုရားဘဲဆိုပြီး ဒဿိဓမ္မာ ဝါဒတော့

တိထွင်ပြီး ဟောပြောနေကြတာပါ၊ ဒီလို ဘုရားမပွင့်မီ အဘိဓမ္မာ လေ့လာတဲ့ပုဂ္ဂိုလ်တွေ ပေါ် ပေါက်နေရတာကလဲ ဓမ္မတာပါဘဲ။

'စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထဘရားတွေဟာ ပရမတ္ထတရား အစစ်မဟုတ်ဘူး၊ ပရမတ္ထတရားအစစ်က ဥပါဒ်, ဌိ, ဘင်အားဖြင့် ထင်ရှား မဖြစ်ပေါ်ဘူး၊ တကယ့်တရားအစစ်က ဗီဇသတ္တိအားဖြင့် သီးခြားရှိပြီး အဲဒီ ဗီဇသတ္တိကမှ စိတ်, စေတသိက်, ရုပ်တွေ ထထပြီးဖြစ်နေတာ'လို့ ဒီလို ဘဘိဓမ္မာဝါဒတွေက ဘုရားမပွင့်မီကဘဲ ရှိနေတာပါ၊ အခုလဲ အဘိဓမ္မာ ၇-ကျမ်း သင်ပြီးမှ ဒီလိုယူဆတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာသေးတယ်ဆိုတာ သိရပါတယ်၊ အတ္ထိပစ္စည်းက အယူဝါဒရေးဆွဲ ပတ်သက်ပြီး နက်နဲပါတယ်။

မြတ်စွာဘုရား ဟောတာက အတ္ထိပစ္စည်းမှာ ရုပ်တရား နာမ်တရား စတဲ့ဟာ ပစ္စည်း ပစ္စယုပ္ပန် အတူတကွ ဖြစ်ပေါ်လာပြီး ဥပါဒ်, ဌိ, ဘင် အားဖြင့် ထင်ရှား ရှိနေဆဲအခိုက်မှာ ကျေးဇူးပြုတာမျိုးက သဟဇာတတ္ထိ ပါ။

ပုရေဇာတတ္ထိ ဆိုတာ ပစ္စည်းက အရင်ဖြစ်၊ ပစ္စယုပ္ပန်က နောက်မှ ဖြစ်ပါတယ်။ ပုရေဇာတမှာ ရှေ့-နောက် ကျနေတယ်ဆိုပေမဲ့ ရုပ်က ၁၇-ချက် မချုပ်သေးခင် ဖြစ်တယ်ဆိုတော့ သူက ရှိနေဆဲမှာဘဲ ကျေးဇူးပြုတဲ့ ပုရေဇာတတ္ထိဆိုတဲ့ အတ္ထိဘမျိုးပါ၊ ဒါကလဲ ရှိတာတမျိုးပါဘဲ။

ပစ္ဆာဇာတတ္ထိမှာ ပစ္စည်းအကြောင်းတရားက နောက်မှဖြစ်တယ်၊ အကျိုးတရားက အရင်ဖြစ်နှင့်နေတာ ဖြစ်သော်လဲ နောက်မှဖြစ်တဲ့ အကြောင်းတရားက ဥပါဒ်, ဌိ,ဘင်အားဖြင့် ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာပါ၊ ပရမတ္ထတရားဆိုတာက ဥပါဒ်,ဌိ, ဘင် အားဖြင့် ဖြစ်ပေါ်တဲ့ တရားကိုမှ ပရမတ္ထ ခေါ်ပါတယ်၊ ဥပါဒ်,ဌိ, ဘင် အားဖြင့် ဖြစ်ပေါ်တဲ့ အထိ မရောက်လာရင် ပရမတ္ထ မဟုတ်ပါ၊ မရှိတဲ့ ပညတ်ဘဲဖြစ်ပါတယ်၊ ဒါကြောင့် အတ္ထိပစ္စည်းဟာ ဆရေးကြီးတာပါ။

အင်မတန် သေးသိမ်တဲ့ အမှုန်အမွှား ရုပ်ကလေးတွေ ရှိနေတယ်ဆိုတာ အားလုံး သိနေကြပါတယ်၊ ယခုခေတ် သိပ္ပံဆရာတွေက ဒါတွေကို လေ့လာလို့ သူတို့က ပိုပြီး မြင်နေကြပါပြီ၊ ဒီလို မျက်စိနဲ့ မမြင်ရတဲ့ ရုပ်အမှုန်အမွှား အနုမြူတွေ တခုစီ တခုစီမှာ အဋ္ဌကလာပ်ပေါင်း မြောက်မြားစွာ ရှိနေပါတယ်၊ အဲဒီ အဋ္ဌကလာပ်ကလေး တခုမှာ လဲ ဩဇရုပ်က ရှိပါတယ်၊ ဒီ ဩဇရုပ်က ကျန်တဲ့ ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်တွေကို အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

အာဟာရသတ္တိနဲ့ ကျေးဇူးပြုတဲ့အခါ သူက သဟဇာတမျိုးလဲ မဟုတ်ပါ၊ ပစ္စာဇာတထဲလဲ ထည့်လို့မရ၊ ပုရေဇာတထဲလဲ ထည့်လို့မရပါ။ ဘာကြောင့်လဲဆိုတော့ ဥပမာ မျက်စိဆိုတဲ့ စက္ခုဒသကကလာပ်မှာ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာနဲ့ ဓာတ်ကြီး ၄-ပါး, ဇီဝိတနဲ့ ဝတ္ထု၊ ပေါင်းရုပ် ၁၀-ခု ရှိပါတယ်။ အဋ္ဌကလာပ်တခုထဲ ဇီဝိတနဲ့ စက္ခုဝတ္ထုပေါင်းတဲ့ ရုပ် ၁၀-ခုကို စက္ခုဒသကကလာပ်လို့ ခေါ်ပါတယ်၊ စက္ခုဒသက ကလာပ်လို့ခေါ်တဲ့ ကလာပ်မျိုးဂဃနဏလဲ ကမ္မဇကလာပ်က ၉-စည်း၊ စိတ္တဇကလာပ်က ၆-စည်း၊ အာဟာရဇကလာပ်က ၂-စည်း၊ ဥတုဇကလာပ်က ၄-စည်း၊ ကလာပ်ပေါင်း ၂၁-စည်း ရှိပါတယ်။ ဒီ စက္ခုဒသက ကလာပ်မှာပါတဲ့ ဩဇာက ကျန်တဲ့ကလာပ် ၂၁-စည်းမှာရှိတဲ့ ရုပ်တွေကို အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ အဲဒီလို ကျေးဇူးပြုတာကို သဟဇာတမျိုးထဲကို ထည့်လို့မရပါ၊ ဩဇာရုပ်က မဖြစ်ဘဲနဲ့ ကျေးဇူးပြုတာမဟုတ်ဘဲ ဥပါဒ်, ဌိ, ဘင် အားဖြင့် ဖြစ်ပြီးမှသာ ကျေးဇူးပြုတာပါ၊ ရုပ်အာဟာရတွေဟာ ပစ္စယနိဒ္ဒေသမှာ မပါပေမဲ့ ပဋ္ဌာဝါရမှာ မြတ်စွာဘုရားက ဟောထားလို့ ရုပ်အာဟာရတွေလို့ သိုးခြေး အတွေတမျိုး ရှိပါတယ်။

## ၅။ ရူပဇီဝိတိန္ဒြိယတွေ

ဣန္ဒြိယပစ္စည်းမှာလဲ (၁) ပုရေဇာတိန္ဒြိယ (၂) ရူပဇီဝိတိန္ဒြိယနဲ့ (၃) နာမ်ဣန္ဒြိယလို့ ၃-မျိုး ပြောခဲ့ပါတယ်၊ ပါဠိမှာ 'ရူပဇီဝိတိန္ဒြိယံ ကဒ္ဒတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော' ဆိုတော့ ရုပ်ဇီဝိတိန္ဒြိယ

ကမ္မဇရုပ်ကို ရှုပဇဝိတိန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ရုပ်ဇဝိတိန္ဒြိယက ကမ္မဇကလာပ်ကို ကျေးဇူးပြုတယ်ဆိုတော့ ကမ္မဇကလာပ်က စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသက ကလာပ်, ကာယဒသကကလာပ်, ဣတ္ထိဘာဝဒသကကလာပ်, ပုမ္ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်လို့ ကမ္မဇကလာပ်က ၉-စည်းရှိပါတယ်၊ ဒီကမ္မဇကလာပ် ၉-စည်းမှာ အကုန်လုံး ကမ္မဇရုပ်ချည်းဖြစ်တော့ ၉-စည်းလုံးမှာ ရုပ်ဇဝိတိန္ဒြိယဆိုတဲ့ ဇဝိတရုပ်က ပါပါတယ်။

**သစ်ပင်မှာ အသက်ရှိသလား**

ဒီပြဿနာဟာ ခုခေတ်မှာ ဘယ်လောက်ရှုပ်နေသလဲဆိုရင် သက်ရှိသက်မဲ့ ဆုံးဖြတ်တဲ့အခါမှာ သိပ္ပံဆရာတွေက သစ်ပင်မှာ အသက်ရှိတယ်၊ သူတို့မှာလဲ လူတွေဟာ အားဟာရစားသလို အာဟာရဆိုတဲ့ ရေမြေဝေတ်တွေကို စုတ်ယူတဲ့သဘောသတ္တိရှိတယ်၊ ဒါကြောင့် သစ်ပင်မှာ အသက်ရှိတယ်လို့ ယူဆကြပါဘယ်၊ ဒီလိုယူခဲ့တဲ့ ဝါဒဟာ ခုခေတ်မှရှိတာတော့လဲ မဟုတ်ပါ၊ ဘုရားလက်ထက်တော် အခါတုန်းဆီကဘဲ သစ်ပင်မှာ အသက်ရှိတယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ကိုဏ်းသား ရဟန်းတော်တွေဟာ သစ်ပင်မှ သစ်ရွက်ခူးတာကို ကဲ့ရဲ့ကြလို့ သစ်ပင်ကို ရဟန်းများ မခူးရလို့ သိက္ခာပုဒ် ပညတ်ထားခဲ့ရပါသေးတယ်၊ အဘိဓမ္မာနည်းအားဖြင့် သစ်ပင်မှာ အသက်မရှိဆိုကာက သစ်ပင်မှာ ကမ္မဇရုပ်မရှိလို့ပါဘဲ။

**စက္ခုဒသက ကလာပ်နဲ့ ဣန္ဒြိယ**

ဇီဝိတရုပ်ဆိုတာက ကမ္မဇကလာပ် ၉-စည်းမှာ ပါရပါတယ်၊ စက္ခုဒသကကလာပ်ဆိုတဲ့ ရုပ် ၁၀-ခုမှာလဲ ဇီဝိတရုပ် ပါပါတယ်၊ ဇီဝိတရုပ်က ဣန္ဒြိယပစ္စည်းဖြစ်တော့ ကျန်တဲ့ရုပ် ၉-ခုက ပစ္စယုပ္ပန်ဖြစ်ပါတယ်၊ ဒီဇီဝိတရုပ်ကလေးက ကမ္မဇရုပ်တွေကို အစိုးရတယ်၊ အစိုးရတယ်ဆိုတာက သူမရှိရင် မျက်စိက ကန်းသွားပါတယ်၊ ကမ္မဇရုပ်ဆိုတာကလဲ လူက လုပ်ယူလို့မရတဲ့အတွက် ဇီဝိတရုပ်ပျက်လို့ မျက်စိကန်းသွားရင် ဒီမျက်စိက

ကုလိုမရတော့ပါ၊ ဒီဇင်ဝိတရုပ်က ကျန်တဲ့ရုပ် ၉-ခုကို ဂျန္ဒြိယသတ္တိနဲ့ အမြဲတမ်း ကျေးဇူးပြုပါတယ်။

**သောတဒသက ကလာပ်နဲ့ ဂျန္ဒြိယ**

သောတဒသကကလာပ် နားမှာလဲ ရုပ် ၁၀-ခု ဖြစ်ပါတယ်၊ သောတပသာဒဖြစ်ရင် ကြားဘယ်ဆိုတာကလဲ ဒီရုပ် ၁၀-ခု ရှိနေလို့ပါဘဲ၊ ကြားနိုင်နေတာက ဇီဝိတရုပ်က ကျန်တဲ့ရုပ် ၉-ခုကို ကျေးဇူးပြုနေလို့ပါ၊ အကုန်လုံး လူမှာရှိတဲ့ ကမ္မဇကလာပ်ဖြစ်ဘွေဆိုရင် ဇီဝိတရုပ်က ပါနေပါတယ်၊ ဒီဇီဝိတရုပ်က အခြားရုပ်တွေကို ကျေးဇူးပြုတဲ့အခါ ဥပါဒ်, ဋ္ဌိ, ဘင် အားပြင့် ထင်ရှားရှိနေတဲ့အခိုက်မှာ ကျေးဇူးပြုတာပါ။

ဥပမာ– 'စက္ခုဒသက ကလာပ်က အမြဲရှိနေတယ်လို့ထင်ရပေမဲ့ သူက အမြဲရှိနေတာ မဟုတ်ပါ၊ သူလဲ ဖြစ်ပြီး ပျက်သွားပါတယ်၊ သောတဒသကကလာပ်ဖြစ်နေတဲ့အခိုက် စက္ခုဒသကကလာပ်က မရှိတော့ပါ၊ စက္ခုဒသကမှာရှိတဲ့ ဇီဝိတရုပ်က ကျန်တဲ့ကလာပ်မှ ရုပ်တွေကို ကျေးဇူးပြုတာမဟုတ်ပါ၊ သူဆင်ရှာဖြစ်ပေါ်လာတဲ့ အခါမှာသာ ကျေးဇူးပြုတာပါ၊ ဘိုးပေမဲ့ ရုပ်တွေးတွေ ထပ်ခါထပ်ခါ ဖြစ်ပြီးဖြစ်ပြီး အဆက်မပြတဲ့ ကျေးဇူးပြုတဲ့အတွက် 'မြင်နေတယ်, ကြားနေတယ်'လို့ ထင်နေကြရပါတယ်။ မရှိတဲ့ ဇီဝိတရုပ်က ကျန်တဲ့ကလာပ်မှ ရုပ်တွေကို ကျေးဇူးပြုတာ မဟုတ်ဘဲ၊ သူဆင်ရှာဖြစ်ပေါ်လာတဲ့ အခါမှသာ ကျေးဇူးပြုတာပါ။ ဒီရုပ်က ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုသလား၊ မဖြိုဘဲနဲ့ ကျေးဇူးပြုသလား ဆိုတဲ့ သံသယရှိတဲ့အတွက် ရုပဇီဝိတိန္ဒြိယတွေလို့ အတ္ထိပစ္စည်းမှာ ထပ်ပြီး ဘုရားရှင်က ရှင်းခဲ့တာပါဘဲ။

**ဂျန္ဒြိယပဒ္ဓရုပ် အနိန္ဒြိယပဒ္ဓရုပ်**

သစ်ပင်မှာ သက်မဲ့လို့ အဘိဓမ္မာက ဆုံးဖြတ်တာက သစ်ပင်မှာ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာနဲ့ ဓာတ်ကြီး ၄-ပါးဆိုတဲ့ ရုပ် ၈-ခုဘဲ ရှိပါတယ်၊ ဘာသစ်ပင်ဘဲဖြစ်ဖြစ်၊ သစ်ပင် ဘယ်လောက်ဘဲကြီးကြီး၊ ဘယ်လောက်ဘဲ

သေးသေး၊ ဇီဝိတရုပ်ဆိုတဲ့ဇီဝိတိန္ဒြေမရှိတဲ့ရုပ်များကို သက်မဲ့လို့ဘဲ ခေါ်ပါတယ်၊ ရုပ်မှာ ကျန်ခြေနဲ့ ပေါ်နေတဲ့ရုပ်များကို ကျန်ခြိုယဗဒွရုပ်၊ စက္ခုခြေ့, သောတိခြေ့,ဃာနိခြေ့စတဲ့ ကျန်ခြေတို့နဲ့ မစပ်တဲ့ရုပ်များကို အနိခြိုယဗဒွရုပ်လို့ ၂-မျိုး ရှိပါတယ်။ ရေ မြေ တော တောင် သစ်ပင်များကို သက်မဲ့လို့ဆိုတာက ကျန်ခြိုယရုပ်မရှိလို့ပါ၊ သစ်ပင်ကို သက်မဲ့လို့ပြောတာမှာ ဘုရားရှင်ရဲ့ အဘိဓမ္မာက ကျန်ခြိုယရုပ်ရှိတဲ့ရုပ်မျိုး ကလာပ်မျိုးများမှာမှ အသက်ရှိတယ်၊ ကျန်ခြိုယရုပ်ရှိတဲ့ ရုပ်ခန္ဓာမျိုးကိုမှ အသက်ရှိတယ်လို့ ဆိုပါတယ်။

## အသညသတ်ဗြဟ္မာ

အသညသတ်ဘုံမှာ ရုပ်ချည်းသက်သက်ရှိပေမဲ့ တောင်ကြီးလို့, ရပ်တော်မူ ကိုယ်တော်ကြီးလို့ သက်မဲ့ရုပ်မျိုး မဟုတ်ပါ၊ အသညသတ်ဘုံမှာ ရုပ်ဇီဝိတိန္ဒြေနဲ့ ကမ္မဇရုပ် ရှိပါတယ်၊ ဒါကြောင့် ၃၁-ဘုံမှာ အသညသတ်ကို သက်ရှိသတ္တဝါထဲမှာ ထည့်ထားပါတယ်။ သက်မဲ့လေလားဟုနဲ့ သံသယရှိမှာ စိုးသည့်အတွက် အသညသတ္တလို့ သတ္တပုဒ်ထည့်တာပါ၊ သတ္တဆည့်လိုက်တော့ အသညသတ် ဗြဟ္မာများဟာ ၃၁-ဘုံမှာရှိတဲ့ သတ္တဝါထဲမှာ ဝင်သွားပါတယ်၊ ကျန်ခြိုယရုပ်ရှိရင် သက်ရှိ၊ ကျန်ခြိုယရုပ်မရှိရင် သက်မဲ့လို့ ဒီလိုဘဲ ဆုံးဖြတ်ကြပါတယ်။ အတ္ထိပစ္စည်း ငါးမျိုးကတော့ တော်တော်စုံသွားပြီ ထင်ပါတယ်။ ဒီလောက်နဲ့ဘဲ အတ္ထိပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၂၂။ နတ်ထိုပစ္စည်း သင်ကြားပို့ချချက်များ

**အတ်ထိပစ္စည်းနဲ့ နတ်ထိပစ္စည်းက** တဲ့ပြီးပြောမှ အဓိပ္ပါယ်က ပေါ်လွင်ပါတယ်။ 'သမနန္တရနိဂ္ဂါ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ်ထိပစ္စယေန ပစ္စယော'လို့ နတ်ထိပစ္စည်းမှာ ဟောပါတယ်၊ နတ်ထိပစ္စဒယာမှာ **နာ-က** မရှိ၊ **အတ်ထိ** ဆိုတာက ရှိတယ်လို့ **အဓိပ္ပါယ်** ရပါတယ်၊ မြတ်စွာဘုရားက ရုပ်တရား နာမ်တရားတွေ ကျေးဇူးပြုပုံမှာ **အတ်ထိပစ္စယော**က ဥပါဒ်, ဋ္ဌိ, ဘင် **အာ**းဖြင့် ထင်ရှားရှိပြီးမှ ကျေးဇူးပြုတာနဲ့ **နတ်ထိပစ္စယော**က ဥပါဒ်, ဋ္ဌိ, ဘင် **အာ**းဖြင့် ထင်ရှား **မရှိ**ဘဲနဲ့ ကျေးဇူးပြုတာ နှစ်မျိုးရှိပါတယ်လို့ ဟောခဲ့ပါတယ်။

ဥပမာ**အာ**းဖြင့် တိုင်းပြည်ရဲ့ ခေါင်းဆောင် တဦးဟာ တိုင်းသူပြည်သားကို ကျေးဇူးပြုတာမှာ သူ ထင်ရှားရှိဆဲမှာဘဲ ကျေးဇူးပြုတာလဲရှိ၊ သူမရှိတော့ဘဲနဲ့ ကျေးဇူးပြုတဲ့ ခေါင်းဆောင်လဲ ရှိပါတယ်၊ မြတ်စွာဘုရား ပင့်တော်မူခဲ့ပါတယ်၊ ပင့်တော်မူလို့ သက်တော်ထင်ရှားရှိစဉ်ကလဲ **ဏ**မ္ဘာသူ ကမ္ဘာသား **အ**ကုန်လုံး ကောင်းစား**အော**င် လုပ်ခဲ့ပါတယ်၊ မြတ်စွာဘုရား မရှိတော့ဘဲ ယခု နှစ်ပေါင်း ၂၅၀၀-ကျော်နေပြီ၊ ဘုရား မြတ်စွာ မရှိတော့လဲ ဟောတော်မူခဲ့တဲ့ တရားတွေ ဝါဒတွေဟာ လူ**အ**များ ကောင်းစားရေး, ချမ်းသာရေး ယနေ့ထိ ဖြစ်နေတာဟာ သူမရှိတော့လဲ ကျေးဇူး ပြုနေတာပါဘဲ၊ ရုပ်တရား နာမ်တရားများဟာလဲ ရှိနေဆဲမှာ ကျေးဇူးပြုတာနဲ့ မရှိတော့မှ ကျေးဇူးပြုတာလို့ နှစ်မျိုးရှိတာကို နတ်ထိပစ္စည်းမှာ ထပ်ပြီးဟောရတာပါ။

## နာမ်ကိုနာမ်ချင်း မရှိဘဲနဲ့ ကျေးဇူးပြု

နတ်ထိပစ္စည်းက ရုပ်တရား မပါပါ၊ "သမနန္တရနိဂ္ဂါ စိတ္တစေတသိကာ ဓမ္မာ၊ တဆက်တည်း ဖြစ်ပြီး ပျက်သွားသော စိတ် စေတသိက် နာမ်တရား

တို့သည်။ ပဋ္ဌုပ္ပန္နာနံ၊ မိမိတို့ နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ ဓမ္မာနံ၊ စိတ် စေတသိက် နာမ်တရားတို့အား။ နတ္ထိပစ္စယေန ပစ္စယော၊ မရှိဘဲနဲ့ ကျေးဇူးပြုတယ်”လို့ နတ္ထိပစ္စည်းကို အကျဉ်းဟောခဲ့ပါစတယ်။

## အနန္တရမျိုး

၂၄-ပစ္စည်းထဲမှာ အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, ကမ္မ, နတ္ထိ, ဝိဂတ လို့ အနန္တရက ၇-မျိုး ရှိပါတယ်၊ သဟဇာတ ၁၅-မျိုးကိုတော့ ပြောခဲ့ပြီးပါပြီ၊ သဟဇာတက ဥပါဒ်, ဋ္ဌိ, ဘင်အား ဖြင့် ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့ အတ္ထိမျိုး၊ အတူတကွဖြစ်တဲ့ သဟဇာတမျိုး ဖြစ်ပါတယ်၊ အနန္တရမျိုးထဲက နတ္ထိပစ္စည်းကတော့ မရှိတော့မှ ကျေးဇူးပြုတယ်ဆိုတဲ့သဘောပါ၊ နာမ်တရားတခု ဥပါဒ်, ဋ္ဌိ, ဘင်အား ဖြင့် ဖြစ်ပြီး ပျက်သွားပြီး နောက်ကနာမ်တရားတခုက အဆက်မပြတ် ဖြစ်နေဘို့ ကျေးဇူးပြုတာဖြစ်လို့ အနန္တရမျိုးဖြစ်တဲ့ နတ္ထိပစ္စည်းဟာ မရှိတဲ့အခါမှာ ကျေးဇူးပြုပါတယ်။

အာသေဝနမှာကတော့ နာမ် နာမ်ချင်း ကျေးဇူးပြုပါတယ်၊ ကမ္မမှာ နာနာက္ခဏိကကမ္မက နာမ်နာမ်ချင်း ကျေးဇူးပြုလို့ အနန္တရမျိုးထဲမှာ ပါသော်လဲ သဟဇာတကမ္မတော့ မရပါ၊ မင်္ဂလစိတ် ၄-ပါးက ဖိုလ်စိတ်ကို ကျေးဇူးပြုတဲ့ အခါမှာသာ ကမ္မပစ္စည်းက အနန္တရ ရပါတယ်၊ ကမ္မကို ထည့်ထားပေမဲ့ အနန္တရမျိုးထဲမှာ ကမ္မရတာ နဲပါတယ်။

## နိဗ္ဗာန်နဲ. အတ္ထိပစ္စည်း

နိဗ္ဗာန်ဟာ ပရမတ္ထတရား ၄-ပါးမှာ ပါပါတယ်၊ ပဋ္ဌာန်းမှာတော့ မျှားသောအားဖြင့် ပစ္စည်းတွေမှာ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားတွေကိုဘဲ ပြပါတယ်၊ နိဗ္ဗာန်က အာရမ္မကပစ္စည်းနဲ့ အာဝဇ္ဇနကဉပနိဿယပစ္စည်းမှာ ပစ္စည်းအနေနဲ့တော့ ပါခဲ့ပါတယ်။ ပစ္စယုပ္ပန်နဲ့တော့ ဘယ်ပစ္စည်းမှာမှ မပါပါ၊ ဒါကြောင့် နိဗ္ဗာန်ကို အတ္ထိပစ္စည်း တပ်,မတပ် ပြဿနာဖြစ်ခဲ့ကြပါတယ်။

နိဗ္ဗာန်ကို ရှိသလား၊ မရှိဘူးလား လို့ မေးရင် ရှိပါတယ် လို့ ဖြေကြပါတယ်၊ နိဗ္ဗာန်ရှိတယ်ဆိုရင် အတ္ထိပစ္စည်း တပ်မလား ဆိုတဲ့အခါမှာ အတ္ထိပစ္စည်း မတပ်ရင်တော့ နိဗ္ဗာန်မရှိဘူးလို့ ပြောရမလို ဖြစ်နေပါတယ်၊ ဘုရားဟောတဲ့အထဲမှာ ပဥ္စဝါရနဲ့ ပစ္စယနိဒ္ဒေသကိုကြည့်ရင် အတ္ထိပစ္စည်းမှာ သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ လို့ အတ္ထိ ငါးမျိုးဘဲ ရှိပါတယ်၊ အကယ်၍သာ နိဗ္ဗာန်ကို အတ္ထိပစ္စည်းတပ်ရင် အတ္ထိ-က သီးခြားပါလာရပါမယ်။

## အဖြစ်တရားနဲ့ အရှိတရား

ပဋ္ဌာန်းမှာ အဟောများတဲ့ စိတ်, စေတသိက်, ရုပ်တို့ကို ဥပါဒ်,ဌိ,ဘင် ရှိရင် အဖြစ်တရား, အရှိတရားလို့ ယူပါတယ်၊ အခု အဘိဓမ္မာဆရာများက သဘောတူးဆရာ ဆွေးနွေးတဲ့အခါမှာ သူတို့က 'နဂိုက အမြဲရှိနေတဲ့တရားသည် အရှိတရား၊ နဂိုရှိတဲ့တရားက ထ-ထ ဖြစ်နေတာက အဖြစ်တရား'လို့ ဒီလိုဆိုပါတယ်။ အဘိဓမ္မာမှာ ဥပါဒ်, ဌိ, ဘင်အားဖြင့် မဖြစ်သေးဘဲ သူဘာသာသူ ငုပ်နေတဲ့ ဒီဇာသတ္တိကို အရှိတရားလို့ မယူပါ။

အဘိဓမ္မာမှာ အရှိတရား ၂-မျိုးရှိပါတယ်၊ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ အရှိတရားတွေက ဖြစ်ကိုဖြစ်နေပါတယ်၊ စိတ်, စေတသိက်, ရုပ်တွေ ဖြစ်နေလို့လဲ ပရမတ္ထတရားလို့ ခေါ်ပါတယ်၊ 'အရှိလဲ ဟုတ်တယ်၊ အဖြစ်လဲ ဟုတ်တယ်'၊နိဗ္ဗာန်က အရှိတရား ဟုတ်သော်လဲ ဥပါဒ်,ဌိ,ဘင်မရှိသည့် အတွက် အဖြစ်တရား မဟုတ်ပါ။

အတ္ထိပစ္စည်းကို ဟောတာက ပစ္စုပ္ပန် ဥပါဒ်, ဌိ, ဘင်အားဖြင့် ရှိတဲ့တရားမှ အတ္ထိပစ္စည်းဆိုတော့ နိဗ္ဗာန်ကို ပစ္စုပ္ပန်လား, အတိတ်လား, အနာဂတ်လား၊ ဘယ်လိုယူဆမလဲ ဆိုရင် နိဗ္ဗာန်က ကာလဝိမုတ်ပါ။

## ပစ္စုပ္ပန် ၃-မျိုး

စိတ်, စေတသိက်, ရုပ်တွေဟာ ဥပါဒ်, ဌိ, ဘင်အားဖြင့် အရှိတရား၊ ဒီအရှိတရားက တေဘူမကသင်္ခါရမို့ ဖြစ်လာရင် ပျက်ရမယ်ဆိုတဲ့ ဥပဒေကို

ကျော်လွန်လို့မရပါ၊ ဒီလို စိတ္တက္ခဏအားဖြင့် ဖြစ်တာ ပျက်တာကို ဥပါဒ်, ဌီ, ဘင်ဆိုတဲ့ ခဏပစ္စုပ္ပန်ခေါ်ပါတယ်၊ သန္ဋတိ ပစ္စုပ္ပန်ဆိုတာကတော့ မွေးတဲ့နေ့ကစပြီး ဒီနေ့အထိ ဒီရုပ်ကြီး အစဉ်မပြတ် ဖြစ်နေပေမဲ့ စိတ်တွေ့ အစဉ်မပြတ် ဖြစ်နေပေမဲ့ အပူရုပ်စဉ် အအေးရုပ်စဉ် အပြောင်းအလဲ ဖြစ်နေတာက သန္ဋတိပစ္စုပ္ပန်ပါ၊ သမယပစ္စုပ္ပန်ဆိုတာကတော့ မနေ့ကနဲ့ ဒီနေ့ဆိုရင် မနေ့ကအတိတ်, ဒီနေ့မှာ ပစ္စုပ္ပန်, နက်ဖြန်ခါ အနာဂတ်ဆိုတော့ ဒါက သမယပစ္စုပ္ပန်လို့ခေါ်ပါတယ်။ ပစ္စုပ္ပန်တွေ့ ခေါ်နည်းကို အဘိဓမ္မာမှာ ဒီလိုရှင်းပြပါတယ်။

**သခ်ၤတနဲ့ အသခ်ၤက**

ခဏပစ္စုပ္ပန်အားဖြင့် ဖြစ်ပေါ်လာတဲ့တရားမှန်သမျှက ပျက်ရမှာပါ ဘဲ၊ စိတ် စေတသိက် ရုပ်နာမ်တရားတွေဟာ ဥပါဒ်, ဌီ, ဘင်ရှိပါတယ်၊ ဥပါဒ်, ဌီ, ဘင်ရှိလို့လဲ ဖြစ်ပြီးရင် ပျက်ရမှာပါ၊ နိဗ္ဗာန်ကတော့ ဥပါဒ်, ဌီ, ဘင်မရှိ၊ အကယ်၍သာ ဥပါဒ်, ဌီ, ဘင်ရှိတဲ့ အဖြစ်တရားဆိုရင် နိဗ္ဗာန်ကလဲ ပျက်ရပါလိမ့်မယ်။ နိဗ္ဗာန်ကတော့ မအိုရာ မနာရာ မသေရာမို့ ဥပါဒ်, ဌီ, ဘင် မရှိပါ။

ပုဂ္ဂိုလ်သတ္တဝါတွေကို ထည့်မကြည့်ဘဲ နိဗ္ဗာန်ကို ရှင်းပြရမယ်ဆိုရင် ဒီမှာဘက်ကမ်းနဲ့ ဟိုမှာဘက်ကမ်းဆိုပါစို့၊ဒီမှာဘက်ကမ်းမှာ ရုပ်နာမ်တွေရဲ့ အရှိတရားက ဥပါဒ်, ဌီ, ဘင်ဖြစ်ပြီး ပျက်လိုက် ဖြစ်ပြီးပျက်လိုက်ဆိုတဲ့ ဖြစ်ပျက်စဉ် သဘာဝခမွဲကြီးပါ၊ ဒီထက်ရှင်းအောင်ပြောရရင် ပုဂ္ဂိုလ်တွေ့ သတ္တဝါတွေ့ ဘုံဘဝတွေ့ ပညတ်တွေ့ ဖြုတ်လိုက်တော့ ဥပါဒ်, ဌီ, ဘင် အားဖြင့် ဖြစ်ပြီး ပျက်သွားတယ်ဆိုတဲ့ ဖြစ်ပျက်စဉ် ရှုပ် နာမ် သဘာဝခမွဖြစ်တဲ့ **သခ်ၤတတရားက** တမျိုးပါ။

**အသခ်ၤတ**ဆိုတဲ့ ဟိုဘက်ကမ်းမှာ နိဗ္ဗာန်ကတော့ ဥပါဒ်, ဌီ, ဘင် မရှိပါ၊ တကယ်လို့ နိဗ္ဗာန်မှာ ဥပါဒ်, ဌီ, ဘင်ရှိရင် နိဗ္ဗာန်က ပျက်ရမှာပါ၊ ဥပါဒ်, ဌီ,, ဘင်မရှိခေတ့ မပျက်ပါ၊ နိဗ္ဗာန်က မြဲပါတယ်၊ နိဗ္ဗာန်ရောက်တယ်ဆိုဏာက ဒီဘက်ကမ်း **သခ်ၤတ**နယ်က ဟိုဘက်ကမ်း **အသခတ**

နယ်ကို ကူးသွားတာပါ၊ ပုဂ္ဂိုလ် သတ္တဝါတွေ့ သူ ငါ နိဗ္ဗာန်ရောက်ကြတယ်ဆိုဘာက ဖြစ်ပျက်တဲ့ သဘာဝမမှကနေပြီး မဖြစ်မပျက်တဲ့ သဘာဝမမှကို ပြောင်းသွားတာကို နိဗ္ဗာန်ရောက်တယ် ဆိုတာပါဘဲ။

အသခ်ၤတဆိုတဲ့ နိဗ္ဗာန်ကို အတ္ထိပစ္စည်းမတပ်တာက ဥပါဒ်, ဋ္ဌိ, ဘင် မရှိလို့ပါ။ ဥပါဒ်, ဋ္ဌိ, ဘင်မရှိတဲ့ တရားမျိုးကို အတ္ထိ ပစ္စည်းထဲ ထည့် ဟောလို့လဲ မရပါ၊ ရုပ် နာမ် သခ်ၤတ တရားတွေက ဥပါဒ်, ဋ္ဌိ, ဘင် ဖြစ်ပေါ်လာရင် အတ္ထိလဲရ၊ ဥပါဒ်, ဋ္ဌိ, ဘင်ပျက်သွားရင် နတ္ထိလဲရပါတယ်။ အသခ်ၤတနိဗ္ဗာန်မှာ အရှိတရားဆိုတာက အတ္ထိ အရှိမျိုးမဟုတ်ပါ။ နိဗ္ဗာန်က အသခ်ၤတဖြစ်တော့ အမြဲတမ်းရှိတဲ့တရား ဖြစ်တဲ့အတွက် အတ္ထိပစ္စည်း မတပ်ပါ။

ပစ္စုပ္ပန် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားကိုသာ အတ္ထိပစ္စည်း ဟောတော့ ရုပ်နာမ်ဟာ အတ္ထိ-ရှိလို့က်၊ နတ္ထိ-မရှိလို့က်ဘဲ ဖြစ်ပါတယ်။ လူမှာလဲ အတ္ထိပစ္စယောမှာ–ရှိနေပါတယ်။ နတ္ထိပစ္စယောမှာတော့ သင်းချိုင်းကုန်း ရောက်တာပါ၊ အတ္ထိ, နတ္ထိ ရနေကြပါတယ်။

## နိဗ္ဗာန် အတ္ထိပစ္စည်းမတပ်တဲ့အကြောင်း

နိဗ္ဗာန် အတ္ထိပစ္စည်းတပ်သလားလို့ မေးရင် ရုတ်တရက် နိဗ္ဗာန်ဟာ ရှိတဲ့တရားမို့ ပရမတ္ထတရားမို့ တပ်ပါတယ်လို့ ပြောမိမှာပါ။ သို့ပေမဲ့ အရှိတရားက ပရမတ္ထ တရားထဲမှာ စိတ်, စေတသိက်, ရုပ်တွေ ရှိပုံနဲ့ နိဗ္ဗာန်ရှိပုံနဲ့က မတူပါ။ ရှိတဲ့ တရားချင်းတူပေမဲ့ ဒီသဘောကို ပြောရင် တော်တော်ရှင်းကျက်တဲ့ တရားထိုင်နေကျ ပုဂ္ဂိုလ်တွေကတော့ သိပါတယ်၊ စိတ်, စေတသိက်, ရုပ်တရားတွေရှိနေတာက ဖြစ်ပြီးမှ ပျက်သွားလိုက်, ဖြစ်ပြီး ပျက်သွားလိုက်နဲ့ အဖြစ်တရားရဲ့ အရှိမျိုးနဲ့ ရှိနေတာပါ၊ နိဗ္ဗာန်က အဲဒီလိုရှိနေတဲ့ သဘောမျိုး မဟုတ်ပါ။

တချို့ကတော့ နိဗ္ဗာန်ကို နာမ်တရားနဲ့နှိုင်းပြီး ဥပမာပေးကြပါတယ်၊ လူတွေမှာ ဝေဒနာမရှိဘူးလား၊ ဝေဒနာစေတသိက် ခံစားမှု ရှိပါတယ်၊ သညာမှတ်သားမှု မရှိဘူးလား၊ သညာမှတ်သားမှု နာမ်တရားထဲလဲ

ရှိပါ့တယ်၊ စေတနာဆိုတဲ့ နာမ်တရားကလဲ ရှိတာသိပါတယ်၊ လောဘဆိုတာကလဲ နာမ်တရား အရှိတရားပါဘဲ။ ဒီလိုဝေဒနာဖြစ်ပေါ်လာတာသိ၊ လောဘဖြစ်လာတာသိ၊ ဒါတွေကို ကြည့်နေမယ်ဆိုရင် ဒီတရားတွေ ရှိတာ ကိုယ်တိုင်ဘဲ သိနေကြပါတယ်၊ သို့ပေမဲ့ ဒီတရားတွေက ဖြစ်ပြီး ပျက်ပျက်သွားတာပါ။

တရားတွေရှိသမျှ အကုန်လုံးခြုံပြီးကြည့်ရင် သဘာဝကတော့ အကုန်လုံး သဘာဝမဟုပါဘဲ၊ သဘောတရားချင်းတူခဲပမဲ့ နိဗ္ဗာန်က နာမ်တရားများရှိနေတဲ့ အရှိတရားမျိုး မဟုတ်ပါ၊ အမြဲတမ်းရှိနေတဲ့ဘုရား၊ ဖြစ်လာတဲ့တရားလဲမဟုတ်၊ ဖြစ်လာတဲ့တရားဆိုရင် ပျက်သွားတာ ရှိတယ်။ဘယ်ကမ္ဘာကဖြစ်ပြီး နိဗ္ဗာန်ဖြစ်နေတယ်၊ ဘယ်ကမ္ဘာကျရင် နိဗ္ဗာန်ပျက်သွားမယ်လို့ ဒီလိုသဘောတရားမျိုး မဟုတ်ပါ။ အသံခံတဝင်ဆိုတဲ့ နိဗ္ဗာန်ဓာတ်သဘောဟာက အမြဲတမ်း ရှိနေပါတယ်၊ အမြဲတမ်းရှိနေလို့လဲ မအိုရာ မနာရာ မသေရာလို့ မြတ်စွာဘုရားက ဟောပါတယ်။ ဒါက နိဗ္ဗာန်ကို အတ္ထိပစ္စည်း မတပ်တဲ့ အကြောင်းပါ။

## အတ္ထိပစ္စည်းနဲ့ ဥဿဒဒိဋ္ဌိ

အယူဝါဒနဲ့ပတ်သက်လာတော့ အတ္ထိပစ္စည်းကို ဟောတာ ဘယ်ပုဂ္ဂိုလ်တွေအတွက် ဟောတာလဲဆိုတော့ – ဥဿဒဒိဋ္ဌိ ယူတဲ့ သူတွေအတွက်ပါ၊ ဒီလူတွေက မရှိဘူးလို့ပြောတဲ့လူတွေပါ။ လူသေပြီးရင် နောက်ထပ် ရုပ်နာမ်မဖြစ်တော့ဘဲနဲ့ ပြတ်သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေပါ၊ သူတို့က အတ္ထိပစ္စည်း ရှိနေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို နားမလည်လို့ ဥဿဒဒိဋ္ဌိ ဖြစ်ပါတယ်။ အနန္တရပစ္စည်းမှာ စုတိစိတ်ပြီးရင် ပဋိသန္ဓေလာပါတယ်၊ စုတိစိတ်မှာ အနန္တရသတ္တိမှိလို့ စုတိစိတ်ပျက်သွားပေမဲ့ အနန္တရက နောက်က နာမ်တရားတွေ ဖြစ်ပေါ်ဘို့ကို ကျေးဇူးပြုခဲ့တော့ စုတိပြီး ပဋိသန္ဓေက မဖြစ်ဘဲနေလို့မရ၊ စိတ္တနိယာမ သဘာဝနိယာမ ဆိုတဲ့ နိယာမအကုံးစုတိပြီး၊ ပဋိသန္ဓေက ဖြစ်ကို ဖြစ်ရမှာပါ။ ဒါက အနန္တရသတ္တိပါ။

စုတီပြီး ပဋိသန္ဓေဖြစ်တာကို သူတို့က မမြင်တဲ့ မသိတဲ့အတွက် သေပြီးရင် လူဟာ ပြတ်သွားတာဘဲ၊ ရုပ်နာမ်ဖြစ်တာဟာ တဘဝဘဲလို့ 'တာဘဝစံ'ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေကြတယ်။ ဒါကြောင့် ရုပ်နာမ်တရားကို အတ္ထိပစ္စည်းနဲ့ဟောတာက ဥစ္ဆေဒဒိဋ္ဌိသမားတွေအတွက် ဟောတာပါ။ ပရမတ္ထ တရားတွေဟာ ဥပါဒ်, ဌီ, ဘင်နဲ့ ထင်ရှားဖြစ်ပေါ်ပြီး အရှိအားဖြင့် ကျေးဇူးပြုနေတယ်လို့ ဒီလို အတ္ထိပစ္စည်းကို မြင်ရင် ဥစ္ဆေဒဒိဋ္ဌိသမားတွေ အယူပြောင်းသွားနိုင်ပါ့တယ်။

## နတ်ထိပစ္စည်းနဲ့ သဿတဒိဋ္ဌိ

နတ်ထိကို ဟောရတာက 'အတ္ထိပစ္စယော'တဲ့အဲဒီဟာရင် ရုပ်တရားနာမ်တရားဟာ အမြဲရှိတယ်၊ ပျက်ကို မပျက်ဘူးလို့ ရှိတာတခုထဲဟောရင် သဿတဒိဋ္ဌိ ဖြစ်သွားမယ်။ ရှိတာလဲ ဟုတ်တယ်၊ ရှိပြီးတော့လဲ ပျက်သွားတာဘဲဆိုတာက နတ်ထိပစ္စယောပါ၊ ဒီလို နတ်ထိပစ္စယောဟောလိုက်ပြန်တော့ သဿတဒိဋ္ဌိသမားတွေရဲ့ 'ကိုအယူဝါဒက မှန်တယ်၊ မြတ်စွာဘုရားက အတ္ထိပစ္စယော ဟောတာဘဲ၊ ရုပ်တရား နာမ်တရားဟာ အရှိတရားဘဲ၊ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး'လို့ ယူဆချက်ဟာ တခါထဲ လွှင့်ပျောက်သွားပါတယ်။

"ဥဘော အန္တေ အနုပဂ္ဂမ္မ" ဆိုတဲ့ ဓမ္မစက္ကြာမှာ ပါတဲ့ အစွန်း ၂-ဘက်က လွှတ်အောင် မြတ်စွာဘုရားက 'အတ္ထိပစ္စယော၊ နတ်ထိပစ္စယော'လို့ ဟောပါတယ်၊ နိဗ္ဗာန်မပါဘဲ စိတ်, စေတသိက်, ရုပ်ဟာ အတ္ထိပစ္စယော ဆိုတော့ ပရမတ္ထတရား ရုပ်နဲ့နာမ်ဟာ ဥပါဒ်, ဌီ, ဘင်အားဖြင့် အမြဲဖြစ်နေတာဘဲ၊ အဖြစ်တရားဆိုတာက 'စုတိပြီး ပဋိသန္ဓေ, စုတိပြီး ပဋိသန္ဓေ'လို့ ဒီလို အမြဲတမ်း အဖြစ်တရားဖြစ်နေတာကို မြင်တော့ ဥစ္ဆေဒဒိဋ္ဌိ လွှင့်ပျောက်သွားပါတယ်။

သဿတဒိဋ္ဌိသမားတွေကတော့ ဘုရား မပုဉ်မိကလဲ ရှိကြပါတယ်၊ သူတို့က စျာန်အဘိညာဉ်ရတဲ့ ဒိဋ္ဌိကြီးတွေဖြစ်လို့ သူတို့ကိုယ် သူတို့ ဘုရားလို့ဘဲ ကြေငြာပြီး နေကြသူတွေပါ။ သူတို့က 'ဝိညာဏ်က မြဲနေ

တယ်'လို့ ယူဆပြီး ဝိညာဏ်ရဲ့ အဖြစ်အပျက်ကို မမြင်၊ ဝိညာဏ်ရဲ့ခဏတိုင်း ခဏတိုင်းရဲ့ ဖြစ်ပျက်ကို မမြင်၊ သတ္တဝါ ဘဝပြောင်းသွားတာကိုတော့ မြင်ပါတယ်။ ဒီဗွစက္ခုအာဘိညာဉ်နဲ့ကြည့်ရင် ဘယ်သူဖြင့် နတ်ပြည် ရောက်သွားပြီ၊ ဘယ်သူဖြင့် ငရဲပြည်မှာလို့ ပုဂ္ဂိုလ်သတ္တဝါကို မြင်လို့ ပုဂ္ဂိုလ်သတ္တဝါဟာ မြဲတယ်၊ တဘဝပြီး တဘဝ ပြောင်းနေတာဘဲလို့ သဿတဒိဋ္ဌိ ယူဆတဲ့သူတွေ့ပါ။ မြတ်စွာဘုရားရဲ့ ဝိပဿနာတရားကို ကျင့်နိုင်တဲ့အခါကျမှသာ 'အတ္ထိပစ္စယော၊ နတ္ထိပစ္စယော' သဘော ပေါက်ပြီး ဒိဋ္ဌိ ၂-ခုက လွတ်မှာပါ၊ ဒါက အတ္ထိပစ္စည်း နတ္ထိပစ္စည်း တတွဲပါ။ ဒီလောက်နဲ့ဘဲ နတ္ထိပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၂၃။ ဝိဂတပစ္စည်း
# သင်ကြားပို့ချချက်များ

## ဝိဂတပစ္စည်းနဲ့ နတ္ထိပစ္စည်းသဘော

ဝိဂတကို 'ကင်းတယ်'၊ နတ္ထိကိုတော့ 'မရှိ'လို့ဘဲ အဓိပ္ပါယ်ပြန်ပါတယ်၊ 'သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော'မှာ သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ–အခြားမဲ့ တဆက်တည်းဖြစ်၍ ကင်းကုန်ပြီးသောစိတ်ဧေတသိက်ဖြစ်တဲ့ နာမ်တရားတို့သည်၊ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ–မိမိတို့နောက်၌ တဆက်တည်းဖြစ်ကုန်သော စိတ် ဧေတသိက်တို့အား၊ ဝိဂတပစ္စယေန ပစ္စယော–ဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ နတ္ထိကတော့ မရှိသောအားဖြင့် ကျေးဇူးပြုပါတယ်၊ ဝိဂတက ကင်းနေသောအားဖြင့် ကျေးဇူးပြုပါတယ်လို့ ဝိဂတအဓိပ္ပါယ်ကတော့ ဒီလောက်ဘဲ ရပါတယ်၊ ကင်းတာနဲ့ မရှိတာမှာ ကျေးဇူးပြုပုံခြင်း အတူတူဖြစ်လို့ ဘာ့ကြောင့် ဝိဂတပစ္စည်းကို ထပ်ဟောရပါသလဲ။

အင်္ဂကထာ ဋီကာဆရာတွေကတော့ တော်တော်ရှင်းထားပါတယ်၊ သို့ပေမဲ့ ဥပမာနဲ့ပြောမှ သဘောပေါက်မှာပါ၊ စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာမှာ စက္ခုဝိညာဏ်ပျက်သွားပြီးမှ သူက မရှိတဲ့အနေနဲ့ကျေးဇူးပြုတာပါ၊ သူက မရှိတော့လို့ နောက်က သမ္ပဋိစ္ဆိုင်းက ဖြစ်ခွင့်ရတာပါ၊ သူမရှိလို့ သမ္ပဋိစ္ဆိုင်းဖြစ်ခွင့်ရတာက နဂိုက ကျေးဇူးပြုတာပါ။

ဝိဂတကတော့ မရှိခဏမက သတ္တိအားဖြင့်လဲ ကင်းတာပါ၊ စက္ခုဝိညာဏ်စိတ်က မရှိတော့ပေမဲ့ သူရဲ့သဘောတရား သူရဲ့သတ္တိက မကင်းသေးရင် သမ္ပဋိစ္ဆိုင်းက မဖြစ်နိုင်ပါ။ သူက ကင်းပါပြီ၊ ချင်းပါပြီ၊

ငါ့သဘောတရား ဘာမှမရှိတော့ပါဘူးလို့ ကြေငြာပြီးမှ သမ္မုဋိစ္ဆိုင်းက ဖြစ်ခွင့်ရတာပါ။

နတ္ထိနဲ့ ဝိဂတကို ယခု ဥပမာပေးရမယ်ဆိုရင်တော့ နဲနဲကြမ်းပါတယ်၊ မီနန်းမနဲ့ ယောကျ်ားဟာ အိမ်ထောင် ကွဲသွားကြတယ်၊ ကွဲတော့ ယောကျ်ားက မရှိတော့လို့ နတ္ထိပစ္စည်းမှန်ပါတယ်၊ သို့ပေမဲ့ ဒီမိန်းမကို သူယောကျ်ားက ကင်းပါပြီလို့ ပြတ်စဲ့ မပေးသေးရင် ဒီမိန်းမက နောက်ထပဲ အိမ်ထောင်ပြုလို့ မရပါ။ နတ္ထိပစ္စည်းကတော့ ဟုတ်နေပါပြီ၊ ပြတ်စဲ့မပေးသေးရင် ဝိဂတပစ္စည်းမဖြစ်သေးပါ။ အဲဒီ သဘောပါဘဲ။

နတ္ထိပစ္စည်း ဆိုတာက 'အဘာဝမတ္တောန' သူက မရှိရုံဘဲ ကျေးဇူးပြုလိုက်တာပါ၊ ဝိဂတမှာကတော့ မရှိတော့ပေမဲ့ သူသဘောတရား တကယ် မကင်းသေးရင် ဖြစ်ခွင့်မရပါ။ ကင်းပါပြီ၊ ရှင်းပါပြီလို့ဆိုမှ ကျေးဇူးပြု တာကတော့ ဝိဂတပစ္စည်းပါဘဲ၊ ဒီနေရာမှာ ဆိုလိုရင်းက မရှိရုံမက သူ့ရဲ့ သဘောသဘာဝသတ္တိကလဲ ရှင်းသွားပါပြီ၊ ဒီလိုကင်းမှ ရှင်းမှလဲ နောက် တရားတခု ဖြစ်လို့ ရပါမယ်၊ပရမတ္ထတရားတွေဟာ ပျက်သွားပေမဲ့ သူတို့ရဲ့ သတ္တိကတော့ ကျန်နေသေးတယ်ဆိုတဲ့ သဿတ ဒိဋ္ဌိသမားတွေအတွက် နတ္ထိပစ္စည်းကို ဟောပြီးပေမဲ့ ဝိဂတပစ္စည်းကို ထပ်ပြီးဟောရပါတယ်။

### အဝိဂတပစ္စည်းနဲ့ အတ္ထိပစ္စည်းသဘော

နတ္ထိပစ္စည်းနဲ့ ဝိဂဘပစ္စည်း၊ သူတို့ ၂-ခုက တစုံပါ၊ အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းက တစုံပါ၊ အဝိဂတက 'မကင်းတာ'၊ အတ္ထိက 'ရှိတာ'ပါ၊ ကျေးဇူးပြုပုံကို ပါဠိတော်မှာကြည့်ရင် အတ္ထိပစ္စည်းမှာ ဟောပုံနဲ့ အဝိဂတမှာ ဟောပုံ ပစ္စယနိဒ္ဒေသနဲ့ ပဥ္စဝါရမှာကြည့်ရင် အတူတူပါဘဲ။ အတ္ထိပစ္စည်းရရင် အဝိဂဘပစ္စည်းက ရပါပါယ်၊ နတ္ထိပစ္စည်းရရင် ဝိဂတပစ္စည်းကလဲ ရပါတယ်။ ပစ္စည်းမျိုးကိုပြောရင် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတဆိုတော့ နတ္ထိပါရင် ပဂတက ပါပါတယ်။ သဟဇာတမျိုးကို ကြည့်ရင်လဲ အတ္ထိပါရင် အဝိဂတ ပါပါတယ်။ အတ္ထိ ရှိထယ် ဆိုတာက ဥပါဒ်, ဌိ, ဘင် ထင်ရှားရှိပြီး ကျေးဇူးပြုတာပါ၊အဝိဂတ

ဆိုတာက ထင်ရှားရှိပြီးတော့ သူသဘောသတ္တိက ကင်းနေရင် ကျေးဇူးပြု သလား မပြုဘူးလား။

ဥပမာ ပေးရမယ်ဆိုရင် လင်နဲ့မယား ဥပမာမှာတော့ ထင်ရှားပါ တယ်၊ လင်နဲ့မယားဟာ အတူတူတာအိမ်ထဲမှာဘဲ နေကြတော့ ယောကျ်ား က ထင်ရှားရှိနေပေမဲ့ ကင်းတယ် မကင်းဘူးဆိုတာက ပြဿနာရှိနေတယ်၊ ယောကျ်ားက အတ္ထိပစ္စည်းနဲ့ ရှိနေတာပါ။ သို့ပေမဲ့ ပိပ္ပလိတို့ မယ်ဘဒ္ဒ တို့လို ကင်းနေတာ, ရှင်းနေတာကလဲ ရှိပါတယ်၊ ဒီဥပမာမှာ ယောကျ်ား ထင်ရှားရှိနေတာက အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုတာပါ၊ သဘောတရားချင်း ကတော့ ကင်းနေပါတယ်။

အဲဒီဥပမာလို သဘောတရား ကင်းနေသလားဆိုရင် ဥပါဒ်, ဋ္ဌိ, ဘင် နဲ့ ထင်ရှားရှိနေတာလဲ ဟုတ်ပါတယ်၊ သဘောတရားအားဖြင့်လဲ မကင်း ပါ၊ အဲဒီလိုကျေးဇူးပြုတာကမှ အတ္ထိနဲ့ အဝိဂတပစ္စည်းခေါ်ပါတယ်။ အတ္ထိ နဲ့ နတ္ထိကတစုံ, ဝိဂတနဲ့ အဝိဂတကတစုံ မြော်စွာဘုရားက ဒီလို ၂ ခုထပ် ဟောကြားခဲ့ရတာက အင်မတန် နက်နဲတဲ့ သဘောတရားတွေ ဖြစ်တော့ အာဘိဓမ္မာ အယူအဆတွေ မျောထွေး မသွားရအောင် အယူလွဲမသွားရ အောင် အတ္ထိနဲ့ အဝိဂတကို ထပ်ခင့်ပြီး ဆထူးဟောခဲ့ရပါတယ်။

**ဝေနေယျပုဂ္ဂိုလ်**

ရွေးဆရာကြီးမျှားဆုံးဖြတ်ချက်ဘခု ရှိပါသေးဟယ်၊ နတ္ထိနဲ့ ဝိဂတဟာ လဲ အတူတူပါဘဲ၊ အတ္ထိနဲ့ အဝိဂတကလဲ အတူတူပါဘဲလို့ ဆိုပါတယ်၊ ဒီလိုတူရဲ့သားနဲ့ ထပ်ပြီးဟောရတာက ဝေနေယျပုဂ္ဂိုလ်သဘောအားဖြင့် ဖြစ် ပါတယ်၊ တရားနာနေတဲ့ နတ်ပရိသတ်, ဗြဟ္မာပမိုသတ်ဝတ္ထုကို ဟောနေ တဲ့အခါ အတ္ထိကိုဟောတော့ သဘောမပေါက်ဘဲ ကျန်နေတဲ့ နတ်တွေ ဗြဟ္မာတွေအတွက် အဝိဂတကို ထပ်ပြီးဟောရပါတယ်လို့ ဆိုပါတယ်။

နတ္ထိပစ္စည်း ဟောတဲ့အချိန်မှာလဲ သဘောမပေါက်ဘဲကျန်နေသေးတဲ့ ပုဂ္ဂိုလ်မျှားအတွက် ဝိဂတပစ္စည်းကို ထပ်ပြီးဟောရပါတယ်။ ဓမ္မသင်္ဂဏီမှာလဲ အာသဝ, သြဃ, ယောဂ ဆိုတာတွေက တရားကိုယ်မှာ အတူတူဖြစ်သော်လဲ သြဃနဲ့ နားလည်မဲ့ပုဂ္ဂိုလ်ကို သြဃဟောရပါတယ်၊ ယောဂနဲ့ နားလည်မဲ့ ဟုဂ္ဂိုလ်ကိုလဲ ယောဂဟောရပါတယ်၊ ဒီလိုအဘိဓမ္မာ ထပ်ထပ်ပြီး ဟောရင် ဝေနေယျဇ္ဈာသယလို့ ဖြေရှိုးဖြေစဉ်ရှိပါတယ်လို့ ဆိုပါတယ်။ ဝိဂတပစ္စည်းကိုတော့ ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့။

# ၂၄။ အဓိဂတပစ္စည်း
# သင်ကြားပို့ချချက်များ

၂၄-ပစ္စည်းမှာ အဝိဂတပစ္စည်းက နောက်ဆုံးပစ္စည်းပါဘဲ၊ အဝိဂတနဲ့ အတ္ထိပစ္စည်းက ပါဠိမှာ **ဆားလုံး အတူတူပါ၊ 'စတ္တာရော ခန္ဓာ'** ကစပြီး **'မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော'** အထိ ပါဠိက **သဟဇာတအဝိဂတပါ၊ 'စက္ခွာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ'**ဆိုတဲ့ ငါးခုက **ဝတ္ထုပုရေဇာတ အဝိဂတပါ၊ ရူပါယတနံကစပြီး အဆုံးအထိက ဆာရမ္မဏပုရေဇာတ အဝိဂတဖြစ်ပါတယ်။**

**အတ္ထိက ပဋ္ဌာဝါရမှာ ငါးမျိုးရှိသလို အဝိဂတမှာလဲ သဟဇာတ အဝိဂတ, ပုရေဇာတအဝိဂတ, ပစ္ဆာဇာတအဝိဂတ, ရုပ်အာဟာရအဝိဂတ, ရုပ်ဇီဝိတိန္ဒြိယအဝိဂတလို့ ငါးမျိုးရှိပါတယ်၊ ငါးမျိုးချင်း အတူတူရှိပေမဲ့ အတ္ထိမှာလဲ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ ၂-မျိုးနဲ့ အဝိဂတမှာလဲ သဟဇာတ အဝိဂတနဲ့ ပုရေဇာတ အဝိဂတ၊ ဒီ ၂-မျိုးဘဲ ပစ္စယနိဒ္ဒေသမှာ ဟောပါတယ်၊ ပဋ္ဌာဝါရမှာတော့ ငါးမျိုးလုံးဟောပါတယ်၊ အဓိပ္ပါယ်တွေကတော့ နောက်ကပစ္စည်းတွေအတိုင်း အတူတူပါဘဲ။ အဆုံးမှာ အတ္ထိပစ္စယောနဲ့ နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယော ၂၄-ပစ္စည်းလုံးကို အုပ်ပြီးဟောလိုက်တာပါ။**

**သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပျောက်အောင်**

**ဝိဂတပစ္စည်း ဟောတာကတော့ တရားနာတဲ့ နတ် ဗြဟ္မာ တွေမှာ သဿတဒိဋ္ဌိ အယူဝါဒရှိတာ များပါတယ်၊ သူတို့က ဒီဗွစက္ခု အဘိညာဉ်ရတော့ သတ္တဝါဘာ တဘဝနဲ့တဘဝ, တဘုံနဲ့တဘုံ ပြောင်းသွားတာ**

သူတို့သိပါတယ်၊ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကိုတော့ မသိပါ၊ မြတ်စွာဘုရား က ဝိဂတပစ္စည်းကို ဟောလိုက်တဲ့အခါမှာ ရုပ်ဘးရားနဲ့ နာမ်တရားဟာ သူဘာသာသူ ဖြစ်ပြီး ပျက်သွားတယ်၊ ပျက်သွားတဲ့တရားက ဝိဂတ ပစ္စည်းနဲ့ ကျေ ငှးပြုလို့ နောက်ထပ် အသစ်အသစ် ရုပ်နာမ်ဖြစ်လာတာပါ လားလို့ သိသွားတော့ သဿတဒိဋ္ဌပျောက်သွားပါတယ်။ တခါ အဝိဂတ ပစ္စည်း ဟောပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိ ယုဆထားတဲ့ တဘဝနဲ့ဘဲ ပြိးသွး တယ်၊ လူဟာ သေပြီး သင်းချိုင်းကုန်းမှာ ဆုံးတယ်လို့ ဒီလိုအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှာ 'အဝိဂတပစ္စယော'လို့ ဆိုလိုက်တော့ ရုပ်နာမ်တွေဟာ ပျက် သွားတာဘဲ၊ ပျက်သွားတဲ့ရုပ်နာမ်နဲ့ နောက်အသစ်ဖြစ်တဲ့ ရုပ်နာမ်က မကင်းဘူး၊ အဝိဂတပစ္စည်းနဲ့ မကင်းသော အားဖြင့် ကျေးငှးပြုလို့ နောက်ထပ် ရုပ်နာမ်အသစ် ဖြစ်တာဘဲလို့ ဒီလိုသိသွားတော့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်သွားပါတယ်။

ဒါကြောင့် အတ္ထိပစ္စယော, နတ္ထိပစ္စယောနဲ့ ဟောမှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ပျောက်မည့်သူမျးအတွက် မြတ်စွာဘုရားက အတ္ထိပစ္စယော, နတ္ထိပစ္စယောကို ဟောပါတယ်။ တချို့ နတ်တွေ ငြဟ္မာတွေကျတော့လဲ ဝိဂတပစ္စယော, အဝိဂတပစ္စယောလို့ ဟောမှ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်ပါတယ်။ ဒီသဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-ခုလုံး ကွာသွးတာကို ပုဒ္ဓဘာသာမှာ မဇ္ဈိမပဋိပဒါလမ်းစဉ် လို့ ခေါ်ပါတယ်။ ဒီဂါဒ ၂-ခု ပျောက်အောင်ဘဲ အတ္ထိ, နတ္ထိနဲ့ ဝိဂတ, အဝိဂတကို ၂၄-ပစ္စည်းမှာ ငုံပြိး ဟောကြားသွးပါတယ်။ ဗမာနရာမှာ ပဋ္ဌာန်း ၂၄-ပစ္စည်းကတော့ ကုန် သွးပါပြီ။

ဒါကြောင့် အတ္ထိပစ္စယော, နတ္ထိပစ္စယောနဲ့ ဟောမှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ပျောက်မည့်သူမျးအတွက် မြတ်စွာဘုရားက အတ္ထိပစ္စယော, နတ္ထိပစ္စယောကို ဟောပါတယ်။ တချို့ နတ်တွေ ငြဟ္မာတွေကျတော့လဲ ဝိဂတပစ္စယော, အဝိဂတပစ္စယောလို့ ဟောမှ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်ပါတယ်။ ဒီသဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-ခုလုံး ကွာသွးတာကို ပုဒ္ဓဘာသာမှာ မဇ္ဈိမပဋိပဒါလမ်းစဉ် လို့ ခေါ်ပါတယ်။ ဒီဂါဒ ၂-ခု ပျောက်အောင်ဘဲ အတ္ထိ, နတ္ထိနဲ့ ဝိဂတ, အဝိဂတကို ၂၄-ပစ္စည်းမှာ ငုံပြိး ဟောကြားသွးပါတယ်။ ဗမာနရာမှာ ပဋ္ဌာန်း ၂၄-ပစ္စည်းကတော့ ကုန် သွးပါပြီ။

# ၂၅။ ပဋ္ဌာန်း၏ အနှစ်သာရ

## အတ္တစွဲက သိပ်ကြီး

ပဋ္ဌာန်းရဲ့ အနှစ်သာရကို ထုတ်ကြည့်မယ်ဆိုရင် ၂၄-ပစ္စည်းကို နတ်ပြည် ကြွပြီး ဟောတော်မူရတာက၊ ဒီလောက် သိမ်မွေ့နူးညံ့တဲ့ နာမ်ရုပ်ကလေးတခု ဖြစ်ပေါ်လာရတာ အကြောင်းပေါင်း မြောက်မြားစွာ ပေါင်းဆုံပြီးမှ ဖြစ်ပေါ်လာရတယ်ဆိုတာ သိဘို့ပါဘဲ။ လူ နတ် ဗြဟ္မာတွေက နာမ်နဲ့ရုပ်ကို နာမ်ရုပ်လို့ မမှတ်ဘဲ ပုဂ္ဂိုလ်ဘဲ သတ္တဝါဘဲ လူဘဲ နတ်ဘဲ ဗြဟ္မာဘဲလို့ မှတ်နေကြတာပါ။ နတ်တွေ့ ဗြဟ္မာတွေက လူတွေ့ ထက်ပိုပြီး စဲ့ပါသေးတယ်။ အတ္တဒိဋ္ဌိလို့ဘဲ ခေါ်ခေါ် သက္ကာယဒိဋ္ဌိလို့ဘဲ ခေါ်ခေါ် နတ်တွေ့ ဗြဟ္မာတွေ့ ဒီအယူက စဲ့ပါတယ်။ မြတ်စွာဘုရား ပေါ်လာရတာကလဲ လူ နတ် ဗြဟ္မာတွေ့မှာ စဲ့နေတဲ့ အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိပြုတ်အောင် ဘုရားပွင့်တော်မူရပါတယ်။ ဒီတရားကို ပြုတ်အောင်ကလဲ ဘယ်ဘုရားကမှ မဟောနိုင်ပါ။ သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိကို ဒိဋ္ဌိလို့ ဟောနိုင်တာကလဲ သဗ္ဗညုတ ဘုရားရှင်တပါးဘဲ ရှိပါတယ်။ ဒီ့ပြင် ဘုရာ ပြိုင်တွေ့ကတော့ အတ္တ ရှိတယ်လို့ဘဲ ဟောကြပါတယ်။

ဒီဗဟုစက္ခု အာဘိညာဉ်ရထားတဲ့ နတ်ဗြဟ္မာတွေ့မှာ အတ္တစွဲက သိပ်ကြီးပါတယ်၊ ဗြဟ္မာရဲ့ရုပ်ကို လူတွေ့ မဖြောထားနဲ့ နတ်တွေ့ကတောင် မမြင်ရဘော့ နတ်အစည်းအဝေးပွဲကြီးများမှာ ဗြဟ္မာတွေ့လာတာ ဘယ်လို သိရသလဲဆိုရင် ဘယ်နိမိတ်နဲ့ လာသလဲဆိုတော့ အလင်းရောင်နဲ့ လာပါတယ်၊ တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးများလာရင် မီးဖွင့်လိုက်ရင် လင်းသလို လင်းလာပါတယ်။ လူတွေ့က နတ်ရဲ့ ဂုဏ်ခန္ဓာကို မမြင်နိုင်သလို နတ်တွေ့ကလဲ ဗြဟ္မာရဲ့ ခန္ဓာကိုယ်ကို မမြင်နိုင်ပါ။

**နာမ်ဋ္ဌပ်ကွဲရန် အဘိဓမ္မာ ၌ ဖ-ကျမ်းကို ဟော**

သူတို့က ဘာတွေ့ သိသလဲဆိုရင် သတ္တဝါတွေ့ရဲ့ တဘဝက တဘဝ၊ တဘုံက တဘုံ ပြောင်းသွားတာ ဇကန်ဇက သူတို့က သိပါတယ်၊ သတ္တဝါတွေ့ တဘဝက ဘဘဝ ပြောင်းသွားလို့ အတ္တဆိုတာ ရှိတယ်လို့ ကိုယ်တွေ့ကိုယ်ဉာဏ်နဲ့ဘဲ သိနေတော့ သာမညဖလဉာဏ်က ဟောလို့ သူတို့က မကျွတ်ပါ၊ မြတ်စွာဘုရားက နတ်ပြည်မှာ အဘိဓမ္မာ ၇-ကျမ်း ဟောရတာက ပဌမ ရှေ့ ဖ-ကျမ်းက နာမဋ္ဌပ ပရိစ္ဆေဒဉာဏ်ရဘို့=နာမ်နဲ့ရုပ် ကွဲဘို့ပါဘဲ။

**အတ္တဒိဋ္ဌိပျောက်အောင် ပဋ္ဌာန်းကျမ်းကို ဟော**

နာမ်နဲ့ရုပ် ကွဲသွားတော့ ပုဂ္ဂိုလ်သတ္တဝါတွေ့ မရှိ၊ နာမ်နဲ့ ရုပ်သာဘဲရှိတယ်၊ နာမ်နဲ့ရုပ်ကတော့ ဘယ်လိုဖြစ်နေတာလဲ၊ ဘယ်အကြောင်းကြောင့် နာမ်တရားကလေးတွေ့ ဖြစ်ပေါ်နေတာလဲဆိုတာမှာ အကြောင်းကြောင်းကို သိမှ နာမ်ကလဲ သူအကြောင်းတရားတွေ့ ပေါင်းဆုံပြီး အကြောင်းကြောင်းတွေ့ကြောင့် တခုဖြစ်လိုက် တခုပျက်လိုက်, ကခုဖြစ်လိုက် တခုပျက်လိုက်နဲ့ နာမ်တရားတွေ့ဟာ ဖြစ်နေတယ်။

ရုပ်တရားကလဲ ဘယ်ရုပ်တရားကမှ မြဲတာမဟုတ်လို့ လူရုပ်ဘဲ ဖြစ်ဖြစ်၊ နတ်ရုပ်ဘဲ ဖြစ်ဖြစ်၊ ငြဟ်ဘာရုပ်ဘဲ ဖြစ်ဖြစ် ရုပ်မှာကလဲ စိတ္တကွဏ ၁၇-ချက် ဖြစ်ပြီး ပျက်နေတာ၊ ကမ္မဇရုပ်ကလဲ စိတ္တကွဏ ၁၇-ချက် ဖြစ်ပြီး ပျက်သွားတာ၊ ဥတုဇရုပ်ကလဲ သူဟာသူ ၁၇-ချက်ဖြစ်ပြီး ပျက်သွားတယ်၊ စိတ္တဇရုပ်ကတော့ စိတ်လိုဘဲ ဥပါဒ်, ဌိ, ဘင်တချက်ဘဲ ရှိပြီး ပျက်သွားတယ်၊ ဒီလို အကြောင်းတရားမျှား ပေါင်းဆုံလို့ နာမ်နဲ့ရုပ်ဟာ ဖြစ်ပျက်နေတယ်လို့ ဒီလိုသိသွားအောင် မြတ်စွာဘုရားက ပဋ္ဌာန်းကျမ်းကို ဟောရတာပါ။

ဒီလို ဟောတဲ့အခါကျမှ နတ်ခတ္တ, ငြဟ်ဘာတွေ့, လူတွေ့ဆိုတာက မည်တော်တွေ့ပါလား၊ တကယ်ရှိတာကတော့ ရုပ်နဲ့နာမ်ဘဲ ရှိတာ၊ နာမ်နဲ့ ရုပ်ကလဲ စက္ခုဝိညာဏ် ပြင်တဲ့စိတ်ကခေလးတခု ဖြစ်ဘို့ထုကို အာရမ္မဏ

မျိုးနဲ့ကြည့်ရင် အကြောင်းပေါင်း ဘယ်လောက်ရှိတယ်၊ အနန္တရမျိုးနဲ့ ကြည့်ရင် အကြောင်းပေါင်း ဘယ်လောက်ရှိတယ်၊ သဟဇာတမျိုးနဲ့ ကြည့်ရင် အကြောင်းပေါင်း ဘယ်လောက်ရှိတယ်၊ အကြောင်းတရား များ ပေါင်းဆုံမှု နာမ်တရားကလေးတခု ဖြစ်လာတာ၊ ဒီအကြောင်း တရားတွေ မရှိရင်လဲ နာမ်တရားက ပျက်တာပါဘဲ၊ ဘယ်နာမ်ရုပ်မှ မြဲတဲ့ နာမ်ရုပ်မရှိလို့ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်တဲ့ နာမ်ရုပ်ဘဲရှိတယ်လို့ ဒီလို နတ် ဗြဟ္မာတွေက အသေးစိတ် သိသွားတဲ့အခါမှာ နတ်ဘဲ လူဘဲ ဗြဟ္မာဘဲ ဆိုတဲ့ အတ္တဘစ်တွေ ဘာကာ ရှင်းသွားတော့ သက္ကာယဒိဋ္ဌိ ပျောက်သွား တယ်လို့ ခေါ်နိုင်ပါတယ်၊ ဒီလို သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ပျောက်သွားဘို့လဲ ပဋ္ဌာန်းကျမ်းကို ဟောရင်း ဖြစ်ပါတယ်။

နောက်ဆုံးပြောခဲ့တဲ့ အတ္ထိပစ္စယော, နတ္ထိပစ္စယောဆိုတာက သဿတ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်အောင် နောက်ဆုံးက ပိတ်ပြီး ဟောတာပါ၊ ဝိဂတပစ္စယော, အဝိဂတပစ္စယောဆိုတာကလဲ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်အောင် ဟောတာပါဘဲ။ သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိရှိနေလို့ ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိကလဲ ရှိနေတာပါ။ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဘယ်ကဖြစ်လာသလဲဆိုရင် လူတွေမှာ 'ငါ' က ရှိနေပါတယ်။ 'ငါ' ရှိ နတယ် ဆိုတော့ 'ငါ' သေသွားရင် နောက်ဘဝ ဖြစ်မလား, မဖြစ်ဘူးလား ဆိုတဲ့ ပြဿနာက ပေါ်လာပါတယ်။

ငါသေရင် နောက်ဘဝဖြစ်မယ်လို့ ယူတာက သဿတဒိဋ္ဌိ၊ ငါသေရင် ဘာမှမဖြစ်လို့ယူတာက ဥစ္ဆေဒဒိဋ္ဌိဆိုတော့ ပင်ရင်းကတော့ 'ငါ'ပါဘဲ၊ ငါဆိုတာ ဘာမှမရှိ၊ အတ္တသိုဟာ ဘာမှမရှိ၊ အကြောင်းတရားတွေ ပေါင်းဆုံမှုကြောင့်သာလျှင် ရုပ်နဲ့နာမ် ဖြစ်နေတာဘဲလို့ အတ္ထရယ်လို့ ပြောစရာ ဘယ်ရုပ် ဘယ်နာမ်မှ မရှိဆိုတာကို မြတ်စွာဘုရားက ပဋ္ဌာန်း ကို ဟောလိုက်တော့ သိလာကြပါတယ်၊ ဒီလို သိလာတော့ နတ်တွေ ဗြဟ္မာတွေဟာ မိမိတို့ရဲ့ဉာဏ်စဉ်အရ တရားထူးများ ရသွားကြပါတယ်။

# ၂၆။ ပဋ္ဌာန်းဝိပဿနာ

၂၄-ပစ္စည်းမှာ အကြောင်းအကျိုး ဝိပဿနာနဲ့ ဆင်ခြင်ပုံက ပစ္စည်းထခုနှင့် တခုမှာ ဆင်ခြင်ပုံခြင်း မဘူပါ။ ပစ္စည်းတခုမှာ ဝိပဿနာရှုနည်း တမျိုးလို့ဘဲ ဆိုနိုင်ပါတယ်။ ဒါကြောင့် သူအချိန်နဲ့ သူကြိုက်သလို ဆင်ခြင်လို့ ရပါတယ်။

## (၁) ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုနည်း

မြတ်စ္စာဘုရားက ဟေတုပစ္စယောလို့ ဟောရတာက သင်တန်းလာတက်တဲ့ ပုဂ္ဂိုလ်များကို ရိုးရိုးအဘိဓမ္မာနဲ့ ပြောရရင် နာမ်နဲ့ရုပ် သင်တန်းလာတက်ကြတယ်လို့ဘဲ ပြောရပါမယ်။ သင်တန်းပြီးတော့လဲ နာမ်နဲ့ရုပ်တွေဘဲ အားလုံးပြန်သွားကြပါတယ်။ အိမ်ကနေပြီး ဒီဘင်တန်းကို ရောက်လာတဲ့ နာမ်ရုပ်က ဘာကြောင့် ဖြစ်တာလဲဆိုတာ ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုရင် နာမ်ရုပ်တွေရဲ့ လှုပ်ရှားမှုဟာ လောဘကြောင့်လဲ လှုပ်ရှားတယ်၊ ဒေါသကြောင့်လဲ လှုပ်ရှားတယ်၊ မောဟကြောင့်လဲလှုပ်ရှားတယ်၊ ဒါက မကောင်းတဲ့ဘက်က လှုပ်ရှားမှုပါဘဲ၊ အခု လူတွေလှုပ်ရှားနေကြတာ, ရန်ကုန်တမြို့လုံး လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်နေကြတာဟာ လောဘကြောင့် ဒေါသကြောင့် မောဟကြောင့် နာမ်ရုပ်တွေ လှုပ်ရှားနေကြပါတယ်၊ တချို့ နာမ်ရုပ်ကလဲ အလောဘကြောင့် ဖြစ်နေတယ်၊ တချို့ နာမ်ရုပ်က အဒေါသကြောင့် ဖြစ်နေတယ်၊ တချို့တွေကျတော့လဲ အမောဟကြောင့် ဖြစ်နေကြတယ်။

အခု လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ် ဖြစ်ချင်ဖြစ်မယ်၊ အခု အလောဘကြောင့်ဖြင်တဲ့ နာမ်ရုပ် ဖြစ်ချင် ဖြစ်မယ်၊ ဒီသင်တန်းမလာခင် ဘာရဘို့ ညာရဘို့ လိုက်နေတဲ့အခါမှာ ကားနဲ့ပြေးနေကြတော့ လောဘကြောင့် ရှာရ ဖွေရ ပြေးနေရတယ်၊ ကားနဲ့သွားတယ်ဆိုတော့ ရုပ်က ဆက်သွယ်လို့ ကားက ပြေးရတယ်၊ သူကလဲ ရုပ်ပါဘဲ၊ မောင်းတဲ့နာမ်ရုပ်

ကလဲ လောဘကြောင့် မောင်းသွားနေတာပါ၊ လောဘကြောင့် ဖြစ်ပေမဲ့ သင်တန်းသွားမယ်ဆိုတော့ လောဘဖြတ်လိုက်တဲ့အခါ သင်တန်း ထုတ်လာတဲ့ နာမ်ရုပ်က အလောဘကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် 'ဟေတူ ဟေတုသမုဿတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'လို့ ဘုရားဟောတာမှာ ဗမာလိုရှင်းအောင် ပြောရမယ်ဆိုရင်–

လောဘကြောင့် လောဘနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, လောဘ ရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်၊ ဒေါသကြောင့် ဒေါသနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, ဒေါသရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်၊ မောဟကြောင့် မောဟနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, မောဟရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။

ဒါက မကောင်းတဲ့ဘက်ကပါ။

အလောဘကြောင့် အလောဘနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, အလောဘရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်၊ အဒေါသကြောင့် အဒေါသနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, အဒေါသ ရုပ်ခန္ဓာတွေဖြစ်ပေါ်လာတယ်၊ အမောဟကြောင့် အမောဟနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ, အမောဟရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။

လူတွေရဲ့ ရုပ်ကိုကြည့်မယ်ဆိုရင်လဲ တချို့တခါမှာ ဒီခန္ဓာဟာ လောဘ ရုပ်နာမ်၊ တချို့တခါမှာ ဒီခန္ဓာဟာ ဒေါသရုပ်နာမ်၊ အခုသင်တန်းတက်တဲ့ အချိန်အခါမှာ အလောဘရုပ်နာမ်ဖြစ်နေတယ်၊ အဒေါသ ရုပ်နာမ် ဖြစ်နေတယ်၊ အမောဟရုပ်နာမ် ဖြစ်နေပါတယ်။

ဝိပဿနာရှုပုံ

ဒီလိုသိတဲ့ အခါကျတော့ ရုပ်နာမ်မမြဲတာ ဝိပဿနာရှုလို့ရပါတယ်၊ ဟေတုပစ္စယောနဲ့ရှုရင် "ငါ့လောဘရုပ် ခုပျောက်သွားပြီ၊ ခု အလောဘရုပ်ဖြစ်နေတာဘဲ"၊ အခု သားနဲ့ မယားနဲ့ စိတ်ဆိုးပြီး တော်တော်ကြာရင် ဘုရားရှိခိုးတော့မေတ္တာပို့နေပါတယ်၊ ခုနတုန်းက ဒေါသ ရုပ် နာမ်ပါ၊ ယခုတခါ

ဘုထူးရှိခိုးတဲ့အခါမှာ အဒေါသရုပ်နာမ် ဖြစ်ပါတယ်၊ ခုဘဲ မောဟ ရုပ်နာမ်ဖြစ်ပြီး ပညာနဲ့ယှဉ်ပြီး တခုခုလုပ်လိုက်တဲ့အခါမှာ အမောဟရုပ်နာမ် ဖြစ်သွားပါတယ်။

ဟောတုပစ္စည်းနဲ့ ကိုယ်ခန္ဓာ ကိုယ်ပြန်ကြည့်ရင် 'ငါ' ဆိုတာ မတွေ့ရပါ။ လောဘကြောင့် ရုပ်နာမ်ဖြစ်, ဒေါသကြောင့် ရုပ်နာမ်ဖြစ်, ဟိတ်ဖိုပါးကြောင့် ရုပ်နာမ်ဖြစ်တာဘဲဆိုတာ မမြဲတာတွေ့ မြင်လာတော့ ဝိပဿနာက အနိစ္စထင်အောင်က ပဌမဘူမရေးကြီးတာပါ။ ရုပ်နာမ်အတုံးအခဲကြီး ထင်နေလို့သာ ဝိပဿနာတရား မရတာပါ၊ ဒီရုပ်နာမ်ဟာ လောဘရုပ်နာမ်, ဒေါသရုပ်နာမ်, မောဟရုပ်နာမ်, အလောဘရုပ်နာမ်, အဒေါသရုပ်နာမ်, အမောဟရုပ်နာမ် တရုပ်နှင့် တရုပ်က မတူပါလားလို့ မြင်လာတဲ့အခါကျတော့ ဒီရုပ်နာမ်ဟာ မမြဲပါလားလို့ဆိုတဲ့ အနိစ္စသဘောတရား ထင်လာပါတယ်။

မမြဲတဲ့ ရုပ်နာမ်ကို ပြုစုလုပ်ကျွေးပြီးတော့ သူ့ကို အရေးပေးနေရတာဟာ ဘယ်လောက်ဒုက္ခများသလဲ၊ ဒါလောက်မမြဲတဲ့ ရုပ်နာမ်ဟာ အခုအိုလာပြီ၊ နာလာတော့မယ်၊ တော်တော်ကြာရင် သေမယ်၊ အိုမယ်၊ နာမယ်၊ သေမယ့် ရုပ်နာမ်ကို ဘယ်လိုမှ တားမရတဲ့ ရုပ်နာမ်ကို ကျွေးမွေးပြုစုနေရတာပါကလား၊ ဘာမှ အနှစ်သာရမရှိတဲ့ ရုပ်နာမ်ကို ပြုစုစောင့်ရှောက် နေရတာပါကလား၊ ကိုယ်က ဘာမှ မပိုင်တဲ့သဘော, ကိုယ်နဲ့ ဘာမှမဆိုင်လို့ အနတ္တဆိုတဲ့ သဘောလက္ခဏာဟာ ထင်ရှားလာပါဘယ်၊ ဒီလိုသိပြီး ဒီလိုဆင်ခြင်လာနိုင်တယ်ဆိုရင် ဒီ ရုပ်နာမ်ရဲ့ မမြဲတဲ့ အနိစ္စ,ဆင်းရဲတဲ့ဒုက္ခနဲ့ မပိုင်ဆိုင်တဲ့ အနတ္တတရားတွေဟာ ထင်မြင် လာနိုင်ပါတယ်။

ပစ္စယနိဒ္ဒေသမှာ ၂၄-ပစ္စည်းနဲ့ ဟောသွားတဲ့တရားတွေထဲက ဝိပဿနာနည်းနဲ့ရုပ် ရုပ်နည်း ၂-ခု ၃-ခုလောက် နည်းပြအနေနဲ့ ပြောပြပါဦးမယ်၊ ပဌာန်းဝိပဿနာက အင်မတန်နက်နဲတဲ့ ဝိပဿနာ ရှုနည်းမျိုးပါ၊ နတ်ဗြဟ္မာတွေဟာ အဘိဓမ္မာ ၇-ကျမ်းနဲ့ဘဲ အကျတ်တရားရသွားကြတာပါ၊

ပဋ္ဌာန်းဟာ အနက်နဲ့ဆုံး ဝိပဿနာစစ်စစ်ပါ။ အရင်အပတ်ကတော့ ဟေတုပစ္စည်း ဝိပဿနာရှုနည်း နဲနဲပြောခဲ့ပါသေးတယ်။

## ပဋ္ဌာန်းမှာ ပညတ်မပါဘဲ ရူပနာမ်ကိုသာဟောခြင်း

နတ်ပြည်မှာ တရားနာနေတဲ့ နတ်ငြဟ်မာ ပရိသတ်ကြီးကို မြတ်စွာဘုရား တရားဟောတဲ့အခါမှာ ပဋ္ဌာန်းက ဘယ်လောက် ကြည်ညိုစရာကောင်းသလဲဆိုတော့ ယခု ၂၄-ပစ္စည်း အားလုံးကို သင်ပြီး လာခဲ့တာမှာ သုတ္တန်ကျမ်းများမှာ ဟောသလို နတ်မင်း သိကြားမင်းဆိုတဲ့အမည်နာမ ငြဟ်မာမင်းဆိုတဲ့ အမည်နာမ ဘယ်ပုဂ္ဂိုလ်မျိုးမှ မပါပါ၊ ရူပနာမ် ၂-ခုတို့ရဲ့ ဖြစ်ပုံ အကြောင်းအမျိုးမျိုးကိုဘဲ ဟောတော်မူတာပါ။ ငြဟ်မာမင်းလဲမင့်၊ နတ်မင်းလဲမင့်၊ ရသေ့, ရဟန်း, မင်း, ဆင်းရဲသား ဘယ်သူမှ မပါဘဲ နာမ်ရူပ်သက်သက်သာပါတဲ့ တရားပါ၊ အဲဒီလို နာမ်ရူပ် သက်သက်ချည်းဘဲပါတယ်ဆိုတော့ ဒီတရားဟာ ဘယ်လောက် ဓမ္မာဓိဋ္ဌာန်ကျသလဲ, ဘယ်လောက် သဘာဝကျသလဲဆိုတာ ခန့်မှန်းနိုင်ပါတယ်။

ဒီလောက်ကြီးကျယ်တဲ့ နတ်ပရိသတ် ငြဟ်မာပရိသတ်ကို ဟောတဲ့အခါမှာ ပုဂ္ဂိုလ်သတ္တဝါ နတ်ငြဟ်မာစတဲ့ ပညတ်တခုမှ မပါတော့ ပဋ္ဌာန်းတရားတော်ကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ စောဒကတက်စရာ မရှိနိုင်ပါ၊ တကယ်လို့သာ ပုဂ္ဂိုလ်သတ္တဝါနဲ့ ဟောခဲ့ရင် အင်မတန်ဉာဏ်ကြီးတဲ့ တန်ခိုးကြီးတဲ့ နတ်ငြဟ်မာတွေမှာ ပြဿနာတွေ့ အများကြီး ဝင်လာမှာပါ၊ ဘယ်ပုဂ္ဂိုလ် ဘယ်သတ္တဝါမှ မပါဘဲ နာမ်ရူပ်တွေ ဖြစ်လာရတဲ့အကြောင်းကို ဘယ်နတ် ဘယ်ငြဟ်မာမှ စောဒကမတက်နိုင်အောင် တမျိုးကဲမဟုတ်ဘဲ အကြောင်းပေါင်း ၂၄-မျိုးထိအောင် ဟောခဲ့ရတာပါ။

## အဘိဓမ္မာရဲ့အနှစ်သာရ

အဘိဓမ္မာဆိုတာ အနှစ်သာရကတော့ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်ဆိုတဲ့ ဉာဏ်တွေ့ အတွက်ပါဘဲ။

**နာမရူပပရိစ္ဆေဒဉာဏ်**

မြတ်စွာဘုရား နတ်ပြည်မှာဟောခဲ့တဲ့ တရားအစဉ်က ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ဖြစ်ပါတယ်။ ပဋ္ဌာန်းကျမှ တရားကဆုံးပေမဲ့ အောက် ၆-ကျမ်းမှာထဲက **နာမ်**နဲ့ ရူပ်ကို ခွဲခြားပြီး ဟောတဲ့အတွက် ဓမ္မသင်္ဂဏီကကျမ်းတွေနာရတာနဲ့ဘဲ နတ်ပြဟ္မာတွေမှာ **နာမရူပ**ပရိစ္ဆေဒဉာဏ် ရသွားကြပါတယ်။

**ပစ္စယပရိဂ္ဂဟဉာဏ်**

ပဋ္ဌာန်းကျတော့ အရေးကြီးတာ ပစ္စယ=အကြောင်း+ပရိဂ္ဂဟ=သိမ်းဆည်းသည်၊ပစ္စယပရိဂ္ဂဟဉာဏ်=အကြောင်းကို သိမ်းဆည်းတဲ့ဉာဏ် ရဘို့က အရေးကြီးတာပါ၊ ဒါကြောင့်လဲ မြတ်စွာဘုရားက အကြောင်းတွေမျိုးစုံအောင် ဟောပြထားခဲ့တာပါ။

**ယထာဘူတဉာဏ်**

အမှန်ကို အမှန်အတိုင်းသိတဲ့ ယထာဘူတဉာဏ်ဆိုတာက ပရမတ္ထအားဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးဆိုတာရုပ်နဲ့ နာမ်ဘဲ ၎်တယ်၊ ဒီလို တကယ်ရှိတာက ရုပ်နဲ့ နာမ်ဘဲလို့ အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းသိတာက ယထာဘူတဉာဏ်ပါ၊ အဘိဓမ္မာမှာ 'အ၌' ဆိုတာက ၃၁-ဘုံလုံး ရှိသမျှ သတ္တလောက, သင်္ခါရလောက, သဓ်ါရလောက အားလုံး အကုန်စုလိုက်ရင် တကယ်ရှိတာက နာမ်နဲ့ရုပ်ဘဲရှိတယ်၊ လူလဲမရှိ၊ နတ်လဲမရှိ၊ ဗြဟ္မာလဲမရှိ၊ သတ္တဝါလဲမရှိ၊ သူဌေးလဲမရှိ၊ မင်းလဲမရှိ၊ ရှိတာက နာမ်နဲ့ရုပ်သာ ရှိတာပါ၊ ဒါက အရှိအတိုင်းပါ၊ အရှိကိုအရှိအတိုင်းသိတာ အမှန်အတိုင်းသိတာက ယထာဘူတဉာဏ်ပါ၊ ဒီယထာဘူတဉာဏ်ကိုဘဲ ပစ္စယ ပရိဂ္ဂဟဉာဏ်လို့လဲ ခေါ်ကြပါတယ်။

**ဓမ္မဋ္ဌိတိဉာဏ်**

ဓမ္မဋ္ဌိတိဉာဏ် ဓမ္မ=တရား၌+ဋ္ဌိဟိ=တည်သည်ဆိုတော့ တရား၌တည်သည် ဉာဏ်ဆိုတာက တရားအားမထုတ်ဘူးသူ မှန်သမျှ အားထုတ်ဘူး

သော်လဲ နည်းစံနစ် မှန်မှန်ကန်ကန်နဲ့ တရားအားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်မှန်သမျှ တရားပေါ်မှာ ဘယ်တော့မှ ဉာဏ်က မရောက်နိုင်ပါ။ ဉာဏ်ရောက်တာက ပညတ်ပေါ်မှာသာ ရောက်နေကြတာပါ။ လူပေါ်မှာရောက်နေတယ်၊ နတ်ပေါ်မှာ ရောက်နေတယ်၊ ဗြဟ္မာပေါ်မှာ ရောက်နေတယ်၊ ယောကျ်ားပေါ်မှာ ရောက်နေတယ်၊ မိန်းမပေါ်မှာ ရောက်နေတယ်၊ စဉ်းစားတဲ့ ဉာဏ်အားလုံးဟာ ပညတ်ပေါ်မှာဘဲ ရောက်နေကြတာပါ၊ တရားပေါ်မှာ ရောက်တယ်ဆိုဟာက တကယ့်နာမ်ရုပ်အပေါ်မှာ ရောက်တာပါ၊ ဖဿဆိုရင် ဖဿပေါ်မှာ ဉာဏ်က တွေ့ကုံတွေ့ရမယ်၊ ဝေဒနာဆိုရင်လဲ ဝေဒနာအပေါ်မှာ ဉာဏ်က ရောက်ကုံရောက်ရမယ်၊ စေတနာဆိုရင်လဲ စေတနာပေါ်မှာ ရောက်အောင်ကြည့်နိုင်တဲ့ ဉာဏ်မျိုးကို ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်ပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်, ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်ဆိုတဲ့ ဉာဏ် ၃-ပါးက အမည်ကွဲပေမဲ့ အတူတူပါဘဲ၊ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ နာမ်ရုပ်တရားတို့ရဲ့ အကြောင်းကို သိမ်းဆည်းနိုင်ပါတယ်။ သိလာတယ်ဆိုရင် ဓမ္မဋ္ဌိတိဉာဏ်ရောက်လာပါတယ်၊ တရားပေါ်မှာ ဉာဏ်က ရောက်မှလဲ သူ့ရဲ့အကြောင်းတရားတွေကို သိမှာပါ၊ အဲဒါကြောင့်မို့ ပဋ္ဌာန်းဓာတုဟာ ဘယ်လောက်ထိအောင် နက်နဲသလဲ၊ သန့်ရှင်းသလဲဆိုရင် သုတ္တန်တရားတွေလို ဘယ်တိုင်းပြည်မှာ ဘယ်ပုဂ္ဂိုလ်ကိုဟောတယ်၊ ဘယ်ဒကာကြီး ဘယ်လို ဖြစ်သွားတယ်၊ ဘယ်ဒါယ်ကာမကြီး ဘာဖြစ်သွားတယ်လို့ ဒီလိုပညတ်တွေ တခုမှ မပါပါ၊ ဟေတုပစ္စယောမှာဘဲ ကြည့်ပါ၊ လူလဲမပါ၊ နတ်လဲမပါ၊ ဗြဟ္မာလဲမပါ၊ ပညတ်တွေ တခုမှမပါတဲ့ အလွန်သန့်ရှင်းတဲ့ တရားတော်ကြီးပါ၊ ဒါကတော့ ပဋ္ဌာန်းရဲ့နိဒါန်း တမျိုးပါဘဲ။

**ရုပ်ဝါဒီတွေအတွက် ဟေတုပစ္စည်းဟာ**

ဟေတုပစ္စည်းကို ပြောရရင် 'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော' မှာ ဟေတူက အကြောင်းတရား၊ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ

က အကျိုးတထုး၊ အကျဉ်းချုပ်ကတော့ အကြောင်းတထုးက နာမ်၊ အကျိုးတထုးက နာမ်နဲ့ရုပ်ပါဘဲ၊ ယခု တကမ္ဘာလုံးမှာ ခေါ်နေကြတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေ ဆိုတာမှာ နာမ်နဲ့ရုပ်သာ ရှိကြတယ်၊ နာမ်နဲ့ရုပ်ဟာ တလှုပ်လှုပ်နဲ့ ပြေးလွှားလုပ်ကိုင် နေကြတာက ဘာကြောင့်လဲ ဆိုတော့ ဟေတုအကြောင်းက ဟိတ် ၆-ပါးဘဲ ဖြစ်ပါတယ်။

ဟေတုပစ္စည်း ဟောရတာကတော့ ရုပ်ဝါဒသမားတွေအတွက် ဖြစ်ပါတယ်၊ နတ်တွေ ဗြဟ္မာတွေမှာလဲ ရုပ်ဝါဒသမားတွေ ရှိကြတာပါဘဲ၊ ရုပ်က ထင်ရှားနေတော့ ရုပ်ကဘဲ အရေးကြီးတယ်လို့ ထင်မှတ်နေတဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိနေတော့ မြတ်စွာဘုရားက ဒီလူ နတ် ဗြဟ္မာလို့ ခေါ်နေကြတဲ့ ဒီနာမ်နဲ့ရုပ်တွေဟာ ဘာကြောင့် ဖြစ်နေသလဲဆိုတော့ ဟေတုဆိုတဲ့ နာမ်ကြောင့် ဖြစ်နေတာပါ။ နာမ်ကလဲ အများကြီး မဟုတ်ပါ၊ လောကမှာ အထင်ရှားဆုံး ဖြစ်နေတဲ့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဒီနာမ် ၆-မျိုးကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြတာပါ။

မြတ်စွာဘုရားက နတ်တွေ ဗြဟ္မာတွေကို ဒီနာမ်နဲ့ရုပ်ဟာ လောဘကြောင့် ဖြစ်နေတာဘဲ၊ ဒေါသကြောင့် ဖြစ်နေတာဘဲ၊ မောဟကြောင့် ဖြစ်နေတာဘဲ၊ အလောဘကြောင့် ဖြစ်နေတာဘဲ၊ အဒေါသကြောင့် ဖြစ်နေတာဘဲ၊ အမောဟကြောင့် ဖြစ်နေတာဘဲ၊ နာမ်နဲ့ရုပ် ဖြစ်ခြင်းအကြောင်းက ဟေတုပစ္စယောဘဲလို့ ဆိုတော့ ရုပ်ဝါဒသမားတွေဟာ အများကြီး စဉ်းစားစရာ ဖြစ်သွားကြပါတယ်။

ဘုရားဟောလိုက်တဲ့ ဟေတုပစ္စယောကလဲ အမှန်အတိုင်း ဖြစ်နေတယ်၊ လူ့ပြည်မှာ လူတွေဟာ နာမ်ရုပ်ကလေးတွေ လှုပ်နေတာ တချို့မှာ လောဘကြောင့် လှုပ်တယ်၊ တချို့မှာ အလောဘကြောင့် လှုပ်တယ်၊ တချို့မှာ ဒေါသကြောင့် လှုပ်တယ်၊ တချို့မှာ အဒေါသကြောင့် လှုပ်တယ်၊ တချို့မှာ မောဟကြောင့် လှုပ်တယ်၊ တချို့မှာ အမောဟကြောင့် လှုပ်တယ်၊ လူတွေ လှုပ်လှုပ်နဲ့ လုပ်နေတာဟာ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ်၊ ဒီ ၆-မျိုးကလွဲပြီး ဘာမှ မရှိပါ၊ လောဘနဲ့ လှုပ်ချင်လှုပ်၊ လောဘကတော့

မကောင်းပါ၊ သို့သော် ကောင်းတာ, မကောင်းတာ ဘုရားက ဘာမှ မပြော၊ နောက်အကျယ်ကျမှ ကုသိုလ်ဟိတ်, အကုသိုလ်ဟိတ်, အဗျာကတ ဟိတ်နဲ့ နောက်တိုက်တွေ, ဒုက်တွေနဲ့ တွဲမှသာ ဟောတာပါ၊ ဒီပစ္စယ-နိဒ္ဒေသမှာတော့ သာမညဘဲ ဟောပါတယ်။

## ပညတ်နဲ့ ပရမတ်

နာမ်ရုပ်တွေ မြေကြီးပေါ်မှာ လှုပ်လှုပ်ဖြစ်နေတာဟာ ဟိတ် ၆-ပါး ကြောင့် ဖြစ်နေတာပါ၊ အရိုးခံအတိုင်းဆိုတော့ အသိရောက်ပါတယ်၊ လူ နတ်မပါ၊ ပုဂ္ဂိုလ်သတ္တဝါမပါဘဲ နာမ်နဲ့ရုပ် ဖြစ်နေရတဲ့အကြောင်းကတော့ ဟေတုပစ္စယောဘဲလို့ သိတော့ ပညတ်နဲ့ ပရမတ် ကွဲသွားပါတယ်။

ဘယ်လို ပညတ်နဲ့ ပရမတ် ကွဲသွားသလဲဆိုတော့ ဟေတုပစ္စည်းကို ဝိပဿနာနဲ့ ရှုကြည့်မယ်ဆိုရင် 'ငါလို့ချင်သည်' ဆိုတော့ လို့ချင်တဲ့သဘော တရား 'လောဘ' ဆိုတာရှိတယ်၊ ငါဆိုတဲ့ သဘောတရားက ရှိရဲ့လားဆို တော့ ငါဆိုတာက မရှိ၊ မရှိတဲ့တရား 'ငါ' က ပညတ်၊ လောဘက ပရမတ်၊ အရှိကို အရှိအတိုင်း မြင်တာမှာ တကယ်ရှိတာက လောဘက ရှိတယ်၊ 'လောဘဟေတု လောဘသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော' ဆိုတော့ လောဘက တကယ်ရှိတာပါ၊ လောဘ ကြောင့် နာမ်ရုပ်ဖြစ်နေတာပါ၊ လောဘကို ငါတပ်တော့ ငါက တကယ် မရှိ၊ ငါက ပညတ်၊ လောဘက ပရမတ်လို့ ဒီလိုပညတ်နဲ့ ပရမတ်ကွဲသိ တာ အမှန်ကို အမှန်အတိုင်း သိတာပါ၊ ပညတ်နဲ့ ပရမတ် မကွဲရင် အတ္တ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြစ်မှာပါ။

ဝိပဿနာသမားများမှာ ဒိဋ္ဌိက အရေးကြီးပါတယ်၊ ဒိဋ္ဌိပြုတ်ရမှာပါ၊ ဒိဋ္ဌိမပြုတ်ဘဲ ဝိပဿနာလုပ်ရင် တရားမရနိုင်ဘူးလို့ ပြောကြတာက ပညတ် နဲ့ ပရမတ်မကွဲလို့ပါ။ 'ငါ' ဟာ ဘယ်သူလဲ၊ လို့ချင်တာ၊ လို့ချင်တာက ဘယ် သူလဲ၊ 'ငါ'၊ လို့ချင်တာနဲ့ ငါနဲ့က မကွဲပါ၊ လို့ချင်တာနဲ့ ငါ အတူတူဖြစ်နေ တော့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်၊ 'ငါ' တပ်လို့က်တဲ့အတွက် လို့ချင်တဲ့ လောဘက ခုက္ခပေးမယ်ဆိုရင် ခံစရာ ရှိတော့ ဘယ်သူခံရမလဲ၊ 'ငါ' ခံရ

မှာပါ၊ 'ငါရှိနေတဲ့ပုဂ္ဂိုလ်မှာ ခံစားရှိတော့ 'ငါ'ခံရမှာပါ၊ ဒီမှာ 'ငါ'သွားတယ်ဆိုတော့ လိုချင်တာက လောဘက လိုချင်တာ၊ လောဘလိုချင်တာကို 'ငါ လိုချင်တာ'လုပ်တဲ့အတွက် ခံရတဲ့အခါကျတော့ ငါ ခံရတော့မယ်ဆိုတဲ့ စိုးရိမ်မှုတွေ ဖြစ်ပါ လာရတယ်၊ ပူပန်မှုတွေ ဖြစ်လာရတယ်၊ ကြောက်လန့်မှုတွေ ဖြစ်လာရတယ်၊ တကယ်လို့ ပညတ်နဲ့ ပရမတ် ကွဲသွားလို့ သက္ကာယဒိဋ္ဌိပြုတ်သွားတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘယ်လိုမြင်သလဲဆိုတော့ 'လိုချင်တဲ့ လောဘဖြစ်လာတယ်၊အော် လောဘ ဖြစ်လာတာပါလား၊ လိုချင်တာ လောဘဘဲ'လို့ ဒီလိုသိတယ်၊ ငါလိုချင်တယ်လို့ မသိပါ။

## ဉာတပရိညာ

တခုခုခံရတော့မယ်၊ ခံစားရတော့မယ်ဆိုရင်လဲ ခံစားတယ်ဆိုတာ ဝေဒနာဘဲ၊ ဝေဒနာမှတပါး ငါဆိုတာမရှိ၊ လောဘမှတပါး ငါဆိုတာ မရှိလို့ ဒီလို 'ငါ'ကို တဖြေးဖြေး ဖျောက်လိုက်တော့ သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တပြုတ်သွားပါတယ်၊ ဒီအတ္တပြုတ်သွားတဲ့အခါကျတော့ အမှန်ကို အမှန်အတိုင်းသိတော့ ပညတ်နဲ့ ပရမတ်ကွဲသွားပါတယ်၊ လိုချင်တာ ငါမဟုတ်၊ ငါဆိုတာ မရှိ၊ လိုချင်တာက လောဘဘဲ၊ လိုချင်တဲ့ လောဘကြောင့် လောဘနာမ်ရုပ်တွေ ဖြစ်လာတာဘဲလို့ သိတာပါ၊ 'ငါ အားကောင်းတယ်၊ ငါ ပြေးနေတာယ်၊ ငါ ကစားနေတယ်၊ ငါ အိပ်နေတယ်'လို့ ဒီလို မသိတော့ပါ။ သိတာက လိုချင်တာက လောဘ၊ လောဘကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်တွေဟာ ဖြစ်သွားလိုက်, ပျက်သွားလိုက်၊ ဖြစ်သွားလိုက်, ပျက်သွားလိုက်၊ လောဘဖြစ်တာလဲ သိတယ်၊ ပျက်သွားတာလဲ သိတယ်၊ မလောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ကိုလဲ ဖြစ်တာလဲ သိတယ်၊ ပျက်သွားတာလဲ သိတယ်၊ လောဘ နာမ်ရုပ် ဖြစ်လာတယ်၊ လောဘ နာမ်ရုပ် ပျက်သွားတယ်၊ ဝိပဿနာရှုတယ်ဆိုတာ နာမ်နဲ့ ရုပ်ကို သိအောင်လိုက်ပြီး ဉာဏ်နဲ့ကြည့်တာပါဘဲ။

ပဋ္ဌာန်းဆင်နေတာက အနက်နဲဆုံး ဝိပဿနာရှုတာပါ၊ ရှုတော့ ဘာမြင်လာသလဲ၊ လောဘမြဲသလား, မမြဲသလား ကြည့်နေရင် လောဘ

မမြဲဘူးဆိုတာ မြင်လာတယ်၊ လောဘကို ကိုယ့်ခန္ဓာထဲမှာ နေပါဦးဆိုလို့လဲ မရပါ၊ သင်တန်းသွားစရာရှိတော့ ရစရာရှိတဲ့ လောဘဖြတ်ပြီး လာခဲ့တာပါ၊ သင်တန်းလာတော့ အလောဘနဲ့ လာရဟာ၊ လောဘကို ဆွဲထားလို့လဲ မရပါ၊ ဖြစ်ပြီး ပျက်သွားတော့ လောဘက မရှိတော့ဘူး ဆိုရင် လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်လဲ မရှိတော့ပါ၊ လူတွေက အစဲ့ကြီးနေတာက မနေ့က လောဘဖြစ်တဲ့ နာမ်ရုပ်တွေ ဒီနေ့ ရှိနေသေးတယ် ထင်နေတာပါ၊ တခွိုက ဟိုငယ်ငယ်တုန်းက ဒေါသဖြစ်လို့ လုပ်ပစ်ခဲ့တာ ခုရှိနေသေးတယ် ထင်နေတာဟာ စဲ့နေတာပါ။

**အနိစ္စလက္ခဏာ**

ဝိပဿနာသမားကတော့ ငယ်ငယ်တုန်းကကို မပြောထားနဲ့၊ မနေ့က လောဘကြောင့် ဖြင်လာခဲ့တဲ့ မကောင်းတဲ့ နာမ်ရုပ်ဟာ ဒီနေ့ကျတော့ မရှိတော့ပါ။ အရှိကို အရှိအတိုင်းဘဲ ကြည့်တော့ လောဘကြောင့် ဖြစ်ခဲ့တဲ့ နာမ်ရုပ်ကို သွားပြီး ဥပါဒါန်နဲ့ စိုးရိမ်ခြင်း, စဲ့လမ်းခြင်း မရှိ၊ 'လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ဟာ မမြဲဘူး၊ လောဘလဲ မမြဲလို့ ဖြစ်ပြီး ပျက်သွားတာဘဲ'လို့ အဲဒီလို မြင်လာတော့ လောဘနဲ့ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ် မမြဲတာကို မြင်တော့ **အနိစ္စလက္ခဏာပါ**၊ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ နာမ်ရုပ် ဖြစ်ခြင်းရဲ့ အကြောင်းကို ကြည့်တော့ လောဘနဲ့ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ကိုလဲ မြင်လာတယ်၊ အကြောင်း အကျိုး မြင်လာတဲ့အခါ လောဘလဲ မမြဲဘူး၊ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်လဲ မမြဲဘူးလို့ ဒီလို သိလာတယ်၊ ဒီတော့ **အနိစ္စလက္ခဏာ** ထင်လာပါတယ်။

**ဒုက္ခလက္ခဏာ**

**အဲဒီလို အနိစ္စလက္ခဏာ** ထင်လာတာမျှားတော့ မမြဲတဲ့ နာမ်ရုပ်ဟာ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်နေတဲ့ နာမ်ရုပ်ဟာ နဲနဲမှ တွယ်တာစရာ မရှိ၊ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်လဲ တွယ်တာစရာ မရှိ၊ ဒေါသကြောင့် ဖြစ်တဲ့ နာမ်ရုပ်လဲ တွယ်တာစရာ မရှိ၊ အလောဘ

ကြောင့် ဖြစ်နေတဲ့ နာမ်ရုပ်လဲ တွယ်တာစရာ မရှိ၊ ဘာနာမ်ရုပ်မှ တွယ်တာစရာ မရှိ၊ နာမ်ရုပ်ဖြစ်နေတာဟာ ဒုက္ခပါလားဆိုပြီး အနိစ္စမြင်ရင် ဒုက္ခမြင်လာပါတယ်။

**အနတ္တလက္ခဏာ**

နာမ်ရုပ်တွေဟာ ဆင်းရဲတယ်ဆိုတာမှာ ဖြစ်တာ ပျက်တာကို ဘယ်လိုမှ တားဆီးလို့ မရလို့ ဒီနာမ်ရုပ်ဒုက္ခဟာ သံသရာတခွင်မှာ ဒီလိုဘဲ ဖြစ်နေမှာဘဲ၊ ဒီလိုဘဲ ပျက်နေမှာဘဲ၊ ဒါကြီးကို ဒုက္ခကြီး, ကြောက်စရာကြီးလို့ မြင်လာပါတယ်။ ဒုက္ခဖြစ်လာတယ်ဆိုရင်ဘဲ အနတ္တက အထူးအာဒီနဝထုတ်စရာ မလိုပါ၊ ဖြစ်နေ ပျက်နေတဲ့ တရားကို မဖြစ်ပါနဲ့ဆိုလို့ မရ၊ လောဘကြောင့် ဖြစ်နေတဲ့ နာမ်ရုပ်ကို မဖြစ်နဲ့လို့ နဲနဲမှ ပိုင်စိုးပိုင်နင်းနဲ့ ဘာမှ လုပ်လို့ မရနိုင်၊ နိယာမဓာတိုင်း ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပျက်နေတဲ့ တရားကြီးကို ကိုယ်က မဖြစ်ပါနဲ့၊ လောဘကြောင့် ဖြစ်နေတဲ့ တရားကို တည်မြဲနေပါလို့ အမိန့်ပေးလို့လဲ မရ၊ ဘယ်လိုမှ အစိုးမရလို့ အနတ္တာဘဲလို့ ဝိပဿနာအမြင်စိတ်လေ အတ္ထက ကွာလေပါဘဲ။

အတ္တ ကွာသွားတဲ့အခါမှာ ပဟာနပရိညာ လို့ခေါ်ပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တ မြင်လာတော့ သက္ကာယဒိဋ္ဌိ လုံးလုံး ကွာသွားတယ်၊ ကိုယ့်ခန္ဓာဟာ ပင်လယ်ထဲက လိုင်းတွေလို့, တက်လာတဲ့အမြှုပ်တွေလို့, မိုးရွာထဲမှာ အမြှုပ်တွေ ထလာပြီး အမြှုပ်တွေပြန်ပြီး သေသွားတာလို့ တိမ်ရိပ်တွေလို့ တိမ်တွေကို ကြည့်မယ်ဆိုရင် တိမ်ခဲကြီးတွေဟာ လေတိုက်ရင် လွင့်သွားတာပါဘဲ။

ခန္ဓာကိုယ်ကြီးဟာ အလုံး တခဲထဲလို့ လူဒဋ္ဌမှာ ဃနပညတ်က အထပ်ဆပ်ခံနေပါတယ်၊ ဃနပညတ် ဆိုတာက အတုံးအခဲကြီးလို့ ထင်နေတာပါ၊ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ကို လောဘ မရှိဘဲနဲ့ ကုသိုလ်ကောင်းမှုဒါနသီလ ဘာဝနာလုပ်နေတဲ့အခါမှာလဲ လောဘနာမ်ရုပ်ရှိတယ်လို့ ထင်နေသေးတာပါ၊ ဒီအချိန်မှာ ဒီလောဘနာမ်ရုပ်က မရှိတော့ပါ၊

အလောဘ ဖြစ်တဲ့အခါမှာလဲ အလောဘနာမ်ရုပ်တွေ ဖြစ်နေတာပါ၊ အလောဘမရှိတဲ့အခါကျတော့ အလောဘနာမ်ရုပ်က မရှိတော့ပါ။

အကျဉ်းချုပ်အားဖြင့် ဝိပဿနာ ရှုတဲ့သူမှာ ပစ္စယပရိဂ္ဂဟာဉာဏ်နဲ့ နာမ်ရုပ်တွေဟာ အကြောင်းကြောင့် ဖြစ်တာဘဲလို့ ပညတ်နဲ့ ပရမတ်ကွဲသွားတာကို ဉာတပရိညာ ခေါ်ပါတယ်။ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်တွေကို ဒါတွေဟာ အနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲလို့ လက္ခဏာရေး ၃-ပါးနဲ့ စူးစမ်းတဲ့ဉာဏ်က တီရဏပရိညာပါ၊ တကယ်အလုပ်လုပ်တဲ့ ဉာဏ်ပါ၊ ပဟာနပရိညာကျတော့ နာမ်ရုပ်ကို အတုံးကြီး အခဲကြီး ထင်နေတဲ့ အတ္တဒိဋ္ဌိ ကွာသွားတာပါ။

## တီရဏပရိညာ

တီရဏပရိညာက စူးစမ်းပြီး အလုပ်လုပ်တော့ နာမ်ရုပ်ဟာ အတုံးအခဲ မဟုတ်ပါလား၊ ဒေါသနာမ်ရုပ်ကလဲ ဒေါသနာမ်ရုပ်က တခြား၊ လောဘနာမ်ရုပ်ကလဲ လောဘနာမ်ရုပ် တခြား၊ မောဟနာမ်ရုပ်ကလဲ မော့ဟနာမ်ရုပ် တခြားလို့ တခုစီ တခုစီ ဖြစ်ပြီး အဟောင်း အဟောင်းက ပျက်ပျက်သွားပြီး အသစ်အသစ်တွေ ထပ်ဖြစ်နေတာပါလားလို့ မြင်လာပါတယ်။

ဥပမာ-မီးကို ဒုတ်မှာချည်ပြီး ညအခါ ဝိုင်းလိုက်တဲ့အခါမှာ အဝေးကလူက မီးဝိုင်းကြီးလို့ ထင်ရတယ်၊ တကယ်ကတော့ မီးက ဝိုင်းနေတာ မဟုတ်ပါ၊ ထောဝဘီမြစ်က ရေတွေ စီးဆင်းနေတာ ရှေ့ကရေကလဲ ရှေ့ကစီး နောက်ကရေကလဲ နောက်ကလိုက်သွားတာပါ၊ သို့သော် အဆက်မပြတ် စီးဆင်းနေတဲ့အတွက် ရေတွေဟာ တပြင်ကြီး ထင်ရပါတယ်၊ ဒီနာမ်ရုပ်တွေမှာလဲ လောဘကြောင့် ဖြစ်တဲ့နာမ်ရုပ်က ဖြစ်ပြီးပျက်၊ ဒေါသကြောင့်ဖြစ်တဲ့ နာမ်ရုပ်က ဖြစ်ပြီးပျက်၊ မောဟကြောင့် ဖြစ်တဲ့ နာမ်ရုပ်က ဖြစ်ပြီးပျက်၊ ဒီလို အစဉ်ကြီး ဖြစ်နေလို့ နာမ်ရုပ်ကို အစိုင်အခဲကြီးထင်နေတာပါ၊ ဒီလို ထင်နေတဲ့ အတုံးအခဲကြီးကို ပြိုပျက်တာကတော့ ဝိပဿနာပါ၊ ပဌာန်းနဲ့ကျတော့ ဝိပဿနာက ပိုပြီး လေးနက်နေပါဘယ်။

ဝိပဿနာ ရင့်သန်တဲ့သူကျတော့ ပုဂ္ဂိုလ်အား လျော်စွာ တလုံးပြောတာနဲ့ တရားရသွားကြတာပါဘဲ၊ ရှင်သာရိပုတ္တရာဟာ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' ဂိုဂိုသမျှသော နာမ်ရုပ်တရားတွေဟာ အကြောင်းကြောင့် ဖြစ်ကြတာဘဲ၊ 'တေသဉ္စ ယော နိရောဓော' ဖြစ်လာတဲ့ အကြောင်းတရားတို့ဟာ ပျက်သွားကြတာဘဲလို့ မြတ်စွာဘုရားရဲ့ တရားကို တဆင့် ကြားနာရရုံနဲ့ ဖြစ်လာတဲ့နာမ်ရုပ်တွေဟာ အကြောင်းကြောင့် ဖြစ်လာတယ်၊ ဖြစ်လာတဲ့တရားတွေဟာ ဖြစ်ပြီး ပျက်သွားကြတယ်လို့သိသွားပြီး တဂါထာထဲနဲ့ သောတာပန် ဖြစ်သွားပါတယ်။

ဓမ္မစကြာမှာ 'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ'။ ယံကိဉ္စိ= ဂိုသမျှ တရားအားလုံးဟာ၊ သမုဒယဓမ္မံ=အကြောင်းကြောင့် ဖြစ်ပေါ်လာကြတယ်၊တံ သဗ္ဗံ=ထိုဖြစ်ပေါ်လာတဲ့ တရားမှန်သမျှဟာ၊ နိရောဓမ္မံ= ပျက်ခြင်း သဘောရှိတယ်လို့ ဟောလိုက်တာနဲ့ အရှင်ကောဏ္ဍည သောတာပန် ဖြစ်သွားပါတယ်။

**ဝိပဿနာတရားဆိုတာက ဘယ်တရားမှ မမြဲဘဲနဲ့ နဂိုကလဲ ဘယ်တရားမှ မရှိဘဲနဲ့ အကြောင်းကြောင့် ဖြစ်ပြီးလာတာ၊ အကြောင်းတွေပေါင်းဆုံဖြစ်လာပြီး, ဖြစ်ပြီး တည်မြဲသလားဆိုတော့ ဖြစ်ပြီး ပျက်သွားကြတာဘဲလို့ ဒီတချက်မြင်ရင် တလောကလုံး ဖြစ်ပြီး ပျက်နေတာလို့ မြင်နေတာပါဘဲ။**

ဒီလို ဖြစ်ပျက်တွေက သေချာလွန်းလို့ ဘယ်ရုပ် ဘယ်နာမ်ဘဲဖြစ်ဖြစ် ဖြစ်ပြီး ပျက်သွားတော့ သေရဘို့ ဆိုတာကတော့ သိပ်သေချာပါတယ်၊ ကိုယ်သေမဲ့နေ့ကို ၎ကန် ၎က မသိနိုင်ပေမဲ့ သေမဲ့နေ့ကတော့ သေချာပါတယ်၊ ငယ်တဲ့သူတွေ မသေသေးဘူးဘဲ ထားပါတော့ ၆၀-ရွယ် ကျော်ရင်တော့ သေမှာက သေချာပါတယ်၊ ၄၀-တုန်းဆီကတော့ ၅၀-လောက်ထိ နေမှာပါ၊ ၅၀-လောက်ကျတော့ ၆၀-လောက်ထိ နေဦးမှာပါ၊ ၆၀-ကျော်တော့လဲ ကျန်းကျန်းမာမာနဲ့မို့ ၇၀, ၈၀-ထိ နေဦးမှာပါလို့ ဒီလိုထင်နေကြပေမဲ့ ၆၀-ကျော်ရင်တော့ သေဘာ များတာပါဘဲ၊ ၈၁-ကျော်မှ သေတယ်ဆိုတာကတော့ ၁၀၀-မှာ ၂-ယောက် ၃-ယောက်ပါဘဲ။

**ဒေါသကိုရှုနည်း**

ခုပြောခဲ့တာတွေကတော့ ဟောဘုပစ္စယောမှာ ဝိပဿနာ ရှုနည်းပါ ဘဲ၊ ဒေါသကျတော့လဲ ဒီအတိုင်းဘဲ၊ ဒေါသမှာလဲ 'ငါဒေါသထိုးတယ်'ဆို တော့ စိတ်ဆိုးတာမှာ ပရမတ်တရားက ဒေါသ၊ ငါဆိုတာက မရှိတဲ့ တရား၊ ဒေါသ ပရမတ်က တကယ်ရှိတဲ့တရား၊ ဒေါသကို ကိုယ့်ဘာသာ ကြည့်လိုလဲ သိတယ်၊ လောဘထက်လဲ မြင်လွယ်ပါတယ်၊ ငါဆိုတာက မရှိတဲ့ ပညတ်ပါ၊ ဦးကျော်ထွတ်ဆိုတာကလဲ ကိုယ့်ဟာကိုယ် မှည့်ထား တာပါ၊ လူဆိုတာကလဲ ကိုယ့်ဟာကိုယ် ခေါ်ကြတာပါ၊ ပဋ္ဌာန်းမှာ ဘုရားဟောထားတာက ဒေါသကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ အဒေါသ ကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ အလောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ မောဟကြောင့်ဖြစ်တဲ့ နာမ်ရုပ် ရှိတယ်၊ အမောဟကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ ဒါတွေဘဲ ရှိတယ်လို့ ဟောလိုက်တော့ နတ် ဗြဟ္မာတွေဟာ လေးလေးနက်နက် စဉ်းစားစရာ ဖြစ်သွားကြပါတယ်။

နတ်တွေ ဗြဟ္မာတွေက သူတို့ကိုယ်သူတို့ သိပ်တန်ခိုးကြီးတယ် ထင်နေ ကြတာပါ၊ ဗြဟ္မာဆိုတာကလဲ လက်ညှိုးတချောင်း ထောင်ရင် စကြ ဝဠာ တခုလုံး လင်းနိုင်တာပါ၊ ဘုရားက နတ်လဲမရှိ, ဗြဟ္မာလဲမရှိ ရှိတာက နာမ်နဲ့ရုပ်ဘဲ၊ နာမ်နဲ့ရုပ်ကလဲ ဟိတ် ၆-ပါး ကြောင့် ဖြစ်တယ် ဆိုတော့ သူတို့က ဉာဏ်ကြီးသူတွေ ဖြစ်တော့ သူတို့သန္တာန်မှာ ဟိတ် ၆-ပါးကြောင့် နာမ်ရုပ်တွေဖြစ်နေတာကို ထင်းကနဲ သိကြတယ်၊ ဘုရား တရား လာနာတာကလဲ အလောဘ အဒေါသ အမောဟကြောင့် စကြဝဠာတစောင်းက သူတို့ရုပ်တွေဟာ တဖွားနာကြဘို့ ရွှေလာကြတာ ပါလားလို့ ကိုယ်တိုင်သိသွားကြပါတယ်။

လူနတ် ဗြဟ္မာ ငါ သူတပါး ယောကျ်ား မိန်းမဆိုတာက သက်သက် အမည်နာမပေးထားကြတာပါ၊ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာဆိုတာ တွေဟာ သေသွားတဲ့အခါကျတော့ ပါသွားရဲ့လား၊ ဦးကျော်ထွတ် သေသွားပြီလို့ ပြောတော့ ပြောကြမှာပေါ့ သေတာက နာမ်နဲ့ရုပ်ပါ၊

ဦးကျော်ဆွတ်က မသေပါ၊ ဦးကျော်ထွတ်ဆိုတာ နဂိုကမှ မရှိတဲ့တရား ဖြစ်လို့ ပညတ်နဲ့ပရမတ်တခုထဲ ထင်နေကြလို့ ခက်နေကြတာပါ။

စိတ်ဆိုးတယ်ဆိုတော့ စိတ်ဆိုးတာဘယ်သူတုန်း'ငါဟေ့'လို့ဆိုတဲ့နေရာမှာ အဘိဓမ္မာနဲ့ပြောတော့ စိတ်ဆိုးတာ ဘယ်သူတုန်းလို့မေးရင် 'ဒေါသ'က ဆိုးတာပါ၊ ကိုယ့်မိန်းမကို စိတ်ဆိုးတဲ့အခါမှာ ပြောကြပါ၊'ရှင်စိတ်ဆိုးနေသလား'၊ 'ငါ စိတ်မဆိုးပါဘူး'၊ 'ဘယ်သူ စိတ်ဆိုးတာလဲ'၊ 'ဒေါသက စိတ်ဆိုးတာပါ၊ငါက ကောင်းပါတယ်' ဆိုးတာက ဒေါသက ဆိုးတာဘဲလို့ အဲဒီလို သိတာနဲ့တပြိုင်နက် ဒေါသက ပျောက်သွားပါတယ်၊ ဒါကလဲ နဲနဲသိတဲ့ အသိမျိုးမဟုတ်ပါ၊ ဒေါသဆိုးတာဘဲလို့ သိတာက ဉာဏပဋိညာပါ။ ငါဆိုးတာဘဲလို့ဆိုရင် , ဒေါသက တဖြေးဖြေး ပြင်းလာပါတယ်၊ ဘေးကလူတွေကလဲ တောင်းပန်ရဦးမယ်၊ ဆဲလေ ဆိုးလေပါဘဲ၊ ဒေါသဆိုးတာဘဲလို့ သိတဲ့အခါမှာတော့ ဒေါသက ဝပ်သွားပါတယ်၊ ဒေါသဆိုးတာဘဲလို့ ဉာဏ်ကသိတာနဲ့ ဒေါသက ဉာဏ်ကိုမခံနိုင်ပါ၊ ဉာဏ်ရဲ့အင်္ဂါန်နဲ့ကျတော့ ဒေါသပျောက်သွားပါတယ်။ ငြိမ်သွားတဲ့ ဒေါသဟာ ခဏခဏ ဒီလိုသိပါမျှားလာရင် ကြာတော့ မလာတော့ဘဲ ဉာဏ်ကို ကြောက်သွားပါတယ်၊ ဒေါသဖြစ်သည့်တိုင်အောင် တခြားလူဆီ မရောက်တော့ဘဲ မျက်နှာ အမူအရာ လောက်ဘဲ ပြပါတယ်၊ နောက်ကျတော့လဲ မျက်နှာ အမူအရာမှာတောင် မပြတော့ဘဲ သူဘာသာသူ သိလိုက်တာနဲ့ တပြိုင်နက် ဒေါသက ထွက်ပြေးသွားပါတယ်၊ ဒေါသကလဲ ဆဲထားလို့ ရတဲ့တရားမဟုတ်ပါ၊ ပညတ်နဲ့ပရမတ် ကဲ့သွားတာက ဉာဏပရိညာဖြစ်သွားပါတယ်။

**ဆဝကူးကောင်းပါ့မလား**

ဒေါသရုပ်နာမ်က ဒေါသဖြစ်တုန်းသာ ရှိတာပါ၊ ဒေါသမရှိရင် ဒေါသရုပ်နာမ်လဲ မရှိတော့ပါ၊ မေတ္တာစိတ်ရောက်လာရင် မေတ္တာရုပ်နာမ် ပေါ်လာပါတယ်၊ အဒေါသရုပ်နာမ် ဖြစ်လာတာဘဲ၊ ခုနကဘဲ သင်တန်းသားတယောက်က နဲနဲကြီးလာတော့ တထူးကလဲ သိလာတော့ သေရမှာ နဲနဲကြောက်လာတယ်၊ 'ဘဝပြောင်းမှာ သေချာပါ့မလား' ဆိုတာနဲ့ တွက်ပြ

လိုက်ပါတယ်၊ တနေ့ ၂၄-နာရီမှာ ဒေါသဖြစ်နေတဲ့ ရုပ်နာမ် ဘယ်လောက် အချိန်ကြာသလဲ၊ လောဘဖြစ်နေတဲ့ ရုပ်နာမ် ဘယ်လောက် အချိန်ကြာသလဲ၊ တခါတလေ တနေ့လုံး တခါမှ မဖြစ်တဲ့အပြင် လှူဘို့ တမ်းဘို့ ပေးဘို့ တထူးနာဘို့ အလောဘ အဒေါသဆိုတဲ့ မေတ္တာရုပ်နာမ် တွေမှာသာ တနေ့ ၂၄-နာရီမှာ နာရီ ၂၀-လောက် ဖြစ်နေတာပါ။

ကုသိုလ် အကုသိုလ်က ချိန်ကြည့်ရပါမယ်၊ ကုသိုလ်အလုပ်များတယ်ဆိုရင် ကုသိုလ်ဘက် ရောက်သွားတာပါ၊ အဘိမှာ သင်တုန်းကလဲ ပြောခဲ့ပါသေးတယ်၊ သစ်ပင်ကြီးတပင်ဟာ တောင်ဘက်ကို ယိမ်းနေတော့ လေတိုက်လိုက်တဲ့အခါမှာ တောင်ဘက်ဘဲ လဲမှာပါ၊ မြောက်ဘက်ကို ယိမ်းရင် မြောက်ဘက်ဘဲ လဲမှာပါ၊ ကိုယ်က ကုသိုလ်ဘက်လုပ်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့မှာ လောဘဖြစ်ချင်လဲ ဖြစ်မှာဘဲ၊ ဒေါသဖြစ်ချင်လဲဖြစ်မှာဘဲ၊ သို့ပေမဲ့ အားလုံးတထူးကို သိသင့်သလောက် သိနေတဲ့သူတွေမှာ လောဘဖြစ်ဘဲ့ ရုပ်နာမ်, ဒေါသဖြစ်တဲ့ရုပ်နာမ် ၂၄-နာရီအတွင်း ကြည့်ပါ၊ လောဘ ဒေါသ ဖြစ်တာ နဲပါတယ်၊ သေရင် ကောင်းတဲ့ဘုံကို ရောက်မှာ သေချာပါတယ်-လို့ စောစောကဘဲ ပြောခဲ့ပါသေးတယ်။

ဒေါသရုပ်နာမ်ကလဲ မြဲမြဲနေတာမှ မဟုတ်ဘဲ၊ မမြဲတာ မြင်လာတော့ ဒေါသရုပ်နာမ်တွေက မရှိတော့ဘူးဆိုတော့ အနိစ္စမြင်လာတာပါ၊ ဝိပဿနာရှုတယ်ဆိုတာက မမြဲတာကို ကြည့်ရမှာပါ၊ အနိစ္စကို ကြာကြာကြည့်မှ ဖြစ်ပျက်ဆိုးဆိုဘဲ့ ဒီရုပ်နာမ်တွေကို မြင်လာမှာပါ၊ လောဘ,ဒေါသ-က တခု မဖြစ် တခုက ဖြစ်နေတာပါ၊ လောဘဖြစ်ရင်ဖြစ်, မဖြစ်ရင် ဒေါသဖြစ်ဆိုတော့ လောဘ ဒေါသ အကြမ်းစားကို အရင်မြင်ပါတယ်၊ နောက် သိမ်မွေ့တဲ့ လောဘ ဒေါသ ရုပ်နာမ်တွေ မြင်လာတယ်၊ ဒီသိမ်မွေ့လာတဲ့ လောဘ ဒေါသ ရုပ်နာမ်တွေကလဲ ဖြစ်ပြီး ပျက်သွားတာပါဘဲ၊ အနိစ္စထင်လာတော့ ဒီမမြဲတဲ့ရုပ်နာမ်ကို ပဋ္ဌာန်းဟောတုပစ္စည်းနဲ့ ဆက်ကြည့်ရပါတယ်။

ဟောတုပစ္စည်းနဲ့ ဆက်ကြည့်တဲ့အခါကျတော့ အချိန်ရှိသရွေ့ ဘယ်တော့မှ မပြတ်အောင် ဖြစ်နေလို့ ဘယ်ခါမှဆုံးနိုင်မှာ မဟုတ်ဘူးဆိုတဲ့

ဖြစ်ပျက်ကြီးကို ဒုက္ခထင်လာတယ်၊ မဖြစ်မပျက်အောင် ဘယ်လိုမှ လုပ်လို့ မရလို့ ဘယ်ဉာဏ်နဲ့ဘဲ စဉ်းစား စဉ်းစား ဘယ်လိုမှ ကိုယ်မပိုင် အစိုးမရ တော့ အတ္တလုံးလုံး ပြုတ်သွားပါတယ်၊ အဲဒါကြောင့် ဒီပဋ္ဌာန်း ဟာတု ပစ္စည်း ဟိတ် ၆-ပါးနဲ့ ဝိပဿနာရှုရင် တရားရမဲ့ ပုဂ္ဂိုလ်ကတော့ ဒီဟာတု ပစ္စည်းမှာဘဲ တရားရသွားကြပါတယ်၊ ဟာတုပစ္စည်းနဲ့ ဝိပဿနာရှုနည်း ကတော့ ဒီလောက်ဆို နည်းရလောက်ပါပြီ။

## (၂) အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်း

တရားအစမှာ မြတ်စွာဘုရားက ဟာတုပစ္စည်း ဟိတ် ၆-ပါးဆိုတဲ့ နာမ်ကြောင့် ဖြစ်တယ်လို့ ဟောတဲ့အခါ ရုပ်ဝါဒသမားတွေက နာမ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ဝိပဿနာဇော ကျချင်သူမှ ကျမှာပါ။ ဘဝင်မကျသေးတဲ့ နတ်ပြဟ္မာတွေ့ စေဋဒက မတက်နိုင်အောင် အာရမ္မဏပစ္စည်းကို ဆက်ပြီး ဟောရပါတယ်။

အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ ဝိပဿနာချင်းက တော်တော် ကွာသွားပါတယ်၊ 'အာရမ္မဏပစ္စယေန ပစ္စယော' ဆိုတဲ့ အာရမ္မဏပစ္စည်းကြည့်ရင် နာမ် ရုပ် ပညတ် နိဗ္ဗာန် အကုန်ပါပါတယ်၊ ပစ္စယုပ္ပန်က နာမ်တခုထဲပါ၊ အကြောင်းတရားက နာမ် ရုပ် ပညတ် နိဗ္ဗာန်၊ အကျိုးတရားက နာမ်သက်သက် စိတ်စေတသိက်ပါဘဲ။

မြတ်စွာဘုရားက ရုပ်ဝါဒီတွေ့ သဘောကျအောင် ဘာနဲ့ဟောသလဲ ဆိုတော့ ပဌမ ရုပ်အကြောင်းတရားကို ထုတ်ပြီး 'ရူပါယဘာနံ စက္ခုဝိညာဏံ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မြောနံ အာရမ္မဏပစ္စယေန ပစ္စယော' မြင်တဲ့စိတ်ကလေး စက္ခုဝိညာဏ်ကလေး ဖြစ်လာတာဟာ ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ရူပါရုံရုပ်ကြောင့် မြင်တဲ့စိတ် ဖြစ်တယ်၊ မြင်စိတ်ဆိုတာမှာ စေတသိက်လဲ ပါပါတယ်၊ ရူပါရုံတွေ့ရင် မြင်တဲ့စိတ် ဖြစ်တယ်ဆိုတော့ နတ် ပြဟ္မာတွေအားလုံး သဘောပေါက်သွားကြပါတယ်၊ ရုပ်ကြောင့် နာမ်ဖြစ်လာတယ်၊ အသိဆိုတဲ့ တရားကလေး ဖြစ်လာတယ်လို့

ရုပ်ကြောင့် နာမ်တရား ဖြစ်ပုံကိုတော့ နက် ငြဟ္မာတွေ တော်တော်များများ သဘောကျသွားကြပါတယ်။

### မြင်ဝိတ်ဝိပဿနာ

ဝိပဿနာမှာ လူကမြင်တယ်, နတ်ကမြင်တယ် ပြောကြတဲ့အခါ မြင်တယ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်က ပရမတ်၊ လူဆိုတာက မရှိတော့ ပညတ်၊ လူကမြင်တယ်ဆိုရာမှာ အမှန်က စက္ခုဝိညာဏ်ကိုက မြင်တာပါ၊ စက္ခုဝိညာဏ်မြင်ဘာ ဘာ့ကြောင့် မြင်သလဲဆိုတော့ ရူပါရုံရှိလို့ မြင်တာပါ၊ စက္ခုဝိညာဏ် မြင်တာကို လူက မြင်တယ်, နတ်က မြင်တယ်ဆိုပြီး ပညတ်နဲ့ တွဲလိုက်တော့ အတ္တဒိဋ္ဌိ ဖြစ်သွားတာပါ။

### အနိစ္စမြင်

မြတ်စွာဘုရား အလိုတော်ရှိတာက ဒီလောက်သိရန်သာ မဟုတ်ပါ၊ စက္ခုဝိညာဏ်စိတ် အကြောင်းကြောင့် ဖြစ်ပေါ်လာရင် ဘယ်လောက်ကြာကြာနေသလဲ၊ မြင်တဲ့စိတ်က ဖြစ်ပြီးပျက်သွားတာဘဲ၊ ပညတ်တရားကတော့ မရှိလို့ ပြဿနာလုပ်စရာ မလိုပါ၊ ရှိပါတယ်ဆိုတဲ့ ပရမတ္ထထင်ရှားရှိတဲ့ရူပါရုံကို မြင်နိုင်တဲ့ စက္ခုဝိညာဏ်စိတ်သည်ပင် ဖြစ်ပြီးပျက်သွားတာပါ၊ စက္ခုဝိညာဏ်စိတ်သည် ဖြစ်လာရင် ပျက်သွားတာဘဲလို့ မြင်တာသည် အနိစ္စကို မြင်တာပါ။

### ဒုက္ခမြင်

စက္ခုဝိညာဏ်စိတ်က ရူပါရုံရှိရင် မြင်လာလို့၊ ရူပါရုံမရှိရင် ပျက်သွားလို့၊ ရူပါရုံတွေ့ရင် မြင်လာလို့၊ ရူပါရုံမတွေ့ရင် ပျက်သွားလို့၊ ဒီလိုဘဲ ဖြစ်ပျက်သံ့သရ မဆုံးနိုင်ပါလို့ ဖြစ်ပျက်သံ့သရ ဒုက္ခကြီးကို မြင်လာရင် ဒုက္ခကို မြင်တာပါဘဲ။

### အနတ္တမြင်

စက္ခုဝိညာဏ်စိတ်ဟာ ရှိနေတဲ့ ပရမတ်တရားပါ၊ ဒါပေမဲ့ သူကလဲ ဖြစ်လို့ ပျက်လို့ပါ၊ ဖြစ်ပျက်သံ့သရကြီးကို မဖြစ်ပါနဲ့၊ မပျက်ပါနဲ့လို့

ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်ဘုရားမှ လုပ်လို့မရတဲ့ အနတ္တပါ။ အဖေက မြင်တယ်၊ အမေက မြင်တယ်၊ သူက မြင်တယ်၊ ငါက မြင်တယ် ထင်နေတာက သက္ကာယဒိဋ္ဌိပါ၊ အနိစ္စထင်ရင် ဒုက္ခထင်တယ်၊ ဒုက္ခ ထင်ရင် အနတ္တထင်လာပါတယ်။

**ခန္ဓာကိုယ်ကြီးကို တွယ်တာမှု**

ကိလေသာထဲမှာ ခန္ဓာကိုယ်ကြီးကို တွယ်တာနေတဲ့ တကျာလောဘ ဟာ အကြီးကျယ်ဆုံး ကိလေသာပါ၊ ပစ္စည်းတွယ်တာတဲ့ လောဘက တမျိုး၊ သားမယားတွယ်တာတဲ့ လောဘက တမျိုး၊ သားသမီး တွယ် တာတဲ့ လောဘက တမျိုး၊ မိတ်ဆွေသင်္ဂဟ တွယ်တာတဲ့ လောဘက တမျိုး၊ ကိုယ့်ကိုယ်ကို တွယ်တာတဲ့ လောဘကဘမျိုး၊ သဘောချင်းတူရဲ လား၊ လောဘကို ခဲ့ကြည့်မယ်ဆိုရင် အဘိဓမ္မာလောဘက အများကြီးပါ၊ သူဌေးမှာဖြစ်တဲ့ လောဘက တမျိုး၊ စာရေးမှာဖြစ်တဲ့ လောဘက တမျိုး၊ ကုန်သည်ကြီးမှာဖြစ်တဲ့ လောဘက တမျိုး၊ ဈေးသည်ကလေးမှာဖြစ်တဲ့ လောဘက တမျိုး၊ မိန်းမတွေမှာဖြစ်တဲ့ လောဘက တမျိုး၊ ယောကျ်ားတွေမှာဖြစ်တဲ့ လောဘက တမျိုး၊ ခလေးမှာဖြစ်တဲ့ လောဘက တမျိုး၊ လောဘကို သရုပ်ခဲ့လို့ မကုန်နိုင်ပါ၊ ဒီဂရီချင်းလဲ မတူပါ၊ လောဘတွေ အကုန်လုံးမှာ အကြီးကျယ်ဆုံးလောဘဟာ ဘယ်လောဘလဲ၊ **ကိုယ့်ခန္ဓာကို တွယ်တာတဲ့ လောဘက အကြီးကျယ်ဆုံးပါ၊** ဘာဖြစ်လို့လဲဆိုတာကို သင်္ဂြိုဟ်သင်တဲ့သူကတော့ သိပါတယ်၊ ဘာဒိဋ္ဌိလဲဆိုတော့ သက္ကာယဒိဋ္ဌိ ရှိနေလို့ပါ။

**တကျာ မာန စိဋ္ဌိ**

လောဘနဲ့ ဒိဋ္ဌိက တွဲနေပါတယ်၊ ဒီခန္ဓာကိုယ်ကို 'ငါ' လို့ ဒီလိုထင် နေတဲ့ အထင်ကြီးဟာ မာနပါဘဲ၊ ငါ ပိုင်တယ်ထင်တာက တကျာ၊ 'ငါ' ဆိုတာ တကယ်ရှိတယ်လို့ ထင်တာက ဒိဋ္ဌိ၊ တကျာ, မာန, ဒိဋ္ဌိ ဆိုတဲ့ ဒီတရား ၃-ပါးမှာ လောဘက ခေါင်းဆောင်ပါတယ်၊ ဒီ လောဘက အကြီးကျယ်ဆုံးပါ။

## ကိလေသာ ၃-မျိုး

ကိလေသာမှာ အနုသယကိလေသာ၊ ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန်းကိလေသာလို့ ၃-မျိုးရှိပါတယ်။

ဝိပဿနာမှာ ပယ်ရမည့် အနုသယကိလေသာကို ကိန်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရှင်းအောင်ပြောတတ်ကြပါ၊ ဝီတိက္ကမလောဘက ကာယက် ဝစီက်နဲ့ လွန်ကျူးတာ၊ လိုချင်ဘယ်ဆိုရင် သွားပြီး ခိုးလိုက်ဘာပါ။

ပရိယုဋ္ဌာန်းလောဘကတော့ 'ဒီ ဂိုဏ်းဒါင်ထဲက ပစ္စည်းတွေကို စာရင်းဖျောက်လိုက်ရင် ၁၀-သိန်းလောက်တော့ ရမှာဘဲ၊ ဥပဒေနဲ့လဲ လွတ်သားဘဲ၊ ငွေ ၁၁-သိန်းလောက် ရရင်တော့ တိုက်နဲ့ ကားနဲ့ ငါအလုပ် ထွက်ပြီး အေးအေးနေနိုင်တာဘဲ' လို့ ခိုးဘို့လို့ စိတ်ကူးတာပါ၊ တကယ်တော့ မခိုးပါ။

အနုသယလောဘ ဆိုတာကတော့ ကိန်းအောင်းတယ်လို့ ပြောကြပါတယ်၊ အမြဲဟမ်း ရှိနေတယ်ဆိုတဲ့ ကရုဏာဟာ ခန္ဓာကိုယ်ထဲမှာ မရှိပါ၊ ဘယ်တရားမှ ခန္ဓာကိုယ်ထဲမှာ မြဲနေတာမရှိလို့ ဖြစ်ပြီးတာမှန်သမျှ ပျက်သွားပါတယ်၊ ဒီခန္ဓာကိုယ်ကြီးကလဲ မြဲတာမဟုတ်ပါ။

အဖြစ်အများဆုံးလောဘက ဘယ်လောဘလဲ၊ ပစ္စည်းလိုချင်တဲ့ လောဘက တန္ဒေလုံးဆိုရင် တခါတလေမှသဟိရတာပါ၊ သားသမီး ဘားမယား တွယ်တာတဲ့ လောဘက တန္ဒေလုံး ဖြစ်ရဲ့လား၊ တန္ဒေလုံး မဖြစ်ပါ၊ ဆုထူး ဘာညာလိုချင်တဲ့ လောဘကလဲ တန္ဒေလုံး ဖြစ်ရဲ့လား၊ လေး-ငါး ရက်နေတောင်မှ တခါတခဲလ မဖြစ်ပါ၊ အဖြစ်များနေတဲ့ လောဘက ဘယ်ပေါ်မှာ ဖြစ်နေတာလဲ ကိုယ့်ခန္ဓာကိုယ် တွယ်တာတဲ့ လောဘက မနက်မိုးလင်းလာရင် မျက်နှာကလေး သစ်လိုက်ရတယ်၊ မျက်နှာသစ်ပြီးတော့လဲ နံနက်စာစိုးလို့ အမွေးအကြိုင်ကလေး ထည့်လိုက်ရတယ်၊ ဒီခန္ဓာကိုယ် တွယ်တာပြီး လုပ်နေရတဲ့ လောဘက ၂၄-နာရီမှာ နာရီအများဆုံး လုပ်နေရတယ်၊ ဒီလောဘက အနုသယ လောဘပါ။

**အနုသယ** ဆိုတော့ အနု=အကြိမ်ကြိမ်အဖန်ဖန်+သယ=ဖြစ်တယ်= အကြိမ်ကြိမ်အဖန်ဖန် ဖြစ်တယ်ဆိုတာက အဖြစ်များတာပါ၊ **အနုသယ** ဆိုတာက ကိန်းနေတာတော့ မဟုတ်ပါ။ ဒီအနုသယကလဲ ဖြစ်ပျက်ပါဘဲ၊ ဥပမာ—မျက်နှာသစ်နေခိုက် ဖြစ်တဲ့လောဘက ရေချိုးတဲ့အခိုက် ရှိသေးသလား၊ မရှိတော့ပါ၊ ရေချိုးတုန်း ကိုယ့်ခန္ဓာ ကိုယ်တွယ်တာတဲ့ လောဘက လဘက်ရည်သောက်တော့ ရှိသေးသလား၊ လဘက်ရည်သောက်တော့ မရှိတော့ပါ၊ ရေချိုးတုန်းက ရေချိုးတဲ့ လောဘဘဲ၊ လဘက်ရည်သောက်တော့ လဘက်ရည်သောက်တဲ့ လောဘဘဲ၊ ဒီ **အနုသယ** ကိလေသာကို လူ့လောက အနေအားဖြင့် ဘယ်သူမှ ကိလေသာလို့ မပြောကြပါ၊ လောဘလို့လဲ မပြောကြပါ။

သို့ပေမဲ့ ဥာ-ဘုံမှာ ထွက်သွားချင်တဲ့ နိုဗ္ဗာန်ဆောက်ချင်တဲ့ ပုဂ္ဂိုလ်များကျတော့ အဲဒီလောဘကို ကြည့်ရတယ်၊ ဒီ **အနုသယ**ကိလေသာကိုမြင်မှ ဥာ-ဘုံက ကျတ်ချင်ရင် ဒီခန္ဓာကိုယ်ပေါ်မှာ တွယ်တာနေတဲ့ လောဘကို ပယ်မှ ရောက်မှာဘဲလို့ ဒါကို မြင်ရမှာပါ၊ ဥာ-ဘုံမှာ နေချင်တဲ့ သူများကတော့ ဒီလောဘက **အ**ရေးမကြီးပါ၊ ဒီမာနလဲ **အ**ရေးမကြီးပါ၊ ဘာကြောင့်လဲ ဆိုတော့ ကိုယ် ကောင်းကောင်းဖြစ်ဘို့ တဘဝထက် တဘဝ ငါချမ်းသာအောင် လုပ်ဘို့ ဆိုတာ **အ**နုသယလောဘပါဘဲ၊ ဒီလောဘနဲ့ဘဲ **လော**ကီကုသိုလ်တွေ လုပ်ရင် ကုသိုလ်ရပါတယ်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဟောတဲ့အခါမှာ ပုညာဘိသင်္ခါရကုသိုလ်တွေဟာ သံသရာလည်တယ်လို့ ဟောခဲ့တာပါ၊ ဒီလောဘကို ဒါနနဲ့ သီလကုသိုလ်နဲ့ ပယ်လို့မရပါ၊ ဝိပဿနာ ကုသိုလ်နဲ့သာ ပယ်လို့ရပါကယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးများက 'နိုဗ္ဗာန်က ငါပါရင် လက်မခံဘူး'လို့ **အ**မိန့်ရှိကြပါတယ်၊ ငါလို့ ပြောနေတာက လောဘ,မာန,ဒိဋ္ဌပါ၊ ဒီသုံးခုက ငါလို့ ပြောနေကြတာပါ၊ 'ဘယ်သူရှိသလဲ'၊ 'ငါရှိတယ်'ဆိုတော့ မာနက ထွက်ပြောလိုက်တယ်၊ လောဘက ထွက်ပြောလိုက်တယ်၊ ဒိဋ္ဌက ငါရှိနေတယ်၊ မာနက ငါလို့ ထင်နေတယ်။

စက္ခုဝိညာဏ်စိတ်ကလေးမြင်တာကို ငါမြင်တာလို့ဆင်တာပါ၊ မြင်တာက စက္ခုဝိညာဏ်က မြင်တာပါ၊ ဝိပဿနာ အားထုတ်လာတဲ့အခါ ငါကြားတာမဟုတ်၊ သောတဝိညာဏ်က ကြားတာ၊ သောတဝိညာဏ်က ကြားတယ်ဆိုရင် ရေဒီယိုက မကြိုက်တာဖွင့်လဲ ဒါသမဖြစ်တော့ပါ။ သောတဝိညာဏ်က ကောင်းတာလဲ ကြားတာဘဲ၊ မကောင်းတာလဲ ကြားတာဘဲ၊ သောတဝိညာဏ် ရှိရင် ကြားနေမှာဘဲလို့ ကြားနေတဲ့ အခါမှာ ငါနဲ့ ကြားတာနဲ့ ကွဲသွားရင် အများကြီး သက်သာသွားပါတယ်။

မြင်တာမှာလဲ အဘူတူပါဘဲ၊ မြင်တာလဲ ငါမြင်တာမဟုတ်၊ စက္ခုဝိညာဏ်က မြင်တာပါ၊ ကောင်းတာဘဲမြင်မြင်, မကောင်းတာဘဲမြင်မြင် စက္ခုဝိညာဏ်ရှိရင် မြင်နေရမှာပါ၊ မကောင်းတာ ကောင်းတာ မြင်တဲ့အခါ လောဘဒေါသက မလာတော့ပါ၊ အကုန်လုံး အဘူတူပါဘဲ၊ နံတာလဲ ငါနံတာမဟုတ်၊ ဃာနဝိညာဏ်က နံတာ၊ ဂန္ဓာရုံနဲ့တွေ့ရင် ဃာနဝိညာဏ်စိတ်က ဖြစ်မှာပါ၊ မကောင်းတဲ့ အနံ့, ကောင်းတဲ့အနံ့သိတာက ဃာနဝိညာဏ်က သိတာပါ။ ငါနဲ့ ဘာမှမဆိုင်လို့ အရှိကိုအရှိအတိုင်း မြင်သွားရင် ဉာတပရိညာဉာဏ်နဲ့ မြင်တာပါ။

စားတဲ့အခါမှာလဲ အရသာသိတာက ဇိဝှါဝိညာဏ်က သိတာပါ၊ ခုတော့ ထင်နေကြတာက ဟင်းမကောင်းဘူးဆိုရင် ငါက သိတယ် ထင်နေတာပါ၊ ငါက ဟင်းမကောင်းဘူးလို့ ပြောပေမယ့် အရသာကို သိတာက ဇိဝှါဝိညာဏ် လျှာကသိတာပါ၊ ကောင်းတာဆိုရင် ကောင်းတယ်လို့ သိတယ်၊ မကောင်းတာဆိုရင် မကောင်းဘူးလို့ သိတယ်၊ သိတော့လဲ ဒီအသိက ကြာကြာမနေရဲလားး၊ ပျက်သွားတာပါ၊ အဲဒီလို မြင်တာ, ကြားတာ, နံတာ, အရသာသိတာ, ထိခတ်သိတာ တို့ကို အရှိကို အရှိအတိုင်းမြင်လာရင် ဉာတပရိညာပါ။ သက္ကာယဒိဋ္ဌိလဲ တော်တော်ကလေး ကွာသွားမှာပါ၊ပညတ်နဲ့ ပရမတ်လဲ ကွဲသွားမှာပါ။

မြတ်စွာဘုရားက 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ, သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ, ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ, ရသာ

ယတန် ဇိဝှါဝိညာဏဓာတုယာ, ဖောဋ္ဌဗ္ဗာယတန် ကာယဝိညာဏဓာတု-ယာ'ဆိုတဲ့ အာရုံငါးပါးကို ဟောရတာက ဒီအာရုံငါးပါး ရှုပ်တရား တွေက လူတွေကို နှေးရှိသမျှ တိုက်နေတော့ ဒီဝိပဿနာတရားက လူတိုင်း သိလွယ်လို မြင်တယ်၊ ကြားတယ်၊ နံတယ် စသည်ဖြင့် ဖြစ်လာတဲ့ နာမ်တရားဓတ်တွေဟာ မြဲသလား၊ ဖြစ်လာတဲ့ နာမ်တရားတွေဟာ 'ငါ'လား၊ ဒါတွေ သိဘို့ပါ။

ပရမတ်မှန်ရင် ဖြစ်ပြီး ပျက်ရတယ်၊ ပညတ်က ဖြစ်ရဲ့လား၊ ပညတ်က မရှိတဲ့ တရားမို့ ဖြစ်တာလဲ မရှိ၊ ပျက်တာလဲ မရှိပါ။ မရှိတဲ့ တရားက ပျက်စရာ မလိုပါ။ ဦးကျော်ထွတ်ဆိုတာ ရှိတာမဟုတ်၊ သက်သက် ခေါ်ထားတာပါ။ ဦးကျော်ထွတ်လို့ မခေါ်ဘဲ ဦးကျော်ဇောလို့ ခေါ်လဲ ရတာဘဲ၊ ပြောင်းချင်တာ ပြောင်းခေါ်လို့ ရပါတယ်။ ကိုကိုဆိုလဲ ရတယ်၊ မောင်ဟန်လေးဆိုလဲ ရ၊ ခေါ်ချင်သလို ခေါ်ကြည့်လို့ရပါတယ်။ ပညတ်ဆိုတာက ရှိတာ မဟုတ်ပါ။

တကယ်ရှိနေတာက စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ် ပရမတ်တွေက ရှိနေတာ၊ ဒီပရမတ်တွေကလဲ ရှုပါခဲ့, သဒ္ဒါခဲ့, ဂန္ဓာခဲ့ ကြောင့် ဖြစ်နေတာပါ၊ အကြောင်းတရားရှိရင် ဖြစ်တယ်၊ အကြောင်း တရားမရှိရင် ပျက်သွားမှာပါ၊ အဲဒီ အပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တ ထင်လာရင် သင်္ကာယဒိဋ္ဌိ ကုသွားမှာပါ။ ဒီလို သိတာက ဟစ္စယဟရိဂ္ဂဟ ဉာဏ်, ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်တွေပါဘဲ။ ဓမ္မဋ္ဌိတိဉာဏ်ဆိုတာက ပရမတ္ထတရားတွေဖြစ်တဲ့ စက္ခုဝိညာဏ်တို့, လောဘ ဒေါသတို့အပေါ်မှာ ဉာဏ်ဆိုက်အောင် မြင်နိုင်အောင် အပေါ်က ပညတ်တွေ ခွါပြီး ပရမတ်တွေကို မြင်အောင်ကြည့်တာပါ။

နဂိုကကြည့်တာကတော့ ဦးကျော်ထွတ်ကို မြင်သည်ဆိုရင် ဦးကျော်ထွတ်ကိုဘဲ တွေ့ပါတယ်၊ ဦးကျော်တွတ်တယ်ကို ကြားတယ်ဆိုတော့လဲ ဦးကျော်ထုတ် ပြောတာဘဲ ကြားနေပါတယ်၊ အခုကျတော့ စက္ခုဝိညာဏ်က မြင်တာပါလား၊ သောတဝိညာဏ်က ကြားတာပါလား၊ ဃာနဝိညာဏ်က နံထာပါသားလို့ တရားပေါ်မှာ သိလာတဲ့အခါ ဓမ္မဋ္ဌိတိ

ဉာဏ် ရတာပါဘဲ၊ အဲဒီဓမ္မဋ္ဌိတိဉာဏ်ဆိုတာက အပါယ်မကျတော့ပါ၊ မကောင်းတဲ့ဘဝကို သေသေချာချာ တံခါးပိတ်ပါတယ်၊ ပဋ္ဌာန်းသင်ပြီးမှဖြင့် ဒီလိုဉာဏ်အမြင်တွေ ရှင်းလာတဲ့အခါမှာ အပါယ်တံခါးပိတ်လို့ မကောင်းတဲ့ဘဝရောက်မှာ ဘာမှ ကြောက်စရာ မရှိတော့ပါ၊ ဒီလောက်ဆိုရင် အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ နည်းရလောက်သွားပါပြီ။

## (၃) အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုနည်း

အာရမ္မဏပစ္စည်းနဲ့ ရုပ်ကြောင့် နာမ်တရားတွေ ဖြစ်လာတယ်၊ ဖြစ်ပြီးလဲ ပျက်သွားတယ်လို့ ဟောလိုက်တော့ ရုပ်ပါဒီ နတ်ဗြဟ္မာတွေဟာ အားလုံး သဘောပေါက်သွားကြပါတယ်၊ ဟေတုပစ္စယောနဲ့ ဟောလို့ ကျန်နေသေးတဲ့ ပုဂ္ဂိုလ်တွေကို အာရမ္မဏပစ္စယောနဲ့ ဟောရပါတယ်၊ အာရမ္မဏပစ္စယောနဲ့ သဘောမပေါက်သေးတဲ့ နတ်ဗြဟ္မာတွေကျတော့ အဓိပတိပစ္စယောနဲ့ ဟောရပါတယ်။

ပဋ္ဌာန်းနဲ့ ဝိပဿနာရှုနည်း **အရင်အပတ်က** ပြောခဲ့တာမှာ **အဓိပတိ**ပစ္စည်းအစမှာဘဲ ပြီးသွားပါတယ်၊ ပဋ္ဌာန်း ၂၄-ပစ္စည်းလုံး ဝိပဿနာရှုနည်း ပြောဘို့ကတော့ မလိုပါ၊ နည်းရရုံ အရေးကြီးတဲ့ **လေးငါးပစ္စည်း**လောက်ဘဲ **ပြော**ဘို့လိုပါတယ်။

နတ်ဗြဟ္မာတွေကို ပဋ္ဌာန်းဟောတဲ့အခါမှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ ဟိတ် ၆-ပါး=ဟေတုပစ္စည်းနဲ့ဘဲ နတ်ဗြဟ္မာတွေ တော်တော်များများဘဲ အကျွတ်တရားရကြမှာပါ၊ အာရမ္မဏပစ္စည်းနဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ အစရှိတဲ့ အာရုံ ၆-ပါးကြောင့် ရုပ်နာမ်တွေ ဖြစ်ပေါ်နေပုံကို ဟောတော့လဲ တော်တော် များများဘဲ အကျွတ်တရားရကြမှာပါ၊ အာရမ္မဏကိုကို သဘောမပေါက်သေးတဲ့ နတ်ဗြဟ္မာတွေ အတွက်ကျတော့ **အဓိပတိ**ပစ္စည်းကို ဆက်ဟောပါတယ်။ ရုပ်နာမ် ဖြစ်ခြင်း အကြောင်းကတော့ သုတ္တန်မှာ နဲနဲဘဲပါပါတယ်၊ အဘိဓမ္မာ ပဋ္ဌာန်းကျမှ အစုံဟောတာပါ။

ဝိပဿနာရှုတယ်ဆိုတာက ပဌမကော့ရုပ်နာမ်သိတဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ် ရဘို့ပါဘဲ၊ နာမ်နဲ့ရုပ်နဲ့ ကွဲသွားပြီးနောက် နာမ်ရုပ် ဘာကြောင့် ဖြစ်ရသလဲဆိုတဲ့ အကြောင်းကို လိုက်ရှာတော့ အကြောင်းကိုသိမှ ပစ္စယ ပရိဂ္ဂဟဉာဏ် ရနိုင်မှာပါ၊ သုတ္တန်နည်းနဲ့ ဝိပဿနာဟောတဲ့ အခါမှာ အကြောင်းတရား မျိုးစုံအောင်မဟောပါ၊ ပဋ္ဌာန်းနည်းနဲ့ ဝိပဿနာရှုတဲ့ အခါကျတော့ ဟိတ် ၆-ပါးကလဲ ရုပ်နာမ်ဖြစ်ခြင်း အကြောင်းတရားဘဲ၊ အာရုံ ၆-ပါးကလဲ ရုပ်နာမ်ဖြစ်ခြင်း အကြောင်းတရားဘဲလို့ ဟောပြီးတဲ့ အခါမှာ ရုပ်နာမ်တွေ ဖြစ်နေတာဟာ အကြောင်းတရား ဒီလောက်ဘဲ ရှိသလားဆိုတော့ အဓိပတိပစ္စည်းကို ဆက်ပြီးဟောပါတယ်။

## ဇြဟ္မာဆိုတာ ဘာလဲ

အဓိပတိပစ္စည်းနဲ့ ဆန္ဒ, ဝီရိယ, စိတ်, ပညာကြောင့် နာမ်ရုပ်တွေ ဖြစ်နေတာလို့ ဟောလိုက်တော့ မျှားသောအားဖြင့် ဇြဟ္မာတွေက ပိုပြီး အကျွတ်တရား ရကြမှာပါ၊ ဇြဟ္မာကို လူတွေက သာမညထင်နေကြပေမဲ့ ဇြဟ္မာဆိုတာက ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ ဇြဟ္မာတွေမှာ ပုထုဇဉ်ဘဲ ဖြစ်ဖြစ်၊ အရိယာဘဲဖြစ်ဖြစ်၊ ကာမဂုဏ်ခံစားတာ မရှိပါ၊ ကာမဂုဏ် ပယ်ထားပြီးတဲ့ ပုဂ္ဂိုလ်တွေဘဲ ဖြစ်ပါတယ်၊ ဇြဟ္မာတွေက လူ့ပြည်မှာ ရှိနေကြတဲ့ ပုထုဇဉ်သံဃာတော်မျှားထက် ကိလေသာကို ပယ်ပြီးဖြစ်ကြပါတယ်၊ လူ့ပြည်က ပုထုဇဉ်သံဃာတော်တွေက ဘုရားသာသနာတော်မှာ ရဟန်းဖြစ်ရတဲ့အတွက် နတ်ဇြဟ္မာတွေထက် မြတ်တယ်လို့ ဘုရားက ဟောတာပါ၊ ရဟန်းတော်တွေက မြတ်တယ်ဆိုတာက သာသနာဝန်ထမ်း ရဟန်းအနေနဲ့ မြတ်ပါတယ်၊ ဇြဟ္မာတွေလို ဝိုက္ခမ္ဘနပဟာန်နဲ့ မပယ်နိုင်တော့ ပုထုဇဉ်ရဟန်းတော်မျှားမှာ ကိလေသာက ရှိနေပါတယ်။

ဇြဟ္မာတွေကတော့ စျာန်နဲ့ပယ်ထားလို့ ကာမဂုဏ်ခံစားမှု မရှိပါ၊ အာဟာရ အနေနဲ့လဲ လူတွေထမင်းစားသလို အစားအစာ မစားပါ၊ ပီတိစျာန်ချမ်းသာနဲ့ကဲ့ နေကြတာပါ၊ အဲဒီဇြဟ္မာတွေ ဇြဟ္မာဘုံထောက်ရခြင်း အကြောင်းကို ကြည့်တဲ့အခါမှာ ပဌမစျာန်ဘုံမှာ သုံးဘုံကွဲသွားတာ

ဘာကြောင့်ကဲ့သ့ဲသလဲဆိုတော့ တရားအာရုံတုတ်တဲ့ အခါတုန်းက ဆန္ဒ, ဝီရိယ, စိတ်, ပညာတို့ ညံ့တဲ့ ပုဂ္ဂိုလ်က အောက်ဆုံး ပဌမစျာန်ဘုံမှာ ဖြစ်ပါတယ်၊ အလတ်စား ပုဂ္ဂိုလ်က အလတ်စား ပဌမစျာန်ဘုံမှာဖြစ်ပါတယ်၊ အမြတ်စား ပုဂ္ဂိုလ်က အမြတ်စား ပဌမစျာန်ဘုံမှာ ဖြစ်ပါတယ်။ ဒုတိယ စျာန်ဘုံမှာလဲ သုံးဘုံ၊ တတိယစျာန် ဘုံမှာလဲ သုံးဘုံ ကဲ့သ့ဲပါတယ်၊ ဗြဟ္မာတွေ တရားအာရုံတုတ်စဉ်က ဆန္ဒ, ဝီရိယ, စိတ်, ပညာ ဆိုတဲ့ အဓိပတိ တရား ၄-ပါးရဲ့ အယုတ်, အလတ်, အမြတ်အားဖြင့် သုံးဘုံကဲ့သ့ဲတာ ဖြစ်ပါတယ်။

## ဆန္ဒာဓိပတိနဲ့ ဝိပဿနာ

ဒါကြောင့် မြတ်စ့ဉာဘုရားက ဗြဟ္မာဒတွေရဲ့စိတ်ကိုကြည့်ပြီး 'ဆန္ဒာဓိပတိ ဆန္ဒသမ့ဟယုတ္တကာနံ ဓမ့မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ့ဓေယျန ပစ့ဓေယော'လို့ ရုပ်နာမ်တွေဟာ ဆန္ဒကြောင့်လဲ ဖြစ်ပါတယ်လို့ ဟောလိုက်တာပါဘဲ၊ ဒီအဓိပတိပစ့ဓည်းကို လူတွေလဲ သဘောပေါက်နိုင်ပါတယ်။ အဘိဓမ့မာသင်တန်းကိုလာတဲ့ ရုပ်နာမ်ဟာ တရားနာလိုတဲ့ ဆန္ဒအဓိပတိတပ်လို့ ရောက်လာတာပါ၊ အကယ်၍ တရားကို ရချင်တဲ့ဆန္ဒဟာ သာမည ဆန္ဒဆိုရင် လာမ့ာမဟုတ်ပါ၊ ရုပ်နာမ်ဖြစ်ခြင်းအကြောင်းဟာ ဆန္ဒအဓိပတိတပ်တယ်ဆိုတော့ ဆန္ဒအဓိပတိတပ်ပြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေမ့ာ လောဘ, ဒေါသ မထင်ရ့ားပါ၊ ဆန္ဒတခုဘဲ ထင်ရ့ားပြီး သူလုပ်ချင်တာ တခုဘဲ ရှိလို့ သူ့ရုပ်နဲ့နာမ်ဟာ အချိန်မရွေး လှုပ်ရ့ားသ့ဉားလာနေပါတယ်၊ ဒါကြောင့် ရုပ်နဲ့နာမ်ဟာ ဆန္ဒကြောင့်လဲ ဖြစ်ပါတယ်။

## ဝီရိယာဓိပတိနဲ့ ဝိပဿနာ

'ဝီရိယာဓိပတိ ဝီရိယသမ့ဟယုတ္တကာနံ ဓမ့မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ့ဓေယျန ပစ့ဓေယော' ရုပ်နဲ့နာမ်ဟာ ဝီရိယကြောင့်လဲ ဖြစ်ပါတယ်၊ ဒီဆန္ဒနဲ့ ဖြစ်တဲ့ရုပ်နာမ်ဟာ ဝီရိယကြောင့်ဖြစ်တဲ့ ရုပ်နာမ်ကျတော့ မရှိဘူးပါ။ အဓိပတိဆိုတာက တရားတခု အဓိပတိတပ်နေရင် တရား ၂-ခု

ပြုင်ပြီး မတပ်နိုင်ပါ။ ဒီလို ၂-ခုပြုင်ပြီး မတပ်နိုင်တော့ ဖြစ်ပျက်ဝိပဿနာ ရှုတဲ့အခါ ဆန္ဒပြင်းထန်နေတဲ့အချိန်မှာ ဖြစ်တဲ့ ရုပ်နာမ်ဟာ ဝီရိယ ဖြစ်တဲ့အချိန်မှာ မရှိတော့တာက ထင်ရှားပါတယ်။ ဒီအခါမှာ ဖြစ်နေတဲ့ ရုပ်နာမ်ဟာ ဝီရိယကြောင့် ဖြစ်နေတာ၊ ဆန္ဒ အဓိပတိ တပ်တုန်းက ရုပ်နာမ် မရှိတော့ပါဘူးဆိုပြီး ပဌမ ဒါကိုဘဲ အနိစ္စ ထင်ရပါတယ်၊ ဆန္ဒကြောင့် ဖြစ်ဘဲ့ရုပ်နာမ်ကို အနိစ္စမြင်သွားတော့ ဒီရုပ်နာမ်ဟာ ဒုက္ခပါကလား၊ နဂိုက အမြဲရှိနေတယ် ထင်တာတွေဟာ မရှိတော့ပါလား၊ အနတ္တ ပါလားလို့ ဆန္ဒကြောင့် ဖြစ်တဲ့ ရုပ်နာမ်ပေါ်မှာ တီရဏပရိညာ ဆိုတဲ့ လက္ခဏာရေး ၃-ပါးနဲ့ ရုပ်နာမ်ကို ထင်မြင်လာတဲ့အခါကျတော့ အတ္တဒိဋ္ဌပြုတ်သွားပါတယ်။ အတ္တဒိဋ္ဌပြုတ်သွားလို့ ဒိဋ္ဌကိုပယ်လိုက်တာက ပဟာနပရိညာ ပါ၊ ရုပ်နာမ်ဟာ ဆန္ဒကြောင့် ဖြစ်လာတာဘဲ-လို့ သိတာက ဉာတပရိညာ ပါဘဲ။

ဝီရိယကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာလဲ တရားအားထုတ်တဲ့အခါ လုံလဝီရိယနဲ့ အလုပ်လုပ်ဘဲ့အခါမှာ အင်မတန် ထင်ရှားပါတယ်။ အဲဒီ ဝီရိယကြောင့် ဖြစ်နေတဲ့ ရုပ်နာမ်ကလဲ သေသေချာချာကြည့်မယ်ဆိုရင် ပညာဖြစ်လာတဲ့အချိန်မှာ ဝီရိယနဲ့ ဖြစ်တဲ့နာမ်ရုပ် မရှိတော့ဘူးဆိုတာ ထင်ရှားပါတယ်။ ပညာကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာ တရားကို ဆင်ခြင်နေတဲ့အခိုက်မှာ အင်မတန် အေးမြကြည်လင်ပါတယ်။ ပညာကြောင့်ဖြစ်နေတဲ့ ရုပ်နာမ်က ချမ်းသာပါတယ်။ ဝီရိယကြောင့်ဖြစ်နေတဲ့ ရုပ်နာမ်ကတော့ နဲနဲပင်ပန်းပါတယ်။ ပညာနဲ့ဆင်ခြင်တဲ့အခါမှာ ဝီရိယကြောင့်ဖြစ်လာတဲ့ ရုပ်နာမ်ဟာ ချုပ်ငြိမ်းသွားပြီး အင်မတန် အေးမြကြည်လင်တဲ့ ရုပ်နာမ်ပေါ်လာတာ မြင်နိုင်ပါတယ်။ အဲဒီလို မြင်တဲ့အခါမှာ 'ဝီရိယကြောင့် ဖြစ်တဲ့ ရုပ်နာမ်ကလဲ မမြဲဘူး၊ အနိစ္စဘဲ၊ မမြဲတဲ့ရုပ်နာမ်ကြီးဟာ အမြဲတမ်း ဝိပရိဏာမ ဒုက္ခကြီးပါလား'လို့ ရုပ်နာမ်ပေါ်မှာ အနိစ္စကိုမြင်ရင် ဒုက္ခကိုလဲ မြင်လာပါတယ်။

ဝီရိယကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာ ဖြစ်ပြီး ပျက်သွားတာဘဲ၊ ဘာမှ အနှစ်သာရ ရှာမရ၊ မဖြစ် မပျက်ဘဲ နေပါလို့ ဆိုလဲမရ၊ အမိန့်ပေးလို့လဲ

မရ၊ အနတ္တာဘဲလို့ ဒီလို မြင်လာတာက **တီရဏပရိညာ** ပါ၊ **အတ္တာဒီဋ္ဌိ** ပြုတ်တာက **ပဟာနပရိညာ** ပါ၊ ရုပ်နာမ်ဟာ ဝိရိယကြောင့် ဖြစ်လာတာဘဲ-လို့ သိတာက **ဉာတပရိညာ**ပါဘဲ၊ ဒီလို ဝိရိယကြောင့် ဖြစ်လာတဲ့ ရုပ်နာမ်ပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တာဘဲလို့ လက္ခဏာရေး ၃-ပါးနဲ့ဆင်ခြင်တာက **ပဋ္ဌာန်းဝိပဿနာ** ပါဘဲ၊ **ရှုးရှုးဝိပဿနာ**နည်းတွေမှာတော့ ရုပ်နာမ်တွေဟာ ဆန္ဒကြောင့် ဖြစ်တယ်၊ ဝိရိယကြောင့် ဖြစ်တယ်၊ ပညာကြောင့် ဖြစ်တယ်လို့ ဟောတဲ့နည်းက နဲပါတယ်။

ပဋ္ဌာန်းကျတော့ အဓိပတိ ၄-ပါးကြောင့် ရုပ်နာမ်ဖြစ်ပုံ နတ် ဗြဟ္မာတွေ သဘောပေါက်သွားကြတဲ့အခါ ထိုရုပ်နာမ်တွေဟာ ဆန္ဒ, ဝိရိယ, စိတ်, ဝီမံသ တခုမဟုတ် တခုကြောင့် ဖြစ်နေကြတာပါကလား၊ တခု ဖြစ်ရင် တခုက မရှိတော့ပါလား၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်နာမ်ဟာ ဆန္ဒကြောင့် ရုပ်နာမ်ဖြစ်လာတဲ့အခါ မရှိတော့ပါလား-လို့ ဉာဏ်ကြည်လင်လာတဲ့အခါမှာ တရားတပဲ့ထဲနဲ့ဘဲ ဗြဟ္မာတွေက ကာမဂုဏ် ပယ်ထားကြတော့ လွယ်လွယ်နဲ့ဘဲ ထိုက်သင့်သလို မဂ်ဖိုလ်ရနိုင်ကြပါတယ်။ အဘိဓမ္မာတရားပဲ့ဆိုတာက အင်မတန် ကြီးကျယ်တဲ့ စကြဝဠာတသောင်းကလာတဲ့ နတ်တွေ ဗြဟ္မာတွေကို ဟောတဲ့တရားပဲ့ကြီးပါ။

အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုရင် ရုပ်နာမ်ဖြစ်ခြင်းအကြောင်းကို ဆန္ဒ, ဝိရိယ, စိတ္တ, ဝီမံသ—ဒီ ၄-ပါးနဲ့ဘဲ ရှုရပါတယ်၊ ဝိပဿနာရှုနည်းက တခုထဲ မဟုတ်ပါ။ ဘယ်နည်းနဲ့ရှုရှု ကိုယ်သဘောပေါက်တဲ့နည်းနဲ့ ကိုယ်ရှုရင် ရုပ်နာမ်ဖြစ်ခြင်း အကြောင်းတရားသိရင် ပစ္စယပရိဂ္ဂဟဉာဏ် ရတာပါဘဲ၊ ဒီလို ရှုလို့ ဒီလို ဉာဏ်မျိုးနဲ့ ကခ်ါဝိတရဏဝိသုဒ္ဓိရလာရင် စုဋ္ဌသောတာပန် ဖြစ်သွားတဲ့အတွက် အပါယ်မလားတော့ပါ၊ ပဋ္ဌာန်းထိအောင် ဓလ့လာထားတဲ့သူကတော့ ဂတိမြဲပါတယ်။

**စုဋ္ဌသောတာပန်** ဆိုတာက ရုပ်နာမ်ဖြစ်ခြင်းအကြောင်းကို ဉာဏ်နဲ့ သိထားတာပါ၊ ဝိပဿနာတရားထိုင်နေတဲ့အခါမှာ ရုပ်နာမ်ဖြစ်ခြင်းအကြောင်း ဟိတ် ၆-ပါးနဲ့ကြည့်ရင်လဲ ရပါတယ်၊ ဒါမှမဟုတ်လို့ အာရုံ ၆-ပါးနဲ့ကြည့်ရင်လဲ ရပါတယ်၊ ဇာတုပစ္စယော, အာရမ္မဏပစ္စယောနဲ့မှ

သဘောမပေါက်သေးရင်ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဆိုတဲ့အကြောင်းတွေနဲ့ ကြည့်ရင်လဲ ရပါတယ်၊ အဓိပတိ်ပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ နည်းရလောက်ပါပြီ။

## (၄) အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်း

အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုလို့ အရိယာမဖြစ်သေးတဲ့ နတ် ဗြဟ္မာတွေကို 'အနန္တရပစ္စယော'လို့ ထပ်ပြီး ဟောရပါတယ်။ ပဋ္ဌာန်းမှာ ဟေတုပစ္စည်း, အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်း သုံးမျိုးနဲ့ အစ ပဋ္ဌမဟောရတာက လူ နတ် ဗြဟ္မာတွေမှာ ဒီတရားတွေက ထင်ရှားနေပါတယ်၊ ဟေတု ဆိုတဲ့ ဟိတ် ၆-ပါးကလဲ ထင်ရှားတယ်၊ အာရုံ ၆-ပါးကလဲ ထင်ရှားတယ်၊ အဓိပတိ ၄-ပါးကလဲ ထင်ရှားတယ်၊ ဒီထင်ရှားတဲ့တရားတွေဟာ ရုပ်နာမ် ဖြစ်ခြင်းအကြောင်း ဆိုတော့ ဒီသုံးပစ္စည်းနဲ့ဘဲ တော်တော်ပြည့်စုံနေပါပြီ၊ ပြည့်စုံရက်နဲ့ အနန္တရပစ္စည်း ဆက်ဟောရတာက အနန္တရပစ္စည်း လေ့လာတဲ့အခါမှာ ပစ္စည်းတရားက နာမ်တရား၊ ပစ္စယုပ္ပန်အကျိုးတရားကလဲ နာမ်တရား၊ ရုပ်မဟုတဲ့အတွက် စဉ်းစားစရာ ပြဿနာတွေ တက်လာပါတယ်။

### ရုပ်ဝါဒီ နာမ်ဝါဒီ

ဟေတုပစ္စည်းမှာ နာမ်က အကြောင်းတရား၊ နာမ်ရုပ်က အကျိုးတရား၊ နာမ်ကြောင့် နာမ်ရုပ်တွေ ဖြစ်ပေါ်နေပုံ ဟောတဲ့အခါကျတော့ ရုပ်ဝါဒသမားတွေက ရုပ်ကြောင့်သာ နာမ်ရုပ်ဖြစ်နေတာမဟုတ်၊ နာမ်ကြောင့်လဲ နာမ်ရုပ်ဖြစ်နေတာလို့ သူတို့မှာ ပြဿနာတွေ ရှင်းသွားကြပါတယ်။ အာရမ္မဏပစ္စည်းမှာ ပစ္စည်းတရားက နာမ်တရား, ရုပ်တရား, ပညတ်နဲ့ နိဗ္ဗာန်အားလုံးဖြစ်ပါတယ်၊ အကျိုးတရားကတော့ စိတ်စေတသိက်နာမ်တရားဘဲ ဖြစ်ပါတယ်။ ဒီတော့ ရုပ်က အကြောင်းတရား၊ နာမ်က အကျိုးတရား ဖြစ်သွားပြန်ပါတယ်။ နာမ်ဝါဒသမားတွေကလဲ နာမ်တရားကလဲ ရုပ်ကြောင့် ဖြစ်နိုင်တာဘဲဆိုပြီး သူတို့မှာလဲ ပြဿနာတွေ ရှင်းသွားပါတယ်။ နာမ်ဝါဒီ ရုပ်ဝါဒီတို့အတွက် ပြဿနာရှင်းပြီး

တော့ အဓိပတိမှာ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ နာမ်တရားတွေက ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားက နာမ်နဲ့ ရုပ်ဆိုတော့ သူက ဟေတုပစ္စည်းနဲ့ ဘာထူးသလဲဆိုတဲ့ ပြဿနာဝင်လာပါတယ်။

ဒီပြဿနာတွေထဲမှာ အနန္တရပစ္စည်း ကပ်ဟောရခြင်းရဲ့ အကြောင်းက တော့ ဗြဟ္မာတွေက ဒီဗ္ဗစက္ခု အဘိညာဏ်ရတော့ 'ဘယ်သူသေပြီး ဘယ်ဘုံ ရောက်နေပြီ၊ ဘယ်ကျောင်းဒကာကြီးဖြင့် ဘယ်ဘုံရောက်လောပြီ၊ ဘယ် ဗြဟ္မာက စုတေပြီး ဘယ်ဘုံမှာ ရောက်နေပြီ၊ ဘယ်နတ်က စုတေပြီး ဘယ်ဘုံရောက်ပါပြီ' ဆိုတာ သိနေတော့ သူတို့ဉာဏ်က အင်မတန်အဆင့် အဘန်း မြင့်ပါတယ်၊ သူတို့က နာမ်တရားသာတာ မြင်နေပါတယ်၊ လူတွေမှာကတော့ ယုံကြည်မှု သဒ္ဓါနဲ့ ဘုရားကဟောလို့သာ သေရင် နတ်ပြည်ရောက်တယ်၊ ဗြဟ္မာပြည် ရောက်တယ်လို့ ပြောကြပေမဲ့ ဘယ်သူမှ မမြင်နိုင်တဲ့အပြင် ဘယ်လောက် အကုသိုလ်လုပ်တဲ့သူ ငရဲကျတာ၊ ဘယ် လောက် ကုသိုလ်လုပ်တဲ့သူ နတ်ပြည်ရောက်တာ ဘာမှ မသိရ မမြင်ရပါ၊ နတ်ဗြဟ္မာတွေကတော့ သေရင် ဘယ်ရောက်မယ်ဆိုတာ အကုန်သိနေ တော့ နာမ်က မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိက ရှိနေပါတယ်၊ နာမ်တရားက ဖြစ်လိုက် ပျက်လိုက်၊ လက်ဖျစ်တတ်မှာ ကုဋေတသိန်း ဖြစ်နေတဲ့ ဖြစ်ပျက်ကို သဗ္ဗညုတဉာဏ်တောင်မှ မြင်တာပါ၊ အင်မတန် ဉာဏ်ကြီးကျယ်တဲ့ ဗြဟ္မာတွေလဲ ဥပါဒ်, ဌိ, ဘင် ဖြစ်ပျက်နေတဲ့ နာမ်တရားကို မသိပါ၊ စိတ္တက္ခဏ=ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်သွားတဲ့ နာမ်တရားကို ဗြဟ္မာလဲ မမြင်ပါ၊ မမြင်တဲ့အတွက် နာမ်တရားက မြဲတယ်ဆိုပြီး သူတို့ကိုယ်တိုင် ဘုရားလုပ်ပြီး သတ္တဝါတွေ တဘုံကတဘုံ ဖြောင်းနေတယ်လို့ ဒီလို ဝါဒ ဖြန့်နေတဲ့ ထာဝရဘုရားတွေ ဗြဟ္မာကြီးတွေ ရှိခဲ့ပါတယ်၊ သူတို့က လက် တွေ့ကိုယ်တိုင်သိ ဗြဟ္မာတွေဖြစ်လို့ နာမ်ဘရားကို မြဲကယ်ဆိုတဲ့ ဗြဟ္မာတွေ အတွက် အနန္တရပစ္စယောလို့ ထပ်ပြီး ဟောရပါတယ်။

**အနန္တရသတ္တိ**

စိတ်ဆိုတာ ဥပါဒ်, ဌိ, ဘင်နဲ့ ကခုဖြစ်ပြီး နောက်တခုဖြစ်ဘို့ **အနန္တရ** သတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ အနန္တရဆိုတာက တဆက်တည်းဖြစ်အောင်

ကျေးဇူးပြုတာပါ၊ တဆက်တည်းဖြစ်အောင် ကျေးဇူးပြုတယ်ဆိုတော့ လူတွေ့သေတယ်လို့ဆိုတာမှာ အဘိဓမ္မာနဲ့ကြည့်ရင် စုတိ ပဋိသန္ဓေ၊ စုတိ ဥပါဒ်, ဋ္ဌိ, ဘင် ပျက်ရင် ပဋိသန္ဓေ ဥပါဒ်, ဋ္ဌိ, ဘင် ဆက်ဖြစ်ပါတယ်၊ ကြားထဲမှာ ဘာမှ မခြားပါ။ ဒီဘဝမှာ မြင်တဲ့စိတ်ဖြစ်ပြီး သမ္ပဋိစ္ဆိုင်းဖြစ်သလို တဆက်ထဲ ဖြစ်တာပါဘဲ၊ စုတိနဲ့ ပဋိသန္ဓေဆက်ပုံမှာ မသေခင် ဖြစ်နေတဲ့ စိတ်တွေဖြစ်ပုံနဲ့ ဘာမှ မထူးပါ၊ ခုလဲ မသေမချင်း နာမ်တရားတွေက ဖြစ်ပျက် ဖြစ်ပျက်နဲ့ တဆက်ထဲ ဖြစ်နေတာပါဘဲ။

စုတိ ပဋိသန္ဓေ ဘဝကူးမြန်ပုံက ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်များသေတော့ ယခု ဒီမှာ ငိုနေကြတယ်၊ ဟိုမှာ နတ်သမီးစတွေနဲ့ ပျော်နေပါတယ်၊ အဲဒီလောက် စုတိနဲ့ ပဋိသန္ဓေက မြန်တော့ ဒီဖြစ်ပျက်ကို ဗြဟ္မာတွေက မမြင်နိုင်ပါ၊ သူတို့မြင်တဲ့ ဒိဗ္ဗစက္ခုက ဝိညာဏ်ကိုဘဲ မြင်တာပါ၊ ဝိညာဏ်ရဲ့ ဖြစ်ပျက်ကို မမြင်ပါ၊ ဒီဝိညာဏ်ဘဲ ဒီလူဘဲ နတ်ပြည်မှာ သွားဖြစ်တာလို့ ဗြဟ္မာတွေပြောတာ ဟုတ်သလောက်လဲ ဟုတ်ပါတယ်၊ မြတ်စွာဘုရားသည်ပင် သုတ္တန်မှာ လူတွေနားလည်အောင် ဒီလိုဘဲ ဟောထားချက်တွေ ရှိပါတယ်။

ဒါပေမဲ့ အဘိဓမ္မာမှာ ဝိပဿနာအဆင့်ကျတော့ ဒီလို သဿတအယူရှိတဲ့ လူတွေအတွက် အာနန္တရိယစွဲကိုထပ်ပြီး ဟောရပါတယ်၊ အာနန္တရိယစွဲ တဆက်တည်းဖြစ်နေတာက ဒီဘဝက ဦးကျော်ထွတ်က နောက်ဘဝ နတ်ပြည်ပြောင်းသွားတာ မဟုတ်၊ ဦးကျော်ထွတ်ဆိုတဲ့ ရုပ်နာမ်ဟာ အကုန်လုံး ဒီမှာဖြစ်ပြီး ပျက်သွားတာပါ၊ ဟိုဘက်က ရုပ်နာမ်တွေက သီးခြားပါ၊ ဒီဘဝက အကြောင်းတရားတွေကြောင့် စုတိက အာနန္တရိယစွဲနဲ့ ကျေးဇူးပြုတာပါ။

လွယ်လွယ်ပြောရမယ်ဆိုရင် လူတွေမှာ မြင်တဲ့စိတ်နဲ့ ကြားတဲ့စိတ်၊ ယခု စကားပြောနေတဲ့ အသံ၊ မြင်နေတဲ့ ရုပါရုံ တုပ္ပိုင်တည်း ဖြစ်တယ် ထင်နေကြတာပါ၊ အမှန်ကတော့ မြင်တာက တခြား၊ ကြားတာက တခြား၊ နံတဲ့အနံ့က တခြား၊ တဝိထိစိ သွားတာပါ၊ စက္ခုဝိညာဏ်=မြင်တဲ့စိတ်ဖြစ်ဘို့ရာက ဝီထိမှာ စိတ္တက္ခဏပေါင်း ၁၇-ချက်ထိ ဖြစ်ရတာပါ။

မြင်တာ, ကြားတာ, နံတာ, တွေ့တာ, သိတာတွေမှာ စိတ္တက္ခဏတွေ ၁၇-ချက်စီ ဖြစ်ပေမဲ့ တပြိုင်နက်ထဲ ဖြစ်တယ်လို့ ထင်တာပါ။ ဒီလောက် မြန်တဲ့ နာမ်တရားတွေရဲ့ ဖြစ်ပျက်ကို ဗြဟ္မာတွေ မမြင်လို့ သဿတဒိဋ္ဌိ ဖြစ်နေကြတာပါ။ သူတို့ရဲ့ အယူအစဲ့ သဿတက ပိုပြီး ကြီးကျယ်ပါတယ်။

ဒီဘဝက စုတိပြီး၊ ဟိုဘဝ ပဋိသန္ဓေဖြစ်တာကို လူတွေကတော့ မြင်နိုင်တာ မဟုတ်လို့ သေပြီးတော့လဲ ဘာမှ မဖြစ်ပါဘူး၊ သေပြီး သခ်ၤါင်းကုန်းမှာ ပြီးသွားတာဘဲလို့ ဆိုတာက ဥစ္ဆေဒဒိဋ္ဌိပါ၊ သေပြီး ဘဝဖြစ်တယ်ဆိုတာကို မမြင်နိုင်တော့ နောက်ဘဝ မရှိပါဘူးဆိုတဲ့ အယူဝါဒက တော့ လူတိုင်းသိမြင်နိုင်တဲ့ အယူဝါဒပါ၊ သေပြီးဟိုဘဝမှာ ဘာဖြစ်တယ်ဆိုတာ မျက်မြင်ဒိဋ္ဌ ဖြစ်နေတဲ့ ဗြဟ္မာတွေ ကျပြန်တော့လဲ သဿတဒိဋ္ဌ ဖြစ်နေကြပြန်တယ်။

နာမ်တရားတွေဟာ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အနန္တရပစ္စည်းဟာ ဘယ်လောက် ဆန်းကြယ်သလဲဆိုတော့ ဖြစ်ပျက်နေတဲ့ နာမ်တရားတွေဟာ သံသရာဘဝ အစကနေပြီး ဖြစ်လာတာပါ၊ ရုပ်တရားကတော့ ဒီဘဝရုပ်ကြီးဟာ ဒီဘဝမှာဘဲ ပျက်သွားတာ လူတိုင်းသိပါတယ်။ နောက်ဘဝ မလိုက်ဘူးဆိုတာက ရှင်းနေပါတယ်၊ ဒါနဲ့တောင်မှ ဒီဘဝက စားခုတ်ရာဟာ နောက်ဘဝမှာ ပါလာလို့ ဘယ်လို ဖြစ်နိုင်သလဲဆိုတဲ့ ပြဿနာက ဝင်လာပါသေးတယ်၊ ရုပ်ကြီးက လိုက်သလိုလိုဆိုတော့ ရုပ်တရားကတော့ မလိုက်တာ အမှန်ဘဲ၊ စိတ္တဇ=စိတ်ကြောင့် နာမ်ကြောင့် ဒီပြဿနာတွေက ဖြစ်တာပါ၊ နာမ်တရားက အင်မတန် ဆန်းကြယ်ပါတယ်။

စုတိပြီးနောက် နာမ်တရားတခု ဘယ်နည်းနဲ့မှ မဖြစ်ဘဲ မနေနိုင်ပါဆိုတာက အနန္တရပစ္စည်းပါ၊ ဥစ္ဆေဒဒိဋ္ဌိသမားတွေ ဘဝပြတ်တယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်တွေ, အားလုံးဟာ ဘဝမြဲတယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်တွေ အနန္တရပစ္စည်းကို လေ့လာဘို့ ကောင်းပါတယ်။

အနန္တရပစ္စည်းက စိတ်တခုဖြစ်ပြီးရင် နောက်စိတ်တခုက နိဗ္ဗာန် မထောက်မီ စပ်ကြားမှာ ဖြစ်ကိုဖြစ်ရမှာပါ၊ မဖြစ်ဘဲ နေလို့မရတဲ့ အစ္စမ်း သတ္တိပါ၊ စိတ်တခုရဲ့ ဖြစ်လိုက်တဲ့ 'စ့ဉ်းအင်' ဟာ ဟျက်သွားပြီးတဲ့နောက် ဘယ်လောက်ထိအောင် ကြိုးကျယ်တဲ့ စ့ဉ်းအင်လဲဆိုတာ အနန္တရပစ္စည်း ရိုးရိုးရရင် **အနန္တရူပနိဿယလဲ** ရပါတယ်။

ဥပနိဿယဆိုတာက အားကြိုးတဲ့မှုရုပါ၊ ယခု အရပ်ထဲမှာ စကား ပြောနေကြတဲ့အခါ 'ဥပနိဿယ ရှိတဲ့သူက **ကောင်း**စားတယ်၊ ဥပနိဿယ မရှိတဲ့သူကတော့ မကောင်းစားဘူး၊ မိဘကဖြစ်ဖြစ် ဆရာကဘဲဖြစ်ဖြစ် ဥပနိဿယရခဲ့ရမယ်' လို့ ပြောကြတော့ မိဘနဲ့ ဆရာသမားက နည်း **ကောင်း**လမ်း**ကောင်း** ပေးလို့လို့ အောက်မေ့ရတယ်။ ဒီလိုအဓိပ္ပါယ်မျိုး မဟုတ်ပါ၊ မိဘ ဥပနိဿယဆိုတာက မီ**ကောင်း**ဘကောင်းကို မှီဝဲရတဲ့ သားသမီးဟာ ချမ်းသာကို ချမ်းသာရမှာပါ၊ ဒါလောက်မိဘက အား **ကောင်း**တာပါ၊ ဆရာသမား**ကောင်း** မှီဝဲရတဲ့သူဟာလဲ တကယ့်ပညာ တတ်ကြိုး ပညာရှိကြိုးတွေ့ ဖြစ်သွားကြတယ်ဆိုတာကလဲ ဆရာသမား ဥပနိဿယကိုက အားကြိုးလို့ပါ။

ကလျာဏမိတ္တ ဥပနိဿယ မိတ်ဆွေ**ကောင်း**ရရင် ချမ်းသာတာဘဲ ဆိုတာကလဲ တကယ့်ကို စိတ်**ကောင်း** စေတနာ**ကောင်း**နဲ့ အမျှားအကျိုး ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်တွေ့ အမျှားကြီးရှိပါတယ်၊ ဒီလို အမျှားရဲ့ **ကောင်း**ကျိုးကို ဆောင်ရွက်တဲ့ သူတယောက်ကို မှီဝဲရတဲ့ လူတွေ့မှာလဲ ချမ်းသာရမှာ ဧကန်ပါ။ 'ဒုလ္လဘော ပုရိသာဇညော' လို့ ဘုရားဟောတာက တိုင်းပြည်တခုမှာ အာဇာနည် ယောကျ်ား**ကောင်း**တယောက် ပေါ်ပေါက်ဘို့ရာ ဒုလ္လဘတရားတခုဘဲ၊ 'ယတ္ထ သော ဇာယတေ ပေါသော၊ တံ ကုလံ သုခမေဓတိ' အဲဒီ အာဇာနည်ယောကျ်ား ပေါ်လာရင် အဲဒီ တိုင်းပြည်ဟာ ချမ်းသာသွားတာဘဲလို့ ဒီလို ဘုရားက ဟောထားချက် ရှိပါတယ်။

အဲဒီ ခေါင်း**ဆောင်ကောင်း**တယောက် မှီဝဲရလို့ တတိုင်းပြည်လုံး ချမ်းသာသွားတယ်ဆိုတာက ဘုရားဟော ဖြစ်ပါတယ်။ မျက်မြင်ဒိဋ္ဌလဲ

ရာဇဝင် အထောက်အထား‌တွေလဲ အများကြီးရှိပါတယ်၊ ခေါင်းဆောင်ကောင်းတယောက် ပေါ်လာတယ်ဆိုတာကလဲ ဥပနိဿယပါဘဲ။

အနန္တရဗာဟုစည်းကို ဟောတဲ့အခါကျတော့ တန်ခိုးကြီးတဲ့ နတ်တွေ ဗြဟ္မာတွေမှာ နာမ်တရား‌တွေက မြဲနေတာ၊ 'သတ္တဝါတွေဟာ တဘုံတဘုံ ပြောင်းနေတာဘဲ' ဆိုတဲ့ သဿတဒိဋ္ဌိ ပြုတ်သွားကြပါတယ်၊ 'လူဟာ သေပြီးရင် ပြတ်တယ်' လို့ ယူဆတဲ့လူတွေမှာလဲ နာမ်ဆိုတဲ့ ဝိညာဏ်ဟာ ပြတ်ချင်တိုင်းပြတ်လို့ မရပါလား‌လို့ သိသွားကြပါတယ်။ အနန္တရပစ္စယ်းက နာမ်တရား‌တွေမှာ ဖြစ်ပျက်ရှိနေတယ်ဆိုတော့ ဝိပဿနာရှုတဲ့အခါ နာမ်တရားက ရှုရတာလွယ်သလား၊ ရုပ်တရားက ရှုရတာလွယ်သလား‌လို့ မေးတဲ့အခါမှာ အရိုးဆုံးနဲ့ အသိလွယ်ဆုံး ဝိပဿနာမှာဆိုရင် ခန္ဓာကိုယ် ရုပ်ကြီး မမြဲတာကို ပဌမစပြီး ရှုရင် တရားရလွယ်ပါတယ်၊ ကျွန်တော် သဘောကျနေတာကတော့ အား‌လုံး‌လူတွေနဲ့ သင့်လျော်တဲ့ ဝိပဿနာက 'ကိုယ်ထဲက်ကြီးတဲ့လူတွေ သေသေ၊ ရေသေသွားကြတာ ဆင်ခြင်ကြည့်ပါ၊ လူတွေဟာ အား‌လုံးစိတန်းပြီး ခဲ့တန်းတွေမှာ တန်းစီသလို အား‌လုံး သခ်ၤါင်းကုန်းကို တန်းစီပြီး နေကြတာဘဲ' လို့ ဒီလို ဖြင့်ပျက်ရေး‌လေးက်မြင်ရင် အနိစ္စတော်‌တော် ထင်လာပါပြီ။

## မစိုးရိမ်ဆရာတော်

မစိုးရိမ်ဆရာတော်ဘုရား‌ကြီး ပြန်လှန်တော်မူခါနီး ၂-ပတ် ၃-ပတ်ခန့် အလိုမှာ ဦးမောင်မောင်အသုဘ သွားရင်း ဆရာတော်ထံ ကျွန်တော် ရောက်သွားတော့ ကျောင်းဒကာ ဦးမောင်မောင် သေတဲ့အကြောင်းနှင့် စပ်လို့ ဘာမှ မပြောပါ။ ဆရာတော်ဟာ ဦးပဉ္စင်းတပါး‌ကို ပဋိသန္ဓေဒါ မဂ်မှာပါတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး ၃-ပါး ဆင်ခြင်ပုံဖတ်ခိုင်းပြီး ဝိပဿနာတရား ဆင်ခြင်နေပါတယ်၊ ကျွန်တော် သွားဝတ်ပြုတဲ့အခါ 'ဦးပဉ္စင်း အဲဒီစာအုပ် ဒီကောင်ကိုပေးလိုက်၊ ကဲ မင်းဖတ်စမ်း၊ ဖတ်ပြီးတော့ ဘယ်လိုသဘောကျသလဲ ပြောစမ်း' လို့ ခိုင်းပါတယ်။ အနိစ္စ, ဒုက္ခ,

အနတ္တ လက္ခဏာရေးသုံးပါး စာအုပ်ထဲပါတဲ့အတိုင်း အဓိပ္ပါယ်ကို ကျွန်တော်က ပြောပြပါတယ်။

နားထောင်ပြီးတော့ 'ကဲ-မင်းသဘောကျတဲ့ ဝိပဿနာတရားကို ငါ့ကို ပြောစမ်း' ဆိုတော့ တပည့်တော်သဘောကျတဲ့ ဝိပဿနာကတော့—

လူတွေဟာ ဖြစ်လာပြီး အကုန်လုံး သေတာဘဲ၊ သခ်ၤါင်းကုန်းကို တန်းစီပြီးသွားနေတာဘဲ' လို့ ဒီလို ခဏခဏ အနိစ္စ ထင်အောင်ကြည့်ရင် အကြမ်းစား လောဘ ဒေါသတွေဟာ တော်တော်နဲသွားပါတယ် ဘုရား။

ကိုယ့်ကိုကိုယ် ငါဟာ ၅၀-ဘဲ ရှိသေးတယ်၊ ငါမသေသေးဘူး၊ ငါဟာ ၆၀-ဘဲ ရှိသေးတယ်၊ မသေသေးဘူးလို့ ကိုယ့်ကိုကိုယ် မသေသေးဘူးလို့ ထင်နေလို့သာ အကြမ်းစား လောဘ, ဒေါသ, မောဟတွေ လုပ်နေကြတာပါ၊ သိပ်တန်ခိုးကြီးနေတဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်လဲ သေသွားပြီ၊ သိပ်ချမ်းသာတဲ့ပုဂ္ဂိုလ်၊ ပစ္စည်းတွေထားခဲ့ပြီး အဲဒီပုဂ္ဂိုလ်လဲ သေသွားပြီ၊ သိပ်လှတဲ့ မိန်းခလေးတဦး၊ အဲဒီ မိန်းခလေးလဲ သေသွားပြီ၊ အကုန်လုံး သေသွားကြရတာပါဘဲ။ လူတိုင်း လူတိုင်းဟာ ပဋိသန္ဓေနေပြီး သခ်ၤါင်းကုန်းကို တန်းစီပြီး သွားနေတာကို မြင်နေရင် အနိစ္စ မြင်တာပါဘဲ ဘုရား။

ဒီလို အနိစ္စမြင်လာတော့ ဒီ ရုပ်နာမ် ခန္ဓာကြီးကို, ကျွေးနေရတဲ့ မွေးနေရတဲ့ ပြုစုနေရတဲ့ ဒုက္ခကို မြင်လာပါတယ်ဘုရား၊ ဒီရုပ်ကြီးကို ကျွေးရ မွေးရ မြူပြင်နေရပေမဲ့ တနေ့နေ့ ဘယ်လို မသေချင်ပေမဲ့လဲ ကောန်မုချ သေရမှာဘဲ၊ ဒီ ရုပ် နာမ် ဟာ ဒုံမပိုင်နိုင်ပါလား လို့ ဒီလိုမြင်ရင် အနတ္တမြင်တာပါဘဲဘုရား၊ ဒီအကြမ်းစားနည်းဘဲ တပည့်တော်တော့ သဘောကျပါတယ်ဘုရား။

ပဌမဘတ်ပြတဲ့ လက္ခဏာရေး ၃-ပါးကတော့ စာထဲမှာရှိလို့ တပည့်တော် ဖတ်ပြတာပါ၊ တကယ်တော့လဲ ဒီလောက်အထိ တပည့်တော် သဘောမပေါက်သေးပါ။ သိပ်တန်ခိုးကြီးနေတဲ့သူ

တော့ရင် တပည့်တော်ကတော့ 'သူလဲ သေမှာဘဲ' လူတယောက်ချမ်းသာ ကျန်းမာနေတာမှာ သူတော့ချမ်းသာ ကျန်းမာနေတာဘဲ၊ သို့ပေမဲ့ တနေ့'သူလဲ သေမှာဘဲ'လို့ တပည့်တော်တော့ ဒီလို မြင်အောင်ကြည့်တဲ့အကြမ်းစား ဝိပဿနာဘဲ သဘောကျပါတယ် ဘုရား—

လို့ လျှောက်ထားတော့ ဆရာတော်က ဟုတ်တယ်လဲ မပြော၊မဟုတ်ဘူးလဲ မပြောပါ၊ နောက် ၂-ပတ်, ၃-ပတ်လောက်ကြာတော့ ဆရာတော် ပြန်လွှန်တော်မူတယ်လို့ ကြားရတာပါဘဲ။

အနုန္တရပစ္စည်းနဲ့ ဝိပဿနာရှုပုံကို မြတ်စွာဘုရားက တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးတွေကို ဟောရတာက သတ္တဂါတယောက်ရဲ့ အတိတ်ဘဝဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် တချို့ ဗြဟ္မာတွေက ကမ္ဘာ ၄၀-ထိ ပြန်မြင်နိုင်ပါတယ်၊ သူတို့ကလဲ ဘုရားတမျိုးပြစ်နေတာပါ၊ အဲဒါကြောင့်လဲ သဿတနာမ်တရားက မြဲတယ်လို့ ထင်နေကြတာပါ၊ အနုန္တရပစ္စည်းမှာ နာမ်တရားဆိုတဲ့ စိတ် ၈၉-နဲ့ စေတသိက် ၅၂-မှာ ဘယ်နာမ်တရားမှ မမြဲ၊ ဖြစ်ပြီး ပျက်သွားရပါတယ်။ အရိယာဖြစ်တဲ့ သောတာပတ္တိစိတ်လဲ မမြဲ၊ ဥပါဒ်, ဌိ, ဘင်နဲ့ ပျက်ပါတယ်၊ အရဟတ္တဖိုလ်စိတ်လဲ တန်ခိုးကြီးတယ်ဆိုပေမဲ့ သူလဲ ဖြစ်ပြီး ပျက်တာပါဘဲ၊ ဒီလို သဘောပေါက်လာတော့ နာမ်တရား မြဲတယ်လို့ ထင်နေကြတဲ့ ဗြဟ္မာတွေဟာ အရိယာ အဆင့်ဆင့် ဖြစ်သွားကြပါတယ်။ အနုန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ ကော်တော် မျှားသွားပါပြီ။

## (၅) သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုနည်း

သဟဇာတပစ္စယာမှာ ပစ္စည်းတရားကလဲ နာမ်နဲ့ရုပ်၊ ပစ္စယုပ္ပန်တရားကလဲ နာမ်နဲ့ရုပ်လို့ မြတ်စွာဘုရား ဟောကြားထားတဲ့အခါမှာ အဆန်းဆုံးက လေ့လာကြည့်ရင် နာမ် နာမ်ချင်း၊ ရုပ် ရုပ်ချင်း၊ နာမ်ရုပ်က နာမ်ရုပ်၊ နာမ်က ရုပ်၊ ရုပ်က ရုပ်လို့ ခွဲပြီး ဟောထားတာတွေ တွေ့နိုင်ပါတယ်။

အနန္တရပစ္စည်းမှာ နာမ်တရားက တခုပြီးတခု, တခုပြီးတခု ဖြစ်နေလို့ သံသရာတလျှောက်လုံးမှာ နာမ်တရား အစဉ်အတန်းကြီး ဖြစ်သွားတာကို ဟောတဲ့နေရာမှာ နာမ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ် မြင်စိတ်ကလေးဟာ မြင်စိတ်တခုထဲ ဖြစ်သလားဆိုတော့ 'စတ္တာရော ခန္ဓာ အရူပိနော အာသမည သဟဇာတ ပစ္စယေန ပစ္စယော နာမတရားဟာ စတုတခုထဲ မဖြစ်နိုင်ပါ၊ စိတ်ဖြစ်ရင် စေတသိက်ကလဲ ဖြစ်ရပါတယ်။

စေတသိက်က ဝေဒနာ,သညာ,သင်္ခါရနဲ့ ဝိညာဏကွန်ရှာဆိုတဲ့ စိတ်ဟာ တပြိုင်နက် သဟဇာတ ဖြစ်ရပါတယ်၊ ဗီတ်ချည်းဘဲ တခုထဲ ဖြစ်လို့မရပါ။ ဝေဒနာ, သညာ, သင်္ခါရက ပါရပါတယ်။ ပဋ္ဌာန်စဝါရက္ကတော့ 'ကဲ့ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ'လို့ ဟောထားပါတယ်။ ပြဟ္မာကြီးတွေကလဲ နာမ်တရားထဲမှာ စေတသိက်ဆိုတဲ့ ဝေဒနာ, သညာ, သင်္ခါရတွေကို မြင်တာမဟုတ်လို့ နာမ်တရား မြဲတယ် ထင်နေကြတာပါ။

ဗမာစကားမှာ သူကဖြင့် စိတ်ကောင်းရှိတာဘဲ၊ သူကတော့ စိတ်ကြီးတယ်နဲ့ ဒီလိုပြောနေကြတာမှာ စေတသိက်ကို ကောင်းတယ်လို့ မပြောကြပါ၊ နောက် အဘိဓမ္မာသင်တန်းတွေ တက်လာကြတော့မှ စေတသိက်ကို မြင်လာကြတာပါ၊ တကယ်ကတော့ စေတသိက်ကသာ လူတွေကို ကောင်းအောင်,မကောင်းအောင်လုပ်နိုင်တာပါ၊ စိတ်သက်သက်ကတော့ နဂိုက အကောင်းပါဘဲ၊ စေတသိက်တွေက ကောင်းတာကို လူတွေ ကောင်းတယ်, စေတသိက်တွေ မကောင်းတာကို လူတွေမကောင်းဘူးလို့ ပြောနေကြတာပါ။ စိတ်သက်သက်ကြည့်မယ်ဆိုရင် လူတွေဟာ အားလုံး ကောင်းပါတယ်၊ စေတသိက်တွေက လုံ့ဆော်ပေးလို့သာ ကောင်းတဲ့လူ, မကောင်းတဲ့လူတွေ ရှိနေတာပါ၊ ကောင်းတဲ့စေတသိက် ရှိနေရင် ကောင်းတဲ့လူ ဖြစ်တာပါဘဲ၊ လူတွေက ဆိုးတာမဟုတ်ပါ၊ မကောင်းတဲ့ စေတသိက်က ဆိုးနေတာပါ၊ သူတို့ကို ကောင်းတဲ့ စေတသိက်ထွေ ဖြစ်အောင် လုပ်ပေးနိုင်ရင် အားလုံး လူကောင်းကလေးတွေ ဖြစ်လာနိုင်ပါတယ်။

စိတ်ဆိုတာ တခုထဲ ဖြစ်တာမဟုတ်၊ ဝေဒနာ, သညာ, သင်္ခါရ စတဲ့သိက်ခွဲတွေက သဟဇာတသတ္တိနဲ့ ကျေးဇူးပြုလို့ နာမ်ဆိုတာ ဖြစ်လာတာဘဲလို့ နာမ်ဝါဒ သမားတွေက သဟဇာတပစ္စည်းကို ဟောတော့ သဘောပေါက်လာကြပါတယ်။ ရုပ်ဝါဒ သမားတွေကလဲ ရုပ်တရားဆိုတာ ကမ္ဘာမှာ ဘယ်နေရာမဆိုရှိတယ်၊ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ် ၄-ပါးဟာ အရှုပဘုံက လဲလို့ ဘယ်မှာမဆိုရှိလို့ ဒီဗြဟ္မာကြီးတွေက ရုပ် ရှိတာတော့ သိတယ်၊ ရုပ်ဖြစ်ခြင်း အကြောင်းကို မသိတော့ 'စတ္တာရောမဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော' လို့ ဟောရပါတယ်၊ ရုပ်တရားတွေဟာ မဟာဘုတ်တပါးကို စဲ့၍ ၃-ပါးက ဖြစ်တယ်၊ မဟာဘုတ် ၃-ပါးကို စဲ့၍ တပါးက ဖြစ်တယ်၊ မဟာဘုတ် ၂-ပါးကို စဲ့၍ ၂-ပါးက ဖြစ်တယ်၊ ရုပ်မှာလဲ သဟဇာတ အတူတကွ ဖြစ်နေတာပါ၊ ရုပ်တခုထဲ ဖြစ်တာမဟုတ်၊ မဟာဘုတ် ၄-ပါးက တပြိုင်နက် ဖြစ်တာပါလို့ ဟော လိုက်တော့ ရုပ်ဝါဒသမားတွေလဲ သဘောပေါက်လာကြပါတယ်။

**နာမ်ရုပ်က နာမ်ရုပ်**

နာမ်ရုပ်က နာမ်ရုပ်ကို ကျေးဇူးပြုတာကျတော့ 'သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဆိုတဲ့အချက်ဟာ ဒီဋ္ဌိဖြစ်နေတဲ့သူတွေအတွက် အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ဒီဋ္ဌိ ဖြစ်တယ်ဆိုတာက ပဋိသန္ဓေခန်းမှာ ဒီဋ္ဌိဖြစ်ကြတာပါ၊ ဗြဟ္မာတွေကလဲ ပဋိသန္ဓေခန်းကို မသိလို့ တဘဝပြီး တဘဝကို မြင်နေကြပါတယ်၊ ဥစ္ဆေဒ ဒီဋ္ဌိသမားတွေကလဲ ပဋိသန္ဓေခန်းကို မမြင်တော့ ဘဝပြတ်တယ်လို့ ထင် နေကြပါတယ်။

ဘဝဖြစ်တယ်ဆိုတာက ပဋိသန္ဓေအခိုက်မှာ နာမ်နဲ့ရုပ်ဟာ တပြိုင်နက် ဖြစ်တယ်၊ ပဋိသန္ဓေအခိုက်မှာ ဖြစ်တဲ့ရုပ်က ဝတ္ထုရုပ်၊ ဖြစ်တဲ့နာမ်က ပဋိသန္ဓေဝိညာဏ်၊ ဒီဟဒယဝတ္ထုရုပ်နဲ့ ဝိညာဏ်နဲ့က ပဋိသန္ဓေအခါမှာ တပြိုင်နက် သဟဇာတဖြစ်လို့ အချင်းချင်း အပြန်အလှန် ကျေးဇူးဂွဲပါ တယ်၊ နာမ်ကိုမှီပြီး ရုပ်က ဖြစ်တယ်၊ ရုပ်ကိုမှီပြီး နာမ်ကဖြစ်တယ်လို့

ပဋိသန္ဓေအချိန်မှာ နာမ်နဲ့ရုပ်ဟာ သဟဇာတဖြစ်ကြောင်းကို ဟောတော့ နာမ်ကိုဘဲ အရေးကြီးတယ်လို့ ထင်နေကြတဲ့ နာမ်ဝါဒသမားတွေနဲ့ ရုပ်ကိုဘဲ အရေးကြီးတယ်လို့ ထင်နေကြတဲ့ ရုပ်ဝါဒသမားတွေဟာ ပဋိသန္ဓေအခန်းကို 'သြဇာန္တိကဓော'နဲ့ ပြလိုက်တော့ တော်တော်အကျတ်တထူး ရသွားကြမှာပါ။

ရုပ်ဝိပဿနာရှုနည်းကိုပြောရမယ်ဆိုရင် ပဋိသန္ဓေကစပြီးဖြစ်တဲ့ ကမ္မဇရုပ်ဟာ ဘယ်လိုဖြစ်လာသလဲ၊ လူတွေ့ ထင်နေကြတာကတော့ ကမ္မဇရုပ်ကြီးဟာ တောက်လျှောက်ဘဲ ရှိနေတယ်လို့ ထင်ကြပါတယ်။ ကမ္မဇရုပ်ရှိတာကလဲ မြဲနေသလားဆိုတော့ ရုပ်မှာ စိတ္တက္ခဏ ၁၇-ချက်ဘဲ အသက်ရှိပါတယ်။ ကမ္မဇရုပ်ဟာ ခဏတိုင်း ခဏတိုင်းမှာ မဿမချင်း ထပ်ပြီး ဖြစ်နေပါတယ်၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာဖြစ်တယ်၊ ဌိခဏမှာ ဖြစ်တယ်၊ ဘင်ခဏမှာ ဖြစ်တယ်၊ စိတ္တက္ခဏ ၃-ကြိမ်မှာ ကမ္မဇရုပ်က သုံးခါ ဖြစ်ပါတယ်။ ကမ္မဇရုပ်တွေ့ စိတ္တက္ခဏတိုင်း အဆပ်ထပ်ဖြစ်နေပမဲ့ ချုပ်တော့ ကမ္မဇရုပ်ဟာ ၁၇-ချက် ဖြစ်ပြီးမှ တခါ ချုပ်တာပါ၊ ဒါကို ပဋ္ဌာန်း ဝိပဿနာရှုတဲ့အခါ သိပ်နက်နဲသွားပါတယ်။ ပဋိသန္ဓေ ကမ္မဇရုပ်ဟာ ခဏတိုင်းမှာ ဖြစ်တယ်ဆိုတာ မြင်နိုင်ဘို့က မလွယ်ပါ။

## ပဋိသန္ဓေဝိညာဏ်

ပဋိသန္ဓေ ဝိညာဏ်ဆိုတာက ပဌမဆုံး ကမ္မဇရုပ်နဲ့ ပြိုင်တူဖြစ်တဲ့ ဝိညာဏ်ကလေးကို ပဋိသန္ဓေဝိညာဏ်လို့ ခေါ်ပါတယ်။ အဲဒီ ပဋိသန္ဓေဝိညာဏ်လို့ခေါ်တဲ့ ပဋိသန္ဓေစိတ်ဟာ လူမှာ သူ့ရဲ့တဘဝလုံး လူတယောက်လို့ ခေါ်နေရတဲ့ ပင်ကိုယ်စိတ်ပါဘဲ၊ လူကောင်းသူကောင်းလို့ ခေါ်ရတာလဲ ဒီစိတ်ဘဲ၊ ဒုဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်လို့ ခွဲတာလဲ ဒီစိတ်ကိုဘဲ ကြည့်ပြီး ခွဲတာပါဘဲ။ ဒီစိတ်က အောင်မတန် တန်ဘိုးကြီးပါတယ်။ ဒီလူဟာ သူဌေးဖြစ်မဲ့သူလား၊ မင်းဖြစ်မဲ့လူလား၊ ဒီစိတ်ကလေးရဲ့ စွမ်းအင်ကို ဆုံးဖြတ်ရတာပါ၊ ဒီစိတ်ကလေး မရှိတော့ရင်လဲ လူဟာ သေတာပါဘဲ။

ဒီစိတ်ကို မြဲတယ်လို့ယူဆရင်တော့ သဿတဒိဋ္ဌိ ဖြစ်တာပါဘဲ၊ ပဋိသန္ဓေဝိညာဏ်ကို ဝိဆိစိတ်မဖြစ်ရင် အိပ်နေတဲ့အခါ 'ဘဝင်' စိတ်လို့ ခေါ်ပါတယ်။ အမှန်ကတော့ ပဋိသန္ဓေစိတ်-ပဋိသန္ဓေက ပါလာတဲ့စိတ်ကိုဘဲ နာမည်ပြောင်းပြီး ဘဝင်စိတ်လို့ ခေါ်တာပါ။ ဝိဆိစိတ်တွေ ထထပြီး ဖြစ်တယ်ဆိုတာကလဲ ဘဝင်စိတ်က ဖြစ်ရတာပါဘဲ။ ဝိဆိ တခုဖြစ်ရင် အတိတ်ဘဝင်, ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒဆိုတော့ ဘဝင်က လှုပ်ရပါတယ်။ဝိဆိက ရူပါရုံကို မြင်တယ်ဆိုရင် ရူပါရုံက နေပြီး မနောဒွါရနဲ့ စက္ခုဒွါရကို ရူပါရုံက တိုက်တဲ့အခါမှ မြင်တဲ့စိတ်က ဖြစ်ရတာပါ၊ စက္ခုပသာဒ, ရူပါရုံ, ဘဝင်မတိုက်ဆိုင်ဘဲ စက္ခုဝိညာဏ် ရှိနေတယ်လို့ မပြောရပါ၊ စက္ခုဝိညာဏ်ဟာ အမြဲရှိတယ်လို့ ယူဆရင် သဿတဒိဋ္ဌိ ဖြစ်မှာပါ။

## ဖြစ်ပျက်ဆိုတဲ့တရား

ဖြစ်ပျက်ဆိုတဲ့တရားက မဖြစ်ပျက်ခင် ဘယ်နေရာမှာမှ ရှိမနေပါ၊ သူတို့မှာ ဖြစ်လာနိုင်တဲ့ အကြောင်းကတော့ ရှိပါတယ်၊ အဲဒီ အကြောင်းတွေထဲမှာက ပဋိသန္ဓေက ပါလာတဲ့ ဘဝင်ဆိုတဲ့ ဝိညာဏ်ကာဇလးဟာ အရေးကြီးတဲ့ အကြောင်းပါဘဲ၊ ရုတ်တရက်ကြည့်ရင် မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်တွေဟာ ဘဝင်ကိုတိုက်ပြီးတော့မှ ဖြစ်တော့ ဒီစိတ်တွေဟာ ဘဝင်ကနေပြီး ထထဖြစ်နေတာပါဘဲ၊ ဘဝင်စိတ်ကသာ တကယ်ရှိတဲ့တရားပါ၊ မြင်စိတ်, ကြားစိတ်တွေဟာ အရှိတရားကမှ ဖြစ်လာတဲ့ အဖြစ်တရားတွေဆိုပြီး သဿတဒိဋ္ဌိ ဖြစ်နေကြတာပါ၊ အနန္တရပစ္စည်းကို သဘောပေါက်ရင် ဘဝင်္ဂစလနက တခြား၊ ဘဝင်္ဂုပစ္ဆေဒက တခြား၊ ပဉ္စဒွါရာဝဇ္ဇန်းက တခြား၊ စက္ခုဝိညာဏ်က တခြား။ စက္ခုဝိညာဏ် ဖြစ်လာဘို့က အကြောင်းတရား အများကြီးပေါင်းဆုံပြီးမှ ဖြစ်ရတာလို့ ပဋ္ဌာန်းသင်တော့မှ ဒီဒိဋ္ဌိက ကွာမှာပါ။

## အနန္တရပစ္စည်းနဲ့ သဿတဒိဋ္ဌိ ပျောက်သွားခြင်း

အကြောင်းပေါင်းများစွာ ပေါင်းဆုံပြီးမှ ဖြစ်ရကယ်ဆိုတော့ မဖြစ်ခင် ဘယ်နေရာက လာတာလဲဆိုတော့ ဘယ်နေရာကမှ လာတာမဟုတ်ပါ၊ တနေရာက လာတယ်ဆိုရင် သဿတဒိဋ္ဌိ ဖြစ်မှာပါ၊ ပျက်ပြီးတော့ တနေ

ထု ထောက်နေတယ်ဆိုပြန်ရင်လဲ သဿတဒိဋ္ဌိဘဲ ဖြစ်မှာပါ၊ ဒီနေထုမှာ ပဋိသန္ဓေခန်းကို ပြောရင်း သိပ်ပြီး သိမ်မွေနက်နဲသွားပါတယ်။

မြဲတယ်လို့ ထင်ကြတယ်

ပဋိသန္ဓေဝိညာဏ်ဟာ မြဲနေတယ်၊ အစဉ်ရှိနေတယ်၊ သေတဲ့အခါမှ သေသွားတယ်၊ ကမ္မဇရုပ်ကလဲ မြဲနေတာဘဲလို့ ဒီလိုဘဲ အများက မြင်နေကြလို့ မြတ်စွာဘုရားက နာမ်နဲ့ရုပ်ဟာ ပဋိသန္ဓေမှာ တပြိုင်နက်ဖြစ်ပြီး ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်ကလဲ ဖြစ်တာတွေ့ဖြစ်၊ ပျက်တာတွေ့ပျက်၊ ပဋိသန္ဓေဝိညာဏ်ကလဲ ဥပါဒ် ဌိ ဘင် ဖြစ်ပြီးပျက်၊ ကမ္မဇရုပ်ကလဲ ဥပါဒ် ဌိ ဘင် ဖြစ်ပြီးပျက်လို့ ဒီလိုအသေးစိတ် အနိစ္စမှု ရှုခိုင်းတာကို အင်မတန် ဉာဏ်ကြီးတဲ့ ဗြဟ္မာကြီးတွေကတော့ အလွန်သဘောကျကြပါတယ်၊ ဒါကြောင့်လဲ လူ့ပြည်မှာ အဘိဓမ္မာကို မဟောဘဲ နတ်ပြည်မှာသွားပြီး ဟောတာပါ၊ ယခု လူတွေ့ပြောနေကြတာကတော့ မြင်နိုင်လို့ မဟုတ်ပါ၊ ဘုရားဟောတဲ့ တရားကို ပြောနေကြတာပါ။

အနန္တရပစ္စည်းကို ဟောရတာကလဲ နာမ်ချည်းသက်သက် တခုထဲ ထင်နေကြလို့ပါ၊ မီးကိုဝိုင်းလိုက်ရင် အဝိုင်းကြီး မြင်ရသလို, မြစ်ထဲမှာ ရေစီးဆင်းနေတဲ့အခါ ဇရုရေနဲ့ နောက်ရေတခြားစီဖြစ်ပေမဲ့ တဆက်တည်း ဖြစ်နေသလို မြင်နေတာတွေ့ဟာ တကယ်တော့ တဆက်တည်း မဟုတ်၊ နာမ်တရားတွေ ဖြစ်နေတာက တခုစီပါလို့ ဟောတဲ့အခါမှာ အနန္တရပစ္စည်းနဲ့ သဿတဒိဋ္ဌိ ပျောက်သွားပါတယ်။

သို့ပေမဲ့ ရုပ်တရားတွေနဲ့ ပေါင်းတဲ့အခါကျတော့ နာမ်နဲ့ရုပ်ဟာ ဘယ် လိုပူးနေသလဲ၊ နာမ်က သက်သက်ဘဲနေသလား၊ ရုပ်က သက်သက်ဘဲ နေသလား၊ နာမ်နဲ့ရုပ်ဟာ ဘာမှ မဆိုင်ဘူးလား၊ နာမ်နဲ့ရုပ်က တခြားစီလား၊ လုံးလုံး ဘယ်တော့မှ မတွဲဘူးလား၊ ပေါင်းလို့မရဘူးလား-ဆိုတဲ့ ပြဿနာတွေ့ တက်လာမှာစိုးလို့ ခန္ဓာငါးပါးရှိတဲ့ ဘုံမှာ နာမ်နဲ့ရုပ်ဟာ သဟဇာတဖြစ်ပါတယ်။ ပေါင်းလို့ရပါတယ်လို့ သဟဇာတပစ္စည်းကို ဆက်ဟောလိုက်တော့ နတ် ဗြဟ္မာတွေ့ဟာ သံသယအားလုံး ရှင်းသွားကြမှာပါ။

ဒီနေ့မှာတော့ နိဂုံးဘဲလို့ ဆိုကြပါစို့၊ သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုပုံ အရင်အပတ်က နဲနဲစခဲ့ပါတယ်၊ ဒီနေ့ပြောလို့ ၂၄-ပစ္စည်းတော့ အကုန်လုံးပြီးမယ်လဲ မဟုတ်ပါ၊ ဒါပေမဲ့ ပဋ္ဌာန်းမှာ ဝိပဿနာရှုနည်းတော့ သဘောပေါက်ကြမှာပါဘဲ။

အဘိဓမ္မာတရားနာတဲ့ ပရိသတ်တွေက နတ်တွေ ဗြဟ္မာတွေ ဖြစ်နေတော့ ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်း ဟောတဲ့အခါမှာ ဗြဟ္မာတွေမှာက အရင်အပတ်ကပြောခဲ့တဲ့အတိုင်း ကာမဂုဏ်တွေပယ်ထားတော့ လောဘ, ဒေါသ, မောဟကြောင့် နာမ်ရုပ်ဖြစ်နေပုံကို ဗြဟ္မာအားလုံး သဘောကျချင်မှကျမှာပါ၊ နတ်တွေကတော့ ဗြဟ္မာများနဲ့မတူပါ၊ နတ်ပရိသတ်ကို နာမ်ရုပ်ဖြစ်ခြင်းရဲ့ အကြောင်းက 'ဟေတုပစ္စယော'လို့ ဟောတဲ့အခါမှာ သူတို့ကတော့ သဘောကျ ကျေနပ်နိုင်ကြမှာပါ့၊ နတ်တွေမှာက ဒေါသကြီးတဲ့ နတ်တွေလဲ ရှိပါတယ်၊ တချို့နတ်များဟာ စိတ်းဆိုးတာနဲ့ စုတိစိတ်ကျသွားပါတယ်၊ တချို့ နတ်များကတော့လဲ လူတွေလို မဟုတ်ပါ၊ လူက ထမင်းစားချိန် အချိန်လွန်သွားရင်လဲ နောက်မှစားရင် ဖြစ်ပါတယ်၊ နတ်တွေမှာကတော့ ထမင်းစားချင်လို့ အချိန်လွန်သွားရင် သေတာပါဘဲ၊ ထမင်းစားတဲ့အချိန် လွန်သွားရင် အဆာလွန်သွားရင် လောင်သွားတာပါ၊ နတ်ပြည်မှာတော့ မသာလို့မရှိပါ၊ သူတို့ရုပ်က နူတော့ သူ့ဘာသာသူ ပျောက်သွားပါတယ်၊ စုတိစိတ်ကျသွားတာပါဘဲ။ ဒေါသကြီးတဲ့အခါမှာလဲ ဒေါသလောင်လို့ သေသွားပါတယ်။

လူ့ပြည်မှာလဲ စိတ်ဆိုးစ မရှိတဲ့သူ, စိတ်နှူးညံ့တဲ့သူတွေဟာ နဲနဲစိတ်ဆိုးရင် တရက် ၂-ရက် နေလို့မကောင်းတာ ဖြစ်ဟတ်ကြပါတယ်။ နတ်တွေမှာတော့ လောဘ, ဒေါသ, မောဟတွေ ရှိနေကြတော့ 'ဟေတုပစ္စယော'ကို ဟောတဲ့အခါမှာ သူတို့ဘဝနဲ့ အလွန်ကိုက်ညီသွားပါတယ်။

အာရမ္မဏပစ္စယောကို ဟောတဲ့အခါမှာလဲ ဗြဟ္မာမှာက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး လိုက်စားမှုမရှိဘဲ ပယ်ထားသူတွေဖြစ်တော့ သူတို့က သဘောကျချင်မှ ကျမှာပါ၊ နတ်ဆိုတာက

တော့ အာရုံငါးပါး ကာမဂုဏ်ခံစားဘို့သက်သက်မို့ နတ်ပြည်မှာ ကုသိုလ်ကောင်းမှုဆိုတာ ရှိပေမဲ့လဲ မျှားသောအားဖြင့် စည်းစိမ်ချမ်းသာ ခံစားနေတဲ့ ပုဂ္ဂိုလ်က မျှားပါတယ်၊ ဒီတော့ နာမ်ရုပ်ဖြစ်ခြင်း အကြောင်းကဖြင့် အာရုံ ၆-ပါးဘဲလို့ ဘုရားက ဟောတဲ့အခါမှာ နတ်တွေကတော့ သဘောကျမှာ သေချာပါတယ်၊ မဟတုပစ္စယောနဲ့ အာရမ္မဏပစ္စယောကို နတ်တွေက ပိုပြီးသဘောပါက်ကြပေမဲ့ ဗြဟ္မာတွေကျတော့ အဝိပတိပစ္စယောက ပိုပြီးအဲ့ဝင်ခွင်ကျဖြစ်ပါတယ်၊ ပိုပြီးတော့လဲ သဘောပေါက်မှာ သေချာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဗြဟ္မာတွေက ဆန္ဒလွန်ကဲတဲ့ ပုဂ္ဂိုလ်၊ ဝီရိယလွန်ကဲတဲ့ပုဂ္ဂိုလ်၊ ပညာလွန်ကဲတဲ့ပုဂ္ဂိုလ်၊ ဒါတွေကို အဓိပတိတပ်ပြီး ကြိုးစားလို့သာ ဗြဟ္မာပြည်ရောက်လာကြတာပါ၊ နှံ့ချဲ့မှုဖြစ်ခြင်းရဲ့ အကြောင်းကို ဆန္ဒကြောင့် ဖြစ်ရတယ်၊ ဝီရိယကြောင့် ဖြစ်ရတယ်၊ စိတ်ကြောင့် ဖြစ်ရတယ်၊ ပညာကြောင့် ဖြစ်ရတယ်-ဆိုတော့ ဗြဟ္မာတွေအတွက် ပိုပြီး အဲဝင်ခွင်ကျ ဖြစ်သွားပါတယ်။

လူ့ပြည်မှာ ဝိပဿနာရှုတဲ့အခါ နာမ်ရုပ်ဖြစ်ခြင်း အကြောင်းကို လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟိတ် ၆-ပါးကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုပြီး ဝိပဿနာရှုရင်လဲ ရတာပါဘဲ၊ အာရုံ ၆-ပါးကြောင့် နာမ်ရုပ်တွေဖြစ်နေတာကို ရှုတဲ့အခါမှာလဲ ရတာပါဘဲ၊ အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုလဲ ရနိုင်ပါတယ်၊ လူမှာတော့ လူမျိုးစုံဘဲ ရှိနေပါတယ်၊ လူမှာကတော့ ဆန္ဒလွန်ကဲတဲ့ အခါမှာ ကိုယ့်နာမ်ရုပ်ဟာ ဆန္ဒနောက် အကုန်လုံး လိုက်နေကြတာ ထင်ရှားပါတယ်။ ဝီရိယလွန်ကဲတဲ့ အခါ ဝီရိယခေါင်းဆောင်တဲ့ နောက်ကိုဘဲ နာမ်ရုပ်က လိုက်နေကြတာပါ၊ ဒါကြောင့် ကိုယ်မှာထင်ရှားတဲ့တရားကို ဝိပဿနာရှုမယ်ဆိုရင် သဘောကျတဲ့ပစ္စည်းနဲ့ ဝိပဿနာရှုနိုင်ပါတယ်၊ နာမ်ရုပ်ဖြစ်ပျက်ကို မြင်နိုင်ပါတယ်။

အနန္တရပစ္စယောမှာတော့ ရုပ်မပါတော့ပါ၊ အကြောင်းတရားကနာမ်၊ အကျိုးတရားက နာမ်၊ 'နာမ်ကြောင့် နာမ်ဘဲဖြစ်တယ်'ဆိုတဲ့ အနန္တရပစ္စည်းကို ကြည့်ရင် နာမ်တရား သန္တတိအစဉ်ကြီးဟာ သံသရာအစက

စပြီး နိဗ္ဗာန်ရသည့်တိုင် တန်းပြီးဖြစ်နေပါတယ်၊ အဲဒီသန္တာန်တိုင်းအစဉ်ကြီး တန်းနေတာကို ဗြဟ္မာတွေက ဥပါဒ်, ဌိ, ဘင် ဆိုတဲ့ နာမ်တို့ရဲ့ဖြစ်ပျက်ကို မမြင်နိုင်တဲ့အခါမှာ သဿတဒိဋ္ဌိ ဖြစ်နေပါတယ်။

သတ္တဝါတွေဟာ မြဲနေတာဘဲ၊ တဘဝက တဘဝ ပြောင်းနေကြတယ်၊ လူ. ပြည်က သေတဲ့ပုဂ္ဂိုလ် ဘယ်ကိုရောက်တယ်၊ နတ်ပြည်ကသေတဲ့ပုဂ္ဂိုလ် ဘယ်ကိုရောက်ကယ်၊ ဗြဟ္မာ့ပြည်ကသေတဲ့ပုဂ္ဂိုလ် ဘယ်ကိုရောက်တယ်-လို့ သူတို့က သူတို့ကိုယ်တိုင် သိနေတာပါ၊ လူတွေကတော့ ဒီလိုသိနိုင်တာ မဟုတ်ဘဲ ဘုရားကဟောလို့သာ ကျမ်းဂန်တွေကြောင့်သိရတာပါ၊အကြီးဆုံး အသက်ရှည်ဆုံး ထာဝရဘုရားဆိုတဲ့ ဗြဟ္မာကတော့ အကုန်သိနေတာပါဘဲ၊ ဒီနေ့တော့ နောက်ရောက်လာတဲ့ ဗြဟ္မာတွေဟာ သူဖန်ဆင်းသောကြောင့် ဖြစ်လာတယ်လို့ သူက ဒီလိုထယူရှိပါတယ်၊ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာ 'ဗြဟ္မာတွေပေါ်စေချင်တယ်'လို့ တောင့်တလိုက်တဲ့အခါမှာ တခါထဲဘဲ ဗြဟ္မာ့ပြည်ကို ဗြဟ္မာတွေ ရောက်လာကြပါတယ်၊ သူခေါ်တာတဲ့အတိုင်း ဗြဟ္မာတွေက ရောက်လာကြတော့ သူကလဲ တန်ခိုးကြီးတော့ ဗြဟ္မာတွေဟာ သူဖန်ဆင်းတဲ့ အဓိပ္ပါယ်မျိုး သူဖန်ဆင်းလို့သာ ဗြဟ္မာတွေဖြစ်လာကယ်လို့ အယူဝါဒရှိတယ်၊ အဲဒါကြောင့်လဲ သတ္တဝါတွေကို ဗြဟ္မာက ဖန်ဆင်းတယ်၊ ထာဝရဘုရားက ဖန်ဆင်းတယ်-လို့ ပြောကြတာပါ၊ သူက ဘာကြောင့် ထာဝရဖြစ်သလဲဆိုတော့ နောက်ဖြစ်လာတဲ့ ဗြဟ္မာတွေထက် အသက်ပိုရှည်ပါတယ်၊ နောက်ဖြစ်လာတဲ့ ဗြဟ္မာတွေက သူမသေမီ သေကြရတယ်။

ဒါကြောင့် မြတ်စွာဘုရားက 'နာမ်တွေဟာ လက်ဖျစ်တတ်ခဏမှာ ကုဋေတသိန်းလောက် ဖြစ်နေတာ၊ ဒါလောက် မြန်နေတာကို အသင်တို့မသိနိုင်၊ နာမ်တွေဟာ ဥပါဒ်, ဌိ, ဘင် ဖြစ်ပျက်ပြီးနေတာဘဲ၊ ဘယ်တရားမှ မြဲတဲ့ကရားမရှိ'လို့ အနန္တရပစ္စည်းကို ဟောတဲ့အခါကျမှ ဗြဟ္မာတွေက မမြဲဘူးဆိုတဲ့ အနိစ္စသဘောတရားကို လက်ခံနိုင်မှာပါ။

အနန္တရပစ္စည်း ဟောလိုက်ပြန်တော့ သံသယဖြစ်စရာက ဒီနာမ်နဲ့ ရုပ်ဟာ ဘယ်လိုမှ မပေါင်းစပ်ဘူးလား၊ ရုပ်တွေကလဲ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်ဆိုတဲ့ ရုပ်အစဉ်တွေက သူဘာသာ သီးခြားဖြစ်နေတာလား၊ နာမ်အစဉ်တွေကလဲ သူဘာသာ သီးခြား ဖြစ်နေတာလား၊ နာမ်နဲ့ရုပ်ဟာ ဘယ်လိုမှ မသက်ဆိုင်ဘူးလားလို့ဆိုတဲ့ သံသယတွေကင်းအောင် သဟဇာတပစ္စည်းကို ထပ်ပြီး ဟောရတာပါ၊ သဟဇာတပစ္စယောမှာ လိုရင်းကတော့ ရုပ်နဲ့နာမ်ဟာ တခြားစီမဟုတ်၊ သဟဇာတဖြစ်ပါတယ်လို့ ဆိုလိုရင်းပါ။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးရှိတဲ့ ပဋိသေန္ဓိကာရ ဘုံမှာ ရုပ်နဲ့နာမ် သဟဇာတဖြစ်ပုံကို ငါးချက်ခွဲပြီး ရှင်းလင်းလိုက်တော့ စောဒက တက်စရာ မရှိတော့ပါ။

**နာမ်သက်သက် ဝိပဿနာ**

'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော' လို့ ပဌမဆုံးအပိုဒ်က နာမ်သက်သက် ဝိပဿနာရှုနည်းပါ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးက သဟဇာတ အတူတကွဖြစ်ပါတယ်။ အတူတကွ ဖြစ်တယ်ဆိုတာမှာ နာမ်ခန္ဓာ ၄-ပါးက ခွဲလို့ မရပါ၊ ဝိပဿနာရှုတဲ့အခါမှာ သဟဇာတနာမ်သက်သက်ကို ရှုကြည့်ရင် စိတ် ၈၉တသိုက်တွေ အမျှားကြီးရှိပေမဲ့ ဝိပဿနာရှုလို့ရတာက ဝေဒနာ, သညာ, သင်္ခါရနဲ့ ဝိညာဏ် ဒီ ၄-ခုကိုဘဲ ဝိပဿနာရှုလို့ ရပါတယ်။

ကိုယ့်ကို ကိုယ်စိုက်ပြီး ရှုကြည့်ပါ၊ ဝေဒနာနုပဿနာ ရှုမယ်ဆိုရင် စိတ်ထဲမှာ ဝေဒနာဆိုတဲ့ ဆင်းရဲတာဘဲ ဖြစ်ဖြစ်၊ ချမ်းသာတာဘဲ ဖြစ်ဖြစ် ရှုကြည့်တဲ့အခါမှာ ဝေဒနာတလုံးထဲ မဟုတ်ပါ၊ တရား ထိုင်တဲ့ပုဂ္ဂိုလ်တွေ ဒီ သင်တန်းမှာ ပါလာတော့ တရားထိုင်တဲ့အခါမှာ ထုံတယ်၊ ကျင်တယ်၊ ညောင်းတယ်၊ ကိုက်တယ်-ဆိုတဲ့ ဒုက္ခဝေဒနာကို သိပါတယ်၊ ဒုက္ခဝေဒနာကို သိတဲ့အခါမှာ နာတာ, ကျင်တာ, ကိုက်တာက ဝေဒနာဘဲ၊

နာတာကို သိတာက ဝိညာဏ်ဘဲ၊ နာတာ ကျင်တာကို သိအောင် တိုက်တွန်းပေးတာက စေတနာဆိုတဲ့ သဒ္ဓါရက္ခန္ဓာဘဲ၊ နာတာကို မှတ်နေတာက သညာဘဲ၊ ဒီတော့ ဝေဒနာရှုရင် 'စတ္တာဇေထ ခန္ဓာ အရှုပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော' ဝေဒနာ, သညာ, သဒ္ဓါရ ဝိညာဏ်ဆိုတာကို ဘယ်လိုမှ ခွဲလို့ မရပါလား ဆိုတာကို သိရပါတယ်။

တခို့ဟာ ဝိပဿနာရှုတဲ့အခါ ဝေဒနာကိုဘဲ ရှုလို့ရတယ်၊ သညာပါတာကို မရှုတတ်၊ သဒ္ဓါရပါတာကိုလဲ မရှုတတ်၊ ဝိညာဏ်ပါတာကိုလဲ မရှုတတ်ပါ၊ တခို့ကာ ထိ-သိ=ထိတာ သိလို့ ဒီလိုနဲ့ တဖြေးဖြေး လေ့ကျင့်ခန်းလုပ်နေကြတာပါ၊ အမှန်ကတော့ နာမ်ဝိပဿနာ နာမ်ကိုရှုမယ်ဆိုရင် မြတ်စွာဘုရားက တခြား စေတသိက်တွေ ရှုစေချင်လို့၊ နာမကွန္ဓာ ၄-ပါးမှာ အတူတကွ ဖြစ်ပုံပြောင်းရင် ဝေဒနာကလဲ မမြဲပါလား၊ သဒ္ဓါရကလဲ မမြဲပါလား၊ သညာကလဲ မမြဲပါလား၊ ဝိညာဏ်ကလဲ မမြဲပါလား၊လို့ ပညတ်ပေါ်မှာ အနိစ္စမဟုတ်ဘဲ တကယ့် ပရမတ္ထပေါ်မှာ ကိုယ့်ခန္ဓာပေါ်မှာ ပေါ်လာတဲ့ နာမ်တရား၌ ဖြစ်ပျက်ကို မြင်လာတာက အနိစ္စမြင်လာတာပါဘဲ။

အနိစ္စမြင်လို့ ကြာကြာကြည့်ရင် ဒုက္ခကလဲ မြင်လာတာပါဘဲ၊ ဒုက္ခမြင်ရင် 'ငါ ဝိပဿနာရှုနေတာ မဟုတ်ဘူး၊ စေတနာဆိုတဲ့ သဒ္ဓါရက ခိုင်းနေတာ၊ စေတနာက မှတ်-မှတ်နဲ့ ခိုင်းနေတယ်၊ သညာက စေတနာခိုင်းတာကို လိုက်ပြီး မှတ်နေတယ်၊ စေတနာက သိ-သိလို့ လုပ်လို့ ဝိညာဏ်က သိတယ်၊ ဝေဒနာ=နာတယ်, နာတယ်ဆိုတာကလဲ ဝိညာဏ်ရှိလို့ ဝေဒနာ=နာတယ်ဆိုတာ သိတာဘဲ၊ ဒီတော့ သူတို့ ၄-ခုက ဘတပြန် ကျားစာပြန် အကြောင်းအကျိုး စေတနာအကြောင်းယူရင် ကျန်တဲ့ သုံးခုက အကျိုးတရားဖြစ်တယ်၊ ဝေဒနာနဲ့ သညာကို အကြောင်းစာရုံးယူရင် စေတနာနဲ့ သဒ္ဓါရက အကျိုးတရားဖြစ်တယ်၊ ဒါကြောင့် ပဋ္ဌိစ္စဝါရမှာ 'ကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ'လို့ ဟောပါတယ်။ ဝိပဿနာရှုဘို့က ပဋ္ဌာန်းဝိပဿနာက နက်နဲလို့ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်မှ ရှုလို့ ရမှာပါ၊

ပဋ္ဌာန်းနဲ့ ဝိပဿနာရှုမှာဲ တရားရတယ်လို့တော့ မဟုတ်ပါ၊ ပဋ္ဌာန်းကတော့ နတ်တွေ ဗြဟ္မာတွေရှုတဲ့ ဝိပဿနာပါဘဲ။

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

ပဋ္ဌာန်းကို နိဂုံးချုပ်အနေနဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်အကြောင်း ပြောပါဦးမယ်၊ နာမ်ခန္ဓာ ၄-ပါးပေါ်မှာ နာမ်တရားတို့ ဖြစ်ခြင်းအကြောင်းကို အခြားမှာ ရှာနေစရာ မလိုပါ၊ ဒီ နာမ် နာမ်ချင်းမှာဘဲ သူတို့ ပေါင်းမိပြီးတော့မှ သိတယ်ဆိုတဲ့ သဘောတရား၊ နာတယ်ဆိုတဲ့ သဖော်တရား၊ မှတ်တယ်ဆိုတဲ့ သဓောတရား၊ မှတ်ခိုင်းတဲ့ သဘောတရား သူတို့ ၄-ခု အပြန်ပြန် အလှန်လှန် အကြောင်းအကျိုးဖြစ်ပြီး ဖြစ်ပေါ်လာတာဘဲ၊ ဒီ နာမ်တရားတွေ ဖြစ်ပေါ်လာတာက ဘယ်ကမှ လာတာလဲ မဟုတ်၊ မိုးပေါ်က ကျလာတာလဲ မဟုတ်၊ ဘယ်သူကမှ ဖန်ဆင်းတာလဲ မဟုတ်လို့ ဒီလို သိလာတာက **ပစ္စယပရိဂ္ဂဟဉာဏ်** ပါဘဲ၊ ယထာဘူတဉာဏ်လို့လဲ ခေါ်ပါတယ်၊ ဝိသုဒ္ဓိနဲ့ပြောရရင် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** လို့ ခေါ်ပါတယ်၊ ဒီ အဆင့်အထိဟာ စူဠသောတာပန်ဖြစ်လို့ ဒီ အဆင့်အထိ မြင်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုဘဲ လူ့ဘဝက အပါယ်သွားချင်ပါတယ်ဆိုလဲ မရတော့ပါ။ သူမှာ ဂတိမြဲသွားပါပြီ၊ ခုပြောခဲ့တဲ့ ဝိပဿနာက နာမ်သက်သက် ဝိပဿနာပါဘဲ။

## ရုပ်သက်သက် ဝိပဿနာ

နာမ်ကို ဝိပဿနာရှုရတာ ခက်တယ်ထင်ရင် မြတ်စွာဘုရားက 'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော' ရုပ်သက်သက် ဝိပဿနာ မဟာဘုတ် ၄-ပါးကို ရှုပါ၊ မဟာဘုတ် ၄-ပါး အကြောင်းကို သဟဇာတပစ္စည်းမှာ တော်တော်ကျယ်ကျယ်ပြောခဲ့ပြီးပါပြီ။ ကံကြောင့် ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး၊ စိတ်ကြောင့် ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး၊ အာဟာရဇကြောင့်ဖြစ်တဲ့ မဟာဘုတ်ကလေး ၄-ပါး၊ ဥတုကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး ရှိနေတော့ ဝိပဿနာရှုရင်

ကိုယ်ထင်လွယ် မြင်လွယ်တဲ့ မဟာဘုတ်ကို ရှုရမှာပါ၊ လူတွေက မီး,ရေ, လေ, မြေ ခေတ်ကြီး ၄-ပါးသာ မြင်နေကြပါတယ်။ ဒီအမြင်ကို ဖျောက်ပြီး ထွက်သက်, ဝင်သက် အာနာပါနရှုဘူးတဲ့သူတွေ ဒီသင်္ဘန်းမှာ ပါ၈တဲ့ ကိုယ်ရှုဘူးတာကို ကိုယ်ပြန်ကြည့်ရင် ထွက်သက်, ဝင်သက် အာနာပါနရှုရင် ဝါယောခေတ်ကို မှတ်နေတာပါ။

ဒီလို ဝါယောကို မှတ်နေတဲ့အခါမှာ နှာခေါင်းမှာ ထိ-သိ ထွက်ရင် ထွက်တာသိတယ်၊ ဝင်ရင် ဝင်တာ သိတယ်၊ ဒီလေမှာ နှာခေါင်းကို တိုက်နိုင်တဲ့ အမာခံတ်ဆိုတဲ့ ပထဝီရှိပါတယ်၊ ပထဝီရှိလို့သာ တိုက်သွားတဲ့အခါ တိုက်မှန်းသိတာပါ၊ ပထဝီကိုရှုကြည့်ရင် သိပါ်တယ်၊ ထွက်သက် ဝင်သက်မှာ လှုပ်ရှားနေတဲ့ ဝါယောခေတ်ကတော့ အထင်ရှားဆုံးပါဘဲ၊ ထွက်သက် ဝင်သက်မှာ လေလုံးကလေး ဖြစ်နေအောင်, နှာခေါင်းဖျားမှာ တိုက်နိုင်လောက်အောင်, အမာခံတ်ကလေးဖြစ်နိုင်လာအောင် ဖွဲ့စည်းပေးတာက အာပေါခေတ်ပါ၊ ပထဝီချည်းဘဲဆိုရင် လေလုံးကဘယ်တော့မှ မဖြစ်နိုင်ပါ။ အာပေါ ဖွဲ့စည်းပေးလို့သာ ပထဝီက မာလာတာပါ၊ ဒီလေလုံးကလေးမှာ ဖွဲ့စည်းပေးတဲ့ အာပေါခေတ်လဲ ပါတယ်ဟို့ ရှုကြည့်ရင် သိရပါတယ်။

ထွက်သက် ဝင်သက်လေ လှုပ်ရှားနေတဲ့အခါ ဒီလေ လှုပ်ရှားနိုင်လောက်အောင် တေဇောမရှိဘဲ အပူခေတ်မရှိဘဲ လေက မလှုပ်ရှားနိုင်ပါ၊ အပြင်ဘက် ဗဟိဒ္ဓမှာဆိုရင် မီးမလောင်ခင်တုန်းက လေမှုန်မီးသိပ်လောင်လာရင် လေသိပ်တိုက်လာတယ်၊ အပူခေတ်ကြောင့် လေဟာတွန်းကန် လှုပ်ရှားလာပါတယ်၊ လေထဲမှာ အပူရှိလို့ အပူခေတ်က လေထဲမှာ ပါလာတာကို ရှုလို့ရပါတယ်၊ ဒီ ပထဝီ, တေဇော, အာပေါက စိတ်ကြောင့် ဖြစ်တဲ့ စိတ္တဇဝါယောမှာ ပါပါတယ်၊ မဟာဘုတ် ၄-ပါးက ခွဲလို့ မရလို့ ဘယ်လောက်ဘဲ သေးငယ်တဲ့ ဝတ္ထုထဲမှာဘဲဖြစ်ဖြစ် မဟာဘုတ် ၄ ပါးက ရှိနေတာပါ၊ ရှိနေတဲ့ မဟာဘုတ် ၄-ပါးကို ဖြစ်ပျက်ရှုလို့ ရပါတယ်။

စိတ္တဇပထဝီ, စိတ္တဇတေဇော, စိတ္တဇဝါယော, စိတ္တဇအာပေါဆိုတဲ့ ဓာတ် ၄-ပါးကို စိုက်ကြည့်နေရင် သမာဓိ ဖြစ်လာနိုင်ပါတယ်၊ စိတ္တဇပထဝီက ဘယ်လိုပါသလဲ၊ ဘာသတ္တိလဲ။ စိတ္တဇတေဇောက ဘယ်လိုပါသလဲ၊ ဘာသတ္တိလဲ။ စိတ္တဇဝါယောက ဘယ်လိုပါသလဲ၊ ဘာသတ္တိလဲ။ စိတ္တဇအာပေါက ဘယ်လိုပါသလဲ၊ ဘာသတ္တိလဲ။ မဟာဘုတ် ၄-ပါးက သူတို့ချင်း အပြန်အလှန် ကျေးဇူးပြုလို့သာ မဟာဘုတ် ၄-ပါးက ဖြစ်လာတာပါ၊ တပါးက အကြောင်းဖြစ်လို့ ၃-ပါးက အကျိုးဖြစ်တယ်၊ ၃-ပါးက အကြောင်းဖြစ်လျှင် တပါးက အကျိုးဖြစ်တယ်၊ ၂-ပါးက အကြောင်းဖြစ်ရင် ၂-ပါးက အကျိုးဖြစ်တယ်၊ အကြောင်းကြောင့် အကျိုး သူဘာသာဖြစ်ပြီးလာတာမှာ ဖြစ်ပြီးတော့လဲ စိတ္တဇမဟာဘုတ်က နာမ်လို ပါဘဲ၊ အသက်ချင်းက ဥပါဒ်, ဋ္ဌိ, ဘင် စိတ္တက္ခဏဘဲရှိတော့ စိတ္တဇရုပ်ဟာ စိတ်နဲ့ တပြိုင်တည်းဖြစ်, တပြိုင်တည်းပျက်၊ ဒီ စိတ္တဇမဟာဘုတ်ကို ဝိပဿနာရှုရင်လဲ အနိစ္စ မြင်တာပါဘဲ။

တခ္ခိုက ဓာတ် ၄-ပါးကို ဘယ်လိုရှုသလဲဆိုရင် ခန္ဓာကိုယ်မှာ တောင့်တယ်, တင်းတယ်ဆိုရင် ဝါယော၊ ဘယ်နေရာမှာ ပူတယ် အေးတယ် ဆိုရင် တေဇော၊ ခန္ဓာကိုယ်ကြီး အတုံး အခဲ ဖွဲ့စည်းမှုကြီးဖြစ်ရင် အာပေါ၊ ခန္ဓာကိုယ်ကြီး မာတယ်, ပျော့တယ်ဆိုရင် ပထဝီ၊ အဲဒီလို အကြမ်းစား ရှုရင်လဲ ရပါတယ်၊ ဒီ 'စတ္တာရော မဟာဘူတာ' ဒုတိယအပိုဒ်က ရုပ် သက်သက် ဝိပဿနာပါ။

## ပဋိသန္ဓေနာမ်ရုပ် ဝိပဿနာ

နာမ်သက်သက် ဝိပဿနာ, ရုပ်သက်သက် ဝိပဿနာ ပြီးတော့ ရုပ်နဲ့ နာမ်ရောတဲ့ ဝိပဿနာရှုနည်းအတွက် 'ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော'လို့ ရုပ်နဲ့နာမ်ဟာ ပဋိသန္ဓေ အခါကျတော့ အတူတကွ ဖြစ်တယ်၊ အပြန်အလှန် ကျေးဇူးပြုတယ်၊ ရုပ်နဲ့နာမ်ဟာ ပဋ္ဌဝေါကာရဘုံမှာ အတူဖြစ်တယ်၊ ဒီလို အတူဖြစ်နေတဲ့ ရုပ်နဲ့ နာမ်

၂-ခုလုံးကို ဝိပဿနာရှုရင် ပဋိသန္ဓေအခါမှာကမ္မဇရုပ်က ဘယ်လိုဖြစ်လာသလဲ၊ ဥတုဇရုပ်က ဘယ်လိုဖြစ်လာသလဲ၊ စိတ္တဇရုပ်က ဘယ်လိုဖြစ်လာသလဲ၊ ပဋိသန္ဓေဝိညာဏ်နာမ်တရားက ဘယ်လိုဖြစ်သလဲလို့ ရုပ်ရဲ့သန္ဓတို့၊ နာမ်ရဲ့သန္ဓတို့=ရုပ် အစဉ်၊ နာမ်အစဉ်ကို မြင်အောင် ရှုရပါတယ်။ ရုပ်နာမ်ဟာ ပဋိသန္ဓေအခါမှာ အတူတကွ ပေါင်းပြီး ဖြစ်နိုင်ပါတယ်၊ ဒီလို ဖြစ်နေပေမဲ့လဲ မြဲတာမဟုတ်၊ ဖြစ်ပြီးပျက်, ဖြစ်ပြီး ပျက်တာပါဘဲ၊ ဒီလို ဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ်ဆိုပြီး အနိစ္စ, ဒုက္ခ, အနတ္တကို မြင်အောင် ရှုရင်လဲ တရားရနိုင်တာပါဘဲ။

## ပဝတ္တိနာမ်ရုပ်ဝိပဿနာ

သဟဇာတပစ္စည်း စတုတ္ထပိုဒ်ကလဲ ရုပ်နဲ့နာမ်ရောသော ဝိပဿနာပါဘဲ၊ ဒါပေမဲ့ ပဋိသန္ဓေနာမ်ရုပ်မဟုတ်၊ ပဝတ္တိနာမ်ရုပ်ပါ၊ 'စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော' နာမ်ခန္ဓာ ၄-ပါးကို ဝိပဿနာ ရှုတဲ့အခါမှာ ပဉ္စဝေါကာရဘုံမှာ နာမ်ချည်းဘဲ ဖြစ်နေသလားဆိုတော့ 'စိတ္တစေကသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ' စတဲ့ စိတ်, စေတသိက်ဆိုတဲ့ နာမ်တရားတွေနဲ့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရားတွေဟာ အတူတကွ ဖြစ်ပါတယ်၊ နာမ်ချည်းဘဲသက်သက် ရှုတဲ့ ဝိပဿနာ, ရုပ်ချည်းဘဲသက်သက်ရှုတဲ့ ဝိပဿနာ, ပဋိသန္ဓေခဏမှာ နာမ်နဲ့ရုပ် ပူးတဲ့ပြီး ရှုတဲ့ ဝိပဿနာလို့ ဟောခဲ့ပြီးပါပြီ။

ယခုအခါ ပဉ္စဝေါကာရဘုံမှာ ပဝတ္တိအခါ နာမ်နဲ့ရုပ် ပူးတဲ့ပြီး နာမ်ကို ဝေဒနာနုပဿနာရှုတယ်ဆိုရင် ဝေဒနာကိုရှုတဲ့အခါမှာ ရုပ်တွေ မရှိဘူးလား၊ ဝေဒနာရှုတဲ့အခါမှာ ဝေဒနာကြောင့် ဖြစ်တဲ့ရုပ်တွေ, သညာကြောင့်ဖြစ်တဲ့ ရုပ်တွေ, သင်္ခါရကြောင့် ဖြစ်တဲ့ရုပ်တွေ, ဝိညာဏ်ကြောင့် ဖြစ်တဲ့ ရုပ်တွေ ဖြစ်နေပါတယ်။

နာမ်နဲ့ရုပ်ဟာ ပဝတ္တိအခါမှာ သဟဇာတ ဖြစ်ပါတယ်၊ အညမညအပြန်အလှန်ကတော့ စိတ္တဇရုပ်ကြောင့် နာမက္ခန္ဓာ ၄-ပါးက မဖြစ်ပါ၊

နှာမကွန္ဓာ ၄-ပါးကြောင့် စိတ္တဇရုပ်ကတော့ ဖြစ်ပါတယ်၊ ပဝတ္တိအခါမှာ နာမ်ခန္ဓာ ၄-ပါးကြောင့် စိတ္တဇရုပ်တွေ ဖြစ်နေတာပါဘဲ၊ စိတ်က သွားမယ်ဆိုမှင် ရုပ်က သွားလိုက်တယ်၊ စိတ်က စားမယ်ဆိုရင် ရုပ်က စားလိုက်တယ်၊ စိတ်က အိပ်မယ်ဆိုရင် ရုပ်က အိပ်လိုက်တယ်၊ ပဝတ္တိအခါမှာ စိတ္တဇရုပ်တွေဟာ ဒီနာမ်ခန္ဓာ ၄-ပါးနဲ့ အတူတကွ ဖြစ်နေပါတယ်။ သို့သော် အပြန်အလှန်တော့ မဖြစ်ပါ။ နာမ်ကြောင့် ရုပ်က ဖြစ်ပါတယ်၊ ရုပ်ကြောင့် နာမ်ကတော့ မဖြစ်ပါ။ ရုပ်ဝါဒနဲ့ နာမ်ဝါဒဟာ ပဝတ္တိအခါမှာ အင်မတန် ရှင်းပါတယ်၊ ရုပ်တရားတွေက နာမ်ရဲ့ စီမံရာကို ခံရသော်လဲ ရုပ်က နာမ်ကို မစီမံနိုင်ပါ။

## ဥပါဒါရုပ်ဝိပဿနာ

သဟဇာတပစ္စည်း ပဋ္ဌမအပိုဒ်မှာက ရုပ်ကိုရှုတဲ့ ဝိပဿနာ ပါဘဲ၊ ဒါပေမဲ့ ဒီရုပ်က ဥပါဒါရုပ်ပါ၊ 'စက္ခာဇော မဟာဘူတာ'က မဟာဘုတ် ၄-ပါးကိုရှုတဲ့ ဝိပဿနာပါ၊ ဒါက ဥပါဒါရုပ်ကို ရှုတဲ့ ဝိပဿနာပါ၊ ဥပါဒါရုပ်ဆိုတာ မဟာဘုတ် ၄-ပါးမှ ကြွင်းကဲ့ရုပ်တွေပါ၊ မဟာဘုတ်ကိုဘဲ မှီပြီး ဖြစ်တယ်ဆိုတော့ မဟာဘုတ် ရှုနည်းကတော့ ပြီးခဲ့ပါပြီ။ ဥပါဒါရုပ်ကို ရှုနည်းကတော့ ဥပမာ-ဝဏ္ဏဒဿက ကလာပ်မှာ မဟာဘုတ် ၄-ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇ, ဇီဝိတနဲ့ ဝတ္ထုရုပ်ဆိုတဲ့ ရုပ် ၁၀-ခု ရှိပါတယ်၊ ဒီရုပ် ၁၀-မုထဲက ဥပါဒါရုပ်ဖြစ်တဲ့ ဝတ္ထုရုပ်ကို ပြန်ကြည့်ရင် ဝတ္ထုရုပ်က ကမ္မဇ မဟာဘုတ်ကို မှီနေပါတယ်။ ကမ္မဇ မဟာဘုတ်ကြောင့် ဝတ္ထုရုပ် ဖြစ်တယ်၊ ဝိညာဏ်က ဝတ္ထုရုပ်ကို မှီနေပြန်တယ်၊ ဝတ္ထုရုပ်ကြောင့် စိတ်က ဖြစ်တယ်၊ စိတ်ကြောင့် စိတ္တဇဝါယော မဟာဘုတ်က ဖြစ်တယ်၊ ရုပ်နဲ့ နာမ် အကြောင်းအကျိုး အမျိုးမျိုး ဆက်သွယ်နေတာကို ပဋ္ဌာန်းနဲ့ ဝိပဿနာရှုရင် ရပါတယ်၊ အဲဒီလို ဒအကြောင်းအကျိုးကို သိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ် ခေါ်တာဘဲ၊ ဒါကတော့ နက်နဲတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါ။

## နိဂုံး

ဒီဉာဏ်ကတော့ ပဋ္ဌာန်းအကြောင်းအကျိုးအမျိုးမျိုးနဲ့ သိမှု သိတယ်ဆိုတဲ့ ဉာဏ်မျိုးတော့ မဟုတ်ပါ၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမဆိုတာ ပညတ်ထွေဘဲ၊ ပရမတ္ထသစ္စာအားဖြင့် ရုပ်နဲ့ နာမ်ဘဲရှိတယ်၊ ရုပ်နဲ့နာမ်ဟာလဲ အကြောင်းအမျိုးမျိုးကြောင့် တဖွားဖွား ဖြစ်နေတယ်၊ဘယ်တရားမှ မြဲတာ မရှိဘူး-လို့ ဉာဏ်နဲ့သိရင် အနိစ္စကို မြင်တာပါဘဲ၊ အနိစ္စမြင်တော့မှ ဒုက္ခမြင်လာတာပါဘဲ၊ ဒုက္ခမြင်တော့လဲ အနတ္တာ မြင်လာတာပါဘဲ၊ အနတ္တာ မြင်တယ်ဆိုတာက ငါ့ကိုယ် ငါ့အိမ် ငါ့ပစ္စည်းဆိုတာ ပညတ်တွေဘဲ၊ ကကယ်ရှိတာက နာမ်ရုပ်ဘဲလို့ ဝိပဿနာနဲ့ အတူတူပြုတ်သွားရင် စူဠသောတာပန် ခေါ်တာပါဘဲ၊ အပါယ် မလားနိုင်တော့ပါ။ ဝိပဿနာ ရိုးရိုးအားထုတ်နည်းတွေကို ထားပါ၊ ယခု ပဋ္ဌာန်းသင်တန်းမှာ ပဋ္ဌာန်းနဲ့ ယှဉ်ပြီး ဝိပဿနာရှုပုံ ရှုနည်းမှာ ပစ္စယပရိဂ္ဂဟဉာဏ်, ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်တွေရခဲ့ရင် အပါယ်ဘံုခါးပိတ်ပါတယ်၊ ဒီလောက်နက်နဲတဲ့ ပဋ္ဌာန်းဝိပဿနာကို နာနိုင်တာကလဲ ပဋ္ဌာန်း မသင်ဘူးတဲ့ သာမညလူတွေ့ မနာနိုင်ပါ၊ ပဋ္ဌာန်းဝိပဿနာကသိုလ်ထက် ကြီးကျယ်တဲ့ကုသိုလ်လဲ မရှိနိုင်တော့ပါ၊ ဒါကြောင့် သီတင်းကျတ်နဲ့ ပဋ္ဌာန်းသင်တန်းအကုန်နဲ့ ချိန်သားကိုက်ပြီးထားတော့ ဒီသဟဇာတပစ္စည်းမှာဘဲ ပဋ္ဌာန်းဝိပဿနာကို နိဂုံးချုပ်ကြပါစို့။

မဋ္ဌ။သကပဋ္ဌာန်း ပြီးပြီ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

# ပဋ္ဌာန်းအမှန်း

## လယ်တီပဏ္ဍိတ ဦးမောင်ကြီး

---

နီလာ နီလာ နိစ္ဆရန္တီ၊ ပီတာ ပီတာ စ ရုံသိယော။
လောဟိတာ လောဟိတာ စဘာ၊ ဩဒါတောဒါတရုံသိယော။

တမျှာ တမှာ စ မဋ္ဌိဋ္ဌာ၊ ပဘာသန္တီ ပဘာသရာ။
ဧဝံ ဆဗ္ဗဏ္ဏရုံသီ သော၊ ဌာတု မေ ဘဂဝါ သိရေ။

ပဋ္ဌာနံ၊ နှက်နဲ့ထူးဆန်း ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တသဲ၊ အနုလုံ ပဋ္ဌိလုံ အစုန်အဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော် မြတ်၏။ နီလာ၊ ဆံတော် မုတ်ဆိတ်တော် မျက်ဝန်းတော်တခို စိမ်းညို သော အရုပ်ဌာနမှ။ နီလာ၊ ကြာညို ခွဲညို ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသားလိုဖြင့် ညိုမှောင်ဖြာသော ရောင်ခြည်တော်တို့သည်။ နိစ္ဆရန္တီ၊ နေ့ အထောင် လ, အထောင် ပြဟ္မာနှတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်က လှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဘွယ်လျှင် အဆန်း တကြယ် ကွန့်မြူးတော်မူကြလေကုန်၏။ ပီတာ စ၊ သိဂ်ဂိုဠ်ရွှေလှော် အရေ တော်မှုလည်း။ ပီတာ၊ မဟာလှေကား ရွှေစကားနှင့် ရွှေသား ရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော။ ရုံသိယော၊ ဝါရောင်ဝင်းလျှပ် ရွှေသော ရောင်ခြည်ဓာတ်တို့သည်။ နိစ္ဆရန္တီ၊ နေ့ အထောင် လ, အထောင် ပြဟ္မာနှတ်အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏။ လောဟိတာ၊ အာတော်, လျှာတော်, နှုတ်ခမ်းတော်နှင့် ခြေတော်ဘဝါး လက်ဘဝါးစသော ကိုယ်တော် အစိတ်အစိတ်မှ။ လောဟိတာ၊ ခေါင်ရမ်းနှင်းဆီ ကမ္မလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်းရှိကုန်သော။ အာဘာ၊ နီရောင်ဝင်းလျှပ် နီသော ရောင် ခြည်ဓာတ်တို့သည်။ နိစ္ဆရန္တီ၊ နေ့ အထောင် လ, အထောင် ပြဟ္မာနှတ်

အဆောင် ရတနာနဝရတ် အဆောင်တို့ကို ထိပ်ခေါင်က လှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အုံဩဘွယ်လျှင် အဆန်းတကြယ် ကွန်မြူးတော်မူကြလေကုန်၏။ ဩဒါတာ၊ စွယ်တော် သွားတော်, မျက်ဖြူတော်အစုံ ဥဏ္ဍလုံမွေးရှင် တော်ဝတ်မူ။ ဩဒါတရုံသိယော၊ စံပယ်ကြက်ရုံး ဇွန်ပန်းကုံးနှင့် ငွေထုံးဘော်ဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်သွဲ့ဖြူနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူပွေးစင်ကြယ်သော ဖြူသော ရောင်ခြည်တော်ဝတ်တို့သည်။ နိဗ္ဗာန်၊ နေ, အထောင် လ, အထောင် ဗြဟ္မာနတ်အရောင် ရတနာနဝရတ် အဆောင်တို့ကို ထိပ်ခေါင်က လှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် ဩဠာကြွယ်လျှင် အဆန်းတကြယ် ကွန်မြူးတော်မူကြလေကုန်၏။ တမှာ တမှာ၊ အထက် ဆံဖျားတော် တလျှောက်မှ အောက်ခြေဖဝါးတော်တခို ထိုထို ထိုထို ကိုယ်တော် အစိတ် အစိတ်မှ။ မဠိဋ္ဌာစ၊ ခရမ်းသွေးအရောင် မရမ်းသွေး အရောင် တဝေဝေ တပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော်တို့သည်ငင်း။ ပဘာဿရာ စ၊ နတ်မီး အရောင် လျှပ်စည်းအရောင် ရတနာမျိုးစုံ အရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန်ရောင်ထွက်သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည်ငင်း။ပဘာသန္တိ၊ နေ, အထောင် လ, အထောင် ဗြဟ္မာနတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်ကလှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အုံဩဘွယ်လျှင် အဆန်းတကြယ် ကွန်မြူးတော်မူကြလေကုန်၏။ ဝေံ၊ ဤရောင်ခြည်ခြောက်သွယ် ဂုဏ်တော် အထူးကို ချီးကျူးဖွင့်ဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗဏ္ဏရုံသိ၊ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင်း အမောင်းတချက် ပြိုးပြက် ငွေ့ငွေ့ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင်ရရှိတော် မူပေသော။ ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူညွတ်ရုံး အထွတ်ဆုံးလည်း ဖြစ်တော်မူပေထသော။ သော၊ ထိုသုံးလောကညွန့်ပူး နိဗ္ဗာန်မူး ဖြစ်တော်မူပေသော ရှင်တော်မြတ်ဘုရားသည်။ မေ၊ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏။ သိရေ၊ ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင်ထွတ်ပေါ်၌။ ဌာတု၊ ပဋ္ဌာန်းဉာဏ်သွား စျာန်

ကစားလျက် တန့်နား ကိန်းဝပ်စေတော်မူလျှပ သုံးလောက ကေသျောင် ရှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

ဘဂဝန်ဘုန်းလျှိုင် နှုန်းပြိုင်တုကင်း ဆာဘက်ကွာ၌ စကြာမင်းအစစ် ဖြစ်ကြီးဖြစ်တော်မူသော တိဘဝပါရဂူ သယမ္ဘူ။ ရှင်တော်မြတ်ဘုရား သည် ငါးပါးမာရ်နှင် ပလ္လင်ဗေဒ္ဓတ် မြေတမှတ်ဝယ် ရွှေဝတ်လှာမှုံ ကြာ ပဒုံသို အစုံလေးလီ ခိုင်နှင်းဆီကို လှမ်းမှိုဆွတ်ချွေ၍ ကရွတ်ခွေဝင်္ဂစက်မှ လွတ်ဆွက်စေတော်မူပြီးနောက် သတ္တာသတ္တ နဝတာလီ ကိန်းယာယီဖြင့် ဦမှိုပြောင်းစံတော်မူဆဲအခါ ရတနာဃရ သတ္တာဟာဝယ် ဓမ္မနက်ကျယ် သမုဒ်နယ်သို့ ဆန်းကြယ်နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းမြူးကွန့် ရှေဉာဏ်တော် လွှန်လေသော် ရောင်ညွှန်ရောင်စဉ်ယ် ရှေဘုန်းတော်ခြယ် သောကြောင့် သပွါယ်လှိုရွှမဆုံး မိုးလုံးတပြင် ဝေဟင်အပြန့် မရပ်တန့်ဘဲ မဆန့်နိုင်တဓဝေ ညို,ရှေ,နီ,ဖြူ အဆူဆူ ထွေးယှက်လျက် နီမောင်းရောင် ထွက် လျှပ်စည်းတွေ လက်သလို ပြိုးပြိုးပြက် တငါးငါး ရောင်ခြည်စုံ ကစားလျက် လောကဓာတ် တိုက်အမျှားကို မြွန့်လွှားအုပ်ခြုံတော်မူကြ ရေကုန်သတည်း၊ ရောင်ခြည်တော် ဖူးညွှန့် ထွေးယှက်လိမ် လူးလွန့် လျက် မြူးကွန့်တော်မူဇစရန် အကြောင်းရင်းသမုဒ္ဒာန် ကောင်းက ပဋ္ဌာန ဟု နယထူးဆန်း မြတ်ပဋ္ဌာန်းကို ရွှင်လန်းသော ဉာဏ်ကသိုက်း သမာဓိ ဖလ်တံတိုင်းဖြင့် ဌာန်ကရိုက်းပြီသစ္စာ စေတနာထွတ်အမြတ်ခြင့် ရွတ်ဘတ် သာရဇ္ဈာယ်တော်မူကြပါကုန်လော့။

၁၁-၁၁-၀၀—၃၄ – ဒဿဂြဟ–ရွှေပုံနှိပ်။

# အလိမ္မာ စာမှာရှိသည်

## လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်
သာသနာရေးဦးစီးဌာနမှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

၁။ အဘိဓမ္မတ္ထသင်္ဂဟပဒီပက ပါဒု မြို့ပြင်ကြီးဆရာတော်
၂။ နိဗ္ဗာနသင်္ဂဟပဒီပက (ဒီပက-တ-တွဲ) ။
၃။ ပရမတ္ထသံခိပ်နှင့်အဖြေ လယ်တီဆရာတော်ကြီး
၄။ ပရမတ္ထသံခိပ်ဋီကာ ပါဒု လယ်တီပဏ္ဍိတ ဦးမောင်ကြီး
၅။ ပရမတ္ထသင်္ဂဟဘေဒနီ ပါဒု မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး
၆။ အဘိဓမ္မတ္ထသင်္ဂဟပဒီပနီ သေက္ခတောင် ဦးတိလောက
၇။ ပဋ္ဌာန်းသိပ္ပံ (ပ-ဒု) ပဋ္ဌာန်းသိပ္ပံ ဆရာတော်
၈။ မစိုးရိမ်မူလတန်းသင်္ဂြိဟ် ပ
၉။ ဓမ္မသင်္ဂဏီ မြန်မာပြန်
၁၀။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဝိဘင်း မြန်မာပြန်
၁၁။ ပုဂ္ဂလ ပညတ် မြန်မာပြန်
၁၂။ ကထာဝတ္ထု မြန်မာပြန် ပါဒု
၁၃။ ဋီကာကျော် မြန်မာပြန် ပါဒုတ
၁၄။ အဘိဓမ္မတ္ထသင်္ဂဟ ပါဠိနိဿယ ဟားကထာဆရာတော်

တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၀-တွဲ ထုတ်ပြီ။
ပါဠိပဒ ပိဋကကျမ်းညွှန်း ၃-တွဲ ထုတ်ပြီ။
မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထုတ်ပြီ။